www.burmeseclassic.com

# မောင်မြင့်ကြွယ်

## ကြမ်းကြမ်း ရမ်းရမ်း

## COLIN FORBES

# YEAR OF THE GOLDEN APE

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

---

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

---

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

★ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

---

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

---

**လူမှုရေးဦးတည်ချက် (၄) ရပ်**

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

မောင်မြင့်ကြွယ်

# ကြမ်းကြမ်းရမ်းရမ်း

**Year of the Golden Ape**
by
**COLIN FORBES**

ကုံကော်ဝတ်ရည်စာပေ
အမှတ်(၅၁)၊ ရေကျော်လမ်းမကြီး၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၆၅၈၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၅၅၈၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၈၄၀၇၀၈

□

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် - စက်တင်ဘာလ၊ ၂၀၀၈ ခုနှစ်။
အုပ်ရေ - ၅၀၀

□

မျက်နှာဖုံးပုံနှိပ်ခြင်း
စမ္ပူမော်ပုံနှိပ်တိုက်
အမှတ် (၁၀၆)၊ ၄၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

□

အတွင်းပုံနှိပ်ခြင်း
စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၈၇)၊ (၅၆) လမ်း၊ (၂) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

□

မျက်နှာဖုံးဒီဇိုင်း
ဝင်းမြင့်ဦး

□

တန်ဖိုး
၃၂၀၀ ကျပ်


## – တစ် –

ဖန်နဝါရီလ လဆန်းပိုင်းတွင် အာရပ်နိုင်ငံ နှစ်နိုင်ငံ၌ ဖန်တီးယူလိုက်သော မင်းပြောင်းမင်းလွဲ ကိစ္စရပ်များ ဖြစ်ပေါ်ခဲ့သည်။ တစ်နိုင်ငံတွင် အသက် ၃၀ အရွယ် ဘုရင်လေးတစ်ပါး ရုတ်တရက် ကွယ်လွန်သွားသည်။ ဤတွင် ဝမ်းကွဲညီအစ်ကို တစ်ယောက် ချက်ချင်း နန်းတက်သည်။ သူ နန်းတက်လျှင် နန်းတက်ချင်း 'ဂျေရုဆလမ်တွင် အာရပ်တပ်မတော် ခြေမချနိုင်သေးသမျှ သူ အေးအေးဆေးဆေး မနေနိုင်သေး' ဟု ရဲရဲတောက် ထုတ်ပြန်ကြေညာသည်။

သို့သော် ဒီကိစ္စတွင် အဓိကဇာတ်ဆောင်မှာ ဘဏ္ဍာရေးနှင့် ရေနံဝန်ကြီးအဖြစ် တာဝန်ဆက်ခံသူ 'ရှိတ်ဂမယ်တာဖတ်' ဆိုသူသာ ဖြစ်သည်။ သူက ပါလက်စတိုင်းနယ်မြေကို ပြန်လည်ရရှိအောင် ရေနံလက်နက်ကို အစွမ်းကုန် အသုံးချရမည်ဟု စွဲစွဲမြဲမြဲ ယုံကြည်ထားသူ ဖြစ်သည်။

ဖန်နဝါရီလသည် ဥရောပတိုက်၌ အလွန်အအေးဓာတ် ကဲသော အချိန် ဖြစ်သည်။ ထို့ကြောင့် ဖန်နဝါရီလတွင် ရေနံ ဖြတ်တောက်သည့် လုပ်ငန်းကို စလုပ်ကြပြန်သည်။ တစ်ဖန် ရေနံဝန်ကြီး တာဖတ် ကိုယ်တိုင် ဥရောပတိုက်ရှိ မြို့တော်ကြီးများသို့ လှည့်လည်သွားရောက်ပြီး ၁၉၇၃ ခုနှစ်က လို အလျှော့ပေးလိမ့်မည် မဟုတ်ကြောင်း လျှောက်ကြေညာသည်။

www.burmeseclassic.com



'အနောက်နိုင်ငံအုပ်စုသည် အစွရေးနိုင်ငံကို ရေတစ်ပန်ခွက်လောက်ထင် အကူအညီ မပေးရ' ဟု သူက တောင်းဆိုသည်။ အဆိုပါ အခြေအနေအထိ ရောက်မလာသေးသဲရွေ့ ဥရောပတိုက်နှင့် အမေရိကန်သို့ ရေနံ ၅၀ ရာနှုန်း ဖြတ်တောက်ထားမည် ဖြစ်ကြောင်း အတိအလင်း ပြောခဲ့သည်။

ရှိတ်ဂမယ်တာဖတ် လန်ဒန်၌ ရှိနေစဉ် ကျန်အာရပ်နိုင်ငံ တစ်နိုင်ငံမှ သမ္မတတစ်ဦး ရုတ်တရက် ကွယ်လွန်သွားပြန်သည်။ ထို့ကြောင့် ကွယ်လွန်သူ သမ္မတနေရာတွင် ဗိုလ်မှူးကြီး ရှုရစ်ဖ်က ဆက်ခံ ဆောင်ရွက်သည်။

ရှုရစ်ဖ်သည် ဝါဒဖြန့်ချိရာတွင် အထူးကျွမ်းကျင်သူ ဖြစ်သည်။ သူက နိုင်ငံသူ နိုင်ငံသားများအား–

"အနောက်နိုင်ငံတွေက ကျုပ်တို့ကို လူဝံတွေလို့ ကင်ပွန်းတပ်ကြတယ်၊ ကောင်းပြီ၊ ကျုပ်တို့ကလည်း လူဝံတွေရဲ့ ခွန်အားနဲ့ အစွမ်းသတ္တိကို ပြန်ပြရသေးတာပေါ့"

ဟု ရဲရဲတောက် မိန့်ခွန်းခြွေခဲ့သည်။

ဗိုလ်မှူးကြီးရှုရစ်ဖ် ရည်ညွှန်းလိုက်သည့် ကိစ္စမှာ ဝါရှင်တန် သတင်းထောက်တစ်ဦးက သတင်းဆောင်းပါး တစ်ပုဒ်တွင် အာရပ်နိုင်ငံတချို့မှ အာဏာရှင်ခေါင်းဆောင် တစ်ဦး နှစ်ဦးကို ရွှေလူဝံတွေဟု မိုက်မိုက်မဲမဲ ထည့်ရေးခဲ့သောကြောင့် ဖြစ်သည်။

ဤတွင် ဝါဒဖြန့်ချိရာ၌ အထူးကျွမ်းကျင်သော ရှုရစ်ဖ်က ထိုကိစ္စသည် အာရပ်တစ်မျိုးသားလုံးအား ရည်ညွှန်းပြောဆိုကြလေဟန် ပုံကြီးချဲ့လိုက်ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် ရှုရစ်ဖ်က သူ့နိုင်ငံ၌ လုပ်သားပြည်သူများ သွေးကြွစေမည့် မိန့်ခွန်းကို ပြောကြားနေစဉ် ရှိတ်ဂမယ်တာဖတ်က လန်ဒန်မြို့တော်၌ သူ့ကို ညှော်ဝတ်ပြုနေသော အိမ်ရှင်များ စိတ်မချမ်းမသာ ဖြစ်စေမည့် အထက်ပါစကားကို ပြောကြားခဲ့ခြင်း ဖြစ်သည်။ ရွှေလူဝံဇာတ်လမ်း စလေပြီ။

□□□

– နှစ် –

မတ်လသို့ ရောက်သောအခါ ရေနံ ဖြတ်တောက်မှုဒဏ်ကို ဥရောပ၊ အမေရိကနှင့် ဂျပန်နိုင်ငံတို့တွင် အလူးအလဲ ခံနေကြရပြီ ဖြစ်သည်။ ရေနံ တစ်စည်လျှင် ဒေါ်လာ ၃၀ အထိ ဈေးတက်လာသည်။ ရွှေ တစ်အောင်စလျှင် ဒေါ်လာ ၅၀၀ ဈေး ဖြစ်လာသည်။ ရှိတ်ဂမယ်တာဖတ်သည် ဝါရှင်တန်မှ မပြန်မီ သူ့ဘက်က လျှော့ပေးနိုင်မည့် နည်းလမ်းကို စဉ်းစား၍ မရသေးကြောင်း ပြောဆိုသွားသည်။

ဤကိစ္စသည် အချို့ အချို့သော ပုဂ္ဂိုလ်များအတွက် သွေးပျက်ဖွယ်ရာ အိပ်မက်ဆိုးကြီး ဖြစ်သော်လည်း အချို့ အချို့သော ပုဂ္ဂိုလ်များကမူ အစ္စရေးကို ဖြိုခွဲရန် အကောင်းဆုံး နည်းလမ်းတစ်ခု ဖြစ်သည်ဟု ယူဆလာကြသည်။ ရှိတ်ဂမယ်တာဖတ်အတွက် ဆိုပါမူ သူ တစ်သက်လုံး မျှော်လင့်ထားခဲ့သည့် ကိစ္စကြီးတစ်ရပ်ကို အကောင်အထည်ဖော်ရန် ပိုနီးစပ်လာခြင်းပင် ဖြစ်သည်။

တာဖတ်၏ စိမ်ချက်တွင် အရေးအကြီးဆုံး အချက်မှာ ကောင်းကင်တွင် အနောက်နိုင်ငံအုပ်စုကို မလှုပ်နိုင်အောင် ဖိကုပ်ပြီး အစ္စရေးကို လက်နက် လုံးဝမပို့နိုင်အောင် အကျပ်ကိုင်နိုင်ရေးပင် ဖြစ်သည်။ တာဖတ်

www.burmeseclassic.com

www.burmeseclassic.com



သည် အေကိုယန်ပင်လယ်ပေါ်၌ ဖြတ်ပျံသန်းနေသော ဂျက်လေယာဉ်ပျံကြီးပေါ်မှ အောက်ဘက်သို့ ငုံ့ကြည့်ရင်း သူ့အကြံအစည် အောင်မြင်ရေးသည် အင်္ဂလိပ်လူမျိုးတစ်ယောက်နှင့် ပြင်သစ်လူမျိုးတစ်ယောက်အပေါ်တွင် ထူးထူးခြားခြား မူတည်နေကြောင်း တွေးနေမိသည်။

□

## လီကက်

ဂျင်းဂျူးလ်စ်လီကက်သည် အသက် ၄၂ နှစ် ရှိလေပြီ။ သူ့အတိတ်ဇာတ်ကြောင်းက ကြမ်းတမ်းခက်ထရော်လှသလို လက်ရှိအနေအထားတွင် ဘဝသေနေပြီး အနာဂတ်ကာလတွင် မျှော်လင့်စရာ လုံးဝမရှိသလို ဖြစ်နေသည်။ သူ့ဘဝ လက်ရှိအနေအထားကို ကောင်းကောင်းကြီး သိနေသူ လီကက်သည် အယ်ဂျီးရီးယားရှိ ရှိတ်ဂမယ်တာဖတ်၏ ညာလက်ရုံးဖြစ်သူက သူ့ထံသို့ ဆက်သွယ်ချဉ်းကပ်လာသောအခါ သူ တော်တော်ကြီး စိတ်သက်သာရာ ရသွားသည်။ ပဲရစ်ရှိ ဆန့်တီ အကျဉ်းထောင်တွင် ထောင်ကျနေသူ လီကက်သည် မမျှော်လင့်ဘဲ ဖြုန်းစားကြီး ထောင်က လွတ်လာပြီးနောက် တစ်ပတ်အကြာ၌ 'အာမက်ရီးယဒ်' ဆိုသူက လူအစုလိုက်အပြုံလိုက် သတ်ပေးလျှင် ဒေါ်လာနှစ်သိန်း ပေးမည်ဟု ကမ်းလှမ်းဆက်သွယ်လာခြင်း ဖြစ်သည်။ အာမက်ရီးယဒ်က ရှင်းပြသည်။

"ဒီလုပ်ငန်းမှာ အဓိက ခေါင်းဆောင်ကတော့ အင်္ဂလိပ်လူမျိုး ဝင်းတားပဲ။ ဒါပေမဲ့ မင်းက ဓားစာခံတွေ အားလုံးကို သတ်ပေးရမယ်၊ ဝင်းတားကတော့ အဲဒီလောက် သွေးအေးအေးနဲ့ ရက်စက်လိမ့်မယ် မထင်ဘူး"

လီကက်က ဝင်ပြောသည်။

"သူ မလုပ်ရဲပါဘူး၊ ကျုပ် သစ္စာဖောက်ခံရပြီး ဆန့်တီမှာ ထောင်မကျခင်တုန်းက မြေထဲပင်လယ်ဒေသမှာ သူနဲ့အတူ နှစ်နှစ်လောက် တွဲလုပ်ခဲ့ဖူးတယ်၊ ကျုပ် သူ့အကြောင်း သိတယ်၊ ဒီလူက သွေးကြောင်တတ်တယ်"

သာမန်လူတစ်ယောက်အဖို့ ယခုလို ကမ်းလှမ်းချက်မှာ မကြားဝံ့လောက်အောင် ရက်စက်ကြမ်းကြုတ်မှုကြီးတစ်ခု ဖြစ်နေပေလိမ့်မည်။ လီကက်ကမူ ရီးယဒ်၏ အဆိုပြု ကမ်းလှမ်းချက်မှာ အင်မတန် အန္တရာယ်များသော



လုပ်ငန်းတစ်ခုပင် ဖြစ်လင့်ကစား ရရှိမည့် ငွေကြေးပမာဏကလည်း များပြားလှသဖြင့် လက်ခံ ဆောင်ရွက်ရန် သဘောတူလိုက်သည်။

ဒုတိယကမ္ဘာစစ် ကာလက ပြင်သစ်တပ်မတော်မှ ဗိုလ်ကြီးတစ်ယောက်နှင့် အာရပ်မကလေးတစ်ဦး ခဏတာ တွေ့ဆုံကြရာမှ ဖြစ်ထွန်းလာသော ရလဒ်ကား လီကက်ပင်တည်း။ အယ်ဂျီးရီးယားရှိ ကွန်စတင်တိုင်းမြို့တွင် ကလေးကို မွေးဖွားသန့်စင်ပြီးနောက် ပြင်သစ် ဗိုလ်ကြီးက အာရပ်မကလေးကို ငွေပေးပြီး ကလေးကို အပြတ်ယူခဲ့သည်။ ထို့နောက် သူက ခွင့်ယူပြီး ကလေးနှင့်အတူ ပြင်သစ်သို့ ပြန်လာသည်။

'တူလုံး' သို့ ရောက်သောအခါ အမျိုးသမီးတစ်ဦးကို သူ့ဇနီးအဖြစ် ဟန်ဆောင်ခိုင်းပြီး ကလေးကို မွေးစာရင်း မှတ်ပုံတင်သည်။ ဇနီးအဖြစ် ဟန်ဆောင်ပေးသော မိန်းကလေးက ပြင်သစ်စစ်ဗိုလ်၏ ဇနီးဖြစ်သူသည် တခြားမြို့တွင် ရှိနေကြောင်း သိပင် သိသော်လည်း အပျော်တမ်း ဝင်ကူညီခဲ့ခြင်း ဖြစ်သည်။ ဤနည်းဖြင့် ဂျင်းဂျူးလ်စ်လီကက်သည် ပြင်သစ်နိုင်ငံသားဘဝသို့ ရောက်ရှိခဲ့သည်။

အကြောင်းရင်းမှန်ကို မသိသော အဒေါ်တစ်ယောက်က သူ့ကို အယ်ဂျီးရီးယားတွင် အရွယ်ရောက်သည်အထိ ပြုစုပျိုးထောင်ခဲ့သည်။ အခန့်သင့်ပင် ပြင်သစ်စစ်ဗိုလ်၏ ဇနီးကလည်း လီကက်ကို မွေးစာရင်း မှတ်ပုံတင်ပြီး များမကြာမီ ကားတိုက်ခံရ၍ သေသွားခဲ့သည်။ လီကက် ၁၇ နှစ်သားအရွယ် ၁၉၅၀ ခုနှစ်တွင် စစ်တပ်သို့ ဝင်ရောက်အမှုထမ်းသည်။ အယ်ဂျီးရီးယားတွင် အာရပ်များ၏ လွတ်လပ်ရေး ကြိုးပမ်းမှု တိုက်ပွဲကြီးများ ကြီးမားပြင်းထန်လာချိန်၌ သူလည်း ရာထူး အတက်မြန်လာသည်။

ဒီလို အတွေ့အကြုံများက သူ့ပင်ကိုစရိုက်နှင့် ဗိုဟာပ်စပ်သည်။ နှစ်ဆယ့် ခုနှစ်နှစ်သား အရွယ်တွင် သောင်းကျန်းသူ အကြမ်းဖက်သမားတို့ကို ခြေရာခံသော အတတ်၊ ထောင်ချောက်ဆင်ဖမ်းသော အတတ်၊ ဖမ်းမိလာသူကို ညှဉ်းပန်းနှိပ်စက်၍ သတင်းပလင်း ရအောင် ညှစ်ယူနိုင်သော အတတ် စသည်ဖြင့် အတတ်မျိုးစုံ တတ်မြောက်လာသည်။ များမကြာမီ သူ့ဖခင်လို ဗိုလ်ကြီးအဆင့်သို့ ရောက်ရှိလာသည်။

သူ့ဖခင်သည် အယ်ဂျီးရီးယား၌ တိုက်ပွဲများ ဆိုးရွားပြင်းထန်နေချိန်တွင် အကြီးအကျယ် ဒဏ်ရာရရှိပြီး သေအံ့မူးမူးတွင် အဆိုးရွားဆုံး အမှားကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ကျူးလွန်ခဲ့သည်။ ထိုအမှားမှာ သူက လီကက်ကို အမှန်အတိုင်း ဖွင့်ပြောပြခဲ့မိသည့် အမှားပင် ဖြစ်သည်။

"တကယ်တော့ မင်းအမေဟာ အာရပ် ကချေသည်တစ်ယောက်ပဲ"

သို့သော် သူ့စကားကို ဆက်ပြောရန် အခြေအနေမပေးပါ။ သူ့ကိုယ်သူ ပြင်သစ်နိုင်ငံသားကြီးတစ်ဦးအဖြစ် အကြီးအကျယ် ဂုဏ်ယူနေပြီး ဖမ်းမိလာသော အာရပ်သုံ့ပန်း မှန်သမျှကို အမြင်ကတ်ကတ်နှင့် ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်လေ့ရှိသော လီကက်က သူ့အဖေကို မညှာမတာ ဆောင့်တွန်းပစ်လိုက်မိသည်။ သူ သတိပြန်ဝင်လာချိန်၌ လီကက်၏ ဖခင်သည် ကွယ်လွန်ခဲ့ရရှာလေပြီ။

ထိုနောက်ပိုင်းတွင် လီကက်တစ်ယောက် ပိုကြမ်းတမ်းခက်ထန်လာသည်။ အာရပ် အကြမ်းဖက်သမား မှန်သမျှကို သူက ရက်ရက်စက်စက် တိုက်ခိုက်နှိမ်နင်းတော့သည်။

ပြင်သစ်သမ္မတ ဒီဂေါက အယ်ဂျီးရီးယားကို လွတ်လပ်ရေးပေးရန် ဆုံးဖြတ်လိုက်သောအခါ အယ်ဂျီးရီးယားကို လွတ်လပ်ရေး မပေးလိုသော အိုအေအက်စ်အဖွဲ့နှင့် သူ ပူးပေါင်းခဲ့သည်။ သို့သော် နောက်ဆုံးတွင် အယ်ဂျီးရီးယား လွတ်လပ်ရေး ရသွားသောအခါ သူ့အသက်ဘေးအတွက် အီဂျစ်သို့ အသွားဖားယား ထွက်ပြေးခဲ့ရသည်။

အင်္ဂလိပ်စကား၊ ပြင်သစ်စကားကိုသာမက အာရပ်စကားကိုပါ ရေရေလည်လည် ပြောတတ် ဆိုတတ်သော လီကက်က သူ့နာမည်ကိုပါ ပြောင်းပစ်လိုက်ပြီး တွေ့သမျှ လူတိုင်းကို သူသည် အိုအေအက်စ်အဖွဲ့ကို အကြီးအကျယ် ဆန့်ကျင်တိုက်ခိုက်ခဲ့ကြောင်း ညာပြောသည်။ ဤတွင် 'အာမက်ရီးယဒ်' နှင့် မိတ်ဆွေ ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

၁၀ နှစ်လုံးလုံး လီကက်သည် အရှေ့အလယ်ပိုင်းဒေသမှ ကနေဒါနိုင်ငံ ကွီဘက်မြို့နှင့် အမေရိကတွင် ရေမျောကမ်းတင်ပမာ လွင့်မျောနေခဲ့သည်။ သူသည် မည်သည့်နေရာတွင်မှ ခပ်ကြာကြာ မနေရဲ။ သူ့ရာဇဝတ်မှုများ ပေါ်ပေါက်လာပြီး အဖမ်းမခံရမီ ရှောင်ပြေးနေခြင်းသာ ဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် မြေထဲပင်လယ်ဒေသသို့ ပြန်လာပြီး အင်္ဂလိပ်လူမျိုး ဝင်းတားနှင့် အတူ မှောင်ခိုလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ နှစ်နှစ်တိုင်တိုင် ထိုလုပ်ငန်းက တော်တော်ကလေး စီးပွား ဖြစ်တွန်းခဲ့သည်။ ထို့နောက် မာဆေးမြို့တွင် ရဲသားတစ်ယောက်ကို ပြင်းထန်စွာ ဒဏ်ရာရရှိစေမှု၊ မှောင်ခိုမှုတို့ဖြင့် အဖမ်းခံရပြီး



ရုံးတင် တရားစွဲခံရသည်။ ထို့နောက် ပဲရစ်ရှိ ဆန်တီထောင်တွင် နှစ်ရှည်လများ ကျခံစေရန် အမိန့်ချမှတ်ခြင်း ခံရသည်။

သို့သော် မကြာမီ သူ ထူးထူးဆန်းဆန်း လွတ်မြောက်လာသည်။ သူ ထောင်က ထွက်လာသောအခါ အယ်ဂျီးရီးယားလူမျိုးတစ်ယောက်က သူနှင့် လာတွေ့ဆုံပြီး ငွေအနည်းငယ်၊ အယ်ဂျီးရီးယားသို့ သွားရန် လေယာဉ်ပျံလက်မှတ်တစ်စောင်၊ ပြီးတော့ . . အာမက်ရီးယဒ်နှင့် သွားတွေ့ရမည့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်၏ လိပ်စာ စသည်တို့ကို ပေးသွားသည်။

အာမက်ရီးယဒ်က အနောက်နိုင်ငံအုပ်စု မခံမရပ်နိုင်အောင် ဒေါသထွက်စေမည့် ကိစ္စကြီးတစ်ခုကို ဖန်တီးရန် ဖြစ်ကြောင်း ရှင်းပြသည်။ သို့သော် ရီးယဒ် ထုတ်မပြောသည့် အချက်တစ်ချက်တော့ ရှိသည်။ ထိုကိစ္စကြီး ဖြစ်လာလျှင် အနောက်နိုင်ငံအုပ်စုက အာရပ်နိုင်ငံများကို ကျီးအာသလို ဝိုင်းအာလာကြမည်၊ ဤအချက်ကို အခွင့်ကောင်းယူပြီး ဘာဖတ်က အနောက်နိုင်ငံများအား အာရပ်နိုင်ငံ အားလုံးက ရေနံ လုံးဝဖြတ်ပစ်ကြဖို့ မဲဆွယ်မည်။ ထိုကဲ့သို့ အနောက်နိုင်ငံအုပ်စု သွေးရူးသွေးတန်း ဖြစ်နေချိန်တွင် သူတို့က အစိုးရေးကို အပြတ်ဝင် ချေမှုန်းမည် ဆိုသည့် ကိစ္စကို မြုပ်ထားခဲ့ခြင်းပင်။

မတ်လတွင် အနောက်နိုင်ငံအုပ်စု အကြီးအကျယ် တုန်လှုပ်ချောက်ချားပြီး မခံမရပ်နိုင် ဖြစ်သွားစေမည့် စီမံချက်၏ ပထမအဆင့်ကို စ,အကောင်အထည်ဖော်ရန် လီကက်က စတင်ကြိုးပမ်းသည်။ သူက အဏုမြူဗုံးတစ်လုံး ပြုလုပ်နိုင်အောင် စတင်လှုပ်ရှားသည်။

❑

အခြား အခြားသော ဥရောပနိုင်ငံများလို အာရပ်နိုင်ငံများ၏ ရေနံဖြတ်တောက်မှုကြောင့် ပြင်သစ်နိုင်ငံသည်လည်း အကြီးအကျယ် ဒုက္ခတွေ့နေသည်။ မတ်လ ၁၀ ရက်နေ့တွင် အသက် ၃၅ နှစ်အရွယ် ဂျင်းဖိလစ်အင်တိုးသည် ပြင်သစ်နိုင်ငံ အနောက်ပိုင်းရှိ နန်တီမြို့ထဲမှ လမ်းတစ်လမ်းပေါ်တွင် ဣန္ဒြေမပျက် လမ်းလျှောက်လာသည်။ သူသည် ထိုလမ်းထဲတွင် ဟိုဟိုဒီဒီ ကျီးကန်းတောင်းမှောက် ကြည့်လိုက်ပြီး သွားစိုက်ဆိုင်တစ်ဆိုင် ရှေ့ရှိ လူခေါ်ခေါင်းလောင်း ခလုတ်ကို နှိပ်လိုက်၏။ ဆိုင်တံခါး အနည်းငယ် ဟလာပြီး

www.burmeseclassic.com



အထဲက မျက်လုံး နှစ်လုံးက သူ့ကို စိုက်ကြည့်နေသည်။ ဤတွင် သူ ကြောက်စိတ်ဝင်သွားသည်။

"ဟေ့လူ… မြန်မြန်တံခါးဖွင့်စမ်းပါ"

တံခါးသည် လူတစ်ယောက် ဝင်သာရုံသာ ပွင့်သွားသည်။ ဤတွင် သူက အထဲသို့ ဝင်လိုက်၏။ သူ အထဲရောက်သည်နှင့် တစ်ပြိုင်နက် သူ့နောက်က တံခါး ပြန်ပိတ်သွားပြီး သော့ခတ်သံကို ကြားလိုက်ရသည်။ နံနက် ၁၀ နာရီ ဖြစ်သော်လည်း အခန်းထဲတွင် မှောင်နေသည်။ အင်တွိုင်းက မခိုး ခပ် ကျယ်ကျယ်၊ အရပ်ခပ်ပုပု လူကို ပြောလိုက်သည်။

"ခပ်မြန်မြန် သွားရမှာ မဟုတ်လား၊ ကျုပ် ဘယ်လမ်းက သွားရမှာလဲ"

"ခင်ဗျား ကြောက်နေပြီ ထင်တယ်"

လီကာက်က ပြောပြောဆိုဆို မီးခွက်တစ်ခွက်ကို မီးထွန်းလိုက်သည်။ မီးရောင်တွင် လီကာက်၏ မျက်နှာကို မြင်လိုက်ရသည်။ လီကာက်က ထပ်ပြောပြန်သည်။

"ဩော်… ခင်ဗျား တကယ်ကြောက်နေတာကိုး၊ ကဲ… ဒီအခန်းထဲက ဖြတ်၊ ဟိုစင်္ကြံလမ်းအတိုင်း သွား။ အပြင်မှာ လူတစ်ယောက် စောင့်နေလိမ့်မယ်၊ သူက ခင်ဗျားကို ကားဆီ အရောက် ခေါ်သွားလိမ့်မယ်"

"ကျုပ် စိတ်ပြောင်းသွားပြီ၊ ကျုပ် ဒီအလုပ်ကို ဆက်မလုပ်ချင်တော့ဘူး"

"ဘယ်ဖြစ်ပါ့မလဲဗျာ၊ ဒီလူတွေအားလုံး သေနေပါပြီဗျ။ ကဲ… ဆက်သာ လုပ်စမ်းပါဗျာ"

လီကာက်က အင်တွိုင်း၏ လက်မောင်းကို ခပ်နာနာ ဆုပ်ကိုင်ရင်း စင်္ကြံလမ်းထိပ်ဆီ ခေါ်သွားသည်။

"ကဲ… ခင်ဗျား အိတ်ထဲမှာ ပါတဲ့ ပစ္စည်းတွေ ထားခဲ့ပြီး သွားပေတော့"

လီကာက်သည် အင်တွိုင်း ပိုက်ဆံအိတ်ထဲက ထုတ်ပေးသော မှတ်ပုံတင်ကတ်ပြားကိုသာမက ပိုက်ဆံအိတ်ကိုပါ လှမ်းယူလိုက်ပြီး မှတ်ပုံတင်ကို ပိုက်ဆံအိတ်ထဲ ပြန်ထည့်သည်။ ပြီးတော့ သော့တွဲ၊ မှတ်စုစာအုပ်နှင့် ဖောင်တိန်ကိုပါ ယူသည်။



"ကဲ… ကဲ… ဟိုလက်မှာ ဝတ်ထားတဲ့ လက်စွပ်ပါပေး"

အင်တွိုင်းက လက်စွပ်ကို ချွတ်ရင်း ပြောပြန်သည်။

"ပိုက်ဆံအိတ်ကိုတော့ ပြန်ပေးပါဗျာ၊ အထဲမှာ ဖရန့် တစ်ထောင်နဲ့ ဓာတ်ပုံတွေ ပါတယ်၊ လက်စွပ်ကတော့ ရွှေ"

လီကာက်က လက်စွပ်ကို လှမ်းယူသည်။

"ဒီနေရာကို ဗုံးနဲ့ ဖောက်ခွဲပစ်လိုက်ရင် ပိုက်ဆံအိတ်ပါ အစိတ်စိတ်အမွှာမွှာ ဖြစ်ချင်ဖြစ်သွားမှာ၊ အဲ… လက်စွပ်ကတော့ ကျန်ရင် ကျန်လိမ့်မယ်၊ ဒါပေမဲ့ မတော်တဆ ပိုက်ဆံအိတ်ပါ ကျန်နေခဲ့ရင် သေတဲ့လူဟာ ခင်ဗျားပဲဆိုတာ ပိုသေချာမသွားပေဘူးလား။ ဒါဆိုရင် သိပ်ကောင်းမယ်၊ ကဲ… သွားမှာသာ သွားစမ်းပါဗျာ"

လီကာက်သည် အင်တွိုင်းတစ်ယောက် မျက်စိအောက်က ပျောက်သွားသည်အထိ စောင့်နေလိုက်ပြီး တံခါး အနည်းငယ် ဟနေသော ဘေးဘက်ရှိ အခန်းထဲ ပြန်ဝင်သည်။ ဒီအခန်းမှာ သွားဆရာဝန်၏ ဆေးကုခန်းပင်တည်း။ သွားစိုက်သည့် ကုလားထိုင်ပေါ်တွင် ဂျင်းဖိလစ်အင်တွိုင်းနှင့် လုံးတူ ရပ်တူ လူတစ်ယောက် ရှိနေသည်။ လီကာက်သည် ထိုလူ ရှိရာသို့ သွားပြီး ပျော့ကျနေသော လက်တွင် ရွှေလက်စွပ်ကို ဝတ်ပေးလိုက်သည်။ သူ့ခေါင်းမှာ ရှေ့သို့ ငိုက်စိုက်ကျနေပြီး နောက်စေ့တွင် သွေးထွက်နေသည်ကို တွေ့ရသည်။ ကြမ်းပေါ်တွင် သူနာပြုဆရာမနှင့် သွားစိုက်ဆရာဝန်တို့လည်း ပိုးလိုးပက်လက် လဲကျနေကြသည်။

လီကာက်သည် အင်တွိုင်းထံမှ ရလိုက်သော ပစ္စည်းများကို သေနေသူ လူနာ၏ ကိုယ်ပေါ်တွင် အနှံ့အပြား လျှောက်ထည့်သည်။ ထို့နောက် တစ်ခန်းလုံးကို နောက်တစ်ခေါက် ပြန်ကြည့်ပြန်သည်။

လွန်ခဲ့သည့် ၁၅ မိနစ်က ဒီလူ သုံးယောက်စလုံး ဒီအခန်းထဲတွင် အသက်ရှင်လျက်သား ရှိခဲ့ကြသည်။ အင်တွိုင်း ရောက်မလာမီ မိနစ်အနည်းငယ် ကြိုရောက်လာသည့် ထိုလူနာသည် ပဲရစ်မြို့မှ နာမည်ကြီး ခါးပိုက်နှိုက်တစ်ဦး ဖြစ်ကြောင်း သွားဆရာဝန်က မသိခဲ့ချေ။ ထိုအချိန်က သွားဆရာဝန်သည် သူ့လူနာကို ကုသပေးနေချိန် ဖြစ်သည်။

အင်တွိုင်းနှင့် ရုပ်တူ ရပ်တူ ဖြစ်ပြီး ပိုက်ဆံနည်းနည်း ပေးလိုက်ရုံနှင့် သူ သွားခိုင်းသည့် အချိန်တွင် သွားဆရာဝန်ထံ အရောက်လာမည့်

www.burmeseclassic.com

www.burmeseclassic.com



လူနုံ လူအ တစ်ယောက်ကို လီကက်သည် မနည်းကြီး လိုက်ရှာခဲ့ရသည်။ လီကာက်က သူ့ဖနီး သူနာပြုဆရာမသည် သွားဆရာဝန်နှင့် ဖောက်ပြားနေကြောင်း၊ ထိုကဲ့သို့ ဖောက်ပြားနေသည်ကို လက်ဆုပ်လက်ကိုင် ဖမ်းနိုင်ရန် သက်သေတစ်ယောက် လိုကြောင်း၊ သို့သော် ဒီကိစ္စကို တရားရုံးအထိ အရောက်ခံမည် မဟုတ်ကြောင်း၊ ကြာရှိသည့် ငွေကို နည်းနည်းပါးပါး ဆုံးမရန်သာ ဖြစ်ကြောင်း မနည်းကြီး ချော့မော့ ပြောခဲ့ရသည်။

ယခု သူ လိုချင်သည့် ပုံစံအတိုင်း ဖြစ်လာလေပြီ။ အင်တွိုင်း၏ လူနာ မှတ်တမ်းကိုလည်း သူ ယူထားပြီးလေပြီ။ အားလုံး နေသားတကျ ရှိပါပြီ။ ထို့ကြောင့် အပြင်ခန်းထဲသို့ ပြန်ထွက်လာပြီး သေတ္တာကြီးတစ်လုံးပေါ်ရှိ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ဗုံး ပေါက်ကွဲရန် ၃ မိနစ်သာ လိုတော့သည်။ ထို့ကြောင့် သူသည် လက်ပတ်နာရီကို တစ်ချက် ကြည့်လိုက်ပြီး နောက်ဖေးပေါက်မှ ကပျာကယာ ထွက်လိုက်၏။ အပြင်သို့ ရောက်သောအခါ ခြံစည်းရိုးတံတိုင်းပေါ်မှ ခေါင်းမပေါ်အောင် ကိုယ်ကို အနည်းငယ် ကိုင်း၍ ခပ်မြန်မြန် ပြေးသွားသည်။

ရေးနေ့ကား စက်ကို အဆင်သင့် နှိုးထားပြီး ဖြစ်သည်။ ကား နောက်ခုံတွင် အင်တွိုင်းနှင့် အခြားလူတစ်ယောက် ရှိသည်။ လီကက်သည် ယာဉ်မောင်းသူ နေရာတွင် ဝင်ထိုင်ပြီး နာရီကို တစ်ချက် ကြည့်ရင်း ကားတံခါးကို ပြန်ပိတ်လိုက်၏။ စက္ကန့် ၆၀ ရှိခဲ့လေပြီ။

သူက ကားကို ခပ်မြန်မြန် မောင်းထွက်လိုက်သည်။ ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ နောက်ဘက်ဆီမှ ဝုန်းခနဲ ပေါက်ကွဲသံကြီးကို ကြားလိုက်ရ၏။ သူ ထားခဲ့သော ချိန်ကိုက်ဗုံးသည် သွားဆရာဝန်၏ အိမ်ကလေးနှင့် အထဲတွင် ရှိသော လူသေအလောင်း သုံးလောင်းကို တစ်စစီ ဖြစ်သွားအောင် ဖျက်ဆီးပစ်လိုက်လေပြီ။

ထိုနေ့ မနက် ၁၀ နာရီက အင်တွိုင်းသည် သွားဆရာဝန်နှင့် သွားတွေ့ရန် ချိန်းဆိုထားကြောင်း သိသူ ၆ ယောက် ရှိသည်။ ထိုကဲ့သို့ သိနေကြအောင် တမင် ပြောနိုင်းထားခဲ့ခြင်းလည်း ဖြစ်သည်။ ယခု ဗုံးပေါက်ကွဲရာတွင် သူပါ တစ်ပါတည်း သေသွားရှာပြီဟု ထင်ကြလိမ့်မည်။



ထိုသို့ ထင်အောင်လည်း သူ တပင်တပန်း ကြိုးကြိုးစားစား ဆောင်ရွက်ထားခြင်း ဖြစ်သည်။ ပြင်သစ်နိုင်ငံမှ တန်ပြန် စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် နိုင်ငံတော် လုံခြုံရေးအတွက် စိတ်မချရသည့် ပုဂ္ဂိုလ်များ၊ အကြောင်းပြချက် ခိုင်ခိုင်လုံလုံ မရှိဘဲ ပြည်ပသို့ ခရီးသွားသည်ကို မလိုလားတော့ပါ။ ယခု လောလောဆယ်ဆယ်တွင် ပြင်သစ်နိုင်ငံသည် အလားအလာရှိသော အဏုမြူရူပဗေဒပညာရှင်တစ်ဦးကို လက်လွှတ်ဆုံးရှုံးခဲ့ရလေပြီ။

❑

နာမည်မျိုးစုံ၊ စာရွက်စာတမ်း အတုမျိုးစုံ ကိုင်ဆောင်သော လီကက်နှင့် အင်တွိုင်းသည် ဆီးနှင်းမုန်တိုင်း ကျနေချိန်တွင် ကနေဒါနိုင်ငံ၊ မွန်ထရီရယ်မြို့ရှိ ဒိုဗယ်လေဆိပ်သို့ ဆိုက်ရောက်လာကြသည်။ မွန်ထရီရယ်မြို့လို ပြင်သစ်စကားကို လူတိုင်းလိုလို ပြောဆိုကြသည့် မြို့သို့ ပြင်သစ်လူမျိုး နှစ်ယောက် ရောက်ရှိလာသည်မှာ အထူးအဆန်းတော့ မဟုတ်။ သူတို့နှစ်ဦး အကောက်ခွန်ဌာနနှင့် လူဝင်မှုဌာနတို့တွင် အစစ်ခံပြီးသည်နှင့် တစ်ပြိုင်နက် သူတို့ကို တင်ဆောင်သွားမည့် ကားတစ်စီးက အသင့် စောင့်နေသည်။

လီကက်က အင်တွိုင်းကို အင်ဒရီဒူးပွန့် ဆိုသူနှင့် ထည့်လိုက်သည်။ ဒူးပွန့်က အဏုမြူရူပဗေဒပညာရှင်ကြီးကို လမ်းဘေး ဟိုတယ်တစ်ခုဆီ ခေါ်သွားသည်။ ဒူးပွန့်နှင့် အင်တွိုင်းသည် ကနေဒါအရှေ့ပိုင်းတွင် ကြာရှည်လေးမြင့်စွာ မနေ။ နောက်တစ်နေ့ နံနက်တွင် ကနေဒီယန်၊ ပစိဖိတ် မီးရထားဖြင့် ဗင်ကူဗားမြို့ ရောက်သည်အထိ ခရီးဆက်ကြသည်။ ဗင်ကူဗားမြို့ ရောက်သည်နှင့် တစ်ပြိုင်နက် အသင့် ငှားထားသော အိမ်ဆီသို့ တန်းသွားကြသည်။

လီကက်ကလည်း အချိန်မဖြုန်းပါ။ ဒိုဗယ်လေဆိပ်၌ သူတို့ကို လာကြိုသော ကားထဲတွင် ဂျိုးဇက်ဝေါလ်ဂရင် ဆိုသူ အမေရိကန်တစ်ယောက် ပါလာသည်။ သူသည် အသက် ၅၀ ခန့် ရှိပြီး ယခင်က စာရင်းကိုင်တစ်ယောက် ဖြစ်ခဲ့ဖူးသည်။ သို့သော် သူ့ထံ အလုပ် လာအပ်နှံသူ အမှုသည်တစ်ယောက်၏ ငွေကို အလွဲသုံးစားပြုမိရာက စ၍ စာရင်းကိုင်ဘဝကို စွန့်လွှတ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ပိုင်းတွင် သူသည် ရာဇဝတ်ပြစ်မှု မကင်းသော လုပ်ငန်းများနှင့်သာ အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။ လီကက်သည် ၁၉၆၈ ခုနှစ်က 'ဒင်ဗား'၌ နေခဲ့ရစဉ် သူနှင့် သိကျွမ်းခဲ့ခြင်း ဖြစ်သည်။

လီကက်တစ်ယောက် မွန်ထရီရယ်သို့ ရောက်ရှိပြီး ၂၄ နာရီ ကြာသော အခါ ဝေါလ်ဂရင်က လီကက်ကို ကနေဒါနယ်စပ်ကို ဖြတ်၍ အမေရိကန်နိုင်ငံထဲသို့ ကားဖြင့် တင်ခေါ်လာသည်။ သူတို့နှစ်ဦးသည် အီလီနွိုင်းပြည်နယ်သို့ ဦးတည်ပြီး သွားနေကြခြင်း ဖြစ်သည်။ အထုမြှုပ်ုံး လုပ်ပေးမည့်လူကိုတော့ ရပြီ။ ဗုံးလုပ်ဖို့ ပစ္စည်းရရန် ကျန်သေးသည်။

❑❑❑

# – သုံး –

ကာရိုတန်နာမင်သည် ကားကို တရကြမ်း မောင်းလာသည်။ အီလီနွိုင်းပြည်နယ်ရှိ မောရစ်မြို့ကလေးမှ ၁၀ မိုင်ခန့်အကွာ လမ်းမကျယ်ကြီးပေါ်တွင် မိုး သဲသဲမဲမဲ ရွာချနေသည်။ တသဲသဲ ရွာချနေသော မိုးသီးမိုးပေါက်များသည် ကားရှေ့မီးရောင်ထဲတွင် လေတိုက်၍ လှုပ်နေသော ကန့်လန့်ကာကြီးတစ်ခုလို မြင်နေရသည်။ သူ ပါတီပွဲတက်ရန် အချိန်နောက်ကျနေပြီ ဖြစ်သဖြင့် ကားကို သတ်မှတ်မိုင်နှုန်း ၅၅ ထက် ကျော်၍ မိုင် ၆၀ နှုန်းဖြင့် မောင်းနေသည်။

မတ်လ ည ၉ နာရီခန့်တွင် လမ်းမကြီးပေါ်၌ ကားရှင်းနေသည်။ လောင်စာဆီ အခက်အခဲကြောင့် ဓာတ်ဆီကို ရာရှင်စနစ်ဖြင့် ထုတ်ပေးချိန်မှစ၍ ညပိုင်းတွင် ကားနှင့် အပြင်ထွက်သူ နည်းပါးလှသည်။ သို့သော် ဒီကလေးမလေးကတော့ လောင်စာဆီ အခက်အခဲကို သိပ်ဂရုစိုက်သူ မဟုတ်။ အသက် ၂၀ ဆိုသည့် အရွယ်ကို တစ်ဘဝတွင် တစ်ခါပဲ ကြုံရလိမ့်မည်။ ဒီတော့ ပျော်လိုက်မည်၊ ပါးလိုက်မည်ဟု အားခဲထားသူ ဖြစ်သည်။

သူ့ ကားမီးရောင်ထဲတွင် အထက်နှင့် အောက် ဝှေ့ယမ်းပြနေသော လက်နှိပ်ဓာတ်မီး မီးရောင်တစ်ခုကို လှမ်းမြင်လိုက်သည်။ ကားကြုံ စီးလိုက်ချင်တဲ့ လူကလည်း လမ်းလယ်ခေါင်ကြီးမှာ မတ်တတ်ရပ်နေရသတဲ့လား။ သူက

www.burmeseclassic.com



အရှိန်ကို နည်းနည်းလျှော့လိုက်သည်။ ဒီလူ ရှိနေသည့် နေရာကို တိတိကျကျ သိရသည်နှင့် တစ်ပြိုင်နက် သူ့ကို ဘေးက ရှောင်ကွင်းပြီး ဆက်မောင်းသွားရန် စိတ်ကူးထားသည်။

ဒီလို ညဥ့်နက်သန်းခေါင်မှာ ဘယ်ကမှန်း မသိတဲ့ လူတစ်ယောက်ကို ဘယ်သူက ကားနဲ့ တင်ခေါ်ရဲပါ့မလဲ၊ ဒီလူ ရူးလို့သာ ဖြစ်ရမယ်။

ကားလမ်းပေါ်တွင် ကန့်လန့်ကြီး ရပ်ထားသော သံချပ်ကာကားကြီး တစ်စီး၏ ပုံပန်းသဏ္ဌာန်ကို ကားမီးရောင်ထဲတွင် လှမ်းမြင်လိုက်ရသဖြင့် ကာရိုက မျက်စိကို မှေး၍ အားစိုက်ကြည့်ရင်း ကားအရှိန်ကို လျှော့ချလိုက်သည်။ ကားအရှိန်မှာ တစ်နာရီ မိုင် ၃၀ ခန့်သာ ရှိတော့သည်။ ဒီကားကြီး ဘီးချော်သွားသောကြောင့်သာ လမ်းမကြီးပေါ်တွင် ကန့်လန့်ဖြတ်ကြီး ဖြစ်နေတာ ဖြစ်ရမည်။ သူ့ကားမီးရောင်ထဲတွင် သားရေကိုယ်ကျပ် အကျႌ ဝတ်ထားပြီး သားရေဖိနပ်ရှည်ကြီး စီးထားသူ တစ်ယောက်ကို မြင်နေရသည်။ ခေါင်းပေါ်တွင်လည်း ဖိုင်ဘာခေါင်းစွပ်တစ်လုံး ဆောင်းထားသည်။ သူက ယာဉ်မောင်းလိုလို၊ အစောင့်စစ်သားလိုလို။ ကာရိုက စိတ်ချလက်ချနှင့် ကားကို ထိုးရပ်လိုက်သည်။ ထိုလူက ကားမီးရောင်ထဲက မထွက်ဘဲ သူ့ဆီသို့ လျှောက်လာသည်။

ရဲအစောင့်အကြပ် ပါသော ကားဆိုတော့ ပတ်တရောင်လှည့်နေသည့် ရဲကားကို ကြောက်စရာတော့ မရှိ။ ထိုသူ အနားသို့ ရောက်လာသောအခါ သူ့လက်ထဲတွင် လေးလေးပင်ပင် ရှိပုံရသော လက်နှိပ်ဓာတ်မီးကြီးကို ကိုင်လာကြောင်း တွေ့ရသည်။ မိုးရေများကလည်း ဖိုင်ဘာခေါင်းစွပ် ရှေ့ဘက်ရှိ ပလတ်စတစ် အကာအပေါ်သို့ စီးကျနေသဖြင့် သူ့မျက်နှာအပေါ်ပိုင်းကို သဲသဲကွဲကွဲ မမြင်ရပါ။ ဘယ်လောက်ပဲ စိတ်ချရသည် ဆိုဆို သည်နေရာသည် ခေါင်လွန်းလှသဖြင့် ကာရိုက ကားစက်ကိုတော့ မသတ်ဘဲ ထားသည်။

ထိုသူ ကားဘေးသို့ ရောက်လာသည့်အခါ ကာရိုက ဘေးမှန်ကို ချပေးလိုက်သည်။ ထိုသူက ကားခေါင်မိုးပေါ်ကို လက်နှင့် ထောက်ရင်း ကာရိုကို ငုံ့ကြည့်နေသည်။ သူက ကာရို၏ ဒေါ်ချ်ကားနောက်ပိုင်းကို တစ်ချက် မျက်စိကစားလိုက်ကြောင်း သတိပြုလိုက်မိသည်။

ထိုသူက စပြောသည်။

"ကျုပ်တို့ လမ်းပေါ်မှာ ရေကျော်တဲ့ နေရာနဲ့ တွေ့လို့ ဂျီးက ဘရိတ်ကို ဆောင့်နင်းလိုက်တော့ အခုလို ဖြစ်သွားရတာဗျ၊ ဒီကြားထဲမှာ စက်ကလည်း သေသွားတော့ . . "



သူ့အသံက ဝဲတဲတဲနှင့်။ ကာရိုတစ်ယောက် မျက်မှောင်ကုတ်လိုက်မိသည်။ အခုကိစ္စမှာ သူက ဘာလုပ်ပေးနိုင်မှာမို့လို့လဲ။ ဒီလိုကားမျိုးမှာ ရေဒီယို အယ်လီဖုန်း ပါတယ်လို့ သူ ကြားဖူးသည်။ သူ့ဆီက အကူအညီတောင်းစရာ ဆိုမှ မလိုတာ။ သူ ဇဝေဇဝါ ဖြစ်နေခိုက်မှာပင် ထိုလူက လှုပ်လှုပ်ရှားရှား လုပ်လိုက်သည်။ ထိုသူက လက်နှိပ်ဓာတ်မီးဖြင့် ကာရို့ နားထင်ကို တအား နှိပ်ထည့်လိုက်ခြင်း ဖြစ်သည်။

ကလေးမလေး ထိုင်ခုံပေါ်တွင် ခွေခေါက်လဲကျသွားသည်ကို တစ်ချက် အကဲခတ်လိုက်ပြီးနောက် လီကက်က ကားတံခါးကို ဆွဲဖွင့်ပြီး သူ့ကိုယ်တစ်ပိုင်း အပြင်ဘက်သို့ ရောက်သည်အထိ ဆွဲထုတ်သည်။ ခေါင်းကိုတော့ ကားလက်ကိုင်ဘီးနှင့် မှီထောင်ထားလိုက်သည်။ ထို့နောက် ပြန်မတ်တတ်ရပ်လိုက်ပြီး ရပ်ထားသော ကားရှိရာသို့ လက်နှိပ်ဓာတ်မီးဖြင့် သုံးကြိမ်ဆက်တိုက် ဖွင့်ချည် မှိတ်ချည် လုပ်ပြလိုက်သည်။

❑

ဒုတိယသံချပ်ကာ ကားသည် လမ်းမကျယ်ကြီးပေါ်တွင် တစ်နာရီ ၅၅ မိုင်နှုန်းဖြင့် မောင်းလာသည်။ ယာဉ်မောင်းဖြစ်သူ အက်ဒ်တာဂလီယာက ဖိုင်ဘာခေါင်းစွပ်ကို မဆောင်းဘဲ သူ့ဘေးနားတွင် ချထားသည်။ သူ့ဘေးနားတွင် ထိုင်နေသူ ဘီလ်ဂစ်ဘဆွန်ကတော့ စည်းကမ်းအတိုင်း ဖိုင်ဘာခေါင်းစွပ်ကို အမြဲ ဆောင်းထားသူ ဖြစ်သည်။ ဂစ်ဘဆွန်က ပြောလိုက်သည်။

"ပြဿနာနဲ့တော့ တိုးပြီဟေ့၊ ကားကို မရပ်နဲ့နော်၊ ဘာလဲဆိုတာ သေသေချာချာ မသိရသေးခင် ခပ်ဖြည်းဖြည်း ဆက်မောင်း . . "

"ဆရာ သိပ်လုပ်မနေပါနဲ့ဗျာ၊ ဘယ်လို လုပ်ရကိုင်ရမယ် ဆိုတာ ကျုပ် သိပါတယ်"

သူကလည်း ကာရိုဘန်နာမင်လိုပင် လမ်းလယ်ခေါင်မှ လက်နှိပ်ဓာတ်မီးနှင့် ဝှေ့ယမ်းပြနေသူထံ ကားအရှိန်ကို လျှော့ပြီး ချဉ်းကပ်လာသည်။ သူက ဖိုင်ဘာခေါင်းစွပ်ကို လက်တစ်ဖက်ဖြင့် ယူ၍ ခေါင်းတွင် စွပ်လိုက်ပြီးနောက် မေးသိုင်းကြိုးကို နှိပ်စေ့ နှိပ်၍ တပ်လိုက်သည်။ ဂစ်ဘဆွန်က ကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး ခလုတ်ကို နှိပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိန္ဒိယ တစ်ကာ ရှူစဘဲ့နဲ့ စကားပြောချင်တယ်၊ အိန္ဒိယ တစ်က ရှူးစဘဲ့နဲ့ စကားပြောချင်တယ်"

သူက မောရစ်မြို့ရှိ ပင်မစခန်းထံ လေး ငါး ဆယ်ကြိမ် ခေါ်ကြည့်လိုက်ပြီးနောက် မကျေမနပ်နှင့် ညည်းလိုက်သည်။

"ခေါ်မရတာ မိုးရွာပြီး လေထန်နေလို့လည်း ဖြစ်ရမယ်"

တာဂလီယာသည် ကားကို ဂရုတစိုက်နှင့် ခပ်ဖြည်းဖြည်း မောင်းလာသည်။ ထို့နောက် သူက လေချွန်လိုက်သည်။

"ဟာ.. တို့အုပ်စုထဲကပါလား"

သူ့ကားရှေ့ မီးရောင်ထဲတွင် စိတ်မချမ်းသာဖွယ်ရာ မြင်ကွင်းကို မြင်နေရသည်။ လမ်းပေါ်တွင် ကန့်လန့်ဖြတ် ရပ်ထားသော သံချပ်ကာကား၏ ခေါင်းပိုင်းသည် ဒေါ်ချ်ကား၏ နောက်တံခါးထဲသို့ စိုက်ဝင်နေသည်။ ဒေါ့ချ်ကား၏ ရှေ့တံခါးမှာ ပွင့်နေပြီး ပြောင်းဖူးမွေးရောင် ဆံပင်နှင့် မိန်းကလေးတစ်ယောက်သည် ကားထဲမှ အပြင်ဘက်သို့ ကိုယ်တစ်ပိုင်း ထွက်ကျနေသည်။ ဦးခေါင်းကတော့ ကားလက်ကိုင်ဘီးပေါ်တွင် မှီလျက်သားကလေး တွေ့နေရသည်။

ဒီပုံစံကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဂစ်ဘာဆွန်က ချက်ချင်းလိုလို သံသယဝင်သွားသည်။ လမ်းပေါ်တွင် ကားတိုက်မှု ဖြစ်ဟန်ဆောင်ပြီး ပြန်ပေးဆွဲရန် ကြံစည်သည့် လုပ်ကွက်မျိုးပင်တည်း။ သို့သော် အချက် နှစ်ချက်ကြောင့် သူ့စိတ်ထဲက သံသယနည်းနည်းတော့ ပျောက်သွားသည်။ ပထမတစ်ချက်က ဒဏ်ရာရနေပုံ ရသော မိန်းကလေးတစ်ယောက်ကို မြင်ရသောကြောင့် ဖြစ်သည်။ နောက်တစ်ချက်ကတော့ ထိုကားသည် သူတို့လို သံချပ်ကာ ကားမျိုး ဖြစ်နေသောကြောင့်ပင်။

"နည်းနည်း ရှေ့တိုးဦး"

ဂစ်ဘာဆွန်က အမိန့်ပေးလိုက်သည်။

"ခင်ဗျား ဘယ်လို ထင်သလဲ"

တာဂလီယာက ပြန်မေးလိုက်ခြင်း ဖြစ်သည်။

"တကယ်ဖြစ်တာ ထင်တာပဲ၊ ဟိုကလေးမလေး မျက်နှာကို ကြည့်ပါလား။ ဒါပေမဲ့ ရှူးစဘဲ့ကိုတော့ ထပ်ခေါ်စမ်းပါဦးကွာ"

ဂစ်ဘာဆွန်က ပြောပြောဆိုဆိုနှင့် ကားတံခါးကို ဖွင့်လိုက်သည်။ ထိုသံချပ်ကာကားနောက်မှ ထွက်လာသူ ဖိုင်ဘာခေါင်းစွပ် ဆောင်းထားသည့်



ပုဂ္ဂိုလ်က လက်တစ်ဖက်ကို နောက်ပစ်ရင်း ဂစ်ဘာဆွန် ကားပေါ်မှ ခုန်ဆင်းလာသည်ကို မိုးရေထဲက ရပ်စောင့်နေသည်။

သူတို့ ကားပေါ်တွင်လည်း တာဂလီယာက ရေဒီယိုတယ်လီဖုန်း အဆက်အသွယ် ရအောင် ကြိုးစားနေဆဲပင်။ ဤတွင် တစ်ဖက်လူက ဂစ်ဘာဆွန်ကို ရှင်းပြသည်။

"ဒီကောင်မလေးဟာ မိုင် ၈၀ လောက် မောင်းလာတာဗျ။ ဘုရားစူးရပါစေရဲ့ဗျာ၊ သူ ဘယ်ကဘယ်လို ပေါ်လာမှန်းကို မသိလိုက်ဘူး"

ဂစ်ဘာဆွန်က ပြန်ဖြေသည်။

"ဟုတ်တယ်၊ သိပ်ကို ဖြစ်နိုင်တယ်ဗျို့၊ ဒါနဲ့ ဒီကလေးမကလေး သေများ သေသွားလား"

"မသေချာဘူး။ သူ့လည်ပင်းမှာ သွေးတိုးနေသေးသလိုလိုပဲ။ ခက်တာက စခန်းကို ပြန်ခေါ်လို့ မရတာဘဲ၊ မိုးတွေကလည်း သိပ်ရွာနေတော့.."

"ဟုတ်တယ်.. ကျုပ်တို့လည်း ဒီပြဿနာပဲ"

ဂစ်ဘာဆွန်က ပြောပြောဆိုဆိုနှင့် တာဂလီယာတစ်ယောက် ဘယ်ပုံဘယ်နည်း စခန်းသွားနေသည်ကို သိအောင် နောက်လှည့်ကြည့်စဉ် သူ့ဗိုက်ကို ဗွှည်းတစ်ခုခုနှင့် ဆောင့်အထိုးခံရကြောင်း သိလိုက်သည်။ ငုံ့ကြည့်လိုက်သောအခါ သူ မြင်လိုက်ရသည်က ပြောင်းဝအကျယ် ဒသမ ၄၅ ဗို့တ် ခြောက်လုံးပြူးတစ်လက်၊ ဖိုင်ဘာ ခေါင်းစွပ် ဆောင်းထားသည့် ပုဂ္ဂိုလ်က သေနတ်မောင်းကို ဆွဲလိုက်သည်။ ပြင်းထန်သော တွန်းကန်အားကြောင့် ဂစ်ဘာဆွန်သည် မော်တော်ကားနှင့် နောက်ပြန် ဝင်ဆောင့်မိသည်အထိ လွင့်စဉ်သွားစဉ် ဖိုင်ဘာခေါင်းစွပ်နှင့် လူက နောက်သို့ ခြေတစ်လှမ်း ဆုတ်ပြီး သေနတ်ကို အပေါ်သို့ မြှောက်ချိန်လိုက်သည်။

ကားထဲတွင် ရှိသော တာဂလီယာသည် စကားပြောခွက်ကို ကိုင်ရင်း ဂစ်ဘာဆွန်နှင့် ခြောက်လုံးပြူး ကိုင်ထားသူတို့ကို တအံ့တဩ ကြည့်နေသည်။ ထိုသူက တာဂလီယာကို သေနတ်နှင့် နှစ်ချက် ဆင့်ပစ်လိုက်ပြီးနောက် ဂစ်ဘာဆွန်ကို တစ်ချက် ထပ်ပစ်သည်။ ဂစ်ဘာဆွန်နှင့် တာဂလီယာ နှစ်ယောက်စလုံး ၁၅ စက္ကန့်အတွင်း သေသွားကြရှာသည်။

ထိုအခိုက်တွင် ပထမ သံချပ်ကာကား နောက်ဘက်မှ သူ့လို ယူနီဖောင်း ဝတ်ထားသူတစ်ဦး အပြင်ဘက်သို့ ပြေးထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



''ကျုပ် သူတို့ အသံလွှင့်လို့ မရအောင် မနည်းကြိုးစားပြီး ဖျက်ခဲ့ရတယ်၊ သူတို့ အသံလွှင့်လို့ မရခဲ့ဘူး''

''တော်စမ်းပါ ဝေါလ်ဂရင်ရယ်၊ ဒီတံခါးကိုသာ အမြန်ဆုံး ဖွင့်စမ်းပါ''

လီကက်သည် ဂစ်တဆွန့် အိတ်ထဲက ရှာတွေ့သော သော့နှင့် ဒုတိယ သံချပ်ကာကား၏ နောက်ဘက် တံခါးကို ဖွင့်သည်။ ကားထဲတွင် ဘေးတစ်ဖက်တစ်ချက်၌ သံသေတ္တာများကို တန်းစီချထားကြောင်း တွေ့ရသည်။ သံသေတ္တာများပေါ်တွင် အထဲ၌ ဘာပစ္စည်း ပါကြောင်း စာနှင့် ရေးထားသည်။ ထိုသေတ္တာများထဲက သေတ္တာတစ်လုံး၏ မြောက်လက်ကို လီကက်က သံချောင်းကြီးနှင့် ကလော်၍ ဖျက်ဖွင့်ရန် ကြိုးပမ်းသည်။ သူက သော့ခလောက်ကို ကြိုးစားပမ်းစား ကလော်ရင်း ဝေါလ်ဂရင်ကို လှမ်းပြောသည်။

''ဟော့လူ. . . ခင်ဗျားက လမ်းပေါ်မှာ အခြေအနေ စောင့်ကြည့်နေဗျာ''

ထို့နောက် မြောက်လက် ကျိုးသွားသည်။ လီကက်သည် သေတ္တာအဖုံးကို ဂရုတစိုက် ဖွင့်လိုက်ပြီး အထဲတွင် ရှိသည့် ပစ္စည်းများကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။ ထိုသေတ္တာထဲတွင် သံသေတ္တာ အလတ်စား နှစ်လုံး ပါသည်။ ထိုသေတ္တာနှစ်လုံးအောက်တွင် ကားဆောင့်သည့် ဒဏ်ကို ခံနိုင်ရည်ရှိအောင် ရာဘာရေမြှုပ်များ ခံထားသည်။

လီကက်သည် သံသေတ္တာတစ်လုံးကို လက်ကိုင်ကိုင်းက ကိုင်၍ မ,ယူလိုက်သည်။ အမေရိကန်ကြီးက ကားဆီမှ ခြေတစ်လှမ်း ဆုပ်လိုက်သဖြင့် လီကက်က မှဲ့မှဲ့ရွှဲရွှဲ လုပ်ပြလိုက်သည်။

''ကြောက်သလားဗျ၊ ဒီပစ္စည်းကို လန့်စရာ မလိုပါဘူး၊ ကျုပ်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် အင်တွိုင်းက ဘာမှ မပြုပြင်သေးခင် ကောင်းကောင်းကြီး စိတ်ချရပါတယ်၊ သူ မှာလိုက်တာကတော့ ၅ ကီလိုဂရမ် (တစ် ကီလိုဂရမ်= ၂.၂ ပေါင်) ဆိုရင် ဖူလုံပြီလို့ ပြောတာပဲ''

သူက ကြမ်းပေါ်တွင် အသင့်ချထားသော သေသေသပ်သပ် နိုင်နိုင်ခံ့ခံ့ လုပ်ထားသည့် ဘူးထဲသို့ ထိုသေတ္တာကို ထည့်သည်။ သံသေတ္တာ၏ အရွယ်အစားအတိအကျကို ကြိုတိုင်းထားပြီး ဖြစ်သဖြင့် ဘူးထဲတွင် အံကိုက် ဖြစ်နေသည်။ အပြင်က သံသေတ္တာကြီးများလိုပင် ထိုသံသေတ္တာ အဖုံးပေါ်တွင်လည်း စာရေးထားသည်။



''ပလူတိုနီယမ်၊ အလွန်အန္တရာယ် ရှိသည်''

''ဂျီအီးစီ၊ မောရစ်၊ အီလီနွိုင်း''

❑

ထိုညမှာပင် ထိုပလူတိုနီယမ်သတ္တုကို ဝေါလ်ဂရင် မောင်းနှင်သော ဘီချ်ကရပ်ဖ် လေယာဉ်ပျံနှင့် ကနေဒါဘက်သို့ ခိုးထုတ်သွားသည်။ ကနေဒါနှင့် အမေရိကန် နယ်စပ်ဒေသတွင် (ရဲများက) ပိုက်စိပ်တိုက် ရှာဖွေနေစဉ် ပလူတိုနီယမ်ကို ဗင်ကူးဗားသို့ ကားနှင့် သယ်သွားသည်။ လီကက်က ကြိုတင်ကာကွယ်မှု ယူသည့် သဘောနှင့် ပလူတိုနီယမ် ပါသော သေတ္တာကို ဝင်နီပက်မြို့တွင် သုံး လေးရက် အောင်းထားပြန်သည်။

ထိုပစ္စည်းကို ကနေဒါ ရဲအဖွဲ့က ရှာဖွေနေခြင်း မရှိကြောင်း သေချာသွားသည့်အခါ ကနေဒါမှ ဥရောပသို့ ဆက်သယ်သွားသည်။

ရူပဗေဒပညာရှင် အင်တွိုင်းသည် ပလူတိုနီယမ် ရောက်လာအောင် ရက်သတ္တနှစ်ပတ် စောင့်ခဲ့ရသော်လည်း ထို ၁၄ ရက်အတွင်း သူလည်း အလုပ်ရှုပ်နေသည်သာ။ အင်တွိုင်းသည် ထို ၁၄ ရက်အတွင်း အဏုမြူဗုံး တည်ဆောက်ရန် ဓာတ်ခွဲခန်းကို အသင့် ပြင်ဆင်နေခဲ့ခြင်း ဖြစ်သည်။ သူ့ဓာတ်ခွဲခန်း အဆင်သင့် ဖြစ်ချိန် မတ်လကုန် ညတစ်ညတွင် လီကက်က ပလူတိုနီယမ်သတ္တုကို ယူလာပေးခြင်း ဖြစ်သည်။

အင်တွိုင်းတစ်ယောက် အဏုမြူဗုံးတစ်လုံး ဖြစ်လာအောင် တည်ဆောက်ရသည်မှာ ခုနစ်လတိတိ ကြာသွားသည်။

ထိုခုနစ်လ အတောအတွင်း အင်တွိုင်းသည် အပြင်သို့ တစ်ခေါက်ကလေးမှပင် ထွက်လည်ပတ်ခြင်း မရှိခဲ့။ ၁၂ နာရီ အလုပ်လုပ်သည်။ ထိုအိမ်ထဲတွင် သူနှင့်အတူ အိုအေအက်စ်အဖွဲ့မှ အင်ဂျင်နီယာ ဗာရီယာ ဆိုသူတစ်ယောက်လည်း ရှိသည်။ ပြီးတော့ ထိုအိမ်ထဲတွင် ၄၄ နှစ်အရွယ် အင်ဒရီအူပွန် ဆိုသူလည်း ရှိသေးသည်။ သူက အိမ်ဖော်နှင့် ထမင်းချက်တာဝန်ကို ယူရသည်။

အခြားလူသာဆိုလျှင် ဒီလို အလုပ်မျိုးကို လုပ်နိုင်ကြမည် မဟုတ်။ သို့သော် အင်တွိုင်းကတော့ သူ့ဘဝကို အလုပ်ထဲတွင် ရာနှုန်းပြည့် မြှုပ်နှံထားသည့် သိပ္ပံပညာရှင်တစ်ဦး ဖြစ်သည်။ ပြီးတော့ ဒူးပွန်ကလည်း အချက်အပြုတ်တော်သည်။

www.burmeseclassic.com

www.burmeseclassic.com



လီကာက်က အင်တွိုင်းကို အီလီနွိုင်းပြည်နယ် မောရစ်မြို့ရှိ ဂျီအီးစီ စက်ရုံ၌ စွမ်းအင် အပြည့်အဝ ထုတ်လုပ်ပေးနိုင်သော အဆင့်သို့ ရောက်သည် အထိ အထူးတလည် သန့်စင်ထားသော ပလူတိုနီယမ် ၅ ကီလိုဂရမ်ကို လုယူ ပေးခဲ့ခြင်း ဖြစ်သည်။ ထိုပလူတိုနီယမ်ကို အဏုမြူ ဓာတ်အားပေးစက်ရုံသို့ ပြန်ပို့ရန် ယူလာစဉ် လီကာက်က လမ်းမှ ဖြတ်လုလာခဲ့ခြင်း ဖြစ်သည်။ အင်တွိုင်း ၏ လုပ်ငန်းတာဝန်မှာ အဏုမြူဗုံးတစ်လုံး ဖြစ်အောင် တည်ဆောက်ပေးရန် ဖြစ်သည်။

ပထမဦးဆုံး ထုတ်လုပ်ခဲ့သော အဏုမြူဗုံးကို အလွန်ကြီးမားသော စက်ရုံကြီးတစ်ရုံမှ ထုတ်လုပ်ခဲ့ကြောင်း သိထားသော လုပ်သားပြည်သူများက အဆိုပါ ဗုံးမျိုး ထုတ်လုပ်လိုလျှင် စက်ရုံအကြီးကြီး တစ်ရုံ လိုအပ်မည်ဟု ထင်ကြပေလိမ့်မည်။ သို့သော် ထိုကဲ့သို့ စက်ရုံအကြီးကြီး လိုအပ်ရသည့် အကြောင်းရင်းမှာ ပလူတိုနီယမ်ကို သန့်စင်ရန်သာ ဖြစ်ပြီး ယခု အင်တွိုင်းထံ တွင် သန့်စင်ထားပြီး ဖြစ်သော ကုန်ချော ရောက်ရှိနေပေပြီ။

ထိုပစ္စည်း ထုတ်လုပ်ပေးခအဖြစ် အင်တွိုင်း သဘောတူထားသည့် အဖိုးသားနားမှာ ဒေါ်လာ ငါးသောင်းနှင့်အတူ ကွိဘက်ဒေသတွင် နာမည်သစ် နှင့် ဘဝသစ်တစ်ခုကို ထူထောင်နိုင်မည့် နိုင်ငံကူးလက်မှတ်တစ်စောင်ပါ ရရှိစေရေးပင် ဖြစ်သည်။ သူသည် တစ်ကိုယ်ရည် တစ်ကာယသမား တစ်ဦး ဖြစ်သည့်အားလျော်စွာ ထိုလုပ်ငန်းကို ခုနစ်လလုံးလုံး စိတ်ပါလက်ပါ ဆောင်ရွက် ခဲ့ပုံရသည်။

လီကာက်၏ ညွှန်ကြားချက်အတိုင်း အဏုမြူဗုံးကို ခရီးဆောင်သေတ္တာ ခပ်ကြီးကြီးတစ်လုံးအရွယ် ပြုလုပ်ခဲ့သည်။ တကယ်ကလည်း ထိုဗုံး အဆင်သင့် ဖြစ်သောအခါ အထူးတလည် ခိုင်ခံ့အောင် ပြုလုပ်ထားသော အဖလာတော် အရွယ် ခရီးဆောင်သေတ္တာ တစ်လုံးထဲတွင် ထည့်ထားမည် ဖြစ်သည်။ ထို့နောက် အင်ဒရိုဒူးပွန့် ရှာဖွေစုဆောင်းပေးသော နိုင်ငံပေါင်းစုံရှိ ဟိုတယ်မျိုးစုံ၏ တံဆိပ် မျိုးစုံကို သေတ္တာအပြင်ဘက်က ကပ်ထားမည် ဖြစ်သည်။ ဗုံးပေါက်ကွဲသည့်အခါ ပေါက်ကွဲမှုအင်အား အများဆုံး ရရှိစေရန် ပလူတိုနီယမ်ကို အလွန်လေးလံသော သံမဏိဘူး ထူထူထဲထဲကြီးထဲတွင် ထည့်ထားရလေရာ ထိုဗုံးကြီးသည် ပေါင် ၂၀၀ ခန့် လေးသည်။ လီကာက်လို အလွန်အားကောင်းသူတစ်ဦးကသာ ထို သေတ္တာကို ရိုးရိုးသေတ္တာတစ်လုံးလို သိပ်မဝေးသော ခရီးတိုများတွင် ဆွဲသယ် သွားနိုင်မည် ဖြစ်သည်။



နောက်တိုဘာလကုန်တွင် အဏုမြူဗုံးကြီး အဆင့်သင့် ဖြစ်နေပြီ ဖြစ်ကြောင်း လီကာက်ထံ အကြောင်းကြားလိုက်ရာ လီကာက်သည် ဘီအိုအေစီ လေယာဉ်ဖြင့် လန်ဒန်မှ ဗင်ကူးဗားသို့ တိုက်ရိုက် စီးနင်းလိုက်ပါလာသည်။ ဓာတ်ခွဲခန်း ရှိရာ မြေအောက်ခန်းထဲသို့ ရောက်သောအခါ လီကာက်က–

"ကဲ.. ဒီပစ္စည်းကို ဘယ်လို ကိုင်ရတွယ်ရသလဲ၊ ပြောပြစမ်းပါဦး"

"ဒါက မောင်းဖြုတ်မယ့် ပစ္စည်း"

"အဲဒါကို အချိန်ကိုက်ပေးမယ့် နာရီနဲ့ ဆက်ထားဖို့ လိုမယ်"

"ဒါဆိုရင် ဒီလိုလုပ်.."

လီကာက်သည် ဖောက်ခွဲရေးပိုင်းတစ်ယောက် ဖြစ်သဖြင့် ဒီပြဿနာကို ဘယ်လို ဖြေရှင်းရမည် ဖြစ်ကြောင်း သူ သိနားလည်ပြီး ဖြစ်သည်။ ထို့ကြောင့် အင်တွိုင်း၏ ရှင်းလင်းချက်ကို ဆုံးအောင်ပင် နားမထောင်တော့ချေ။ ဒီဗုံးက လည်း အလတ်စားအရွယ် မြို့ကြီးတစ်မြို့လောက်ကို ဖောက်ခွဲပစ်နိုင်လောက် အောင် ပြင်းထန်သည့် ဗုံးပင်တည်း။

ဒီဗုံးကို ဘယ်မှာ သုံးမှာလဲဟု အင်တွိုင်းက တမင်ကလာ မမေးဘဲ နေသည်။ တကယ်ကတော့လည်း ဒီလိုဗုံးမျိုးကို သူက လုပ်မပေးသည့်တိုင်အောင် ဒီပြင် ပညာရှင်တစ်ဦးဦးက ကြိုက်ဈေးရရင် လုပ်ပေးမှာပဲဟု သူ့ဘာသာသူ အဖြေရှာထားသည်။ ပြီးတော့လည်း ဘဝဆိုတာ ဒါမျိုးပဲ ဖြစ်ဖို့ များသည်။ ဒေါ်လာ ငါးသောင်း ဆိုသည့် ငွေပမာဏကို အစိုးရထံတွင် တစ်သက်လုံး အလုပ်ဝင်လုပ်သည့်တိုင်အောင် သူ့အနေနှင့် စုမိဆောင်းမိဖို့ မလွယ်ကြောင်း သူ သိသည်။

လီကာက်က ဖြုန်းခနဲ ပြောချလိုက်သည်။

"ခင်ဗျား.. ဒီနေ့ည ဒီနေရာက ခွာရမယ်၊ မော်ရင် ခင်ဗျားကို ကားနဲ့ ဒီက ခေါ်သွားမယ်"

ဖြုန်းခနဲ သွားရမည်ဆိုတော့ အင်တွိုင်းတစ်ယောက် အထိတ်တလန့် ဖြစ်သွားသည်။ ထို့ကြောင့် သူ တစ်ချိန်လုံး တွေးပူနေခဲ့သည့် ကိစ္စကို ဖွင့်မေးမိ သည်။

"ဒေါ်လာ ငါးသောင်းကကော.."

www.burmeseclassic.com

www.burmeseclassic.com



''ကျုပ် တစ်နာရီ နှစ်နာရီအတွင်း ဒီကို ယူလာခဲ့မယ်၊ ဒါပေမဲ့ ခင်ဗျား ကို အလာတုန်းက လမ်းအတိုင်း ပြန်မသွားစေချင်ဘူး။ ခင်ဗျား ဆီတဲလ်ကို ရောက်တဲ့အထိ ကျုပ်ကိုယ်တိုင် ဖြတ်လမ်းက လိုက်ပို့ပေးမယ်၊ အဲဒီကမှ ချီကာဂိုအထိ ရထားပြန်စီး၊ ပြီးမှ ကနေဒါကို ပြန်ကူးလာခဲ့၊ အဲဒီနောက်တော့ ခင်ဗျားနဲ့ ကျွန်တော်တို့ လမ်းခွဲဖို့ပဲ ရှိတော့တယ်''

အင်တွိုင်းသည် အလွန်တော်သော သိပ္ပံပညာရှင်တစ်ယောက် ဖြစ်လင့် ကစား ဘာပြုလို့ အခုလို လုပ်ရသည် ဆိုသည့် အချက်ကို သူ ရေရေလည်လည် နားမလည်။ သို့သော် ရှုပ်ရှုပ်ထွေးထွေးနိုင်လှသည့် ထိုအစီအစဉ်ကို အနည်းငယ် အထင်ကြီးသွားသည်။ သို့တိုင်အောင် တစ်ခွန်းတော့ ပြန်မေးသည်။

''ကျုပ်. . . အမေရိကကို ပြည်ဝင်ခွင့် လက်မှတ် မပါဘဲနဲ့ ဝင်လို့ ရမလား''

''ရတာပေါ့၊ အခုဆိုရင် ခင်ဗျားဟာ ကနေဒါနိုင်ငံရဲ့ နိုင်ငံကူးလက်မှတ် ကို ကိုင်ထားတဲ့ ကနေဒါနိုင်ငံသားတစ်ယောက် ဖြစ်နေပြီဆိုတာကို မမေ့နဲ့ဦး၊ ကနေဒါလူမျိုးတွေဟာ နိုင်ငံကူးလက်မှတ်ကို ပြပြီး နယ်စပ်ကို ကြိုက်သလောက် ဖြတ်ခွင့်ရှိတယ်၊ ကဲ ညနေကျမှ ထပ်တွေ့ကြရအောင်''

လီကက်သည် ထိုသေတ္တာကြီးကို သယ်၍ ကူးတို့ဆိပ်သို့ သွားသည်။ ထိုမှ ဗစ်တိုးရီးယားသို့ ကူးလာသည်။ ထို့နောက် အငှားကားတစ်စီးနှင့် ဆိပ်ကမ်းသို့ ဆက်သွားပြီး ငါးဖမ်းလှေ 'ပီချား' ပေါ်သို့ တက်သည်။ ထိုငါးဖမ်းစက်လှေ ပေါ်တွင် မှောင်သည်အထိ အချိန်ဖြုန်းနေပြီးနောက် အခြားသေတ္တာတစ်လုံးနှင့် အတူ အင်တွိုင်း ရှိရာသို့ ပြန်ရောက်လာသည်။ လီကက်က. . .

''ကျုပ်တို့ သွားရမယ့်ခရီးက ဝေးတယ်၊ ဒါပေမဲ့ ခင်ဗျား (ပိုက်ဆံ တွေကို) ရေကြည့်ချင်ရင် ကြည့်လေ''

အင်တွိုင်းက သေတ္တာကို ဖွင့်လိုက်ပြီး သေတ္တာထဲရှိ ဒေါ်လာ ၁၀၀ ထုပ်အချို့ကို ဖြေ၍ ရေကြည့်သည်။ ထို့နောက် သေတ္တာကို ပြန်ပိတ်ပြီး သော့ကို သူ့ပိုက်ဆံအိတ်ထဲ ထည့်လိုက်သည်။

''ကျုပ် ဒီပိုက်ဆံတွေကို ဘဏ်မှာ နည်းနည်းစီ လဲပြီး အပ်ရလိမ့်မယ် ထင်တယ်''

လီကက်က လိုက်လိုက်လျောလျော ဖြေသည်။

''ဟုတ်တာပေါ့၊ ကျွန်တော့် ငွေတွေကို ဘဏ်က ငှားတဲ့ ကိုယ်ပိုင်သေတ္တာ ထဲမှာ ထည့်ထား။ ကဲ. . . ကဲ. . . ခင်ဗျား အဆင်သင့်ဖြစ်ရင် သွားကြရအောင်''



သူတို့နှစ်ဦးသည် မှောင်ကြီးမည်းကြီးထဲတွင် ကားနှင့် ခရီးထွက်ခဲ့ ကြသည်။

တောင်ပေါ်ဒေသရှိ ရေကန်တစ်ကန်နားသို့ ရောက်သောအခါ လီကက် က အင်တွိုင်းကို သေနတ်နှင့် ပစ်၍ အဆုံးစီရင်လိုက်သည်။ ထို့နောက် အလောင်းကို အသင့်ယူလာသော သံကြိုးများ၊ သံတုံးကြီးများနှင့် ချည်နှောင်၍ ရေကန်အလယ်သို့ လှေနှင့် ကူးသွားပြီး ရေနက်သည့် နေရာတွင် ကန်ချလိုက် သည်။

ထိုဒေါ်လာ ငါးသောင်းကို လီကက်က အပိုင်စီးလိုက်ခြင်း မဟုတ်ပါ။ ထိုဒေါ်လာ ငါးသောင်းအနက် သုံးပုံ တစ်ပုံကို ပြင်သစ် ငါးဖမ်းစက်လှေ 'ပီချား' မှ အဖွဲ့သားများအား လက်ငင်း ပေးချေရမည် ဖြစ်ပြီး ကျန်သုံးပုံ နှစ်ပုံကို လုပ်ငန်း ပြီးစီးသည့်အခါ ပေးချေရမည် ဖြစ်သည်။

သူ ငါးဖမ်းစက်လှေ ပီချားထံ ပြန်ရောက်သွားသည့်အခါ အင်ဒရီဒူးပွန့် က သူ့ကို အသင့်စောင့်နေလေသည်။ မာတ်ခွဲခန်းသုံး ပစ္စည်းများကို သေတ္တာကြီး များနှင့် ထည့်ပြီးနောက် အလွန်စက်အားကောင်းသော မော်တော်ကလေးတစ်စင်း ပေါ်တွင် အသင့် တင်ထားပြီး ဖြစ်သည်။ ထိုပစ္စည်းများကိုလည်း ပင်လယ်ပြင် ရေနက်ပိုင်းသို့ သွားရောက် ပစ်ချစေမည် ဖြစ်သည်။ လီကက်သည် အသေးစိတ် မှန်သမျှကို တိတိကျကျ ဖြစ်အောင် လုပ်တတ်ကိုင်တတ်သူ ဖြစ်သည်။

သူ့တပည့်ကလည်း ဘာတစ်ခုကိုမျှ ပေါ့ပေါ့ဆဆ မလုပ်ခဲ့။ လီကက် က အဏုမြူရူပဗေဒပညာရှင်ကို ကားနှင့် တင်ခေါ်သွားနေစဉ် ဒူးပွန့်က အင်တွိုင်းတစ်ယောက် ထိုအိမ်၌ နေခဲ့ထိုင်ခဲ့စဉ် သူ့လက်နှင့် ထိ၍ လက်ရာ ထင်နိုင်မည့် နေရာမှန်သမျှကို အဝတ်နှင့် နေရာအနှံ့ လိုက်သုတ်သည်။

ပြီးတော့ ကြမ်းပြင်မှန်သမျှကိုလည်း 'ဟူးဗား' ကြမ်းတိုက် ဖုန်မြှက်စည်း လှည်းစက်နှင့် အကုန် လိုက်လှည်းသည်။ ထိုကြမ်းတိုက်စက်သည်လည်း ဓာတ်ခွဲ ခန်းသုံး ပစ္စည်းကိရိယာများနှင့်အတူ မော်တော်ပေါ် ရောက်နေလေပြီ။

တစ်ဖန် ရဲအဖွဲ့ကလည်း ထိုနေရာကို လာမည့် သုံး လေးလအတွင်း လာရှာဖြစ်လိမ့်မည် မထင်။ လီကက်က ထိုနေရာကို လခ တစ်နှစ်စာ ကြိုပေး၍ ငှားရမ်းထားပြီး ဖြစ်သည်။ ပြီးတော့ လီကက်က ထိုနေရာကို သူကိုယ်တိုင် အနှံ့အပြား လိုက်လံစစ်ဆေးပြီးမှ အိမ်ကို သော့ခတ်လိုက်ပြီး ဒူးပွန့်နှင့်အတူ ငါးဖမ်းစက်လှေ ရှိရာသို့ ပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကော့ညက်ကို ပို့ပေးပြီးပါပြီ"

လီကက်က အထက်ပါအတိုင်း ပဲရစ်သို့ သံကြိုးနှင့် အကြောင်းကြားလိုက်သည်။ ထိုသံကြိုးသည် တစ်ဆင့်ပြီး တစ်ဆင့် တာဖတ်ထံသို့ ရောက်ရှိသွားသည်။ တာဖတ်က 'ကော့ညက်' ဆိုသော စာသားနေရာတွင် 'အဏုမြူဗုံး' ဆိုသော စာသားကို ဖြည့်ဖတ်လိုက်သည်။ လီကက်သည် ဤနည်းဖြင့် ပလူတိုနီယမ်သတ္တုကို လုယူရရှိခဲ့စဉ်က တစ်ခါ၊ သိပ္ပံပညာရှင် အင်တွိုင်းကို အစဖျောက်စဉ်က တစ်ခါ နှစ်ခါတိတိ တာဖတ်ထံ ကြိုးသတင်းပို့ခဲ့ပြီးလည်း ဖြစ်သည်။ နောက်ဆုံး သံကြိုးကို ပို့ပေးပြီးသောအခါ လီကက်သည် လေယာဉ်ပျံနှင့် ဥရောပတိုက်သို့ ပြန်သွားသည်။ ထိုအချိန်မှာ နိုဝင်ဘာလ ဖြစ်သည်။

ဤအဆင့်တွင် အင်္ဂလိပ်လူမျိုး ဝင်းတားကို ဤအစီအစဉ်ထဲသို့ အပါ ဆွဲခေါ်ရမည့် အချိန်ပင်တည်း။

❑❑❑

– လေး –

'ဝင်းတား'

လီကက်နှင့် နှစ်နှစ်တိုင်တိုင် လက်တွဲ ဆောင်ရွက်ခဲ့ဖူးသည် ဆိုသော အင်္ဂလိပ်လူမျိုး ကြေးစားသမား ဝင်းတား၏ နောက်ကြောင်း ရာဇဝင်ကို ဘယ်သူမှ မသိကြချေ။ တစ်နေ့သောအခါ ဝင်းတား ဆိုသူသည် ဘယ်နေရာက လာမှန်း မသိဘဲ မြေထဲပင်လယ်ဒေသတွင် ဖြုန်းခနဲ ပေါ်ပေါက်လာသည်။ သူက ငွေများများစားစား ရနိုင်မည့် အလုပ်မျိုးကို လိုက်ရှာတတ်သည်။ ပြီးတော့ သူ လုပ်ရမည့် အလုပ်တွင် လျှို့ဝှက်သည်းဖို စွန့်စားခန်းကလေးတွေ ပါလေလေ၊ ပိုသဘောကျလေလေ ဖြစ်သည်။ သူနှင့် လီကက်သည် တန်ဂျီယာ၌ တွေ့ခဲ့ခြင်း ဖြစ်သည်။

ဘယ်သူမှ သူ့နာမည်ရင်းကို မသိ။ သူ့ကို နာမည် အဖျားဆွတ်၍ ခေါ်ရလောက်အောင် ရင်းနှီးသူလည်း တစ်ယောက်မျှ မရှိ။ ဒီအင်္ဂလိပ်လူမျိုး ကျင်လည်ကျက်စားသွားခဲ့သော မြေထဲပင်လယ်ဒေသရှိ လူမိုက် ဂေါ်ကီသားများက သူ့ကို ဝင်းတား ဟူ၍သာ သိခဲ့ကြရသည်။

အသက် ၃၀ ကျော်ကျော်၊ အရပ် ၆ ပေခန့်၊ ကိုယ်လုံးကိုယ်ထည် ကျစ်ကျစ်လျစ်လျစ်နှင့် ခပ်သွက်သွက် လမ်းလျှောက်တတ်သူ ဖြစ်သည်။ သူ့

www.burmeseclassic.com



မျက်လုံးညိုကြီးများက အမြဲတမ်း အေးစက်မာကျောနေသလို ဘာသိဘာသာ နေတတ်သော သူ့အမူအရာကြောင့် သူ့ကို ရင်းရင်းနှီးနှီး ပေါင်းသင်းရဲသူများ မရှိ။ သို့သော် သူနှင့် တွေ့ပြီး မိနစ်အနည်းငယ်အတွင်းမှာပင် ဒီအင်္ဂလိပ်လူမျိုးသည် အလွန်လည်သူ ဖြစ်ကြောင်း အားလုံးက လက်ခံကြရသည်။ သူ့ဥပမိရုပ်ကလည်း ညို့ဓာတ်တစ်မျိုး ပါသည်။ ကြေးစားသမားပီပီ သူ ဘာလုပ်လျှင် ဘာဖြစ်မည် ဆိုတာကို ကောင်းကောင်းကြီး သိသူလည်း ဖြစ်သည်။

ထိုအချိန်တုန်းက လီကက်သည် စိတ်ချလက်ချ လက်တွဲနိုင်မည့် အဖော်တစ်ယောက်ကို ရှာနေခိုက် ဖြစ်သည်။ သို့သော် သူ့ပေါင်းဟောင်းသင်းဟောင်းများနှင့် တွဲဖက် အလုပ်လုပ်ရန် သူ လုံးဝစိတ်မကူးချေ။ ဤတွင် ဝင်းတားက လီကက်၏ ပြဿနာကို စကား တစ်လုံး နှစ်လုံးတည်းနှင့် ဖြေရှင်းပေးခဲ့သည်။

''ခင်ဗျား တန်ဂီယာက စီးကရက်တွေကို နေပဲလ်အထိ မှောင်ခိုပြီး ခိုးထုတ်ချင်တယ် မဟုတ်လား၊ ဒါဆိုရင် လူတိုင်း သုံးနေတဲ့ စက်အားကောင်းကောင်း မော်တော်တွေကို မသုံးနဲ့၊ ထူးခြားအောင် ငါးဖမ်းစက်လှေကို သုံး. . .''

''ဗျာ. . . ငါးဖမ်းစက်လှေကို သုံးရမယ်၊ ဟုတ်လား''

ဝိုင်အရက် သောက်နေသော လီကက်အဖို့ ထူးထူးဆန်းဆန်း ဖြစ်သွားသည်။

''ငါးဖမ်းစက်လှေ ဆိုတာ သိပ်နှေးတာ၊ ဘာနဲ့ လိုက်ဖမ်းဖမ်း မိသွားလိမ့်မယ်''

''ဒါကတော့ မှောင်ခိုမှန်း သိမှ အလိုက်ခံရမှာပေါ့''

ဝင်းတားက လီကက်၏ ပြဿနာကို ၁၀ မိနစ်အတွင်း ဖြေရှင်းပေးလိုက်သည်။ စီးကရက် မှောင်ခို လုပ်ငန်းအတွက် လှည့်ကွက် အသစ်ဖြစ်ပြီး ထိုလုပ်ငန်းမှ တော်တော်ကလေး အမြတ်အစွန်း ရခဲ့ကြသည်။ ဝင်းတားက တန်ချိန် ၁၀၀၀ တင်နိုင်သော ငါးဖမ်းလှေကို ရှာရန်၊ ပြီးတော့ စီးကရက် တန်ချိန် ၁၀၀ ကို ငါး တန်ချိန် ၈၀၀ နှင့် အလွယ်တကူ ဖုက်သွားနိုင်ရမည်ဟု ဆိုသည်။

ပြီးတော့ စီးကရက်ကို ကမ်းပေါ်သို့ ညကျမှ လှေနှင့် တိတ်တိတ်ကလေး တင်ပို့ပေးရသည့် မှောင်ခိုလုပ်ငန်း၏ သမားရိုးကျ သဘောသဘာဝကို ပြင်လိုက်သည်။ သူက နေ့လယ်ကြောင်တောင်ကြီးမှာပင် တရားဝင် ငါးဖမ်းစက်လှေ



အဖြစ်နှင့် နေပဲလ်ဆိပ်ကမ်းသို့ ပြောင်ဝင်သည်။ တကယ်ကတော့ ငါးဖမ်းသည့် လှေကို မှောင်ခိုသည့် လှေဟု မည်သူကမျှ ဥပဒ်ခြင်း၊ မသင်္ကာခြင်း မရှိကြ။ မှောင်ခိုလုပ်ငန်းအတွက် စက်အားကောင်း၍ မြန်ဆန်သော မော်တော်များကိုသာ သုံးလေ့ရှိကြသည် မဟုတ်ပါလား။

ဝင်းတားက ငါးဖမ်းစက်လှေ ရရှိရေးကိစ္စကို မေးမြန်းသောအခါ လီကက်က သူသည် ပြင်သစ် ဆင်ဒီကိတ်တစ်ခု၏ ကိုယ်စားလှယ် ဖြစ်ကြောင်း ဝန်ခံသည်။ ထို့နောက် ချက်ချင်းလိုလို တန်ချိန် ၁၀၀၀ တင်နိုင်သော ငါးဖမ်းစက်လှေ ပီချားကို ဝယ်ခဲ့သည်။ ထိုစက်လှေတွင် အမှုထမ်းမည့် ပုဂ္ဂိုလ်များကလည်း အိုအေအက်စ်အဖွဲ့တွင် လီကက် တာဝန်ထမ်းဆောင်စဉ်က သူနှင့်အတူ လက်တွဲ ဆောင်ရွက်ခဲ့သည့် မိတ်ဟောင်း ဆွေဟောင်းများပင်တည်း။ ထိုမှောင်ခိုလုပ်ငန်းက သူတို့အတွက် အတော်ကလေး အကျိုးအမြတ် ရှိသည်။ သို့သော် အီတလီ (ကုန်သည်ကြီးများ) ဆင်ဒီကိတ်က နှောင့်ယှက်မည့် လေသံ ပေါ်ထွက်လာသည်။

လီကက်က သတိပေးသည်။

''ဒီလူတွေက ကျုပ်တို့ကို ခပ်ကြမ်းကြမ်းရမ်းရမ်း ဒုက္ခပေးလိမ့်မယ် ထင်တယ်''

ဤတွင် ဝင်းတားက သူ့စိတ်ကူးစိတ်သန်းကို ပြင်သစ် (ကုန်သည်ကြီးများ) ဆင်ဒီကိတ်သို့ တင်ပြခဲ့သည်။ သူ့စိတ်ကူးကို ပြင်သစ် ဆင်ဒီကိတ်က အတော်ကလေး အထင်ကြီးကြသည်။ ဒါကို လီကက်က သိပ်မနှစ်မြို့ချေ။ ထိုအချိန်တွင် ဝင်းတားသည် အီတလီမှ ရှေးဟောင်းပစ္စည်းများနှင့် ပန်းချီကားများကို စီးကရက်ပို့ပြီး အပြန်ခရီးတွင် ခိုးထုတ်လာသော လုပ်ငန်းကိုပါ တိုးချဲ့လုပ်ကိုင်နေချိန် ဖြစ်သည်။

ဝင်းတားက ငါးဖမ်းစက်လှေ ဦးပိုင်းရှိ ရွက်တိုင်ကို လှဲပစ်လိုက်ပြီးနောက် 'အီလီဝပ်' ရဟတ်ယာဉ်တစ်စီး ဆင်းနိုင် တက်နိုင်မည့် ခုံတစ်ခုကို တည်ဆောက်စေသည်။ လီကက်က ကန့်ကွက်ရိုတ် များသည်ဟု ညည်းညည်းညူညူ လုပ်သော်လည်း ဆင်ဒီကိတ်အဖွဲ့ကြီးက ဝင်းတား၏ ဆန္ဒအတိုင်း ဆက်လုပ်စေသည်။ ထို့ကြောင့် လီကက်က ဝင်းတားကို ကြည့်မရခြင်း ဖြစ်သည်။

'ပီချား' သည် နေပဲလ်သို့ အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရဘဲ ရောက်ထပ် သွားပြန်သည်။ ငါးဖမ်းစက်လှေပေါ်တွင် ရဟတ်ယာဉ် ပါလာသည့်အတွက် စပ်လျဉ်း၍ ဝင်းတားက အစုလိုက် အပြုံလိုက် ရှိနေသော ငါးသိုက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



များကို ရဟတ်ယာဉ်နှင့် လိုက်ရှာသည့် နည်းမှာ နောက်ဆုံးပေါ် ငါးဖမ်းနည်းသစ်ဖြစ်ကြောင်း အီတလီ အကောက်ခွန်ဌာနမှ ဝန်ထမ်းများကို စကားကြုံ၍ ပြောမိသလို ပြောပြထားသဖြင့် မည်သူကမျှ နောက်ထပ်၍ မေးမေးစမ်းစမ်း မလုပ်ကြတော့ချေ။ ဤနောက်ပိုင်းတွင် သူတို့နှင့် ပြိုင်ဘက် မှောင်ခိုအဖွဲ့ဖြစ်သော အီတာလီယံ ဆင်ဒီကိတ်က သူတို့ကို ထိုးစစ်ဆင်နွှဲသည်။

အီတလီကမ်းခြေနှင့် မိုင် ၂၀ ခန့် အကွာအဝေးသို့ ငါးဖမ်းစက်လှေပီချား ရောက်ရှိလာသည့်အခါ သူတို့ဆီသို့ အရှိန်အဟုန် ပြင်းစွာနှင့် မောင်းနှင်လာသော မော်တော်တစ်စင်းကို ဝင်းတားသည် မှန်ပြောင်းထဲမှတစ်ဆင့် မြင်လိုက်ရသည်။ ထိုမော်တော်ပေါ်တွင် လက်နက်ကိုင်ပုဂ္ဂိုလ်များ အများအပြားပါလာသည်။ ပြီးတော့ ပီချားက ဝိုင်ယာလက်စက်နှင့် ဆက်သွယ်မေးမြန်းသည်ကိုလည်း ပြန်အဖြေမပေးဘဲ နေသည်။

ဤတွင် လေယာဉ် မောင်းနှင်ရာတွင် အထူးကျွမ်းကျင်သော ဝင်းတားက လီကက်၏ အတော်ဆုံး အပေါင်းအသင်း အင်ဒရီဒူးပွန်နှင့်အတူ ရဟတ်ယာဉ်ကို မောင်းနှင်ထွက်ခွာသွားသည်။ အီတာလီယံ ဆင်ဒီကိတ်၏ မော်တော်ပေါ်သို့ ပထမအကြိမ် မောင်းနှင်ပျံသန်းစဉ် ဒူးပွန်က မီးခိုးဗုံးများကို ပစ်ချခဲ့သည်။ ဒုတိယအကြိမ်တွင်မူ ထိုမော်တော် အပေါ်တည့်တည့် ပေ ၅၀ ခန့်၌ ရဟတ်ယာဉ်ကို လေထဲတွင် ရပ်ထားပြီး ဒူးပွန်က မော်တော်ပေါ်သို့ မီးလောင်ဗုံး နှစ်လုံး ပစ်ချခဲ့သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ထိုမော်တော်တစ်ခုလုံးကို မီးစွဲလောင်တော့သည်။ ထို့ကြောင့် မော်တော်ပေါ်တွင် ပါလာသူ အကြမ်းဖက်သမားအားလုံး လှေကလေးများနှင့် ထွက်ပြေးကြရတော့သည်။

ဝင်းတား တစ်ယောက် ပီချားပေါ်သို့ ပြန်ရောက်သည့်အခါ လီကက်က လှေငယ်ကလေးများကို စက်လှေနှင့် လိုက်တိုက်ရန် အမိန့်ပေးနေသဖြင့် ဝင်းတားက သူ့ဩဇာတိက္ကမကို အပြည့်အဝ သုံး၍ တားဆီးခဲ့ရသည်။ သူ ဘာ့ကြောင့် တားဆီးရသည်ကိုလည်း ရှင်းပြသည်။

''အခု ဒီလို လုပ်လိုက်တာက ကျုပ်တို့ကို လာနှောက်တာ သူတို့အတွက် အကျိုးမရှိဘူးဆိုတာ သိသွားစေချင်လို့ပဲ၊ ပြီးတော့ ဒီလူတွေက စစ်စလီကျွန်းသားတွေ၊ သူတို့ကို သတ်မိရင် ကမ္ဘာမကျေအောင် ရန်ငြိုးထားတာမျိုးတွေ ဖြစ်လာလိမ့်မယ်၊ အခုဆိုရင်တောင် သူတို့လူစု ကမ်းခြေကို ခက်ခက်ခဲခဲ ပြန်ကြရတော့မှာ''



ဤအဖြစ်အပျက်ကလေးမှ အရေးပါသော အချက်နှစ်ချက်ကို တွေ့ရှိနိုင်သည်။ ပထမတစ်ချက်မှာ ဝင်းတား၏ စိတ်နေသဘောထားကို သိရခြင်းပင်ဖြစ်သည်။ ဒုတိယအချက်မှာ လူသားများအပေါ်တွင် သူတို့နှစ်ဦး ထားရှိသော သဘောထားများမှာ ဇာစပ်မရအောင် ကွာဟနေကြောင်း တွေ့ရသည်။ ဝင်းတားက လူသတ်ရမှာကို အလွန်ရွံမုန်းသည်။ မလွှဲမရှောင်သာသည့် အဆုံးကျမှ သတ်လိုသည့် သဘော ရှိသည်။ လီကက်ကမူ လူသတ်ရတာ လုံးဝမဆန်းနိုင်စရာ ဆောင်ရွက်နေသော ထမင်းစား ရေသောက် လုပ်ငန်းမျိုးလို ပေါ့ပေါ့တန်တန်ပင် သဘောထားသည်။

❋

နောက်ထပ် တစ်လ နှစ်လ ကြာသောအခါ ဤလုပ်ငန်းမျိုးသည် ယခုလို အမြဲတစေ အောင်မြင်မှု မရရှိနိုင်ဟု ယူဆပြီး ဝင်းတားသည် ထိုလုပ်ငန်းထဲက အပြီးအပိုင် ထွက်ခဲ့သည်။ ထို့နောက် 'တန်ဂီယာ' သို့ သွားပြီး သူ ရလာသော ပိုက်ဆံများနှင့် ဇိမ်ခံပြီး သုံးဖြုန်းနေသည်။

မှောင်ခိုကုန်ကူးသော လုပ်ငန်းသည် အမြဲတမ်းလိုလို အောင်မြင်မှု ရနေမှာ မဟုတ် ဆိုသော ဝင်းတား၏ အယူအဆသည် မှန်သလိုလို ဖြစ်လာသည်။ လီကက်သည် နောက်ပိုင်းတွင် မှောင်ခိုကုန်ကူးသည့် လုပ်ငန်းကို ပြင်သစ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းအထိ တိုးချဲ့လုပ်ကိုင်လာသည်။ သို့သော် သူသည် မာဆေးမြို့တွင် မှောင်ခိုပစ္စည်းများနှင့်အတူ အဖမ်းခံလိုက်ရပြီး ဝဲရစ်မြို့ရှိ ဆန့်တီအကျဉ်းထောင်ကြီးသို့ အပို့ခံခဲ့ရသည်။ ထို့နောက် မှားမကြာမီ လီကက်တစ်ယောက် ထူးထူးဆန်းဆန်း ထောင်က လွတ်သွားကြောင်း ကြားလိုက်ရသည်။ သို့သော် ဝင်းတားက ထိုကိစ္စကို ထူးထူးထွေထွေ မစဉ်းစားခဲ့ချေ။ လီကက်နှင့် နောက်တစ်ကြိမ် ပြန်ဆုံရလိမ့်မည်ဟူ၍လည်း သူ မထင်ခဲ့ချေ။

မြေထဲပင်လယ်အကြောင်း ကောင်းကောင်းကြီး သိနေသော ဝင်းတားသည် လီကက် အဖမ်းမခံရမီ ငါးဖမ်းစက်လှေ ပီချားသည် ဂျီဘရော်တာ ရေလက်ကြားမှတစ်ဆင့် သူ မသိသော နေရာဆီသို့ ဦးတည်ခုတ်မောင်းသွားကြောင်း သတင်းကြားလိုက်သည်။ သို့သော် သူ မသိလိုက်သည့် အချက်မှာ ထိုစက်လှေကို အာရပ်နိုင်ငံများထံမှ ရရှိသော ရန်ပုံငွေနှင့် လီကက်က ဝယ်ယူလိုက်ကြောင်း။ ထိုစက်လှေသည် အစ္စလန်မ္မတ်သမ္မတရာကို ဖြတ်၍ ကာရစ်ဘီယန်

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်၊ ပနားမားတူးမြောင်းဟိုမှတစ်ဆင့် ကယ်လီဖိုးနီးယား ကမ်းခြေတစ်လျှောက် ဆန်တက် ခုတ်မောင်းသွားပြီး ကနေဒါနိုင်ငံ၊ ဗစ်တိုးရီးယား ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားကြောင်းပင်တည်း။ ထိုစက်လှေ ကနေဒါရေပိုင်နက်ထဲ၌ တစ်လကြာခန့် ရှိနေပြီးနောက် ဝင်းတားထံ ချဉ်းကပ်လာခြင်း ဖြစ်သည်။

❑

သူ့ကို စောင့်ကြည့် အကဲခတ်နေကြကြောင်း ဝင်းတားက သိနေခဲ့သည်မှာ ရက်သတ္တပတ် အတန်ကြာခဲ့လေပြီ။ ထို့ကြောင့် သူကလည်း တန်ပြန်စုံစမ်းခဲ့သည်။ ဤတွင် သူ့ကို စုံစမ်းနေသူများမှာ အာရပ်လူမျိုးများ ဖြစ်ကြောင်း သူ သိလာရသည်။ သူသည် အာရပ်များကို တစ်ကြိမ်တစ်ခါမျှ အနှောင့်အယှက် မပြုခဲ့ဖူးသောကြောင့် သူ့ကို စကားကမ်းလှမ်းရန် စုံစမ်းခြင်းသာ ဖြစ်ရမည်ဟု သူက တွက်ဆလိုက်သည်။ ဤတွင် အာမက်ရီးယဒ်၏ အမည်ကို သူ သိလာရသည်။

အာမက်ရီးယဒ်သည် ရှိတ်ဂမယ်တာဖတ်နှင့် လူပုံအလယ်တွင် တွဲသွားတွဲလာ တစ်ခါမှ မလုပ်ဖူးသော်လည်း အဆက်အသွယ် ရှိကြောင်း သူ သိထားသည်။ ပြီးတော့ အနောက်နိုင်ငံများအပေါ် ဝင်းတား၏ အကဲဖြတ်ချက်ကလည်း ရက်စက်ပြင်းထန်လှသည်။ အနောက်နိုင်ငံများတွင် အညှိခံဝါဒက လွှမ်းမိုးသွားလေပြီ။ အိုပက်အဖွဲ့က ဆုံးဖြတ်သည့် ရေနံဈေးနှုန်းကို မငြင်းမဆန် ပေးနေရလေပြီ။ ထို့ကြောင့် သူက ဆုံးဖြတ်လိုက်သည်။ နောက်ဆုံး အကြိမ်အဖြစ် ငွေ နှင့်ခနဲ ရအောင် အလုပ်တစ်ခု လုပ်မည်၊ ပြီးလျှင် အနားယူတော့မည်။

သူက ဒေါ်လာ တစ်သန်း ရအောင် ရှာမည်ဟု ပိုင်းဖြတ်ထားသည်။ ကုန်ဈေးနှုန်းတွေ မည်မျှပင် ကြီးမြင့်နေပါစေ၊ ငွေကြေး မည်မျှ ဖောင်းပွနေပါစေ၊ ဒေါ်လာ တစ်သန်း ဆိုသော ငွေသည် သူ့တစ်သက်စာအတွက်တော့ မှုလုံနိုင်သည်ဟု ယူဆသည်။ ထို့နောက် နိဝင်ဘာလတွင် အာမက်ရီးယဒ်က သူ့ကို တန်ဂီယာရှိ မိုးထိတိုက်တက်တိုက်၏ ခေါင်မိုးပေါ်၌ လာတွေ့သောအခါ ဒေါ်လာ တစ်သန်း ရမှ လုပ်နိုင်မည်ဟု ဖြေခဲ့သည်။ မိနစ် ၃၀ ခန့် ဆွေးနွေးပြီးသောအခါ ဝင်းတားက အေးစက်စက် လေသံနှင့် ပြန်ပြောလိုက်၏။

“ခင်ဗျား အခု ကျုပ်ကို လာလုပ်ခိုင်းနေတဲ့ ကိစ္စက ဒီပြင်လူသာဆိုရင် ဘယ်လိုမှ လုပ်လို့မရနိုင်တဲ့ ကိစ္စမျိုးပဲ”



ကိုယ်လုံးကိုယ်ပေါက် ခပ်တုတ်တုတ်၊ မျက်နှာထား ခပ်တင်းတင်းနှင့် အနောက်နိုင်ငံသား ဝတ်စုံကို ဝတ်ထားသော ရီးယဒ်၏ ချိုင်းကြားထဲမှ ချွေးစို့ထောသည်။ သူ ဝင်းတားရှေ့တွင် နေမထိထိုင်မသာ ဖြစ်နေရရှာသည်။

အစပိုင်းကလည်း သူ ဘာလုပ်ပေးရမည် ဆိုတာကို တိတိကျကျ သိရမချင်း ငွေရေးကြေးရေးကိစ္စကို လုံးဝ မပြောနိုင်ဟု အကျပ်ကိုင်သဖြင့် ရှင်းပြခဲ့ရသေးသည်။ ရီးယဒ်က ဤလုပ်ငန်းတွင် ဝင်းတားကသာ ခေါင်းဆောင်ဖြစ်ပြီး လီကက်သည် သူ့တပည့် ဖြစ်ရပါစေ့မည်ဟု ခပ်တည်တည် ညာပြောခဲ့သည်။ ဤစီမံချက်မှာ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က အစ္စရေးသို့ လက်နက်များ ထပ်မံ မထောက်ပံ့အောင် အကျပ်ကိုင်ရေးပင် ဖြစ်သည်ဟု ရှင်းပြသည်။ အမေရိကန်နိုင်ငံ အနောက်ဘက်ကမ်းခြေတစ်လျှောက်တွင် ခုတ်မောင်းသွားလာနေသော ဗြိတိသျှပိုင် သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲပြီး အမေရိကန်နိုင်ငံ၏ ဆိပ်ကမ်းမြို့တစ်မြို့သို့ သွားဆိုက်ကပ်စေမည်။ ထို့နောက် အစ္စရေးသို့ လက်နက်ထောက်ထပ် မပို့ရန် တောင်းဆိုမည်။ ထိုတောင်းဆိုချက်ကို မလိုက်လျောမီ သင်္ဘောပေါ်၌ ပါလာသော ဗြိတိသျှနိုင်ငံသား သင်္ဘောသားများကို ဓားစာခံအဖြစ် ထားရှိမည်ဟု ဆိုသည်။

“သင်္ဘောကို ပြန်ပေးဆွဲဖို့ လုပ်ထားတဲ့ ခင်ဗျားနဲ့ လီကက်တို့ရဲ့ စိတ်ကူးစိတ်သန်းကတော့ တကယ့်ဟာသပဲ”

ဝင်းတားက ရီးယဒ် ရှင်းပြနေစဉ် သူ့ဦးနှောက်ထဲ၌ ဖျတ်ခနဲ ပေါ်လာသော စိတ်ကူးစိတ်သန်းတစ်ခုကို ရှင်းပြသည်။ ရီးယဒ်တစ်ယောက် မျက်တောင်ပျော့ဖျပ် ခတ်နေသည်ကို ကြည့်ရခြင်းဖြင့် ဝင်းတား၏ စိတ်ကူးကို သဘောကျသွားကြောင်း အကဲခတ်၍ ရသည်။ ထိုအခိုက်အတန့်မှာပင် ဝင်းတားက–

“ခင်ဗျား အခု ကျုပ်ကို လာလုပ်ခိုင်းတဲ့ ကိစ္စက ဒီပြင်လူသာဆိုရင် ဘယ်လိုမှ လုပ်လို့ မရနိုင်တဲ့ ကိစ္စမျိုးပဲ၊ ဒီတော့. . . အခကြေးငွေကိုလည်း ထိုက်ထိုက်တန်တန် ပေးသင့်တာပေါ့”

ဟု ပြောခဲ့ခြင်း ဖြစ်သည်။

ရီးယဒ်က မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် ပြန်မေးသည်။

“ထိုက်ထိုက်တန်တန်၊ ဟုတ်လား”

ဝင်းတားကလည်း အေးစက်စက် ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကျုပ်ဘက်က အယူအဆပဲ၊ ဒါမှ မဟုတ်ရင်တော့ စွန့်စားရကျိုးနပ်မှာ မဟုတ်ဘူး။ ဒီတော့ ဒီကိစ္စကြီးကို ကျုပ်က ဦးစီးကွပ်ကဲပေးရမယ့် အခကြေးငွေကတော့ ဒေါ်လာ တစ်သန်းပဲ"

"ဘယ်ဖြစ်နိုင်ပါ့မလဲ"

ရီးယဒ်သည် ကုလားထိုင်မှ ဖင်ကြွလိုက်သည်။

"ဘာလဲ၊ ပြန်တော့မလို့လား"

ဝင်းတားကလည်း ခပ်တည်တည် ပြန်မေးသည်။ ရီးယဒ်သည် ကုလားထိုင်ပေါ်တွင် ခပ်ဖြည်းဖြည်း ပြန်ထိုင်ရင်း–

"ဒါ လုံးဝ မဖြစ်နိုင်တဲ့ ကိစ္စပဲ၊ ကျုပ် ဒီလောက်များတဲ့ ငွေပမာဏကို ထည့်စကားပြောခွင့်တောင် မရှိ••"

"ဟုတ်တယ်••• ကျုပ်ကလည်း သဘောတူတယ်၊ ကျုပ်လည်း ဆက်ဆွေးနွေးမှာ မဟုတ်ဘူး။ ဒီတော့ ကျုပ် ပြောတာ လက်ခံမလား၊ ဒါမှ မဟုတ်ရင် အဲဒီကိစ္စကြီးကို မေ့ပစ်လိုက်ကြရုံ ရှိတာပေါ့"

ရီးယဒ်က ကုလားထိုင်စွန်းသို့ ရွှေ့၍ ထိုင်ပြန်သည်။

"ဒါ ခင်ဗျား ကျုပ်ကို စော်ကားတာပဲ၊ ခင်ဗျားလည်း တခြား အနောက်နိုင်ငံသားတွေလိုပဲ၊ ကျုပ်တို့ဆီက ရေနံ မရရင် မဖြစ်ဘူးဆိုတာ နားမလည်ခင် သေမယ့် လူစားမျိုး"

"ခင်ဗျားတို့ရဲ့ ရေနံ မဟုတ်ပါဘူးလေ၊ ခင်ဗျားတို့ရဲ့ ဘိုးဘေးဘီဘင်တွေ နေခဲ့ကြတဲ့ နေရာက ရေနံ ထွက်နေလို့ပါ၊ ဒါပေမဲ့ အခု ကျုပ်တို့ကပဲ ရေနံထွက်မယ့် နေရာကို လိုက်ရှာပြီး တူးပေးနေရတယ် မဟုတ်လား"

ဝင်းတားက ရီးယဒ် ပန်းကန်ထဲသို့ ကော်ဖီကြမ်း အနည်းငယ် ထပ်လောင်းထည့်ပေးသည်။

"ကဲ••• ကော်ဖီ ထပ်လိုချင်သေးရင် အိုးထဲမှာ ရှိသေးတယ်"

တစ်ချိန်တည်းမှာပင် ဝင်းတားက ဒီငတိတွေ ငါ့ကို သိပ်လိုချင်နေကြတယ် ထင်တယ်ဟု တွေးနေသည်။

"ခင်ဗျား ဒီကိစ္စမှာ ဝင်ကူညီတဲ့အတွက် ကျုပ်တို့က နှင့်ခနဲနေအောင် ပေးမှာပါ၊ ခင်ဗျားကို ကျုပ်တို့က ဒေါ်လာ ခြောက်သိန်း တိတိ ပေးမယ်၊ အဲဒါထက် တစ်ပြားမှ ပိုမပေးနိုင်ဘူး"

"ကျုပ် ပြောတဲ့ ဒေါ်လာ တစ်သန်းကို အလျှော့အတင်း လုပ်လို့ရမယ် ထင်ရင် ဒီကိစ္စကို မေ့ပစ်လိုက်ပေတော့"



ဝင်းတား၏ အမူအရာက အေးစက်မာကျောနေသည်။ လှကဲခက်တော်သော ရီးယဒ်က ဝင်းတား တကယ် ပြောနေခြင်း ဖြစ်ကြောင်း ရိပ်မိစပြုသည်။

"အခကြေးငွေကို ခင်ဗျားက အဲဒီလို သတ်မှတ်လို့ ဘယ်ဖြစ်မလဲ၊ ကျုပ်တို့က ခင်ဗျားကို ငှားတာ၊ ဒီတော့ ကျုပ်တို့ကသာ အခကြေးငွေ ဘယ်လောက် ဖြစ်သင့်တယ် ဆိုတာ ဆုံးဖြတ်ရမှာပေါ့"

"အဲဒါ မှန်တယ်"

"ဗျာ•••"

"ဟုတ်တယ်လေ••• ခင်ဗျားတို့ဘက်က ပေးနိုင်တယ် မပေးနိုင်ဘူး ဆိုတာ ဆုံးဖြတ်ဖို့ပဲ ရှိတယ်၊ နောက်တစ်ချက်ကတော့ ကျုပ် ခင်ဗျားကို အယုံအကြည် မရှိဘူး။ ခင်ဗျား ဆရာသမားတွေအဖို့ ဒီငွေဟာ လမ်းပေါ်မှာ ကျကျန်ခဲ့ရင်တောင် ပြန်ကောက်ဖို့ စိတ်မကူးမယ့် ငွေပမာဏပါ"

"ဒါ သူဌေးဖြစ်လောက်တဲ့ ငွေပါ'

"ဒီမှာ ရီးယဒ်•••, ခင်ဗျားအတွက်ဆိုရင်တော့ ဟုတ်လိမ့်မယ်"

"ဒါ ခင်ဗျား ကျုပ်ကို ထပ်စော်ကားတာပဲ"

ဝင်းတားကလည်း ခပ်ထန်ထန် တုံ့ပြန်သည်။

"ဒါဖြင့်ရင် ခင်ဗျား ဒီအပေါ်က ခပ်မြန်မြန် ပြန်ဆင်းသွားဗျာ၊ ကျုပ် ဒီကိစ္စထဲမှာ ဝင်မပါရင် ကောင်းလိမ့်မယ်လို့တောင် တွေးမိလာပြီ၊ အန္တရာယ် သိပ်များတဲ့ အလုပ်ပဲ"

ဝင်းတား၏ အံ့ကြွပေါက်ကွဲမှုကို ရီးယဒ်ပင်လျှင် လန့်ဖျပ်သွားသည်။ ပြီးတော့ တာဇတ်က သူ့ကို မှာလိုက်သည့် နောက်ဆုံးစကားကိုလည်း သူ ပြန်သတိရလာသည်။

"အာမက်၊ အဲဒီအင်္ဂလိပ်ကို တို့ ရမှ ဖြစ်မယ်၊ အနောက်နိုင်ငံတွေမှာ အင်္ဂလိပ်လူမျိုးတစ်ယောက် သွားသွားလာလာ လုပ်နေတာကို ဘယ်သူကမှ သံသယဝင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ တို့ဘက်က လူတွေကျတော့ သူတို့ဘက်က ဆက်ကြပ်မကွာ လိုက်ပြီး ပြန်စုံထောက်နေကြတယ်၊ ပြီးတော့ ခုကိစ္စမှာ အခရာက ဗြိတိသျှပိုင်သဘော်၊ ဒီတော့ သူ့ကို အတတ်နိုင်ဆုံး စည်းရုံးရမယ်၊ လိုအပ်ရင် တစ်ပတ်လောက်အထိ ဆွေးနွေးပြီး နောက်ဆုံးကျတော့ ကောင်းသလောက် အပြည့်အဝသာ ပေးလိုက်တော့"

ထို့ကြောင့် ဒီအင်္ဂလိပ်လူမျိုးနှင့် အလုပ်မဖြစ်မှာကို သူ တွေးပူမိသည်။

"ကျုပ် ဒေါ်လာ ခုနစ်သိန်းအထိ တိုးပေးနိုင်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတားက စီးကရက်တိုကို လက်ဖက်ရည်ပန်းကန်ပြားထဲတွင် ထိုး ချေလိုက်ရင်း–

“တိုးပေးနိုင်တယ် ဟုတ်လား. . . ကောင်းပြီလေ. . . အစောဆုံး ထွက်တဲ့ လေယာဉ်ပျံနဲ့ ပြန်လိုက်သွားပြီး အလုပ်မဖြစ်ဘူး ဆိုတာကိုသာ အစီရင်ခံပေတော့”

“ကျွန်ုပ် ကော်မတီတစ်ခုကို တင်ပြဖို့ ရှိ. . .”

ဝင်းတားသည် လက်ပတ်နာရီကို တစ်ချက် ကြည့်လိုက်ပြီးနောက် ကော်ဖီဖိုးအတွက် အိတ်ထဲမှ ပိုက်ဆံတစ်ရွက် ထုတ်ယူပြီး စားပွဲပေါ်တွင် ချထားလိုက်သည်။ ရီးယဒ်က ထပ်ပြောသည်။

“ဒီကိစ္စကို တစ်နာရီအတွင်း အဆုံးအဖြတ် ပေးနိုင်လိမ့်မယ်လို့ မထင်သင့်ဘူး”

ဝင်းတားသည် ကုတ်အင်္ကျီ ကြယ်သီးကို ပြန်တပ်ပြီး ထိုင်ရာမှ ထရင်း ပြောလိုက်သည်။

“ကျွန်ုပ် လိုချင်တဲ့ နှုန်းကတော့ ဒေါ်လာ တစ်သန်းပဲ”

သူတို့၏ ဆွေးနွေးညှိနှိုင်းပွဲသည် စုစုပေါင်း ၃၅ မိနစ်သာ ကြာသည်။

❑

သူ့အတွက် အခကြေးငွေကို ဘိန်ရှတ်ရှိ ဘဏ်တစ်ဘဏ်တွင် ပေးသွင်းရန် စီစဉ်ကြသည်။ ထို့နောက် လောလောဆယ် သုံးရမည့် စရိတ်စကများအတွက် ဒေါ်လာ တစ်သိန်းနှင့် လီကက်ကို ဆက်သွယ်နိုင်မည့် ပဲရစ်မှ တယ်လီဖုန်း နံပါတ်တစ်ခုကို ဝင်းတားအား ပေးလိုက်သည်။ ဝင်းတားသည် နောက်တစ်နေ့တွင် ပဲရစ်သို့ လေယာဉ်ပျံနှင့် လိုက်သွားသည်။

နိုဝင်ဘာလ ၃ ရက်နေ့ မနက်ခင်းတွင် လီကက် ရေးဆွဲထားသော အစီအစဉ် အားလုံးကို ဖျက်ပစ်ပြီး သူ့အစီအစဉ်အသစ်များနှင့် အစားထိုးသည်။ လီကက်သည် အလွန်ကောင်းသည့် အစီအစဉ်တစ်ခုကို သူ့ဘာသာသူ ရေးဆွဲနိုင်သူ မဟုတ်။ သို့သော် သူ့အား အကောင်အထည်ဖော်ဖို့ ပေးအပ်လာသည့် အစီအစဉ်တစ်ခုကိုတော့ သေသေသပ်သပ် အကောင်အထည်ဖော်ပေးနိုင်သည့် လူစားမျိုး ဖြစ်သည်။



လီကက်က ကနေဒါနိုင်ငံ ဗစ်တိုးရီးယားဆိပ်ကမ်းရှိ ဗြိတိသျှပိုင် ကုန်တင်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲသင့်ကြောင်း တင်ပြလာသောအခါ ဝင်းတားက–

“ဘာလဲ. . . မင်းက ပင်လယ်ဓားပြလုပ်တမ်း ကစားမလို့လား။ ပင်လယ်ထဲမှာ သင်္ဘောချင်း ဝင်ဆောင့်အောင် လုပ်ဖို့ဆိုတာ တကယ့်ကို စိတ်ကူးယဉ်တဲ့ ကိစ္စပဲ၊ တကယ်ကတော့ ကျုပ်တို့ ပြန်ပေးဆွဲရမယ့် သင်္ဘောဟာ ရေနံတင်သင်္ဘောကြီးတစ်စင်း ဖြစ်ဖို့ လိုတယ်၊ အဲဒီလို သင်္ဘောမျိုးမှာ သင်္ဘောသား ၃၀ လောက်ပဲ ပါတတ်တယ်၊ ပြီးတော့ ရဟတ်ယာဉ် ဆင်းနိုင်မယ့် နေရာ အဆင်သင့်ပါလာမှာ”

ဝင်းတားသည် လီကက် ရွေးချယ်ထားသော အကြမ်းဖက်သမားများ၏ စာရင်းကို ပြန်စစ်သည်။ ထိုလူစုထဲတွင် စက်လှေ ပီချားနှင့် မှောင်ခိုလုပ်ငန်း လုပ်ခဲ့စဉ်က ဝင်းတား သိခဲ့သူ အများအပြား ပါလာသည်။ ထိုလူစုထဲက အချို့မှာ အလွန် ရက်စက်ကြမ်းကြုတ်သည့် လူဆိုးများ ဖြစ်သည်။ ထို့ကြောင့် ဝင်းတားက မကြိုက်။ သို့သော် ခုအချိန်ကျမှ လူစာရင်းကို ပြောင်းပစ်ဖို့ မလွယ်တော့။ သင်္ဘောကို ပြန်ပေးဆွဲရမည့် ကာလမှာ ဇန်နဝါရီလ။ အချိန် အိပ်နီးကပ်နေလေပြီ။ ဝင်းတားက လီကက်ကို သတိပေးသည်။

“မင်း လူတွေကို မင်း နိုင်အောင် ထိန်းနော်၊ ဓားစာခံတွေကို လုံးဝ အန္တရာယ် မပေးရဘူး”

လီကက်က မျက်စိကို မှေးပြီး ပြန်ဖြေသည်။

“အာမက်ရီးယဒ်ကလည်း ကျုပ်ကို ပြောပြီးပါပြီ”

နောက်တစ်နေ့တွင် ဝင်းတားသည် ပဲရစ်မှ လန်ဒန်သို့ လေယာဉ်ပျံနှင့် ခရီးဆက်ပြန်သည်။ ပထမဦးဆုံး သူ လုပ်သည့် အလုပ်မှာ ပဲရစ်ရှိ ဘဏ်မှ လန်ဒန်ရှိ ဘဏ်တစ်ဘဏ်သို့ ဒေါ်လာ နှစ်သောင်း ငါးထောင် လွှဲပြောင်း ပေးပို့ထားခဲ့သည့် ကိစ္စ။ ငွေ ရောက် မရောက်ကို စစ်ဆေးခြင်းပင် ဖြစ်သည်။ ငွေ ရောက်နေပြီ ဖြစ်ကြောင်း တွေ့ရသောအခါ ချက်စာအုပ်တစ်အုပ် ထုတ်ယူလိုက်ပြီး မေဖဲယားအရပ်ရှိ အိမ်ငှား မြေငှား ကိုယ်စားလှယ်ထံ သွားရပြန်သည်။ သူ လိုချင်သည့် မြေနှင့် အိမ်ကို အခန့်သင့်ပင် ရှာတွေ့ရသည်။ ‘အိစ်အင်ဂလီယာ’ အရပ်ရှိ ရှေးဟောင်း အိမ်ကြီးတစ်လုံး၊ ၆ လ ငှားမည်ဟု ကြော်ငြာခြင်း သိရသည်။ သူသည် ကိုယ်စားလှယ်နှင့် ခဏမျှ ဆွေးနွေးပြီးနောက် ကားတစ်စင်း ငှားပြီး အိစ်အင်ဂလီယာအရပ်သို့ ဆက်မောင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်တွင် ထိုဒေသရှိ အိမ်ငှား ပွဲစား ကိုယ်စားလှယ်က ထိုအိမ်ကြီးကို လိုက်ပြသည်။ သူ ကြိုမျှော်လင့်ထားခဲ့သည့်အတိုင်း သူ လိုချင်သည့် ပုံစံနှင့် တစ်ထပ်တည်း ဖြစ်နေသည်။ ထိုအဆောက်အအုံကြီး တည်ရှိသည့် မြေမှာ ဧက ၂၀ ခန့် ကျယ်ဝန်းပြီး ထိုအိမ်ကြီးကို လမ်းပေါ်က လှမ်းမမြင်နိုင်ချေ။ တသီးတခြား ဖြစ်နေသည်။ ထို့ကြောင့် ထိုနေရာမှာပင် တစ်ထိုင်တည်း အပြတ်ငှားလိုက်သည်။ သူက သူ့မိသားစုသည် ဩဂုတ်လ မှ ရှေ့အပတ်ထဲတွင် ရောက်ရှိလာမည် ဖြစ်ကြောင်း ရှင်းပြပြီး 'ဂျော့ဘင်ဟမ်' အမည်နှင့် ထုတ်ယူလာသော ချက်လက်မှတ်နှင့် ၆ လစာ အိမ်ငှားခကို တစ်ကြိမ်တည်း အပြတ် ပေးချေလိုက်သည်။

သူ နောက်တစ်နေ့တွင် လန်ဒန်သို့ ပြန်သွားပြီး ဂျော့ဘင်ဟမ် အမည်နှင့် အယ်လီမာလီလမ်းရှိ ဘရောင်းဟိုတယ်တွင် တည်းခိုသည်။ ထို့နောက် ကမ္ဘာကျော် ရေကြောင်းသွားလာရေးဆိုင်ရာ အဖွဲ့အစည်းကြီး ဖြစ်သော လွိုက်ရေကြောင်းကုမ္ပဏီသို့ သွားရောက်ပြန်သည်။ သူသည် ထိုအချိန်တွင် ကိုင်း မပါသော မျက်မှန်ကို တပ်ဆင်ထားပြီး ရေနံပြဿနာကို သုတေသနပြုနေသူ စာရေးဆရာတစ်ဦးအဖြစ် ဟန်ဆောင်ထားသည်။

သင်္ဘောခရီးစဉ်များအကြောင်း ထိုကုမ္ပဏီထဲတွင် ဟိုဟိုဒီဒီ လှည့်လည် မေးမြန်းစုံစမ်းပြီးနောက် ပင်လယ်ထဲတွင် မည်သည့်နေရာ၌ မည်သည့်သင်္ဘော ရောက်ရှိနေကြောင်း အသေးစိတ် ဖော်ပြထားသည့် နေ့စဉ်ထုတ် သင်္ဘောခရီးစဉ် မှတ်တမ်းစာအုပ်ကြီးကို လေ့လာပြန်သည်။ သူသည် အမေရိကန်နိုင်ငံ အနောက်ဘက်ကမ်းခြေတစ်လျှောက်၌ သွားလာခုတ်မောင်းနေသော သင်္ဘော များ၏ အချိန်စာရင်းကို နာရီပေါင်း အတော်ကြာအောင် လေ့လာကြည့်ရှုနေ သည်။ သူ ထိုအဆောက်အအုံထဲမှ ပြန်ထွက်လာသောအခါ သူ ပြန်ပေးဆွဲသင့် သည့် သင်္ဘောကို တွေ့ရပြီ ဖြစ်ကြောင်း သေချာသလောက် ရှိနေလေပြီ။ နောက်တစ်နေ့တွင် မြောက်ဝင်ရိုးစွန်းကို ဖြတ်၍ ပျံသန်းသော လေယာဉ်ခရီးစဉ် နှင့် လော့စ်အိန်ဂျလိမြို့သို့ ခရီးဆက်သည်။ ထိုမှ အခြားလေယာဉ်တစ်စီးနှင့် ဆန်ဖရန်စစ္စကိုသို့ ခရီးဆက်ပြန်သည်။

ထုံးစံအတိုင်း ဂျိုးဇက်ဝေါလ်ဂရင်က ဝင်းတားကို လေဆိပ်မှ လာ စောင့်ကြိုနေလေသည်။ အီလီနွိုင်းပြည်နယ်တွင် လီကက်နှင့် ဝေါလ်ဂရင်က သံချပ်ကာ အစောင့်ကားကို လမ်းမှ ဖြတ်လုခဲ့သည့် ကိစ္စကို ဝင်းတား မသိချေ။ ဝင်းတား လာမည့်အကြောင်း လီကက်က ကြိုသံကြိုးရိုက်လိုက်သဖြင့် လာ



စောင့်ကြိုနေခြင်း ဖြစ်သည်။ လေဆိပ်သို့ ရောက်ရောက်ချင်း ဝေါလ်ဂရင်က ဝင်းတား တည်းခိုရန် အကြံပေးသည့် ဟိုတယ်မှာ အလယ်အလတ်တန်းစား ဟိုတယ် ဖြစ်နေသဖြင့် သဘောထားချင်း မကိုက်ညီဘဲ ရှိရပြန်သည်။

ဝင်းတားက ပြတ်ပြတ်သားသား ပြောချလိုက်သည်။

"အဲဒီဟိုတယ်က သိပ်အောက်တန်းကျလွန်းတယ်၊ ဘယ်နိုင်ငံမှာမဆို ဈေးကြီးတဲ့ ဟိုတယ်မှာ တည်းမှ ရဲက အထင်ကြီးကြတာ၊ ကျုပ် ကယ်လီဖိုး နီးယားလမ်းပေါ်မှာ ရှိတဲ့ ဟန်တင်ဒမ် ဟိုတယ်မှာပဲ တည်းမယ်"

နောက် သုံးရက်လုံးလုံး ဝင်းတားက ဝေါလ်ဂရင်ကို တစ်ချက်ကလေး အငြိမ်မနေရအောင် ဆက်တိုက် ခိုင်းသည်။ ဝင်းတားသည် ဆန်ဖရန်စစ္စကိုမြို့ အနေအထားနှင့် တရင်းတနှီး ရှိအောင် အိုလီယမ် ရေနံသင်္ဘောဆိပ်အထိ ကားမောင်းကြည့်သည်။ ပြီးတော့ မြို့မြောက်ဘက်ရှိ မာရင်ခရိုင်အထိ သွား ကြည့်သည်။ ဝေါလ်ဂရင်က ဝင်းတားတစ်ယောက် ကျေနပ်သွားပြီဟု ယူဆချိန် တွင် ဝင်းတားက မော်တော်ဘုတ်တစ်စင်းကို ငှား၍ ပင်လယ်အော်ကမ်းခြေ တစ်လျှောက်ကို လိုက်လေ့လာပြန်သည်။ သူ မပြန်မီ ဝင်းတားသည် ဝေါလ်ဂရင် အား ညွှန်ကြားချက် အမျိုးစုံ ပေးခဲ့သည်။ ထိုညွှန်ကြားချက်များထဲတွင် ဆော်ဆီကိုသို့ ခေတ္တသွားရန် ကိစ္စလည်း ပါသည်။ ပြီးတော့ သုံးဖို့စွဲဖို့ ငွေလည်း ပေးခဲ့သေးသည်။ စတုတ္ထမြောက်နေ့တွင် ဝင်းတားသည် ကနေဒါသို့ ခရီးဆက် သည်။

ထို့နောက် ဗစ်တိုးရီးယားဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် ငါးဖမ်း စက်လှေ ပီချားထံ ခဏ သွားသည်။ စက်လှေဆီသို့ သွားသည်မှာ သိပ်မကြာ သော်လည်း စက်လှေ ပီချား ကနေဒါဆိပ်ကမ်းတွင် နှစ်ရှည်လများ ရှိနေခြင်း ကို ဆိပ်ကမ်းအရာရှိများက ကျေနပ်မှုရှိစေရန် အချိန်ယူ ဆွေးနွေးခဲ့သည်။ ဤကိစ္စတွင် လီကက်သည် ပြဿနာ ပြေလည်အောင် ဖြေရှင်းထားကြောင်း သိလိုက်ရသည်။ လီကက်သည် အာရပ်ပိုက်ဆံနှင့် စက်လှေ ပီချားကို အပိုင် ယူနိုင်ခဲ့သည်သာမက ဘားနတ်အော့စဝေါ ဆိုသူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် သော ကမ္ဘာလုံးဆိုင်ရာ အဏ္ဏဝါဇီဝ သုတေသနအဖွဲ့ကိုပင် ဖွဲ့စည်းတည်ထောင် ထားသေးကြောင်း သိလိုက်ရသည်။

အဏ္ဏဝါသုတေသနလုပ်ငန်းသည် လူတိုင်း စိတ်ရှုပ်ပြီး အာရုံစား ကြသည့် နောက်ဆုံးပေါ် သိပ္ပံသုတေသနလုပ်ငန်း ဖြစ်ရာ စက်လှေတစ်စင်း ကနေဒါဆိပ်ကမ်းတွင် ရက်ရှည်လများ လာဆိုက်ကပ်ထားသည့် ကိစ္စကို တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရာ မဉပဒ်မိဘဲ ရှိကြလေသည်။ တစ်ဖန် စက်လှေ့ပေါ်တွင် ရဟတ်ယာဉ် တင်ထားမည့် ကိစ္စကိုပါ ဝင်းတားက ကြိုတင်၍ လမ်းခင်းလိုက်ပြန်သည်။

"ကျွန်တော်တို့ ဒီက 'ဂါလာပါဂိုစ်'ကို မသွားမီ ဆီကော့စကီး ရဟတ်ယာဉ်တစ်စင်း ရောက်လာလိမ့်ဦးမယ်၊ ဒါကတော့ ပင်လယ်ထဲမှာ ရဟတ်ယာဉ်နဲ့ သွားမှ ရောက်နိုင်မယ့် တချို့နေရာတွေကို သွားပြီး လေ့လာဖို့ပါ"

ကနေဒါဆိပ်ကမ်း အရာရှိများက ဂျော့ဘင်ဟာမ် ဆိုသူ ဗြိတိသျှလူမျိုး အဏ္ဏဝါသုတေသနပညာရှင်သည် နှစ်လိုခင်မင်ဖွယ်ကောင်းသူ တစ်ဦး ဖြစ်ကြောင်း နားလည်လက်ခံသွားကြသည်။ ပြီးတော့လည်း စက်လှေ ပီချား ဤဆိပ်ကမ်းတွင် အကြာကြီး ရှိနေခြင်းမှာ ရဟတ်ယာဉ်ကို စောင့်နေခြင်းသာ ဖြစ်ကြောင်း သဘောပေါက်သွားကြသည်။

ဆန်ဖရန့်စစ္စကိုတွင် ဝင်းတား ရှိနေစဉ် ဆီကော့စကီး ရဟတ်ယာဉ် တစ်စင်း ဝယ်ဖို့ ကိစ္စကို ဝေါလ်ဂရင်နှင့် စီစဉ်ခဲ့ပြီး ဖြစ်သည်။ ပြီးတော့ ထို ရဟတ်ယာဉ်ကို ဝေါလ်ဂရင်၏ မိတ်ဆွေ ရဟတ်ယာဉ်မောင်း တစ်ဦးက ကနေဒါသို့ မောင်းနှင် ယူလာပေးရန်ကိုပါ စီစဉ်ခဲ့သည်။ ဝေါလ်ဂရင်သည် ဘီချ်ကရပ်ဖ် လေယာဉ်ကို မောင်းနှင်တတ်သော်လည်း ရဟတ်ယာဉ်ကိုတော့ မမောင်းတတ်ချေ။ ဝေါလ်ဂရင် ရောက်ရှိလာပြီးနောက် ၂၄ နာရီ ကြာသောအခါ ဝင်းတားသည် အလပ်စကာသို့ ဆက်လက် ထွက်ခွာသွားသည်။

ဝင်းတားသည် အလပ်စကာပြည်နယ်၏ အကြီးဆုံးမြို့ ဖြစ်သော အင်ကားရေ့ချ်တွင် ရက်သတ္တ သုံးပတ် ကြာအောင် နေထိုင်ခဲ့သည်။ အင်ကားရေ့ချ်သည် ထိုပြည်နယ်မှ ပထမဦးဆုံး ရေနံ စတွေ့ရှိရာ 'ကွတ်ရေလက်ကြား' ထိပ်ဝတွင် တည်ရှိသည်။ ကွတ်ရေလက်ကြားမှ တူးဖော်ရရှိသော ရေနံများကို တောင်ဘက် မိုင် ၂၀၀၀ အကွာတွင် ရှိသော ကယ်လီဖိုးနီးယားသို့ ရေနံတင်သင်္ဘောကြီးများနှင့် ခေါက်တုံ့ခေါက်ပြန် သယ်ပို့ပေးရသည်။ ထိုရေနံတင်သင်္ဘောများထဲတွင် ဗြိတိသျှပိုင် ရေနံတင်သင်္ဘောတစ်စင်းလည်း ပါရှိသည်။

ဝင်းတားသည် သူ သွားခဲ့သည့် ခရီးရှည်ကြီး တစ်လျှောက်လုံးတွင် ၅၀ ရာခိုင်နှုန်း ရေနံ ဖြတ်တောက်ခံရမှုက မည်ကဲ့သို့ ဒုက္ခပေးနေကြောင်း သူ မျက်ဝါးထင်ထင် တွေ့ခဲ့ရသည်။ လောင်စာဆီ ရှားပါးမှုကြောင့် အမြဲတမ်းလိုလို လေယာဉ်ပျံများသည် အချိန်ဇယားထက် နောက်ကျပြီး ရောက်လာတတ်သည်။ ကယ်လီဖိုးနီးယားတွင် လမ်းမီးများကို ည ၁၀ နာရီတွင် ငြိမ်းပစ်လေ့ရှိသည်။ မီး မကြာခဏ ပြတ်တောက်သွားသောကြောင့် တစ်မြို့လုံး မှောင်အတိ



ရှုရသည်မှာလည်း မကြာခဏ ဆိုသလိုပင်။ သို့တိုင်အောင် ရေနံ ဖြတ်တောက်မှုအားကို ကြံ့ကြံ့ခံ ကာကွယ်နိုင်မည့် နည်းလမ်းကို ရှာမတွေ့ကြသေး။ ဒီဇင်ဘာ လဆန်းပိုင်းတွင် ဝင်းတားတစ်ယောက် ဥရောပတိုက်သို့ ပြန်ခဲ့သည်။

ပဲရစ်သို့ ရောက်ရောက်ချင်း လီကက်ကို သူ ပထမဦးဆုံး မေးသည့် မေးခွန်းမှာ–

"တို့လုပ်ငန်းနဲ့ ပတ်သက်ပြီး အပြင်လောကမှာ တစ်စွန်းတစ်စ ပြောသံကလေးများ ကြားရသေးသလား"

ဟူ၍ပင် ဖြစ်သည်။

"ခုအထိတော့ ဘာမှ မကြားရသေးဘူး။ ဒါပေမဲ့ နိုင်ငံတိုင်းမှာတော့ ကောလာဟလ သတင်းပလင်းတွေ နားထောင်မယ့် လူတွေ စီစဉ်ထားတယ်"

ဝင်းတား၏ အမေးစကားမှာ အရေးအကြီးဆုံး ကိစ္စပင် ဖြစ်သည်။ လုပ်ငန်းကြီးတစ်ခုကို ယခုလို ကြီးကြီးကျယ်ကျယ် လုပ်ကြသောအခါ ကောလာဟလ သတင်းများ တစ်စွန်းတစ်စ ထွက်ပေါ်လာတတ်သည်မှာ မမှတာပင်။ တစ်နည်း ဆိုရသော် အဆိုပါ ကောလာဟလ သတင်းများကို အပြင်လောကက မကြား မသိကြမီ အချိန်လုပြီး တက်သုတ်နှင်ရန် လိုသည်။ ဝင်းတား၏ သဘောအရ အကယ်၍ အပြင်လောကတွင် ကောလာဟလသတင်းများ ပျံ့လွင့်ထွက်ပေါ်နေကြောင်း သိရသော် သူတို့အဖွဲ့ ပိုသတိထားစရာ လိုလိမ့်မည်ဟု သာ ယူဆသည်။ လီကက်ကမူ တစ်မျိုး သဘောထားသည်။ အကယ်၍ ဤ ကိစ္စကို တစ်ယောက်သော ပုဂ္ဂိုလ်က လိုက်လံမေးမြန်း စုံစမ်းကြောင်း သိရသော် ထိုပုဂ္ဂိုလ်ကို အပြတ်ရှင်းပစ်ဖို့ လိုသည်ဟု ယူဆသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

— ငါး —

## ဆူလီဗန်

လယ်ရီဆူလီဗန်သည် ၃၂ နှစ်အရွယ် ထောက်လှမ်းရေးသမားတစ်ဦး ဖြစ်သည်။ လယ်ရီဆူလီဗန်သည် အလုပ် လုပ်ရာတွင် သူ့နည်းသူ့ဟန်နှင့် လုပ်တတ်သောကြောင့် ရေတပ်မတော် စုံစမ်းထောက်လှမ်းရေးဗိုလ်ဘဝမှ နုတ်ထွက်ခဲ့ရသူ ဖြစ်သည်။

သို့သော် သူ့အတွေ့အကြုံနှင့် သူ့လုပ်ရည်ကိုင်ရည်များကြောင့် သူ့အတွက် အလုပ်မရှားချေ။ လှိုက်ရေကြောင်း အာမခံကုမ္ပဏီကြီးတွင် စုံစမ်းထောက်လှမ်းရေးမှူး အလုပ်ကို လွယ်လွယ်ကူကူ ရရှိခဲ့သည်။

သူသည် အရပ် ၅ ပေ ၉ လက်မ ရှိပြီး ကိုယ်လုံးကိုယ်ပေါက် ကျစ်ကျစ်လျစ်လျစ် ရှိသည်။ မျက်နှာသွယ်ပြီး အမြဲလိုလို ပြုံးနေတတ်သည်။ သူသည် အလွန်မြာစွံသူ ဖြစ်သဖြင့် အိမ်ထောင်ပြုဖို့ အရေးကို တစ်နှစ်ပြီး တစ်နှစ် ရွှေ့ဆိုင်းလာခဲ့သူ ဖြစ်သည်။

သူ့အလုပ်တာဝန်ကလည်း အတော်ထူးဆန်းသည်။ သင်္ဘောတစ်စင်း လျှင် စတာလင်ပေါင် သန်း ၂၀ အထိ အာမခံထားပြီး ပျောက်ကြေး တောင်းခံလာသောအခါ ဟုတ် မဟုတ်၊ မှန် မမှန် လိုက်လံထောက်လှမ်းစုံစမ်းပေးရလေ့ ရှိသည်။ တစ်နည်း ဆိုရသော် သူသည် ဉာဏ်ကို လွှာ၍ အသက်မွေးဝမ်းကျောင်း ပြုသူ တစ်ဦးပင်။



သူ့အလုပ်တွင် ဘယ်သူ့ကိုမှ အမိန့်ပေးရန် မလိုသလို ဘယ်သူ့ထံမှလည်း ခွင့်မိန့် တောင်းခံဖို့ မလို။ ပြီးတော့ ဘယ်လိုဘယ်ပုံ လုပ်ရမည်၊ ကိုင်ရမည် ဟူ၍လည်း၊ သူ့ကို ချုပ်ချယ်ကန့်သတ်ထားခြင်း မရှိချေ။ သို့သော် သူ လုပ်သလို လုပ်ရမည်ဟူ၍လည်း အခြားသူများကို တိုက်တွန်းလေ့ မရှိပါ။

သူသည် အဆက်အသွယ် ခပ်များများနှင့် အပေါင်းအသင်း မိတ်ဆွေ ကျယ်ကျယ်ပြန့်ပြန့် ထားပြီး ထိုအဆက်အသွယ်များထံမှ အကူအညီ ရယူ၍ လုပ်တတ်ကိုင်တတ်သူ ဖြစ်သည်။ သူ့အဆက်အသွယ်များမှာ ရေကြောင်းကုမ္ပဏီ အသိုင်းအဝိုင်းထက်ပင် ကျယ်ပြန့်သည်။ သူ့အလုပ်သဘောအရ နိုင်ငံတကာမှ ရဲအဖွဲ့ဝင်များနှင့် သိဖို့ လိုသည်။ တရင်းတနှီး ရှိဖို့ လိုသည်။ ထို့ကြောင့် နိုင်ငံတကာ ရဲအဖွဲ့ အစည်းအဝေးများကို သူ အမြဲတစေ သွားတက်လေ့ ရှိသည်။ သူသည် ထိုအစည်းအဝေးကြီးများတွင် စကားများများ ပြောရုံသာမက သူများ ပြောသည်ကို နားထောင်သူလည်း ဖြစ်သည်။ ပြီးတော့လည်း သူသည် ဒီကမ္ဘာမြေကြီးပေါ်တွင် အလွန်ခေါင်းမာသူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ယခု သူ့ကို လှိုက်ရေကြောင်း အာမခံကုမ္ပဏီကြီးက ဟာပါရေနံတင်သင်္ဘောကုမ္ပဏီသို့ ခေတ္တ ငှားရမ်းထားသည်။ ဟာပါ ရေနံတင်သင်္ဘောကုမ္ပဏီနှင့် ပတ်သက်သော ကောလာဟလ သတင်းကို ဇန်နဝါရီလတွင် ကြားရသဖြင့် သူ လိုက်စုံစမ်းသည်။

သူ့မှတ်တမ်းအရ ဇန်နဝါရီလ ၅ ရက် တနင်္ဂနွေနေ့ ညနေပိုင်းတွင် ပြင်သစ်နိုင်ငံ၊ ဘော်ဒိုမြို့ ဆိပ်ကမ်းတစ်ဝိုက်ရှိ အရက်ဆိုင်များ၌ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် စနည်းနာခဲ့သည်။ သူ့အဝတ်အစားကလည်း သပ်သပ်ရပ်ရပ် ခံ့ခံ့ညားညား သိပ်မရှိလှ။ ဟောင်းနွမ်းလှသော ဆွယ်တာ၊ ပေရေနေသော ဘောင်းဘီရှည်နှင့် ခပ်နွမ်းနွမ်း ကုတ်အင်္ကျီရှည်ကြီး တစ်ထည်ကို အပေါ်က ဆင်ဝတ်ထားသည်။

'ဘလူး'ကဖီးသည် သင်္ဘောဆိပ်တိုင်းတွင် တွေ့ရတတ်သော အရက်ဆိုင် တစ်ဆိုင်ပင် ဖြစ်သည်။ သူက အရက်ရောင်းသူ ဟင်နရီကို သွေးတိုးစမ်းကြည့်သည်။

"ကော့ညက် ပေးကွာ၊ ပြီးတော့ သတင်းပလင်းလေး နည်းနည်းပါးပါး အတွက် အသပြာ နည်းနည်းလောက် စွန့်ကြဲချင်တယ်"

ဟင်နရီက အရက်ဖန်ခွက်ကို သူ့ဆီ တွန်းပို့ရင်း–

www.burmeseclassic.com

www.burmeseclassic.com



"မွန်ဆီယာဆူလီဗန်ကို မတွေ့ရတာ တော်တော်လေး ကြာသွားပြီနော်"

"ငါ အခု ဟာပါ ရေနံတွင်းသင်္ဘောကုမ္ပဏီနဲ့ အလုပ် လုပ်နေတယ်၊ အခု အဲဒီ ဟာပါ ကုမ္ပဏီပိုင် သင်္ဘောတစ်စင်းကို အနှောင့်အယှက် နည်းနည်းပါးပါး ရှိမလိုလို ကောလာဟလတွေ ကြားနေရလို့"

ဟင်နရီက ရှေ့သို့ ငုံ့ပြီး ဆူလီဗန် တံတောင်ဆစ် ဘေးနားတစ်ဝိုက်ကို အဝတ်စုတ်နှင့် သုတ်ရင်း–

"အဲဒီသတင်းတော့ ကျွန်တော်လည်း မကြားမိဘူး၊ ဒါပေမဲ့ ဟိုဘက်က ဦးထုပ်နဲ့ လူ ဂျော့ချ်ကို မေးကြည့်ပါလား"

"မင်းပဲ မေးပေးပါကွာ"

ဟင်နရီသည် ပခုံးကို တွန့်ပြလိုက်ပြီးနောက် ထိုလူ ရှိရာသို့ သွားပြီး စကား တစ်ခွန်း နှစ်ခွန်း ပြော၍ ပြန်လာသည်။

"ဂျော့ချ်က သူလည်း အဲဒီသတင်းကို မကြားမိဘူးတဲ့"

"ဒါဖြင့်ရင် သူက ဘာပြုလို့ ဆိုင်ထဲက ကမန်းကတန်း ပြန်ထွက်သွားရတာလဲ"

"မသိဘူးလေ၊ သူ့သင်္ဘော ထွက်ခါနီးလို့လား၊ ဒါမှမဟုတ် သူ့အမျိုးသမီးက သူ့ကို စောင့်နေလို့လား၊ ကျုပ် ဘယ်သိနိုင်ပါ့မလဲ"

ဟင်နရီသည် ဆူလီဗန် အရက်ဆိုင်ထဲတွင် မရှိတော့သည့် အချိန်အထိ စောင့်နေပြီးမှ တယ်လီဖုန်း စကားပြောခွက်ကို မ,လိုက်သည်။

ဆူလီဗန်သည် ဟင်နရီတစ်ယောက် တယ်လီဖုန်း ဆက်နေသည်ကို အနည်းငယ် ဟထားသော အိမ်သာတံခါးနောက်မှ ချောင်းကြည့်နေသည်။ ထို့နောက် အရက်ဆိုင်၏ နောက်ဖေးပေါက်မှ ထွက်သွားသည်။ ဟင်နရီသည် ရိုးရိုးသားသား ဖုန်းဆက်တာလည်း ဖြစ်နိုင်သည်။ သို့သော် မလိုလည်း လိုလည်း ဆိုင်တန်းများ ရှိရာ လမ်းဘေးကိုသာ ကပ်ပြီး လမ်းလျှောက်လာသည်။ နှင်းကျနေသော ဒီလို ညနေပိုင်းမျိုးတွင် နောက်ကျောနှင့် မားမြောင် မိတ်ဆွေဖွဲ့ဖို့ အလွန်နီးစပ်သည်။ ပြီးတော့ ၁၀ ပေခန့် မြင့်သော ချောက်ကမ်းပါးမှတစ်ဆင့် ဆီးနှင်းများ ဝေနေသော ရေထဲသို့ တွန်းချခံရရန် အလွန်လွယ်ကူ၍ ဖြစ်သည်။ ထိုညက သူ နောက်ထပ် အရက်ဆိုင် ၉ ဆိုင်အထိ ထပ်သွားပြီး မေးမြန်းစုံစမ်းခဲ့သေးသည်။



ဤနည်းဖြင့် ဆူလီဗန်သည် အက်တလန်တစ် အနောက်ဘက်ကမ်းခြေရှိ မြို့တစ်မြို့ပြီး တစ်မြို့ တစ်မြို့ဝင် တစ်မြို့ထွက် တောင်ဘက်အရပ်မှ မြောက်ဘက်ဆီသို့ လျှောက်စုံစမ်းသည်။ သူက အရက်ဆိုင်များ၊ အမျိုးသမီးများနှင့် အပျော်ချစ် ချစ်နိုင်သော နေရာများတွင် တစ်ညပြီး တစ်ည၊ တစ်ဆိုင်ပြီး တစ်ဆိုင် လိုက်လံစုံစမ်းသည်။ သို့သော် မသိဘူး ဆိုသည့် အဖြေကိုသာ ထပ်တလဲလဲ ရနေသည်။ တချို့ နေရာများတွင်မူ သတင်းအစအန ရနိုင်မည့် လူများနှင့် တွေ့ရတတ်သည်။ သူတို့က နောက်တစ်နေ့ တခြား တစ်နေရာတွင် ထပ်ဆုံရန် ပြန်ချိန်းသည်။ ဒါကလည်း ဆန်းလှသည်တော့ မဟုတ်။ သူတို့ ပြောသည့် စကားကို ဘေးလူ ကြားသွားမှာ စိုးရိမ်သောကြောင့် ဖြစ်သည်။ သို့သော် သူနှင့် ချိန်းသွားသူ တစ်ဦးတစ်ယောက်မျှ ချိန်းထားသည့် နေရာသို့ ရောက်မလာကြချေ။

❑

(ပြင်သစ်မှ) ဘော်ဒို... လာရိုရှဲလ်... ဘရက်(စ်)... လီဟာ(ဗ်)...

(ဘဲလ်ဂျီယံမှ) အော့စတင်း... အန့်ဝပ်(ပ်)...

ဆူလီဗန် သွားနေသည့် ခရီးစဉ်ကို ကျောင်းသုံးစာအုပ် တစ်အုပ်ထဲက ဖြဲယူထားသော မြေပုံပေါ်တွင် ရေးမှတ်ထားပြီး ထိုစာရွက်ကို ပဲရစ်ရှိ အခန်းတစ်ခန်း၏ နံရံပေါ်တွင် ကပ်ထားသည်။

အင်ဒရီဒူးပွန့်က တစ်နေရာသို့ တယ်လီဖုန်းဆက်သည်။

"အင်္ဂလိပ်လူမျိုး ဆူလီဗန် ဆိုတဲ့လူ ဟာပါ ရေနံတင် သင်္ဘောတွေ အကြောင်း လိုက်စုံစမ်းနေတယ်"

လီကာက်က တယ်လီဖုန်းကို ကောက်ကိုင်သည်။

"နောက်တစ်ခါကျရင် ကုမ္ပဏီနာမည်ကို ထည့်မပြောနဲ့ မင်း လည်ပင်းမှာ ဓားဒဏ်ရာကလေးနဲ့ မသေချင်သေးဘူး မဟုတ်လား၊ မင်း သူ့ကို နောက်ယောင်ခံ လိုက်နိုင်းစမ်း"

လာရိုရှဲလ်... ဘရက်(စ်)... လီဟာ(ဗ်)...

ထိုမြို့များကို မြေပုံပေါ်တွင် ဝိုင်းပြထားပြီး ဆူလီဗန် ရောက်လာသည့် နေ့စွဲများကိုပါ ရေးမှတ်ထားသည်။

လီကာက်က မှတ်ချက်ချသည်။

www.burmeseclassic.com



"ဒီဝတီ ဘဲလ်ဂျီယံကျရင် အိမ်ပြန်သွားတော့မှာပါ၊ သူ ဘာမှ စုံစမ်းလို့ မရနိုင်တော့ ကူးတို့သင်္ဘောနဲ့ အိမ်ပြန်ရုံပဲ ရှိတော့တာပေါ့"

"ဆူလီဗန် ဆိုတဲ့ ငတိက ဘယ်သူလဲ"

"လန်ဒန် လွိုက်ကုမ္ပဏီရဲ့ အေးဂျင့်တစ်ယောက်ပေါ့၊ သူ ကောလာဟလလေး တစ်ခုကို တစ်စွန်းတစ်စ ကြားလိုက်ရတာပါ၊ ဒါ့ထက် မပိုပါဘူး၊ ဝင်းတားကတော့ ဒီလိုဒီပုံ ဖြစ်လာရမှာပဲလို့ မှတ်ချက်ချတယ်၊ ဒါပေမဲ့ ပါးစပ်ပေါက်တွေပိတ်ဖို့ ငွေ ဒီလောက် အကုန်ခံထားတာ ဘာလုပ်ဖို့လဲ၊ ကျုပ်ကတော့ မား တစ်ချောင်းနဲ့ သက်သက်သာသာ နှုတ်ပိတ်လိုက်ချင်တာ၊ ဒါပေမဲ့ ခင်ဗျားလည်း ဝင်းတားအကြောင်း သိတယ် မဟုတ်လား"

အော့စတင်း‥ အန့်ဝပ်(ပ်)‥

အင်ဒရီဒူးပွန့်က ပြောသည်။

"ဒီလူ အိမ်ပြန်ဦးမှာ မဟုတ်ဘူး၊ သူ့မေးခွန်းအတွက် သတင်းအစအနကလေးလောက်တောင် မရဘဲနဲ့ တော်တော့ကို ခေါင်းမာတဲ့လူ၊ တကယ်လို့ ဒီလူ ဟမ်းဘတ်အထိ ဆက်သွားရင် ဘာဆက်လုပ်ကြမလဲ"

ဆူလီဗန်သည် ဇန်နဝါရီလ ၉ ရက်နေ့တွင် ဘဲလ်ဂျီယံရှိ အော့စတင်းမြို့သို့ ရောက်လာသည်။ မစ္စတာအာနိုးရော့စ်သည်လည်း ဇန်နဝါရီလ ၉ ရက်နေ့တွင် ဟမ်းဘတ်သို့ ရောက်ရှိလာသည်။

မစ္စတာ အာနိုးရော့စ်သည် ဘာမူဒါတွင် မှတ်ပုံတင်ထားသော ရော့စ်ရေနံတင် သင်္ဘောကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာ ဖြစ်သည်။ ခပ်ပိန်ပိန် အရပ် ၆ ပေကျော်၊ ဦးထုပ်လုံးကလေးကို ဆောင်းထားပြီး ခေါက်ရိုးမကျိုးသော အဝတ်အစားများနှင့် အင်မတန် ကြည့်ကောင်းသူ တစ်ဦး ဖြစ်သည်။ အပေါ်ဝတ်ကုတ်အင်္ကျီရှည်ကြီးကို မ,ချွတ်လိုက်စဉ် ပေါင် ၃၀၀ ကျော်ကျော် တန်ပုံရသော ရွှေလက်ကြယ်သီးများက မသိမသာ ပြူထွက်လာသည်။ အမှန်ကို ဝန်ခံရလျှင် ဟမ်းဘတ်ရှိ 'ဝီလ်ဟင်တော့စ်' သင်္ဘော ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ရေး ညွှန်ကြားရေးမှူး 'မစ္စတာ ပေါလ်ဟင်နာမင်' သည် အာနိုးရော့စ်ကို တွေ့တွေ့ချင်း အထင်ကြီးသွားသည်။

"တန် ငါးသောင်း ရှိတဲ့ ရေနံတင်သင်္ဘောတစ်စင်းကို ကျွန်တော်တို့ ကုမ္ပဏီက ဆောက်ပေးချင်ပါတယ်ဗျ၊ စိတ်ချပါ"



သူက မစ္စတာရော့စ်ကို ရဲရဲကြီး အာမခံလိုက်သည်။

ရော့စ်ကလည်း ပြတင်းပေါက်မှ နေ၍ မြင်နေရသော သင်္ဘောကျင်းကို လှမ်းကြည့်ရင်း ဖြေလိုက်သည်။

"ဘယ်လောက် ကုန်မလဲ၊ ဘယ်တော့လောက် ပြီးမလဲ စတဲ့ အရေးကြီးတဲ့ အချက်တွေကို သိချင်တယ်၊ ဒါပေမဲ့ ဒီကိစ္စဟာ အခုအချိန်မှာတော့ အပ်မရေရာလှသေးဘူး။ ဒါကြောင့်မို့ လျှို့ဝှက်ထားစေချင်တယ်"

"ဖြစ်ပါတယ် မစ္စတာရော့စ်၊ ကျွန်တော်တို့က သိပ်နှုတ်လုံပါတယ်၊ ခင်ဗျားက ဘယ်လို သင်္ဘောမျိုး လိုချင်တယ် ဆိုတာကို နည်းနည်းပါးပါးလောက် ပြောပြနိုင်မလား"

"ခင်ဗျားတို့ ဟာပါ ရေနံတင် သင်္ဘောကုမ္ပဏီအတွက် ဆောက်လုပ်ပေးခဲ့တဲ့ ချိဖ်တိန်လို သင်္ဘောမျိုး‥"

ဝီလ်ဟင်တော့စ် သင်္ဘောကုမ္ပဏီတွင် ရှိနေသူ အားလုံးက အာနိုးရော့စ်ကို အထင်ကြီးကြသည်။ အင်္ဂလိပ်လူမျိုး စစ်စစ်တို့၏ ပုံစံအတိုင်း စကားပြောရာတွင် လေသံပြတ်သည်။ ပြီးတော့ သူ့နှုတ်ခမ်းမွေးကို အမှတ်မထင် ချွဲတွဲနေတတ်သည်။ ပြီးတော့ သူ လိုချင်သည့် သင်္ဘောပုံစံကလည်း ချိဖ်တိန်နှင့် အပ်ကို ဆင်သည်။ ထိုရေနံတင် သင်္ဘော၏ ပန်းကပ်ပုံစံများကို ပုံဆွဲ စားပွဲပေါ် တင်ပြသည်။ ရော့စ်ကလည်း ထိုပုံစံများကို အချိန်ယူ လေ့လာသည်သာမက ချိဖ်တိန်၏ ပုံစံနှင့် တည်ဆောက်ပုံ အနေအထားတို့ကို မေးခွန်းပေါင်းများစွာ မေးတတ်သည်။

မနက် ၇ နာရီမှ ည ၉ နာရီအထိ အလုပ်လုပ်လေ့ရှိသူ ဟင်နာမင်သည်လည်း ယခုကိစ္စတွင် ရော့စ်က အဘယ်ကြောင့် သိုသိုသိပ်သိပ် လုပ်ချင်နေသည်ကို နားလည်သည်။ ရော့စ်က သူ့ကို သွယ်သွယ်ဝိုက်ဝိုက်နှင့် ရှင်းပြထားပြီး ဖြစ်သည်။

"ကျွန်တော်တို့က ၁၀ နှစ်လုံးလုံး သင်္ဘောတွေကို ဂျပန်မှာပဲ ဆောက်ခဲ့တယ်၊ ကျွန်တော်တို့ရဲ့ ချယ်ယာမင်ကတော့ အဲဒီမူအတိုင်း ဆက်လုပ်ချင်တယ်၊ ဒါကြောင့် ကျွန်တော့်စိတ်ထဲမှာ ရှိတာ ထုတ်မပြောခင် အစီအစဉ်အားလုံး ကြိုလုပ်ထားချင်တယ်"

နေ့လယ်စာ စားချိန်တွင် အာနိုးရော့စ်က သူ့ဘဝ တစ်စိတ်တစ်ဒေသ အကြောင်း နည်းနည်းပါးပါး ပြောပြသည်။ သူ့အိမ်က ယော့ရှိုင်းယားတွင်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ စနေ၊ တနင်္ဂနွေနေ့များတွင် ဘဲလ်ဂရားဗီးယားရှိ အိမ်တွင် သွားအပန်းဖြေလေ့ ရှိသည်။ ပြီးတော့ သူက အမဲလိုက်ဖို့လည်း ဝါသနာပါသည်။

ညနေပိုင်းတွင် ရော့စ် ရေနံတင် သင်္ဘောကုမ္ပဏီ ဌာနချုပ် တည်ရှိရာ လန်ဒန်မှ တယ်လီဖုန်း ခေါ်သည်။ ဤကိစ္စကိုလည်း သိုသိုသိပ်သိပ် ဆောင်ရွက်ထားပုံ ပေါ်သည်။ တယ်လီဖုန်းဆက်သည့် အမျိုးသမီးက မစ်(စ်)ရှပ်ဟု နာမည်တစ်လုံးတည်းကိုသာ ပြော၍ ဆက်သွယ်လာခြင်း ဖြစ်သည်။ ဟင်နာမင်က ချိန်တိန်၏ ပုံစံများကို အသေးစိတ် လေ့လာနေသူ ရော့စ်အား တယ်လီဖုန်းစကားပြောခွက်ကို လှမ်းပေးလိုက်သည်။ ရော့စ်က နားထောင်ပြီး 'ဟုတ်တယ်' 'မဟုတ်ဘူး' စသည့် စကားလုံးပေါင်း မြောက်မြားစွာကို ပြန်ပြောသည်။ ထို့နောက် စကားပြောခွက်ကို ပြန်ပေးရင်း–

"အေးဗျာ၊ ကျုပ် ခရီးထွက်တာနဲ့ နောက်မှာ ပြဿနာပေါ်တော့တာပဲ"

ဟု မှတ်ချက်ချသည်။

ညနေ ၆ နာရီတွင် မစ္စတာရော့စ်သည် သင်္ဘောကုမ္ပဏီမှ ဟမ်းဘတ်ရှိ ဈေးအကြီးဆုံး ဟိုတယ်အက်တလန်တစ် သို့ ပြန်သွားသည်။ ဆောက်လုပ်ရေး ညွှန်ကြားရေးမှူးက ဟမ်းဘတ်တွင် တစ်ည လျှောက်လည်ရန် အကြံပြုရာ သူက–

"ကျုပ် ကပွဲတွေ ဘာတွေ သွားတာ သိပ်ဝါသနာမပါဘူး၊ ပြီးတော့လည်း ဒီကိစ္စကို တစ်ယောက်တည်း အေးအေးဆေးဆေး ပြန်စဉ်းစားချင်သေးတယ်"

ဟု ဖြေသည်။

လက်ဆွဲ နှုတ်ဆက်ကြစဉ် ရော့စ်က ထပ်ပြောပြန်သည်။

"ဘယ်လောက် ကုန်မယ် ဆိုတာကိုတော့ မတွက်ချိုးနော်၊ ကျုပ်တက်က သေချာသလောက် ရှိမှ ပြန်အကြောင်းကြားမယ်၊ အဲဒီအခါကျရင်တော့ ခပ်မြန်မြန် တွက်ပေးရလိမ့်မယ်နော်"

ဟင်နာမင်က ပြုံးပြုံးကြီး ပြန်ဖြေသည်။

"အချိန် အကန့်အသတ်တော့ ပေးပါဗျာ၊ ကျုပ်တို့လည်း ဒီမှာ ညလုံးပေါက် တွက်ရချက်ရဦးမှာပါ။ အဲ... စကားမစပ် ပြောရဦးမယ်၊ ဟာဒီ ရေနံသင်္ဘောကုမ္ပဏီအတွက် ချိန်တိန်နဲ့ ဆင်တူ ချဲလင်ဂျာ ဆိုတဲ့ အမြှာသင်္ဘော တစ်စင်း ဆောက်ပေးထားသေးတယ်"



'ကောင်းပြီလေ၊ နှစ်လ သုံးလအတွင်း ကျုပ် ခင်ဗျားကို ပြန်ဆက်သွယ်မယ်''

ရော့စ်သည် တစ်ချက်ကလေးမျှပင် ပြန်မကြည့်တော့ဘဲ ကားပေါ်တန်းတက်သွားသည်။

တကယ်တော့ ပေါလ်ဟင်နာမင်သည် လိမ်ရလွယ်သော လူစားမျိုးမဟုတ်။ မစ္စတာရော့စ်က သူ့ကို ပထမဦးဆုံးအကြိမ် လန်ဒန်မှ တယ်လီဖုန်းနှင့် စဆက်သွယ်စဉ်က နည်းနည်းတော့ စိတ်ဝင်စားသွားသည်။ ရော့စ်က သူ့ကို ဘယ်လိုနည်းနှင့်မှ ပြန်မဆက်သွယ်ရန် စပြောခဲ့သောကြောင့် ဖြစ်သည်။ ဒီလိုကိစ္စမျိုးမှာ ဆန်းလှတော့သည် မဟုတ်။ သို့သော် ဟင်နာမင်က အင်မတန်စေ့စပ်သေချာသူ ဖြစ်သည်။ ထို့ကြောင့် သူ့ဆီသို့ ရော့စ် ရောက်မလာမီ သေချာအောင် စစ်ဆေးခဲ့သေးသည်။

သူက လန်ဒန်ရှိ ရော့စ် သင်္ဘောကုမ္ပဏီ ဌာနချုပ်သို့ တယ်လီဖုန်းဆက်ပြီး အာနိုးရော့စ်နှင့် စကားပြောခွင့် တောင်းသည်။ ရော့စ်၏ ကိုယ်ရေးအတွင်းရေးမှူး မစ်(စ်)ရှပ်က မစ္စတာရော့စ် ပြင်ပသို့ ခရီးသွားနေကြောင်း၊ မှာစရာရှိက သူ့ကို ပြောသွားနိုင်ကြောင်း ပြန်ဖြေသည်။ ဟင်နာမင်က ယခုကိစ္စမှာ ကိုယ်ရေးကိုယ်တာ ကိစ္စ ဖြစ်ကြောင်း ပြန်ဖြေပြီး တယ်လီဖုန်းကို ပြန်ချလိုက်သည်၊ မစ္စတာရော့စ် ပြည်ပသို့ ခရီးသွားနေသည် ဆိုတာ ဟုတ်ပေသားပဲ၊ သူ ယခု ဟမ်းဘတ်သို့ ပြန်ရောက်နေပြီ၊ ဟိုတယ်အက်တလန်တစ်မှ ဒီလ်ဟင်တော့စ် သင်္ဘောကုမ္ပဏီသို့ လာနေပြီပဲ။

❑

ဂျူဒီဘရောင်းသည် ဟမ်းဘတ်နှင့် စကားပြောပြီးနောက် တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချလိုက်သည်။ သူ အခု လုပ်ရသည့် အလုပ်မှာ နည်းနည်းတော့ အူကြောင်ကြောင်နိုင်သည်။ သူ ပြောခဲ့ရသည့် စကားလုံးများ ပါသော စာရွက်တွေကို ပြန်ကြည့်မိသည်။ 'မီမိုဆာ' ဆိုသော သင်္ဘောတစ်စင်းနှင့် ပတ်သက်သည့် မေးခွန်းစကားများပင် ဖြစ်သည်။

• သူ့အနေနှင့် ပထမဦးဆုံး ဟမ်းဘတ်သို့ တယ်လီဖုန်းဆက်သွယ်ပြီး မစ္စတာရော့စ်နှင့် ပြောခွင့် တောင်းရမည်။ မစ္စတာရော့စ်နှင့် အဆက်အသွယ်

www.burmeseclassic.com



ရသည့်အခါ ထိုမေးခွန်းများကို တစ်ခွန်းပြီး တစ်ခွန်း မေးရန်ပင် ဖြစ်သည်။ ပြီးတော့ သူ့ကိုယ်သူ မစ်(စ်)ရှပ်ဟု ပြောရမယ်တဲ့။ အဲဒီမစ်(စ်)ရှပ် ဆိုတာက ကော ဘယ်လူလဲ။ သို့သော် အလုပ်လွယ်သလောက် လခက အလွန်ကောင်းသည်။

ရော့စ်သည် သူ့ကို အလုပ်သမား ဆက်သွယ်ရေး အေဂျင်စီတစ်ခုမှ ဆက်သွယ် ငှားရမ်းခဲ့ခြင်း ဖြစ်သည်။ ပြီးတော့ သူ လုပ်ခိုင်းသည့်အတိုင်း လုပ်နိုင်ခဲ့လျှင် ဆုကြေးအဖြစ် ပေါင် ၂၀ ထပ်ပေးဦးမည်ဟု ဆိုသည်။ ရော့စ်က–

"မင်း ဒီကို တစ်ပတ်လုံးလုံး မနက် ၉ နာရီခွဲမှာလာ၊ ညနေ ၄ နာရီခွဲကျရင် ပြန်၊ တယ်လီဖုန်းတွေ ဘာတွေ အပြင်က လာရင် မှတ်ထားပြီး စားပွဲပေါ် တင်ထားခဲ့၊ ငါ့မိန်းမ လာရင် သူက မင်းကို စာနည်းနည်းပါးပါး နှုတ်တိုက်ချပြီး ရေးခိုင်းလိမ့်မယ်"

"ဒါ အကုန်ပဲလား။ တခြား ဘာလုပ်စရာ ရှိသေးသလဲ"

အရပ်ရှည်ရှည်ပိန်ပိန်၊ ခါးကုန်းကုန်းနှင့် မျက်မှန်ထူထူကြီးကို တပ်ထားသော ရော့စ်က ဆုတ်ဆိုင်းဆိုင်း အမူအရာနှင့်–

"ငါ ဟမ်းဘတ်ကို သွားမယ်ဆိုတာ ငါ့မိန်းမ မသိစေနဲ့၊ ဟိုကို အလုပ်ကိစ္စနဲ့ သွားရမယ်ဆိုတာ သူ မသိဘူး"

သူ့ကို ရော့စ် ပြောစဉ်က ကြာသပတေးနေ့ ဖြစ်သည်။ ဂျူဒီတစ်ယောက် နေ့တိုင်း လာသော်လည်း ဘယ်ကမျှ တယ်လီဖုန်း မလာ။ မစ်စ်ရော့စ်လည်း ပေါ်မလာ။

ဟမ်းဘတ်နှင့် တယ်လီဖုန်း ဆက်သွယ်ပြီး နောက်တစ်နေ့ သောကြာနေ့တွင် ရော့စ်က ပြန်ဖုန်းဆက်သည်။

"မင်းကို ငါ ထပ်ပေးမယ်ဆိုတဲ့ ဆုကြေးငွေ၊ ဟိုဆွေတော်စဉ် စာအုပ်ထူကြီးထဲမှာ ညှပ်ထားတယ်"

ဂျူဒီက စကားတစ်ခွန်းမှ ပြန်မပြောနိုင်ခင် တစ်ဖက်က ဖုန်းကို ပြန်ချသွားသည်။ တော်တော်ရိုင်းတဲ့လူပဲ။ ဒါပေမဲ့ သူ ပြောတာ မှန်သည်။ ထိုစာအုပ်ထူကြီး၏ ရှေ့ဘက် အဖုံးအောက်တွင် ပေါင် ၂၀ တန် ငွေစက္ကူတစ်ရွက် ညှပ်ထားသည်ကို တွေ့လိုက်ရသည်။



ဂျူဒီအတွက် အလုပ်တစ်လုပ်တော့ ပြီးစီးသွားလေပြီ။

❑

အန့်ဝပ်(ပ်)… ရော့တာဒမ်… ဘရီမင်… ဟမ်းဘတ်…

"ဒီလူ ဟမ်းဘတ်ကို ရောက်သွားပြီ၊ သူ အခု ဟိုတယ်ဘာလင်မှာ တည်းနေတယ်၊ သူ့လိပ်စာနဲ့ တယ်လီဖုန်းနံပါတ်ကို ရထားပြီးပြီ၊ ဒီလူဟာ ဗိန်နိုင်ငံ နယ်စပ်က စပြီး ဘော်လ်တစ်ပင်လယ်အထိ အနောက်ဥရောပတိုက် တစ်ဝက်လောက်ကို တောက်လျှောက် လိုက်တဲ့လူပဲ"

အင်ဒရီဒူးပွန့်က ပဲရစ်မှ အိမ်ခန်းတစ်ခန်းထဲ၌ တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချရင်း ပြောလိုက်ခြင်း ဖြစ်သည်။ လီကက်က ပြန်ဖြေသည်။

"ဒါ မင်း အပိုတွေ ပြောနေတာပဲ၊ မြေပုံကို ကြည့်ရင် အရှင်းကြီးပါ၊ အဲ… ဒီတော့ ငါ ကြိုလွှတ်ထားတဲ့လူ 'ဂက်စတွန်'ဆီကို တယ်လီဖုန်း ထပ်ဆက်၊ ဆူလီဗန်ကို သတ်မှ ဖြစ်တော့မယ်"

"ဒါဆိုရင် ဝင်းတားက ကြိုက်မယ် မထင်ဘူး"

လီကက်က သူ့ကို ခပ်တည်တည် ပြန်စိုက်ကြည့်နေသဖြင့် ဒူးပွန့်တစ်ယောက် စကား တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားသည်။ သူ ပါးစပ်ဖွာမိသည့်အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။ ပြီးတော့လည်း သူ လီကက်ကို ကြောက်သလိုလို ဖြစ်လာသည်။ လီကက်က ထပ်ပြောသည်။

"ဆူလီဗန်ကို သတ်မှ ဖြစ်မယ်၊ ပြီးတော့ တခြားကိစ္စတွေလို ဒီကိစ္စကိုလည်း ဝင်းတား မသိစေရဘူး။ ပြီးတော့ သတ်တာကိုလည်း မတော်တဆ သေသွားတဲ့ ပုံစံမျိုး ဖြစ်အောင် လုပ်၊ ဒီလူက အရက်ဆိုင်တွေဆီ သွားလေ့သွားထ ရှိတယ် မဟုတ်လား၊ ဒီတော့ အရက်ဆိုင်ထဲမှာ စကားများပြီး ရန်ဖြစ်တဲ့ပုံစံမျိုး ဖြစ်အောင် စီစဉ်စမ်း"

ထိုနေ့မှာ ဇန်နဝါရီလ ၁၁ ရက်၊ စနေနေ့ ညနေပိုင်း ဖြစ်သည်။ ဆူလီဗန်သည် ဟိုတယ်ဘာလင်တွင် ရေမိုးချိုးပြီးနောက် အောက်ထပ်သို့ ဆင်းပြီး ညစာ စားသည်။ ညစာ စားပြီးနောက် သူ လိုက်စုံစမ်းနေသော ကိစ္စကို ဆက်စုံစမ်းဖို့ ဆုံးဖြတ်လိုက်သည်။ သို့သော် ခုအချိန်အထိ အသတင်းမှ မရသေး။ ထို့ကြောင့် ယခုလို လိုက်စုံစမ်းနေတာ ဟုတ်မှ ဟုတ်ရဲ့လားဟု

www.burmeseclassic.com



ဇဝေဇဝါ ဖြစ်မိပြန်သည်။ သို့သော် တစ်နေရာကျရင်တော့ သတင်းတစ်ခုခု ရမည်ဆိုတာ သူ သိသည်။

ပြီးတော့ သူ ယခုလို နေရာအနှံ့ လျှောက်သွားပြီး သတင်းဝယ်ရန် ကြိုးစားခဲ့သော်လည်း တစ်ယောက်တလေကမှ သူ့ကို သတင်း ညာရောင်းဖို့ မကြိုးစားသေးချေ။

ကော်ဖီ သောက်ပြီးနောက် လွန်ခဲ့သည့် တစ်ပတ်လုံးလုံး သူ လုပ်ခဲ့သည့် ကိစ္စကို ပြန်တွေးကြည့်သည်။ သူ့ကို ဘယ်သူကမှ ညာဖို့ မကြိုးစားသလို သူ ပေးသည့် ငွေကို ယူချင်သူလည်း တစ်ယောက်မှ မရှိသေး။ ပို၍ ထူးခြားသည်မှာ သူ ငွေ ဘယ်လောက်ပေးမှာလဲ ဆိုတာကိုပင် မေးသူစမ်းသူ မရှိသေးချေ။ ဆူလီဗန်သည် သဘော်သားများအကြောင်း ကောင်းကောင်းကြီး နားလည်သူ ဖြစ်သည်။ ဘာ့ကြောင့် အခုလို ဖြစ်နေရတာကိုလည်း သူ သိသည်။ သူတို့ ကြောက်လန့်နေကြ၍ ဖြစ်သည်။

❑

သူသည် ဟိုတယ်ဘာလင်မှ 'ရီပါဗန်း' သို့ လာခဲ့သည်။ ရီပါဗန်းအရပ်တွင် လမ်းတစ်ဖက်တစ်ချက်၌ (အပျော်ကြူးလိုသူများအတွက်) ညကပွဲရုံများ တန်းစီပြီး ရှိနေကြသည်။ ကပွဲရုံများ၏ အပြင်ဘက် မှန်ခန်းများထဲတွင်လည်း ရမ္မက်ကြွစဖွယ် မိန်းမပျိုကလေးများ၏ ဓာတ်ပုံကြီးများကို ချိတ်ဆွဲပြသထားသည်။ ဆူလီဗန်သည် 'နယူးရော့ကာ' အရက်ဆိုင်ထဲသို့ ဝင်လိုက်သည်။

အရက်ရောင်းသူ မှက်ဒွေ့က ဟာပါ သင်္ဘောကမ္ဗဏီကို ကြားပင် မကြားဖူးဘူးဟု ဆိုသည်။

''ကျွန်တော်တော့ ခုတလော ဘာသတင်းမှ မကြားမိဘူး၊ မစ္စတာဆူလီဗန်၊ လူတွေကလည်း အရင်ကလို စကား သိပ်မဖွာကြတော့ဘူး''

''ဒေါ်လာ ငါးရာ ပေးမယ် ဆိုတာတောင် မပြောကြတော့ဘူးတဲ့လား''

''ကျွန်တော့်ကို တော်တော်မိုက်တဲ့ အကောင်လို့ ခင်ဗျား ထင်လို့လားဗျာ''

ဆူလီဗန် ဘေးရှိ ခွေးခြေပေါ်တွင် ထိုင်နေသူ ခပ်တုတ်တုတ်နိုင်နိုင် သင်္ဘောသားကြီးက ဂျာမန်ဘာသာဖြင့်–



''ခင်ဗျားလည်း သူ့လို အီးဘောသောပါပဲ၊ အခု ခင်ဗျား ကျုပ်အရက်ဖန်ခွက်ကို တိုက်လှဲပစ်လိုက်ပြီ''

သူက ပြောပြောဆိုဆို တွန်းပစ်လိုက်သဖြင့် ဆူလီဗန်တစ်ယောက် ခွေးခြေပေါ်မှ လွင့်စဉ်ကျတော့မလိုလို ဖြစ်သွားပြီးမှ သူ့ကိုယ်ကို မနည်းကြိုးပြန်ဟန်လိုက်ရသည်။ ဆူလီဗန်က နောက်သို့ တစ်လှမ်းဆုတ်လိုက်ရသဖြင့် အခြားလူများကို ဝင်တိုးမိသေးသည်။ ထိုသင်္ဘောသားက ဆူလီဗန်ကို မျက်နှာချင်းဆိုင်ရင်း–

''မင်း ပါးစပ်ထဲက သွားတွေအားလုံး လည်ချောင်းထဲ ရောက်ကုန်အောင် ငါက မင်းကို မတွယ်ခင် မင်းက ငါ့ကို အရက်အစား ထပ်ဝယ်တိုက်စမ်း''

အရပ်ပုပု၊ ဂင်တိုတို၊ လည်ပင်းအစ်အစ်နှင့် ထိုပုဂ္ဂိုလ်သည် ဟိုယိုင်ဒီယိုင်၊ ဟိုယိုင် ဒီထိုးနှင့် မတ်တတ်ပင် ကောင်းကောင်းရပ်နိုင်ပုံ မပေါ်။ သူက ဆူလီဗန်ကို အော်ကြီးဟစ်ကျယ်နှင့် ရန်ထောင်လိုက်ခြင်း ဖြစ်သည်။ ဆူလီဗန့် နောက်ဘက်ရှိ ပွစိပွစိ အသံများသည် ရုတ်တရက် ငြိမ်ကျသွားသည်။ သူက ဘေးဘီကို လှည့်မကြည့်သော်လည်း ရန်ဖြစ်တော့မည်ဟု သိနေသော အိုးလူစုက သူ့ကို ဝိုင်းကြည့်နေကြကြောင်း သူ သိသည်။ ကြည့်ချင်ပွဲလေးတစ်ခု တော့ ဖြစ်လာပေဦးမည်။ တစ်ယောက်ယောက်တော့ အကြီးအကျယ် ထိခိုက်နာရာ ရတော့မည်။

''ဘာလဲ. . . မင်းက ငါ့ကို ချဲချင်လို့လား''

ထိုသင်္ဘောသားက ထပ်မေးပြန်သည်။ ဆူလီဗန်ကလည်း ခပ်မာမာ ပြန်ပြောသည်။

''ဟေ့. . . ပြင်သစ်ကောင်၊ တစ်ဆိတ်ကို တစ်အိတ် လာလုပ်မနေနဲ့''

ထို ပြင်သစ်သင်္ဘောသား၏ လက် လှုပ်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရပြီးနောက် သူ့လက်ထဲ၌ ပြက်ကျယ်ကျယ်၊ ခပ်တိုတို ဓားမြှောင်တစ်ချောင်း ဆောက်နေသည်ကို တွေ့လိုက်ရသည်။ ကျန်လူများက ဘေးသို့ ရှဲခနဲ ရှောင်ပေးကြသည်။ အရက်မူးသမား သင်္ဘောသားသည် သူ့ကိုယ်ကို ပြန်မတ်လိုက်သည်။ ချက်ချင်း အရက် အမူးပြေသွားပုံလည်း ရသည်။ သူက ရှေ့သို့ ခုန်အုပ်လိုက်သည်။

ဓား ထိသွားပြီဟု ထင်လိုက်သူ တချို့က ရုတ်ချရက် ဝိုင်းအော်မိကြသည်။ ဤတစ်ကြိမ်တွင် ဆူလီဗန်က လှစ်ခနဲ လှုပ်ရှားလိုက်သည်။ သူက

www.burmeseclassic.com

www.burmeseclassic.com



သဘော်သား၏ ညာဘက် ဒူးခေါင်းကို ကန်ရင်း တစ်ဘက်သို့ ခုန်ရှောင်လိုက်သည်။ တစ်ချိန်တည်းမှာပင် သဘော်သား၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ဖမ်းယူပြီး ဆွဲလိမ်၍ သစ်သားကောင်တာစောင်းနှင့် တအားကုန် ရိုက်ချိုးပစ်လိုက်ရာ သူ့လက်ထဲက ဓားမြှောင် လွတ်ကျသွားသည်။ သူ့လက်ဆစ်ကလေးများ ကျိုးကုန်ကြသဖြင့် သဘော်သားက အော်ဟစ်ညည်းညူလိုက်သည်။

သာမန်အားဖြင့် ရန်မလိုတတ်သော ဆူလီဗန်တစ်ယောက် ဒေါသအိုးကြီး ပေါက်ကွဲသွားလေပြီ။ ဒဏ်ရာရသွားသော လက်နှင့် ကောင်တာအစွန်းကိုကိုင်ရင်း သတိမရ တစ်ချက်၊ ရ တစ်ချက် ဖြစ်နေသူ သဘော်သား၏ ခြေထောက်ကို ပစ်ကန်ထည့်လိုက်ရာ ကြမ်းပေါ်သို့ ပုံလဲကျသွားပြန်သည်။ ဤတွင် သဘော်သား၏ ခြေကျင်းဝတ် နှစ်ဖက်ကို ကိုင်ရင်း သူ့ကို ဒရွတ်တိုက် ဆွဲယူပြီး မက်ဒေါ်၏ ရုံးခန်းထဲသို့ ဆွဲသွင်းသွားသည်။

အခန်းထဲတွင် ပစ္စည်းပစ္စယ များများစားစား မရှိ။ ဆူလီဗန်က သဘော်သားကို စားပွဲပေါ် ဆွဲတင်လိုက်ပြီး ဆံပင်ကို လက်နှင့် ဆုပ်ကိုင်လိုက်သည်။ ထိုအချိန်တွင် မက်ဒေါ်က အခန်းထဲ ဝင်လာသဖြင့် ငေါက်ပစ်လိုက်သည်။

"ဟေ့... ရဲကို ခေါ်ပေးစမ်း။ ဒါမှမဟုတ်ရင် မင်း အပြင်ကို ပြန်ထွက်"

မက်ဒေါ်တစ်ယောက် ပြန်ထွက်သွားသောအခါ ဆူလီဗန်က သဘော်သား၏ ဆံပင်ကို တအား ဆွဲလိမ်လိုက်သည်။

"မင်းဆီက ငါ သတင်းလိုချင်တယ်၊ အေး... မင်း မပြောဘူးဆိုရင်တော့ ကျန်တဲ့ လက်တစ်ဖက်က လက်ချောင်းလေးတွေကို ရိုက်ချိုးပစ်ရလိမ့်မယ်"

"ကျုပ် ဘာမှ မသိဘူး"

"အေး... အဲဒီလိုဆိုရင် ခြောက်လလောက် မင်း လက်နှစ်ဖက်စလုံး အသုံးမဝင်ဘူး ဖြစ်သွားလိမ့်မယ်"

ပြောပြောဆိုဆို ဆူလီဗန်က ဆံပင်ကို ဆောင့်ဆွဲလိုက်ရာ သဘော်သား၏ ခေါင်းပေါ်မှ ဆံပင်တစ်ဝက်လောက် သူ့လက်ထဲသို့ ပြုတ်ထွက်ပြီး ပါလာသည်။

"ကဲ... ငါ ပြောတာ မင်း ကောင်းကောင်း နားထောင်စမ်း။ ငါ တစ်ပတ်လုံးလုံး ဒီအက်တလန်တစ် သမုဒ္ဒရာကမ်းခြေတစ်လျှောက်မှာ ဟိုလူ



ဒီလူ့မေးနဲ့ ဆက်တိုက် လျှောက်မေးနေတာ၊ မင်း သိတယ် မဟုတ်လား။ ... ဖြေရင် ဖြေ..."

"ကျုပ် ဘာမှ မသိဘူး"

ဆူလီဗန်က ဆံပင်တချို့ နောက်ထပ် ပြုတ်ထွက်လာအောင် ဆောင့်ဆွဲလိုက်ပြန်သဖြင့် သဘော်သားက နာကျင်စွာ အော်ဟစ်လိုက်သည်။ ဆူလီဗန်က ဆံပင်တချို့ကို ထပ်၍ ဆုပ်ကိုင်ထားပြန်သည်။

"ဟာပါကုမ္ပဏီရဲ့ သဘော်တွေ နောက်ကို လိုက်နေတာ ဘယ်သူတွေလဲ၊ နောက်ကွယ်က ကြိုးကိုင်နေတာ ဘယ်သူလဲ၊ လူတွေကို စကားမပြောရဲအောင် ငွေနဲ့ ပိတ်နိုင်တာ အလကား မဟုတ်ဘူး။ အကောင်ကြီးကြီးထဲကပဲ ဖြစ်ရမယ်၊ ဒါ ဘယ်သူ့ငွေတွေလဲ"

"ကျုပ် ကြားသလောက်ကတော့ အာရပ်တွေရဲ့ ငွေတွေလို့ ပြော... ပြောတာပဲ၊ ဒီကိစ္စအတွက် ငွေကို ရေလို သုံးတယ်လို့... ကြားတယ်"

သဘော်သား၏ မျက်နှာမှာ ညစ်ပုပ်ပုပ် ဖြစ်နေပြီး အသက်ကိုပင် ...စား၍ ရှူနေရဟန် တူသည်။ အသံကလည်း အက်ကွဲလာသည်။

"ဘာကိစ္စလဲ၊ ဘယ်ရေနံတင်သဘော်လဲ၊ ပြော"

သဘော်သားသည် သတိလစ်တော့မည့်ဆဲဆဲ ဖြစ်လာသည်။

"ဘုရားစူးရပါစေရဲ့ဗျာ၊ တခြား ဘာမှ မသိပါဘူး။ ဒီကိစ္စမှာ အင်္ဂလိပ်...မျိုး ဝင်းတား ဆိုတဲ့လူက ခေါင်းဆောင်လို့ ဆိုတာပဲ"

"ဝင်းတား ဆိုတာ ဘယ်သူလဲ"

"မသိဘူး၊ တစ်ခါမှ မတွေ့ဖူးဘူး။ အဲဒီနာမည်ကိုသာ ကြားဖူးတာ"

သဘော်သားသည် ကြောက်စိတ် ပြေသွားပုံရသည်။ သူက–

"ကျုပ် တစ်ခုခု သောက်ချင်တယ်"

"ရပါတယ်"

ဆူလီဗန်သည် နံရံကပ် စင်ပေါ်ရှိ တစ်ဝက်ခန့် ရှိသေးသော ဝိုင်...ပုလင်းကို လည်ပင်းမှ ဆုပ်ကိုင်လိုက်ပြီးနောက် ပုလင်းဖင်ကို စားပွဲ...နှင့် ရိုက်ခွဲလိုက်သည်။ ထို့နောက် ပုလင်းဖင်ပြတ်နှင့် သဘော်သား၏ ...နှာဆီသို့ ထိုးတော့မည့်ပုံနှင့် ရွယ်လိုက်ရာ သဘော်သားက သူ့ကို အလန့်...ကြား ပြန်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို အကုန်ပြောမပြသေးဘူး မင်းကို ဒါနဲ့ မထိုးစေချင်ရင် မင်း သိသလောက် အကုန် ဆက်ပြောစမ်း။ မင်း ငါ့ကို သတ်ဖို့တောင် ကြံတဲ့ အကောင်"

"ကျုပ် မူးနေလို့ပါ"

ဆူလီဗန်က ခပ်အေးအေး ပြန်ပြောသည်။

"မင်း ငါ့ကို ဓားနဲ့ ဝင်ထိုးပုံကြည့်ရင် ဘယ်ကလာ မူးနေရမှာလဲ ငါ့ကို သတ်ဖို့ မင်းကို ငှားတဲ့လူ ဘယ်သူလဲ၊ မြှောစမ်း"

ဆူလီဗန်က ပုလင်းဖင်ပြတ်နှင့် ထိုးလိုက်ရာ သဘော်သားက ဒဏ်ရာ မရသေးသော လက်နှင့် ကြောက်လန့်တကြား ကာကွယ်ရင်း–

"ဘုရားစူးရပါစေရဲ့ဗျာ၊ ဒူးပွန့်ဆိုတဲ့ လူက ပဲရစ်က တယ်လီဖုန်း ဆက်ပြီး ခိုင်းတာပါ၊ ကျုပ် သူ ခိုင်းတဲ့ ကိစ္စလေးတွေကို လုပ်ပေးခဲ့ဖူးပါတယ်"

သဘော်သားက ညာလက်ကို မြှောက်ကြည့်ပြီး ညည်းညည်းညူညူ ပြောလိုက်ပြန်သည်။

"ကျုပ်လက်တော့ ကျိုးပါပြီဗျာ"

"အံမယ်.. ငါကတော့ ခုလောက်ရှိ ရေခဲတိုက်ထဲတောင် ရောက်ချင် ရောက်နေမှာ။ ဒီကိစ္စကို ဘယ်သူက ကြိုးကိုင်နေသလဲ"

"ကျုပ် သိသမျှတော့ ပဲရစ်က ညွှန်ကြားနေတာပဲ၊ ဘယ်သူလဲ ဆိုတာတော့ မသိဘူး၊ ပဲရစ်က ဆိုတာလောက်ပဲ သိတယ်"

သူသည် စားပွဲပေါ်သို့ ယိုင်လဲကျသွားပြီး သတိလစ်သွားတော့သည်။

❑

ဇန်နဝါရီလ ၁၂ ရက်' တနင်္ဂနွေနေ့ နံနက်တွင် ဆူလီဗန်သည် နိုင်ငံတကာ ရဲအဖွဲ့မှ ပီရီဗွိုင်ဆင်အိမ်သို့ တယ်လီဖုန်းဆက်သည်။ အသိုပါ ပြင်သစ်အမျိုးသား ပီရီဗွိုင်ဆင်သည် သူ့လခအပြင် သီးခြားအပိုဝင်ငွေလည်း ရှိသူ ဖြစ်သဖြင့် ငွေကြေး ချောင်လည်သောကြောင့် လာဘ်ထိုး၍ မရသူ တစ်ဦး ဖြစ်သည်။ ပဲရစ်ရှိ သူ နေသည့်အိမ်မှာ လီကက်နှင့် ဒူးပွန့်တို့ နေထိုင်သည့် အိမ်နှင့် ခဲတစ်ပစ်ခန့်သာ ဝေးသည်။

ဗွိုင်ဆင်က မေးသည်။



"ဘယ်လိုလဲ သူငယ်ချင်း"

"ကိုယ် ညက အသတ်ခံရတော့မလို့"

ခဏာ ငြိမ်သွားသည်။ ပြီးမှ–

"မင်းက ဟိုလူ့မေး၊ ဒီလူ့မေး သိပ်လုပ်နေတာကိုး"

ဆူလီဗန်က စကားပြောခွက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိသည်။ ဗွိုင်ဆင်သည် တဲ့တိုးပြောလေ့ရှိသူ မဟုတ်။ စောင်းပါးရိပ်ခြည်သာ ပြောတတ်သူ တစ်ဦး ဖြစ်သည်။

"နေပါဦး၊ မင်း စကားက ဘယ်လိုလဲ"

"အဲဒီလို ဟိုလူ့မေး၊ ဒီလူ့မေး လုပ်နေရမှာက မင်းရဲ့ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းပဲ၊ နေပါဦး၊ မင်း ဘာဖြစ်သွားသေးသလဲ"

"ဘာမှ မဖြစ်ဘူး၊ ကောင်းပါတယ်၊ မင်းကို အိမ်အထိ လိုက်နှောင့်ယှက် ရတာကို တောင်းပန်ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စက ငါ့အတွက် သေရေးရှင်ရေး လို သိပ်အရေးကြီးနေတယ်၊ မင်း အင်္ဂလိပ်လူမျိုး ဝင်းတား ဆိုတဲ့လူအကြောင်း ကြားဖူးသလား"

ဒီတစ်ကြိမ်တွင် ဗွိုင်ဆင်က ချက်ချင်း ပြန်ဖြေသည်။

"ဟင့်အင်း.. တစ်ခါမှ မကြားဖူးဘူး၊ ဒါပေမဲ့ ငါ စုံစမ်းပေးမယ်၊ ဒီကနေ့မနက် ငါ ရုံးကို သွားစရာ အလုပ်ကိစ္စကလေးတွေ ရှိတယ်၊ ရုံးကို မှတ်တမ်းထိန်းတွေလည်း လာလိမ့်မယ်၊ အေးကွာ.. ပြင်သစ်တွေ စနေ၊ တနင်္ဂနွေမှာတောင် အလုပ် လုပ်နေရတယ် ဆိုတော့ တကယ့် လူရယ်စရာချည်းပဲ ဒါပေမဲ့ အလုပ်တွေကလည်း များ၊ ဟို အာရပ်မိတ်ဆွေတွေကလည်း ဒုက္ခ ပေးနေပြန်တော့.."

ဆူလီဗန်သည် ဟိုတယ် ဘာလင်၏ တယ်လီဖုန်း နံပါတ်ကို ပြောပြ ပြီးနောက် မျက်မှောင်ကုတ်ရင်း စကားပြောခွက်ကို ပြန်ချလိုက်သည်။ တကယ် ပြောရရင် ဗွိုင်ဆင်က သူ့ကို သွယ်ဝိုက်ပြီး ပြောပြသွားလေသလား။ သူ မသိနိုင်ပြီ။ 'အာရပ် မိတ်ဆွေတွေ ဆိုတာက ဘာလဲ။ ဟိုပြင်သစ်ကြေးစား လူသတ်သမားကလည်း အာရပ်ငွေတွေဟု ပြောသွားသည် မဟုတ်ပါလား။

ပြီးတော့ သူ၏ မိတ်ဟောင်းဆွေဟောင်း တစ်ဦး ဖြစ်သူ ပြင်သစ် တန်ပြန်စုံစမ်းထောက်လှမ်းရေးမှ ဖရန့်ကွိုက်မက်စမာ တစ်ယောက် ဟမ်းဘတ် သို့ နက်ဖြန်ခါ ရောက်ရှိလာမည် ဖြစ်သဖြင့် သူ နည်းနည်းတော့ စိတ်သက်သာ

www.burmeseclassic.com

www.burmeseclassic.com



ရာ ရသွားသည်။ အဲဒါကလည်း တော်တော်တော့ ထူးဆန်းသည်။ သူ ဖွိုင်ဆင်ထံ ဖုန်းမဆက်မီ မက်စမာထံ အရင် ဆက်ခဲ့သေးသည်။ သူက ဝင်းတားအကြောင်း စမေးလိုက်ရုံ ရှိသေး၊ မက်စမာက စကားကို ချက်ချင်း ဖြတ်ပစ်လိုက်ပြီး သူ တနင်္လာနေ့ မနက်တွင် ဟိုတယ်ဘာလင်သို့ ရောက်လာမည်ဖြစ်ကြောင်း ပြန်ဖြေလိုက်၍ ဖြစ်သည်။ ဒါဆိုရင် မက်စမာတစ်ယောက် နည်းနည်းပါးပါး ရိပ်မိထားပြီပဲ သူ ထင်သည်။ သူ နေ့လယ်စာ မစားမီ ဖွိုင်ဆင်က သူ့ဆီ တယ်လီဖုန်း ပြန်ဆက်သည်။

"မင်း ပြောတဲ့ အင်္ဂလိပ်လူမျိုးကို လူဆိုးစာရင်းမှာ မှတ်တမ်းတင်ထားတာ လုံးဝ မရှိဘူး၊ တရားဝင် ဘာမှ မရှိဘူး ဆိုပါတော့"

ဖွိုင်ဆင့် လေသံက အလုပ်သဘောဆန်ဆန် ပြောနေပုံပေါက်သည်။

"တရားမဝင်ကကောကွာ..."

"အဲ... ဒီကိစ္စကို ငါ နိုင်ငံရေးသမား မဟုတ်တဲ့ လူတစ်ယောက်နှစ်ယောက်ကို မေးကြည့်သေးတယ်။ သူတို့ကလည်း တစ်ခါမှ မကြားဖူးဘူးလို့ ဖြေတယ်၊ ဝမ်းနည်းပါတယ်ကွာ..."

"အေးကွာ... အခုလို ပြန်ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"လယ်ရီ... မင်း သတိတော့ထားကွာ၊ မင်းဟာ ဒီပြင်လူတွေက မသိစေချင်တဲ့ ကိစ္စမျိုးတွေကို လျှောက်လျှောက် မေးတတ်လွန်းလို့၊ ကဲ... မင်္ဂလာပါ သူငယ်ချင်း"

❑

ဇန်နဝါရီလ ၁၂ ရက် တနင်္ဂနွေနေ့ ညနေပိုင်းတွင် ဟမ်းဘတ်ရှိ ဟိုတယ်ဘာလင်၌ ဆူလီဗန်က ဖရန့်ကွိုက်မက်စမာကို စောင့်နေစဉ် အင်္ဂလန်နိုင်ငံ၊ အိစ်အင်ဂလီယာရှိ ရှေးဟောင်းအိမ်ကြီးဆီသို့ ဝင်းတား တစ်ယောက် ရောက်ရှိလာသည်။

ထိုအချိန်တွင် ဟမ်းဘတ်မှ မိုင် ၂၀၀၀ ဝေးသော ဆီးရီးယား သဲကန္တာရ၏ အစွန်၌ တာဖတ်သည် လူ ၅ ယောက်နှင့်အတူ ဆွေးနွေးပွဲ ကျင်းပနေသည်။

တာဖတ်က အကျဉ်းချုပ် ရှင်းပြသည်။



"ဒီတစ်ခါ အစ္စရေးနဲ့ စစ်ဖြစ်ရင် အစ္စရေးကို အနောက်နိုင်ငံတွေက ထောက်နောက်တွေ မပို့နိုင်အောင် လုပ်နိုင်မှ ဖြစ်မယ်၊ အဲဒီလို လုပ်နိုင်အောင် ကျုပ်တို့ဘက်က သူတို့နိုင်ငံတွေကို ရမည်ရှာပြီး ရေနံ လုံးဝဖြတ်တောက်ပစ်ဖို့ပဲ၊ အာရပ်နိုင်ငံတွေ အားလုံးက ရေနံ ပိုင်းဖြတ်ချင်လာအောင် အနောက်နိုင်ငံတွေက ကျုပ်တို့ကို ရှေ့လူ့ဝံလို့ နောက်တစ်ခါ ထပ်ကလော်တုပ်ချင်လာအောင် လုပ်ရမယ်၊ ဒါဆိုရင် အာရပ်နိုင်ငံအားလုံးက စိတ်ဆိုးပြီး ရေနံ လုံးဝ ပိုင်းဖြတ်ကြမှာပဲ"

တစ်ယောက်က ဝင်မေးသည်။

"အဲဒီလို ဖြစ်လာအောင် ဘယ်လို လုပ်ရမှာလဲ"

ဤတွင် ရှိတ်ဂမယ်တာဖတ်က သူ စိတ်ကူးထားသော အစီအစဉ်ကို ရှင်းပြလိုက်သည်။

"ပထမဦးဆုံး ဗြိတိသျှပိုင် ရေနံတင်သင်္ဘောကြီးတစ်စင်းကို ပြန်ပေးဆွဲမယ်၊ ပြီးတော့ ဆန်ဖရန်စစ္စကိုမြို့နားကို မောင်းသွားခိုင်းမယ်၊ ပြီးတော့ အဲဒီမြို့ကို ဗုံးအကြီးကြီး တစ်လုံးနဲ့ ဖောက်ခွဲပစ်မယ်၊ အသေးစိတ်ကိုတော့ နောက်ကျမှ ဆွေးနွေးကြတာပေါ့ဗျာ"

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## - ခြောက် -

"ရှိတ်ဂမယ်တာဖတ်တစ်ယောက် လွန်ခဲ့တဲ့ တစ်နှစ်လောက်က ပဲရစ်ကို ရောက်လာတယ်၊ အဲဒီတုန်းက ဆန့်တီထောင်မှာ အကျဉ်းကျနေတဲ့ ရာဇဝတ်ကောင် ဂျင်းဂျူးလ်စ်လီကက်ကို ချက်ချင်း လွှတ်ပေးဖို့ တောင်းဆိုခဲ့တယ်၊ ဒီတော့ ဒီကိစ္စတွေဟာ အဲဒီက စတယ်လို့ ငါ ထင်တယ် လယ်ရီ"

ပြင်သစ်နိုင်ငံ တန်ပြန် စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဖရန့်ကွိုက်မက်စမာက ဆေးလိပ်တစ်လိပ်ကို နောက်ထပ် မီးညှိရန် စကားကို ခေတ္တရပ်လိုက်သည်။ သူတို့နှစ်ဦးသည် လူသူကင်းရှင်းသော ပန်းခြံ၏ အလယ်တွင် လမ်းလျှောက်ရင်း စကားပြောနေကြခြင်း ဖြစ်သည်။

ထိုနေ့ကား ဇန်နဝါရီလ ၁၃ ရက် တနင်္လာနေ့ နံနက်ခင်း ဖြစ်သည်။ ဟမ်းဘာတ်၏ ရာသီဥတုမှာ အလွန်ချမ်းလှသဖြင့် သူတို့နှစ်ဦးစလုံး အပေါ်ဝတ်ကုတ်အင်္ကျီထူထူကြီးများကို ဝတ်ထားကြရသည်။

ဆူလီဗန်က ပြန်ပြောသည်။

"ဒါကတော့ လိုက်လျှောသင့်တာထက် နည်းနည်းလောက် ပိုမသွားပေဘူးလား"

မက်စမာက သရော်ပြုံး ပြုံးလိုက်သည်။



"ဒါပေမဲ့ ရေနံ ပေးနေတာကို နောက်ထပ် ဖြတ်ပစ်ဦးမယ်လို့ ခြိမ်းခြောက်လာတဲ့အခါကျတော့ တို့ အစိုးရကလည်း ဒူးထောက် အလျှော့ပေးလိုက်ရတာပေါ့"

"ထောင်ချထားတဲ့ ရာဇဝတ်ကောင် တစ်ယောက်ကိုတောင် လွှတ်ပစ်လိုက်သတဲ့လား"

"တရားဝင် လွှတ်ပစ်လိုက်တာ မဟုတ်ဘူး၊ တရားဝင် ပြောရရင်တော့ မာဆေးလ်မြို့မှာ မှောင်ခိုကုန်သွယ်မှုနဲ့ ဖမ်းဆီး ထောင်ချခံရတဲ့ လီကက်ဟာ ဆန့်တီထောင်ထဲမှာပဲ ရှိနေသေးတယ်၊ အဲလေ.. သူ့ကို တိုက်ပိတ်ထားတယ်တဲ့၊ သဘောကတော့ လီကက်ကို ဘယ်သူမှ မတွေ့ရတော့ဘူး၊ ဒီပြင်လူတစ်ယောက်ကို လီကက်အစား တိုက်ပိတ်ထားတယ်လို့ ကြားရတာပဲ"

မက်စမာက ပခုံးတွန့်ပြလိုက်သည်။

"ဒီကိစ္စဟာ အင်္ဂလိပ်လူမျိုး ဝင်းတား ဆိုတာနဲ့ ဘယ်လို ပတ်သက်နေလို့တုံး"

"သူက လီကက်နဲ့ တွဲလုပ်တဲ့ လုပ်ဖော်ကိုင်ဖက်လေ"

ဆူလီဗန်က ထပ်မေးသည်။

"အဲဒီ ဝင်းတား ဆိုတဲ့ လူအကြောင်း ထပ်ပြောပါဦး"

"ငါလည်း သူ့အကြောင်း ဘာမှ မသိဘူး။ နာမည်လောက်ပဲ ကြားဖူးတယ်။ သူနဲ့ ပတ်သက်တဲ့ မှတ်တမ်း၊ ဓာတ်ပုံ၊ လက်ဗွေ ဘာတစ်ခုမှ မရှိပါဘူး"

"ဒါဖြင့်ရင် လီကက်အကြောင်း ပြောပြစမ်းပါ၊ ပြီးတော့ ဟာပါရေနံတင်သင်္ဘောကုမ္ပဏီနဲ့ ပတ်သက်တဲ့ ကိစ္စကိုကော ဘာများ ကြားမိသေးသလဲ"

"ဟာပါကုမ္ပဏီ ကိစ္စတော့ ကြားတောင် မကြားဖူးဘူး။ လီကက်နဲ့ ပတ်သက်တဲ့ ကောလာဟလ သတင်းတွေကိုတော့ ကြားနေရတယ်၊ သူက အရင် အိုအေအက်စ်အဖွဲ့က လူဟောင်းတချို့ကို အလုပ်ကိစ္စတစ်ခုအတွက် ပြန်ပြီး စုစည်းနေတယ်တဲ့၊ ဒါပေမဲ့ သူက တကယ့်လူဆိုးတွေကိုမှ ရွေးနေတာ"

"ဘယ်လိုကိစ္စမျိုးလဲ ဆိုတာ စဉ်းစားလို့ ရပြီလား"

"စဉ်းစားလို့ မရဘူး၊ ဘယ်သူမှ ဘာမှ မသိကြဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ လီကက်တစ်ယောက် ဆန်တီထောင်ထဲမှာပဲ ရှိနေတယ်လို့ သတင်း ပြန်ထွက်လာတယ်၊ သူ့ကို မှေ့ထားလိုက်စမ်းပါကွာ၊ အမှန် ပြောရရင် လီကက် ကိစ္စနဲ့ ပတ်သက်ပြီး အားလုံး စိတ်အနှောင့်အယှက် ဖြစ်နေကြတယ်၊ ပြီးတော့ ဒီကိစ္စကြီး မကြာခင် ပြီးသွားပါစေလို့ ဆုတောင်းနေကြတယ်၊ အခု သူတို့ ကြံစည်နေတဲ့ အလုပ်က သိပ်ကြီးကျယ်တယ်၊ ငွေလည်း သိပ်အကုန်ခံ တယ်လို့ ပြောတယ်၊ အာရပ်နိုင်ငံတွေက ထောက်ပံ့တဲ့ ငွေတွေ ဖြစ်ချင် ဖြစ် မှာပေါ့"

ဤတွင် ဆူလီဗန်က သေချာအောင် ထပ်မေးပြန်သည်။

"ဒါဖြင့်ရင် ဒီကိစ္စမှာ ပြင်သစ်အစိုးရက နောက်ကွယ်က ကြိုးကိုင်နေ တာ မဟုတ်ဘူးလို့ ဆိုချင်တာပေါ့၊ ဟုတ်လား"

"ဘာကိစ္စလဲ ဆိုတာတောင် သူတို့ သိမယ် မထင်ဘူး၊ ငါ ကြားတာက တော့ လီကက်နောက်ကို နောက်ယောင်ခံ လိုက်ခိုင်းထားတယ်၊ ဒါပေမဲ့ လီကက် က သူတို့ကို မျက်ခြည်ပြတ်သွားတယ်၊ အဲလေ... သူကတော့ အဲဒီလို လုပ် မှာပဲပေါ့၊ ဒါပေမဲ့ ဒီငတိ လူဆိုးတွေ လျှောက်စုနေတာကိုတော့ ဘာမှ ဝင်မစွက် ဘူး နေပါဦး၊ မင်း မနေ့တုန်းက တယ်လီဖုန်း ဆက်တော့ ငါ ဒီကို ကိုယ်တိုင် လာပြောမယ်လို့ ဘာပြုလို့ ပြောလိုက်တယ် ဆိုတာမင်း သိသလား"

"မသိဘူး... အံ့ဩသွားတယ်"

မက်စမာက် လျှောင်ပြုံးကလေး ထပ်ပြုံးပြန်သည်။

"ငါ့ တယ်လီဖုန်းကို သူတို့ ခိုးနားထောင်နေတယ်၊ ငါကိုယ်တိုင်က ရဲ ဖြစ်ပါလျက်နဲ့ ငါ့ဖုန်းကို ခိုးနားထောင်ခံရတာ မဆန်းဘူးလား၊ အေးလေ.. ငါက မိုက်မိုက်မဲမဲ ဝင်ကန့်ကွက်ခဲ့မိတယ်၊ အဲဒီအချိန်က စပြီး ငါ့ကို စောင့်ကြည့် နေကြတာပဲ၊ အဲဒါကြောင့် ငါ ဟမ်းဘတ်ကို လိုက်လာခဲ့တာပဲ လယ်ရီ၊ ငါ ပြောပြနိုင်တဲ့ သတင်းက ဘယ်လောက်ပဲ မဖြစ်စလောက် ဖြစ်ပါစေ၊ တစ်ယောက်ယောက်တော့ သိသင့်တယ် ဆိုပြီး ငါ အခုလို လာပြောတာပဲ"

"ကျေးဇူးတင်ပါတယ်ဗျာ.. ကျုပ် အက်တလန်တစ်ကမ်းခြေ တစ်လျှောက်လုံး ဒီကိစ္စကို လျှောက်စုံစမ်းနေခဲ့တာ၊ ခင်ဗျားလည်း သိသားပဲ၊ ဒါပေမဲ့ ဒီရောက်တဲ့အထိ ဘယ်သူကမှ မဟန့်တားခဲ့ကြဘူး၊ ဒီတော့ ဟမ်းဘတ် မြို့ရဲ့ တစ်နေရာမှာ ထူးခြားတာ တစ်ခုခု ရှိကို ရှိရမယ်၊ ဒါပေမဲ့ ဘယ်ကို လိုက်ရှာရမှာလဲ"



"အဲဒါကတော့ မင်း ပြဿနာပဲ"

❑

ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်း၌ မက်စမာနှင့် ဆူလီဗန်တို့ ဟမ်းဘတ်ရှိ ပန်းခြံထဲ၌ လမ်းလျှောက်ရင်း ဆွေးနွေးနေကြသည်။ ထိုနေ့ နံနက်ပိုင်းတွင် လွန်ခဲ့သည့် နှစ်လက ဝင်းတား ကြိုတင် ငှားရမ်းထားခဲ့သော ရှေးဟောင်း အိမ်ကြီးသို့ ဝင်းတားတစ်ယောက် ရောက်ရှိနေသည်။ ထိုအိမ်ကြီး သည် ဧက ၂၀ ကျယ်သော ခြံဝင်းထဲ၌ တသီးတခြား ရှိနေသဖြင့် သူ့လုပ်ငန်း အတွက် အလွန်အဆင်ပြေနေသည်။ လီကက်နှင့် အိုအေအက်စ်မှ အကြမ်းဖက် သမား ၁၅ ယောက် ပါသော အဖွဲ့သည်လည်း သူနှင့်အတူ ရောက်ရှိနေလေပြီ။ ပြီးတော့ ပြန်ပေးဆွဲသည့် လုပ်ငန်းကြီး မစမီ ကြိုတင် လေ့ကျင့်သည့် ကိစ္စမှာ ပြီးသလောက် ရှိနေလေပြီ။

ဗြိတိသျှပိုင် ရေနံတင်သင်္ဘောကြီး 'ချဲလင်ဂျာ'ကို ပြန်ပေးဆွဲရန် အသေးစိတ် စီစဉ်ထားသည်။ ပေါလ်ဟင်နာမင် အခန်း၌ သူ လေ့လာခဲ့ရသော 'ချဲလင်ဂျာ' နှင့် အမြွှာသင်္ဘော ဖြစ်သည့် ချိဖ်တိန်၏ သင်္ဘောပုံစံများကို ဖြန့်စဉ်းစားရင်း ပန္နက်ပုံစံကြမ်းများကို မှတ်ဉာဏ်ဖြင့် ပြန်ရေးဆွဲသည်။ ထိုပုံစံ ကြမ်းများကို အကြမ်းဖက်သမားတိုင်း သင်္ဘောပေါ်ရှိ အနေအထားကို ကောင်း ကောင်းကြီး မှတ်မိလာသည်အထိ လေ့လာကြရသည်။

သူတို့ လေ့လာပြီးကြသောအခါ ဝင်းတားက အကြမ်းဖက်သမား တစ်ဦးချင်းကို ပြန်လှန်မေးမြန်း မေးခွန်းထုတ်သည်။ သူတို့အားလုံး ရေနံတင် သင်္ဘောကြီးပေါ်သို့ ရောက်နေဘိသည့်အလား စိတ်ကူးနှင့်ပင် ကျွမ်းကျွမ်းကျင်ကျင် ရှိနေစေရမည်ဟု ဝင်းတားက သန္နိဋ္ဌာန်ချထား၍ ဖြစ်သည်။

ဝင်းတားသည် ၃၅ ပေ ရှည်လျားသော ညှို့ခန်းမကြီးထဲ၌ ရှိသော အိမ်ထောင် ပရိဘောဂများနှင့် ကော်ဇောများကို ရှင်းထုတ်ထားသည်။ တန်ဖိုးရှိ ခဲ့သော် ရှိသော ရေနံတင်သင်္ဘောကြီး၏ စုစုပေါင်း အလျားသည် ထိုညှို့ခန်း၏ အရှည်ထက် အဆ ၂၀ ရှိသည်။ ဝင်းတားက ကြမ်းပြင်ကို သန့်ရှင်းစင်ကြယ် အောင် ဆေးကြောသုတ်သင်နိုင်းပြီးနောက် မြေဖြူရောင်စုံများဖြင့် ရေနံတင် သင်္ဘောကြီး၏ ကုန်းပတ်ပုံစံကို ကြမ်းပေါ်တွင် ရေးဆွဲထားသည်။ ထို့နောက် တစ်ယောက်စီကို သူနှင့်အတူ လိုက်ပါစေလျက် ကုန်းပတ်ပေါ်ရှိ အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



သည့် အစိတ်အပိုင်းများကို ရှင်းလင်းပြောပြသည်။ ကုန်းပတ်ပေါ်တွင် ရဟတ်ယာဉ် ဆင်းသက်ရမည် ဖြစ်သဖြင့် ထိုအပိုင်းကဏ္ဍကို အချိန်ယူ လေ့ကျင့်ပေးနေခြင်း ဖြစ်သည်။

ဤလို အသေးစိတ် သင်အံလေ့ကျက်ရသည့် ကိစ္စမျိုးကို မလုပ်မကိုင်ဖူးသူများသည် တညည်းညည်း တညူညူနှင့် မနေတတ် မထိုင်တတ် ဖြစ်လာကြသည်။ ထို့ကြောင့် ညစဉ်လိုလို ပါတီပွဲ ကျင်းပ၍ အရက် တစ်ဝကြီး သောက်ခွင့်ပေးထားရသည်။ ဝင်းတားကမူ အရက် သိပ်မသောက်ချေ။ ထို့ကြောင့် အရက်သောက်ပွဲ ကျင်းပသည့်အခါ လီကက်ကို ကြီးကြပ်ကွပ်ကဲရန် တာဝန်လွှဲထားလေ့ ရှိသည်။

တစ်ဖန် လီကက် ကိုယ်တိုင်ပင် နေမထိ ထိုင်မသာ ဖြစ်လာသည်။ တစ်နေ့ နံနက်ခင်းတွင် သူတို့ အဖွဲ့သားအားလုံး ခြံဝင်းထဲ၌ (အမောလုံအောင်) အပြေးလေ့ကျင့်ခန်း ယူနေသည်ကို စောင့်ဆိုင်းနေစဉ် လီကက်က ဝင်းတားအား မေးလိုက်သည်။

"ဒီလောက်ထိအောင် လုပ်ဖို့ လိုသလားဗျာ၊ မြေထဲပင်လယ်မှာတုန်းကဆိုရင် ဒီအတိုင်း ထလုပ်. . ."

ဝင်းတားကလည်း ခပ်မာမာ ပြန်ဖြေသည်။

"(ဟိုတုန်းက) အခုလို အလုပ်မျိုးမှ မလုပ်တာ၊ သူတို့ ကုန်းပတ်ပေါ်ကို ဆင်းမိပြီဆိုရင် အရင်ထဲက ရေနံတင်သင်္ဘောပေါ်ကို ရောက်ဖူးခဲ့သလို ဖြစ်နေရစေမယ်၊ ကုန်းပတ်ပေါ်ကို ရောက်ဖူးခဲ့သလို ဖြစ်နေစေမယ်၊ ကုန်းပတ်ပေါ်ကို ရောက်ပြီး ၅ မိနစ်အတွင်း အပိုင်စီးနိုင်ရင် စီး၊ အဲ. . . အပိုင်မလုပ်နိုင်ရင်တော့ ကွဲပြီသာမှတ်၊ နက်ဖြန်ခါကျရင် သင်္ဘော ဘယ်လောက်ကြီးတယ် ဆိုတာ သူတို့ လက်တွေ့ သိဖို့ ပြရဦးမယ်"

ထရပ်ကားကြီးများနှင့် သယ်ဆောင်လာသော ရေနံထည့်သည့် သံစည်ပိုင်းကြီးများကို ကျယ်ပြန့်သော မြက်ခင်းပြင်ပေါ်တွင် တစ်တန်းနှင့်တစ်တန်း ပေ ၁၁၀ စီ ခွာ၍ စီတန်းချထားသည်။ ထိုသံစည်ပိုင်းများကို အိမ်ရှေ့မျက်နှာစာနှင့် ၉၀ ဒီဂရီ ဖြစ်အောင် စီတန်းချထားခြင်း ဖြစ်သည်။ ရေနံတင်သင်္ဘောကြီး ချဲလင်ဂျာ၏ အနံမှာ ပေ ၁၁၀ ရှိသဖြင့် တစ်တန်းနှင့်တစ်တန်း ပေ ၁၁၀ စီ ခွာ၍ ချထားခြင်း ဖြစ်သည်။ ထိုရေနံစည်ပိုင်းများသည် မြက်ခင်းပြင်ပေါ်မှတစ်ဆင့် လယ်ကွင်းထဲအထိ ရောက်ရှိနေသည်။ ခပ်စောစောပိုင်းက ဝင်းတားသည် အိမ်ရှေ့ လှေကားမှ အရှေ့ဘက်စူးစူးသို့ ပေ ၇၅၀



အထိ တိုင်းထွာစေရာ လယ်ကွင်းထဲရှိ ဝက်သစ်ချပင်ကြီး တစ်ပင်အနီးအထိ ရောက်ရှိသွားသည်။ ထိုသစ်ပင်မှာ သင်္ဘောဦးပိုင်း ဖြစ်သည်။ ဤတွင် သူ့လူအချို့က သင်္ဘောကြီး၏ ကြီးမားလှသော ပမာဏကို သဘောပေါက်သွားကြသည်။ ဝင်းတားက ရဟတ်ယာဉ် မည်သည့်နေရာတွင် ဆင်းရမည် ဖြစ်ကြောင်းကိုလည်း ခန့်မှန်းရ လွယ်ကူအောင် တိုင်စိုက်၍ ပြသည်။ ထို့နောက် မြေကြီးပေါ်မှ ပေ ၅၀ မြင့်သော အိမ်ခေါင်မိုးပေါ်သို့ သူတို့အားလုံး တက်ခဲ့ကြပြန်သည်။ ယခုဆိုလျှင် သူတို့လူစုသည် ပွဲစင်ပေါ် ရောက်နေကြလေပြီ။ ထိုနေရာမှ ခပ်လှမ်းလှမ်းတွင် ရှိနေသော ဝက်သစ်ချပင်ကြီးဆီသို့ လှမ်းကြည့်နေကြသည်။

ထိုဝက်သစ်ချပင်ကြီးဆီသို့ လှမ်းကြည့်နေသော လီကက်ကိုယ်တိုင်ပင် ဝန်ခံလာရတော့သည်။

"အေးဗျာ. . . ကျုပ် ထင်တာထက်တောင် ပိုကြီးနေသေးတယ်"

ဤတွင် အသက် ခပ်ငယ်ငယ် အာမန်ဘာဖင် ဆိုသူက ခေါင်မိုးစွန်းမှ အောက်သို့ ငုံ့ကြည့်၍ မှတ်ချက်ချသည်။

"ဒီကနေ ကုန်းပတ်ပေါ်အထိ အတော်ကလေး မတ်မတ်စောက်စောက်ကြီး ဖြစ်နေပါကလား"

ဝင်းတားက ထပ်သတိပေးသည်။

"အေး. . . မင်း ထင်တာထက်တောင် ပိုမြင့်မယ် ဆိုတာ မှတ်ထား၊ အခု တို့မြေကြီးပေါ်က ပေ ၅၀ ပဲ မြင့်သေးတယ်၊ ဒါပေမဲ့ ချဲလင်ဂျာရဲ့ ကုန်းပတ်ပေါ်က ပွဲစင်အထိ ပေ ၆၀ မြင့်တယ်၊ ကဲ. . . မင်းတို့ မြက်ခင်းပေါ် ဆင်းပြီး သဘောပေါက်သွားအောင် ကုန်းပတ်ပေါ် လမ်းလျှောက်ကြည့်စမ်း၊ ပြီးတော့ ဟောဒီ ခေါင်မိုးပေါ်ကို ပြန်ကြည့်၊ ကုန်းပတ်ပေါ်ကနေ ပွဲစင်အထိ မော့ကြည့်မယ်ဆိုရင် အင်မတန် မတ်စောက်တဲ့ တောင်ခါးပြတ်တစ်ခုပေါ်ကို မော့ကြည့်နေရသလို မြင်ရလိမ့်မယ်"

သူတို့ ထိုနေရာမှ မခွာမီ ဝင်းတားက သန့်ရှင်းရေး ကိစ္စကို အင်တိုက်အားတိုက် လုပ်စေသည်။ ရေနံစည်ပိုင်းများကို တောအုပ်ထဲတွင် လူမမြင်အောင် ဖွက်ထားစေသည်။ ကြွက်လျှောက်၊ ဝန်ချီစက်များနှင့် ဦးပိုင်းရှက်တိုင်အဖြစ် အမှတ်အသား စိုက်ထူပြခဲ့သည့် တိုင်များကို အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင် ချိုးပြီး မီးရှို့ပစ်စေသည်။ ညှော်ခန်းမကိုလည်း မြေဖြူခဲနှင့် ရေးဆွဲခဲ့ကြောင်း မသိစေရလေအောင် စင်စင်ကြယ်ကြယ် ပြန်ဆေးခိုင်းသည်။ ပြီးမှ ကော်ဇောခင်းပြီး အိမ်ထောင်ပရိဘောဂများကို နေရာတကျ ပြန်ထားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လူပေါင်းများစွာ စားသောက်ရာမှ ကြွင်းကျန်ရစ်သည့် ဘူးခွံများ၊ ပုလင်းခွံများ၊ ပြင်သစ်လုပ် စီးကရက်တိုများ စသည်တို့ကို တွင်းနက်နက် တူး၍ မြှုပ်စေသည်။ ပြီးတော့ သူတို့ ရောက်စကတည်းက အိမ်အပြင်ဘက်တွင် ဆေးလိပ်သောက်ခွင့် မပေးချေ။ ဒီလို ကြိုတင် ကာကွယ်မှု ယူသည့် ကိစ္စကိုမူ လီကက်က သဘောကျသည်။ သူကိုယ်တိုင်လည်း ဗင်ကူဗာမှ အိမ်မှ ပြောင်းလာသောအခါ လက်ရာ ခြေရာ တစ်စွန်းတစ်စမှ မကျန်ရစ်ခဲ့ရ လေအောင် ဂရုတစိုက် ရှင်းလင်းခဲ့သည် မဟုတ်ပါလား။ သို့သော် ထိုကိစ္စကို ဝင်းတား မသိပါ။ ထို့အတူ စက်လှေ ပီချားပေါ်၌ အဏုမြူဗုံးတစ်လုံး ဝှက်ထားသည့် ကိစ္စကိုလည်း ဝင်းတား မသိရှာပါ။

ဇန်နဝါရီလ ၁၄ ရက် အင်္ဂါနေ့ ညနေပိုင်းတွင် ဝင်းတားသည် သူ ရေးဆွဲထားသော ပန်းကုံးစံကြမ်း စာရွက်များကို (စေ့၊ မစေ့) ပြန်ရေတွက်ကြည့်ပြီးနောက် မီးရှို့ပစ်လိုက်လေသည်။ နောက်တစ်နေ့တွင် သူတို့ လူစု အလယ်စကား ပြည်နယ်သို့ လေယာဉ်ပျံနှင့် ခရီးထွက်ကြတော့သည်။

❑

ဟာပါ ရေနံတင် သင်္ဘောကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာဟာပါ တစ်ယောက် လန်ဒန်တွင် မရှိဘဲ ရပ်ဝေးသို့ ခရီးထွက်နေသဖြင့် ဆူလီဗန်သည် ဟာပါနှင့် တယ်လီဖုန်း စကားပြောခွင့် ရရှိအောင် အင်္ဂါနေ့အထိ စောင့်ဆိုင်း နေခဲ့ရသည်။ ထို့ကြောင့် ဝင်းတား အင်္ဂလန်မှ ခွာရန် ထုပ်ပိုးသိမ်းဆည်းနေစဉ် ဆူလီဗန်တစ်ယောက် ဟမ်းဘတ်မှာပင် ရှိနေခဲ့သည်။

ဆူလီဗန်က ဗစ်တာဟာပါကို အစီရင်ခံလိုက်သည်။

"အမှန်ကို ပြောရရင် ခင်ဗျား ကုမ္ပဏီက သင်္ဘောကြီးတွေအကြောင်း ဟိုမေး ဒီမေးနဲ့ လိုက်စုံစမ်းရင်း အရက်ဆိုင်တစ်ဆိုင်မှာ ကြေးစားလူသတ်သမား တစ်ယောက်က ကျွန်တော့်ကို သတ်ဖို့ ကြိုးစားခဲ့တယ်၊ အဲဒါက လွဲပြီး ဘာသတင်းမှ မရသေးဘူး၊ အဲဒါကလည်း ဟမ်းဘတ်မှာ ဖြစ်ခဲ့တာ အဲဒီတော့ ဟမ်းဘတ်မှာ ကျွန်တော် မသိစေချင်တဲ့ ကိစ္စတစ်ခုခုတော့ ရှိနေပြီ လို့ ယူဆရတာပဲ၊ ဟမ်းဘတ်မှာ ခင်ဗျားတို့နဲ့ အဆက်အသွယ် ရှိတဲ့လူ ဘယ်သူ ရှိသလဲ"



ဗစ်တာဟာပါ၏ အသံက စိတ်တိုနေပုံရသည်။

"ခုနက ကိစ္စဟာ မင်း လိုက်နေတဲ့ ကိစ္စနဲ့ ပတ်သက်တယ်လို့ ဘယ် ပြောနိုင်မလဲ၊ ဒီကိစ္စတစ်ခုလုံး ယုန် တောင်ပြေး ခွေး မြောက်လိုက် ဆိုသလို ဖြစ်နေပြီ၊ ပြီးတော့ ပြင်သစ် အကြမ်းဖက်သမားတွေအကြောင်း မင်းကို ထိုးတိုးတိတ်တိတ် ပြောခဲ့တဲ့လူက ဘယ်သူလဲ"

"တယ်လီဖုန်းထဲကနေပြီး ဘယ်ပြောလို့ ဖြစ်ပါ့မလဲ"

"ငါကတော့ ဒီကိစ္စကြီး တစ်ခုလုံးကို ဆက်တောင် မလိုက်စေချင် တော့ဘူး"

ဆူလီဗန်ကလည်း ဖွတ်ပေ၍ မေးသည်။

"နေပါဦး . . ခင်ဗျားတို့နဲ့ ဟမ်းဘတ် နည်းနည်းမှ အဆက်အသွယ် မရှိခဲ့ဘူးလား"

"အဲဒီမှာ သင်္ဘောနှစ်စင်း သွားဆောက်ခဲ့တာလောက်ပဲ ရှိတယ်"

"ဘယ်သင်္ဘောတွေလဲ"

"တန်ချိန် ငါးသောင်း သင်္ဘောနှစ်စင်းလေ၊ ပထမဦးဆုံး ချဲလင်ဂျာ ကို ဆောက်တယ်၊ နောက်တော့ သူနဲ့ အမြွှာသင်္ဘော ချိုဖ်တိန်ကို ဆောက်တယ်၊ အဲဒီနှစ်စင်းစလုံး ဝီလ်ဟင်တော့စ် သင်္ဘောကုမ္ပဏီမှာ ဆောက်ခဲ့တာပေါ့၊ အဲဒီမှာ ပေါလ်ဟင်နာမင်က အခရာပဲ၊ သဘောကောင်းတယ်၊ ဂျာမန် ဝီသ ဘယ်၊ သင်္ဘော နှစ်စင်းစလုံးကို ချိန်းရက်မှာ တိတိကျကျ အပ်နိုင်တယ်၊ ဒါပေမဲ့ မင်းကိစ္စနဲ့ ဘယ်လို ပတ်သက်မယ်ဆိုတာ ငါ မပြောနိုင်ပါလား"

"ဟုတ်တယ်၊ ကျွန်တော်လည်း တွေးမရဘူး။ အခု အဲဒီသင်္ဘောတွေ က ဘယ်မှာလဲ၊ အရှေ့အလယ်ပိုင်းဒေသမှာလား"

"အဲဒီမှာ တစ်စင်းမှ မရှိဘူး၊ ချိုဖ်တိန်ကတော့ နည်းနည်းပါးပါး ပြင်စရာရှိလို့ ဂျိုနိုဝါမှာ ဒေါက်တင်ထားတယ်၊ ချဲလင်ဂျာကတော့ အလယ်စကား နဲ့ ဆန်ဖရန်စစ္စကိုကို ခေါက်တုံ့ခေါက်ပြန် ဆွဲနေတယ်၊ လယ်ရီ မင်း ပြန်လာဖို့ ကောင်းပြီကွာ၊ ဘာမှ မထူးတဲ့အတူတူ စိတ်လျှော့လိုက်ပါတော့"

"ကျွန်တော် ခင်ဗျားနဲ့ ညနေပိုင်းလောက်ကျမှ တွေ့ဖြစ်လိမ့်မယ်"

ဆူလီဗန်က စကားပြောခွက်ကို ပြန်ချပြီး တစ်ချက် သမ်းလိုက်သည်။ ဆော်စမာတစ်ယောက် မနက်ရထားနှင့် ပဲရစ်သို့ ပြန်မသွားမီ သူ မော်စမာနှင့် အတူတူ တစ်ညလုံး ရှိနေခဲ့သည်။ ပေါလ်ဟင်နာမင်ကလည်း သူ့ကို ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ထူးထူးထွေထွေ ပြောပြနိုင်မှာ မဟုတ်။ ဒီတော့ ဒီမှာ ဆက်နေလို့ ဘာထူးမှာလဲ။ သူက နောက်တစ်ချက် ထပ်သမ်းဝေလိုက်ပြီး ပစ္စည်းပစ္စယများကို ထုပ်ပိုး သိမ်းဆည်းနေသည်။

❑

တယ်လီဖုန်းနှင့် သတင်းပို့ချက်သည် ရှိုတ်ဂမယ်တာဖတ်ထံ နှစ်ဆင့် သုံးဆင့် ဖြတ်သန်းပြီးမှ ရောက်ရှိလာသည်။ ပဲရစ်က စခေါ်သော တယ်လီဖုန်း ကို အေသင်မြို့ရှိ လူတစ်ယောက်က လက်ခံနားထောင်သည်။ ထို့နောက် သူ က ဘီရွတ်မြို့သို့ တယ်လီဖုန်း ဆက်ပြန်သည်။ ဘီရွတ်တွင် ရှိနေသော အာမက်ရီးယဒ်က ဂမယ်တာဖတ်ထံ ဖုန်းဆက်လိုက်သည်။

"အမ်စတာဒမ်က ပဲရစ်ကို ပျံမယ့် ကေအယ်အမ်ခရီးစဉ် အမှတ် ၄၀၁ လေယာဉ်ပျံကြီးကို အကြမ်းဖက်သမားတစ်စုက အခုတင် ပြန်ပေးဆွဲသွား ပါပြီ အရှင်၊ ဒါဆိုရင် တော်တော်ကလေး ပြဿနာ ပေါ်စရာ အကြောင်း ရှိ ပါတယ်"

"ဘာဖြစ်လို့လဲကွ"

"အဲဒီလေယာဉ်ပျံပေါ်မှာ ရှိုင်ရယ်ဒပ်ချ်ရှဲလ်(အင်ဂျင်ဝိုင်)ကုမ္ပဏီက အထက်တန်း အရာရှိကြီး သုံးယောက် ပါသွားတယ်၊ အဲဒီအထဲမှာ မန်နေဂျင် ဒါရိုက်တာတစ်ယောက်လည်း ပါသွားတယ်"

"ထပ်အကြောင်းထူးရင် ငါ့ဆီကို ဆက်သတင်းပို့ ကြားလား"

တာဖတ်က တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်သည်။ အကယ်၍သာ ဤတယ်လီဖုန်း စကားပြောဆိုချက်ကို တစ်ယောက်ယောက်က ဖြတ်ပြီး ခိုးနားထောင်နေမည် ဆိုပါက ထူးခြားသည်ဟု ထင်လိမ့်မည် မထင်။

သို့သော် သည်သတင်းစကားက အာရုံပြောင်းသွားအောင် တမင် လုပ်ထားသည့် အစီအစဉ် အစပျိုးနေပြီ ဖြစ်ကြောင်း တာဖတ်တစ်ယောက် သိလိုက်သည်။ ဤအစီအစဉ်မှာ ဝင်းတား၏ စိတ်ကူးစိတ်သန်းပင် ဖြစ်သလို တမင်ကလာ အချိန်ကိုက်၍ စီစဉ်ထားခြင်းလည်း ဖြစ်သည်။ လီကက်တ နိုင်ငံတကာတွင် သတင်းပလင်း နားထောင်ပေးမည့် လူများ အသင့် စီစဉ်ထား ချိန်တွင် ဝင်းတားက ဖွံ့ကောင်းသည့် စိတ်ကူးစိတ်သန်းတစ်ခုကို တင်ပြခဲ့သည်။



သဘော်ကြီးအား ပြန်ပေးဆွဲမည့် အစီအစဉ်ကို အိုးမည်းသုတ်သည့်အနေနှင့် တကယ့်အစီအစဉ် မစမီ တစ်ရက် နှစ်ရက် ကြို၍ လေယာဉ်ပျံတစ်စင်းကို ပြန်ပေးဆွဲရန် တင်ပြသည်။ ထို့ကြောင့် ထိုရက်ပိုင်းတွင် သတင်းစာများအားလုံး ထိုသတင်းနှင့်ပင် အလုပ်ရှုပ်နေမည် ဖြစ်ပြီး တကယ့်ကိစ္စနှင့် ပတ်သက်သော ကောလာဟလကို ကြားထားသူများ မျက်စိလည် အာရုံပြောင်းသွားကြစေရန် ဖြစ်သည်။

ယခု ဆိုပါက အဓိက အစီအစဉ်ကို ဆောင်ရွက်နေစဉ် အတောအတွင်း ထိုလေယာဉ်ပျံကြီးသည် လေယာဉ်ပျံကွင်းတစ်ခုဆီသို့ ဆက်တိုက် ခုန်ကူးနေ တော့မည် ဖြစ်သည်။ ပြီးတော့ လေယာဉ်ပျံတစ်စင်းကို လွယ်လွယ်ကူကူ ပြန်ပေးဆွဲနိုင်ခဲ့ပုံလည်း ရသည်။ ထို့အတူပင် တန်ချိန် ငါးသောင်း ရှိသော ရေနံတင်သဘော်ကြီးကို လွယ်လွယ်ကူကူ ပြန်ပေးဆွဲနိုင်ပါစေဟု တာဖတ်က တွေးနေမိလေသည်။

❑

"တကယ်လို့သာ တစ်ယောက်ယောက်က ဟာပါ ရေနံတင်သဘော် ကုမ္ပဏီရဲ့ သဘော်တစ်စင်းစင်းကို အနှောင့်အယှက် ပေးချင်တယ်ဆိုရင် အဲဒီသဘော်ကို ဘယ်နည်းဘယ်ပုံ တည်ဆောက်ထားတယ် ဆိုတာ သိရအောင် အရင် စုံစမ်းရမှာပဲလို့ ကျွန်တော် တွေးမိတယ်၊ ကဲ... မစ္စတာဟင်နာမင်၊ ဟာပါကုမ္ပဏီက သဘော်တစ်စင်းစင်းရဲ့ ပန္နက်ပုံစံကို သိပ်မကြာသေးခင်က လာကြည့်သွားတဲ့လူ ရှိ မရှိ သိပါရစေ"

ဟမ်းဘတ်က ထွက်ခွာတော့မည့်ဆဲဆဲကျမှ ခေါင်းမာတတ်သော သူ့ပင်ကိုစရိုက်အတိုင်း ဆူလီဗန်တစ်ယောက် မပြန်ဘဲ နေခဲ့သည်။ သူက ပေါလ်ဟင်နာမင်နှင့် တွေ့ခွင့်တောင်းထားသည့် အချိန်မှာ ညနေပိုင်း ဖြစ်သည်။ ဇစ်တာဟာပါ၏ 'သက်ဆိုင်ရာသို့...' အစချီသော ထောက်ခံစာကြောင့် သူ ဝီလ်ဟင်တော့ သဘော်ကုမ္ပဏီဝင်းထဲသို့ ဝင်ခွင့်ရခဲ့သည်။ လန်ဒန်မြို့ လွိုက်ကုမ္ပဏီကြီးက ထုတ်ပေးထားသော မှတ်ပုံတင်ကတ်ပြားကြောင့်သည် အင်္ဂလိပ်လူမျိုးကို လက်ခံတွေ့ဆုံမည်ဟု ပေါလ်ဟင်နာမင်က ဆုံးဖြတ်လိုက် ခြင်း ဖြစ်သည်။ ဟင်နာမင်သည် အလွန် သိုသိုသိပ်သိပ် နိုင်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဂျာမန်ကြီးက သူ့ကို ခပ်တင်းတင်း ပြန်မေးသည်။

"မင်း မေးတဲ့ မေးခွန်းက တော်တော်လေး ထူးဆန်းနေပါလား။ မင်း ပြောတော့ ဟာပါ သဘော်ကုမ္ပဏီနဲ့ ပတ်သက်တဲ့ ကောလာဟလတွေကို ကြားခဲ့ရတယ်ဆို၊ တို့ သင်္ဘောလောကဟာ တကယ်တော့ ဒီလို ကောလာဟလ တွေနဲ့ပဲ တစ်ချိန်လုံး စခန်းသွားနေကြရတာ မဟုတ်လား။ မင်းလည်း ဒီအချိန် ရောက်မှ ဒါလောက်တော့ သိမှာပေါ့"

ဆူလီဗန်က ပြေပြေပြစ်ပြစ် ပြန်ပြောသည်။

"ဒါဖြင့်ရင် ကျွန်တော် အဲဒီမေးခွန်းကို ပြန်ရုပ်သိမ်းပါတယ်၊ ကျွန်တော် လွန်ခဲ့တဲ့ ရက်သတ္တ တစ်ပတ်လုံး ဘာလျှောက်လုပ်ခဲ့တယ် ဆိုတာ လူကြီးမင်း ကို ပြောပြပြီးပါပြီ၊ လွန်ခဲ့တဲ့ နှစ်ညကတော့ အရက်ဆိုင်ထဲမှာ လူတစ်ယောက်က ကျွန်တော့်ကို အသေသတ်ဖို့ ကြိုးစားခဲ့တယ်၊ ဒီတော့ ကျွန်တော့်အတွက် တွေးစရာတစ်ခု ဖြစ်လာတယ်၊ ဟမ်ဘာတ်မှာ ကျွန်တော် လိုက်စုံစမ်းတဲ့ ကိစ္စ နဲ့ နီးစပ်တာ တစ်ခုခု ရှိနေပြီလို့ ထင်တာပဲ"

ဟင်နာမင်က အဖြေပေးသည်။

"ငါ မင်းကို ဘယ်နည်းဘယ်ပုံ ကူညီနိုင်မယ်ဆိုတာ ငါ မသိဘူး။ တို့ဆီမှာ သက်ာမကင်း အဖြစ်ခံရသူ တစ်ယောက်မှ မရှိဘူး၊ ဒီဝင်းထဲကို ဝင်တဲ့ လူမှန်သမျှ သေသေချာချာ စစ်ဆေးပြီးမှ အဝင်ခံခဲ့တာ"

ဆူလီဗန်တစ်ယောက် ချောက်ကျနေလေပြီ။ ဟင်နာမင်သည် အလွန် ဉာဏ်သွားသူ ဖြစ်သည်။ သူက ယခုထက် ပိုနိုင်လုံသည့် သက်သေသက္ကာယ အထောက်အထားများကို လိုချင်နေပုံရသည်။ သို့သော် ခက်တာက သူ့တွင် အထောက်အထား ထပ်ပြစရာ လုံးဝ မရှိတော့ချေ။ ပြီးတော့ သူ ဘာကို လိုက်စုံစမ်းနေမှန်း သူကိုယ်တိုင်ပင် ရေရေရာရာ မသိပါချေ။

"ဒီကိစ္စထဲမှာ အင်္ဂလိပ်လူမျိုးတစ်ယောက် ဝင်ပါနေတယ်လို့ ဆိုတာပဲ"

"မင်း သူ့နာမည်ကို ပြောနိုင်သလား"

"ဝင်းတား..."

"အဲဒီလို နာမည်မျိုးနဲ့ လူကို တစ်ခါမှ မတွေ့ဖူးသေးဘူး၊ အဲ... သူ့ပုံသဏ္ဍာန်ကိုကော ပြောပြနိုင်သလား"

ဟင်နာမင်က သူ့ဗိုက်ပေါ်တွင် လက်နှစ်ဖက်ကို ယှက်၍ တင်ထားပြီး နောက် မျက်နှာကြက်သို့ မော့ကြည့်နေသည်။



"သူ့ပုံပန်းသဏ္ဍာန် ဘယ်လိုတယ်ပုံ ရှိတယ် ဆိုတာတောင် မသိပါ ဘူးဗျာ..."

ဆူလီဗန်သည် ပြောရင်းဆိုရင်းကပင် သူ့ဘာသာသူ စိတ်ပျက်လာ သည်။ နောက် တစ်မိနစ် နှစ်မိနစ်အတွင်း ဟင်နာမင်သည် သူ့စားပွဲပေါ်တွင် ရှိသော စာရွက်များကို ဟိုရွှေ့ သည်ရွှေ့ လုပ်ရင်း လက်ပတ်နာရီကို ငုံ့ကြည့်ပြီး နှင်ပေတော့မည်။ သူ့အတွက် မျှော်လင့်ချက် ကုန်လေပြီ။

"ကော်ဖီ သောက်ပါဦးလား"

ဟင်နာမင်သည် အင်တာကွန်မှတစ်ဆင့် ကော်ဖီ မှာလိုက်သည်။ ထို့နောက် ခွင့်တောင်းပြီး အပြင်ထွက်သွားသည်။ သူ ထွက်သွားသည်မှာ နာရီဝက် ကြာလေပြီ။ ရဲကိုများ လှမ်းခေါ်နေလေသလား မသိ။ သူ အခန်းထဲ ပြန်ဝင်လာသောအခါ သူ့နောက်မှ ကော်ဖီလင်ဗန်းကို ကိုင်လိုက်လာသော ခပ်ချောချော မိန်းကလေးတစ်ဦး ကပ်ပါလာသည်။ ဟင်နာမင်က ပြောလိုက် သည်။

"ကဲ... ငါ့ဘာသာငါ ငှဲ့ပါ့မယ်ကွာ၊ ထားခဲ့တော့၊ ကဲ..."

ဟင်နာမင်သည် သူတို့နှစ်ဦးတည်း ကျန်ရစ်သည်အထိ စောင့်နေပြီး နောက်...

"အခုလောက်အထိ ကြာသွားရတာကို တောင်းပန်ပါတယ်ကွာ၊ ငါ လန်ဒန်က မစ္စတာဟာပါဆီ တယ်လီဖုန်းဆက်ဖို့ ဆုံးဖြတ်လိုက်လို့ပါ၊ ဒါကို မင်း စိတ်မဆိုးဘူး ထင်ပါရဲ့၊ ခုခေတ်မှာ စာရွက်စာတမ်းတွေကို အတုလုပ်ဖို့ ဆိုတာ သိပ်လွယ်တယ် မဟုတ်လား"

"အင်မတန် မှန်ကန်တဲ့ ကြိုတင်ကာကွယ်မှုပါပဲ ခင်ဗျာ"

ဆူလီဗန်တစ်ယောက် မျက်စိ လည်ထွက်သွားသည်။ သူ့ကို ပြောစရာ ဆိုစရာ မရှိတော့ပါဟု ဆိုထားသူ မစ္စတာဟင်နာမင်က ဘာပြုလို့ အခုလို တကူးတက ဒုက္ခခံပြီး မေးမြန်းစုံစမ်းနေရသလဲ။ မစ္စတာဟင်နာမင်သည် ဓာတ်ပုံတစ်ပုံကို အိတ်ထဲမှ ထုတ်ယူပြီးနောက် စားပွဲပေါ်တွင် မှောက်၍ တင် ထားရင်း ကော်ဖီကို ပန်းကန်ထဲသို့ ငှဲ့ထည့်သည်။

"မစ္စတာဆူလီဗန်၊ ခင်ဗျား လန်ဒန်မှာ ရှိတဲ့ သင်္ဘောလောက,က ထိပ်ပိုင်း အရာရှိ တော်တော်များများကို သိမှာပေါ့နော်"

"အများစုနဲ့ သိပါတယ်၊ အဲဒီလို သိဖို့က ကျွန်တော့်အလုပ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆူလီဗန်သည် စားပွဲပေါ်တွင် မှောက်တင်ထားသည့် ဓာတ်ပုံကို တမင် မကြည့်ဘဲ နေသည်။ ဟင်နာမင်သည် စားပွဲနောက်ရှိ သူ့ကုလားထိုင်တွင် ပြန်ထိုင်လိုက်၏။

"ချားလ်စ်မင်းဒါးကို သိသလား"

"အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေပါ"

"ဝီလီစမတ်ဝစ်ကိုကော..."

"သူနဲ့လည်း ခင်ပါတယ်"

"အာနီးရှော့စ်နဲ့ကော..."

"လွန်ခဲ့တဲ့ နှစ်လလောက်ကတောင် သူနဲ့အတူတူ နေ့လယ်စာ စားခဲ့သေးတယ်"

ဟင်နာမင်သည် ဓာတ်ပုံကို လှန်လိုက်ပြီးနောက် ရှေ့သို့ တွန်းပို့လိုက်သည်။

"သူ့ကို သိသလား။ တိတိကျကျ ပြောရရင် သူ ဘယ်သူလဲ၊ မင်းဒါးလား... စမတ်ဝစ်လား... ရှော့စ်လား..."

"တစ်ယောက်မှ မဟုတ်ဘူး"

"အဲဒီလူဟာ အာနီးရှော့စ် မဟုတ်ဘူးလား"

"လုံးဝ မဟုတ်ဘူး၊ ရှော့စ်က အရပ်ပုပု၊ ကိုယ်လုံးကိုယ်ပေါက် ခပ်ဖိုင့်ဖိုင့်၊ မျက်နှာက ချိုချိုသာသာ ရှိပေမဲ့ အရုပ် သိပ်ဆိုးတယ်၊ ခုလိုအချိန်မျိုးကျရင် 'ဝက်စ်အင်ဒီးစ်' ကျွန်းကို သင်္ဘောနဲ့ သွားပြီး အနားယူလေ့ရှိတယ်"

"လွန်ခဲ့တဲ့ ငါးရက်က အဲဒီလူ ကျုပ်ဆီကို လာသွားတယ်၊ သူက ရှော့စ် ရေနံတင်သင်္ဘောကုမ္ပဏီက အာနီးရှော့စ်လို့ ပြောသွားတယ်"

ဆူလီဗန်သည် ထိုဓာတ်ပုံကို စိတ်ဝင်တစား ကြည့်နေမိသည်။ ဝင်းတားကို ရိုက်ယူထားသော ပထမဦးဆုံး ဓာတ်ပုံ ဖြစ်နိုင်ဖွယ် ရှိသည်။ ဓာတ်ပုံထဲတွင် ဦးထုပ်လုံးလုံးကလေးကို ဆောင်းထားသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်တစ်ယောက် လှေကားပေါ် တက်လာနေပုံကို မြင်ရသည်။ ဝင်းတားသည် ဓာတ်ပုံ အရိုက်ခံနေရမှန်း မသိဘဲ ကင်မရာတည့်တည့်ကို ကြည့်နေခဲ့ပုံ ပေါ်သည်။

သူသည် (ဘတ်ကင်ဟမ် နန်းတော်ရှေ့က) အစောင့် စစ်ပိုလ်တစ်ယောက်နှင့်ပင် တူတူသေးတော့ဟု ဆူလီဗန်က တွေးလိုက်မိသည်။ နှုတ်ခမ်းမွေးစနှင့် ခါးကို မတ်မတ်ဆန့်ထားသည်။ ပြီးတော့ လက်ထဲတွင် ကျစ်နေအောင်



လိပ်ထားသော ထီးတစ်ချောင်းကို ကိုင်လာသေးသည်။ ဥရောပတိုက်သားများ၏ စိတ်ထဲတွင် စွဲနေလေ့ရှိသော မြို့ကြီးသား အင်္ဂလိပ်လူမျိုးတစ်ယောက်၏ ပုံပန်းသဏ္ဌာန် အပြည့်အဝနှင့်ပင်တည်း။ ဘာတစ်ခုမှ ရေရေရာရာ သက်သေမပြနိုင်သော်လည်း ဆူလီဗန်၏ စိတ်ထဲတွင် သိပ်သေချာသွားသည်။ သည်ပုဂ္ဂိုလ်ကား ဝင်းတား ဆိုသူပင်တည်း။

ဆူလီဗန်က မေးသည်။

"ခင်ဗျား ဘယ်လိုလုပ်ပြီး ဓာတ်ပုံရိုက်လိုက်သလဲ"

ဟင်နာမင်တစ်ယောက် ရှက်သွားပုံ ရသည်။ ပြီးမှ ရယ်ရင်း–

"ကျုပ် လုပ်ငန်းရဲ့ လျှို့ဝှက်ချက်ကို ထုတ်ပြောရတော့မှာပေါ့ဗျာ၊ ကျုပ်က လုံခြုံမှု ရှိရမယ်လို့ သိပ်စွဲလမ်းနေတဲ့လူ၊ ပြီးတော့ ကျုပ်တို့ရဲ့ လုပ်ငန်းကလည်း သိပ်ကြောက်စရာ ကောင်းတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တစ်ယောက်ယောက်က ဒီသင်္ဘောကျင်းထဲ ဝင်ပြီး ကျုပ်တို့ ဆောက်နေတဲ့ သင်္ဘောတစ်စင်းစင်းကို အနှောင့်အယှက် ပေးချင် ပေးလာနိုင်တယ်၊ ဒါ့ကြောင့် ဒီအဆောက်အအုံထဲ ဝင်လာသူ မှန်သမျှကို တိတ်တိတ်ကလေး ဓာတ်ပုံရိုက်ယူထားတယ်၊ မင်းရဲ့ ဓာတ်ပုံလည်း အခု ကျုပ်ဆီမှာ ရှိတယ် မစ္စတာဆူလီဗန်၊ ဝါးတားဂိတ် အရေးအခင်းတွေ ဘာတွေ ဖြစ်ခဲ့တာကြောင့် ဒီကိစ္စကို လန့်ဖျပ်သွားမယ်တော့ မထင်ဘူး"

"လျှို့ဝှက်ကင်မရာနဲ့ ရိုက်ယူထားလိုက်တာကိုပဲ ကျေးဇူးတင်လှပါပြီဗျား နေပါဦး... ဒီပုံတစ်ပုံတည်းပဲ ရိုက်ယူထားသလား"

"ဘယ်ဟုတ်မလဲ၊ အများကြီး ရှိတာပေါ့"

ဟင်နာမင်သည် အိတ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ယူပြီး အထဲမှ ဓာတ်ပုံ အတော်ခပ်များများကို စားပွဲပေါ် ဖြန့်ပြလိုက်သည်။

"ဒါက ဗိုပြီး အနီးကပ်ရိုက်ထားတာ ဖြစ်ပေမဲ့ မင်းကို ငါက အကောင်းဆုံး ပုံကို ရွေးပြလိုက်တာ"

ဓာတ်ပုံတွင် သူ့မျက်နှာက ဘေးတိုက် မြင်နေရသည်။ သူ့မျက်ခုံးမွေးများသည် အေးစက်မာကျောနေပြီး အထူး ဖျတ်ဖျတ်လတ်လတ် ရှိပုံပေါ်သည်။

ဟင်နာမင်က မေးသည်။

"သူက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စရာအကောင်းဆုံး အကြမ်းဖက်သမား ဝင်းတား ဆိုတာ ဖြစ်ဖို့ များတယ်"

"တွေးကြည့်ရင်တော့ မယုံချင်စရာဘဲ၊ သူ ဒီကို လာသွားတယ်၊ အခု မင်း ထိုင်တဲ့ ကုလားထိုင်ပေါ်မှာ ထိုင်သွားတယ်"

ဆူလီဗန်က ခြောက်ကပ်ကပ် လေသံနှင့် မှတ်ချက်ချသည်။

"အဲဒါ သူ့ရဲ့ အကောင်းဆုံး လျှို့ဝှက်ချက်ပဲ၊ သူက လူဆိုးနဲ့ လုံးဝ မတူဘူး။ ကျွန်တော် ဟမ်းဘတ်က မပြန်ခင် ဘေးတိုက်ပုံ သုံးပုံနဲ့ ကျွန်တော့်ကို ဝထမဦးဆုံး ပြခဲ့တဲ့ ဓာတ်ပုံကို လိုချင်တယ်"

"လွယ်ပါတယ်"

သူက တစ်နေရာသို့ တယ်လီဖုန်း ဆက်လိုက်ပြီးနောက် မိနစ် ၃၀ အတွင်း အဆင်သင့် ဖြစ်လိမ့်မည်ဟု ပြန်ပြောသည်။

"သူ ဒီမှာ တစ်နေ့လုံး နေသွားပြီး ချိဖ်တိန်ရဲ့ ပန္နက်ပုံစံတွေကို မေးခွန်းထုတ်ရင်း အသေးစိတ် လေ့လာသွားတယ်၊ သူက အဲဒီလို အရွယ်အစားမျိုး သေနတ်တစ်စင်း ဆောက်ချင်တဲ့ ပုံစံနဲ့ လာသွားတာ"

"ချိဖ်တိန် ဟုတ်လား။ သူနဲ့ ပုံစံတူ အရွယ်တူ ဆောက်ခဲ့တဲ့ အမြှာ သေနတ် ချဲလင်ဂျာကိုတော့ နည်းနည်းလေးမှ စိတ်ဝင်စားပုံ ပြမသွားဘူးလား"

"စိတ်ဝင်စားပုံ မရဘူး။ ကျုပ်က ချဲလင်ဂျာအကြောင်း လွတ်ခနဲ တစ်ချက် ပြောမိသေးတယ်၊ ဒါပေမဲ့ သူကတော့ ခပ်တည်တည်ပဲ"

ကဲ... ဒါဆိုရင် ဟုတ်ပြီ ဟု ဆူလီဗန်က တွေးလိုက်သည်။ သူတို့ 'တွယ်'မည့် သေနတ်မှာ ဂျီနီဝါတွင် ပြင်ဆင်ရန် ဒေါက်တင်ထားသော ချိဖ်တိန် ပင်တည်း။ သေနတ်တစ်စင်း ယခုလို မလှုပ်နိုင် မရှားနိုင် ဖြစ်နေစဉ် အနှောင့် အယှက် ပေးရန် အကောင်းဆုံးပင် မဟုတ်ပါလား။ သူ မနက်ဖြန်ခါကျရင် လန်ဒန်သို့ လေယာဉ်ပျံနှင့် ပြန်သွားပြီး အီတလီနိုင်ငံ၊ ဂျီနီဝါတွင် ဒေါက်တင် ထားသော သေနတ်၏ လုံခြုံရေးအတွက် ပိုဂရုစိုက်ရန် မစ္စတာဟာပါကို ပြောရဦးမည်။

❑



ဇန်နဝါရီလ ၁၅ ရက် ဗုဒ္ဓဟူးနေ့တွင် လန်ဒန်၊ ဟီသရိုးလေဆိပ်မှ နေ့လယ် ၁၂ နာရီ ၁၅ မိနစ်တွင် ကနေဒါနိုင်ငံ၊ မွန်ထရီရယ်မြို့သို့ လေကြောင်းခရီးစဉ် ဘီအေ ၆၀၁ စတင် ပျံသန်းသည်။ ဘိုးရင်း ၇၀၇ ဂျက်လေယာဉ်ကြီး ပေါ်တွင် အိုအေအက်စ် အဖွဲ့ဟောင်းမှ အကြမ်းဖက်သမား ၁၃ ဦး ပါသွားသည်။ ယခုလို ပြင်သစ်လူမျိုး တစ်ပြုံတစ်မွေ့ကြီး လိုက်ပါသွားသော်လည်း သူတို့လူစုသည် ပြင်သစ်စကားကို အိမ်တိုင်း လမ်းတိုင်း ပြောသော (ကနေဒါ၏) မြို့သို့ လိုက်ပါသွားကြခြင်း ဖြစ်သဖြင့် ထူးထူးထွေထွေ မဥပဒ်မိကြချေ။ သူတို့လူစု မွန်ထရီရယ်သို့ ရောက်သည့်အခါ အင်ဒရီဒူးပွန့်က ဆီးကြိုနေမည် ဖြစ်ပြီး ထိုမြို့တွင် တစ်ည အိပ်ကြမည်။ နောက်တစ်နေ့တွင် ဗင်ကူးဗားသို့ လေယာဉ်ပျံနှင့် ခရီးဆက်ထွက်မည်။ ဗင်ကူးဗားသည် စက်လှေ ပီချား ဆိုက်ကပ်ထားရာ ဗစ်တိုးရီးယားဆိပ်ကမ်းနှင့် နီးသည်။ ဒူးပွန့်က သူတို့အားလုံးကို စက်လှေပေါ်သို့ ချက်ချင်း တင်ထားလိုက်မည် ဖြစ်ပြီး အလပ်စကာမှ ဝင်းတား ပြန်ရောက်လာသည့် အချိန်အထိ စောင့်နေကြရမည် ဖြစ်သည်။

ဝင်းတားသည် အဆိုပါ လူစု လေယာဉ်ပျံဆီသို့ ထွက်ခွာသွားသည်ကို စောင့်ကြည့်နေပြီးနောက် သူ စီးရမည့် လေယာဉ်ပျံ ခရီးစဉ်အတွက် သတင်းမို နှန် လီကက် ရှိရာသို့ ကပျာကယာ ထွက်ခဲ့ရပြန်သည်။ လီကက်နှင့်အတူ အာမန်ဘဖင်နှင့် ပီရီဂေါက်စင် ဆိုသူ အကြမ်းဖက်သမား နှစ်ဦးလည်း ပါလာသည်။

နေ့လယ် ၁၂ နာရီ ၄၅ မိနစ်တွင် အလပ်စကာပြည်နယ်၏ မြို့တော် 'အင်ကားရေ့ချ်' သို့ လေကြောင်းခရီးစဉ် အမှတ် ဘီအေ ၈၅၀ စတင်ပျံသန်းသည်။ အဆိုပါ ဘိုးရင်း ၇၀၇ ဂျက်လေယာဉ်ကြီးပေါ်တွင် ဝင်းတား၊ လီကက်နှင့် အခြား ပြင်သစ် နှစ်ဦး လိုက်ပါသွားသည်။ သူတို့ ခရီးစဉ်မှာ မြောက်ဝင်ရိုးစွန်းပေါ်မှ တိုက်ရိုက် ဖြတ်ပျံသန်းသော ခရီးစဉ် ဖြစ်ပြီး ပျံသန်းချိန် ၉ နာရီ ကြာမြင့်လိမ့်မည်။ လေယာဉ်ပျံပေါ်တွင် သူတို့ တကွဲတပြားစီ ထိုင်ကြသည်။ လီကက်နှင့် ဝင်းတားက ထိုင်ခုံ သီးခြား။ တစ်ဦးနှင့် တစ်ဦး ဘာမျှ အဆက်အသွယ် မရှိသလို ထိုင်ကြသည်။ အာမန်ဘဖင်နှင့် ပီရီဂေါက်စင်တို့ ကမူ တခြား တစ်နေရာတွင် ဘေးချင်းယှဉ်၍ ထိုင်လိုက်လာကြသည်။

ဝင်းတားအနေနှင့် ဤလုပ်ငန်းတွင် သုံးရန် ငွေကြေး အလုံအလောက် ရှိနေသော်လည်း သူတို့အားလုံး ပထမတန်းမှ မစီးဘဲ ရှေ့တာရေးတန်းမှ

www.burmeseclassic.com

www.burmeseclassic.com



စီးနင်းလိုက်ပါလာကြသည်။ ဝင်းတားက ဒီလို ယူဆသည်။ ဟိုတယ်မှာ တည်းခိုသော် ဈေးအကြီးဆုံး ဟိုတယ်တွင် တည်းခိုမှ သက်ာမကင်း ဖြစ်ခံရမှုက ကင်းလွတ်မည်။ သို့သော် လေယာဉ်ပျံပေါ်တွင်ကား ပြောင်းပြန် ဖြစ်သည်။ ချွေတာရေးတန်းတွင် စီးမှ လူကြားထဲတွင် ပျောက်နေလိမ့်မည်။

လေယာဉ်ပျံပေါ်တွင် ကျန်လူသုံးယောက်က စားလိုက်၊ မဂ္ဂဇင်းဖတ်လိုက်၊ ထပ်စားလိုက်နှင့် မအိပ်ချင်အောင် ကြိုးစားနေကြသော်လည်း ဝင်းတားကတော့ တစ်လမ်းလုံးလိုလို အိပ်လိုက်လာသည်။ ဆင်းရမည့် လေဆိပ်သို့ ရောက်ရန် နာရီဝက်အလိုကျမှ ပြန်နိုးလာသည်။

ဟမ်းဘတ်မှ လန်ဒန်သို့ ပျံသန်းလာသော လေကြောင်းခရီးစဉ်အမှတ် ဘီအီး ၆၁၃ သည် ဟီသရိုးလေဆိပ်သို့ နေ့လယ် ၁ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်လာသည်။ ထရိုင်းဒင့် လေယာဉ်ပျံပေါ်မှ ပထမဦးဆုံး ဆင်းလာသူမှာ ဆူလီဗန်ပင်တည်း။

❑

ဟီသရိုးလေဆိပ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆူလီဗန်သည် သူ့တိုက်ခန်း ရှိရာသို့ လှမ်းဖုန်းဆက်မိသည်။ နောက်မှ တယ်လီဖုန်း မဆက်ဘဲ နေခဲ့မိရင် အကောင်းသားဟု နောင်တရမိသည်။ သူ့အိမ်တွင် အချိန်ပိုင်းလာရောက် ရှင်းလင်းပေးသူ မစ္စစ်မော်ရီဆန်က ဆူလီဗန်အား ချက်ချင်းပြန်ဆက်စေလိုသည့် တယ်လီဖုန်းနံပါတ်တစ်ခုကို ပြောပြသည်။ ထိုနံပါတ်ကိုကြားသည်နှင့် တစ်ပြိုင်နက် ထိုတယ်လီဖုန်း ပိုင်ရှင်သည် ရေတပ်ဗိုလ်ချုပ်ကြီး ဂျော့ချ်လင်းဆေးဝပ် ဖြစ်ကြောင်း သူ သိလိုက်သည်။ သည်ပုဂ္ဂိုလ်ကြီးကြောင့်ပင် သူ ရေတပ်မတော်က ထွက်ခဲ့ရခြင်း ဖြစ်သည်။ မစ္စတာဝပ်သည် ယခုကာကွယ်ရေးဝန်ကြီးဌာနသို့ ရောက်ရှိနေလေပြီ။ ကိစ္စတစ်ခု ချက်ချင်း ပြီးပြတ်သွားအောင် သူက တယ်လီဖုန်း ကောက်ဆက်သည်။ ဝပ်၏ အတွင်းရေးမှူးက ယနေ့ ညနေ ၃ နာရီတွင် အာအေစီကလပ်၌ တွေ့ဆုံမည် ဖြစ်ကြောင်း ပြန်ချိန်းသည်။

ဆူလီဗန်က ကန့်ကွက်သည်။

"ဒီကနေ့ ညနေကို ပြောတာ မဟုတ်ဘူး ထင်တယ်"



"သူက ဒီကိစ္စ သိပ်အရေးကြီးတယ်လို့ ပြောပါတယ်၊ ဟိုကျရင် ရှာထူးအဆင့်ကို မပြောဘဲ မစ္စတာဝပ်နဲ့ တွေ့ပါရစေလို့ ပြောပါတဲ့"

ဆူလီဗန်သည် လေဆိပ်မှ ကလပ်သို့ တန်းထွက်လာသည်။ အငှားကားထဲတွင် တစ်လမ်းလုံး သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ သူ့ကို အခုအချိန်အထိ ရေတပ်မတော်က ဗိုလ်တစ်ယောက်လို ဆက်ဆံနေသည်။ ဒါတောင်မှ သူက ဘာပြုလို့ မငြင်းလိုက်ရတာလဲ။

ကလပ်သို့ ရောက်သောအခါ အသက် ၆၀ ရှိပြီဖြစ်သော ဗိုလ်ချုပ်ကြီးဝပ်က အသင့် ထိုင်စောင့်နေသည်ကို တွေ့ရသည်။ ဝပ်သည် သချိုင်းသို့ ခြေတစ်ဖက် လှမ်းနေသော အဘိုးအိုကြီးများသာ ထိုင်လေ့ရှိသည့် ပက်လက်ကုလားထိုင်တစ်လုံးတွင် ထိုင်နေပြီး သူ ရောက်သွားသောအခါ ဝပ်က စားပွဲတစ်လုံးဆီသို့ လက်ညှိုးထိုးပြရင်း ထိုင်ရာက ထသည်။

"မင်း ဟိုမှာ ထိုင်ချင်လိမ့်မယ် ထင်တယ်၊ ဒါနဲ့ ပက်ဂီတစ်ယောက် နေကောင်းရဲ့လား။ သူက မင်းရဲ့ နောက်ဆုံး ရည်းစားလို့ ငါ ထင်တယ်"

"သူ နေကောင်းပါတယ်"

သူတို့နှစ်ဦး တွေ့သည့်အခါတိုင်း ဝပ်က ဆူလီဗန် အောက်ခြေ ယိုင်သွားအောင် ဦးစွာ တွယ်ထည့်လေ့ရှိကြောင်း တွေးလိုက်မိသည်။ ပြီးမှ–

"အခု ခေါ်တာ ဘာကိစ္စလဲ၊ ကျွန်တော် ဥရောပက ပြန်ရောက်ခါစပဲ ရှိသေးတယ်၊ နည်းနည်းလောက် အနားယူချင်သေးတယ်"

ဝပ်က သူ့ကို စားပွဲပေါ်က ကျော်ကြည့်ရင်း ဖြတ်ပြောသည်။

"ငါ သိပါတယ်၊ ဟိုမေး ဒီမေးနဲ့ ပြင်သစ်ကမ်းခြေတစ်လျှောက်လုံးများအုံကို တုတ်နဲ့ ထိုးသလို မင်း လုပ်ခဲ့တာလေ"

"ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

"ကော်ဖီ သောက်ဦးမလား။ အေးလေ၊ သောက်လည်း မထူးပါဘူး။ ကြက်သီးနွေးလောက်ပဲ ရမှာပါ။ ထားပါတော့လေ၊ အဲ... မင်း မေးတဲ့ မေးခွန်းကို ပြန်ဖြေရရင် အဲဒီလို အရာရာကို သိရမှာက ငါ့အလုပ်ပဲ၊ အခု ငါ မင်းကို ဒီ ခေါ်ပြောတာက အဲဒီလိုကိစ္စမျိုး နောက်ထပ် မလုပ်ဖို့ မေတ္တာရပ်ခံတာ"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ရေတပ်ဗိုလ်ချုပ်ကြီး ဝပ်က ပြုံးလိုက်သည်။

“ငါ သူများ မေးတာကို မဖြေတတ်ဘူးဆိုတာ ခုအချိန် ရောက်မှ မင်းလည်း သိဖို့ကောင်းပြီ၊ အခု ငါက မင်းကို တရားမဝင် ပြောနေတာကွ”

“ခင်ဗျား ဒီကိစ္စကို ကျုပ် ဝင်လာလာချင်း ပြောဖို့ ကောင်းတာ အခု ကျုပ် ပြန်တော့မယ်”

“တစ်မိနစ် နှစ်မိနစ်လောက်တော့ သည်းခံပြီး နေပါဦးကွာ၊ မင်းက အရင်ပုံစံအတိုင်း နည်းနည်းမှ မပြောင်းလဲသေးဘဲကိုး။ မင်း... အခု ဟာဗီ သဘော်ာကုမ္ပဏီမှာ မဟုတ်လား”

ဆူလီဗန်တစ်ယောက် စိတ်တိုလာလေပြီ၊ သို့သော် သူ့မျက်နှာထားက တော့ စိုးစဉ်းမျှ မပြောင်းလဲသေး။

“မေးနေရသေးသလားဗျာ... အရာရာကို သိရမှာက ခင်ဗျား အလုပ်ပဲ မဟုတ်လား၊ ဒီတော့ ဒီကိစ္စကို ဆက်မလုပ်သင့်တဲ့အကြောင်း ခင်ဗျား က အကြောင်းအချက် ခိုင်ခိုင်လုံလုံနဲ့ ပြောနိုင်ခဲ့ရင် ကျုပ် စဉ်းစားမယ် စဉ်းစားမယ်လို့သာ ပြောတာနော်”

“တို့လည်း ပြန်ပေးဆွဲမယ်၊ အနှောင့်အယှက်ပေးမယ် ဆိုတဲ့ ကောလာ ဟလတွေကို ကြားပါတယ်၊ ဒါပေမဲ့ အဲဒါက သူတို့ တကယ်လုပ်မယ့်ကိစ္စကို မရိပ်မိအောင် လှည့်ကွက်ဆင်ထားတာပဲ၊ ဒီကနေ့ ညနေ ၄ နာရီထုတ် သတင်းစာမှာ ပါလာပြီ”

“ခင်ဗျား ပြောနေတဲ့ ကိစ္စကို ရှင်းရှင်းလင်းလင်း သိပါရစေ”

“သဘော်ာ မဟုတ်ဘူးကွ၊ လေယာဉ်ပျံ အမ်စတာဒမ်က ပဲရစ်ကို ပျံမယ့် ကေအယ်လ်အမ် လေကြောင်းခရီးစဉ်အမှတ် ၄၀၁ လေယာဉ်၊ ဒီငတိတွေက ရှိဖောလေဆိပ်က တက်လိုက်လာတာ၊ ဒီကိစ္စက သိပ်အရေးကြီးနေတယ် လေယာဉ်ပျံပေါ်မှာ ရှိုင်ရယ်ဒပ်ချ်ရှဲလ်ကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာနဲ့ အထက်တန်းအရာရှိနှစ်ယောက် ပါသွားတယ်”

“အဲဒါကြောင့် သိပ်အရေးကြီးတယ်လို့ ဆိုလိုတာလား”

“ဟုတ်တယ်လေ၊ သူတို့ အခု ရေဒီယိုနဲ့ တောင်းဆိုချက်တွေတောင် တောင်းဆိုနေပြီ၊ ရှဲလ်ကုမ္ပဏီက ဒီလို မလုပ်ရဘူး၊ ဟိုလို လုပ်ပေးရမယ် ဆိုတဲ့ မဟုတ်က ဟုတ်ကတွေပေါ့ကွာ၊ သူတို့ ပြောသလို မလုပ်ရင် ရှဲလ်က လူတွေကို သတ်ပစ်မယ်တဲ့၊ ဒီတော့ မင်း ကြားခဲ့ရတဲ့ ကောလာဟလဟာ တမင်သက်သက် လမ်းလွှဲခဲ့တာ၊ တကယ် ပြန်ပေးဆွဲမယ့် လေယာဉ်ပျံကိစ္စကို



ချုပ်အုပ်ဆိုင်းဆိုင်း လုပ်လိုက်တာပဲ၊ တစ်နည်းကတော့ အာရပ်တွေ ဘယ် လောက် လက်စောင်းထက်တယ် ဆိုတာကို ထပ်ပြလိုက်တာပဲပေါ့”

“ဒီတစ်ချီမှာလည်း ကျုပ်တို့က ဒူးထောက်ပြီး အညံ့ခံလိုက်ရမှာလား”

“ဒါပဲ ရှိတော့တာပေါ့၊ သူတို့က တို့လည်ပင်းကို ဆုပ်မိကိုင်မိပြီ ဆို တော့ ဘာမှ လုပ်လို့မရတော့ဘူး၊ သူတို့ ခိုင်းသမျှ လုပ်ပေးရတော့မှာပဲ၊ အဲ... မင်းကို တို့ အားကိုးအားထား ပြုလို့ ရနိုင်ပါ့မလား”

ဝပ်က ဆတ်ခနဲ ထလိုက်သော ဆူလီဗန်ကို စိုက်ကြည့်ရင်း မေးလိုက် ခြင်း ဖြစ်သည်။

“အရင်တလော ကျုပ်နဲ့ တွေ့တုန်းကတော့ ကျုပ်ကို လုံးဝအားမကိုး ဘူးလို့ ခင်ဗျားပဲ ကောက်ချက်ချခဲ့တာပဲလေ၊ ကဲ ကျွန်တော့်ကို ခွင့်ပြုပါဗျာ၊ လေယာဉ်ပျံပေါ်က ဆင်းဆင်းချင်း ဒီကို တန်းလာခဲ့ရတာမို့ပါ”

ဆူလီဗန်သည် ကလပ်ထဲမှ ဒေါပွပွနှင့် ထွက်လာခဲ့သည်။ ဝပ်နှင့် တွေ့ရခင်တုန်းက ဟာပါကို ဂျီနီဗါတွင် ဒေါက်တင်ထားသော ချိဖ်တိန် နန့်တင်သဘော်ာ၏ လုံခြုံရေးကို ဂရုစိုက်ဖို့ ပြောဆိုပြီးလျှင် ဒီကိစ္စကို မေ့ပစ် လိုက်တော့မည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့သော် သည်ကိစ္စသည် ဦးနှောက်ထဲတွင် ထင်ရှားတတ်သေး။ အခုတော့ ဝပ်က ထူးထူးဆန်းဆန်း မေတ္တာရပ်ခံလာ သည့်အတွက် ဝပ်၏ ဆန္ဒကို လိုက်လိုက်လျောလျော လုပ်ပေးသလို မဖြစ်ရ လေအောင် ဆက်စုံစမ်းတော့မည်။ သူ ဗစ်တာဟာပါထံ ဆက်သွားချိန်တွင် ကြီးအကျယ် ဒေါပွနေဆဲပင်။

❑

ဆူလီဗန်သည် ညနေ ၅ နာရီတွင် ဟာပါနှင့် သွားတွေ့သည်။ ပြင်ဘက်၌ ဆီးနှင်းများ တဖွဲဖွဲကျနေစဉ် သူတို့နှစ်ဦး ဖယောင်းတိုင် မီးရောင် အောက်၌ ဆွေးနွေးနေကြသည်။ ဟာပါ ရေနံတင်သဘော်ာကုမ္ပဏီ၏ ဥက္ကဋ္ဌ ဖြစ်သူ ဟာပါသည် တစ်ချက်ကလေး အငြိမ်မနေနိုင်ဘဲ ဆက်တိုက် အလုပ် လုပ်နေရမှ ကျေနပ်သူ ဖြစ်သည်။ အသက် ၅၀ ရှိပြီ ဖြစ်ပြီး ဆံပင်ဖြူစ ပြုနေပြီ။ သူက နောက်တစ်နေ့တွင် အီတလီသို့ ချက်ချင်း လိုက်သွားပြီး ချိဖ်တိန်၏ လုံခြုံရေးကိစ္စကို ထပ်စီစဉ်မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးနေစဉ် ဆူလီဗန်က တစ်ချက် ဝင်ထောက်သည်။

''ဒါပေမဲ့ တကယ်ကတော့ ချိုဖ်တိန် ဟုတ်ချင်မှ ဟုတ်မှာ''

ဟာပါက ခပ်ဆတ်ဆတ် ပြန်မေးသည်။

''မင်းက ဘာပြုလို့ အဲဒီလို ထင်ရတာလဲ''

''ပေါလ်ဟင်နာမင်ဆီ ဝင်းတား သွားလှေ့လာသွားတာက ချိုဖ်တိန်ရဲ ဆိုတာ ထင်းထင်းကြီး ပေါ်နေလို့ပေါ့၊ ပြီးတော့ ဒီငတိဟာ သိပ်ပါးပါးနပ်နပ် ရှိတဲ့လူ၊ သိပ်လျင်တဲ့ လူလို့ ကျွန်တော့်စိတ်ထဲမှာ အလိုလို သိနေတယ်''

''ဘာပြုလို့လဲ''

''ဘာဖြစ်လို့လဲဆိုတော့ ဒီလူက ဒိုပြင်လူဆိုးတွေနဲ့ လုံးဝမတူတဲ့ လူဆိုး၊ ပြီးတော့လည်း သူနဲ့ ပတ်သက်တဲ့ မှတ်တမ်းမှတ်ရာ ဘယ်မှာမှ မရှိ ဘူး။ ကျွန်တော် ဒီကို မလာခင် စကော့တလန်ယဒ်က အသိတစ်ယောက်ဆီ တယ်လီဖုန်းဆက်ခဲ့သေးတယ်၊ သူက ကြားတောင် မကြားဖူးဘူးတဲ့၊ အဲဒီလို လုံးဝ မှတ်တမ်းတင် မခံရအောင် (ရာဇဝတ်မှုတွေကို) ကျူးလွန်နိုင်တဲ့ လူဟာ သိပ်ကို လည်လို့သာ ဖြစ်ရမှာပေါ့''

နောက်ဆုံးတွင် ဟာပါက ဂျိနိုဝါသို့ သွားရန်နှင့် သူ သွားနေစဉ် အတောအတွင်း ဆူလီဗန်က သဲလွန်စ အသစ် ထပ်ရလာသည် ရှိသော် ဟာပါ၏ အတွင်းရေးမှူး ဗီဗီယန်ထံမှ စရိတ်စက ထပ်ထုတ်ယူပြီး ဆက်စုံစမ်း နိုင်သည်ဟု ဆုံးဖြတ်လိုက်ရသည်။ ဆူလီဗန်တစ်ယောက် ခုမှပင် အိမ်ပြန်နိုင် တော့သည်။

❑

ရေတပ်ဗိုလ်ချုပ်ကြီး ဝပ်က ခိုင်းသည့်အတိုင်း လိုက်လုပ်သည်ဟု အထင်ခံရမှာကို မကြိုက်သည့် အချက်တစ်ချက်တည်းက ဆူလီဗန်ကို နောက် တစ်နေ့တွင် ဆက်စုံစမ်းရန် တွန်းအားပေးခဲ့လေသည်။ တစ်ညလုံး ကောင်းကောင်း အိပ်ခဲ့ရသော ဆူလီဗန်သည် နောက်တစ်နေ့တွင် သူ သိသမျှ အဆက်အသွယ် အားလုံးထံ ဆက်သွယ်မေးမြန်းသည်။ တစ်နေရာရာတွင် တစ်ယောက်ယောက်ကတော့ ဝင်းတားကို သိကို သိလိုက်ရမည်။



သူ ပထမဦးဆုံး အထူးစုံစမ်းထောက်လှမ်းရေးဌာနသို့ ဆက်သွယ် သည်။ သူ့မိတ်ဆွေက နေ့လယ်ပိုင်းတွင် တယ်လီဖုန်း ပြန်ဆက်သည်။

''ဝင်းတား ဆိုတဲ့လူကို ကြားတောင် မကြားဖူးဘူး။ သူနဲ့ ပတ်သက် ပြီး ထူးခြားတာလည်း မရှိဘူး၊ ဝမ်းနည်းပါတယ်ဗျာ''

ဤတွင် သူ စကော့တလန်ယဒ်သို့ ထပ်ဆက်သွယ်ပြန်သည်။ သူ့ မိတ်ဆွေ ရဲမှူးကြီး ဟင်ဘာတန်က ဆူလီဗန်၏ စုံစမ်းချက်ကို သူ အုံ့ဩနေ သည်ဟု ပြန်ဖြေသည်။

''အေးပါကွာ၊ ငါ ထပ်ပြီး စုံစမ်းခိုင်းပါသေးတယ်၊ ဒါပေမဲ့ ဘာမှ မှာမတွေ့ဘူး''

အကြီးအကျယ် ဦးနှောက်ခြောက်လာသော ဆူလီဗန်သည် ပြည်တွင်း မှာတင်မက ပြည်ပသို့ တယ်လီဖုန်းဆက်ပြန်သည်။ ဝါရှင်တန်ရှိ အက်ဖ်ဘီအိုင် သို့ ဆက်သွယ်ခဲ့ရာ တစ်နာရီအတွင်း တယ်လီဖုန်း ပြန်ဆက်သည်။

''အမေရိကမှာတော့ သူနဲ့ ပတ်သက်တဲ့ မှတ်တမ်း လုံးဝမရှိဘူး၊ ခင်ဗျား ခုလို တကူးတက မေးတဲ့အတွက် အခြား စုံထောက်အဖွဲ့တွေကိုတောင် ထပ်မေးကြည့်သေးတယ်၊ သူတို့ဆီမှာလည်း ဘာမှ မရှိဘူးတဲ့၊ ခင်ဗျား နိုင်ငံ တကာ ရဲအဖွဲ့တွေကိုကော လှမ်းမေးပြီးပြီလား''

မှန်သည်။ ဆူလီဗန်သည် အင်တာပိုလ်အဖွဲ့ဝင် တောင်အာဖရိက ရဲအဖွဲ့မှ ဗီတာဗန်ဒါဘီလ်ကို တယ်လီဖုန်းဆက်ပြီး မေးခဲ့သေးသည်။ အဖြေ တတော့ ဘာမှ မရှိပါတဲ့။ ထိုနေ့ ညနေပိုင်းတွင် သူ လွိုက်ကုမ္ပဏီသို့ ပထမ တစ်ကြိမ် သွားခဲ့စဉ်က မတွေ့ခဲ့ရသော ပုဂ္ဂိုလ်တစ်ယောက်နှင့် သွားတွေ့သည်။

သူက မက်ဂီလီဘရေးကို ပြောပြသည်။

''ကျွန်တော်တော့ ဟာပါကုမ္ပဏီက အလုပ်ပြုတ်တော့မှာပဲ ထင်တယ်၊ ဘယ်ကိုပဲ သွားပြီး စုံစမ်း စုံစမ်း ဗလာသက်သက်နဲ့ချည်း တွေ့နေရတယ်၊ ကျွန်တော်တော့ တော်တော့်ကို စိတ်ပျက်လာပြီ''

မက်ဂီလီဘရေးသည် လွိုက်ကုမ္ပဏီကြီးတွင် အထွေထွေ စီမံခန့်ခွဲရေး ကိစ္စများကို နောက်ပိုင်းမှ တာဝန်ယူရသူတစ်ဦး ဖြစ်သည်။

သူက ဆုံလည်ကုလားထိုင်တွင် နောက်မှီ၍ ထိုင်ချလိုက်ပြီးနောက် ဆူလီဗန်ထံ စီးကရက်တစ်လိပ် ပစ်ပေးလိုက်သည်။

''ကဲ... မင်း ပြဿနာက ဘယ်လိုလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်ဆန်းပိုင်းမှာ ဒီကို လာတုန်းက ခင်ဗျားနဲ့ ကျွန်တော် လွဲသွားတယ်၊ ခုနက ပြောတဲ့ ပြဿနာဆိုတာကလည်း တကယ်တော့ ပြဿနာကို မဟုတ်ဘူး။ ကျွန်တော် လူတိုင်းနဲ့ လိုက်မေးမြန်းခဲ့တယ်၊ ဒါပေမဲ့ ဘာမှ အဖြေမပေါ်ခဲ့ဘူး"

မျက်နှာတွင် ထင်းတိပ် အပြည့်ရှိသော အသက် ၄၀ အရွယ် မက်ဂီလီဘရေးက အားပါးတရ ပြုံးပြီး ပြန်ဖြေသည်။

"မင်းက တကယ့်ပညာရှိ၊ ငါနဲ့မှ လာမဆွေးနွေးသေးဘဲကိုး"

"လွန်ခဲ့တဲ့ ရက်သတ္တ ခြောက်ပတ်၊ ဒါမှမဟုတ် ရှစ်ပတ်အတွင်းက ဟာပါ ရေနံတင်သင်္ဘောကုမ္ပဏီနဲ့ ပတ်သက်တဲ့ ကောလာဟလ တစ်စွန်းတစ်စ လောက်များ ကြားမိသလား ဆိုတာ သိချင်တယ်"

"ကောလာဟလတော့ တစ်ခုမှ မကြားမိဘူး"

"အဲဒါကို ပြောတာပေါ့"

မက်ဂီလီဘရေးက သူ့နေ့စဉ်မှတ်တမ်း စာအုပ်ကို ပြန်လှန်ကြည့်ရင်း ဖြေသည်။

"လွန်ခဲ့တဲ့ သောကြာနေ့က ဒီကို လာခဲ့တဲ့ လူတစ်ယောက်က လွဲရင် ဘာမှ ထူးထူးထွေထွေ ပြောစရာမရှိဘူး။ အဲဒီလူက ရေနံပြဿနာနဲ့ ပတ်သက်တဲ့ အခန်းဆက် ဆောင်းပါးရှည်ကြီးတစ်ပုဒ် အမေရိကန် သတင်းစာတစ်စောင် အတွက် ရေးမလို့တဲ့၊ သူက ဟာပါသင်္ဘောကုမ္ပဏီက ချိဖ်တိန်သင်္ဘောအကြောင်း မေးမြန်းစုံစမ်းသွားတယ်၊ ဒီသင်္ဘောက အခု ဂျီနီဝါမှာ ပြင်မလို့ ဒေါက်တင် ထားတယ်၊ သူ အဲဒီကို လိုက်သွားပြီး ကြည့်မလိုလိုတောင် ပြောသွားတယ်"

ဆူလီဗန်သည် ပေါလ်ဟင်နာမင်ဆီက ရလာသော ဂန်းဗုအား၏ ဓာတ်ပုံ ထုတ်ပြရင်း မေးလိုက်သည်။

"ဟောဒီလူလား"

မက်ဂီလီဘရေးက ဇဝေဇဝါ ဖြစ်သွားဟန်နှင့် စူးစူးစိုက်စိုက် ကြည့်နေသည်။

"အဲဒီ နှုတ်ခမ်းမွေး မပါရင် သူ့မျက်နှာ ဘယ်လိုနေမလဲ ဆိုတာ သိချင်တယ်"



"ဒီလိုလား . ."

ဆူလီဗန်သည် မနေ့က ညနေက ဝင်းတား၏ ဘေးတစောင်းပုံ တစ်ပုံတွင် နှုတ်ခမ်းမွေးကို ဆေးနှင့်အုပ်၍ ဖျက်ခဲ့သည်။ သူက ထိုဓာတ်ပုံကို ပြရင်း–

"အဲဒီတုန်းကတော့ ဦးထုပ်လုံးကလေး ဆောင်းထားမယ် မထင်ဘူး"

မက်ဂီလီဘရေးကလည်း ချက်ချင်း ပြန်ဖြေသည်။

"ဟုတ်တယ် . . မဆောင်းဘူး။ သေချာတယ်၊ သူပဲ၊ သူက ဘယ်သူ ထဲကွ"

"ဦး 'ကကြီး' ဆိုပါတော့ဗျာ၊ သူက ဟာပါကုမ္ပဏီရဲ့ အခြားသင်္ဘော အကြောင်း မေးသွားသေးသလား"

"အေး . . ချဲလင်ဂျာအကြောင်း မေးတယ်၊ အဲဒီသင်္ဘောဟာ ချိဖ်တိန် နဲ့ တော်တော်လေး တူသလား၊ ဒီသင်္ဘောနှစ်စင်းမှာ မတူတဲ့ အချက် ဘာများ ရှိသေးသလဲတဲ့၊ ငါကလည်း ဒီသင်္ဘောနှစ်စင်းဟာ အမွှာသင်္ဘော ဆိုတာ လောက်ပဲ သိတယ်လို့ ဖြေလိုက်တယ်၊ ခုမှ ပြန်စဉ်းစားကြည့်တော့ သူက အဲဒီသင်္ဘောအကြောင်း တော်တော်ကလေး မေးသွားတာပဲ"

"ဘာတွေများ မေးသွားလို့လဲ"

"သင်္ဘောမှာ သင်္ဘောသား ဘယ်နှယောက် ပါသလဲ၊ သင်္ဘောပေါ်မှာ ကြေးနန်းရိုက်သမား တစ်ယောက်တည်းလား၊ နှစ်ယောက် ပါတတ်သလား။ ဘယ်မှူးက ဘယ်လိုလူစားမျိုးလဲ ဆိုတာတွေပေါ့၊ ငါကလည်း မက်ကေး အကြောင်း သိထားတော့ အကျဉ်းချုပ် ပြောပြလိုက်တယ်၊ ငါ့စိတ်ထဲကတော့ ဒီလူ သိပြီးသား ကိစ္စတွေကို သေချာအောင် ထပ်စုံစမ်းနေတာပဲလို့ ထင်နေမိ တယ်၊ အဲဒီသင်္ဘောက အလင်္ဂကာနဲ့ ဆန်ဖရန်စစ္စကို ကို ခေါက်တုံ့ခေါက်ပြန် ရေနံ သယ်ပို့နေတယ်လေ"

"အမေရိကန် ရေနံကို ဗြိတိသျှ သင်္ဘောတစ်စင်းက အမေရိကန် ဆိပ်ကမ်းတစ်ခုက တခြား ဆိပ်ကမ်းတစ်ခုကို ပို့ပေးရတယ် ဆိုတာ သမိုင်းမှာ မော်တွန်းတင်ရမယ့် ကိစ္စတစ်ခုပေါ့"

"အေး . . ဟုတ်တယ်၊ ၁၉၂၀ ခုနှစ်မှာ ပြဋ္ဌာန်းထားတဲ့ ဂျုန်းစ် အက်ဥပဒေအရ အမေရိကန်ဆိပ်ကမ်းတစ်ခုက တခြား အမေရိကန်ဆိပ်ကမ်း တစ်ခုဆီကို အမေရိကန် သင်္ဘောတွေကသာ ပစ္စည်းတွေ သယ်ပို့ပေးနိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ ဆိုတယ်၊ ဒါပေမဲ့ သူတို့က အဲဒီဥပဒေကို ပြန်ရုပ်သိမ်းလိုက်ပြီ၊ နေပါဦး အဲဒီ ဦး'ကကြီး' က ဘာဖြစ်လို့လဲ''

''ခုကိစ္စတွေအားလုံး သူက စတယ်လို့ ဆိုကြပါစို့ဗျာ''

ဆူလီဗန်သည် စားပွဲပေါ်က ဝင်းတား၏ မာတ်ပုံ နှစ်ပုံကို ပြန်ကောက်ယူပြီး ထိုင်ရာက ထလိုက်သည်။

''နောက် တစ်နာရီအတွင်း ကျွန်တော့်မှာ လုပ်စရာ တော်တော်များများ ရှိတယ်၊ ပိုက်ဆံ သွားထုတ်ရမယ်၊ လေကြောင်းကုမ္ပဏီတွေဆီကို လှမ်းစုံစမ်းရမယ်''

''ဘာလဲ၊ အနားယူ အပန်းဖြေခရီး ထွက်မလို့လား''

''ဟုတ်တာပေါ့၊ အလပ်စကာကို သွားမလို့''

□□□

## ဒုတိယပိုင်း

— သဘော်ာပြန်ပေး

www.burmeseclassic.com

www.burmeseclassic.com

# – ဒုနှစ် –

ဥရောပတိုက်နှင့် အမေရိကန်နိုင်ငံတွင် လောင်စာဆီ အခက်အခဲက တစ်နေ့တခြား ပိုဆိုးရွားလာသည်။ တက်ဆက်ပြည်နယ်မှ ရေနံများကို ရေနံ ပိုရှားသည့် အမေရိကန်နိုင်ငံ၏ အရှေ့မြောက်ဒေသသို့ အဆက်မပြတ် သယ်ပို့ပေးနေရသည်။ ပြီးတော့ မကြာသေးမီက ဗင်နီဇွဲလားရှိ မာရာကေဗို ရေနံတွင်းများကို အကြမ်းဖက်သမား တစ်စုက ဖောက်ခွဲဖျက်ဆီးသွားသည်။

ပြီးတော့ အလပ်စကာမှ ရေနံပိုက်လိုင်းများ၊ တက်ဆက်နှင့် ဒီလာဝဲယားရှိ ရေနံချက်စက်ရုံများကိုသာမက ဗြိတိန်၊ ဂျာမနီနှင့် အီတလီနိုင်ငံများတွင်လည်း ရေနံနှင့် ပတ်သက်သည့် စက်ရုံများကို ဖောက်ခွဲဖျက်ဆီးမှုများ ဖြစ်ပေါ်နေသည်။ တချို့ကတော့ ဒီကိစ္စများကို အာရပ် အကြမ်းဖက်သမားများက တမင် လိုက်လုပ်နေခြင်း ဖြစ်သည်ဟု ထင်သည်။ သို့မှသာ ရှားပါးကုန်ပစ္စည်း ဖြစ်နေသော ရေနံသည် တစ်နေ့တခြား ပိုရှားပါးလာမည်။ ယခုဆိုလျှင် ရေနံတစ်စည်ကို ဒေါ်လာ ၅၀ ပေး၍ ဝယ်နေကြရပြီ။

အမေရိကန်နိုင်ငံတွင်လည်း အက်ဖ်ဘီအိုင်က ဤကိစ္စများသည် (အစိုးရကို) မကျေမနပ် ဖြစ်နေသော 'မိုးမလာဝသအုပ်စု' လို အကြမ်းဖက်သမားများက လုပ်နေခြင်း ဖြစ်သည်ဟု ယူဆပြီး စုံစမ်းထောက်လှမ်းနေသည်။ သို့



သော် မည်သူကပဲ လုပ်လုပ် ရေနံအခြေအနေသည် တစ်နေ့ထက် တစ်နေ့ ပိုဆိုးရွားလာသည်။ ဥရောပတိုက်နှင့် အမေရိကန်နိုင်ငံတို့သည် ဒူးထောက်လက်မြှောက်၍ အရှုံးပေးရတော့မည့်ဆဲဆဲ ဖြစ်နေလေပြီ။

'မာရာကေဗို' ရေနံတွင်းများကို ဖောက်ခွဲဖျက်ဆီးခံလိုက်ရသောကြောင့် အမေရိကန်သည် စက်ရုံ အလုပ်ရုံများ အခြေအနေ မပျက် လည်ပတ်နိုင်ရန် ပြည်ပမှ ရေနံ ၁၀ ရာခိုင်နှုန်း ပိုတင်သွင်းရန် လိုအပ်လာသည်။ ထို ၁၀ ရာခိုင်နှုန်းကို အာရပ်နိုင်ငံများက လွဲလျှင် တခြား ဘယ်နိုင်ငံကမျှ မရနိုင်တော့ချေ။

ရေနံသည် ရွှေထက် ပိုတန်ဖိုးရှိလာသည်။ ရွှေထက်ပင် ပို၍ လုံလုံခြုံခြုံ ထိန်းသိမ်းစောင့်ရှောက်နေရသည်။ မာဖီးယားအဖွဲ့ကလည်း ရေနံတင်ကားများကို မကြာခဏ လမ်းမှ ဖြတ်ဖြတ်လုလေ့ ရှိသည်။ ထို့ကြောင့် ရေနံကို သက်နက်ကိုင် အစောင့်အရှောက်များနှင့် တစ်နေရာမှ တစ်နေရာသို့ ပို့ပေးရလေ့ ရှိသည်။

အိမ်ဖြူတော်ကလည်း ရေနံပြဿနာကို အသေးစိတ် ကြိုတင်တွက်ချက်ထားသည်။ အကယ်၍သာ အာရပ်နိုင်ငံများက လက်ရှိ အနေအထားအတိုင်းပြည်ပသို့ ရေနံတင်ပို့မှုကို ၅၀ ရာခိုင်နှုန်း ဆက်လက် ဖြတ်တောက်ထားဦးမည်ဆိုပါက အခက်အခဲပေါင်း များစွာကို ရင်ဆိုင်ကျော်လွှားရင်း နွေဦးရာသီအထိကြံကြံခံနိုင်လိမ့်မည်ဟု ယူဆထားသည်။ သို့သော် အာရပ်နိုင်ငံများက ၅၀ ရာခိုင်နှုန်းထက် ပိုဖြတ်တောက်ပစ်ခဲ့သော် ပျက်စီးခြင်းငါးပါးနှင့် မလွဲမသွေကြုံရလိမ့်မည်ဟု တွက်ထားကြသည်။

❑

လေကြောင်းခရီးစဉ် အမှတ် ၈၅၀ နှင့် လိုက်ပါလာသော ဝင်းတားအစ်ယောက် အလပ်စကာပြည်နယ်၏ မြို့တော် အင်းကားရေ့ချ်သို့ ရောက်လာသောအခါ ဆီးနှင်းများ ကျနေခိုက် ဖြစ်သည်။ လန်ဒန်နှင့် အင်ကားရေ့ချ်တို့တွင် အချိန် ကွာခြားမှု များပြားကျယ်ပြန့်လှသဖြင့် ထိုလေယာဉ်ပျံသည် နေ့လယ် ၁၂ နာရီ ၄၅ မိနစ်တွင် လန်ဒန်မှ ထွက်လာခဲ့သော်လည်း အင်းကားရေ့ချ်သို့ ရောက်သောအခါ နံနက် ၁၁ နာရီ ၃၅ မိနစ်သာ ရှိသေးသည်။ ပြီးတော့ ဇန်နဝါရီလ ၁၅ ရက် ဗုဒ္ဓဟူးနေ့ပင် ဖြစ်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် လန်ဒန်၌ ည ၈ နာရီ ၅၅ မိနစ် ရှိနေလေပြီ။ ဆူလီဗန်တစ်ယောက် သူ့အိမ်ခန်းသို့ ပြန်ရောက်လာပြီး အင်ကားရေ့ချ်သို့ နောက်တစ်နေ့တွင် လိုက်ပါသွားရန် ပစ္စည်းပစ္စယများကို ထည့်သွင်း ထုပ်ပိုးနေချိန် ဖြစ်သည်။

အင်းကားရေ့ချ်ရှိ နိုင်ငံတကာလေဆိပ်တွင် ဝင်းတားသည် ရောဘတ်ဖောရက်စ် အမည်နှင့် အတုပြုလုပ်ထားသော နိုင်ငံကူးလက်မှတ်ကို ထုတ်ပေးလိုက်သည်။ နိုင်ငံကူးလက်မှတ်ထဲတွင် သူ့အလုပ်အကိုင်မှာ ဘူမိဗေဒအရာရှိဟု ဖော်ပြထားသည်။

ဝင်းတားက အမှတ်မထင် မေးသည်။

"အပြင်မှာ အငှားကား ရှိရဲ့လား"

"အကောက်ခွန်ဌာနက စစ်ပြီးပြီးချင်း ကမန်းကတန်း သွားမှ ရလိမ့်မယ်၊ ဒါတောင် တခြားလူတွေနဲ့ ပေါင်းပြီး စီးရလိမ့်မယ်"

သူသည် လီကက်နှင့်အတူ ကားတစ်စီးထဲတွင် ပေါင်းစီးရသည်။ ပြီးတော့ သူတို့ကားတွင် တခြား ခရီးသည် နှစ်ယောက်လည်း ပါသေးသည်။ ကားထဲတွင် လီကက်က ဝင်းတားကို သူစိမ်းတစ်ဦးလို မသိချင်ယောင်ဆောင်နေသည်။ သူတို့နောက်တွင် ပြင်သစ်လူမျိုး နှစ်ယောက်က အခြား ကားတစ်စီးနှင့် လိုက်လာကြသည်။

ဝင်းတားက 'ဝက်စ်ဝ်' ဟိုတယ်တွင် တည်းခိုသည်။ ခြောက်ထပ်ရှိ သူ့အခန်းထဲတွင် ပစ္စည်းပစ္စယများကို နေသားတကျ ထားပြီးနောက် အောက်ထပ်သို့ ပြန်ဆင်းလာသောအခါ ချက်ပလက် အငှားကားတစ်စီးက သူ့ကို အသင့်စောင့်နေလေသည်။ ကားမောင်းသူက ဝေါလ်ဂရင်။ ကားနောက်ပိုင်းတွင် တခြား ဟိုတယ်တစ်ခု၌ တည်းခိုသော လီကက်လည်း အသင့် ပါလာသည်။

ဝင်းတားက ဖတ်ခနဲ ပြောချလိုက်သည်။

"ချာလီဆွမ်းရဲ့ အိမ်ကို မောင်းစမ်း၊ အချိန်ကိုက် မကိုက် ငါ သိချင်တယ်"

ဝေါလ်ဂရင်က ကန့်ကွက်သည်။

"ကျွန်တော်ကိုယ်တိုင် စစ်ကြည့်ပြီးပါပြီ၊ အင်္ဂလန်ကို လှမ်းရေးလိုက်တဲ့ စာထဲမှာလည်း အချိန် ဘယ်လောက်ကြာတယ် ဆိုတာ ပါသားပဲ"

ဝင်းတားက ထပ်ပြောသည်။

"ဆွမ်းရဲ့ အိမ်ကို မောင်းစမ်း၊ ကျုပ်ကိုယ်တိုင် ထပ်စစ်မယ်"



ဘယ်လုပ်ငန်းမဆို စလုပ်သည့် အဆင့်တွင် အခက်အခဲ တွေ့ရလေ့ရှိသည်။ ဘယ်သင်္ဘောတွင်မဆို အရေးအပါဆုံး ပုဂ္ဂိုလ်မှာ ကမ်းခြေနှင့် ပြန်ဆက်သွယ်ပေးနိုင်မည့် ကြေးနန်းစက်ရိုက်သမားပင် ဖြစ်သည်။ ဝင်းတားသည် သူ့လူ ကင်းနီယတ်ကို အစားထိုး ထည့်သွင်းနိုင်ရန်အတွက် ချဲလင်ဂျာမှ ကြေးနန်းစက်ရိုက်သမား ချာလီဆွမ်းကို ပြန်ပေးဆွဲရလိမ့်မည်။

ဝေါလ်ဂရင်က ကားကို မြို့ပြင်ဆီသို့ ဦးတည်၍ မောင်းနှင်ရင်း ပြောလိုက်သည်။

"ချဲလင်ဂျာဟာ နိုက်ဂီစီကီ ရေနံဆိပ်ကမ်းကို ဒီနေ့ ညနေ ၆ နာရီကျရင် ဆိုက်မယ်၊ မာလိန်မှူးမက်ကေးကတော့ ခင်ပျား တည်းနေတဲ့ ဟိုတယ်မှာ ဒီတစ်ည လာတည်းလိမ့်မယ်၊ ဆွမ်းကတော့ အိမ်ကို ကားနဲ့ပြန်ပြီး ဟိုမှာ တစ်ည အိပ်မယ်၊ သူ နက်ဖြန်ခါ ညနေ ၃ နာရီခွဲကျရင် အိမ်က ကားနဲ့ လေဆိပ်ကို သွားလိမ့်မယ်၊ အဲဒီမှာ မက်ကေးနဲ့ ဆုံပြီး သင်္ဘောဆိပ်ကို မက်ကေးရဲ့ မိတ်ဆွေတစ်ယောက် မောင်းတဲ့ စက်စနာလေယာဉ်ပျံကလေးနဲ့ ဆက်သွားမယ်"

"ဒီလူတွေ ဒီအစီအစဉ်ကို ပြောင်းပြောင်းပစ်တတ်သေးသလား"

"ကျွန်တော် ဒီကို ရောက်နေတာ တစ်လ ရှိပါပြီ၊ ဒီအတောအတွင်း ချဲလင်ဂျာလည်း အသွားအပြန် သုံးခေါက် ရှိသွားပြီ၊ ဒီလူနှစ်ယောက်ဟာ အဲဒီအစီအစဉ်ကို တစ်ခါမှ ပြောင်းမပစ်သေးဘူး၊ မီးရထားအချိန်စာရင်းလို အိပ်အချိန်မှန်တယ်၊ ကင်းနီယတ်ကတော့ မြို့ထဲမှာ တည်းနေတယ်၊ ဒီစာရွက်အလေးထဲမှာ သူ့တယ်လီဖုန်းနံပါတ်နဲ့ ဆွမ်းရဲ့ တယ်လီဖုန်းနံပါတ်တွေ ပါတယ်လေ၊ အေးလေ... နက်ဖြန်ခါကျရင် ဆွမ်းကို ပြန်ပေးဆွဲပြီး ကျွန်တော်တို့ အလုပ်ကိစ္စကို စလုပ်နိုင်ပြီပေါ့"

ဝင်းတား၏ မျက်နှာထားကို မြင်လိုက်ရသောကြောင့် သူ့စကားရပ်သွားသည်။ ဒီလူက နောက်ဘက်ခုံက ပြင်သစ်နဲ့ လုံးဝမတူ၊ တကယ့်ခြေခဲတုံးကြီးပါလား။ အေးလေ... ဒေါ်လာ သုံးသောင်း ရမယ့်ကိစ္စဆိုတော့ ဝင်းတားလို လူနဲ့လည်း တည့်အောင် ပေါင်းရတော့မှာပေါ့လေ။

ဝင်းတားက ခပ်ဆတ်ဆတ် ပြောသည်။

"မင်း မောင်းနေတာ သတ်မှတ်မိုင်နှုန်းထက် ပိုနေပြီ"

ဝေါလ်ဂရင်သည် သူ့ကိုယ်သူ စိတ်ထဲက ကျိန်ဆဲလိုက်ရင်း သတ်မှတ်မိုင်နှုန်း ၅၅ အထိ အရှိန်ကို ပြန်လျှော့ချသည်။ တစ်နာရီလောက် ကြာသွားသောအခါ ဝေါလ်ဂရင်က ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုရှေ့ကဟာ ဆွမ်းရဲ့ အိမ်ပဲ"

ဝင်းတားက ခပ်ဆတ်ဆတ် ပြောလိုက်၏။

"အခု မင်း မောင်းနေတာ အရင်ပြောထားတဲ့ အချိန်ထက် ၁၀ မိနစ်လောက် လျော့နေပါလား"

"ဒါကတော့ ကျွန်တော်က သုံး လေးကြိမ် သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းမိတာကိုး။ ဆွမ်းဆိုတဲ့ ဝေါကတော့ ၅၅ ထက် တစ်မိုင်ထက် ပိုမမောင်းဘူး။ ကျွန်တော် သူ့နောက်က သုံးကြိမ်စလုံး နောက်ယောင်ခံ လိုက်ခဲ့တာပါ"

ဝင်းတားသည် ဒေါသ ဖြစ်သွားသော်လည်း ပါးစပ်က ထုတ်မပြောချေ။ ဗြိတိသျှ၊ အမေရိကန်၊ ပြီးတော့ ပြင်သစ်၊ ဘာလူမျိုးပဲ ဖြစ်ဖြစ် တိတိကျကျ လုပ်တတ်သည့် လူကို ရှာတွေ့ရန် ခဲယဉ်းလှသည်။ ထို့ကြောင့် နေရာတကာတွင် သူကိုယ်တိုင် လိုက်စစ်ဆေးနေရခြင်း ဖြစ်သည်။

ဝေါလ်ဂရင်သည် ကားသွားကားလာ ရှင်းလှသော လမ်းမကြီးပေါ်မှ ဘေးဘက်ရှိ လမ်းခွဲကလေးထဲသို့ ချိုးဝင်လိုက်ပြီး ကားကို လာရာလမ်းအတိုင်း ဦးတည်မိသည်အထိ ပစောက်ပုံ ပြန်ကွေ့လိုက်သည်။ ကားဆီမှ ကြည့်သော် ဆီးနှင်းခဲများ တင်နေသော သစ်ပင်များအကြားမှာ ချာလီဆွမ်း၏ နေအိမ်ကို ရှင်းရှင်းလင်းလင်း မြင်နေရလေသည်။ ဆွမ်း၏ နေအိမ်မှာ နှစ်ထပ်အိမ်ကြီး ဖြစ်ပြီး လမ်းမကျယ်ကြီးဆီမှ ကိုက် ၃၀၀၊ ၄၀၀ ခန့် ကွာဝေး၍ တသီးတခြား တည်ရှိနေသည်။ အိမ်နောက်ဖေးဘက်တွင် တင်းကုပ်တစ်ခု ရှိနေပြီး တင်းကုပ်ရှေ့တွင် အနီရောင် ဖို့ဒ်ကားတစ်စီး ရပ်ထားသည်။ ဆီးနှင်းခဲများ ဖုံးအုပ်နေသော ထိုမြင်ကွင်းထဲတွင် အခြားအိမ်တစ်အိမ် ရှိနေသေးသည်ကို လှမ်းမြင်နေရသည်။

ဝင်းတားသည် ကားမှန်ကို အောက်သို့ ချပြီး အဝေးကြည့်မှန်ပြောင်းကို အနီး အဝေး ချိန်ရင်း မေးလိုက်သည်။

"ကားကို အဲဒီလိုထားရင် ရေခဲတုံး ဖြစ်မသွားပေဘူးလား"

ဝေါလ်ဂရင်က ပြန်ဖြေသည်။

"သူတို့က ကားအမိုးအောက်မှာ ရှိတဲ့ အပူပေး ကိရိယာကို လျှပ်စစ်ဓာတ်ကြိုးတစ်ကြိုးနဲ့ ပလပ်ထိုးပြီး ဆက်ထားတယ်၊ အဲဒီလို ပလပ်ထိုးဖို့ မေ့သွားရင်တော့ နှစ်နာရီလောက် ကြာတာနဲ့ တစ်ပြိုင်နက် ကားအစား ရေခဲတုံးကြီးကိုပဲ တွေ့ရတော့မှာ"



ကားကို ရပ်ထားစဉ် လောင်စာဆီ ခွေ့ျတာသည့်အနေနှင့် စက်ရပ်ထားသောကြောင့် ကားထဲတွင် အေးစိမ့်စိမ့် ဖြစ်လာသည်။ ဆွမ်းအိမ်ရှိ မီးခိုးခေါင်းတိုင်မှ အပြာရောင် မီးခိုးများ အပေါ်သို့ တလူလူ ထွက်နေသည်။ ဝင်းတားက မေးပြန်သည်။

"ဆွမ်း အိမ်ရဲ့ ဟိုဘက်က အိမ်အကြောင်း ဘာများ သိထားသေးသလဲ"

"သွမ်မဆင်လို့ ခေါ်တဲ့ မိသားစု နေတယ်၊ ဆွမ်းတို့နဲ့လည်း ခင်တယ်၊ ချာလီဆွမ်း အိမ်မှာ ရှိတဲ့အခါ သူတို့ နှစ်စုံတွဲ ဆုံလေ့ရှိကြတယ်၊ အရင် တစ်ခေါက်တုန်းက အဲဒီလို သူတို့ ဆုံကြတာပဲ"

ဝင်းတားက ခပ်ဆတ်ဆတ် မေးသည်။

"ဘာလဲ၊ အပြင်ကို သွားကြတာလား"

"မဟုတ်ပါဘူး၊ သူ့အိမ် ကိုယ့်အိမ် အပြန်အလှန် သွားလည်ကြတာ၊ ၁၀ ရက်မှ တစ်ခါလောက် အိမ်ပြန်ရောက်တဲ့လူက မြို့ထဲကို ဘယ်သွားတော့မလဲ၊ အိမ်နီးနားချင်းတွေဆီသာ သွားလည်ကြမှာပေါ့"

ဝင်းတားက တအံ့တသြ မေးပြန်သည်။

"မင်း ဒါတွေအားလုံးကို ဘယ်လိုလုပ်ပြီး သိထားသလဲ"

"ကျွန်တော် အရင်တုန်းက အလွတ်စုံထောက် လုပ်ခဲ့ဖူးတယ်၊ သိနိုင်တဲ့ အခြားနည်းတွေလည်း အပြည့်ပါပဲ၊ ဒါပေမဲ့ နက်ဖြန်မှ ပြန်ပေးဆွဲတော့မယ်ဆိုစွာ၊ ဒီကနေ့ ဘာပြုလို့ ဒီကို လာရသလဲ၊ ကျွန်တော်တော့ နားမလည်ဘူး"

ဝင်းတားကလည်း ပြတ်သည်။

"ဒါ အစမ်း လေ့ကျင့်နေတာ၊ ကဲ.. မြို့ဘက်ကို ပြန်မောင်းတော့"

❑

ဇန်နဝါရီလ ၁၅ ရက် ညနေ ၃ နာရီတွင် အင်းကားရေချိုမြို့ မှောင်ရီပျိုးစ ဖြစ်နေလေပြီ။ ဝေါလ်ဂရင်က ဝင်းတားကို 'ဝက်စ်ဝင်' ဟိုတယ်နှင့် ဆလှမ်းမကမ်းတွင် ချထားခဲ့သည်။ ဝင်းတားတစ်ယောက် နေ့လယ်စာကို လမ်းဆားဆိုင်တွင် နောက်ကျမှ စားရသည်။ ဟိုတယ်၌ သူ့ကို မှတ်မိသူ မရှိအောင် ကိုတယ် စားသောက်ခန်းထဲ၌ တစ်နေ့လျှင် ထမင်း တစ်ခါသာ စားရန်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးထားသည်။ ဝေါလ်ဂရင်သည် လီကာက်ကို သူ့ဟိုတယ်၌ ပြန်ချပေးခဲ့ပြီးနောက် အာမန်ဘဇင်ကို ခေါ်၍ အတော်လှမ်းသော နီကီစီကီ ရေနံသဘောသင်္ဘောဆိပ်သို့ ဆက်မောင်းသွားသည်။

ဝေါလ်ဂရင်သည် ဘဇင်ကို သူ့ဟိုတယ်သို့ ပြန်ပို့ပြီးနောက် ဝင်းတာကို ဝက်စ်ဝပ်ဟိုတယ်သို့ ပြန်လာခေါ်သောအခါ ညနေ ၆ နာရီ ထိုးလေပြီ။ သူသည် ဝင်းတာကို မြို့နှင့် ခပ်လှမ်းလှမ်း အလွန်ခေါင်သည့် နေရာတွင် နေနေသော တဲအိမ်ဟောင်းတစ်လုံးဆီသို့ ခေါ်သွားသည်။ ဝေါလ်ဂရင်သည် ထိုအဆောက်အအုံရှေ့တွင် ကားကို ရပ်လိုက်ရင်း–

"အားလုံး အဆင်ပြေပါတယ် ဗျာ၊ ခင်ဗျားကိုယ်တိုင်တောင် လာကြည့်စရာ မလိုပါဘူး"

"ကျုပ်က ကိုယ်ကိုယ်တိုင် လိုက်ကြည့်ရမှ ကျေနပ်တာ"

ဝင်းတာသည် ဆွမ်းတို့ ဖနီးမောင်နှံကို ၇ ရက်လုံးလုံး ချုပ်ထားမည့် ထိုအဆောက်အအုံကို စစ်ဆေးကြည့်ရှုသည်။ ဝေါလ်ဂရင် ပြောသလို အစစအရာရာ အဆင်ပြေသည်ကို တွေ့ရသည်။ လုံလုံခြုံခြုံ ရှိအောင် ပြတင်းပေါက်နှင့် တံခါးများတွင် သော့ခလောက် အသစ်များ ထပ်တပ်ထားသည်။ ချက်ပြုတ်စားသောက်ရန် မီးဖိုတစ်လုံးနှင့် နို့မှုန့်ဘူး၊ တခြား စည်သွတ်ဘူးများ၊ စားစရာများ၊ သစ်သီးရည်များ အပြည့်အစုံ ရှိနေလေပြီ။ ဆွမ်း ဖနီးမောင်နှံ နှစ်ယောက် တတ်နိုင်သလောက် သက်သက်သာသာ နေနိုင်အောင် စီစဉ်ထားသည်။ အစောင့်ချထားပေးမည့် မီးဖို ၅ လုံးနှင့် လောင်စာဆီ တစ်လစာကိုပါ သိုမှီးထားပြီး ဖြစ်သည်။

အပြန်တွင် ဝေါလ်ဂရင်က ငေါ့တော့တော့ မေးသည်။

"ကျေနပ်ရဲ့လား"

"မဆိုးပါဘူး၊ ကဲ.. ဟိုတယ်ကို ခပ်မြန်မြန် ပြန်မောင်းပို့စမ်း၊ တော်တော်ကြာ မက်ကေးတစ်ယောက် ရောက်လာတော့မှာ၊ ဒါပေမဲ့ သတ်မှတ်ချိန် မိုင်နှုန်းထက်တော့ မကျော်စေနဲ့"

သူ့စကားက ရှေ့ နောက်လည်း မညီပါလားဟု ဝေါလ်ဂရင်က နာနာကြည်းကြည်း တွေးရင်း ဂီယာသွင်းလိုက်သည်။ ဒီနေ့ တစ်နေ့လုံး ပင်ပန်းလှပြီ ဖြစ်သော်လည်း သူ့အတွက် လုပ်စရာ လုပ်ငန်းတွေ မပြီးသေးကြောင်း တွေးလိုက်မိသည်။ ဝင်းတာကို သူ့ဟိုတယ်တွင် ပြန်ချပေးပြီးသည်နှင့် တစ်ပြိုင်နက် လေယာဉ်ပျံကွင်းသို့ မောင်းသွားပြီး မက်ကေးနှင့် ဆွမ်း ဖနီးမောင်နှံ



ရည်ဖြစ်သော စက်စနာ လေယာဉ်ပျံ ရောက်သည်အထိ စောင့်ရဦးမည်။ ပြီးလျှင် ဆွမ်းတစ်ယောက် အိမ်ပြန်ရောက်သည်အထိ နောက်ယောင်ခံ၍ လိုက်ကြည့်ရဦးမည်။

သူက ကန့်ကွက်စကား ဆိုမိသေးသည်။

"ဒီလောက်တောင် လုပ်နေစရာ လိုသေးသလားဗျာ"

"ဒီလုပ်ငန်းမှာ ဆွမ်းဟာ အဓိကဇာတ်ဆောင်ပဲ၊ သူ အိမ်ကို ချောချောမောမော ပြန်ရောက် မရောက် တို့ သိထားဖို့ လိုတယ်"

ဝင်းတာသည် သူ့အခန်းထဲ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် နာရီကို တစ်ချက် ကြည့်လိုက်ပြီး သူနှင့် ပတ်သက်သည့် ပုဂ္ဂိုလ်တွေ ဘယ်မှာ ရှိနေကြမည်ကို တွေးနေမိသည်။

ည ၇ နာရီထိုးလေပြီ။

၁၅ မိနစ် ကြာလျှင် မက်ကေး စီးလာသော လေယာဉ်ပျံ လေဆိပ်သို့ ရောက်မည်။ ဝေါလ်ဂရင်က ဆွမ်းကို အိမ်အထိ နောက်ယောင်ခံလိုက်ရန် လေဆိပ်တွင် အသင့် ရှိနေမည်။ သူ ရေချိုးရန် အဝတ်အစားများကို ချွတ်လိုက်ပြီး နောက်ထပ် စဉ်းစားပြန်သည်။ ဒီဟိုတယ်နှင့် ၁၀ ပြလောက် ဝေးသော ဟိုတယ်တွင် လီကာက်တစ်ယောက် ဘာရန်ဒီ သောက်ရင်း ရှိနေလိမ့်မည်။ အာမန်ဘဇင်နှင့် ပီရီဂေါက်စင်တို့ကတော့ သူတို့ ဟိုတယ်တွင် အခန်းထဲသို့ ညစာ မှာစားနေကြလိမ့်မည်။ ဒီနှစ်ယောက်က ဆွမ်း ဖနီးမောင်နှံကို ပြန်ပေးဆွဲပြီးနောက် ဆက်လက် ထိန်းသိမ်းထားကြရမည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ ပြီးတော့ ဒီည တစ်ညလုံး ဟိုတယ် အပြင်ဘက်သို့ မည်သူ့ကိုမျှ ထွက်ခွင့်ပြုမထားပါ။ သူကလွဲရင် ကျန်လူအားလုံး ညစာကို အခန်းထဲသို့ မှာစားရမည်။ သူတစ်ယောက် အညံ့သာ ဟိုတယ်၏ စားသောက်ခန်းထဲသို့ ဆင်းစားမည်။ ဆွမ်း နေရာတွင် အစားဝင်မည့် ကင်းနီယတ်လည်း မြို့ထဲ တစ်နေရာတွင် ရုပ်ဖျက်ပြီး အသင့် ရှိအောင်းနေလိမ့်မည်။

သူက ရေပိုက်ခေါင်းကို လှည့်ဖွင့်လိုက်သည်။

❑

စတာလင်ပေါင် တစ်သောင်း ဆိုသော ပိုက်ဆံသည် လူတစ်ယောက်၏ သောကဖြစ်စရာ မှန်သမျှကို ဖျောက်ဖျက်ပစ်နိုင်သည့် ငွေပမာဏ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကင်းနိုယတ်သည် စတာလင်ပေါင် တစ်သောင်း ရရန် လက်တစ်ကမ်း အလိုသို့ ရောက်နေလေပြီ။

ကင်းနိုယတ်သည် အသက် ၃၇ နှစ် ရှိပေပြီ။ အိမ်ထောင် နှစ်ဆက် ရှိခဲ့ဖူးသည်။ သို့သော် ဇနီး နှစ်ယောက်စလုံးက လောင်းကစား၊ ဝါသနာပါလှ သည့် သူ့ဒဏ်ကို ကြာရှည် သည်းညည်းမခံနိုင်ခဲ့ကြချေ။ သူသည် ဝင်းတား မြေထဲပင်လယ်ဒေသတွင် မှောင်ခိုကုန်ကူးသည့် လုပ်ငန်း လုပ်စဉ်က စက်လှေ ပိချားအတွက် ငှားထားသည့် ကြေးနန်းစက်ရိုက်သမား ဖြစ်သည်။ ထိုအချိန် မတိုင်မီက ကြေးနန်းစက်ရိုက်သမားများကို စုစည်းတည်ထောင်ထားသော 'မာကိုနီအုပ်စု' တွင် ဝင်လုပ်ခဲ့ဖူးသည်။ ယခု ချဲလင်ဂျာမှ ကြေးနန်းစက်ရိုက် သမား ဆွမ်း နေရာတွင် အစားဝင် ဆောင်ရွက်ပေးရသည့်အတွက် သူ ရမည့် ငွေမှာ စတာလင်ပေါင် တစ်သောင်း။

ထိုနေရာမှ တစ်မိုင်ခန့် ဝေးသော ဝက်စ်ဝဝ်ဟိုတယ်ရှိ မာလိန်မှူး မက်ကေးသည် ခေါင်မိုးပေါ်ရှိ စားသောက်ခန်းထဲတွင် ညစာ ထိုင်စားနေသည်။ အသက် ၅၅ နှစ် ရှိပြီး မျက်နှာပြပြ ဝဝဖိုင့်ဖိုင့် ဖြစ်သော်လည်း သွားလာ လှုပ်ရှားရာတွင် အလွန်မြန်သည်။ မက်ကေးသည် အလပ်စကာနှင့် ဆန်ဖရန် စစ္စကို လွန်းပျံခရီးကို အခေါက်ခေါက် အခါခါ သွားလာနေခဲ့သည်မှာ ၅ လ ပင် ရှိခဲ့လေပြီ။ တကယ်ကတော့ ဒီခရီးလို အင်မတန် ရိုးစင်းသော ခရီးစဉ်ကို သူ သိပ်မကြိုက်လှ။ နီကီစီကီ ရေနံ သင်္ဘောဆိပ်သည် ဆန်ဖရန်စစ္စကိုမှ မိုင် ၂၀၀၀ ခန့်သာ ဝေးသည်။ တစ်နာရီလျှင် ရေမိုင် ၁၇ မိုင် ပျမ်းမျှ မောင်းနှင်နိုင်သော ချဲလင်ဂျာသည် ဆန်ဖရန်စစ္စကို ပင်လယ်အော်၏ အရှေ့ ဘက်ရှိ အိုလီယမ် ရေနံဆိပ်ကမ်းသို့ ရောက်သည်အထိ လေးရက်သာသာ ကလေး မောင်းနှင်ရသည်။

ချဲလင်ဂျာသည် သူ သယ်လာသော ရွှံ့မည်းများကို ၁၂ နာရီအတွင်း အပြတ် ရှင်းထုတ်ပေးခဲ့ပြီးနောက် နီကီစီကီ ရေနံသင်္ဘောဆိပ်ဆီသို့ ပြန်လှည့် လာရပြန်သည်။ တစ်ခါ နီကီစီကီတွင် ရေနံ ပြန်တင်ရသည်မှာ တစ်ရက်နှင့် ၆ နာရီခန့် ကြာသည်။ ရေနံတင်ပြီးလျှင် အိုလီယမ် ရေနံသင်္ဘောဆိပ်ဆီသို့ ဦးတည်ခုတ်မောင်းရပြန်သည်။ ထို့ကြောင့် ခရီးတစ်ခေါက်လျှင် အသွားအပြန် ၁၀ ရက်သာ ကြာသည်။



"အမဲသား နံရိုးကင်၊ အာလူး လေးစိတ်ကွဲကြော်နဲ့ ဘီယာတစ်ခွက်"

မက်ကေးသည် စားသောက်ဖွယ်ရာ စာရင်းကို ဖင်ပြန် ခေါင်းပြန် ကြည့်ပြီးမှ မှာလိုက်ခြင်း ဖြစ်သည်။ သူသည် အမြဲလိုလို စားသောက်ဖွယ်ရာ စာရင်းကို ဖင်ပြန် ခေါင်းပြန် ကြည့်လေ့ရှိသည်။ ပြီးတော့လည်း သူ စားနေကျ အစားအစာများကိုသာ အမြဲတမ်း မှာစားလေ့ရှိသည်။ ဇနီး ဖြစ်သူ ကွယ်လွန် ခဲ့သည်မှာ ၁၀ နှစ်ပင် ရှိခဲ့လေပြီ။ မက်ကေးသည် ဘယ်အလုပ်ကိုမဆို တစ်သမတ်တည်း လုပ်လေ့ရှိသည်။ တစ်ည အိပ်ရန်ကိုပင် သူ တည်းနေကျ ဟိုတယ်သို့ အမြဲ လာတည်းသည်။ ပြီးတော့ နောက်တစ်နေ့ ညနေ ၄ နာရီ တွင် သင်္ဘောဆီသို့ ပြန်ရန် ဟိုတယ်က ပြန်သွားလေ့ရှိသည်။ ထို့နောက် ည သန်းခေါင်ယံတွင် ကယ်လီဖိုးနီးယားသို့ ပြန်ထွက်ခွာလေ့ ရှိသည်။

မက်ကေးသည် စားစရာများ ရောက်အလာကို စောင့်ရင်း လူရှင်း နေသော စားသောက်ခန်းထဲ၌ ဟိုဟိုဒီဒီသို့ လှည့်ကြည့်မိသည်။ သူနှင့် လေးခုံ ကျော်တွင် ကျွဲကော်ကိုင်း မျက်မှန်ကြီး တစ်လက်ကို တပ်ထားသော အရပ် ရှည်ရှည်၊ ပိန်ပိန်ပါးပါး လူတစ်ယောက် သတင်းစာတစ်စောင်ကို သဲသဲမဲမဲ ဖတ်နေကြောင်း မြင်လိုက်သည်။ စားစရာများ ရောက်လာသောအခါ မက်ကေး သည် သင်္ဘောပေါ်က အကျင့်အတိုင်း ကပျာကယာ စားလိုက်သည်။ သို့သော် သူ ညစာ စားမပြီးမီ စားသောက်ခန်းထဲက ပြန်ထွက်သွားသော ထိုလူကို သတိပင် မထားမိလိုက်ချေ။

ဟိုတယ် အောက်ထပ်သို့ သူ ရောက်သောအခါ ဝင်းတားက လက်ကမ်း ကြော်ငြာများကို လှေလာနေသည်။ ထိုအခိုက်တွင် မက်ကေးတစ်ယောက် ဓာတ်လှေကားဖြင့် ဆင်းလာပြီး အရက်ရောင်းသော အခန်းထဲသို့ ဝင်သွားပြန် သည်။ ပြီးတော့ ဝေါလ်ဂရင် ကြိုပြောထားသလို မက်ကေးသည် ဘီယာ တစ်ဖန်ခွက် မှာသောက်ပြန်သည်။ မက်ကေးသည် ဝေါလ်ဂရင်၊ အင်္ဂလန်သို့ ကြိုပို့ပေးခဲ့သော ဓာတ်ပုံထဲကအတိုင်းပင်တည်း။

ဝေါလ်ဂရင်တစ်ယောက် မက်ကေး၏ ဓာတ်ပုံကို ကာယကံရှင် မသိ အောင် ဘယ်လိုလုပ် ရိုက်ယူခဲ့ပါလိမ့်ဟု ဝင်းတားက တွေးရင်း မျက်မှန်ကို ချွတ်၍ အိတ်ထဲသို့ ထည့်လိုက်ပြီး အရက်ခန်း အဝင်ဝဆီသို့ လျှောက်သွား သည်။ မက်ကေးက သူ့ကို ကျောပေးထိုင်ရင်း မဂ္ဂဇင်းတစ်အုပ်ကို လှန်ဖတ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အရက်ရောင်းသူက ဝင်းတားကို တစ်ချက် စူးစူးစိုက်စိုက် လှမ်းကြည့်လိုက်သည်။ ဝင်းတားသည် စိတ်ပြောင်းသွားဟန်နှင့် အရက်ခန်းသို့ မဝင်တော့ဘဲ အပြင် ဧည့်ခန်းထဲရှိ တယ်လီဖုန်းရုံကလေး ရှိရာသို့ လှည့်ထွက်သွားသည်။

ဝင်းတားသည် ဝေါလ်ဂရင် ပေးခဲ့သည့် တယ်လီဖုန်း နံပါတ်အတိုင်း ဘဇင် ရှိရာ ဟိုတယ်ကို တယ်လီဖုန်း လှမ်းဆက်သည်။ ဘဇင်က သူ အသင့်ဖြစ်ပါပြီဟု ခပ်အုပ်အုပ် ဖြေသည်။ အဓိပ္ပာယ်မှာ ဝေါလ်ဂရင် ပေးခဲ့သော မီးလောင်ဗုံးကို ဘယ်နေရာမှာ သုံးရမည် ဆိုတာ သူ နားလည်ပြီ ဖြစ်ကြောင်း ဖြေလိုက်ခြင်းပင်တည်း။

❑❑❑

# - ရှစ် -

ဇန်နဝါရီလ ၁၆ ရက် ကြာသပတေးနေ့ ညနေ ၃ နာရီတွင် ဝင်းတားသည် ဆွမ်း နေအိမ်သို့ သွားရာ လမ်းအတိုင်း ကားကို ခပ်မှန်မှန် မောင်းဝင်လာသည်။ အလျင်စလို သုတ်သီးသုတ်ပျာ မောင်းမသွားခြင်းမှာ ကားဝင်လာသည်ကို ဆွမ်း ဖနီးမောင်နှံက လှမ်းမြင်သည့်တိုင်အောင် အထိတ်တလန့် မဖြစ်ကြစေရန်ပင်တည်း။

လီကက်က ဝင်းတား ဘေးတွင် ပါလာသည်။ ပီရီဂေါက်စင်က နောက်ခုံတွင် ထိုင်လိုက်လာသည်။ သူတို့ကား အိမ်ရှေ့သို့ ရောက်သောအခါ ဆွမ်မဲဆင်၏ အိမ်ဘက်က လှမ်းမမြင်နိုင်သော နေရာတွင် ကားကို ရွှေ့ရပ်ထားဖြစ်သည်။ သူ့ကား မီးရောင်သည် အိမ်ရှေ့တွင် ရပ်ထားသော အပြာရောင် ရမ်ဘလာကားကို ထိုးမိသည်။ ရမ်ဘလာကားကို လျှပ်စစ်ဓာတ်ကြိုးတစ်ကြိုးနှင့် ပလပ်ထိုးပြီး ဆက်ထားကြောင်း တွေ့ရသည်။ ဆွမ်းသည် ရမ်ဘလာအမျိုးအစား ကားကို မောင်းနှင်ကြောင်း ဝေါလ်ဂရင်က ဝင်းတားကို ကြိုပြောထားပြီး ဖြစ်သည်။

ဝင်းတားသည် သားမွေးကုတ်အင်္ကျီ အောက်ရှိ ခေါနတ်အိမ်ထဲမှ ဗော်ဝီယံ ပစ္စတိုကို ဆုပ်ကိုင်ရင်း ကားထဲမှ ခပ်မြန်မြန် ဆင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကားကို ကွေ့ပတ်၍ အိမ်ရှေ့တံခါး ရှိရာသို့ လျှောက်သွားသည်။ ဤတွင် မျှော်လင့်မထားသော ကိစ္စတစ်ရပ် ဖြစ်ပေါ်လာသည်။ ညနေ ၃ နာရီတွင် အိမ်က ထွက်ခွာရန်ရှိသည့် ချာလီဆွမ်းသည် ဝင်းတားက လူခေါ်ခေါင်းလောင်းကို မနှိပ်လိုက်ရခင် ဆင်ဝင်မီးလုံးကို ဖွင့်၍ အိမ်တံခါးကို ဖွင့်လိုက်သည်။ ဆွမ်းသည် ဗြိတိန်နိုင်ငံလုပ် မိုးကာအင်္ကျီကို ဝတ်ထားပြီး လက်ဆွဲအိတ်တစ်အိတ်ကို ကိုင်ထားသည်။

ဝင်းတားက မေးသည်။

"မစ္စတာဆွမ်းလား..."

"ဟုတ်ပါတယ်"

ဝင်းတားက ဆွမ်း၏ ရင်ဘတ်ကို ပစ္စတိုနှင့် ချိန်လိုက်ပြီး ခပ်မြန်မြန် ပြောချလိုက်သည်။

"သိပ်လှုပ်လှုပ်ရှားရှား မလုပ်ရင် ဘယ်သူမှ အန္တရာယ် ဖြစ်စရာ အကြောင်း မရှိဘူး၊ ကျုပ်တို့ တယ်လီဖုန်း ခဏ ဆက်ချင်လို့ပါ၊ ဖုန်းဆက်ပြီးရင် ခင်ဗျားတို့ကို အခန်းထဲမှာ သော့ခတ်ထားခဲ့မယ်"

ဝင်းတားသည် သူ့ရှေ့ရှိ အသက် ၃၀ အရွယ် ချာလီဆွမ်းကို အကဲခတ်ရင်း အခြေအနေကို သုံးသပ်နေသည်။ သေနတ်နှင့် ချိန်၍ ခြိမ်းခြောက်နေသလို သိပ်ကြောက်မသွားအောင် တယ်လီဖုန်း ဆက်ရုံတင်ပါဟု ပြောလိုက်ခြင်း ဖြစ်သည်။

လီကက်သည် ဆွမ်းကို နောက်သို့ ပြန်တွန်းရင်း အိမ်ထဲသို့ စွတ်ခနဲ ဝင်သွားသည်။ ဆွမ်းက ကန့်ကွက်လိုက်၏။

"သူက ဘယ်သွားမလို့လဲ"

ဝင်းတားက အခြေအနေကို ထိန်းထားလိုသဖြင့် စကား အဆက်မပြတ် ဆက်ပြောနေသည်။

"အထဲကို ဝင်ပြီး လိုက်ကြည့်ကြရအောင်၊ နေဦးလေ.. သိပ်အလျင်မလိုပါနဲ့၊ မတော်တဆ ဒဏ်ရာတွေ ဘာတွေ ရကုန်ပါ့မယ်"

ဝင်းတားသည် သူ့နောက်က လိုက်ရင်း ဧည့်ခန်းထဲသို့ ရောက်သွားသည်။ လီကက်သည် အသက် ၃၀ အရွယ် ဆံပင်နက်နက်နှင့် အမျိုးသမီးတစ်ဦး၏ လက်ကို နောက်ဘက်မှ လိမ်၍ ချုပ်ကိုင်ထားပြီး အမျိုးသမီး၏ ရင်ညွန့်ကို ဓားမြှောင်နှင့် ထောက်ထားသည်။ ထိုအမျိုးသမီးသည် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေပြီး ကျန်လက်တစ်ဖက်ဖြင့် ပါးစပ်ကို အုပ်ထားသည်။



ချာလီဆွမ်းက ရှေ့သို့ တိုးလာသောကြောင့် လီကက်က ဓားမြှောင်ဦးဖြင့် အမျိုးသမီး၏ လည်ပင်းကို ထောက်ရင်း သတိပေးလိုက်သည်။

"ကပ်မလာနဲ့ နေ့ဘ်.. ကပ်လာရင် သူ အသေပဲ"

ဝင်းတားတစ်ယောက် လီကက်ကို လက်သီးနှင့် ထိုးလိုက်မိတော့မလိုလို ဖြစ်သွားသည်။ တော်တော်မိုက်တဲ့ ငတိပါလား။

"သူ့လည်ပင်းက ဓားမြှောင်ကို ဖယ်လိုက်စမ်း"

အခန်းထဲတွင် အကြောက်လွန်ပြီး ကြောင်သွားကြသည်။ ဝင်းတားက ထိုအခြေအနေကို ချက်ချင်း ဝင်ထိန်းလိုက်သည်။ သူက ဆွမ်း၏ ပခုံးကို ကိုင်ရင်း ကုလားထိုင်ပေါ်တွင် ထိုင်ခိုင်းလိုက်သည်။ ထို့နောက် လီကက်ကို ပြောလိုက်သည်။

"မင်း သူ့ကို အကြမ်းပတမ်း မလုပ်နဲ့တော့၊ မစ္စစ်ဆွမ်း ထိုင်ပါစေ"

ဆွမ်းက သတိပေးလိုက်၏။

"ဒီအိမ်ကို ဧည့်သည်တွေ လာမယ်ဆိုလို့ စောင့်နေကြတာ၊ သူတို့ အချိန်မရွေး ရောက်လာနိုင်တယ်၊ အဲဒီတံခါးကပဲ ဝင်လာကြမှာ"

ဝင်းတားက ကပျာကယာ ဖြတ်ပြောလိုက်သည်။

"ဩ.. အဲဒါကြောင့် ခင်ဗျားက အဝတ်အစား လဲပြီး အပြင်သွားတော့မှာကိုး၊ ခင်ဗျား ချဲလင်ဂျာသဘော်သီ ပြန်တော့မလို့ပေါ့၊ ယုံတမ်းစကားတွေကို ပြောမနေပါနဲ့"

ဝင်းတားသည် ဆွမ်းကို ချက်ချင်း နားလည်သွားသည်။ ဒီလူသည် အခွင့်အရေး ရမည်ဆိုပါက ဝင်းတားတို့ကိုပင် ကွက်ကျော်ရိုက်နိုင်မည့် လူစားမျိုး ဖြစ်သည်။ သို့သော် သူ ယခုအချိန်တွင် အထိတ်တလန့် ဖြစ်နေသေးသည်။

လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် တင်ရင်း ငြိမ်ငြိမ်သက်သက် ထိုင်နေသော မစ္စစ်ဆွမ်းက ပြန်မေးသည်။

"ရှင်တို့က ဘာလိုချင်လို့လဲ"

မစ္စစ်ဆွမ်းသည် သူ့ခင်ပွန်းထက် စောပြီး ပုံမှန်အနေအထားသို့ ပြန်ရောက်လာသည်။ အရေးအကြီးဆုံး မေးခွန်းကိုပင် မှန်မှန်ကန်ကန် ပြန်မေးနိုင်လေပြီ။

"ခင်ဗျား ယောက်ျားရဲ့ အလုပ်ကို တစ်ပတ်လောက် လိုချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတားသည် သူတို့နှစ်ယောက်စလုံး ပိုအသိတ်တလန့် မဖြစ်ရအောင် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ထိုအချိန်တွင် ပီရီဂေါက်စင်သည် နောက်ဖေးဘက်မှ လှည့်ဝင်လာသည်။

"နောက်ဖေးဘက်မှာလည်း ရှင်းတယ်နော်၊ ကောင်းတယ်၊ ကဲ... မစ္စတာဆွမ်း၊ ခင်ဗျား သေသေရှင်ရှင် ကျုပ်တို့က နည်းနည်းမှ ဂရုမစိုက်ဘူး။ အဲ... သူ့ရဲကောင်းဆန်တဲ့ လူတွေကြောင့် ဖနီးသည်တွေသာ မုဆိုးမ ဖြစ်ကုန်ကြမှာ၊ ဒီတော့ ဝက်စ်ဝပ်ဟိုတယ်မှာ ရှိနေတဲ့ မာလိန်မှူးမက်ကေးကို ခင်ဗျားက တယ်လီဖုန်း ဆက်ပေးစမ်းပါ၊ ခင်ဗျား ပြောရမှာက ခင်ဗျား ချက်ချင်း တုပ်ကွေးမိသွားတဲ့ အကြောင်း။ ဒါပေမဲ့ လူစားအဖြစ် ဒီကို လာအနားယူနေတဲ့ လူတစ်ယောက်ကို တွေ့ထားတယ်၊ ဒီလူက မာကိုနီ(ကြေးနန်းစက်ရိုက်သမား) အုပ်စုမှာ ဝင်လုပ်ခဲ့ဖူးတယ်၊ သူ့နာမည်က ကင်းနီယတ်၊ သူ အခု ဒီမှာ အမေရိကန်တစ်ယောက်နဲ့ အိမ်ထောင်ကျနေတဲ့ သူ့ညီမဆီ လာလည်နေတယ်၊ သူက ခင်ဗျားအစား ဒီတစ်ခေါက် ဆန်ဖရန်စစ္စကိုကို သွားမယ့် ခရီးစဉ်မှာ လိုက်လာမယ်၊ ဒါပဲ"

ဆွမ်းက ပြန်မေးသည်။ သူ့မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသော်လည်း အသံကတော့ တည်ငြိမ်သည်။

"ဒီတော့ ကျုပ်တို့က ဘာဖြစ်မှာလဲ"

"ဒီကနေ မိုင် ၅၀ လောက် ဝေးတဲ့ နေရာမှာ အစောင့်အကြပ်တွေနဲ့ ခင်ဗျားတို့ကို တစ်ပတ်လောက် ထားမယ်၊ အဲဒီအချိန်ကျရင် ချဲလင်ဂျာလည်း ဆန်ဖရန်စစ္စကိုကို ရောက်လောက်ပါပြီ၊ အဲဒီနောက်ကျရင် ခင်ဗျားတို့ကို ပြန်လွှတ်မယ်"

"ဒီအစီအစဉ်အတိုင်း ဖြစ်မှာ မဟုတ်ပါဘူး။ မက်ကေးက သင်္ဘောတွေမှာ မဟုတ်ဘူး"

ဝင်းတားက ခပ်ထန်ထန် ဖြတ်ပြောသည်။

"သူ သင်္ဘောတူမှာပါ၊ ခုအချိန်ကစပြီး တစ်နာရီအတွင်း သူ သင်္ဘောဆီ ပြန်ရတော့မှာ၊ ခင်ဗျား နေမကောင်းဘူး ဆိုတာကို သိတာနဲ့တစ်ပြိုင်နက် သူ စိတ်ရှုပ်သွားလိမ့်မယ်၊ ဒါပေမဲ့ ခင်ဗျားက လူစားလိုက်မယ့် လူ ရှိတဲ့အကြောင်း ပြောလိုက်ရင် သူ့ရင်ထဲက အလုံးကြီး ပြန်ကျသွားမှာ၊ ကဲ... ခင်ဗျား ပြောရမယ့် စကားတွေကို နောက်တစ်ခေါက် ပြန်ပြောပြရဦးမှာလား"

"မလိုပါဘူး"



ဆွမ်းတစ်ယောက် ဇဝေဇဝါ ဖြစ်နေသည်။ ပြီးမှ...

"တကယ်လို့ ကျုပ်က..."

ဆွမ်းသည် သူ့မိန်းမကို လှမ်းကြည့်ပြီး သူ့စကား ရပ်ပစ်လိုက်သည်။ တကယ်လို့ ကျုပ်က ငြင်းလိုက်ရင် ဘာဖြစ်မလဲလို့ မေးချင်ဟန် တူသည်။ သို့သော် သူ့စကားကို သူ့ဇနီး ကြားစေချင်ဟန် မတူ။

"ကျုပ်ဇနီး ဂျူလီကကော... ဘယ်လို ဖြစ်မှာလဲ"

"သူ တစ်ချိန်လုံး ခင်ဗျားနဲ့အတူတူ ရှိနေမှာပါ၊ ကျုပ် ကတိပြုပါတယ်"

"ဒါက တမင် လူကြားကောင်းအောင် ပြောနေတာ"

ဂျူလီသည် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်ပြီး သူ့ခင်ပွန်းကို ဟန့်တားလိုက်သည်။

"ချာလီ... သူ ပြောတဲ့အတိုင်း လုပ်ပါ"

ပြီးမှ ဝင်းတားကို ကြည့်ရင်း–

"ကျွန်မ နောက်မှာ ရှိတဲ့လူက ကျွန်မတို့နဲ့ အတူတူ မနေဘူး မဟုတ်လား"

ဝင်းတားက ခပ်တည်တည် မျက်နှာထားဖြင့် ပြန်ဖြေသည်။

"မနေပါဘူး။ ကျုပ်မှာလည်း စာနာစိတ် ရှိပါတယ်"

ဆွမ်းက အော်ဟစ်ပြီး ဝင်ပြောသည်။

"ဒါဖြင့်ရင် သူ ကျုပ်မိန်းမကို စိုက်စိုက်ကြည့်မနေပါစေနဲ့"

ဝင်းတားက လီကာက်ကို ပြောသည်။

"မင်း ဟိုက ပြတင်းပေါက်ဆီ သွားနေစမ်း"

ဝင်းတားက ဆွမ်းကို သေနတ်နှင့် ချိန်ရင်း ဂျူလီကို ထပ်သတိပေးသည်။

"ဒီမှာ မစ္စစ်ဆွမ်း... သူက မက်ကေးကို ဒီမှာ ဘာတွေ ဖြစ်နေတယ် ဆိုတာ သိအောင် ထည့်မပြောဖို့ သူ့ကို ပြောပါ၊ ဒါကတော့ ခင်ဗျားရော သူရော ကောင်းဖို့ပါ"

ဂျူလီက သူ့ခင်ပွန်းကို ပြောသည်။

"ကဲ... ကျွန်မအတွက် သူ ပြောတဲ့အတိုင်းသာ လုပ်ပေးပါ"

ဆွမ်းက စကားပြောခွက်ကို ကြည့်ရင်း ပြောပြန်သည်။

"မက်ကေးက ဟိုမေး ဒီမေး မေးနေရင်..."

www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျားက နေမကောင်းတဲ့ လူပဲ၊ ဘယ်ကြာကြာ စကားပြောနိုင်ပါ့မလဲ၊ မက်ကေး ယုံသွားအောင် ခပ်တိုတိုနဲ့ ကင်းနီယတ်ကို အရင်ကတည်းက သိခဲ့တဲ့အကြောင်း၊ သူ့ဆီမှာ စာရွက်စာတမ်း အထောက်အထား လုံလုံလောက်လောက် ပါလာတဲ့ အကြောင်း...''

ဆွမ်းက စိတ်မသက်မသာနှင့် ဖြတ်မေးသည်။

''ဒီလူက တကယ့် ကြေးနန်းစက်ရိုက်သမားလား၊ သင်္ဘောတစ်စင်းရဲ့ သေရေး ရှင်ရေး ကိစ္စဟာ ကြေးနန်းစက်ရိုက်သမားပေါ် မူတည်တယ်''

''ဒီလူဟာ တကယ့် အရည်အချင်း ပြည့်ဝတဲ့ လူပါ၊ တစ်ခါတုန်းက မာကိုနီအဖွဲ့မှာ တကယ် ဝင်လုပ်ခဲ့ဖူးတယ်၊ သင်္ဘောက ညသန်းခေါင်မှာ ထွက်မှာဆိုတော့ သူ့ကို ဘာပြောပြော ယုံရတော့မှာပါ၊ တကယ်လို့များ ခင်ဗျားက မက်ကေးကို ဟိုဟိုဒီဒီ ပြောဖို့ စိတ်ကူးတယ်ဆိုရင် ခင်ဗျားတို့ နှစ်ယောက်စလုံး ကျုပ်တို့ လက်ထဲမှာ တစ်ပတ်တိတိ ရှိနေမယ်ဆိုတာကိုပါ သတိရစမ်းပါ''

''ကင်းနီယတ်က ဘယ်သင်္ဘောနဲ့ လိုက်ဖူးသလဲ၊ မက်ကေးက အဲဒါကို မေးမှာတော့ သေချာတယ်''

ဝင်းတားက ချက်ချင်း ဖြေသည်။

''သူ အယ်လီမဲရား လဝ်စ်မင် သင်္ဘောလိုင်းမှာ လုပ်ခဲ့တယ်၊ သူ ပိုက်ခရော့ ရေနံတင်သင်္ဘောပေါ်မှာ နှစ်နှစ် လုပ်ဖူးတယ်၊ ပြီးတော့ မော်ယ်တီးစ်ခရော့ မှာ သုံးနှစ် လုပ်ခဲ့ဖူးတယ်''

''အဲဒီကင်းနီယတ်က ဘာလိုက်လုပ်မှာလဲ''

ဂျူလီတစ်ယောက် အုံကြွပေါက်ကွဲလာသည်။

''ချာလီ... သူ ပြောတဲ့အတိုင်းသာ လုပ်စမ်းပါ''

ဝင်းတားက ဖြေသည်။

''ဒါ မေးသင့်မေးထိုက်တဲ့ မေးခွန်းပဲ၊ အမေရိကန် ရဲအဖွဲ့က လိုချင်နေတဲ့ လူတစ်ယောက်ကို အမေရိကန် ပြန်ရောက်အောင် ပို့ပေးဖို့ ရှိနေတယ်၊ စိတ်အချရဆုံး နည်းကတော့ သူ့ကို သင်္ဘောသားတစ်ယောက်အနေနဲ့ တင်ပေးလိုက်ပြီး ဟိုကျမှ ခပ်တည်တည် ဆင်းသွားဖို့ပဲ၊ ကင်းနီယတ် ဆိုတာလည်း သူ့နာမည်ရင်းတော့ မဟုတ်ဘူး''

''ဒါဆိုရင် ဘယ်လွယ်ပါ့မလဲ''

ဝင်းတားက သူ့နာရီကို ကြည့်ရင်း ပြောသည်။



''ကဲ... ခပ်မြန်မြန် ပြောစမ်းပါ၊ ဝက်စ်ဝပ်ဟိုတယ်ကို ခေါ်ပေးတော့''

သူတို့ ဒီအိမ်ထဲသို့ ရောက်သည်မှာ ၅ မိနစ် ကြာလေပြီ။ ဆွမ်းတစ်ယောက် ကြောက်စိတ် မပြေးသေးခင် ပြီးအောင် ပြောနိုင်းမှ ဖြစ်မည်။

တကယ် ပြောတော့လည်း ချာလီဆွမ်းတစ်ယောက် ပိုင်အောင် ပြောနိုင်သည်။ တကယ် နှာစေးပြီး တုပ်ကွေးမိနေသလို နှာခေါင်းသံကလေးနှင့်ပင် ပြောလိုက်သေးသည်။ သူ ပြောသည်မှာ ၃ မိနစ် ကြာသည်။ ပြောပြီးသောအခါ စကားပြောခွက်ကို ပြန်ချရင်း ဆွမ်းက ပြောသည်။

''သူတော့ တကယ် ယုံသွားပြီ''

''ခဏနေဦး...''

ဝင်းတားက ပြောပြောဆိုဆိုနှင့် တယ်လီဖုန်းကို ခပ်ဝေးဝေး တစ်နေရာသို့ မ,ယူသွားပြီး စားပွဲတစ်လုံးပေါ် တင်လိုက်သည်။ ထို့နောက် သူတို့အားလုံးကို ကျောပေးရင်း တစ်နေရာသို့ တယ်လီဖုန်း ဆက်သည်။ တစ်ဖက်ကလည်း ချက်ချင်း ပြန်ထူးသည်။

''ဖောရက်စ်ပါ၊ ကဲ... တယ်လီဖုန်း ဆက်ပေတော့''

သူက စကားပြောခွက်ကို ပြန်ချပြီး နောက်တစ်နေရာသို့ ဆက်ပြန်သည်။ ထိုနေရာကလည်း ချက်ချင်း ပြန်ထူးသည်။

''ဖောရက်စ်ပါ၊ အဆင်ပြေတယ်ဟေ့၊ မင်း ဆက်လုပ်ပေတော့''

အဆိုပါ တယ်လီဖုန်း ဆက်သွယ်သည့် ကိစ္စများကို တိတိကျကျ အချိန်ကိုက်ထားဖို့ အလွန်လိုသည်။ ပထမ တယ်လီဖုန်းမှာ ဝက်စ်ဝပ်ဟိုတယ် ရှေ့ရှိ တယ်လီဖုန်းရုံကလေးထဲတွင် အသင့်ရှိနေသူ ဝေါလ်ဂရင်ထံ ဆက်ခြင်းဖြစ်သည်။ ယခုဆိုလျှင် မီးလောင်ဗုံးနှင့်အတူ နီကီစီကီ ရေနံသင်္ဘောဆိပ်၌ ရှိနေသူ အာမန်ဘဇင်ထံ ဝေါလ်ဂရင်က ထပ်ဖုန်းဆက်နေပေတော့မည်။ ထို့နောက် သူက နောက်ထပ် ၅ မိနစ် စောင့်ပြီး မက်ကေးထံ ဖုန်းဆက်လိမ့်မည်။ ဒုတိယ တယ်လီဖုန်းမှာ ကင်းနီယတ်ထံ ဆက်ခြင်း ဖြစ်သည်။ ယခုဆိုလျှင် ကင်းနီယတ်သည် နီကီစီကီ ရေနံသင်္ဘောဆိပ်ဆီသို့ ခရီးနှင်နေပေတော့မည်။ ဝင်းတားက တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်သောအခါ လီကက်က မစ္စတာဆွမ်း၏ ရင်ဘတ်ကို သေနတ်နှင့် ချိန်ထားကြောင်း တွေ့လိုက်ရသည်။ ဒီတစ်ခါတော့ လီကက် လုပ်ပုံမှန်သည်။ သူ့ယောက်ျားကို သေနတ်နှင့် ချိန်ထားခြင်းဖြင့် ဂျူလီကို အထူးတလည် စောင့်ကြည့်ရန် မလိုတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းက ဝင်းတားကို တောင်းပန်သည်။

''ကျွန်တော့်မိန်းမကို ဒီမှာပဲ ထားခဲ့ပါဗျာ၊ ကျွန်တော် ခင်ဗျားတို့နဲ့ ရှိနေရင် သူ ဘယ်သူ့ကိုမှ ပြောရဲမှာ မဟုတ်ပါဘူး''

ဝင်းတားက ခေါင်းခါသည်။

''ဘယ်ဖြစ်မလဲ၊ ခင်ဗျား ဘာဖြစ်နေမလဲ ဆိုတာ တွေးပြီး သူ သိပ်စိတ်ပူနေမှာပေါ့''

ဂျူလီဆွမ်းက မတ်တတ်ရပ်လိုက်သည်။

''ကျွန်မ သူနဲ့ပဲ လိုက်နေမှာပါ၊ ကဲ.. ကျွန်မ မျက်နှာလိမ်းဖို့ ပစ္စည်းလေးတွေ နည်းနည်းပါးပါး ယူခဲ့လို့ ရမလား''

လီကက် ဒေါသူပုန်ထသွားသည်။

''မြတ်စွာဘုရား..''

ဝင်းတားက ဝင်ပြောသည်။

''ကဲပါလေ.. သူ ဘာပစ္စည်းတွေ ယူတယ်ဆိုတာ မင်း လိုက်ကြည့်ဒါပေမဲ့ လက်သည်းညှပ်တဲ့ ပစ္စည်းတွေ ဘာတွေတော့ မယူခဲ့စေနဲ့ ပြီးတော့ ဆွမ်းကိုပါ မင်းနဲ့အတူတူ ခေါ်သွား''

သူက အခန်းထဲတွင် သူနှင့် ပီရီဂေါက်စင် နှစ်ဦးတည်း ကျန်သည်အထိ စောင့်ကြည့်နေသည်။ ဝင်းတားသည် ဆွမ်း ဖနီးမောင်နှံကို စောင့်ကြပ်ရမည့် အာမန်ဘဇင်နှင့် ပီရီဂေါက်စင် နှစ်ဦးစလုံးကို သဘော သိပ်မတွေ့လှ။ သို့သော် သူတို့နှစ်ယောက်စလုံးသည် အယ်ဂျီးရီးယား အရေးအခင်း ပေါ်ပြီးနောက် ကွီဘက်တွင် အနေကြာခဲ့ကြသဖြင့် အင်္ဂလိပ်စကားကို ရေရေလည်လည် ပြောတတ်သူများ ဖြစ်သည်။ သူက လီကက်နှင့် သက်တူရွယ်တူ ပြင်သစ်လူမျိုး ပီရီဂေါက်စင်ကို စိုက်ကြည့်နေသည်။

''မင်းကို ငါ သတိထပ်ပေးရဦးမယ်၊ မင်းနဲ့ လီကက် ဆွမ်း ဖနီးမောင်နှံကို ရမ်ဘလာကားနဲ့ ဟိုတဲအိမ်ဆီ ခေါ်သွားရမယ်''

''ကျုပ် သိပြီးသားပါ''

''မင်း သိပြီးသား ဆိုပေမဲ့ ငါကတော့ ထပ်ပြောရဦးမှာပဲ၊ မင်းတို့ ရမ်ဘလာကားကို ယူသွားရမယ်၊ တကယ်လို့ ဒီကား ဒီအိမ်ရှေ့မှာပဲ ရှိနေသေးရင် ဆွမ်းတစ်ယောက် လေဆိပ်ကို ဘာကားနဲ့ သွားသလဲလို့ တွေးစရာ ဖြစ်လာလိမ့်မယ်၊ တစ်ပတ် ကြာတဲ့အခါကျတော့ သူတို့ကို တဲထဲမှာ သော့ခတ်ထားခဲ့ပြီး မင်းတို့က ကနေဒါကို လေယာဉ်ပျံနဲ့ သွား၊ မသွားခင် ဒီက ရဲအဖွဲ့



တို့ ဆွမ်း ဖနီးမောင်နှံ ဘယ်မှာ ရှာရမယ် ဆိုတာကို တယ်လီဖုန်းနဲ့ သတင်းပို့ခဲ့၊ တကယ်လို့များ သူတို့နှစ်ယောက် တစ်ခုခု ဖြစ်သွားရင် မင်းတို့ကို ငါ ကိုယ်တိုင် လိုက်ရှာပြီး..''

ပီရီဂေါက်စင်က ဝင်းတားကို ပြန်ကြည့်ရင်း ပြောပြန်သည်။

''သူတို့က ဘာဖြစ်သွားစရာ ရှိလို့လဲ''

ဂေါက်စင်သည် ဝင်းတားကို စေ့စေ့ ပြန်မကြည့်ရဲသဖြင့် မျက်နှာကို ချက်ချင်း ပြန်လွှဲပစ်လိုက်သည်။ ဝင်းတား ကိုယ်တိုင်ကလည်း ဂေါက်စင်၏ စကားကို မယုံမကြည် ဖြစ်သွားသည်။ သို့သော် လီကက်နှင့် ဆွမ်း ဖနီးမောင်နှံ ဧည့်ခန်းထဲသို့ ပြန်ရောက်လာသောအခါ သူ အာရုံ ပြောင်းသွားသည်။

ဝင်းတားက ဂျူလီဆွမ်းကို ပြောသည်။

''တယ်လီဖုန်းဆက်စရာ တစ်ခု ကျန်သေးတယ်၊ ဒီတစ်ခါတော့ ခင်ဗျားကိုယ်တိုင် ဆက်ရမယ်၊ ခင်ဗျားက ခင်ဗျားတို့ရဲ့ အိမ်နီးနားချင်း သွမ်မဆင် ဖနီးမောင်နှံကို ခင်ဗျား ခုချက်ချင်း ချာလီနဲ့ လိုက်သွားရမယ်၊ မက်ကေးက သူ့သဘော်ပေါ် အမျိုးသမီးတွေ လိုက်မလာရဘူး ဆိုတဲ့ စည်းကမ်းကို လျှော့ပေးလိုက်ပြီလို့ ချာလီက ခုပဲ ပြောတယ် ဆိုတဲ့အကြောင်း၊ ဒါကြောင့် ဆန်ဖရန်စစ္စကိုကို ခုတစ်ခေါက်မှာ ချာလီနဲ့ လိုက်သွားမယ်ဆိုတဲ့ အကြောင်း ရှင်းပြ၊ ဒါမှ တစ်ပတ်လုံးလုံး ခင်ဗျား ဒီက ပျောက်နေတာကို သင်္ကာမကင်း မဖြစ်ကြတော့မှာ''

''ကျွန်မ ဒီနေ့ ညနေ မစ္စစ်သွမ်မဆင်ဆီ သွားလည်ဖို့ ချိန်းထားတာ''

''ဒါဖြင့်ရင် ဒီညနေ မလာနိုင်တော့ဘူး ဆိုတာပါ ထည့်ပြောလိုက်ပေါ့''

ဝင်းတားက လီကက်ကို ညွှန်ကြားလိုက်သည်။

''ဆွမ်းကို ကားထဲ ခေါ်သွားတော့၊ ငါ သူနဲ့ အခု နောက်က လိုက်လာမယ်''

ဝင်းတားသည် လီကက်နှင့် ဆွမ်း အပြင်ရောက်သည်အထိ စောင့်နေပြီးနောက်–

''ကဲ.. မစ္စစ်ဆွမ်း.. ကဲ ဒီတစ်ခါတော့ ခင်ဗျား ယောကျ်ားရဲ့ ကျန်းမာရေးအတွက် မမှားမယွင်းအောင် ဆက်ပေတော့''

''စိတ်ချပါ''

www.burmeseclassic.com

www.burmeseclassic.com



ဂျူလီဆွမ်းတစ်ယောက် တည်ငြိမ်သော လက်များနှင့် တယ်လီဖုန်းနိုင်ခွက်အား လှည့်နေသည်ကို ဝင်းတားက စောင့်ကြည့်နေသည်။ သည်အမေရိကန်မလေးသည် တော်တော်သတ္တိကောင်းသည်။ လိုက်လိုက်လျောလျောလုပ်ပါမှ သူ့တို့အတွက် အခြေအနေကောင်းမည် ဖြစ်ကြောင်း မှန်မှန်ကန်ကန်နားလည်လွယ်သူလည်း ဖြစ်သည်။

ဂျူလီဆွမ်းက အများအယွင်း အထစ်အငေါ့ မဖြစ်စေဘဲ ပုံမှန်တယ်လီဖုန်း ဆက်နိုင်ခဲ့သည်။ သူ လိုက်သွားရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေသည့် လေသံကလေး ပါအောင်ပင် ထည့်ပြောသွားနိုင်သည်။ သူ တွေ့ရကြားရသလောက် အကဲခတ်ရပါက မစ္စစ်သွမ်မဆင်တစ်ယောက် သက်သာမကင်းဖြစ်ပုံမပေါ်ချေ။ ဂျူလီဆွမ်းက တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်သောအခါ ဝင်းတားက ချီးကျူးစကား ပြောလိုက်သည်။

"အခု ပြောတာ သိပ်မဆိုးဘူး။ ခင်ဗျား အဲဒီပုံစံအတိုင်း ဆက်လုပ်သွားနိုင်ရင် အားလုံး အဆင်ပြေသွားမှာပါ"

ဂျူလီဆွမ်းက ကုတ်အင်္ကျီအထူကြီးကို အပေါ်က ထပ်ဝတ်ရင်း သမင်လည်ပြန် ကြည့်၍ ပြန်ပြောသည်။

"တကယ်ပဲလား။ ကျွန်မ မမေးကောင်းဘူးလို့တော့ ထင်တယ် ဒါပေမဲ့ ရှင် ဗြိတိသျှလူမျိုး မဟုတ်လား။

"ဟုတ်တယ်.. အဲဒီလို မမေးကောင်းဘူး။ ဒါပေမဲ့ ခင်ဗျား ယောကျ်ားက မိုက်မိုက်ကန်းကန်း လုပ်ဖို့ မကြိုးစားဘူးဆိုရင် ဘာမှ ဖြစ်မှာ မဟုတ်ပါဘူး"

"တော်တော်ကလေး ကြာရင် အစောင့်တစ်ယောက် ထပ်ရောက်လာပြီး ခင်ဗျား ကြည့်မရတဲ့လူနဲ့ လူချင်းလဲမှာပါ၊ အဲ သတိတော့ ထားနော်။ သူတို့မှာ သေနတ်ကိုယ်စီ ပါလာလိမ့်မယ်"

"ကျွန်မ ယောကျ်ားက ကျွန်မကို သိပ်ဂရုစိုက်တာ၊ သူ မိုက်မိုက်ကန်းကန်း လုပ်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘာပဲပြောပြော ကျွန်မကတော့ ကြောက်တာပဲ"

"ခင်ဗျားတို့ကို တစ်ပတ် ကြာရင် ပြန်လွှတ်မှာပါ"

"ကျွန်မကတော့ အဌမမြောက်နေ့အတွက် ဆုတောင်းနေမယ်"

❑



မာလိန်မှူး မက်ကေးသည် ကုတ်အင်္ကျီ အထူကြီးကို ဝတ်ရင်း ထက်ဆွဲအိတ်ထဲသို့ ပစ္စည်းပစ္စယများကို ကပျာကယာ ပစ်ထည့်ပြီး ဝက်စ်ဝပ်တို့တယ် အပြင်ဘက်သို့ ညနေ ၃ နာရီခွဲတွင် ကပျာကယာ ထွက်လာခဲ့သည်။ ညနေစောင်းပင် ဖြစ်သော်လည်း မှောင်နေပြီ ဖြစ်သဖြင့် လမ်းမီးများကို ထွန်းထားရလေပြီ။ သူက လမ်းဘေးတွင် ရပ်ထားသော သူ့ကားဆီသို့ အပြေးအလွှား သွားသည်။

ဆွမ်းထံမှ သူ နေမကောင်း၍ ဒီတစ်ခေါက် မလိုက်နိုင်တော့ကြောင်း၊ သို့သော် လူစားအဖြစ် ကင်းနီယတ် ဆိုသူကို ရှာတွေ့ထားကြောင်း၊ တယ်လီဖုန်းရပြီးနောက် ၅ မိနစ် မကြာခင် သူ့တယ်လီဖုန်းက ထပ်မြည်လာပြန်သည်။ ထိုတယ်လီဖုန်းမှာ ဆွမ်း၏ နေအိမ်မှ ဝင်းတား၏ ညွှန်ကြားချက်အရ ဝေါလ်ရှင်က ထပ်ဆက်ခြင်း ဖြစ်သည်။

ဝေါလ်ဂရင်က တယ်လီဖုန်းလိုင်း မကောင်းသောကြောင့် မက်ကေးပြောသည်ကို ကောင်းကောင်း မကြားရကြောင်း၊ သူ အရေးတကြီး အလျင်လို သိပ်ဖြစ်နေကြောင်း၊ ချဲလင်ဂျာ ဆိုက်ကပ်ထားသော ရေနံဆိပ်ကမ်းတွင် ချဲလင်ဂျာနှင့် မလှမ်းမကမ်း၌ မီးလောင်နေကြောင်း ပြောပြီး၊ 'ခင်ဗျား ဒီကို ချက်ချင်း လိုက်လာမှ ဖြစ်မယ်' ဟု သတိပေး၍ မက်ကေး ဘာမှ ပြန်မမေးနိုင်ခင် တယ်လီဖုန်းကို ပြန်ချသွားသည်။

ဝင်းတားက မက်ကေးအား စဉ်းစားတွေးတောနေချိန် မရအောင် စိတ်တတ်စစ်ဆင်ရေး လုပ်နေခြင်း ဖြစ်ကြောင်း မက်ကေးတစ်ယောက် မသိရှာ။ သို့မှသာ သူက ကပျာကယာ အင်ကားရေ့ချ်မြို့က ပြန်ထွက်သွားမည် ဖြစ်ပြီး အစောထိုးထားသော ကြေးနန်းစက်ရိုက်သမားအကြောင်းကို စဉ်းစားချိန် မရဘဲ ရှိလိမ့်မည်။

မက်ကေး သူ့ကားဘေးနားသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆဲဆိုရေရွတ်လိုက်မိသည်။

"တော်တော် လက်ကမြင်းတဲ့ ကောင်လေးတွေ.."

မီတာတိုင်မှတစ်ဆင့် ကားနှင့် ပလပ်ထိုး၍ ဆက်သွယ်ထားခဲ့သော ဝိုင်ယာကြိုးကို ဆွဲအဖြုတ်ခံထားရသဖြင့် ကားသည် သုံးမရသည့် အခြေအနေသို့ ရောက်နေလေပြီ။ သူသည် နောက်တစ်ကြိမ် ဆဲရေးတိုင်းထွာရင်း ကားထဲမှ ပြန်ထွက်လိုက်သည်။ ထို့နောက် သူ့ကားတံခါးကို သော့ခတ်ပြီး ပြန်ပိတ်အပြီး၌ ကားတစ်စီး သူ့အနားသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေါလ်ဂရင်က သူ့ဘေးတွင် ထိုးရပ်လိုက်ပြီး ခေါင်းပြူ၍ မေးသည်။

"ကားပျက်နေသလား"

"အေးဗျာ… ဒီလို ဖြစ်တတ်တာပဲ၊ ကဲ… ဘယ်သွားမလို့လဲ"

"လေဆိပ်ကို…"

"ကဲ… ရောက်ပြီလို့ပဲ သဘောထားလိုက်တော့ဗျာ၊ ကဲ… ကဲ… ကားပေါ်တက်"

မက်ကေးသည် ကားနောက်ခုံ၌ ဝင်ထိုင်ရင်း သင်္ဘောဆီသို့ အချိန်မီ ပြန်ရောက်ရေး ကိစ္စကိုသာ တစ်ချိန်လုံး တွေးနေမိသည်။ ပြီးတော့ မီးအခြေအနေ ဘယ်လောက် ဆိုးရွားနေသလဲ ဆိုတာကိုလည်း သိချင်နေမိသည်။ သူ ဒီသင်္ဘော ဆိပ်က ဒီညသန်းခေါင်တွင် ထွက်ခွာနိုင်မှ ဆန်ဖရန်စစ္စကိုသို့ အချိန်မီ ရောက်နိုင်မည်။

ဝေါလ်ဂရင်ကလည်း ကားကို သတ်မှတ်နိုင်နှုန်း ၅၉ မိုင်ထက် ပိုမြန်မြန် မောင်းနေသည်။ သူက မက်ကေးကို စကားစမြည် ပြောကြည့်ရန် ကြိုးစားသေးသော်လည်း မက်ကေးထံက အဖြေ ပြန်မရသဖြင့် ဘာမှ ဆက်မပြောဘဲ နေသည်။ သူကလည်း စကားမပြောရသည်ကို ကြိုက်တိုက်တိုက်ပင်။ ဒီကိစ္စ အားလုံးကို ဝင်းတားက စီစဉ်ခဲ့ခြင်း ဖြစ်သည်။ ဆွမ်းက မက်ကေးထံ ဖုန်းဆက်ပြီး နောက်ပိုင်းတွင် မက်ကေးကို သူတို့အလိုကျ ကြိုးဆွဲနိုင်ဖို့ လိုသည်။ ထို့ကြောင့် ဝေါလ်ဂရင်က ကားမှ ဓာတ်ကြိုးယလပ်ကို ဖြုတ်ထားပြီး သူ့ကားကို သုံးမရတော့မှန်း သိသွားသောအခါ မက်ကေးကို ဝေါလ်ဂရင်က အငှားယာဉ်တစ်စီး ဟန်ဆောင်၍ လေဆိပ်သို့ ခေါ်သွားရန် ဖြစ်သည်။ ဝင်းတား ကြိုတွက်ထားသည့်အတိုင်း လွယ်လွယ်ကူကူ ဖြစ်လာသည်။ မက်ကေးက သူ့သင်္ဘောကြီးအကြောင်းနှင့် အလပ်စကာက ခွာရမည့် ကိစ္စကိုသာ တစ်ချိန်လုံး စဉ်းစားလာသည်။

ဝေါလ်ဂရင်က မက်ကေးထံ ရေနံသင်္ဘောဆိပ်တွင် မီးလောင်နေပြီဟု ဖုန်းဆက်ချိန်တွင် အာမန်ဘဇင် ဖောက်ခွဲလိုက်သော မီးလောင်ဗုံးကြောင့် သင်္ဘောဆိပ်မှ မီးခိုးလုံးကြီးများ အူထွက်လာသော်လည်း တအံ့တသြတော့ မဖြစ်ကြချေ။ ထိုအချိန်က ဥရောပနှင့် အမေရိကန်နိုင်ငံ အနှံ့အပြားတွင် ယခု လို အနှောင့်အယှက်ပေးမှုများ မကြာခဏ ဖြစ်ပေါ်နေသောကြောင့် ဖြစ်သည်။

သင်္ဘော ထွက်ခွာရန် နှစ်နာရီ သုံးနာရီ အလို၌ သင်္ဘောမာလိန်မှူး တစ်ယောက်သည် အချိန်မီ ဆိပ်ကမ်းမှ ခွာနိုင်ပါ့မလား ဆိုသည့် ကိစ္စကိုသာ တွေးနေပေလိမ့်မည်။ ထို့အပြင် သင်္ဘော ဆိုက်ကပ်ထားသည့် နေရာနှင့် ၂ ဖာလုံ



ခန့် အကွာ၌ မီးလောင်နေကြောင်းကိုသာ သိခဲ့သော် လူစား ဝင်လာမည့် ကြေးနန်း တော်ရိုက်သမား ကိစ္စကို အထူးတလည် တွေးတောနေမိတော့မည် မဟုတ်ချေ။

မက်ကေးတစ်ယောက် သင်္ဘောကုန်းဘောင်ဆီသို့ လျှောက်သွားစဉ် အသက် ၃၀ ကျော်အရွယ် မျက်နှာသွယ်သွယ်၊ ဖျတ်ဖျတ်လတ်လတ် ရှိပုံရသူ တစ်ဦးသည် မက်ကေးနားသို့ ချဉ်းကပ်လာပြီး–

"ကျွန်တော် ကင်းနီယတ်ပါ…"

ဟု မိတ်ဆက်သည်။ ကုန်းဘောင်ထိပ်၌ ရပ်နေသော သင်္ဘောသား တစ်ယောက်က သူ့ကို မာလိန်မှူးမက်ကေး ဖြစ်ကြောင်း ကြိုပြလိုက်သဖြင့် နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။

"ကဲ… မင်း သင်္ဘောပေါ်ကို တက်ပေတော့၊ ဒုတိယအရာရှိ ဝေါ့ရှ်ဆီ မှာ သတင်းပို့၊ မင်းနဲ့ ငါ နောက်မှ တွေ့မယ်"

သူ့အခန်းထဲသို့ ရောက်သော် ပထမအရာရှိ ဆင်ဒီဘင်းနက်က အခြေ အနေ အရပ်ရပ်အား အကျဉ်းချုပ်၍ အစီရင်ခံသည်ကို နားထောင်လိုက်သည်။

"ဆီလှောင်ကန် အားလုံး နောက် ၇ နာရီကြာရင် အကုန်ပြည့်မယ်၊ ကျွန်တော်တို့ ညသန်းခေါင်မှာ ဒီက ခွာနိုင်လိမ့်မယ်လို့ မှန်းပါတယ်"

"လုပ်လို့ကိုင်လို့ ရမယ်ဆိုရင် တို့ ခပ်စောစော ဆိပ်ကမ်းက ခွာမယ်၊ မင်းက ဆိပ်ကမ်းဝန်ကို ကြိုအကြောင်းကြားထား၊ တကယ်လို့ အဲဒီမီးဟာ ပိုဆိုးလာရင် ဆီလှောင်ကန် တချို့ကို မဖြည့်ရဘဲနဲ့ ထွက်သွားချင် သွားမယ်"

မက်ကေးသည် သင်္ဘော ဘယ်ဘက်ရှိ ပြတင်းပေါက်မှ ခပ်လှမ်းလှမ်း၌ လှမ်းမြင်နေရသော ရဲရဲနီနေသည့် မီးလုံးကြီးနှင့် မိုးပေါ်သို့ တလူလူ ပျံတက် နေသော မီးခိုးလုံးကြီးများကို လှမ်းကြည့်နေသည်။ သူ ထင်တာနှင့် တလွဲစီပါ လား။ သူ ပထမ ကြားရစဉ်က သင်္ဘောဆိပ်တစ်ခုလုံး မီးလောင်နေပြီဟု ထင်ခဲ့မိသည်။ မက်ကေးက မေးလိုက်၏။

"ဘယ်က စလောင်တာလဲ"

ဆင်ဒီဘင်းနက်က ဖြေသည်။

*"မပြောတတ်သေးဘူး ဆရာ၊ ဗွမ်း နေရာမှာ လူစား မြန်မြန်ရလိုက်တာ ကျွန်တော်တို့ သိပ်ကံကောင်းသွားတယ်၊ ဘယ်လိုကြောင့် သူ့ကို ချက်ချင်း ရလိုက်တာလဲ ဆရာ"*

www.burmeseclassic.com



"သူ့ကို ဆွမ်းက သိလို့ကွ၊ ဒါနဲ့ စကားမစပ် သူတောင် သင်္ဘောပေါ် ရောက်နေပြီ၊ သူလည်း မာကိုနီအဖွဲ့ကပဲ၊ သူ အခု အင်ကားရေ့ချ်မှာ ရှိတဲ့ သူ့ညီမဆီ အလည်လာရင်း ကြုံကြိုက်သွားတာ"

မက်ကေးတစ်ယောက် ဒီကိစ္စကို စိတ်ရှည်လက်ရှည် ဆက်ရှင်းပြချင်ပုံ မပေါ်။ တခြားကိစ္စများကိုသာ ဆက်ဆွေးနွေးချင်ပုံ ရသည်။

ပထမအရာရှိ ဆင်ဒီဘင်းနက်သည် အသက် ၂၈ နှစ်အရွယ်၊ အရပ် မနိမ့်မမြင့်နှင့် ပါးလျားသော ခန္ဓာကိုယ်ပိုင်ရှင် ဖြစ်သည်။ သူသည် ဆံပင်သာ မက မျက်ခုံးမွေးများပါ ညိုရောင်သန်းနေသူ ဖြစ်သည်။ ပြီးတော့ သူသည် ဘာကိစ္စကိုမဆို ချက်ချင်း လက်ခံတတ်သူ မဟုတ်။ မက်ကေးက ဆင်ဒီဘင်းနက် သည် အမေးအမြန်း သိပ်ထူသည်ဟု ယူဆထားသည်။

ဆင်ဒီဘင်းနက်က ထပ်မေးပြန်သည်။

"ဆွမ်းနဲ့ ဆရာကိုယ်တိုင် တွေ့ခဲ့တာလား ဆရာ၊ သူက ဆရာ့ကို ကင်းနိုယတ်နဲ့ မိတ်ဆက်ပေးခဲ့တာလား ဆရာ"

"မတွေ့ဘူးကွ၊ သူ့အိမ်က ဝက်စ်ဝပ်ဟိုတယ်ကို လှမ်းဆက်တာ နေပါဦး... မင်းက ဘာကို တွေးပူနေလို့လဲ"

"ဘာမှတော့ မဟုတ်ပါဘူး ဆရာ၊ ဒါပေမဲ့ အခုကိစ္စက သိပ်ကို တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လွန်းနေသလားလို့ပါ၊ အလပ်စကာလို နေရာမျိုးမှာ ဆွမ်း နေမကောင်းဖြစ်တာနဲ့ လူစား ချက်ချင်း ရတယ် ဆိုတာမျိုး ဖြစ်နေလို့ပါ ကျွန်တော်တို့ ဒီက မခွာခင် သူ့စာရွက်စာတမ်းတွေကို ကျွန်တော်ကိုယ်တိုင် စစ်ကြည့်ပါဦးမယ်"

"ဝေါ့ရှ်က စစ်နေပါပြီ၊ ဒါဇေမဲ့ မင်းကိုယ်တိုင် စစ်ဆေးဖို့ လိုအပ်ရင် ထပ်စစ်ပေါ့ကွာ၊ ကဲ... မစ္စတာဘင်းနက်၊ ဒီသင်္ဘောကြီးနဲ့ ပတ်သက်တဲ့ တခြားကိစ္စတွေကို ဆက်ဆွေးနွေးကြရအောင်..."

❑

မာလိန်မှူးမက်ကေးတစ်ယောက် အလပ်စကာရှိ သူ့သင်္ဘောပေါ်သို့ ပြန်တက်သွားချိန်မှာ ဇန်နဝါရီလ ၁၆ ရက် ကြာသပတေးနေ့ မကုန်ဆုံးသေးချိန်



ဖြစ်သည်။ ယမန်နေ့ကမူ လန်ဒန်ရှိ ဟီသရိုးလေဆိပ်တွင် အစစအရာရာ အဆင်ပြေလျက် ရှိသည်။ လေယာဉ်ခရီးစဉ် ဇယားတွင် ဖော်ပြထားသည့်အတိုင်း လေယာဉ်ပျံအားလုံး အချိန်မှန်ဆိုက်၊ အချိန်မှန် ပြန်ထွက်နေကြသည်။ သို့သော် ဆိုက်စ္စမှာ အထူးတလည် ကံစွပ်ပြီး အချိန်မှန်နေကြခြင်းသာ ဖြစ်သည်။ တကယ် ဆော့ လောင်စာဆီ ပြဿနာတက်နေချိန်တွင် လေယာဉ်ခရီးစဉ် အချိန်ဇယား ကို လူမြင်ကောင်းရုံ ဝါဒဖြန့်ချိရေးကိစ္စ သက်သက်အတွက်သာ ရိုက်နှိပ်ထားခြင်း ဖြစ်သည်။ တကယ်ကတော့ လေယာဉ်ပျံ အချိန်ဇယားသည် တကယ် ဖြစ်နေ သည့် အဖြစ်အပျက်နှင့် ဘာမျှ မဆိုင်ချေ။ ဆူလီဗန်တစ်ယောက် လေဆိပ်သို့ ရောက်လာချိန်တွင် အားလုံး ပုံမှန်အနေအထားသို့ ပြန်ရောက်သွားသည်။

အင်္ဂါနေ့နှင့် ကြာသပတေးနေ့များတွင် လန်ဒန်မှ အင်ကားရေ့ချ်သို့ တိုက်ရိုက်ပျံသန်းသော လေယာဉ်ခရီးစဉ် မရှိ။ ထို့ကြောင့် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဆူလီဗန်သည် အလပ်စကာသို့ တခြားခရီးစဉ်နှင့် လိုက်ပါသွားရ သည် ဖြစ်သည်။ သူသည် လန်ဒန်စံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဟီသရိုး လေဆိပ်မှ ကိုပင်ဟေဂင်သို့ ပျံသန်းမည့် လေကြောင်းခရီးစဉ် ဘီအီး ၇၄၂ နှင့် လိုက်ပါမည် ဖြစ်သည်။ ဒင်းမတ်နိုင်ငံ၏ မြို့တော် ကိုပင်ဟေဂင်မှ ညနေ ၃ နာရီခွဲတွင် ထွက်ခွာမည့် စကင်ဒီနေးဗီးယန်း လေကြောင်းခရီးစဉ် အမှတ် အက်စ်ကေ ၉၈၉ နှင့် ဆက်လက် လိုက်ပါရမည် ဖြစ်ပြီး အင်ကားရေ့ချ်သို့ အလပ်စကာ စံတော်ချိန် ညနေ ၁ နာရီ ၁၅ မိနစ်တွင် ရောက်ရှိသွားမည် ဖြစ်သည်။

ဤအချိန်ဇယားအတိုင်းသာ ဆိုပါက ဆူလီဗန်သည် အင်ကားရေ့ချ် သို့ ဆွမ်းကို ပြန်ပေးမဆွဲမီ ၂ နာရီခန့် စော၍ ရောက်ရှိသွားမည် ဖြစ်သည်။ သူ အင်ကားရေ့ချ်သို့ ရောက်ခဲ့သော ဝက်စ်ဝပ်ဟိုတယ်တွင် ရှိနေသော မက်ကေး ထံ တန်းသွားမည် ဖြစ်ပြီး ဆွမ်းက မက်ကေးထံ တယ်လီဖုန်း ဆက်ချိန်တွင် သူလည်း မက်ကေးထံတွင် ရှိနေမည် ဖြစ်သည်။ အရာရာကို မသံကာတတ်သူ ဆူလီဗန်သည် ထိုတယ်လီဖုန်းကို ချက်ချင်း မသင်္ကာဖြစ်တော့မည်မှာ မလွဲချေ။ သို့သော် ကံဆိုးသောကြောင့် ထိုနေ့သည် သာမန်နေ့တစ်နေ့ ဖြစ်သွားရှာလေ သည်။

လေယာဉ် အခက်အခဲကြောင့် လေယာဉ်ခရီးစဉ် အမှတ် အက်စ်ကေ ၉၈၉ သည် သတ်မှတ်ထားသည့် အချိန်ထက် ၁၀ နာရီခွဲ နောက်ကျပြီးမှ

www.burmeseclassic.com



စတင်ပျံသန်းနိုင်ခဲ့သည်။ ကင်းနိုယတ်တစ်ယောက် ချဲလင်ဂျာသင်္ဘောကြီး၏ ကုန်းဘောင် ခြေရင်းသို့ ရောက်ရှိလာစဉ် ဆူလီဗန်သည် လေယာဉ်ပျံပေါ်၌သာ ရှိနေသေးသည်။ သူ အင်ကားရေ့ချ်သို့ ရောက်ရန် ၇ နာရီ လိုပေသေးသည်။

※

"ဘင်းနက်ရေ့.. ပြဿနာတစ်ခုတော့ တက်လာပြန်ပြီ၊ ဒီနေ့က တော့ တို့အတွက် တကယ့် ကံဆိုးတဲ့နေ့ပဲ"

မက်ကေးသည် ကြေးနန်းစက်ရိုက်သမားထံမှ ရရှိလာသော ကြေးနန်းစာရွက်ကို ပထမအရာရှိအား လှမ်းပေးလိုက်ပြီးနောက် ပဲ့စင်ခန်းထဲတွင် လက်နှစ်ဖက်ကို နောက်ပစ်၍ ဆုပ်ကိုင်ထားရင်း ယခုအထိ အရှိန်မလျော့သေးသော မီးရောင်ကို လှမ်းကြည့်နေသည်။ ဘင်းနက်သည် လန်ဒန်ရုံးချုပ်မှ လတ်တလော ဝင်လာသည့် သံကြိုးစာကို ဖတ်ကြည့်လိုက်သည်။

*'ဖန်နဝါရီလ ၁၆ ရက်နေ့တွင် အိုလီယမ်သို့ ခရီးထွက်ခွာမည့် ချဲလင်ဂျာသင်္ဘောနှင့် အမေရိကန်သတင်းစာဆရာ ဘက်တီကော်ဖဲလ် လိုက်ပါလိမ့်မည်။ ကျေးဇူးပြု၍ အစစအရာရာ အဆင်ပြေအောင် ကူညီပါ။ ကော်ဖဲလ်သည် ဆီတဲလ်မှ ထွက်ခွာမည့် နော့သ်ဝက်စ် လေကြောင်းခရီးစဉ်နှင့် အင်ကားရေ့ချ်လေဆိပ်သို့ ၁၈း၀၀ နာရီတွင် ရောက်ရှိမည်။ သင်္ဘော ရှိရာသို့ သူ့အစီအစဉ်နှင့် သူ လာလိမ့်မည်"*

*ဟာဝါ*

မက်ကေးက ထပ်ပြောပြန်သည်။

"အမျိုးသမီးတစ်ယောက်ကွ"

ဘင်းနက်က ပြန်ဖြေသည်။

"အမေရိကန်တွေဟာ နာမည်မှည့်တဲ့ အစဉ်အလာကို မပြောင်းသေးဘူးဆိုရင် ဒီလိုပဲ ယူဆရမှာပဲ ဆရာ"

"မင်းက ငါ့ကို ရယ်စရာတွေ လာပြောနေတာလား"

"မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်က ဖြစ်နိုင်တဲ့ အလားအလာတစ်ခု ကို သုံးသပ်ကြည့်တာပါ၊ ကျွန်တော် ရစ်ဂလီဆီ သွားပြီး အခန်းတစ်ခန်း



အဆင်သင့် ပြင်ထားဖို့ ပြောမှ ဖြစ်မယ်"

"မလိုပါဘူးကွာ၊ သူ ကြိုက်ကြိုက် မကြိုက်ကြိုက် တို့တစ်တွေ နေသလို နေရမှာပဲ၊ ကမ္ဘာပေါ်မှာ အမျိုးသား သတင်းစာဆရာတွေ ဒီလောက်တောင် များနေရသလားကွာ၊ သူက မနက်စာကို အိပ်ရာထဲမှာ စားချင်တယ်ဆိုရင်တော့ ရေသူမယော့၊ မင်း ရစ်ဂလီကို သွားပြောထားရင် ကောင်းမယ်"

ဘင်းနက်သည် မက်ကေး ရင်ထဲတွင် ရှိနေသော မကျေနပ်ချက်များ အပ်မံပေါက်ကွဲမလာမီ ပဲ့စင်ပေါ်မှ ကပျာကယာ ဆင်းပြေးသည်။ ရေနံတင်သင်္ဘောပေါ်တွင် အမျိုးသမီးများ လိုက်ပါလေ့ ရှိသည်မှာ သိပ်ထူးဆန်းလှသည် တော့ မဟုတ်။ သင်္ဘောကုမ္ပဏီ အများစုသည် သင်္ဘောအရာရှိများ၏ ဇနီးများ ကို သင်္ဘောနှင့် တစ်ခါတစ်ရံ လိုက်ပါစီးနင်းခွင့် ပြုလေ့ရှိသည်။ သို့သော် ငြားလို မက်ကေးကမူ ထိုအစဉ်အလာကို လုံးဝ ခွင့်မပြုခဲ့ချေ။

"တကယ်လို့ လူတစ်ယောက်ဟာ အိမ်ထောင်သည်တို့ရဲ့ သဘာဝ အတိုင်း ဇနီးဖြစ်သူနဲ့ အတူတူ တစ်ညှ အိပ်စက်ထားရင် အဲဒီလူဟာ လေမုန်တိုင်း ကျတဲ့အခါမျိုးကျရင် တာဝန်ထမ်းဆောင်နိုင်စွမ်း ရှိမှာ မဟုတ်တော့ဘူး"

ဟု မက်ကေးက ပြောလေ့ပြောထ ရှိသည်။

တစ်ဖန် သံကြိုးစာထဲတွင် ယဉ်ယဉ်ကျေးကျေး ရေးထားသော်လည်း ဆိုလိုသည်မှာ ဒီအမျိုးသမီးကို တင်ခေါ်သွားရန် အမိန့်ပေး၍ ညွှန်ကြားလိုက်ခြင်း ဖြစ်ကြောင်း သူ သိသည်။ ထိုအချိန်မျိုးတွင်မှ ဒုတိယအရာရှိ ဘရိုင်ယင်ဝေါ့ရှ်သည် မသိ နားမလည်စွာနှင့် ပဲ့စင်ပေါ်သို့ တက်လာပြန်သည်။

မက်ကေးက ဒုတိယအရာရှိကို ခပ်ငေါက်ငေါက် ပြောလိုက်သည်။

"ဟေ့.. တို့ သင်္ဘောပေါ်မှာ မိန်းမတစ်ယောက် ပါလာတယ်"

"တကယ် ပြောတာလား ဆရာ"

တကယ်ကတော့ လူပျိုကြီး ဝေါ့ရှ်သည် သူ့ဆရာစကားကို နားမလည်စွာဘဲ ဝမ်းသာအားရ ပြန်ဖြေမိလိုက်သည်။ မက်ကေးသည် နောက်ဘက်သို့ ကိုယ်ကို ဖြည်းညင်းစွာ ပြန်လှည့်ပြီး သူ့တပည့်ကို အေးစက်စက် မျက်နှာထားနှင့် ကြည့်လိုက်သည်။

"အမေရိကန် သတင်းစာဆရာမကွ၊ ငါးဖောင်ရိုးခြောက် ခြေထောက်နဲ့ နှစ်လုံးပြူး အမြောက်လောက် ကြီးမယ့် ကျွဲကော်ကိုင်း မျက်မှန်ကြီးကို တပ်လာမှာပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျ"

အသက် ၂၆ နှစ်အရွယ် ရှိပြီး အမျိုးသမီးများ မျက်စိကျလော အောင် ချောသော ဝေါ့ရှ်သည် သင်္ဘောမာလိန်မှူး ပြောပြလိုက်သော သာ အမျိုးသမီး သတင်းစာဆရာတစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကို ကွက်ကွ ကွင်းကွင်း မြင်ယောင်လာသဖြင့် မျက်စိ ပေကလပ် ပေကလပ် ဖြစ်သွားသည်

"ထူးထူးထွေထွေ ကြိုဆောင်ရွက်ထားစရာတွေများ ရှိဦးမလား ဆရာ

"ဘာကွ.. ဘာတွေ ကြိုဆောင်ရွက်ရမှာလဲ၊ မင်းစကားက ဘာ ဆိုလိုတာလဲ"

မာလိန်မှူး မက်ဂေး၏ လေသံသည် သံမှန်ထက် တစ်ပေါက် ပိုမြင့်သွားသည်။

"ဘယ်နေရာကို မသွားရဘူး၊ ဘယ်နေရာကို မလာရဘူး ဆိုတာ ပေါ့ ဆရာ၊ ပြီးတော့ သူ ဘယ်မှာ ထမင်းစားမလဲ"

"ထမင်းစားခန်းထဲမှာ တို့နဲ့ အတူတူ စားရမှာပေါ့ကွ၊ ဒါပေမဲ့ သင်္ဘော မထွက်ခင် သူ အမီရောက်ချင်မှ ရောက်လာမှာပါ၊ လန်ဒန်ရုံးချုပ် တော့ အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးပါတဲ့၊ ဒီအမျိုးသမီး ပင်လယ်ထဲမှာ ဘယ်လို နေရထိုင်ရတယ် ဆိုတဲ့ ပေါတောတော ဆောင်းပါး ရေးမလို့နဲ့ တူပါရဲ့ကွာ"

မက်ကေးသည် ချဲလင်ဂျာကို ခါတိုင်းအချိန်ထက် ၂ နာရီ စော ည ၁၀ နာရီတွင် ဆိပ်ကမ်းမှ ခွာရန် အမိန့်ပေးထားသည်ကို ရည်ညွှန်း ပြောလိုက်ခြင်း ဖြစ်သည်။

"သင်္ဘောသားတွေက စကားပြောရိုင်းတယ်၊ ဒီကောင်တွေကို ကြို သတိပေးထားရင် ကောင်းမလား ဆရာ"

"မလိုပါဘူးကွာ၊ သင်္ဘောပေါ်မှာ အမျိုးသမီးတစ်ယောက် လိုက်လာ တဲ့အတွက် ငါ့သင်္ဘောသားတွေ မိန်းမလျာအဖြစ် မခံနိုင်ဘူး၊ သူ ကြိုက်ကြိုက် မကြိုက်ကြိုက် လက်ရှိ အနေအထားအတိုင်း သူ လက်ခံရမှာပဲ၊ အဲလေ... သူ အချိန်မီ ရောက်လာခဲ့ရင်ပေါ့လေ"

မက်ကေးက ပွဲစင်ပေါ်ရှိ နာရီကို ကြည့်ရင်း ပြောလိုက်ခြင်း ဖြစ်သည်

သင်္ဘော၏ ဝဲဘက်ရှိ ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေသော



ရှ်က မှတ်ချက်ချလိုက်သည်။

"အဲဒီအမျိုးသမီး ခုပဲ ရောက်လာပြီ ထင်တယ် ဆရာ၊ ဆရာ့ကို တားတာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူ့ခြေထောက်တွေကတော့ ငါးဖောင်ရိုး ကြောက်တော့ မဟုတ်ဘူး ခင်ဗျ"

❑

ဝင်းတားသည် စက်စနာ လေယာဉ်ပျံကို တိမ်တိုက်များနှင့် လွတ်အောင် အောက်ဘက်မှ နိမ့်၍ ကွတ်ရေလက်ကြားတစ်လျှောက် နိမ့်နိမ့်ကလေး ပျံသန်း သည်။ အချိန်မှာ ည ၁၀ နာရီခွဲ ရှိပြီ ဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နေလေပြီ။ သူ့ဘေးနားတွင် ရှိနေသူ လီကက်က ဘေးသို့ စောင်း၍ အောက်ဘက်သို့ ငုံ့ကြည့်ရင်း ပြောလိုက်သည်။

"ဟိုဟာက မီးလောင်နေတာ မဟုတ်လား"

ထိုနေ့ညသည် အလွန့်မှောင်မိုက်သော ညပင် ဖြစ်သော်လည်း သူတို့ လေယာဉ်ပျံ အောက်ဘက်တွင် သိပ်မမှောင်လှချေ။ ရေနံတွင်းများမှ ဓာတ်ငွေ့ များကို မီးရှို့ထားသော ခေါင်းတိုင်ကြီးများသည် မှောင်ထဲတွင် မီးတုတ်ကြီးများ သို့ ထွန်းညှိထားသလို မြင်နေရသည်။ ထိုအပြင် ထိုခေါင်းတိုင်မီးများထက် သောသော မီးကြီး တစ်မီးကို မြင်နေရသည်။ ဘဇင် ဖောက်ခွဲပစ်ခဲ့သော လောင်ပုံကြောင့် ရေနံချက်စက်ရုံ၌ လောင်နေသော မီးသည် သင်္ဘောဆိပ်ကမ်း အထိ ကူးစက်လာသဖြင့် အင်ကားရေ့၌ရှိ မီးသတ်စက်များက မီးအရှိန်သေ သွားအောင် ဝိုင်းဝန်းငြိမ်းသတ်နေကြရသည်။

"ဟိုဟာက ချဲလင်ဂျာ"

ထိုသင်္ဘောကြီးသည် ညအမှောင်ထဲမှာပင် အဆမတန် ကြီးမားကြောင်း တွေ့ကြရသည်။ အနံ ၁၀၂ ပေ၊ အလျား ၇၄၃ ပေနှင့် စုစုပေါင်း အလေးချိန် ၃၃၂ တန် ရှိသော ထိုသင်္ဘောကြီးသည် သံထည်များနှင့် ဆောက်လုပ်ထား သော ရေပေါ်ကျွန်းကြီး တစ်ကျွန်းလို ဖြစ်နေသည်။

ဝင်းတားသည် လေယာဉ်ပျံကို အောက်သို့ နိမ့်ဆင်းလိုက်ပြီး လက်ကြားအတိုင်း လေယာဉ်ပျံဦးပိုင်းကို ဦးတည် မောင်းနှင်လိုက်သည်။ ချဲလင်ဂျာပေါ်တွင် ကုန်းပတ်ပေါ်ရှိ မီးလုံးများကို ထွန်းညှိထားသဖြင့် ဦးပိုင်းရှိ

www.burmeseclassic.com

www.burmeseclassic.com



ရွက်တိုင်နှင့် ဦးပိုင်းတို့ကို ထင်ထင်ရှားရှား မြင်နေရသည်။ ဝင်းတား စိတ်ဝင်စား သည်ကလည်း ဦးပိုင်းကြီးပင် ဖြစ်သည်။

လီကက်က မေးသည်။

"သင်္ဘောဦးပိုင်းရဲ့ လက်ဝဲဘက်မှာ မဟုတ်လား"

"ဟုတ်တယ်၊ ရဟတ်ယာဉ် ဆင်းရမယ့်နေရာကို မြင်တယ် မဟုတ်လား။ အဖြူနဲ့ ဝိုင်းပြထားတယ်၊ အလယ်ဗဟိုမှာလည်း အဖြူဝိုင်းကြီးနဲ့ ထပ်မှတ်ထားတယ်လေ"

ဝင်းတားက လေယာဉ်ပျံကို သင်္ဘောရှိရာသို့ ဦးစိုက်၍ ဆင်းလိုက်ရင်း ဖြေလိုက်ခြင်း ဖြစ်သည်။ လီကက်က မကျေမချမ်း ပြောလိုက်သည်။

"သေးသေးလေးပါလား..."

"မသေးပါဘူး၊ ကြီးပါတယ်၊ ပြီးတော့ နေ့ပိုင်း မြင်မြင်ထင်ထင်မှာ ဆင်းရမှာပါ၊ ဟိုဟာက အလယ်မှာ ရှိတဲ့ ကြွက်လျှောက်စင်္ကြံ အဲဒီကြွက်လျှောက်စင်္ကြံအတိုင်း သွားရင် ပွဲစင်ဆီကို တန်းရောက်မှာ၊ အဲဒါက အရေးအကြီးဆုံးပဲ၊ မေ့မနေနဲ့ဦး"

လီကက်က ဘာမှ ပြန်မဖြေ။ တန်ချိန် ငါးသောင်း ရှိသော ရေနံတင်သင်္ဘောကြီးကို ဓာတ်ပုံရိုက်ယူလိုက်သလို သူ့စိတ်ထဲတွင် စွဲသွားအောင် မှတ်သားနေသည်။ ဝင်းတားသည် သင်္ဘောပေါ်ရှိ ရေဒါတိုင်နှင့် လွတ်သွားအောင် လေယာဉ်ပျံကို ပြန်ဦးထောင်လိုက်ပြီးနောက် အပေါ်သို့ ပျံတက်သွားသည်။ ဤတွင် သင်္ဘောကြီးက ဥသြဆွဲလိုက်သည်ကို ဝင်းတားတို့ လေယာဉ်ပျံဆီက ခပ်သဲ့သဲ့ ကြားလိုက်သည်။ မက်ကေးသည် ဝင်းတားတို့က ဦးစိုက်၍ ဆင်းလာပြီး အပေါ်သို့ ပြန်တက်သွားသည်ကို အလေးပြုသည်ဟု ထင်သဖြင့် ပြန်လည် အလေးပြုလိုက်ခြင်း ဖြစ်သည်။ ဝင်းတားက ပြောလိုက်၏။

"ကဲ.. သင်္ဘောကို အပေါ်က ဘယ်လို မြင်ကြရမလဲ ဆိုတာ မင်းတို့ သိရပြီ၊ အခု ဒါက ဝတ်စုံပြည့် လေ့ကျင့်တာပဲ၊ နောက်တစ်ခါဆိုရင် တကယ်လုပ်ရတော့မယ်"

ဝင်းတားသည် လေယာဉ်ပျံကို ပြန်ကွေ့လိုက်ပြီးနောက် အင်ကားရေ့ချ် လေဆိပ်ဆီသို့ ပျံသန်းသွားသည်။ လေဆိပ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆန်ဖရန်စစ္စကိုရှိ အာရပ်နိုင်ငံတစ်ခု၏ ကောင်စစ်ဝန်ရုံးသို့ တယ်လီဖုန်းဆက်သည်။ သူ ပို့သည့် သတင်းကတော့ ခပ်တိုတိုပင်။

"လီမွှော်သီးသေတ္တာကို ပို့ပြီးပါပြီ"



သူတို့လူစုသည် ထိုနေ့ည ၁၁ နာရီမိနစ် ၃၀ တွင် ဆဲတဲလ်သို့ ပျံသန်းထွက်ခွာသည့် နော့သ်ဝက်စ် လေကြောင်းခရီးစဉ်ဖြင့် လိုက်ပါသွားကြသည်။ ထိုလေယာဉ်ပျံပေါ်တွင် သူတို့နှင့်အတူ ပါလာသော်လည်း သူတို့နှင့် အသီးတခြား ထိုင်နေသူ ဝေါလ်ဂရင်သည် ဆီတဲလ်မှ ဆန်ဖရန်စစ္စကိုသို့ ဆက်လက် လိုက်ပါသွားမည် ဖြစ်သည်။ ထိုည ၁၁ နာရီ ၄၅ မိနစ်တွင် ကိုပင်ဟေဂင်မှ နာရီပေါင်းများစွာ နောက်ကျနေကြရကြခဲ့သော စကင်ဒီနေးဗီးယန်း လေကြောင်းခရီးစဉ် အမှတ် အက်စ်ကေ ၉၈၉ သည် အင်ကားရေ့ချ်လေဆိပ်သို့ ဆိုက်ရောက်လာသည်။ လေယာဉ်ပျံပေါ်မှ ပထမဆုံး ဆင်းလာသူမှာ ဆူလီဗန်ပင်တည်း။

- ၁၇ -

www.burmeseclassic.com

## - ကိုး -

တန်ချိန် ငါးသောင်းရှိ ချဲလင်ဂျာ ရေနံတင်သင်္ဘောကြီးသည် တစ်နာရီလျှင် ရေမိုင် ၁၇ မိုင်နှုန်းနှင့် မောင်းနှင်လာခဲ့ရာ နံနက် ၆ နာရီတွင် ကွတ်ရေလက်ကြား မှတစ်ဆင့် ပစိဖိတ်သမုဒ္ဒရာထဲသို့ ရောက်ရှိနေလေပြီ။ နံနက် ၆ နာရီအချိန် ဖြစ်သဖြင့် စက်ခန်းထဲတွင် တာဝန်ကျနေသူများ၊ ပဲ့စင်ပေါ်တွင် စောင့်ရန် တာဝန်ကျသူ ဝန်ထမ်းနှင့် ပဲ့ကိုင်သူတို့မှအပ ကျန်သင်္ဘောသား အများစုသည် အိပ်မောကျနေကြဆဲပင်တည်း။

သင်္ဘောကြီး၏ ပဲ့ပိုင်းတွင် ရှိသော ပေ ၆၀ မြင့်သည့် ပဲ့စင်ပေါ်မှ လှမ်းကြည့်သော် အနံ ပေ ၁၀၀ ကျော်ရှိပြီး ဦးပိုင်းမှ ပဲ့ပိုင်းအထိ ၇၄၃ ပေ ရှည်လျားသော သင်္ဘောကြီးပေါ်တွင် ကျယ်ပြန့်သော ကုန်းပတ် ရှိသည်။ ထို ကုန်းပတ် အောက်ဘက်တွင်ကား ရေနံများကို သင်္ဘောကြီးပေါ်သို့ စုပ်တင်ရန် သင်္ဘောကြီးပေါ်မှ ပြန်စုပ်ထုတ်ရန် ပိုက်အရွယ်အစား မျိုးစုံ၊ ပိုက်ခေါင်းမျိုးစုံ တို့ ရှုပ်ထွေးပွေလီစွာ ရှိနေကြသည်။

ကုန်းပတ်၏ အလယ်ဗဟိုတွင် အပေါ်သို့ အနည်းငယ် မြှင့်ထားသော သံစင်္ကြံလမ်းတစ်ခု ရှိသည်။ ထိုစင်္ကြံလမ်းကို ပဲ့စင်မှ သင်္ဘောဦးပိုင်း ထိပ်ဆုံး အထိ ဆောက်လုပ်ထားခြင်း ဖြစ်သည်။ ရာသီဥတု အလွန်ဆိုးရွားချိန်၌ ကုန်းပတ်



ပေါ် ရေလွှမ်းသွားသည့်အခါမျိုးနှင့်လည်း ကြုံရတတ်သည်။ ထိုအခါမျိုးတွင် ဤစင်္ကြံလမ်းကိုသာ အားကိုးအားထားပြုပြီး ဦးပိုင်းသို့ သွားကြရလေ့ရှိသည်။

ပဲ့စင်၏ ရှေ့ဘက် တည့်တည့်တွင် ရှိနေသော သံစင်္ကြံလမ်း၏ ဘေး တစ်ဖက်တစ်ချက်စီ၌ ကုန်တင်ကုန်ချ ပြုလုပ်ရာတွင် သုံးသော ဝန်ချီစက် မောင်းတံကြီး တစ်ခုစီ ရှိသည်။ ထိုဝန်ချီစက်များ၏ ရှေ့ဘက် ၆ပေ ၅၀၀ ခန့် အကွာတွင် အပေါ်ထပ်ပိုင်းနား၌ လူ တက်နေနိုင်အောင် လုပ်ထားသော ဗတ်လည် လင့်စင်ငယ်တစ်ခု ပါသည့် ဦးပိုင်း ရွက်တိုင်တစ်ခု ရှိသည်။ သင်္ဘော တစ်စင်းလုံးတွင် ပဲ့စင်မှအပ သင်္ဘောကုန်းပတ်မကြီးပေါ်၌ ထိုးထိုးထောင်ထောင် ပေါ်ထွက်နေသည်မှာ ထိုသုံးခုသာ ဖြစ်သည်။

ချဲလင်ဂျာသည် ရေပေါ်တွင် ပေါလောကြီး ပေါ်နေသည့် ဆီလှောင်ကန် ကြီးအဖြစ် တည်ဆောက်ထားခြင်း ဖြစ်သည်။ သို့သော် ထိုဆီလှောင်ကန်မှာ တစ်လုံးတည်း မဟုတ်၊ ဆီလှောင်ကန် အငယ်စား ၁၈ လုံး ဖြစ်အောင် ခွဲခြမ်းစိတ်ဖြာထားသည်။ ထိုဆီလှောင်ကန်များကို သင်္ဘောဦးပိုင်းမှ ပဲ့ပိုင်းအထိ ၆ လုံးစီ ပါသော ဆီလှောင်ကန် အတန်း သုံးတန်း ဖြစ်အောင် စီစဉ်ထားခြင်း ဖြစ်သည်။

ယခုလို ရေနံတင်ရမည့် နေရာကို ခွဲခြမ်းစိတ်ဖြာထားသောကြောင့် သင်္ဘောကြီးသည် ပိုတည်ငြိမ်မှု ရှိသည်။ လှိုင်းလေ ပြင်းထန်သည့်အခါ ပိုစိတ်ချ ရမည် ဖြစ်သည်။ ရေနံစိမ်း တန်ချိန် ငါးသောင်းကို ဆီလှောင်ကန်ကြီး တစ်ခု တည်းတွင်သာ ထည့်၍ သယ်ယူမည် ဆိုပါက လှိုင်းလေ ပြင်းထန်သည့်အခါတွင် ဆီ ဘောင်ဘင်ခတ်မှုကြောင့် သင်္ဘောကြီးသည် ဖြစ်သင့်ဖြစ်ထိုက်သည်ထက် ပို၍ လှုပ်လွန့်တော့မည် ဖြစ်သဖြင့် စိတ်မချရဘဲ ထိန်းသိမ်း၍ မရတော့သည့် အဖြစ်သို့ ရောက်ရှိသွားနိုင်သည်။ ဇန်နဝါရီလ ၁၇ ရက် သောကြာနေ့ နံနက်ပိုင်း တွင် ပင်လယ်ပြင်၌ လှိုင်းလေ ပြင်းထန်မှု ရှိမည် မဟုတ်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ဘက်တီကော်ဖဲလ်သည် အိပ်စင်ပေါ်မှ လူးလွန့်လိုက်ပြီးနောက် အိပ်စင် မီးကို ဖွင့်လိုက်ရာ နံနက် ၆ နာရီထိုးလုနီးနီး ဖြစ်နေကြောင်း တွေ့လိုက်ရသည်။ ဘက်တီသည် လွန်ခဲ့သည့် တစ်နာရီက စ၍ ပြန်မအိပ်ပျော်ဘဲ ရှိခဲ့သည်။ သင်္ဘောပေါ်မှာ ပထမဦးဆုံး ည ဖြစ်နေ၍ဟု သူ ထင်သည်။ ဘက်တီသည် အသိုင်လိုက်ပြီးနောက် အိပ်ချင်မူးတူးနှင့် မတ်တတ်ရပ်လိုက်သည်။ ဒီလိုအချိန် မျိုးတွင် သင်္ဘောပေါ်၌ မည်သို့မည်ပုံ ရှိနေကြောင်း လိုက်ကြည့်လျှင် စိတ်ဝင်စား

www.burmeseclassic.com

www.burmeseclassic.com



ဖိုရာမြို့အကြောင်းသိရှိမှသည်ဟု သူဖြင့်သည်။ သူ့ခေါင်းကြီး အိပ်ပျော်နေစဉ်' ဆို မြို့သူမြို့သားများ မျိုးကိုလည်း ဖြစ်နိုင်ပေတော့သည်။

ဘက်တီသည် အခန်းကို ကိုယ်ပိုင်ကိုယ်ပေါက် သွယ်သည်။ သူ့ချင်းကို လည်းစုံနေအောင် ထားခဲ့သည်။ သူ့မျက်နှာထားက ဟိုဘက်ဒီဘက် နိုင်သည့် ပုံစံမျိုး ဖြစ်သည်။ သူ့ကိုတွေ့ရသူ အဲဒီတော့ တစ်မက်ဖွယ်ကောင်းသော်လည်း ဒါကို ဘက်တီကိုယ်တိုင် ထို့ကြောင့် ဘက်တီသည် လူစုလူဝေးထဲတွင် ရောရောနှောနှော နေရန် မလိုလားပေ။ ဘက်တီသည် လီကက်၊ ဝင်းတားနှင့် လုပ်ရန်ကိုင်ရန် ဝါသနာပါသော တစ်ကိုယ်တော် အမျိုးသမီး ဖြစ်သည်။

ဘက်တီသည် အဝတ်အစားကို ကပျာကယာ ဝတ်နေသည်။ ဆွယ်တာနှင့် သားမွေးကော်လာနှင့် ခေါင်းစွပ်ပါသော ကုတ်အကျီတို့ကို ဝတ်လိုက်သည်။ အဝတ်အစား ဝတ်ပြီးမှ သွားတိုက်ရန် စိတ်ကူးပေါက်လာသဖြင့် သွားတိုက်ပြီး ကင်မရာကို ကိုင်၍ အခန်းတံခါးကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ သင်္ဘောကြီးသည် အနည်းငယ် လှုပ်လှုန်နေသောကြောင့် တက်ကြွ နေသည်။ စင်္ကြံလမ်းသည်ပင်လျှင် အနည်းငယ် ယိမ်းထိုးနေသည်။ ဘက်တီက တံခါးကို ပြန်ပိတ်လိုက်ပြီး လူသူရှင်းနေသော အတွင်း စင်္ကြံလမ်းအတိုင်း လျှောက်သွားသည်။

ဆက်သွယ်ရေးခန်းဟု ရေးထားသော အခန်းတံခါးအောက်မှ မီးရောင် ထွက်နေသဖြင့် သူ့အခန်းသည်ဟု ဘက်တီက တွေးမိသည်။ ဘက်တီသည် အခန်းရှေ့တွင် ရပ်လိုက်ပြီး မောစ်ရိုက်နေသံကို နားထောင်နေမိသည်။ ဆက်လျှောက်သွားသောအခါ နောက်တစ်ခန်းတွင်လည်း မီးလင်းနေကြောင်း တွေ့ရသည်။ ထို့နောက် လက်ရမ်းကို ကိုင်ရင်း လှေကားပေါ်သို့ တက်သွားသည်။ လှေကားထိပ်တွင် ဘင်းနက်နှင့် တွေ့ရသည်။

“မစ်(စ်)ကော်ဒီလီ၊ ခင်ဗျားကို ခုလို စောစောစီးစီး တွေ့ရလိမ့်မယ်လို့ မထင်ခဲ့မိဘူး”

ကိုယ်တိုင်ကိုယ်ကျ ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိပုံရသော ပထမ အရာရှိ ဘင်းနက်ကို ဘက်တီက တွေ့တွေ့ချင်း သဘောကျခဲ့သည်။



“ဘက်တီလိုပဲ ခေါ်ပါရှင်၊ လူတွေအားလုံး အိပ်ပျော်နေတုန်း သင်္ဘော ပေါ်မှာ ဘယ်လိုဘယ်ပုံ ရှိနေမယ်ဆိုတာ ကျွန်မ သိချင်တယ်၊ လောင်စာဆီ အခက်အခဲအကြောင်း ကျွန်မ ရေးမယ့် အခန်းဆက် ဆောင်းပါးရှည်ကြီးမှာ သူများနဲ့ မတူတဲ့ ရှုထောင့်က ထည့်ရေးချင်လို့ပါ၊ ဒါပေမဲ့ စောစောစီးစီး အိပ်ရာက ထနေတာ ကျွန်မတစ်ယောက်တည်း မဟုတ်ပါဘူးရှင်၊ ကြေးနန်း စက်ရိုက်သမားတောင် အလုပ်လုပ်နေသေးပဲ ဥစ္စာ”

ဘင်းနက်က မျက်မှောင်ကုတ်လိုက်သည်။

“အလုပ် လုပ်နေတယ် ဟုတ်လား၊ ခင်ဗျား မှားပြီ ထင်တယ်”

ဤတွင် ဆတ်ဆတ်ထိ မခံတတ်သော သူ့ပင်ကိုစရိုက်က ချက်ချင်း ပေါ်လာသည်။

“ဘယ်ကလာ၊ သူ့အခန်းတံခါးအောက်က မီးရောင် ထွက်နေတာပဲ ဥစ္စာ”

“သူ အိပ်မရလို့ ဖြစ်ချင် ဖြစ်မှာပေါ့၊ သူက ဒီသင်္ဘောနဲ့ စိမ်းသေးတယ်”

ဘက်တီက အကျောက်အကန် ထပ်ပြောသည်။

“သူ အလုပ်လုပ်နေတာပါ၊ မောစ်ရိုက်နေသံကို ကျွန်မ ကြားခဲ့တာပဲ”

ဘင်းနက်က မျက်မှောင် ထပ်ကုတ်ပြန်သည်။ ဒီကိစ္စကို ဒီကလေးမက ဘာပြုလို့ ထပ်တလဲလဲ ပြောနေရတာပါလိမ့်။

“ခင်ဗျား ပွဲစင်ပေါ် တက်မလို့လား”

“တက်ခွင့်ရှိမယ် ဆိုရင်တော့ တက်ချင်တယ်”

“ရပါတယ်၊ သူတို့ကို ကျွန်တော်က လွှတ်လိုက်တာလို့ ပြောပါ၊ အပေါ်မှာ ဝေါ့ရှ် ရှိနေတယ်၊ သူ စောင့်ဖို့ အလှည့်လေ”

“နေပါဦး၊ ရှင်ကကော ခုလို မနက်စောစောစီးစီးမှာ ဘာထလုပ်နေသလဲ မစ္စတာဘင်းနက်”

ဘင်းနက်က ပြုံးပြီး ပြန်ဖြေသည်။

“အိပ်မပျော်လို့ပေါ့”

ထို့နောက် သံလှေကားမှ ဆင်းပြီး အတွင်းစင်္ကြံလမ်းအတိုင်း ကပျာကယာ လျှောက်သွားသည်။ ကင်းနိုယတ်၏ အိပ်ခန်းတွင်သာမက ဆက်သွယ်ရေးခန်းကပါ မီးလင်းနေသဖြင့် ဘက်တီ ပြောတာ မှန်ပေသားပဲဟု တွေးလိုက်မိသည်။ သူက ဆက်သွယ်ရေးခန်း ရှေ့တွင် ရပ်၍ နားထောင်လိုက်၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ကျိုကျို မြည်နေသော တံခါးသံနှင့် တဝီဝီ မြည်နေသော အင်ဂျက်စက်သံတို့မှ အပ တခြား ဘာသံကိုမျှ သူ မကြားရချေ။ သူက တံခါးကို ဖွင့်လိုက်၏။

မျက်နှာသွယ်သွယ်နှင့် ကြေးနန်းစက်ရိုက်သမားသည် ဆုံလည်ထိုင်ခုံမှ နောက်ဘက်သို့ လှည့်လိုက်ပြီး ဝုန်းခနဲ ထရပ်ရင်း ပထမအရာရှိကို ခပ်ကြောင်ကြောင် ပြန်ကြည့်နေသည်။ အသံလွှင့်စက်ရှေ့တွင် ဖွင့်လှန်ထားသော မော့စ်သင်္ကေတစာအုပ်၊ ခဲတံတစ်ချောင်းနှင့် စာရေးစက္ကူကတ်တို့ အသင့်ချထားသည်ကို တွေ့နေရသည်။

ဘင်းနက်က ပြောလိုက်သည်။

''မင်း အချိန်ရှိတုန်း အိပ်ဖို့ ကောင်းတယ်၊ အပြင်က လှမ်းဆက်သွယ်တဲ့ ဝိုင်ယာလက် ဝင်လာတဲ့အခါကျရင် မင်း အိပ်ခန်းထဲမှာ ရှိတဲ့ ခေါင်းလောင်းက မြည်လာမှာပေါ့''

''ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဘာတွေ လုပ်ရမလဲ ဆိုတာကို အလွတ်ကျက်နေတာပါ။ ဆွမ်း ဘာလုပ်လေ့ ရှိတယ် ဆိုတာကို မြန်မြန် သိလေလေ ကောင်းလေလေပဲ မဟုတ်လား''

''မင်းက ဆွမ်းနဲ့ အရင်ကတည်းက မိတ်ဟောင်းဆွေဟောင်းတွေလား''

ဘင်းနက်သည် တံခါးပေါင်၌ မှီရပ်ရင်း လူသစ်ကို အကဲခတ်နေသည်။ ဘင်းနက်က စီးကရက်တစ်လိပ် လှမ်းပေးသော်လည်း ကင်းနီယတ်က မသောက်တတ်ကြောင်း ပြောပြီး ခေါင်းခါပြသည်။ ဘင်းနက်သည် ကင်းနီယတ် သမ်းဝေနေသည်ကို စောင့်နေရသည်။

''သူနဲ့ သိတာ ကြာပါပြီ၊ သူလည်း တုပ်ကွေး မြန်မြန်ပျောက်ပါစေလို့ ဆုတောင်းပါတယ်၊ တော်တော်ကြာ တခြား ရောဂါတွေပါ ဆက်ဖြစ်လာနိုင်တယ်''

''ကင်းနီယတ်. . . မင်း အခုပို့တဲ့သတင်းက ဘာသတင်းလဲ''

ဘင်းနက်က မမျှော်လင့်သော အချိန်တွင် ထိုမေးခွန်းကို ဖြုန်းခနဲ မေးလိုက်ခြင်း ဖြစ်ပြီး ကင်းနီယတ်၏ မျက်နှာထားကို စေ့စေ့စပ်စပ် စောင့်ကြည့်နေသည်။ ကင်းနီယတ်တစ်ယောက် လန့်ဖျပ်သွားပုံရသည်။

''ကျွန်တော် ဘာသတင်းမှ မပို့ရပါလား''

ဘင်းနက်က စိတ်ရှည်လက်ရှည်နှင့် ထပ်ပြောသည်။



''မစ်(စ်)ကော်ဒယ်တစ်ယောက် အိပ်မပျော်လို့ လမ်းထလျှောက်ရင်း သူ လွန်ခဲ့တဲ့ တစ်မိနစ် နှစ်မိနစ်လောက်က မင်းအခန်းရှေ့က ဖြတ်လျှောက်သွားတယ်၊ အဲဒီတုန်းက မင်း မော့စ်နဲ့ သတင်းပို့နေတာကို သူ ကြားခဲ့တာ၊ ငါက အဲဒီကိစ္စကို မေးနေတာကွ''

ကင်းနီယတ်သည် ခဲတံကို ကောက်ယူလိုက်ပြီး စားပွဲပေါ်တွင် တဒေါက်ဒေါက် ခေါက်ပြလိုက်သည်။

''သူ ဒီအသံကို ကြားသွားတာ ဖြစ်မှာပါ၊ ကျွန်တော် စိတ်ကူးနေတဲ့ အချိန်ဆိုရင် အဲဒီလို ခေါက်နေတတ်တယ်၊ တချို့ကတော့လည်း သီချင်းတွေ ဘာတွေ ဖွင့်ထားရမှ စိတ်ကူးလို့ ရတယ်''

''မော့စ်ရိုက်တဲ့ အသံနဲ့လည်း မတူပါလား''

ကင်းနီယတ်က သင်္ကေတစာအုပ်ကို ပြန်ပိတ်ရင်း ပြောလိုက်သည်။

''သူက ဘယ်လိုလုပ်ပြီး ခွဲခြားတတ်မှာလဲဗျာ၊ ကဲ. . . ကျွန်တော် ပြန်အိပ်လိုက်ဦးမယ်၊ မိုးလေဝသ သတင်းကတော့ အကောင်းသားပဲ''

''မုန်တိုင်းမကျခင် လေငြိမ်တယ် ဆိုတာမျိုးပေါ့ကွာ''

❑

ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့ရှိ ဗစ်တိုးရီးယား သင်္ဘောဆိပ်သည် အလင်းစကာရှိ အင်ကားရေ့ချ် စံတော်ချိန်ထက် နှစ်နာရီ စောသဖြင့် စက်လှေ ငါးများပေါ်မှ ပဲ့စင်ဆီသို့ အင်ဒရီဒူးပွန့်တစ်ယောက် စာရွက်ကလေးတစ်ရွက်ကို ကိုင်၍ တက်သွားသောအခါ နံနက် ၈ နာရီ ရှိနေလေပြီ။

''ချဲလင်ဂျာ ဘယ်မှာ ရှိတယ်ဆိုတဲ့ ပထမဦးဆုံး သတင်းပို့ချက်ကို ရလာပြီဗျို့''

သူက စက်လှေပိုင်ချားဖေါ် မာလိန်မှူးဖြစ်သူ ပြင်သစ်အမျိုးသားကို ပြောလိုက်ခြင်း ဖြစ်သည်။

မာလိန်မှူးသည် သူ့ထံတွင် ရှိနေသော မြေပုံစာရွက်ပေါ်၌ နေရာနှင့် အချိန်ကို စေ့စေ့စပ်စပ် သေသေချာချာ မှတ်ထားလိုက်သည်။ ခုအချိန်မှ စ၍ ချဲလင်ဂျာ ရောက်ရှိနေရာ အရပ်ကို ပို့ပေးမည့် သတင်းများ တစ်နာရီ တစ်ကြိမ် ဆက်တိုက် ဝင်လာတော့မည်။ ချဲလင်ဂျာသည် ဗြိတိသျှ ကိုလံဘီယာ ပြည်နယ်၏ အနောက်စူးစူး မိုင် ၂၀၀ ခန့်ဆီသို့ ဦးတည်ခုတ်မောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ ချဲလင်ဂျာ ရောက်ရှိသွားသောအခါ စက်လှေ ပီချားသည်လည်း ထိုနေရာသို့ ရောက်ရှိနေလိမ့်မည်။ ထိုနေရာသည် သင်္ဘောနှစ်စင်း ဆုံတွေ့မည့် နေရာ ဖြစ်သည်။

❑

ဝင်းတားနှင့် လီကက်တို့ စီးနင်းလိုက်ပါသွားသော နော့သ်ဝက်စ် လေကြောင်းခရီးမှ လေယာဉ်ပျံကြီးသည် ကနေဒါနယ်စပ်နှင့် နီးကပ်စွာ ရှိနေသော ဆီတဲလ်မြို့ လေဆိပ်သို့ ဒေသ စံတော်ချိန် နံနက် ၄ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်လာသည်။ သူတို့နှစ်ယောက် တစ်ညလုံး အိပ်ရေးပျက်လာခဲ့ကြသဖြင့် ပင်ပန်းနွမ်းနယ်နေကြသည်။ သူတို့နှစ်ဦးသည် ဆီတဲလ်မြို့ရှိ ဂရေဟောင်း အဝေးပြေး ဘတ်စ်ကားဆိပ်သို့ အငှားကားတစ်စီးနှင့် လာကြပြီး ဘတ်စ်ကားဆိပ်တွင် ၁၅ မိနစ် ကြာအောင် အချိန်ဖြုန်းလိုက်သောအခါ လေယာဉ်ပျံနှင့် လိုက်လာသည့် ကွင်းဆက် အားလုံးကို အလိုလို ဖြတ်တောက်ပြီးသား ဖြစ်သွားသည်။ ထို့နောက်မှ အခြားအငှားကားတစ်စီးနှင့် ဆီတဲလ်ရှိ ဈေးအကြီးဆုံး ဟိုတယ် ဝါရှင်တန်ပလာဇာသို့ ခရီးဆက်ခဲ့ပြန်သည်။

ဟိုတယ်သို့ ရောက်သောအခါ သူတို့နှစ်ယောက်သည် တစ်ဦးနှင့် တစ်ဦး လုံးဝမသိကြသလို အခန်းတစ်ခန်းစီ သပ်သပ် ငှားလိုက်ပြီးနောက် ထိုနေ့ တစ်နေ့လုံး အိပ်နေကြသည်။ ညနေပိုင်းတွင် အပြင်ဘက်ရှိ ကာဖီဆိုင်၌ ခပ်မြန်မြန် ထမင်းစားကြပြီးနောက် အငှားကားနှင့် ဘတ်စ်ကားဆိပ်သို့ ပြန်သွားသည်။ ဘတ်စ်ကားဆိပ်တွင် ၁၅ မိနစ်ခန့် နားနေပြီးနောက် အငှားကားတစ်ယောက် တစ်စီးစီနှင့် မီးရထားဘူတာရုံသို့ လာသည်။ ဘူတာရုံတွင် ညနေ ၅ နာရီ မိနစ် ၂၀ ၌ ကနေဒါသို့ ထွက်သော ရထားကို စီးနင်းလိုက်ပါလာခဲ့ကြရာ ဗင်ကူးဗားမြို့သို့ ည ၁၀ နာရီတွင် ရောက်ရှိလာသည်။ ဒူးပွန့်က သူတို့နှစ်ယောက်ကို ပဲ့ချိတ်တစ်စင်းနှင့် ဗစ်တိုးရီးယား သင်္ဘောဆိပ်သို့ ခေါ်သွားရန် အသင့် စောင့်နေသည်။

သူတို့ အားလုံး စက်လှေ ပီချားပေါ်သို့ ရောက်ရှိသည့်အခါ ဝင်းတားတစ်ယောက် အလျင်စလို ဖြစ်လာသည်။ ထိုနေ့မှာ ဇန်နဝါရီလ ၁၇ ရက် သောကြာနေ့ ဖြစ်ပြီး ည ၁၂ နာရီပင် ထိုးတော့မည်။ သူတို့ ချိန်းဆိုထားသည့် သုညနာရီမှာ တနင်္ဂနွေနေ့ မနက်ပိုင်း ဖြစ်သည်။



ဝင်းတားက လီကက်ကို ညွှန်ကြားလိုက်၏။

"ည ၁၂ နာရီထိုးရင် ဒီစက်လှေ ပင်လယ်ထဲကို ရောက်နေစေရမယ်၊ ခင်ရဲ့ ပြင်သစ် သင်္ဘောသားတွေကို ကျောဆန့်ပြီး အညောင်းအညာ ဖြေမနေနဲ့လို့ ပြော"

"ဘယ်လွယ်ပါ့မလဲ"

"မရဘူး၊ ဖြစ်အောင်သာ လုပ်"

လီကက်တစ်ယောက် ပဲ့စင်ပေါ်မှ ပြန်လာပြီး ဝင်းတားကို မကျေမနပ်နှင့် သတင်းပို့သည်။

"မာလိန်မှူးက ခင်ဗျားအတွက် မဖြစ် ဖြစ်အောင် လုပ်ပေးပါ့မယ်တဲ့၊ သူ အခု ဆိပ်ကမ်းအရာရှိတွေဆီ သတင်းပို့နေပါပြီ"

"လက်နက်တွေ စက်လှေပေါ် အကုန် ရောက်ပလား"

"ရောက်နေပါပြီ"

ဝင်းတားက သူကိုယ်တိုင် စစ်ဆေးရန် ကုန်းပတ်ပေါ် တက်သွားသည်။ အဏ္ဏဝါဗီဇဗေဒ သုတေသနလုပ်ငန်းကို အယောင်ပြထားသော သင်္ဘောတွင် လက်နက် ခဲယမ်းမီးကျောက်များကို ဝှက်ပြီး သယ်သွားရန် အကောင်းဆုံး ဖြစ်သည်။ သုတေသနလုပ်ငန်းတချို့တွင် ယမ်းဘီလူး၊ ဒိုင်းနမိုက် စသည်တို့ကို သုံးရလေ့ရှိရာ လီကက်က ဖောက်ခွဲရေးစွည်းများကို သိုလှောင်ထားရန် ကုန်းပတ်ပေါ်တွင် သေတ္တာတစ်လုံး ဆောက်ထားသည်။ ထိုသံမဏိသေတ္တာကို ကုန်းပတ်ပေါ်တွင် မရွေ့အောင် ဗိုတူနှင့် တွယ်ထားသည်။ ထိုသံမဏိသေတ္တာပေါ်တွင်လည်း သင်္ဘောဆေးအနီနှင့် ဖောက်ခွဲရေးပစ္စည်းများဟု မြင်မြင်ထင်ထင် ရေးထားသည်။

ဝင်းတားက လီကက်ကို အမိန့်ပေးလိုက်သည်။

"ကဲ. . . ဖွင့်စမ်း"

"ခင်ဗျားက အစစအရာရာကို ကိုယ်တိုင် စစ်ချင်တာပဲလား"

"အကုန်လုံး စစ်မယ်၊ ကဲ ဖွင့်စမ်း"

ညနေပိုင်းက ဆီးနှင်းမြူများ တော်တော်ကလေး ထူထူထပ်ထပ် ကျခဲ့သည်။ ကုန်းပတ်ပေါ်တွင်လည်း သင်္ဘောသားများသည် သန်းခေါင်ယံတွင် စက်လှေ စတင်ထွက်ခွာနိုင်ရန် ဟိုသွား ဒီလာနှင့် အစီအစဉ်များ ပြုလုပ်နေကြသည်။ ကုန်းဘောင် ခြေရင်းတွင် သင်္ဘောသားတစ်ယောက်က စက်လှေပေါ်သို့ အပြင်လူ တက်မလာနိုင်စေရန် စောင့်နေသည်ကိုလည်း နှင်းမြူထဲတွင် ခပ်ဝါးဝါး

www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသည်။ ဝင်းတားသည် လီကက် ဖွင့်ပေးသော သေတ္တာတံခါးမှ အထဲဘက်သို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သည်။ အထဲတွင်ရှိနေသော ပစ္စည်းပစ္စယများသည် ထူးထူးဆန်းဆန်း မဟုတ်သလို ထင်ရသည်။ သို့သော် လီကက်က ဒိုင်းနမိုက် အချောင်း တချို့ကို မ,ယူပြီး ပြလိုက်သောအခါ အောက်ဘက်တွင် ရှိနေသော စကော်ပီယံ ပစ္စတိုများကို တွေ့ရတော့သည်။

ဝင်းတားက ထပ်မေးသည်။

"ဆေးမှတ်တဲ့ ကိရိယာနဲ့ ဟိုပစ္စည်းတွေကော ပါလား"

"အဲဒါတွေက ပစ္စတိုတွေအောက်မှာ၊ အကောက်ခွန် အရာရှိတွေက တောင် ဒီပစ္စည်းတွေကို သိပ်လှန်လှောပြီး ကြည့်ချင်ကြတာ မဟုတ်ဘူး"

သူတို့ လှန်လှောမကြည့်ကြတာဘဲ ကောင်းသည်။ အကယ်၍များ လှန်လှောကြည့်ခဲ့သော် U.S.C.G (အမေရိကန် ကမ်းခြေစောင့်တပ်) ဟု ရေးထားသော စာသားများ စွင်းထားသည့် ပလတ်စတစ်ပြားများကို တွေ့ရမည်ဆိုလျှင် ... ဘယ်လိုလဲဟု မယုံသင်္ကာ ဖြစ်ကြတော့မည်မှာ မလွဲချေ။

"ဟိုရေငုပ်ဝတ်စုံတွေကကော . ."

လီကက်သည် ပြန်ပေးဆွဲထားသော ချဲလင်ဂျာ သင်္ဘောကြီးပေါ်မှ သူတို့ ပြန်ဆင်းပြေးကြသည့်အခါ အသုံးပြုမည့် ပြေးပေါက်ရှာ ကိရိယာတအစ ပစ္စည်းကိရိယာ အားလုံးကို လိုက်ပြရလေသည်။ ထို့နောက် စက်လှေ ရှေ့ပိုင်းရှိ ကုန်းပတ်ပေါ်တွင် အသင့်ရောက်နေပြီ ဖြစ်သော အက်စ် ၅ ဆီကောစက်း ရဟတ်ယာဉ်ကို သွားရောက် စစ်ဆေးပြန်သည်။

ဝင်းတားတစ်ယောက် ရဟတ်ယာဉ်တွင် ဆီ ရှိ မရှိ စစ်ဆေးနေစဉ် လီကက်က စောင့်နေရလေသည်။ စနေနေ့ နံနက် အရုဏ်တက်ချိန်တွင် စက်လှေ ပီချားသည် ပစိဖိတ်သမုဒ္ဒရာထဲသို့ ရောက်ရှိနေတော့မည် ဖြစ်သဖြင့် ထိုအချိန်တွင် ဝင်းတားက ရဟတ်ယာဉ်ကို အစမ်း မောင်းနှင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအချိန်တွင် ရဟတ်ယာဉ်ပေါ်၌ လီကက်အပြင် အကြမ်းဖက်သမား ၁၃ ဦးလည်း ပါရှိရမည် ဖြစ်သည်။ ထိုအကြမ်းဖက်သမားများသည် စက်လှေ ပီချားပေါ်သို့ နှစ်ယောက် တစ်တွဲ၊ သုံးယောက် တစ်တွဲစီ လူစုခွဲ၍ တက်ခဲ့ကြခြင်း ဖြစ်သည်။ ဝင်းတားသည် ရဟတ်ယာဉ်ပေါ်မှ ကုန်းပတ်ပေါ်သို့ ပြန်ခုန်ချလိုက်ပြီးနောက် ရဟတ်ယာဉ်ကို စေ့စေ့စပ်စပ် ထပ်ကြည့်ပြန်သည်။



ထိုရဟတ်ယာဉ်ကို အမေရိကန် ကမ်းခြေစောင့်တပ်က အသုံးပြုသော ရဟတ်ယာဉ်များ၏ ပုံစံအတိုင်း မီးခိုးနုရောင် သုတ်ထားသည်။ ညပိုင်းတွင် အင်အိုရုံးပွန်သည် သင်္ဘောဆေး မှုတ်သော ကိရိယာကို သုံး၍ လိုနေသေးသော စာလုံး အမှတ်အသားများကို ထပ်ရေးရဦးမည် ဖြစ်သည်။ မနက် လင်းသည်နှင့် တစ်ပြိုင်နက် စက်လှေပီချား၏ ကုန်းပတ်ပေါ်တွင် အမေရိကန် ကမ်းခြေစောင့်တပ်က သုံးစွဲသော ရဟတ်ယာဉ်နှင့် လုံးဝခွဲမရအောင် တူသည့် ရဟတ်ယာဉ်တစ်စင်း ရောက်ရှိနေတော့မည် ဖြစ်သည်။ ဝင်းတားသည် ရဟတ်ယာဉ်ရှိရာမှ စက်လှေဦးပိုင်းရှိ လက်သမား ကိရိယာပစ္စည်းများ ထားရှိရာ အခန်းဆီသို့ လျှောက်သွားပြန်သည်။

လီကက်သည် အံဖုံးတံခါးကို ဆွဲဖွင့်ရင်း ပစ္စည်းမှန်သမျှကို ကိုယ်တိုင်ထိုးကြည့်ရမှ ကျေနပ်သော ဝင်းတားကို စိတ်ထဲက ကျိန်ဆဲနေမိသည်။ လီကက်တစ်ယောက် ချွေးပြန်လာလေပြီ။ အဘယ်ကြောင့်ဆိုသော် ထိုအခန်းထဲတွင် အထုပ်မြုပ်ဗုံးကို ဝှက်ထားသည် မဟုတ်ပါလား။ ထိုဗုံးကိုတော့ ဝင်းတား တွေ့မသွားဖို့ လိုသည်။

လီကက်သည် လှေကားမှ အရင်ဆင်းသွားသည်။ အထဲတွင် ပစ္စည်းပစ္စယများသာမက ရွှေဘော်စများပါ ကြမ်းပေါ်တွင် ရှုပ်ထွေးနေသည်။ အခန်းထဲတွင် သစ်သား ရွှေဘော်စ အနံ့များ လှိုင်နေသည်။ လီကက်က ပြောသည်။

"ဟောဟိုမှာ၊ ကဲ ကျေနပ်ပလား"

ဝင်းတားက စေ့စေ့စပ်စပ် လှည့်ကြည့်သည်။ လေထိုး၍ရသော ဆီယက် ရာဘာလှေအကြီးစား တစ်ခုကို တိုင်တွင် ချည်ထားသည်။ အဆိုပါ ရာဘာလှေတွင် ပွဲချိတ်စက်ကို တပ်၍ ရသည်။ ပွဲချိတ်စက်ကိုတော့ သေတ္တာတစ်လုံးတွင် ထည့်ပြီး ဘေးနားတွင် ထောင်ထားသည်။ ထိုသေတ္တာနားတွင် သေတ္တာကို ကုလားထိုင်သဖွယ် ပြုလုပ်ထားသော သေတ္တာအသစ်တစ်လုံး ရှိသည်။ ထိုသေတ္တာကို စက်လှေ ကြမ်းပြင်တွင် ဗိုတူနှင့် တွယ်ထားသည်။

ဝင်းတားက မေးသည်။

"အရင်တုန်းက ဒီနေရာမှာ အဲဒါ မရှိပါဘူး။ အဲဒါက ဘာလဲ"

လီကက်က ဖြေသည်။

"မာလိန်မှူးက လက်သမားဆရာ ထိုင်ဖို့ ကုလားထိုင် လိုတယ်ဆိုပြီး အခင် စီစဉ်ပေးလိုက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



လီကက်တစ်ယောက် အသက်မရှူနိုင်ဘဲ အောင့်ထားမိသည်။ ဝင်းတားကာ ဘာများ ပြောမလဲ။

"ကောင်းသားပဲ"

ဝင်းတားသည် လှေကားပေါ် ပြန်တက်သွားသည်။ လီကက်က နော က ကပ်ပါလာသည်။ ယခုအချိန်တွင် ရွှေးပြန်နေသော လီကက်တစ်ယော စိတ်ချမ်းသာသွားလေပြီ။ အံဖုံးတံခါးကို ပြန်မပိတ်မီ လီကက်က သေတ္တာကုလား ကို တစ်ချက် ငုံ့ကြည့်လိုက်သေးသည်။ ထိုသေတ္တာကုလားထိုင်သည် သေတ္တ သဏ္ဍာန် ပြုလုပ်ထားသော အလျားစင်တီမီတာ ၆၀၊ အနံ စင်တီမီတာ ၃ ရှိသည့် သံမဏိ သေတ္တာတစ်လုံးကို လုံလုံခြုံခြုံ ဖုံးကွယ်ထားနိုင်သည်။ သံမဏိသေတ္တာသည် ပေါင် ၂၀၀ ခန့် လေးပြီး အပေါ်တွင် တာလပတ်စ အုပ်ထားသည်။ တာလပတ်စပေါ်တွင် နိုင်ငံတကာမှ ဟိုတယ်တံဆိပ်မျိုး ကပ်ထားသည်။ ထိုသေတ္တာမှာ ဂျင်းဖိလစ်အင်တွိုင်း ပြုလုပ်ပေးခဲ့သော အထူ ဖုံးပင်တည်း။

❑

စက်လှေ ပီချားပေါ်သို့ ဝင်းတား ရောက်လာပြီး ညိုဝ်မကြာမီ ခဲ့လင်ဂျ ရောက်ရှိနေသော နေရာကို သတင်းပို့ချက် ရောက်ရှိလာသည်။ ထိုသတင်း အင်ဒရီဒူးပွန့်က မြေပုံပေါ်တွင် သေသေသပ်သပ် မှတ်သားလိုက်သည်။ ဝင်းတာ က အဆိုပါ မြေပုံကို လေ့လာနေစဉ် စက်လှေပီချားသည် သန်းခေါင်ယံ အလွန်တွင် နှင်းမြူများကြားထဲမှ စတင် ထွက်ခွာစပြုသည်။ ထိုသို့ ထွက်ခွာ ရာတွင် ချမှတ်ထားသော စည်းကမ်းများအတိုင်း နှစ်မိနစ်လျှင် တစ်ကြိမ် ဥသြရှည်ကြီး ဆွဲ၍ ခပ်ဖြည်းဖြည်း မောင်းနှင်ထွက်ခွာရခြင်း ဖြစ်သည်။

ဝင်းတားက မြေပုံစာရွက်ပေါ်တွင် ကြက်ခြေခတ် တစ်ခု မှတ်ထား ပြီး မှတ်ချက်ချလိုက်သည်။

"ငါကတော့ ခဲ့လင်ဂျာ သင်္ဘောကြီးကို တို့သင်္ဘောက ဟောဒီနေ လောက်မှာ (ခုအချိန်က စပြီး နောက်ထပ် ၃၆ နာရီကြာရင်) ဆုံမယ် မှန်းတာပဲ"

သန်းခေါင်ယံကို လွန်ခဲ့ပြီး ဖြစ်သဖြင့် ဇန်နဝါရီလ ၁၈ ရက် စနေ တွင်းသို့ ချဉ်းနင်းရောက်ရှိနေလေပြီ။ မြေပုံပေါ်၌ ဝင်းတားက ကြက်ခြေခ



အမှတ်အသား ပြုလိုက်သော နေရာမှာ ဗင်ကူးဗားကျွန်း၏ အနောက်စူးစူး ၂၅၀ ခန့်အကွာ မြောက်လတ္တီတွဒ် ၄၈. ၁၀ ဒီဂရီနှင့် အနောက်လောင်ဂျီ ၁၃၂. ၁၀ ဒီဂရီတွင် ဖြစ်သည်။

❑❑❑

www.burmeseclassic.com

# - တစ်ဆယ် -

ဇန်နဝါရီလ ၁၇ ရက် သောကြာနေ့ ကုန်ဆုံးရန် ၁၅ မိနစ် အလိုတွင် လယ်ရီဆူလီဗန် စီးနှင်းလိုက်ပါလာသော ဘိုးရင်း ၇၀၇ လေယာဉ်ပျံကြီးသည် အင်ကားရေ့ချ်ရှိ နိုင်ငံတကာလေဆိပ်သို့ ဆိုက်ရောက်လာသည်။ သူသည် လေဆိပ်မှ နီကီစီကီ ရေနံသင်္ဘောဆိပ်သို့ တယ်လီဖုန်းဆက် မေးမြန်းခဲ့ရာ ချဲလင်ဂျာသည် ပင်လယ်ထဲသို့ပင် ရောက်နေပြီ ဖြစ်ကြောင်း သိလိုက်ရသည်။

ဆူလီဗန်သည် အမေရိကန် ခရီးသည် သုံးဦးနှင့်အတူ အငှားကား တစ်စီးကို စပ်တူငှား၍ အင်ကားရေ့ချ်ရှိ ပထမတန်း ဟိုတယ် ဝက်စ်ဝပ်သို့ သွားသည်။ ဟိုတယ်တွင် အခန်းတစ်ခန်း ငှားပြီးနောက် အိပ်ရာဝင်သွားသည်။ နံနက် ၃ နာရီထိုးသောအခါ အိပ်မပျော်နိုင်သဖြင့် အိပ်ရာမှ ပြန်ထ၍ မျက်နှာသစ်၊ မုတ်ဆိတ်ရိတ်ပြီး အဝတ်အစား လဲသည်။ ယခုလို ဂျက်လေယာဉ်ပျံနှင့် ဆက်တိုက် ခရီးသွားလာသောအခါမျိုးတွင် ခန္ဓာကိုယ်နှင့် ဦးနှောက်တို့သည် အဆက်အစပ် မရှိတော့သလို ခံစားရတတ်ကြသည်။ ခန္ဓာကိုယ်ကြီးက ဆက်တိုက် ခရီးသွားခဲ့ရသည့် ဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်နေသော်လည်း သူ့ဦးနှောက်ကမူ ဖျတ်ဖျတ်လတ်လတ် ရှိနေတတ်သည်။ တစ်နေရာနှင့် တစ်နေရာ



တော်ချိန် ခြားနားသွားသည့် ကိစ္စကြောင့် ချက်ချင်းလက်ငင်း နေသားတကျ ဖြစ်နိုင်မည် မဟုတ်သေးပါ။

အလပ်စကာ တောင်ဘက်ပိုင်းတွင် နံနက် ၃ နာရီထိုးပြီ ဖြစ်သော်လည်း လန်ဒန်တွင် နေ့လယ် ၁၂ နာရီ ဖြစ်နေလေပြီ။ သူက ဗစ်တာဟာပါ ထံ ခေါ်ထားသော တယ်လီဖုန်းကို စောင့်ရင်း စီးကရက်တစ်လိပ်နှင့် အိပ်ရာပေါ်မှာ ထိုင်နေသည်။ လန်ဒန်တွင် သူ ရှိခဲ့စဉ်က အလပ်စကာသို့ လိုက်လာမှ ဖြစ်မည်ဟု သူ ထင်ခဲ့သည်။ ဝင်းတားသည် ဟမ်းဘတ်ရှိ ဟင်နာမင်၏ရုံးခန်းသို့ သွားပြီး ချဲလင်ဂျာနှင့် အမြွှာသင်္ဘော ချိဖ်တိန်၏ ပုံစံများကို လေ့လာခဲ့သည်။ တစ်ဖန် လန်ဒန်ရှိ မက်ဂီလီဘရေး၏ ရုံးခန်းတွင်လည်း ချဲလင်ဂျာနှင့် ပတ်သက်သည့် ကိစ္စများကို စေ့စေ့စပ်စပ် ထပ်မံမေးမြန်းသွားသေးသည်။ ဒါက လန်ဒန်တုန်းက သူ့ခေါင်းထဲမှာ ပေါ်လာခဲ့သည့် သူ့အတွေး။

ဂျက်လေယာဉ်ပျံ အတန်တန် စီးပြီးနောက် အလပ်စကာသို့ ရောက်လာသောအခါ သူ ခရီးထွက်လာခဲ့သည့် အကြောင်းပြချက်မှာ သိပ်လုံလုံလောက်လောက် မရှိဟု ထင်လာပြန်သည်။ ဒီလို ထင်ရသည့် အကြောင်း တစ်ချက်ကတော့ ချဲလင်ဂျာ သင်္ဘောကြီးသည် အနှောင့်အယှက် တစ်စုံတစ်ရာ မရှိဘဲ ဆိပ်ကမ်းမှ ထွက်ခွာသွားပြီဖြစ်ရာ လေးရက် ကြာလျှင် ဆန်ဖရန်စစ္စကို ဆိပ်ကမ်းသို့ ချောချောမောမော ရောက်ရှိသွားမည်သာ ဖြစ်သည်။ ထိုအချိန်တွင် အိပ်ရာဘေးရှိ တယ်လီဖုန်းက မြည်လာသည်။

"လယ်ရီ. . . မစ္စတာဟာပါ အင်္ဂလန်မှာ မရှိဘူး၊ သူ ဂျီနီဝါမှာပဲ ရှိသေးတယ်၊ သူ့ကို တယ်လီဖုန်း ဆက်လို့ မရဘူး"

ဟာပါ၏ အတွင်းရေးမှူးဖြစ်သူ ဗီဗီယန်က ရှင်းပြလိုက်ခြင်း ဖြစ်သည်။

ဆူလီဗန်က ဆဲဆိုလိုက်မိသည်။

"သောက်ရေးထဲကျမှာကွာ. . . ဆောရီး ဗီဗီယန်၊ မင်းကို ငါ ပြောတာ မဟုတ်ပါဘူးကွာ၊ ငါ အခု ဂျက်လေယာဉ်ပျံတွေကြောင့် ခေါင်းမူးပြီး စိတ်ရှုပ်နေလို့ပါ၊ ပြီးတော့ ချဲလင်ဂျာနဲ့ နှစ်နာရီလောက် ကပ်လွဲသွားတယ်၊ အခု ဆန်ဖရန်စစ္စကိုကို ထွက်သွားပြီတဲ့၊ နေစမ်းပါဦး၊ ဒီတစ်ခေါက်မှာ အစစအရာရာ မှန်ရဲ့ မဟုတ်လား၊ ထူးထူးခြားခြား ဖြစ်တာ ဘာများ ရှိသေးသလဲ"

"ဘာမှ မထူးပါဘူး၊ ပုံမှန်ပါပဲ၊ အဲ. . . တစ်ခုတော့ ရှိတယ်၊ အဲဒီ သင်္ဘောပေါ်မှာ အမျိုးသမီးတစ်ယောက် ပါသွားတယ်၊ မက်ကေးက သူ့သင်္ဘော

www.burmeseclassic.com



ပေါ်မှာ အမျိုးသမီးတစ်ယောက်မှ မလိုက်စေချင်ဘူး၊ ခုတော့ တစ်ယော ပါသွားပြီ''

ဗီဗီယန်က တခစ်ခစ် ရယ်ရင်း ပြောလိုက်သည်။

''အဲဒီအမျိုးသမီးက ဘယ်သူလဲ၊ အရာရှိ တစ်ယောက်ယောက် ဇနီးလား''

''ထင်တာပဲ၊ မစ္စတာဟာပါက ခရီးမသွားခင် လွှတ်ခနဲ ပြောသွား ကျွန်မ ထင်တာကတော့ အင်ဂျင်နီယာချုပ်ရဲ့ ဇနီး ဖြစ်မယ် ထင်တယ်၊ သဘော်နဲ့ လိုက်ချင်တယ်လို့ ပြောနေတာ တော်တော်လေး ကြာသွားပြီ''

ဆူလီဗန်က ခေါင်းမူးချင်သလိုလို ဖြစ်လာသဖြင့် သူ့နဖူးကို လက် ပွတ်လိုက်မိသည်။

''ဗီဗီယန်.. ဒီအင်ကားရေ့ချ်မှာ ချဲလင်ဂျာအကြောင်း ကို မေးလို့စမ်းလို့ ရမယ့်လူ ဘယ်သူများ ရှိနိုင်သလဲ၊ မင်း သိသလောက် ပြော ပါဦး''

ဗီဗီယန်က ချက်ချင်း အဖြေပေးသည်။

''ကြေးနန်းစက်ရိုက်သမားရဲ့ ဇနီး၊ မစ္စစ်ဆွမ်းပေါ့၊ သူ ကျွန်မ ရုံးကို လွန်ခဲ့တဲ့ သုံးလလောက်က တစ်ခေါက် လာသွားတယ်၊ သူတို့ အင်ကားရေ့ချ် မြို့ပြင်မှာ နေတယ်တဲ့၊ လိပ်စာကော လိုချင်သေးသလား''

ဆူလီဗန်က လိပ်စာကို ကူးယူလိုက်ပြီးနောက် နက်ဖြန်ခါကျ ဟာပါထံ တယ်လီဖုန်း ထပ်ဆက်ကြည့်ရန် သင့် မသင့် မေးသည်။ ဗီဗီယ က ကောင်းသားပဲဟု ဖြေသဖြင့် သူ အိပ်ဦးမည်ဟု ပြောပြီး တယ်လီဖုန်း ပြန်ချလိုက်သည်။ နောက် ၅ နာရီ ကြာသောအခါ ဆူလီဗန်သည် နံနက် ကို ဒုတိယအကြိမ် ထပ်စားပြီးနောက် တယ်လီဖုန်းစာအုပ်ကြီးထဲက မစ္စတာဆွ နံပါတ်ကို ရှာ၍ တယ်လီဖုန်း ဆက်သည်။ တစ်ဖက်က လုံးဝ ပြန်မထူး အခါ သူကိုယ်တိုင် မစ္စတာဆွမ်း၏ နေအိမ်သို့ လိုက်သွားမည်ဟု ဆုံးဖြ လိုက်သည်။

အိမ်ကြီးကို ကြည့်ရသည်မှာ လူ မရှိသလို ထင်ရသည်။ ဆူလီဗန် လူခေါ်ခေါင်းလောင်းကို ထပ်တလဲလဲ နှိပ်ပြီးနောက် နောက်ဖေးဘက်သို့ တစ် လျှောက်ကြည့်သည်။ တကယ် လူ မရှိသလို ထင်ရသည်။ သူက တင်း ပြတင်းပေါက်မှ အထဲသို့ ချောင်းကြည့်ပြန်ရာ လျှပ်စစ်ဝိုင်ယာနှင့် ပလပ်ထိုး



ဆက်ထားသော အနီရောင် ဖိုဒ်ကားတစ်စီးကို တွေ့ရသည်။ သူ ဒီကို လာမိ ဘာ မှားလေပြီ။ ဝက်စ်ဝပ် ဟိုတယ်တွင် အိပ်နေတာကမှ ပိုကောင်းသေးသည်။ သူ ယခု အိပ်ချင်စိတ် ပြန်ပေါ်လာလေပြီ။

သူ ငှားစီးလာသော ကားရှိရာ အိမ်ရှေ့ဘက်သို့ ပြန်လျှောက်လာစဉ် ထမ်းမကျယ်ကြီးပေါ်မှ အပြာရောင်ကားတစ်စီး လမ်းကလေးထဲသို့ ချိုးဝင်လာ သည်ကို တွေ့ရသည်။ ထို့နောက် ဆွမ်းနေအိမ် လမ်းထဲသို့ ဝင်လာပြီး ကား ရပ်သွားသည်။ အသက် ၃၀ ခန့် ဆံပင်နီနီနှင့် အမျိုးသမီးက ကားတံခါးမှန်ကို အောက်ချလိုက်ပြီး သူ့ကို မေးသည်။

''ရှင် တစ်ယောက်ယောက်ကိုများ ရှာနေတာလား''

''မစ္စစ်ဆွမ်းနဲ့ တွေ့ချင်လို့၊ အိမ်ကတော့ လူမရှိတဲ့ပုံပဲ''

''သူ ချာလီ့သဘော်နဲ့ ခရီးထွက်သွားတယ်၊ ရှင်က သူ့မိတ်ဆွေလား''

ဆူလီဗန်က ပြုံးသည်။

''ကျွန်တော်တို့ ကုမ္ပဏီက ချဲလင်ဂျာကို အာမခံထားတာ၊ ကျွန်တော့် လောက် ကောင်းတဲ့ မိတ်ဆွေ ဘယ်မှာ ရှိတော့မလဲ၊ ကျွန်တော်ကတော့ ဒီ မာလိန်မှူးက သူ့သဘော်ပေါ် အမျိုးသမီးတွေ ပါလာတာကို သိပ်မကြိုက်ဘူး လို့ ထင်နေတာ''

သူ ပြောစရာ စကား မရှိသဖြင့် ကြံဖန်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။ ဘာပဲပြောပြော ချဲလင်ဂျာပေါ်တွင် သူ့ခင်ပွန်းနှင့်အတူ လိုက်ပါခွင့်ရသော မစ္စစ်ဆွမ်းတစ်ယောက် ကံကောင်းသည်ဟု ဆိုရမည်။

ဆံပင်နီနီနှင့် အမျိုးသမီးသည် ကားထဲမှ လက်ဆန့်တန်းပေးပြီးနောက် သူ့ကိုယ်သူ မိတ်ဆက်သည်။

''ကျွန်မက မစ္စစ်သွမ်မဆင်ပါ''

ဆူလီဗန်ကလည်း သူ့နာမည်ကို ပြန်ပြောလိုက်သည်။

''ဂျူလီ.. အဲလေ.. မစ္စစ်ဆွမ်းဟာ ရေးကြီးသုတ်ပျာနဲ့ ခရီးထွက် သွားပုံ ရတယ်၊ သူ မသွားခင် ကျွန်မကို ညနေ ၃ နာရီ ၁၅ မိနစ်လောက်ကျ မှ တယ်လီဖုန်း ဆက်တယ်၊ ဒီတစ်ခါတော့ မာလိန်မှူးကြီး ပျော့ကျသွားတယ် ထင်တာပဲ၊ ကြည့်ရတာတော့ အနားကပ်ပြီးမှ ဖြစ်လာပုံရတယ်၊ ဂျူလီ့အသံ ကတော့ စိတ်ရှုပ်နေပုံ..''

''ဘာ.. စိတ်ရှုပ်နေပုံ..''

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... စိတ်လှုပ်ရှားနေတာပါ၊ သူ ဒီလို ခရီးသွားချင်တာ ကြာပြီပဲ"

သူတို့နှစ်ဦး နောက်ထပ် လေး ငါး ဆယ်မိနစ် အာလူ္ဘာပသလ္လာပ ပြောပြီး မစ္စစ်သွမ်မဆင်သည် အင်ကားရေရှ်သို့ ဆက်ထွက်သွားသည်။ ဆူလီဗန် ကတော့ သူ့ကား အင်ဂျင်စက် အအေးမိသလို ဖြစ်သွားသဖြင့် စက်နှိုးရာတွင် တော်တော်လေး ခက်ခက်ခဲခဲ နှိုးခဲ့ရသည်။ ထို့နောက် သူ မြို့ဘက်သို့ ပြန် မောင်းလာသည်။ သူ ဒီကို လာရတာ အလကား ဖြစ်ရလေပြီ။ ဘယ်သူကမျှ ရေနံတင်သင်္ဘောကြီးကို အနှောင့်အယှက်ပေးမည့်ပုံ မပေါ်။ သူ အိပ်ချင်လှလေပြီ။

❑

ဆူလီဗန့်တစ်ယောက် ဝက်စ်ဝပ်ပ်ဟိုတယ် ဘားခန်းထဲ၌ ထိုင်မိလျှင် ထိုင်မိချင်း မေးခွန်းတစ်ခု ထုတ်လိုက်သည်။

"ရေနံသင်္ဘောဆိပ်မှာ လောင်တဲ့မီးက ဘယ်အချိန်လောက်က စတာလဲဗျ"

ယခု သူ မေးလိုက်သည့် အချိန်မှာ ဇန်နဝါရီလ ၁၇ ရက် သောကြာနေ့ ညနေ ၁ နာရီ ဖြစ်သည်။ သူ ဆွမ်းနေအိမ်မှ ကားမောင်းပြီး ပြန်လာစဉ်က လမ်းတွင် အိပ်ပျော်သွားတော့မလိုလို ဖြစ်ခဲ့ရသော်လည်း ဟိုတယ် အောက်ထပ် ခန်းထဲသို့ ဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် အိပ်ချင်စိတ် ပျောက်သွားပြီး လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာသည်။ သူ့ကို အရက်ရောင်းသူက နိုက်ဝီစ်ကီ ရေနံသင်္ဘောဆိပ်တွင် မီးလောင်ကြောင်း ပြောပြသဖြင့် ယခုလို မေးလိုက်ခြင်း ဖြစ်သည်။

အရက်ရောင်းသူက ဆူလီဗန် မှာထားသော ရေမရောသည့် ဒုတိယ ဝီစကီဖန်ခွက်ကို ချပေးရင်း အဖြေပေးသည်။

"ညနေ ၃ နာရီ ၁၅ မိနစ်လောက်မှာ စလောင်တယ်၊ ရှို့မီးလို့ ပြောကြတာပဲ၊ အေးဗျာ... အာရပ်တွေ နှိပ်စက်လို့ အပူပေးစက်ကိုတောင် အခုလို ရာသီမှာ ၆၂ ဒီဂရီ(ဖာရင်ဟိုက်)အထိ လျှော့ချထားရတယ်၊ တကယ်တော့ ဒီဒေသဟာ ရေနံတွေကို ရေချိုးနိုင်တဲ့အထိ ပေါများတဲ့ နေရာပါ"



"မြောက်ဘက် တောင်ခြေက ရေနံတွင်းတွေ မအောင်မြင်သေးရင် ရေနံတွေ သိပ်ပေါများနေပြီလို့ မပြောနိုင်သေးဘူး"

"ခင်ဗျားက ဗြိတိသျှလူမျိုးလား"

"ဟုတ်ပါတယ်"

"ခင်ဗျားမှာ ကား ရှိသလား"

"ကားတစ်စီးတော့ ငှားလို့ ရထားတယ်၊ ဈေးကလည်း သိပ်ကြီးလိုက်တာဗျာ"

"ကားကို ခါတ်ကြိုးနဲ့ ပလပ်ထိုးပြီး ဆက်ထားဖို့ မမေ့နဲ့နော်၊ မနေ့ကတော့ လူတစ်ယောက် ပလပ်ထိုးဖို့ မေ့သွားတယ်။ သူကတော့ တစ်ယောက်ယောက်က ပလပ်ကို ဆွဲဖြုတ်သွားတာတဲ့၊ သူက ဗြိတိသျှလူမျိုး သင်္ဘောမာလိန်မှူးဗျ"

"မာလိန်မှူး မက်ကေးတော့ ဟုတ်မယ် မထင်ဘူး"

"ဟုတ်တယ်၊ အဲဒါ သူ့နာမည်ပဲ၊ ခင်ဗျား သူ့ကို သိလို့လား၊ ဒါကလည်း သူ ဒီမှာ တယ်လီဖုန်း လာပြောရင်း သူ့နာမည်ကို ပြန်ပြောသံ ကြားရလို့ပါ။ အဲဒီနောက်တော့ သူ့အခန်းကို ကပျာကယာ ပြန်တက်ပြေးတယ်၊ ပြီးတော့ အိတ်ဆွဲပြီး ကမန်းကတန်း ထွက်သွားတာ တွေ့ရပြန်တယ်၊ အဲဒါ ၃ နာရီနဲ့ ၁၅ မိနစ်လောက်မှာ ဖြစ်တာ"

"သူ့ကားက ပလပ်ကို တစ်ယောက်ယောက်က ဆွဲဖြုတ်သွားတယ်လို့ ခင်ဗျား ပြောတယ်နော်"

"အဲဒီလို ပြောကြတာပဲ၊ အဲဒီ မာလိန်မှူးမက်ကေးဟာ ဗလကောင်းကောင်း မျက်နှာ နီစပ်စပ်၊ မျက်စိက ပြာပြာဗျ၊ ကျုပ်ဆိုတဲ့ ကျုပ်ကလည်း လူတစ်ယောက်ရဲ့ မျက်နှာကို တစ်ခါ မြင်ဖူးရင် ဘယ်တော့မှ မမေ့တော့ဘူး၊ ဒီအရက်ခန်းထဲကို တစ်ခါတည်း လာပြီး နောက် ၅ နှစ်ကြာမှ တစ်ခါ ပြန်လာခဲ့၊ ကျုပ်ကတော့ မှတ်မိမှာပဲ၊ ဒီအရက်ခန်းထဲမှာသာ သူ့ကို ကျုပ်က မြင်လိုက်ရရင် ဘယ်တော့မှ မမေ့တော့ဘူး"

"အဲဒါ မက်ကေးပဲ"

ဆူလီဗန်က မကြားတစ်ချက် ကြားတစ်ချက်နှင့် ပြန်ဖြေလိုက်သည်။ အဲဒီနေ့က ၃ နာရီ ၁၅ မိနစ်မှာ ကိစ္စဝိစ္စတွေအားလုံး တစ်ပြိုင်နက်တည်း ဖြစ်ခဲ့ပုံပေါ်သည်။ ဆွမ်း ဇနီးမောင်နှံသည် ၃ နာရီ ၁၅ မိနစ်တွင် ကမန်း

www.burmeseclassic.com

www.burmeseclassic.com



ကတန်း ထွက်သွားကြသည်။ မက်ကေးလည်း ဟိုတယ်ထဲက ၃ နာရီ ၁၅ မိနစ်တွင် အပြေးအလွှား ထွက်သွားခဲ့သည်။ နီကီစီကီ ရေနံသင်္ဘောဆိပ်တွင် ညနေ ၃ နာရီ ၁၅ မိနစ်က မီးလောင်ခဲ့သည်။ ပြီးတော့ ရှို့မီးလို့ ပြောကြသည်။

သူက မျက်တောင် တဖျပ်ဖျပ် ခတ်လိုက်၏။ ဆူလီဗန်တစ်ယောက် ရုတ်တရက် ပင်ပန်းနွမ်းနယ်လာသဖြင့် မတ်တတ်က လဲကျမလိုလိုပင် ဖြစ်သွားရပြန်သည်။ သူသည် အရက်ခန်းထဲက ပြန်ထွက်ခဲ့ပြီး သူ့အခန်းဆီသို့ တက်သွားသည်။ အရက်ရောင်းသူက စကား တတွတ်တွတ် ပြောနေစဉ် သူ့ခေါင်းထဲ၌ ဖျတ်ခနဲ ပေါ်လာသော စိတ်ကူးကို သတိရအောင် ပြန်စဉ်းစားနေမိသည်။ မျက်နှာမြင်ရင် မှတ်မိတယ် ဆိုတဲ့ ကိစ္စနဲ့တော့ တစ်နည်းတစ်ဖုံ ပတ်သက်သည်။ သူသည် တံခါးကို ပိတ်၍ သော့ခတ်လိုက်ပြီးနောက် အိပ်ရာပေါ်သို့ လဲကျပြီး ချက်ချင်း အိပ်ပျော်သွားသည်။

❑

အလပ်စကာပြည်နယ်၊ အင်ကားရေ့ချ်မြို့၏ စံတော်ချိန် နေ့လယ် ၁ နာရီတွင် အာရပ်နိုင်ငံတစ်ခု၏ မြို့တော်၌ ညသန်းခေါင်ယံ ဖြစ်နေလေပြီ။

ထိုအချိန်တွင် တာဖတ်သည် ကော်ဖီကြမ်း သောက်နေသည်။ သို့သော် အရသာခံ၍ သောက်နေသည်ဟု မဆိုသာ။ အဘယ်ကြောင့်ဆိုသော် တစ်နိုင်ငံလုံးတွင် အာရုံ နှစ်မျိုးကို ခံစား၍ မရနိုင်ဟု ဆိုကြသည် မဟုတ်ပါလား။ ထိုအချိန်တွင် တာဖတ်သည် လွန်ခဲ့သော တစ်နာရီ နှစ်နာရီအတွင်းက ရခဲ့သည့် 'လီမွှော်သီးသေတ္တာကို ပို့ပြီးခဲ့ပါပြီ' ဆိုသည့် သတင်းကို စားမြုံ့ပြန်နေ၍ ဖြစ်သည်။

ထိုသတင်းကို အဓိပ္ပာယ်ပြန်ရသော် အခြေအနေအားလုံး ကောင်းသည်ဟု ဆိုလိုရင်း ဖြစ်သည်။ ချဲလင်ဂျာသင်္ဘောကြီးသည် အလပ်စကာမှ ထွက်ခွာသွားလေပြီ။ ပြီးတော့လည်း ထိုသင်္ဘောပေါ်တွင် ဝင်းတား၏ ကြေးနန်းစက်ရိုက်သမား ပါသွားပြီဟု ဆိုလိုရင်း ဖြစ်သည်။

တာဖတ်က နာရီကို ငုံ့ကြည့်လိုက်၏။ မကြာခင် မာစီဒီးကား ရောက်လာပေတော့မည်။ ထိုကားနှင့် အထူးလျှို့ဝှက်ထားသော ဌာနချုပ်သို့ သူ သွားတော့မည်။ ထိုနေရာတွင် ဤလျှို့ဝှက်လုပ်ငန်းကြီး ပြီးသည်အထိ လီကတ်က သင်္ဘောပေါ်တွင် ရှိသော ဓားစာခံအားလုံးကို သတ်ပစ်ပြီး ဆန်ဖရန်စစ္စကို



တစ်မြို့လုံးကို အဏုမြူဗုံးဒဏ်ကြောင့် ပျက်စီးသွားသည်အထိ သူ နေမည်။ ပြီးမှ . . မြို့တော်သို့ ပြန်လာမည်ဟု တွေးနေမိသည်။ ထိုအချိန်တွင် တံခါးခေါက်သံကို ကြားလိုက်ရ၏။

"ဝင်ခဲ့လေ . ."

"မော်တော်ကား ရောက်ပါပြီ အရှင်"

❑

ဝက်စ်ဝပ်ဟိုတယ်၏ အရက်ခန်းထဲသို့ ဆူလီဗန်တစ်ယောက် ပြန်ဝင်လာချိန်မှာ ဇန်နဝါရီလ ၁၇ ရက် သောကြာနေ့ ညနေ ၅ နာရီခွဲ ဖြစ်သည်။ သူက ရေမရောသော ဝီစကီတစ်ခွက်ကို မှာလိုက်၏။ အရက် ရောင်းသူက ဆူလီဗန်ကို ကြည့်ရင်း–

"ဪ . . ဆရာက ဝတ်စုံ လဲဝတ်လာတာကိုး။ ဆရာ့ကို ကျွန်တော် ပြောခဲ့သလို ကျွန်တော်က သိပ်မှတ်ဉာဏ်ကောင်းတယ်"

ဟု ပြောလိုက်သည်။ ဤတွင် ဆူလီဗန်က နှုတ်ခမ်းမွေး ဖျက်ထားသည့် ဝင်းတား၏ ဘေးတစောင်းပုံကို ကောင်တာပေါ် ချပေးလိုက်သည်။

"ကဲ . . မင်း ဘယ်လောက် မှတ်ဉာဏ်ကောင်းတယ် ဆိုတာ စမ်းကြည့်ရအောင်"

အရက်ရောင်းသူက ဓာတ်ပုံကို စေ့စေ့စပ်စပ် ကြည့်နေစဉ် ဆူလီဗန်က အရက်ဖန်ခွက်ကို ကောက်ယူပြီး နည်းနည်းစီ မျှင်းသောက်နေသည်။

"ဒီလူ ကျွန်တော် အရက်ရောင်းနေတုန်း ဒီအရက်ရောင်းတဲ့ အခန်းထဲကို ဝင်မလာဘူးလို့ အလုပ်ထွက်ကြေးတောင် လောင်းရဲပါတယ်"

"မင်းက ဒီလို ပြောတော့လည်း မင်းစကားကို လက်ခံရတော့မှာပေါ့လေ"

"စိတ်ပျက်သွားသလားဗျ"

ဆူလီဗန်က ပခုံး တွန့်ပြလိုက်သဖြင့် အရက်ရောင်းသူက ပြုံးပြလိုက်သည်။ ပြီးတော့လည်း ဒီမေးခွန်းကို ကံစွတ်ကံကောင်း ထီထိုးသလို မေးလိုက်ခြင်းသာ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အရက်ရောင်းသူက လေးလေးနက်နက် ထပ်ပြောလိုက်သည်။

"ကျွန်တော်က ဒီအရက်ခန်းထဲကိုသာ ဝင်မလာဘူးလို့ ပြောတာပါ။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ညက သူ ဟိုတယ်ခါးပေါက်ဝကနေ အထဲကို လှမ်းကြည့်တယ်။ ပြီးမှ စိတ်ပြောင်းသွားပြီး ပြန်ပျောက်သွားတယ်။ အဲဒီအချိန်တုန်းက မာလိန်မှူး မက်ကေး ဒီအခန်းထဲမှာ ဘီယာသောက်နေတယ်၊ ည ၉ နာရီလောက် ရှိပြီ ထင်ပါရဲ့"

ဆူလီဗန်တစ်ယောက် သောက်နေသော အရက်သီးမလိုလိုပင် ဖြစ်သွားရရှာသည်။

"သေချာရဲ့လားကွ၊ အဲလေ.. မင်း ပြောရင် သေချာမှာပါ၊ ဘာလဲ သူက ဒီမှာ လာတည်းသွားတာလား"

"အဲဒါတော့ မသိဘူး။ သူ ဒီအထဲကို နောက်တစ်ခါ ပြန်မလာတော့ဘူး၊ အဲဒါ ဗုဒ္ဓဟူးနေ့ ညကဗျ။ ခင်ဗျား ဟိုတယ် ညွှေကြိုစာရေးဆီမှာ သွားစုံစမ်းရင် ကောင်းမယ်"

ဆူလီဗန့် ဖန်ခွက်ထဲတွင် ရေမရောသော ဝီစကီအရက် အတော်များများ ရှိနေသေးသော်လည်း သူက တစ်ကျိုက်တည်းနှင့် အပြတ် မော့ရှင်းလိုက်သည်။ အရက်အရသာကိုပင် မသိလိုက်ချေ။ ဝင်းတားတစ်ယောက် အလပ်စကာကို ရောက်သွားခဲ့ပါကလား။

❑

ထိုအချိန်မှ စ၍ နောက် ၂ နာရီခန့်အတွင်း ဆူလီဗန်တစ်ယောက် အိပ်ဖို့ကိုပင် လုံးဝ သတိမရနိုင်တော့ဘဲ အင်ကားရေ့ချ်မြို့ တစ်ဝက်လောက်ကို ခြေစကြာ ဖြန့်သည်။ သူ့ဆီ၌ ပါလာသော ဓာတ်ပုံကို ထုတ်ပြရင်း ဟိုမေး ဒီမေး လိုက်လုပ်တော့သည်။ ဝက်စ်ဝပ်ဟိုတယ်ရှိ ညဉ့်ကြိုစာရေးက ဓာတ်ပုံရှင် ပုဂ္ဂိုလ်ကို မှတ်မိသည်။ မက်ကေး လာတည်းခိုသော ညက ထိုလူလည်း ဤ ဟိုတယ်တွင် ရောဘတ်ဖောရက်စ် အမည်နှင့် လာတည်းခိုခဲ့သည်။ အစား အသောက်ကို သူ့အိပ်ခန်းထဲအထိ လိုက်ပို့ပေးရသည်။ သူ ငွေချေသွားသည့် ဘောက်ချာမိတ္တူမှ အရေးကြီးသော အချက်အလက်တချို့ကို ထပ်ရလိုက်ပြန်သည်။ ဝင်းတားသည် ဝက်စ်ဝပ်ဟိုတယ်မှ နောက်တစ်နေ့တွင် ငွေချေပြီး ပြန်သွားသည်။ သူ ပြန်သွားသည့်နေ့မှာ ချဲလင်ဂျာ ရေနံတင်သင်္ဘော နိုကီစီကီ



သင်္ဘောဆိပ်မှ ည ၁၀ နာရီတွင် ထွက်ခွာသွားသော ဇန်နဝါရီလ ၁၆ ရက် ကြာသပတေးနေ့။

လန်ဒန်ရှိ လွိုက် ရေကြောင်းအာမခံကုမ္ပဏီကြီးက ဆူလီဗန်အား ထုတ်ပေးထားသော မှတ်ပုံတင်ကတ်ပြား၏ တန်ခိုးကြောင့် ဆူလီဗန် ပြောသည့် အချက်အလက်များကို အင်ကားရေ့ချ် ရဲချုပ် ဂျိုးမူလီဂန်က လေးလေးစားစား မှတ်သားသည်။ တစ်နာရီအတွင်း ရောဘတ်ဖောရက်စ်၏ ရုပ်ရည်သွင်ပြင် ပုံပန်းသဏ္ဌာန်နှင့် ဓာတ်ပုံ ပါသော မှုခင်းစာစောင်ကို အလပ်စကာပြည်နယ် တစ်ခုလုံးသို့ ဖြန့်ချိပြီး ဖြစ်သွားသည်။ ထိုအချိန်တွင် ညသန်းခေါင်သို့ပင် ရောက်လုနီးလေပြီ။ ၎င်းအပြင် ဆူလီဗန်ကို ရဲကားတစ်စီးနှင့် နီကီစီကီ ရေနံ သင်္ဘောဆိပ်သို့ လိုက်ပို့ပေးသည်။ ထိုသင်္ဘောဆိပ်သို့ ဆူလီဗန်တစ်ယောက် နံနက် ၂ နာရီတွင် ရောက်ရှိသွားသည်။ ထိုအချိန်တွင် မျက်လုံးကိုပင် မဖွင့်ချင် တော့လောက်အောင် ဖြစ်နေလေပြီ။

ဝင်းတား၏ ဓာတ်ပုံသည် မည်သည့် ရဲမှတ်တမ်းတွင်မှ မရှိ၊ သို့သော် ဗျာမန်သင်္ဘောကျင်း၌ ခိုးအဲရိုက်ခံလိုက်ရသော သူ့ဓာတ်ပုံကို ဖွဲနပဲကြီးလှသော ဩတိသျှလူမျိုး ထောက်လှမ်းရေးသမားတစ်ဦးနှင့် လူကို တစ်ခါ မြင်ဖူးလျှင် တစ်သက်လုံး မှတ်မိပါသည် ဆိုသော အရက်ရောင်းသမားတစ်ဦးတို့က တစ်နေ့ သောအခါတွင် ထောက်ပြနိုင်လိမ့်မည် ဆိုသည့် အချက်ကို ဝင်းတားက ကြိုသိ နိုင်လိမ့်မည် မဟုတ်ပါချေ။

ပြီးတော့ ဝင်းတားတစ်ယောက် အလပ်စကာသို့ ရောက်ရှိလာပြီးနောက် နီကီစီကီ ရေနံသင်္ဘောဆိပ်ကို မီးရှို့ခံလိုက်ရကြောင်း ဆက်စပ်တွေးခေါ်၍ ရသည်နှင့်တစ်ပြိုင်နက် ရဲချုပ် မူလီဂန်က စွမ်းစွမ်းတမံ အလုပ်လုပ်ခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသော ရေနံပိုက်လိုင်းများနှင့် ရေနံချက်စက်ရုံများအား မီးရှို့ခံနေရသည့် ကိစ္စများတွင် အဓိကကျသည့် လူဆိုးဂိုဏ်းကို ပထမဦးစွာ ခြေရာခံနိုင်သူမှာ မူလီဂန် မဟုတ်ဟု မည်သူက ပြောနိုင်ပါမည်နည်း။ မူလီဂန်က နိုင်ငံတကာလေဆိပ်သို့ သူကိုယ်တိုင် သွား စုံစမ်းသည်။

ဆူလီဗန်သည် သင်္ဘောဆိပ်၌ မည်မည်ရရ ဘာကိုမျှ စုံစမ်း၍ မရခဲ့ ချေ။ ထိုနေရာတစ်ဝိုက်တွင် ဝင်းတားကို တွေ့လိုက်သူ မြင်လိုက်သူ တစ်ယောက်မျှ မရှိချေ။ ချဲလင်ဂျာကလည်း ပုံမှန်အနေအထားအတိုင်း ဆိပ်ကမ်းက ခွာသွား သည်။ သင်္ဘောဆိပ်ကမ်းဝန်က ဤသို့ ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီသင်္ဘောဟာ သတ်မှတ်ထားတဲ့ အချိန်ထက် ၂ နာရီ စောပြီး ရေနံလှောင်ကန် နှစ်လုံးကိုတောင် အပြည့်မခံတော့ဘဲ ထွက်သွားတယ် ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ အဲဒီလို စောထွက်မယ် ဆိုတာကို ကြိုအသိပေးပြီးမှ ထွက်သွားတာပါ၊ မက်ကေးက သိပ်ကို စိုးရိမ်တတ်တဲ့လူ၊ သူ မသိဘဲနဲ့ သင်္ဘောပေါ် တက်ဖို့ မလွယ်ဘူး၊ သူက သင်္ဘောကုန်းဘောင်ကို ပြန်ဆွဲမတင်မချင်း ကုန်းဘောက်အောက်ဘက် ထိပ်မှာ သင်္ဘောသားတစ်ယောက်ကို အမြဲ အစောင့်ချထားတာဗျ"

အိပ်ရေးပျက်လှသောကြောင့် ခေါင်းမထူနိုင်တော့သော ဆူလီဗန်ကို ရဲကားတစ်စီးက ဝက်စပ်ဝပ်ဟိုတယ်သို့ ပြန်ပို့ပေးခဲ့သည့် အချိန်မှာ နံနက် ၆ နာရီ ရှိလေပြီ။ သူသည် အခန်းထဲသို့ ရောက်ရောက်ချင်း အိပ်ရာပေါ် လှဲချပြီး ထိုနေ့ တစ်နေ့လုံး အိပ်နေသည်။ ည ၇ နာရီထိုးသောအခါ ဆူလီဗန်တစ်ယောက် ကော်ဖီနှင့် အမဲသားကြော်ကို တစ်ဝကြီး စားသောက်နေစဉ် ရဲဌာနချုပ်မှ သူ့ထံ တယ်လီဖုန်းဆက်သည်။

မူလီဂန်တစ်ယောက် သတင်း အစအန ရသွားလေပြီ။

❑

"ကြာသပတေးနေ့ သန်းခေါင်ယံမတိုင်မီ ရောဘတ်ဖောရက်စ်ဟာ ဆီတဲလ်မြို့ကို လေယာဉ်ပျံနဲ့ လိုက်သွားတယ်၊ ခင်ဗျား ရောက်လာတဲ့ အချိန်နဲ့ သူ ထွက်သွားတဲ့ အချိန်ဟာ မရှေးမနှောင်းကလေးပဲဗျ၊ သူ့ကို မှတ်မိလိုက်တဲ့ လေဆိပ်က ကလေးမဟာ လွန်ခဲ့တဲ့ တစ်နာရီကမှ သူ့တာဝန် ပြန်ကျတာကိုး ဒါကြောင့် နည်းနည်း ကြာသွားတာပါဗျာ၊ ကဲ.. ကော်ဖီ ထပ်ယူဦးမလား"

ဂျီးမူလီဂန်သည် အသက် ၅၀ ရှိပြီး ကိုယ်လုံးကိုယ်ထည် ဝဖိုင့်ဖိုင့် ရုပ်ရည်ခပ်ကြမ်းကြမ်း မည်းနေသော ဆံပင်ကို ဘဲမြီးဆံတောက်ပုံ ခပ်တိုတို ညှပ်ထားသည်။ အင်မတန် ပြုံးခဲ ရယ်ခဲသည်။ စကားပြောရာတွင် အလွန်မြန်သည်။ ဆူလီဗန်က သူ့ပြောပုံဆိုပုံကို သဘောကျသည်။

"ဒါဆိုရင် သူ့ကို မမိလိုက်ပြန်ဘူးပေါ့၊ တစ်ခု ဆန်းတာက သူ ဒီမှာ ၂၄ နာရီတည်း နေပြီး ပြန်ထွက်သွားတဲ့ ကိစ္စပဲ"



"ဒါပေမဲ့ သူ ဒီမှာ နေခဲ့တာက ရေနံသင်္ဘောဆိပ်မှာ ဗုံးဖောက်သွားနိုင်အောင်တော့ ကြာခဲ့တာပေါ့၊ ကျုပ် အယူအဆကတော့ ဒီငတိဟာ တကယ် အရေးကြီးတဲ့အချိန် ရောက်မှ လိုက်လာပြီး ဗုံး တကယ်ပေါက် မပေါက်ကို ကြည့်တယ်၊ ပြီးတော့ ပြန်ထွက်သွားပုံရတယ်၊ သူ အခုလောက်ဆိုရင် နောက် တစ်ခါ ဗုံးခွဲမယ့် ရေနံပိုက်လိုင်း၊ ရေနံစက်ရုံ တစ်နေရာရာဆီ ရောက်နေရောပေါ့၊ သူ တက်ဆက်မှာ ရှိကောင်း ရှိမယ်၊ ကျုပ် အခု ဒီရဲ့အထူးသတင်း မှုခင်းတစ်စောင်ကို ပြည်နယ်အားလုံးအနှံ့ ဖြန့်ဝေပို့ ပေးလိုက်ပြီ၊ အခု အက်ဖ်ဘီအိုင်က ဒီကိစ္စကို စကိုင်နေပြီ"

"ဒါဖြင့်ရင် ခုကိစ္စဟာ ရေနံတင်သင်္ဘောကြီး ချဲလင်ဂျာနဲ့ ပတ်သက်တယ်လို့ မထင်ဘူးပေါ့"

မူလီဂန်၏ အဖြေက ပြတ်သည်။

"မဖြစ်နိုင်ဘူး၊ ဒီလူတွေဟာ ရေနံတင်သင်္ဘောတွေကို ခုအထိ ဒုက္ခမပေးကြဘူး၊ ဒါပေမဲ့ ၁၉၇၃ ခုနှစ် နောက်ပိုင်းမှာ ဒီလိုပုံစံမျိုး ဖြစ်လာနိုင်တယ် ဆိုတာကိုတော့ ကျုပ်တို့ ကြိုတွေးခဲ့မိကြဖို့ ကောင်းတယ်"

ဆူလီဗန်က သူ့ကော်ဖီပန်းကန်ကို ရှေ့သို့ ပြန်တွန်းပို့လိုက်သည်။

"ဒါဆိုရင် ကျွန်တော် ဒီမှာ ဆက်နေလို့ အပိုပဲ၊ နက်ဖြန်ကျရင် လေယာဉ်ပျံနဲ့ သွားတော့မယ်"

"အိမ်ပြန်တော့မှာလား၊ လန်ဒန်ကို မဟုတ်လား"

"မဟုတ်ဘူး၊ ဆီတဲလ်ကို သွားမလို့"

❑

ဆူလီဗန်သည် ဆီတဲလ်သို့ ယခု ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်း ဖြစ်သည်။ သူ လေယာဉ်ပျံပေါ်က ဆင်းလာချိန်မှာ ဇန်နဝါရီလ ၁၉ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၂ နာရီခန့် ဖြစ်သည်။ အက်ဖ်ဘီအိုင်မှ စုံထောက်နှစ်ဦး ဖြစ်သူ ပီတာနှင့် ကာမဒီတို့က ဆူလီဗန်ကို အသင့်စောင့်ကြိုနေပြီး သီးသန့် အခန်းကလေး တစ်ခန်းထဲသို့ ခေါ်သွားကြသည်။ သူတို့နှစ်ဦးက ချဲလင်ဂျာ အကြောင်း ဆူလီဗန် ပြောပြသမျှကို အထူးတလည် စိတ်ဝင်စားပုံမပြကြချေ။

ပီတာက အကြံပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား . . ရေနံတင်သင်္ဘောကိစ္စကို မေ့ထားလိုက်ရင် ကောင်းမယ် ထင်တယ်၊ ဒီလူက ရေနံချက်စက်ရုံတွေကိုသာ လိုက်နှောင့်ယှက်နေတာ၊ သူ လွန်ခဲ့တဲ့ သောကြာနေ့က ဒီကို လေယာဉ်ပျံနဲ့ ရောက်လာပြီး ဝါရှင်တန်ပလာဇာ ဟိုတယ်မှာ တည်းသွားတယ်၊ ဟိုတယ် ညနေ့ကြိုစာရေးက သူ့ဓာတ်ပုံကို မြင် တော့ ပြန်မှတ်မိလာတယ်၊ ပြီးတော့ သူ့ကို ဘတ်စ်ကားဆိပ်အထိ လိုက်ပို့ပေး ခဲ့ရတဲ့ အငှားကားမောင်းတဲ့ လူတစ်ယောက်ကိုလည်း တွေ့ထားတယ်၊ အဲဒီ နောက်တော့ ဒီလူ့ကို ခြေရာခံလို့ မရတော့ဘူး"

ဆူလီဗန်ကလည်း ပြန်ဖြေသည်။

"ဒါဆိုရင် သူ့ကို နောက်တစ်ကြိမ် ပြန်တွေ့ရတော့မှာ မဟုတ်ဘူး။ ဥရောပတိုက်မှာဆိုရင် သူ့ကို ဘယ်ရဲအဖွဲ့ကမှ မသိကြဘူး၊ အခု ကျွန်တော် ရလာတဲ့ သူ့ဓာတ်ပုံကလည်း ဒီတစ်ပုံတည်းပဲ ရှိမယ် ထင်တယ်"

ပီတာက အားပေးသည်။

"ကျုပ်တို့လည်း ဆက်ကြိုးစားကြမှာပါ၊ နိုင်ငံတကာ ရဲအဖွဲ့နဲ့ ဝါရှင်တန် မှာ ရှိတဲ့ ကျုပ်တို့ မှတ်တမ်းတွေထဲမှာလည်း သူ့အကြောင်း မရှိဘူး၊ ဒါပေမဲ့ တစ်နေ့နေ့ တစ်နေရာရာမှာတော့ သူ ပြန်ပေါ်လာရမှာပါ"

သူတို့နှစ်ယောက် ပြန်သွားသောအခါ ဆူလီဗန်သည် လေဆိပ် ကော်ဖီ ဆိုင်၌ ကော်ဖီ ထပ်သောက်ရင်း စဉ်းစားနေမိသည်။ ခြေရာတော့ ပျောက်သွား ပြန်လေပြီ။ သူ အခု အက်ဖ်ဘီအိုင်က စုံထောက် နှစ်ယောက်နှင့် အင်ကားရေ့ခ်ျ ရဲချုပ် မူလီဂန် ပြောသလို အခုကိစ္စတွင် ရေနံတင်သင်္ဘောကို ကြံစည်တာ မဟုတ် ဆိုတာကို လက်ခံချင်သလိုလို ဖြစ်လာသည်။ သူ ကော်ဖီ သောက်ပြီး လျှင် ဟာပါ့ထံ တယ်လီဖုန်း ဆက်ပြီး ညနေပိုင်းတွင် ထွက်ခွာမည့် 'ပန်အန်' လေကြောင်းခရီးစဉ်နှင့် လန်ဒန်သို့ ပြန်လိုက်လာတော့မည့်အကြောင်း ပြော လိုက်တော့မည်။

သူ ယခု ရှိနေရာမှ အနောက်မြောက်ဘက် မိုင် ၅၀ ခန့်တွင် ရေနံတင် သင်္ဘောကြီး ချဲလင်ဂျာသည် ထုံးစံအတိုင်း အေးချမ်းသာယာစွာ ဆန်ဖရန်စစ္စကို မြို့ဆီသို့ ဦးတည်ခုတ်မောင်းနေလေသည်။

❏❏❏

## - တစ်ဆယ့်တစ် -

မြောက်လတ္တီတွဒ် ၄၇. ၅၀ ဒီဂရီ၊ အနောက်လောင်ဂျီတွဒ် ၁၃၂. ၄၅ ဒီဂရီ၊ အချိန် ၁၃း၀၀ နာရီ။

အမေရိကန် ကမ်းခြေစောင့်တပ်မှ ရဟတ်ယာဉ်သည် ရေပြင်အထက် ပေ ၁၀၀ ခန့်၌သာ ပျံဝဲနေသည်။ မာလိန်မှူးမက်ကေးသည် ပဲ့စင်၏ ညာဘက် စွန်းမှ မှန်ပြောင်းနှင့် ချိန်ကြည့်လိုက်သည်။ မှန်ပြောင်းထဲတွင် ရဟတ်ယာဉ်၏ ကိုယ်ထည်ပေါ်၌ ရေးထားသော နံပါတ် ၅၄၂၁ (USCG)* ဆိုသော အမှတ် အသားသည် ပြတ်ပြတ်သားသား ပေါ်လာသည်။ ပထမအရာရှိ ဘင်းနက်သည် မာလိန်မှူး ရှိရာသို့ ပြေးလာသည်။

"အဲဒီရဟတ်ယာဉ် ဒုက္ခဖြစ်နေတယ် ဆရာ၊ အခုလေးတင် အဲဒီ ရဟတ်ယာဉ်က သူတို့ ရေထဲကို ပျက်မကျခင် သင်္ဘောပေါ် ဆင်းခွင့်ပြုပါလို့ ခွင့်တောင်းနေတယ် ဆရာ"

နှင်းမြူများ ရှိနေသဖြင့် ရဟတ်ယာဉ်စက်ခန်းထဲတွင် မည်သူမည်ဝါ ရှိနေသည်ကို မှန်ပြောင်းနှင့်ပင် ကြည့်မရချေ။ ယခု အဆိုပါ ရဟတ်ယာဉ်မှ မီးခိုးများ ပေါ်ထွက်လာပြန်သည်။ အင်ဂျက်စက်သံလည်း မမှန်ဟု မက်ကေးက

* USCG = United States Coast Guard

www.burmeseclassic.com

www.burmeseclassic.com



ထင်လိုက်သည်။ မီးခိုးများသည် အနည်းငယ်စီ ထွက်နေရာမှ မီးခိုးလုံးကြီးအဖြစ် ဝုန်းခနဲ ပေါ်ထွက်လာသောအခါ မက်ကေးက–

"မစ္စတာဘင်းနက်... ကုန်းပတ်ပေါ်မှာ လူတွေ မရှိအောင် ရှင်းထား။ ပြီးတော့ သင်္ဘောကို လေတိုက်တဲ့ဘက် ခေါင်းလှည့်ထားလိုက်၊ အရှိန်ကိုလည်း (ရေမိုင်) ၁၄ မိုင်အထိ လျှော့ချထား"

ဘင်းနက်သည် သင်္ဘော ပွဲကိုင်ကိရိယာများ ရှိရာသို့ ကမန်းကတန်း ပြန်ပြေးလာသည်။ ဘက်တီကော်ဒဲလ်သည် ဘင်းနက်နှင့် မတိုးမိအောင် ရှောင်ပေးလိုက်သော်လည်း ပွဲစင်၏ အရှေ့ပိုင်းတွင် ကပ်ပြီး နေရာယူထားသည်။ မက်ကေးသည် ယခု သူ့ဘေးနားသို့ ရောက်ရှိလာသည်။ သို့သော် ဘက်တီက သတိထားပြီး စကားမပြောဘဲ ငြိမ်နေသည်။ ရဟတ်ယာဉ်သည် သင်္ဘောဆီသို့ တဖြည်းဖြည်း နီးကပ်လာသည်။

"ဟော့... ဘင်းနက်၊ လိုအပ်ရင် မီးသတ်ဖို့ ကြိုစီစဉ်ထား"

မက်ကေးမျက်နှာ ခပ်တည်တည် ဖြစ်နေသည်။ ရေနံတန်ချိန် ငါးသောင်း ပါလာသော သင်္ဘောကြီးပေါ်၌ မီးလောင်မှု ဖြစ်ပွားမှာကို သူ မလိုလားချေ။ ပြီးတော့ လောလောဆယ်တွင် သူ ဘာကို ဆုံးဖြတ်ရမလဲ ဆိုတာ မပြောတတ်အောင်ပင် ရှိနေရသည်။ ရဟတ်ယာဉ်ကို ကုန်းပတ်ပေါ်မှာပဲ ဆင်းခိုင်းလိုက်ရမလား၊ ဒါမှမဟုတ် ကုန်းပတ်ပေါ် မဆင်းနဲ့လို့ ပြောလိုက်ရမလား၊ ကုန်းပတ်ပေါ် ဆင်းခွင့်မရလျှင် ရဟတ်ယာဉ် ရှိရာသို့ အသက်ကယ်လှေများ ရောက်မသွားခင် ရဟတ်ယာဉ်သည် ရေထဲ၌ စုန်းစုန်း နစ်မြုပ်သွားနိုင်သည်။

သူ့အောက်ဘက် ပေ ၆၀ အကွာရှိ ကုန်းပတ်ပေါ်မှ သင်္ဘောသားများသည် လွတ်ရာကျွတ်ရာသို့ ရွှေ့ပြောင်းနေကြသည်။ အင်ဂျင်စက်သံကလည်း နည်းနည်းနှေးသွားသည်။ ပြီးတော့ သင်္ဘောကြီးသည် လေတိုက်ရာဘက်သို့ ဦးတည်ရန် ခေါင်းလှည့်နေလေပြီ။ ဘင်းနက်က မီးသတ်မည့် သင်္ဘောသားများ အဆင်သင့်ရှိကြစေရန် ညွှန်ကြားချက် ထုတ်လိုက်သည်။ ဘက်တီကော်ဒဲလ်က မေးလိုက်၏။

"ကျွန်မ ပွဲစင်ပေါ်က ဆင်းပေးရမလား"

မက်ကေးက ခေါင်းခါသည်။

"မင်းအတွက် သတင်းထူးရချင် ရမှာ၊ အေးလေ... စိတ်မကောင်းစရာ ကိစ္စတွေ ဖြစ်မလာဘူး ဆိုရင်ပေါ့လေ"



ပွဲကိုင်သူက ပွဲကိုင်ဘီးကို ကိုင်၍ သင်္ဘောကြီးကို လှည့်နေဆဲ ဖြစ်သည်။ မက်ကေးက ပွဲစင်ပေါ်တွင်ရှိသော နာရီကို လှမ်းကြည့်လိုက်၏။ ထိုအချိန်မှာ ဇန်နဝါရီလ ၁၉ ရက် တနင်္ဂနွေနေ့ နေ့လယ် ၁ နာရီတိတိ ဖြစ်သည်။ သူက အမိန့်ပေးလိုက်၏။

"ကဲ... ကမ်းခြေကို လှမ်းသတင်းပို့စမ်း၊ ကမ်းခြေစောင့်တပ်ရဲ့ ရဟတ်ယာဉ်အမှတ် ၅၄၂၁ ကို တို့သင်္ဘောက လက်ခံပြီး ဆင်းခွင့်ပြုလိုက်ပြီလို့"

ဘင်းနက်သည် ဆက်သွယ်ရေးခန်းသို့ တယ်လီဖုန်းဆက်ပြီး ဘင်းနိယတ်အား ချက်ချင်း သတင်းပို့ရန် အကြောင်းကြားလိုက်သည်။ ထို့နောက် ဘင်းနက်က–

"ဒီရဟတ်ယာဉ် ဘယ်က လာတာလဲဆိုတာ စဉ်းစားစရာပဲ ဆရာ၊ ကျွန်တော်တို့ သင်္ဘောဟာ ကနေဒါကမ်းခြေက မိုင် ၂၅၀ ကျော်မှာ ရှိနေတာ"

"မိုးလေဝသ သင်္ဘောတစ်စင်းစင်းဆီက လာတာ ဖြစ်မှာပေါ့"

"မြေပုံထဲမှာတော့ ဒီနေရာနဲ့ မိုင် ၅၀၀ ပတ်ဝန်းကျင်မှာ မိုးလေဝသ သင်္ဘော တစ်စင်းမှ မရှိဘူး၊ ကျွန်တော်ကတော့ ဒီကိစ္စကို လုံးဝနားမလည်နိုင်ဘူး"

"နည်းနည်းပါးပါးတော့ ကရုဏာစိတ် ထားစမ်းပါကွာ"

မက်ကေးက ကြိမ်းမောင်းပစ်လိုက်သည်။ ရဟတ်ယာဉ်ဆီက မီးခိုး ထွက်သည်ကို မတွေ့ရတော့ချေ။ ယခုအချိန်တွင် ထိုရဟတ်ယာဉ်သည် သင်္ဘောဦးပိုင်းဆီသို့ ကွေ့လိုက်ပြီး ပျံသန်းလာနေသည်။ မက်ကေးသည် မိနစ်ပိုင်းအတွင်း ဖြစ်လာမည့် ကိစ္စကို တွေးပြီး ရင်လေးနေမိသည်။ ခုတ်မောင်းနေသော သင်္ဘောတစ်စင်းပေါ်သို့ ရဟတ်ယာဉ်တစ်စီး ဆင်းသက်ရေး ကိစ္စမှာ အတော်အတန် ကျွမ်းကျင်မှု ရှိဖို့ လိုသည်။

သူတို့ စောင့်ဆိုင်းနေကြစဉ် ပွဲစင်ပေါ်၌ ငြိမ်သက်နေသည်။ လုပ်စရာရှိသည့် ကိစ္စအားလုံးအတွက် ညွှန်ကြားထားပြီးလည်း ဖြစ်သည်။ တစ်နာရီလျှင် ရေမိုင် ၁၇ မိုင်နှုန်းနှင့် ခုတ်မောင်းနေသော သင်္ဘောကြီးသည် ယခု လေကို ဆန်၍ တစ်နာရီလျှင် ရေမိုင် ၁၄ မိုင်နှုန်းနှင့် အရှိန်လျှော့ပြီး ခုတ်မောင်းနေသည်။ ဤလိုအနေအထားမျိုးတွင် ရဟတ်ယာဉ်၏ စက်သာ ကောင်းမွန်နေသေးသည် ဆိုပါက ကျွမ်းကျင်သော ရဟတ်ယာဉ်၏ ယာဉ်မောင်းတစ်ဦးသည် သင်္ဘောပေါ်သို့ ဆင်းသက်ရန် အခက်အခဲ ရှိမည် မဟုတ်ချေ။ ၃ မိနစ်အတွင်း သင်္ဘောပေါ်သို့ ဆင်းသက်နိုင်ရမည်။

ဘင်းနက်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆင်းခွင့်ပြုတယ်လို့ အကြောင်းကြားလိုက်ရတော့မလား"

မက်ကေးက ကုန်းပတ်ပေါ်သို့ ငုံ့ကြည့်လိုက်သည်။ အားလုံး အဆင်သင့်ပင်။ ရဟတ်ယာဉ် ဆင်းရမည့် နေရာကို ပြထားသည့် အဖြူဝိုင်းကိုလည်း ထင်ထင်ရှားရှား မြင်နေရသည်။ မက်ကေးက ပြောလိုက်၏။

"ဆင်းခွင့် ပေးလိုက်တော့"

ဘင်းနက်က ဆက်သွယ်ရေးခန်းသို့ ထပ်ဆင့် အကြောင်းကြားလိုက်သည်။

ရဟတ်ယာဉ်သည် လေထဲ၌ တည့်တည့်မတ်မတ် ပျံသန်းရင်း ရေနံတင် သင်္ဘောကြီး သူ့အောက်သို့ ရောက်လာမည်ကို စောင့်ဆိုင်းနေသည်။ စိတ်ကျေနပ်ပုံ မရသေးသော ဘင်းနက်က မှတ်ချက်ချပြန်သည်။

"အခုအချိန်ကျတော့လည်း ရဟတ်ယာဉ်ကို ကောင်းကောင်းမွန်မွန် ထိန်းထားနိုင်ပုံ ရသားပဲ၊ ဘာချွတ်ယွင်းသလဲ ဆိုတာကို စဉ်းစားရ တယ်ခက်ပါလား"

❑

ဝင်းတားသည် ရေနံတင် သင်္ဘောကြီး သူ့အောက်သို့ ရောက်လာသည် အထိ လေထဲတွင် ပျံသန်းရပ်နားထားရင်း စောင့်ဆိုင်းနေသည်။ မီးခိုးထွက်အောင် အိပ်ဇောပိုက်ထဲသို့ ဆီသွင်းပေးသော ပိုက်ခေါင်းကို ပြန်ပိတ်ထားပြီးလည်း ဖြစ်သည်။

ဤနေရာတွင် အချိန်ကိုက်ဖို့ အရေးအကြီးဆုံး ဖြစ်သည်။ ပထမဦးဆုံး ချဲလင်ဂျာဆီသို့ ဦးတည်ပျံသန်းလာစဉ် သင်္ဘောမာလိန်မှူး ဦးနှောက်ခြောက်သွားစေရန်နှင့် ရဟတ်ယာဉ်ကို သင်္ဘောပေါ်သို့ ဆင်းခွင့်ပြုချင်လာအောင် မီးခိုးထုတ်ပြလိုက်ခြင်း ဖြစ်သည်။

သို့သော် နောက်ပိုင်းတွင် မီးခိုးမထွက်အောင် ပြန်ပိတ်ပစ်ရပြန်သည်။ အကယ်၍ မာလိန်မှူးက ကြောက်စိတ်ဝင်သွားပြီး သင်္ဘောပေါ်သို့ ဆင်းခွင့်မပြုဟု ဆုံးဖြတ်လိုက်မှာကိုလည်း စိုးရိမ်ရသေးသည်။ သူ့ရှေ့ရှိ ရေဒီယိုက အသံမြည်လာပြီး ကင်းနိယတ်၏ အသံကို ကြားလိုက်ရသည်။

"ဆင်းခွင့်ပြုလိုက်ပြီ"

"တို့ အခု ဆင်းလာပြီ"



ထိုအချိန်တွင် စက်လှေ ပီချားသည် ရေနံတင်သင်္ဘောကြီးနှင့် မိုင်ဆွာ အကွာတွင် ရှိသည်။ အလွန်မြင့်သော ပွဲစင်ပေါ်မှပင် လှမ်းမမြင်နိုင်တော့သည့် အကွာအဝေး ဖြစ်သည်။ ကင်းနိယတ်သည် ချဲလင်ဂျာ ရောက်ရှိသည့် နေရာကို အချိန်မှန်မှန် သတင်းပို့နေခဲ့သော်လည်း ချဲလင်ဂျာကို ရုတ်တရက် ရှာမတွေ့သဖြင့် ဝင်းတားတို့ လူစု အတော်ကလေး ဦးနှောက်ခြောက်ခဲ့ရသေးသည်။ သို့သော် နောက်ဆုံးတွင် ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့သည်။

ဝင်းတား ဘေးတွင် ထိုင်ရင်း ပင်လယ်ပြင်ကြီးကို ငေးကြည့်နေသော လီကက်တစ်ယောက် 'တို့ အခု ဆင်းလာပြီ' ဆိုသော အသံကို နားကြပ်ထဲမှ ကြားလိုက်ရသဖြင့် သူ့ဗိုက်ထဲတွင် တလိပ်လိပ် တက်လာသည်။ တစ်ခုခု ကြီးကြီးကျယ်ကျယ် လုပ်ခါနီးတိုင်း သူ့ဗိုက်ထဲက တလိပ်လိပ် တက်လာသည့် ခံစားမှုမျိုးကို အမြဲတမ်း ခံစားခဲ့ရဖူးသည်။

ဝင်းတားက ထပ်သတိပေးသည်။

"ငါ ပြောထားတာကို မမေ့ကြနဲ့နော်၊ ရဟတ်ယာဉ်ထဲက ငါ ပထမဦးဆုံး ဆင်းမယ်၊ ငါ ပွဲစင်အောက်နားက ကြွက်လှေ့ျာက်ပေါ် ရောက်တဲ့အထိ လီကက်က အပေါ်မှာပဲ စောင့်နေရမယ်၊ ဒါတောင် ကျန်တဲ့လူတွေက ရဟတ်ယာဉ်ထဲမှာ ငုံ့နေကြရဦးမယ်၊ လူ တစ်ဒါဇင်လောက် ကုန်းပတ်ပေါ် ဆင်းလာတာ တွေ့ရင် သူတို့တစ်တွေ လန့်ဖျပ်ကုန်ကြလိမ့်မယ်၊ တို့က မျက်တောင် တစ်ခတ်အတွင်းမှာ အငိုက်ဖမ်းနိုင်ဖို့ လိုတယ်"

လီကက်သည် စကော်ပီယံပစ္စတိုကို ထုတ်ယူလိုက်ပြီး သူ့လက်နှင့် ဆ,ကြည့်လိုက်သည်။

သူတို့လူစု ကိုင်ဆောင်ရမည့် လက်နက်ကို ရွေးချယ်ကြသောအခါ ချက်နိုင်ငံလုပ် ဒသမ ၃၂ စကော်ပီယံ ပစ္စတိုကို ဝင်းတားက ရွေးခဲ့ခြင်း ဖြစ်သည်။ လီကက်သာ ဆိုပါက ထိုထက် ပိုပြီး ပြောင်းဝကျယ်သော သေနတ်ကို ရွေးပေလိမ့်မည်။ ဤသေနတ်မှာ ပခုံးစလွယ်သိုင်းအိတ်ထဲသို့ ထည့်ရသည့် အမျိုးအစား (Model) တွင် ကျည်ဆန် ၁၀ တောင့် ဆံ့ပြီး စလွယ်သိုင်းအိတ်ထဲသို့ ထည့်မရသည့် အမျိုးအစားတွင် ကျည်ဆန် အတောင့် ၂၀ ဆံ့သည်။ တစ်နည်း ပြောရသော် ဤသေနတ်သည် စက်သေနတ် အငယ်စားကလေးနှင့် တူသည်။ ပြီးတော့ ဝင်းတားက သင်္ဘောပေါ်တွင် လုံးဝ အပစ်အခတ် မရှိစေရဟု အမိန့်ထုတ်ထားသည်။ ရေနံတင်သင်္ဘောပေါ်တွင် ပစ်လားခတ်လား ဖြစ်ခဲ့သော် ပြောင်းဝ ပိုကျယ်သော သေနတ် ဆိုပါက ပိုအန္တရာယ်ကြီးနိုင်သည်။

www.burmeseclassic.com



"ဆင်းပြီဟေ့.."

လှိုင်းခေါင်းဖြူကြီးများ တလိပ်လိပ် ထနေသော ပင်လယ်ပြင်ကြီးသည် သူတို့ ရှိရာဆီသို့ ဝုန်းခနဲ ခုန်တက်လာသလို မြင်လိုက်ရသည်။ ရေနံတင်သင်္ဘော က ရဟတ်ယာဉ်ဆီသို့ တစ်နာရီ ၁၄ မိုင်နှုန်းနှင့် ခုတ်မောင်းလာနေစဉ် ဝင်းတာ က ရေပြင်ဆီသို့ ရဟတ်ယာဉ်ကို နှိမ့်ဆင်းလိုက်ခြင်း ဖြစ်သည်။ လီကာက်က ဘေးသို့ စောင်းငုံ့ကြည့်လိုက်ရာ လှိုင်းထနေသော ရေပြင်က အပေါ်သို့ ခုန်တက် လာသလို မြင်လိုက်ရခြင်း ဖြစ်သည်။

လီကာက်တစ်ယောက် ကြောက်သလိုလို ဖြစ်လာသည်။ သူတို့၏ ကံ ကြမ္မာသည် ဝင်းတာ၏ ကျွမ်းကျင်မှုပေါ်၌ လုံးဝ မှုတည်နေလေပြီ။ လီကာက် သည် စကော်ပီယံ သေနတ်ကို စလွယ်သိုင်းအိတ်ထဲသို့ ပြန်ထည့်လိုက်ပြီး သူ့မျက်နှာကို သူများ မမြင်အောင် ခေါင်းစွပ်ကို လက်နှစ်ဖက်နှင့် ရှေ့သို့ဆွဲ၍ ကာထားလိုက်သည်။ သူ့နောက်တွင်လည်း ကျန်လူ ၁၃ ယောက်သည် ရဟတ် ယာဉ် ကြမ်းပြင်ပေါ်၌ ဝပ်ရင်း ထိတ်လန့်တုန်လှုပ်နေကြသည်။ သူတို့ ကြောက် လန့်နေကြောင်း သိရှိရိပ်မိသွားမည်ကို စိုးရိမ်ကြသဖြင့် တစ်ယောက် မျက်နှာကို တစ်ယောက်က လှမ်းမကြည့်ရဲကြချေ။ ထိုလူစုထဲတွင် ဆူလီဗန်ကို အပြတ်ရှင်း ပစ်လိုက်ဟု တယ်လီဖုန်းနှင့် အမိန့်ပေးခဲ့သူ အင်ဒရီဒူးပွန်၊ ပြီးတော့ လက်ဖြောင့် သေနတ်သမား အလိန်းဘာလန်ကာတ်နှင့် လူကြမ်း ၁၁ ယောက်တို့ ပါဝင်သည်။

လီကာက်သည် တဝုန်းဝုန်း မြည်နေသော သူ့ခေါင်းပေါ်မှ ပန်ကာသံနှင့် အပြင်းအထန် တုန်ခါနေသည်တို့ကို လုံးဝဂရုမစိုက်တော့ဘဲ ပြတင်းပေါက်မှန်ကို ပါးနှင့် ကပ်၍ အောက်သို့ ကြည့်လိုက်ပြန်သည်။ ဒီသောက်သင်္ဘောကြီးက ဘယ်ရောက်သွားပြန်တာတုံး။ သူတို့ ရဟတ်ယာဉ် ပင်လယ်ထဲ ရောက်လုနီးပါး ဖြစ်နေလေပြီ၊ အလွန်တော်သော ဝင်းတာတစ်ယောက် အချိန်အဆ လွဲမှားသွား လေပြီလား။ လီကာက်၏ ဝမ်းပိုက်ထဲမှ တလိပ်လိပ် ဆောင့်တက်လာပြန်သည်။ သူ့လက်ဖဝါးများကလည်း ချွေးစို့လာသည်။ ဒီသင်္ဘောက ဘယ်ရောက်နေတာ လဲ။ ချက်ချင်းလိုလို သူ့အောက်တွင် သင်္ဘောကုန်းပတ်ကို လှမ်းမြင်လိုက်ရ သည်။ နီးကပ်လွန်းလှသဖြင့် လက်နှင့် လှမ်းကိုင်ရင်တောင် ထိလိမ့်မည်ဟု ထင်ရသည်။ ရဟတ်ယာဉ် ဇတ်ခနဲ တုန်သွားသည်။ သူတို့ ကုန်းပတ်ပေါ် ဆင်းမိလေပြီ။

❑



သင်္ဘောကုန်းပတ်နှင့် ရဟတ်ယာဉ် ထိသည်နှင့် တစ်ပြိုင်နက် ဘင်းနက် က မှတ်ချက်ချသည်။

"စနစ်တကျ ဆင်းနိုင်သားပဲ"

ရဟတ်ယာဉ် မောင်းသူက စက်ကို ရပ်လိုက်သဖြင့် ရဟတ်ယာဉ် ပန်ကာသည် လည်နေရာမှ တဖြည်းဖြည်း နှေးလာပြီး ရပ်သွားသည်။ မီးသတ် ဆေးဘူးများကို ကိုင်ထားသော သင်္ဘောသား ၃ ယောက်က ရဟတ်ယာဉ်ဆီသို့ ပြေးလာကြစဉ် ရဟတ်ယာဉ်တံခါး ပွင့်လာပြီး အရပ်ရှည်ရှည် လူတစ်ယောက် အောက်သို့ ခုန်ချလိုက်သည်။ သူသည် ဒူးကို ကွေး၍ အရှိန်သတ်လိုက်ပြီးနောက် ခြေမတ်တတ်ရပ်လိုက်ပြီး ကြွက်လျှောက်အတိုင်း ပွဲစင်ဆီသို့ လျှောက်လာသည်။

ဘင်းနက်က မှတ်ချက်ချပြန်သည်။

"ဒီငနဲ့ အချိန်မဖြုန်းဘူး၊ တော်တော်လေး ထွားသားပဲ၊ အရပ်ကလည်း ၆ ပေလောက် ရှည်မှာပဲ"

ခေါင်းစွပ်ကို မချွတ်သေးသောကြောင့် ရှေ့ကာမှန်က မျက်စိကို ဖုံး သည်အထိ ကွယ်နေသည်။ သူသည် ကြွက်လျှောက်ပေါ်၌ ခပ်မြန်မြန် လျှောက် လာပြီး ပွဲစင်အောက်နားသို့ ရောက်သောအခါ အပေါ်သို့ မော့ကြည့်၍ အရို အသေ ပေးလိုက်သည်။ ထို့နောက် ပွဲစင်အောက်ဘက်သို့ ဝင်ရောက် ပျောက်ကွယ် သွားသည်။ ရဟတ်ယာဉ်ဆီတွင် ရဟတ်ယာဉ်ပေါ်မှ နောက်ထပ် နှစ်ယောက် ခုန်ဆင်းလာပြီး သင်္ဘောသား သုံးယောက်နှင့် စကားစမြည် ပြောနေသည်ကို ဘင်းနက်က လှမ်းမြင်နေရသည်။ မက်ကေးသည် ရဟတ်ယာဉ် မောင်းဝင်လာ သည့် ပွဲစင် ဝင်ပေါက်ဆီသို့ ပြန်လှည့်ကြည့်လိုက်ပြီး ရဟတ်ယာဉ်မောင်း ပေါ်လာမည့် အချိန်ကို စောင့်ဆိုင်းနေကြသည်။

ဘင်းနက်က အလန့်တကြား ပြောလိုက်၏။

"ရဟတ်ယာဉ်ပေါ်က နောက်ထပ် လူ ၅ ယောက် ဆင်းလာကြပြန်ပြီ၊ ဒီရဟတ်ယာဉ်ပေါ်မှာ လူ ဘယ်နှယောက်တောင် ပါလာလို့လဲ"

မက်ကေးသည် ပွဲစင်ရှေ့ပိုင်းဆီ ပြန်လျှောက်လာပြီး ကုန်းပတ်ပေါ် ကြည့်သည်။ သူ လှမ်းကြည့်နေစဉ် ရဟတ်ယာဉ်ပေါ်မှ နောက်ထပ် ၅ ယောက် ဆင်းလာပြန်သည်ကို မြင်ရပြန်သည်။ သို့သော် သူတို့အားလုံး ထိုနေရာမှ အခြားသို့ မသွားဘဲ သင်္ဘောသား သုံးယောက်နှင့် စကားစမြည် ပြောဆိုနေ သည်ကို မြင်နေရသည်။ မက်ကေးက ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



''ကုန်းပတ်အရာရှိကို ဝေါ်ကီတော်ကီနဲ့ အောက်ကို လွှတ်လိုက်စမ်း''

''လူကြီးမင်းများ ကိုယ့်နေရာမှာ ကိုယ် ဘယ်မှ မရွေ့ဘဲ ရပ်နေကြစမ်း၊ လှုပ်လှုပ်ရှားရှား လုပ်ရင် ခင်ဗျားတို့ မာလိန်မှူး ငယ်ငယ်ရွယ်ရွယ်နဲ့ ကျည်ဆန်မှန်ပြီး သေသွားလိမ့်မယ်''

မက်ကေးက ချာခနဲ လှည့်လိုက်သည်။ ရဟတ်ယာဉ်မောင်းသည် ရိုးရိုးဝင်ပေါက်တွင် မရှိဘဲ ပွဲ့စင်၏ ညာဘက်အစွန် အပေါက်ဝတွင် ရပ်နေသည်။ သူ့ညာဘက်လက်ထဲတွင် ပစ္စတိုတစ်လက်ကို အသင့်ကိုင်ထားပြီး ပြောင်းဝက မက်ကေး၏ ဝမ်းဗိုက်ကို ချိန်ထားသည်။ သေနတ်ပြောင်း အရှည်မှာ တစ်လက်မခွဲခန့်သာ ရှိသော်လည်း လူသတ်မည့် လက်နက် ဖြစ်ကြောင်း ယုံမှားဖွယ် မရှိချေ။

ထိုလူက သတိပေးသည်။

''ဒါ ပြန်ပေးဆွဲတာဗျ၊ ကျုပ်တို့က သေနတ်မောင်းဖြုတ်ဖို့ ဝန်လေးတာ မဟုတ်ဘူး''

မက်ကေးကလည်း ထန်သည်။

''မင်းတို့က ဘာကောင်တွေလဲ''

''မိုးလေဝအဖွဲ့၊ ခင်ဗျား ကျုပ်ကို မေးခွန်း ထပ်မထုတ်နဲ့တော့''

ထိုလူက ဘင်းနက်ကို လှမ်းပြောပြန်သည်။

''ခင်ဗျားက ကျုပ်လူတွေ မြင်နိုင်မယ့် ပွဲ့စင်ရှေ့ကို သွားပြီး လက်နှစ်ဖက်နဲ့ ပန်ကာ လည်သလို လှည့်ပြီး အချက်ပြစမ်း''

ပွဲ့ကိုင်သူ ဟားရစ်သည် မာလိန်မှူးထံက နောက်ထပ် အမိန့် တစ်စုံတစ်ရာ မရရှိသဖြင့် မောင်းလက်စ လမ်းကြောင်းအတိုင်း တည့်တည့် ဆက်မောင်းနေသည်။ ပြင်းပေါက် ဘေးနားတွင် ရပ်နေသူ ဘက်တီကော်ဒဲလ်သည် မှင်တက်မိပြီး ကြက်သေ သေသွားသည်။ မက်ကေးက ဘင်းနက်ကို ခပ်တိုးတိုး ပြောလိုက်၏။

''သူ ပြောတဲ့အတိုင်း လုပ်လိုက်''

''လုပ်လေ''

ရဟတ်ယာဉ်မောင်းက သေနတ်ပြောင်းကို အပေါ်သို့ မြှောက်ပြီး မက်ကေး၏ ရင်ဘတ်တည့်တည့်ကို အနီးကပ် ချိန်လိုက်သည်။

''မင်းက မင်းရဲ့ မာလိန်မှူး သေသွားစေချင်လို့လား''



ဘင်းနက်သည် ရှေ့သို့ တိုးသွားပြီး သူ ပြောသလို လက်နှစ်ဖက်ကို ဝှေ့ယမ်းပြလိုက်သည်။ ဤတွင် သင်္ဘောသား ၃ ယောက်နှင့်အတူ လူနှစ်ယောက်သာ ထိုနေရာတွင် ကျန်ရစ်ခဲ့ပြီး ကျန်လူစုသည် ကြွက်လျှောက်အတိုင်း ပွဲ့စင်ဆီသို့ အပြေးအလွှား လျှောက်လာကြသည်။ ဘင်းနက်က ပြေးလာသူများကို ရေကြည့်လိုက်၏။ ပြေးလာသူ ၁၂ ယောက် ရှိသည်။ သူတို့လူစု ပွဲ့စင်အောက်တွင် ပျောက်သွားကြသည်။

ရဟတ်ယာဉ်မောင်းသည် ပစ္စတိုသေနတ်ကို တည်ငြိမ်စွာ ကိုင်ရင်း ပွဲ့စင်ပေါ်ရှိ နာရီကို နှစ်ကြိမ်တိုင်တိုင် လှမ်းကြည့်သည်။ သူ့ကို ကြည့်ရသည်မှာ ဘယ်နှမိနစ် ကုန်သွားသည်ကို စောင့်ကြည့်ပြီး တွက်ချက်နေသလိုလို။ ဘင်းနက်အလွဲလျှင် ပွဲ့စင်ပေါ်တွင် ရှိသူ အားလုံး မှင်တက်မိနေကြသည်။ ဘင်းနက်ကတော့ သူ ရုတ်ရုတ်သဲသဲ လုပ်ခဲ့ရင် ကျည်ဆန်မှန်မှာက အရင်ဟု တွေးနေမိသည်။

ဤတွင် ပြေးလာသော ခြေသံများကို ကြားရပြီးနောက် ကိုရွှေရဟတ်ယာဉ်မောင်း ဝင်လာရာ အပေါက်ဆီမှ သေနတ်ကိုင် လူဆိုး နှစ်ယောက်နောက်ထပ် ရောက်လာသည်။ ထိုလူနှစ်ယောက်သည် ပွဲ့စင်၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူလိုက်ကြ၏။ ရဟတ်ယာဉ်မောင်းက လူဆိုးတစ်ယောက်ကို ပြင်သစ်ဘာသာနှင့် လှမ်းမေးလိုက်သည်။ ပြင်သစ်စကား နားလည်သော မက်ကေးက သူ ပြောတာကို သိလိုက်သည်။

''ပော့ . . လီကက်တစ်ယောက် အင်ဂျင်ခန်းဆီကို သွားပလား၊ အေး . . ကောင်းတယ်၊ ငါ ပွဲ့စင်ပေါ်က ဆင်းသွားရင် ဒီအပေါ်မှာ ရှိတဲ့လူတွေ ဒီမှာပဲ နေကြရမယ်၊ ဟောဟို အမျိုးသမီးလည်း ပါတယ်''

သူက ဘက်တီကော်ဒဲလ်ကို အင်္ဂလိပ်ဘာသာနှင့် မေးလိုက်၏။

''မင်းက ဘာပြုလို့ ဒီပေါ် ရောက်နေရတာလဲ''

''ကျွန်မက သတင်းထောက် ဘက်တီကော်ဒဲလ်ပါ၊ ကျွန်မ သတင်းယူဖို့ လိုက်လာတာလေ၊ ခုတော့ သတင်းထူးရပြီလို့ ထင်တာပဲ''

ထိုလူက ပြုံးလိုက်သည်။

''မင်း ဒီဒိမှာ နေခဲ့မိရင် အကောင်းသားလို့ နောင်တ ရလာလိမ့်မယ်၊ အဲ . . မင်း ဘယ်နေရာမှာ နေရမယ် ဆိုတာကို ငါ မဆုံးဖြတ်သေးခင် မင်း ပွဲ့စင်ပေါ်မှာပဲ နေရမယ်၊ မင်းကတော့ ငါ ကြိုမတွက်မိတဲ့ ပြဿနာတစ်ခုပဲ''

သူက မက်ကေးကို ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မာလိန်မှူးကြီး သင်္ဘောကို သူ သွားရမယ့် ပုံမှန်လမ်းကြောင်း အတိုင်း ပြန်မောင်းနိုင်းပါ"

"ပုံမှန်လမ်းကြောင်းအတိုင်း . . ဟုတ်လား"

"ဟုတ်တယ်၊ ဆန်ဖရန်စစ္စကို သွားမယ့် လမ်းကြောင်းပေါ့၊ ဒါပေမဲ့ အမိန့်ပေးတဲ့ နေရာမှာလည်း သိပ်ဂရုစိုက်နော်၊ ကျုပ်တို့ဆီမှာ ခင်ဗျားရဲ့ ပထမအရာရှိလို သင်္ဘော ဘယ်ရောက်နေတယ် ဆိုတာကို တွက်တတ်တဲ့လူတွေ ပါတယ်"

မက်ကေးက အာခံသည်။

"ပင်လယ်ပြင်မှာ ဓားပြတိုက်တဲ့ ပြစ်မှုအတွက် ပြစ်ဒဏ် ဘယ်လောက် ကြီးလေးတယ် ဆိုတာ မင်း သိတယ် မဟုတ်လား"

ရဟတ်ယာဉ်မောင်းသည် မက်ကေးနှင့် နှစ်ပေ သုံးပေခန့် ဝေးသော နေရာအထိ လျှောက်လာပြီးနောက် မက်ကေးနှင့် မျက်နှာချင်းဆိုင် ရပ်လိုက် သည်။ သူက ခေါင်းစွပ်ကို ချွတ်လိုက်ပြီး ၅ ပေ ၈ လက်မ မြင့်သော မက်ကေး ကို ငုံ့ကြည့်လိုက်သည်။

"ကျုပ်နာမည်က ဝင်းတားတဲ့၊ ကျုပ် ခင်ဗျားကို အမိန့်တစ်ခု ထုတ်ပါ့ လို့ ပြောထားတယ်၊ နေပါဦး ခင်ဗျားက ခင်ဗျား သင်္ဘောသားတွေရဲ့ အသက်ကို မနှမြောဘူးလား"

သူ့အသံက ခပ်တိုးတိုးနှင့် ကြောက်စရာကောင်းလှသည်။ မက်ကေး တစ်ယောက် တုန်လှုပ်သွားသည်။ မက်ကေးက ပြောလိုက်၏။

"မစ္စတာဘင်းနက် သင်္ဘောကို ပထမလမ်းကြောင်းအတိုင်း ဆန်ဖရန် စစ္စကိုကို ဦးတည်ပြီး မောင်းနိုင်း၊ သင်္ဘောအရှိန်ကိုလည်း ရေမိုင် ၁၇ မိုင်အထိ ပြန်မြှင့်နိုင်း"

ဘင်းနက်က ပွဲကိုင်သူ ဟားရစ်အား ထပ်ဆင့် ညွှန်ကြားလိုက်သည်။ ထိုအချိန်တွင် တယ်လီဖုန်းက မြည်လာ၏။

ဝင်းတားက မက်ကေးကို ပြောလိုက်သည်။

"ဒါ အင်ဂျင်နီယာချုပ် ဘရက်ဒီဆီက ဖြစ်ရမယ်၊ ခုအချိန်လောက် ဆိုရင် အင်ဂျက်စက်ခန်းထဲမှာ လက်နက်ကိုင် လူ ၄ ယောက် ရှိနေရမယ်၊ ဒီတော့ အဲဒီလူတွေ နိုင်းတဲ့အတိုင်း လုပ်ပေးလိုက်လို့ ဘရက်ဒီကို သတိပေး ထားပါ၊ ပြီးတော့ ခရီး သွားလာရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ခင်ဗျားကပဲ



ဆက်ညွှန်ကြားနေမှာလို့ ပြော၊ အင်ဂျင်နီယာချုပ်တွေဟာ ခေါင်းမာတတ်တယ် လို့ နာမည်ကြီးကြတယ် မဟုတ်လား"

မက်ကေးက တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး အရှိန်မြှင့်ရန် သူကိုယ်တိုင် ညွှန်ကြားချက် ပေးသည်။ ပြီးမှ-

"အခု ဒီသင်္ဘောပေါ် ရောက်လာတဲ့ လူတွေဟာ ကြောက်စရာကောင်း တဲ့ လက်နက်ကိုင် ပုဂ္ဂိုလ်တွေ၊ ဒီတော့ သင်္ဘောသားတွေကို အန္တရာယ်ဖြစ်စေ မယ့် ကိစ္စဆိုရင် ဘာမှ မလုပ်မိပါစေနဲ့" ဟု ထပ်ဖြည့်စွက်လိုက်၏။

ဝင်းတားက မှတ်ချက်ချသည်။

"သိပ်ကောင်းတယ်"

ဝင်းတားက ဘက်တီကော်ဒဲလ်ကို လှည့်ကြည့်ပြန်သည်။

"မစ္စစ်ကော်ဒဲလ်၊ ကျုပ် ထပ်ပြောဦးမယ်၊ မင်း ကျုပ်ဆီက အမိန့် ရောဲ ဒီပွဲစင်ပေါ်က လုံးဝမခွာပါနဲ့၊ မင်း ပြဿနာကို ကျုပ် တော်တော်လေး ဖြေရှင်းရလိမ့် . ."

မက်ကေးက မြန်းခနဲ ဖြတ်ပြောလိုက်၏။ သူ့အသံက အက်ကွဲနေသည်။

"ဒီအမျိုးသမီးက ဘာမှမဆိုင်တဲ့ ခရီးသည်၊ ပြီးတော့ အမေရိကန် နိုင်ငံသားတစ်ယောက်လည်း ဖြစ်နေတယ်၊ ဒီတော့ ကျုပ် ခင်ဗျားကို အကြံ ပေးချင်တာက . ."

"ခင်ဗျား အကြံဉာဏ်ကို ကျုပ် လိုချင်တဲ့အခါကျရင် မေးမယ်၊ ပြီးတော့ ကျုပ် ပြောမယ့်စကားကို ဆုံးအောင် ဆက်နားထောင်မယ် ဆိုရင် ကျုပ်ကိုယ်တိုင်ကလည်း ဒီကလေးမရဲ့ လုံခြုံရေးအတွက် စိတ်ပူနေတယ်လို့ ဆက်ပြောတော့မလို့"

ဝင်းတားက သူ အင်္ဂလိပ်လို ပြောနေသည်ကို နားမလည်သော ပြင်သစ်လူဆိုးများအား လှည့်ကြည့်ရင်း ထပ်ပြောပြန်သည်။

"ဒီလူတွေဟာ အမျိုးသမီးတွေအတွက် စိတ်မချရဆုံး လူတွေပဲ၊ ဒီတော့ ခင်ဗျား ဘာမှ မိုက်ရူးရဲမလုပ်ပါနဲ့၊ ပြီးတော့ ဒီအမျိုးသမီးကို ဒီခရီးစဉ် ပြီးမချင်း သူ့အခန်းထဲမှာ ပိတ်လှောင်ထားရမလား ဘာလား ဆိုတာကို နောက်မှ ဆုံးဖြတ်မယ်"

ဝင်းတားသည် ပြောပြောဆိုဆိုနှင့် ချာခနဲ လှည့်ထွက်သွားသည်။ မက်ကေးက ပထမအရာရှိကို စူးစူးစိုက်စိုက်ကြည့်ရင်း-

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီဝင်းတား ဆိုတဲ့လူကို လုံးဝနားမလည်နိုင်အောင် ဖြစ်နေပြီ ပြီးတော့ 'မိုးလေဝသအဖွဲ့' ဆိုတာကကော ဘာလဲကွ"

"အမေရိကန်နိုင်ငံက သိပ်ကို ရှိုင်းစိုင်းကြမ်းကြုတ်တဲ့ မြေအောက် အကြမ်းဖက် အုပ်စုတစ်စုလေ၊ လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်လောက်က အမေရိကန် ဘဏ်တော်တော်များများကို ဗုံးခွဲပြီး ဖျက်ဆီးခဲ့ကြတယ်၊ ကျွန်တော်က သူတို့ အားလုံး သေကုန်ကြပြီလို့ ထင်နေတာ"

မက်ကေးက ခပ်တိုးတိုး ပြောလိုက်သည်။

"တစ်ယောက်ယောက်က အသက်ပြန်သွင်းပေးလိုက်လို့ နေမှာပေါ့ ကွာ၊ မင်း လေသံကိုလည်း ခပ်တိုးတိုး ပြောစမ်းပါ၊ ငါတော့ ဟောဒီ အကောင် နှစ်ကောင် အင်္ဂလိပ်စကား နားမလည်ဘူး ဆိုတာ သိပ်မယုံဘူး၊ အေး... နားမလည်နိုင်တာ တစ်ခုကတော့ မင်းက မိုးလေဝသအဖွဲ့ဟာ အမေရိကန်တွေလို့ ပြောတယ်၊ ဒါပေမဲ့ ဝင်းတားဆီမှာ ပြင်သစ်ကောင်တွေချည်း ဘာဖြစ်လို့ ပါ လာရသလဲ"

"ကျွန်တော်လည်း အဲဒီလို စဉ်းစားမိပါတယ်"

မက်ကေးသည် ပွဲဂင်၏ ညာဘက်တိုင်၌ ခြေနှစ်ချောင်းကို လိမ်ပြီး ကျောမှီ၍ ရပ်နေသော အသားညိုညိုနှင့် ကိုလူဆိုးကို လှမ်းကြည့်လိုက်၏။ ထိုလူဆိုးသည် ပစ္စတိုပြောင်းကို ဘယ်ဘက် လက်ဖျံပေါ်တွင် တင်ပြီး ဘင်းနက် ကို ချိန်ထားသည်။ သို့သော် သူ့မျက်လုံးက ဘက်တီကော်ဒဲလ်၏ တစ်ကိုယ်လုံး ကို သိမ်းကျုံး၍ မခိုးမခန့် ကြည့်နေသည်။ မက်ကေးက ခပ်တိုးတိုး ပြောပြန် သည်။

"ဟေ့... ဘင်းနက်၊ ငါ ဦးနှောက်ခြောက်တာ တစ်ခု ရှိသေးတယ် ဝင်းတားက ပြောတော့ ဒီသင်္ဘောကို ပြန်ပေးဆွဲတာတဲ့၊ ဒါပေမဲ့ သူက အရင် လမ်းကြောင်းအတိုင်း ဆန်ဖရန်စစ္စကိုကိုပဲ ဆက်မောင်းခိုင်းနေတယ်၊ အဲဒါက ဘာသဘောလဲ"

ဘင်းနက်ကလည်း ခပ်တိုးတိုး ပြန်ဖြေသည်။

"ဒီသင်္ဘောပေါ်မှာ မဟုတ်တာ တစ်ခုခု ဖြစ်နေပြီ ဆိုတာကို ကုန်းပေါ် က လူတွေ သိပ်မကြာခင် သိကြတော့မှာပါ၊ ဒီငတိတွေ သင်္ဘောပေါ် မရောက် ခင် ကမ်းခြေစောင့်တပ်က ရဟတ်ယာဉ်တစ်စင်းကို ဒီသင်္ဘောပေါ်က လက်ပြ လိုက်တယ်လို့ ကင်းနိယတ်က သတင်းပို့လိုက်ဖြစ်သေးတယ် မဟုတ်လား တကယ်လို့ ဝင်းတားက ကမ်းခြေစောင့်တပ်က ရဟတ်ယာဉ်ကိုပါ ပြန်ပေးဆွဲ



လာတယ်ဆိုရင် ကမ်းခြေစောင့်တပ်က ဘယ်လိုက်ရှာရမယ် ဆိုတာကို အခု လောက်ဆို သိရောပေါ့"

"ဒီတော့ သိပ်မကြာခင် မိုးကုပ်စက်ဝိုင်းဆီက အမေရိကန်တိုက် သင်္ဘောကြီးတစ်စင်း ပေါ်လာမှာကို စောင့်မျှော်ကြရတော့မှာပဲ၊ အဲဒီအတိုင်း သာ မှန်ရင် တို့က ကင်းနိယတ်ကိုတောင် ကျေးဇူးတင်ကြရလိမ့်မယ်"

❑

ချဲလင်ဂျာပေါ်သို့ ရောက်ရှိကြပြီး ၁၅ မိနစ်အတွင်း တစ်နည်း ပြောရသော် ပွဲစင်ပေါ်မှ ဆင်းသွားသည်နှင့် တစ်ပြိုင်နက် ဝင်းတားက ကြိုတင် စီစဉ်ထားသော ကွယ်ရေးလုပ်ငန်းများကို အဆောတလျင် ဆောင်ရွက်သည်။ သူက သူ သင်္ဘောပေါ် လျှောက်စစ်သည့်နောက်သို့ လိုက်ခဲ့ရန် ဘင်းနက်ကို စင်ပေါ်က ခေါ်ချလိုက်သည်။ သူ ပထမဦးဆုံး သွားသည့် နေရာမှာ မီးဖိုခန်းဘေးတွင် ရှိသည့် ဆေးခန်းပင် ဖြစ်သည်။ သူက မူးယစ်ဆေးဝါးများ၊ အဆိပ်များ၊ အိပ်ဆေးများ ထည့်ထားသည့် အဆိပ်ကြောင်အိမ်ကို သော့ခတ်လိုက်ပြီးနောက် သော့ကို သူ့အိတ်ထဲ ထည့်လိုက်သည်။ သူက ဘင်းနက်ကို ပြောပြသည်။

"တော်တော်ကြာ ထမင်းချက်က တို့ စားမယ့် ထမင်းတွေ ဟင်းတွေ ထဲကို မဟုတ်တာတွေ လျှောက်ထည့်လိုက်ရင် မခက်ပေဘူးလား"

ထို့နောက် ဝင်းတားက ဘင်းနက်ထံတွင် ရှိနေသော သင်္ဘောပေါ်ရှိ အခန်းမှန်သမျှကို ဖွင့်နိုင်သည့် 'သော့ဝိဇ္ဇာ' ကို ထုတ်ပေးရန် တောင်းဆိုသည်။ ဘင်းနက်က အခန်းစောင့် လူဆိုးတစ်ယောက်နှင့် သူ့အခန်းသို့ ပြန်၍ ထိုသော့ ကို ယူပေးလိုက်ရသည်။ ဝင်းတားက သော့ဝိဇ္ဇာကို သူ့အိတ်ထဲ ထည့်လိုက်ပြီး နောက် အသက်ကယ် လှေများ ထားသည့် နေရာသို့ ဘင်းနက်ကို ခေါ်၍ အစောင့်တစ်ယောက်နှင့်အတူ သွားပြန်သည်။ ထိုအစောင့်သည် အသက်ကယ် လှေများပေါ် တက်သွားပြီး အသက်ကယ်လှေထဲရှိ လက်နှင့် လှည့်၍ အသုံးပြု နိုင်သော ရေဒီယို အသံလွှင့်စက်များကို ရေထဲသို့ ပစ်ချသည်။ ထိုလုပ်ငန်း ပြီးသည်အထိ ဝင်းတားက စောင့်နေသည်။

ဘင်းနက်က ကန့်ကွက်သည်။

"မြတ်စွာဘုရား... တကယ်လို့ ဒီသင်္ဘောကြီး တစ်ခုခု ဖြစ်သွားရင် ဘယ့်နှယ် လုပ်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတားက ပြန်သတိပေးလိုက်သည်။

"အဲဒီ တစ်ခုခုဆိုတာ အခု ဖြစ်နေပြီပဲ၊ ပြီးတော့ ဖြတ်ထိုးဥတ်ရှိ သင်္ဘောသားတွေက ကယ်တော်မူကြပါလို့ နိုးအသံလွှင့်နိုင်မယ့် အသံလွှင့်စက် တွေ ဒီသင်္ဘောပေါ်မှာ မရှိစေချင်ဘူး။ ကဲ... သင်္ဘောကြီးကို ဆိပ်ကမ်းမှာ ကပ်တဲ့အခါ ခင်ဗျားတို့ သုံးတဲ့ ဝေါ်ကီတော်ကီ ကိရိယာတွေ အားလုံး ကျုပ် လိုချင်တယ်"

ဝင်းတားသည် မာလိန်မှူး နေ့ခင်းဘက်တွင် အသုံးပြုသော ရုံးခန်း သင်္ဘောပေါ်၌ တာဝန်မကျသူ သင်္ဘောသားများအား ထည့်လှောင်ထား အချုပ်ခန်းအဖြစ် အသုံးချသည်။ ထိုသို့ ပိတ်လှောင်ထားခြင်းဖြင့် တာဝန်ကျ သင်္ဘောသားများကို စောင့်ကြပ်ရန် အစောင့်အကြပ် အနည်းအကျဉ်းသာ ချထားဖို့ လိုသည်။ လွန်ခဲ့သော ၂ လက အာမက်ရီးယဒ်နှင့် ဝင်းတား တွေ့ဆုံစဉ်က ဝင်းတား ကြိုတွေးခဲ့သည့်အတိုင်း ပြန်ပေးဆွဲရန် အကောင်းဆုံး သင်္ဘောမှာ ရေနံတင်သင်္ဘောပင် ဖြစ်ကြောင်း။ ရေနံတင်သင်္ဘောပေါ်၌ စီးနင်း လိုက်ပါသူ ခရီးသည် မပါသည့်အပြင် သင်္ဘောသားကလည်း ပေါင်း ၂ ယောက်သာ ပါသည်။ တစ်ဖန် နေ့ကြတိုင်ကြပြန်တော့လည်း တစ်နေရာတည်း တွင် တစ်ရုတစ်ဝေးတည်း။ ဤကိစ္စကို ပုံစင်ပေါ်သို့ ပြန်ရောက်နေသူ ဘင်းနက် က တဖြည်းဖြည်းနှင့် သဘောပေါက်လာသည်။ ဝင်းတားက သင်္ဘောပေါ်တွင် ပါလာသမျှ ဝေါ်ကီတော်ကီများကို သူ့ နေမည့် ဗဟိုဌာနချုပ်အဖြစ် သတ်မှတ် လိုက်သော အိပ်ခန်းထဲသို့ သွင်းပြီး သော့ခတ်နေစဉ် ဘင်းနက်က မှတ်ချက်ချ လိုက်သည်။

"ဩ... ခင်ဗျားက ဒီကိစ္စကို အစောကြီးကတည်းက ကြိုစီစဉ်နေခဲ့ တာကိုး"

ဝင်းတားက ပြန်ဖြေသည်။

"ကျုပ်က ဒီကိစ္စတစ်ခုလုံးကို ၃ ရက်အတွင်း အပြတ် စဉ်းစားခဲ့တာ ဗျ၊ အခုဆိုရင် ကျုပ်တို့ လုပ်ပုံကိုင်ပုံ တော်တော်လေး ပီရိတယ်လို့ ခင်ဗျား ဝန်ခံရလိမ့်မယ်၊ အခု ခင်ဗျားတို့က ကျုပ်တို့ကို အဆိပ်မခတ်နိုင်ဘူး၊ ဒီသင်္ဘော ပေါ်မှာ ရှိတဲ့ အခန်းတွေကိုလည်း နိုးမဖွင့်နိုင်တော့ဘူး၊ ပြီးတော့ အပြင်လောက နဲ့လည်း ဆက်သွယ်လို့ မရတော့ဘူး၊ ကဲ... ကျုပ် မေ့နေတာ ဘာများ ကျန်သေးသလဲ"



ဘင်းနက်ကလည်း မခိုးမခန့် ပြန်ဖြေသည်။

"ကျုပ် စဉ်းစားလို့ရရင်လည်း ခင်ဗျားကိုတော့ ဘယ်ပြောပါ့မလဲဗျာ"

❑

ဆူလီဗန်သည် ဟာပါ ရေနံတင်သင်္ဘောကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ ဟာပါနှင့် တယ်လီဖုန်း အဆက်အသွယ် ရရှိသည်နှင့် တစ်ပြိုင်နက်–

"ကျွန်တော် အခု ဆီတဲလ်က ပြောနေတာ၊ အင်ကားရေ့ချ်မှာ ဒီတုန်းက ခင်ဗျားနဲ့ ဆက်သွယ်ဖို့ ကြိုးစားခဲ့..."

"ဗိုဗီယန်က ငါ့ကို ပြောပြီးပါပြီ၊ မင်း မက်ကေးနဲ့ စကားပြောပြီး လား"

"ဟင့်အင်း... သင်္ဘောက စောပြီး ထွက်သွားတာကိုး"

ဟာပါက စိတ်တိုသော လေသံနှင့် ဖြတ်ပြောသည်။

"ငါ သိပါတယ်ကွ၊ ရေနံတင်သင်္ဘောဆိပ်မှာ မီးလောင်လို့ မက်ကေး က ရေနံလှောင်ကန် နှစ်ကန်ကိုတောင် မဖြည့်တော့ဘဲ ဆိပ်ကမ်းက ခပ်စောစော ထွက်သွားတယ်၊ ခဏနေဦး... ဟာ မင်းက ဖယောင်းတိုင်ကို ခလုတ်သွားတိုက် တာကိုးကွ၊ အေးကွာ... မင်း ကြားရင် ယုံမှာတောင် မဟုတ်ဘူး၊ ငါက ရေနံလုပ်ငန်းကို လုပ်နေတယ်၊ ဒါပေမဲ့ ငါ့အိမ်မှာ မီးခွက်ထဲ ထည့်ဖို့ ရေနံဆီ မရှိဘူး၊ လျှပ်စစ်မီးကလည်း ပြတ်နေတယ်ကွ၊ ကဲ... နေပါဦး ချဲလင်ဂျာကိစ္စ က ဘယ်လိုလဲ"

ဟာပါတစ်ယောက် စိတ်တိုနေပုံရသည်။ ထိုအချိန်တွင် ဆီတဲလ်၌ ညနေ ၃ နာရီခွဲ ဖြစ်သော်လည်း ဟာပါ နေသော လန်ဒန်တွင် ည ၁၀ နာရီခွဲ ဖြစ်နေလေပြီ။

"အေးဗျာ... ဒီလူတွေ ချဲလင်ဂျာကို အနှောင့်အယှက်ပေးလိမ့်မယ် လို့ ကျွန်တော် ထင်ခဲ့တယ်၊ ဒါကြောင့်ပဲ လူတစ်ယောက်ကို ဟမ်းဘတ်က လန်ဒန်၊ အဲဒီက အင်ကားရေ့ချ်၊ အဲဒီကမှ ဆီတဲလ်အထိ နောက်ယောင်ခံ လိုက်ခဲ့တယ်၊ အခု ဒီရောက်တော့ သူ့ကို မျက်ခြည်ပြတ်သွားတယ်၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ သင်္ကာမကင်း ဖြစ်စရာ ကိစ္စတစ်ခု နှစ်ခုနဲ့ ထင်တွေ့ရပြန် တယ်၊ ဒါပေမဲ့ နောက်ဆုံးကျတော့ အဲဒါတွေကလည်း ဘာမှ မဟုတ်ပြန်ဘူး၊

www.burmeseclassic.com



ဥပမာ– ဟိုကြေးနန်းစက်ရိုက်သမား ဆွမ်းကိစ္စ၊ ဒါပေမဲ့ နောက်ဆုံးကျတော့ သူက သူ့မိန်းမကို သူနဲ့အတူ ချဲလင်ဂျာပေါ် ခေါ်သွားတာမျိုး''

ဟာပါက စိတ်တိုသော လေသံနှင့် ဖြတ်ပြောသည်။

''ဘာ. . သူ့မိန်းမကို သူနဲ့အတူတူ ခေါ်သွားတယ်. . ဟုတ်လား မက်ကေးတော့ ကြူဟ်ပဲ၊ သူ့သင်္ဘောပေါ်မှာ သတင်းစာဆရာ အမျိုးသမီး တစ်ယောက် ပါသွားရုံနဲ့တင် အတော်လေး လွန်လှပြီ''

ဆူလီဗန်ကလည်း ပြန်မေးသည်။

''ခင်ဗျား. . ဘာတွေ လျှောက်ပြောနေတာလဲ၊ အခု လိုက်သွားတယ် ဆိုတဲ့ အမျိုးသမီးက ဘယ်သူလဲဗျ''

''ဘက်တီကော်ဒဲလ်လို့ ခေါ်တဲ့ အမေရိကန် သတင်းစာဆရာမ တစ်ယောက်လေ''

''ဒါဖြင့်ရင် ဆွမ်းရဲ့ ဇနီး ဒီသင်္ဘောပေါ် ပါမသွားဘူးလို့ ဆိုလိုတာ လား၊ ဒါဆိုရင် ခင်ဗျား မှားနေပြီ ထင်တယ်''

''ဘယ်ကလာ မှားရမှာလဲ၊ မင်းက ဆွမ်း ပါသွားတယ် ထင်ပေမဲ့ သူ ကိုယ်တိုင်တောင် သင်္ဘောပေါ်မှာ ပါမသွားဘူး။ သူ နေမကောင်းလို့ ကျန်ခဲ့တယ်''

ဆူလီဗန်က ခပ်ဖြည်းဖြည်း ပြန်မေးသည်။

''အိမ်မှာ ဖျားနေတယ်လို့ ဆိုလိုတာလား''

''တခြား ဘယ်နေရာမှာ ဖြစ်နိုင်လို့လဲကွ''

''အဲဒါကို ကျွန်တော် စဉ်းစားနေတာပေါ့၊ ကျွန်တော်ကိုယ်တိုင် သူတို့ အိမ်ကို ရောက်ခဲ့တယ်၊ အိမ်မှာ လင်မယား နှစ်ယောက်စလုံး မရှိကြဘူး။ ကြာသပတေးနေ့ ညနေ ၃ နာရီ ၁၅ မိနစ်က နှစ်ယောက်စလုံး သင်္ဘောဆီကို ထွက်သွားကြတယ်တဲ့''

''သူတို့ ထွက်သွားတာကို မင်းကိုယ်တိုင် မြင်လိုက်ရလို့လား''

ဆူလီဗန်က စဉ်းစဉ်းစားစား ဖြေသည်။

''ဟင့်အင်း. . ကျွန်တော် မမြင်လိုက်ဘူး။ အခုမှ ပြန်စဉ်းစားကြည့် တော့ သူတို့ ထွက်သွားတာကို ဘယ်သူမှ မမြင်လိုက်ကြဘူး။ ဒါပေမဲ့ သူတို့ မရှိတာကလည်း သေချာတယ်''

''ဟော့လူ. . ဆူလီဗန်၊ အဲဒီသင်္ဘောပေါ်မှာ ကင်းနိုယတ် ဆိုတဲ့ ကြေးနန်းစက်ရိုက်သမားတစ်ယောက် သူ့အစား ပါသွားတယ်။ ဒီတော့ ဆွမ်း ဟာ အိမ်မှာပဲ ရှိရမယ်၊ မရှိရင် ဆေးရုံမှာ ရှိရမယ်''



ဟာပါတစ်ယောက် လုံးဝစိတ်မရှည်တော့သည်မှာ သေချာသည်။

''ဘယ်အချိန်တုန်းက ဘာတွေ ဘယ်လို ဖြစ်ကုန်ကြတာလဲဗျာ၊ ပြီးတော့ အလပ်စကာလို နေရာမျိုးမှာ မက်ကေးက ကင်းနိုယတ်ဆိုတဲ့ ဝေါ်ကို ဘယ်လိုလုပ်ပြီး လွယ်လွယ်ကူကူ ရှာတွေ့သွားရတာလဲ''

''ဆွမ်းက သူ့ကို သိလို့ ထောက်ခံလိုက်တယ်တဲ့၊ သူကလည်း ဟိုကို အဆင်သင့် ရောက်နေတယ်လေ၊ အလုပ်လက်မဲ့ ဖြစ်နေသလားမှ မသိတာ၊ မင်းက အချိန်နာရီနဲ့တကွ သိချင်တယ် ဆိုရင်တော့ မက်ကေး ရိုက်လိုက်တဲ့ သံကြိုးကို ဖတ်ပြမယ် ' ၁၅၁၈ နာရီ၊ ကြေးနန်းစက်ရိုက်သမား ဆွမ်း နေမကောင်း။ ဂျော့ကင်းနိုယတ်ကို လူစားလိုက်ဖို့ ထောက်ခံသည်။ ဒီတစ်ခေါက် ကင်းနိုယတ် ကျူပ်တို့နှင့် လိုက်လာမည်၊ မက်ကေး' ကဲ သူ့ကြေးနန်းက ရှင်းသားပဲ''

''ဟင့်အင်း. . လုံးဝမရှင်းဘူး၊ အဲဒီညနေ ၃ နာရီ ၁၅ မိနစ်မှာ ဇွေစ်ဆွမ်းက အိမ်နီးနားချင်းတစ်ယောက်ကို သူ့ခင်ပွန်းနဲ့အတူ သင်္ဘောစီး ခရီးထွက်ဖို့ လိုက်သွားမယ်ဆိုပြီး အိမ်က ဖုန်းဆက်တယ်၊ ခုနက ကြေးနန်းအရ ပြောရရင် ၃ နာရီ ၁၈ မိနစ်ကျတော့ ဆွမ်း နေမကောင်းဖြစ်ပြီး သူ့အတွက် အစားထည့်လိုက်မယ့်လူကို ရှာတွေ့သွားတယ်၊ ၃ မိနစ် အတောအတွင်း အဲဒါတွေ အကုန်ဖြစ်သွားတယ် ဒီလိုလား''

''အေး. . ဆန်းတာတော့ အမှန်ပဲ''

ဟာပါကိုယ်တိုင် ဝန်ခံရတော့သည်။

''ဆန်းတာထက် ပိုတာပေါ့၊ ကြောက်စရာကောင်းတာဗျ၊ ဒီတစ်ခေါက် ခရီးထွက်သွားတဲ့ ချဲလင်ဂျာနဲ့ ပတ်သက်လို့ ဘာများ ထူးထူးထွေထွေ ဖြစ်သေး သလဲ''

''ကင်းနိုယတ်ဆီက ရတဲ့ သတင်းတွေ၊ ပြီးတော့ အက်ဖ်ရိမ်ဆီက ရတဲ့ သတင်းတွေကတော့ ဘာမှ မထူးခြားပါလား''

''အဲဒီ အက်ဖ်ရိမ် ဆိုတဲ့ ဝေါ်က ဘယ်သူလဲဗျ''

''မင်း ခရီးထွက်နေတုန်း ငါ ဒီကိစ္စ ထပ်စီစဉ်လိုက်တာကို မင်း မသိသေးဘူး၊ အက်ဖ်ရိမ် ဆိုတာက အင်ဂျင်စက်ခန်းထဲမှာ နောက်ထပ် အပ်နိုင်းထားတဲ့ အလိုအလျောက် အသံလွှင့်စက်ကွ၊ သဘောပြောရရင် အင်ဂျင်စက်ရဲ့ အခြေအနေကို သူက တသီးတခြား ထပ်စစ်ဆေးပေးတဲ့ ဖော်ဦးနှောက်လို့ ဆိုပါစို့ကွာ၊ အေး. . သူ့ကို ဒီသင်္ဘောနဲ့ကို လုံးဝမဆိုင်ဘူး။

www.burmeseclassic.com



သူက (ဒတ်ချ်နိုင်ငံရဲ့ မြို့တော်) ဟိတ်ခ်မှာ ရှိတဲ့ အဖွဲ့ဝင်ရိပ်သာဆီကို သီးခြား အသံလွှင့်လှိုင်းနဲ့ အသံလွှင့်ပြီး သတင်းပို့တယ်၊ ကွန်ပျူတာက အဲဒီသတင်း ပို့ချက်တွေကို ပြန်အဓိပ္ပာယ်ဖော်ပြီး ငါ့ဆီကို တီလက်စ်နဲ့ ထပ်ပို့တယ်၊ ဒီကိစ္စ တစ်ခါ အစီရင်ခံရင် ကြားမှာ နာရီဝက်ပဲ ကြာတယ်၊ ရေဒီယိုနဲ့ အသံလွှင့်တာ ကိုတော့ စက္ကန့်ပိုင်းအတွင်း ဖမ်းမိတယ်၊ ဒါပေမဲ့ သတင်းပို့ချက်ကို ပြန်အဓိပ္ပာယ် ဖော်ရတာ၊ ငါ့ဆီ ရောက်အောင် ပို့ရတာ အဲဒါတွေက ကြာတာကွ''

''အဲဒီ အက်ဖ်ရိမ် ရဲ့ အစီရင်ခံစာအရ အခြေအနေက ဘယ်လိုလဲ''

''ခါတိုင်းလိုပဲ၊ မထူးဘူး။ ချဲလင်ဂျာဟာ တစ်နာရီ ၁၇ မိုင်နှုန်း ခုတ်မောင်းနေတယ်၊ ဒီသင်္ဘောဟာ ဆန်ဖရန်စစ္စကိုနားမှာ ရှိတဲ့ အိုလီယန် ရေနံသင်္ဘောဆိပ်ကို မှန်းထားတဲ့အချိန်မှာ ရောက်သွားလိမ့်မယ်''

''ဒါဖြင့် ကင်းနီယတ်ရဲ့ အစီရင်ခံစာကကောဗျာ..''

''အေး.. သူကလည်း ခါတိုင်းလိုပဲ၊ ထုံးစံအတိုင်း မှန်မှန်သတင်းပို့ နေတယ်၊ တစ်ခု စိတ်ဝင်စားဖို့ ကောင်းတာကတော့ အစီရင်ခံစာနှစ်ခု ထူ မတူကို တိုက်ဆိုင်ကြည့်ရတဲ့ အလုပ်ပဲ''

''ဒါ ဟာပါ၏ နောက်ဆုံးပေါ် ကစားစရာတစ်ခုပေပဲ၊ သူ မကြာခင် ငြီးငွေ့သွားလိမ့်မယ်''

ဟု ဆူလီဗန်က တွေးလိုက်၏။

''ကျွန်တော် ခင်ဗျားကို မကြာမကြာ သတင်းပို့နေမှာပါ၊ ကျွန်တော် ဆန်ဖရန်စစ္စကိုကို သွားတော့မလို့၊ အဲဒီကမှ ပြန်ဆက်ချင် ဆက်မယ်''

''ဆန်ဖရန်စစ္စကိုကို ဘာကိစ္စ သွားမှာလဲ၊ ငါကတော့ မင်းကို ဒီကို ပြန်လာတော့မယ်လို့ ထင်နေတာ''

''ဆန်ဖရန်စစ္စကိုက ချဲလင်ဂျာ ရောက်လာမယ့် နေရာ မဟုတ်လား။ သူ ရောက်လာတဲ့အခါကျတော့ ကျွန်တော် အဲဒီက စောင့်ကြိုနေချင်သေးတယ်''

ဆူလီဗန်သည် အင်ကားရှေ့ရဲချုပ်မှ မူလီဂန်ထံ တယ်လီဖုန်းဆက် ပြန်သည်။ သူက ဆွမ်း ဖနီးမောင်နှံသည် သင်္ဘောပေါ်၌ ပါမသွားကြောင်း။ ထို့ကြောင့် ဆွမ်း နေအိမ်သို့ ရဲကားတစ်စီး လွှတ်ပြီး အိမ်နီးနားချင်း ဖြစ်သူ မစွစ်သွမ်မဆင်ကို မေးမြန်းကြည့်သင့်ကြောင်း ပြောပြလိုက်သည်။

ဤတွင် မူလီဂန်က သူ့မူအတိုင်း အားရပါးရ ပြန်ပြောသည်။

''ဒါထက်မက ပိုလုပ်ဖို့ စိတ်ကူးထားတယ်၊ တို့က ဆွမ်း ဖနီးမောင်နှံ ရဲ့ ဓာတ်ပုံကို ပြည်နယ်တစ်ခုလုံး အနှံ့အပြား ဖြန့်ချိလိုက်မယ်၊ ပြီးတော့



...ဘားတွေနဲ့ အဲဒီနေရာတစ်ပိုက်ကို ပိုက်စိပ်တိုက်ပြီး စစ်ဆေးခိုင်းမယ်၊ စဉ်းစား ...ဘာ တစ်ခုကတော့ ဆွမ်းကိုယ်တိုင် အစီအစဉ် ကြိုလုပ်ပြီး ကိုယ်ယောင် ...ဖျောက်သွားတာလည်း ဖြစ်နိုင်တယ်''

''ဘာဖြစ်လို့လဲ''

''သူ့မှာ ခွင့်ရက်လက်ကျန် မရှိတော့လို့၊ သူ့မိန်းမကိုလည်း အနားယူ ...ပန်းဖြေစခန်းကို လိုက်ပို့ချင်တော့ သူငယ်ချင်းတစ်ယောက်ကို အစားဝင် ...ပါလို့ ပြော၊ ပြီးတော့ မက်ကေးကို သူ နေမကောင်းဘူးလို့ တယ်လီဖုန်း ...ဆက်၊ ပြီးမှ အနားယူ အပန်းဖြေစခန်း တစ်ခုခုကို သွား။ ကဲ.. ငါ ပြောတာ ...ဘယ့်နှယ်နေသလဲ၊ ဖြစ်နိုင်မယ် မဟုတ်လား''

''ဘယ်ကလား..''

''အေး.. ဟုတ်တယ်၊ ဖြစ်ကို မဖြစ်နိုင်ဘူး။ တို့ နေရာအနှံ့အပြား ...ိုက်ရှာကြည့်မယ်ကွာ''

ဆူလီဗန်က တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် ဆန်ဖရန်စစ္စကိုသို့ ...သွားမည့် လေယာဉ်မှူ မည်သည့်အချိန်တွင် ရှိသည်ကို တယ်လီဖုန်းဆက်၍ ...မေးမြန်းသည်။

ထိုအချိန်က သူ ကမ္ဘာတစ်ခြမ်းကို ဖြတ်သန်း၍ မူလီဂန်ထံ တယ်လီဖုန်း ဆက်လိုက်သော ကိစ္စသည် ရက်အနည်းငယ်အတွင်း အကြီးအကျယ် ဒုက္ခ ...ပေးလိမ့်မည် ဆိုသည့် ကိစ္စကို ဆူလီဗန်တစ်ယောက် ကြိုတင်သိမြင်နိုင်စွမ်း ...မရှိခဲ့ပါချေ။

❑

ဝင်းတားသည် သင်္ဘောကြီးတစ်စင်းလုံးကို သူ ကြိုတွက်ထားသည့် အတိုင်း မလှုပ်နိုင်မယှက်နိုင်အောင် ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ထားနိုင်လေပြီ။ ...ဘတ်တီကော်ဒဲလ် တစ်ချိန်လုံးလိုလို ရှိနေမည် ဖြစ်သော ပွဲစင်ပေါ်တွင် ...သတ်နက်ကိုင် အစောင့်နှစ်ဦးကို အမြဲတမ်း တာဝန်ချထားသည်။ အင်ဂျင်စက် ...ရုံထဲတွင် လက်နက်ကိုင် ၃ ယောက် တာဝန်ချထား၍ စောင့်ကြည့်နေစေ ...သည်။ တာဝန်ချိန် မရောက်သေးသည့် သင်္ဘောသားများအား ချုပ်နှောင်ထား ...သည့် မာလိန်မှူး၏ နေ့ဘက် ရုံးခန်းတံခါးရှေ့၌ ဆဌမမြောက် အစောင့် ...တစ်ယောက်ကို တာဝန်ချထားသည်။ သတ္တမမြောက် လူသိုက်မှု စာသွဲထိုး

www.burmeseclassic.com



ရစ်ဂလီ၊ ထမင်းချက် ဘိတ် တို့ ရှိနေရာ မီးဖိုခန်းတွင် စောင့်ကြပ်နေသည်။ ပြီးတော့ ဆက်သွယ်ရေးခန်းရှေ့တွင် လက်နက်ကိုင် လူဆိုးတစ်ယောက် ရှိနေသေးသည်။ ဤနည်းဖြင့် ဝင်းတားနှင့် လီကက် အပါအဝင် လူဆိုး ၇ ယောက်သည် အရန်အင်အားအဖြစ် ရှိနေကြပြီး နားနားနေနေ နေနိုင်ကြမည့်အပြင် တာဝန်ကျနေသူများ နေရာတွင် အလှည့်ကျ အစားဝင်ပေးနိုင်ကြဦးမည် ဖြစ်သည်။

ပွဲစင်ပေါ်တွင် ဘင်းနက်က မက်ကေးကို ခပ်တိုးတိုး ပြောလိုက်သည်။

"ဒီသတင်း ပြောရမှာ စိတ်တောင် မကောင်းဘူး ဆရာ၊ ဒီ ဝင်းတားဆိုတဲ့ ငတိဟာ အကွက်ချပြီး စီစဉ်တဲ့ နေရာမှာတော့ တကယ့်ကို စေ့စပ်သေချာတဲ့လူပဲ၊ ပြီးတော့လည်း ဆရာ့ကို ပြောပြစရာ တခြား သတင်းဆိုးတွေ ရှိသေးတယ်"

မက်ကေးက ညည်းညည်းညူညူ ပြောလိုက်သည်။

"ကဲ… ဆိုစမ်းပါဦး"

"ကင်းနိုယတ်တစ်ယောက် ဆက်သွယ်ရေးစခန်းထဲကို ဝင်သွားတယ်လို့ လန်ဘား မီလာက ကျွန်တော့်ကို ပြောတယ်"

"ဒါကတော့ ကင်းနိုယတ်ဟာ ဆက်သွယ်ရေးခန်းထဲမှာပဲ ရှိနေရမှာ မဟုတ်လားကွ"

"ဒါပေမဲ့ အစောင့်လူဆိုးက အပြင်ဘက်မှာ ရှိနေပြီး ကင်းနိုယတ်တစ်ယောက်တည်းကို အခန်းထဲ ဝင်ခွင့်ပေးပါ့မလား"

"မင်း ပြောတာ သေချာရဲ့လား"

"မီလာကတော့ သေသေချာချာကြီးကို ပြောသွားတာပဲ၊ ဒါဆိုရင် ဘယ်လိုသဘောလဲ ဆိုတာ ဆရာလည်း သိတယ် မဟုတ်လား၊ ကင်းနိုယတ်ဟာ သူတို့နဲ့ တွဲလုပ်နေသူ မဟုတ်ရင် ဒီဆက်သွယ်ရေးခန်းထဲကို သူ့တစ်ယောက်တည်း ဝင်ခွင့်ပြုမှာ မဟုတ်ဘူး"

မက်ကေးက လေးလေးပင်ပင် သက်ပြင်းချလိုက်သည်။

"ဒါဖြင့်ရင် ဒီလူဟာ နည်းနည်းတော့ ထူးဆန်းတယ်လို့ မင်း ပြောခဲ့တာ မှန်နေပြီပေါ့"

"ဒီလိုပဲ ဖြစ်ရမယ်၊ ဒီသင်္ဘောပေါ်ကို လူဆိုးတွေ ရောက်လာကတည်းက ကျွန်တော် ဒီကိစ္စကို စဉ်းစားမိဖို့ ကောင်းတာ၊ ကင်းနိုယတ်ကသာ သူတို့



ဆီကို အချိန်မှန်မှန် သတင်းပို့မနေခဲ့ရင် ပစိဖိတ်သမုဒ္ဒရာကြီးထဲမှာ ကျွန်တော်တို့ကို ဘယ်လိုလုပ်ပြီး ရှာတွေ့နိုင်မှာတဲ့လဲ၊ ဟိုတစ်နေ့ညတုန်းက ဒီငတိ ကြေးနန်းရိုက်နေတယ်လို့ ဘက်တီကော်ဒဲလ် ပြောတာလည်း မှန်တာပဲ"

မက်ကေးက အစောင့်နှစ်ယောက်အနက် တစ်ယောက်ကို လှမ်းကြည့်ရင်း ပြန်ပြောလိုက်သည်။

"နောက်ဆုံးကျတော့ ဝင်းတားက သူ့ကို သူ့အခန်းထဲ ပြန်ခွင့်ပြုလိုက်ရှာသားပဲ၊ ငါကတော့ ဟောဟိုခွေးသူခိုးက ဘက်တီကို ကြည့်နေတဲ့ ပုံစံကို လုံးဝ ကြည့်မရဘူး။ တို့ ဒီသင်္ဘောခရီးစဉ်မှာတော့ အနိဋ္ဌာရုံသတင်းတွေကိုချည်း အထပ်ထပ် ကြားရလိမ့်မယ် ထင်တယ်"

"ကျွန်တော့်မှာ တခြား သတင်းဆိုးတွေ ပြောစရာ ရှိသေးတယ်"

"အေးပါ… ငါကလည်း မင်းဆီမှာ ပြောစရာရှိမယ်လို့ ထင်ထားတာပဲ"

"ကင်းနိုယတ်က ဒီပြန်ပေးအုပ်စုနဲ့ လက်တွဲနေပြီဆိုတော့ ကမ်းခြေစောင့်တပ်ရဲ့ ရဟတ်ယာဉ်ကို လက်ခံလိုက်တယ် ဆိုတဲ့ သတင်းကို ဒီငတိ ပို့မှာ မဟုတ်ဘူး။ ဒီတော့ အမေရိကန် တိုက်ရေယာဉ် စစ်သင်္ဘောကြီးတစ်စင်း နီးကပ်စက်ဝိုင်းဆီက ပေါ်လာဖို့ အရေးကို မျှော်လင့်မနေနဲ့တော့"

"အဲဒါကို ငါ ခုနကတည်းက တွေးလိုက်မိပြီးပါပြီ"

မက်ကေးက နာနာကြည်းကြည်း ပြောလိုက်သည်။ ထို့နောက် သူ့စကားကို လေသံကလေးနှင့် ဆက်ပြောပြန်၏။

"ဝင်းတားက အစစအရာရာ ကြိုတွေးထားတတ်တဲ့ လူပဲ၊ ဒါပေမဲ့ ဘယ်သူမှ ပြီးပြည့်စုံအောင် မတော်နိုင်ကြဘူး မဟုတ်လား။ အေး… သူကြိုမတွက်မိတဲ့ အချက်ကတော့ တို့သင်္ဘောသား စာရင်းမှာ မပါတဲ့ 'အက်ဖ်ရိုမ်' ဆိုတဲ့ သင်္ဘောသားကိစ္စပဲ၊ မစ္စတာဘင်းနက်ရေ၊ ပြန်တွေးကြည့်ရင်တော့ တကယ့်ကို ရယ်စရာကြီးပဲ၊ စက်ခန်းထဲမှာ ဟာပါ ထည့်ပေးလိုက်တဲ့ ကစားစရာ စက်အရုပ်ကလေးကိုပဲ တို့က အားကိုးအားထား ပြုကြရတော့မယ် ထင်တယ်၊ ခုအချိန်အထိတော့ ဒီသင်္ဘောပေါ်မှာ လွတ်လွတ်လပ်လပ် နေနိုင်တဲ့ သင်္ဘောသားဆိုလို့ သူတစ်ယောက်ပဲ ရှိတော့တယ်"

❑

www.burmeseclassic.com

www.burmeseclassic.com



## အက်ဖ်ရိမ်

အက်ဖ်ရိမ်သည် အင်ဂျက်စက်ခန်းတွင်းရှိ အခြား စက်ကိရိယာများနှင့် လုံးဝမသက်ဆိုင်ချေ။ အက်ဖ်ရိမ်၏ စက်ဦးနှောက်က ဓာလိုအလျောက် အသံလွှင့်၍ မိုင်ပေါင်းများစွာ ဝေးကွာသော ဟိတ်ခ်မြို့ရှိ ကွန်ပျူတာစက်ကြီးထံ သီးခြား အစီရင်ခံမည် ဖြစ်သည်။

အက်ဖ်ရိမ် အစီရင်ခံနိုင်သည့် ကိစ္စရပ်တွေကလည်း အများကြီးပင် တည်း။ လောင်စာဆီ သုံးစွဲမှုအခြေအနေ၊ ဘွိုင်လာအိုးအတွင်းရှိ ဖိနှိပ်အားများ။ ဘွိုင်လာအိုးများ၏ အပူရှိန်များ။ မည်သည့်ဘွိုင်လာကို သုံးစွဲသည်။ မည်သည့် ဘွိုင်လာကို သုံးစွဲခြင်း မရှိသေး ဆိုသည့် ကိစ္စများသာမက အင်ဂျင်စက်၏ အမြန်နှုန်းနှင့် သင်္ဘော၏ အမြန်နှုန်းတို့ကိုပါ အစီရင်ခံမည် ဖြစ်သည်။ အင်ဂျင်စက် ကောင်းမွန်နေသည့်အခါ စက်အမြန်နှုန်းနှင့် သင်္ဘော အမြန်နှုန်းမှာ အတူတူပင် ဖြစ်သော်လည်း စက်ချွတ်ယွင်း ဖောက်ပြန်နေသည့် အခါမျိုးတွင် တူညီနိုင်စွမ်း ရှိမည် မဟုတ်။ တစ်ဖန် ရေနံတင်သင်္ဘောကိုယ်ထည်၏ ယိမ်းထိုးမှု တစ်ဘက်သို့ ဒီဂရီ မည်မျှ စောင်းသည် ဆိုသည့် ကိစ္စရပ်များကိုလည်း အစီရင်ခံသည်။ ဆိုလိုရင်းမှာ အက်ဖ်ရိမ်သည် ရာသီဥတု (ဆိုးရွားသည်၊ ကောင်းမွန်သည် ဆိုသည့်) အခြေအနေကိုပါ သွယ်ဝိုက်သောနည်းနှင့် အစီရင်ခံနေခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။

ပြီးတော့ အက်ဖ်ရိမ်၏ စရိတ်စက,ကလည်း ကြီးမားလှသည်။ အက်ဖ်ရိမ်ကို တပ်ဆင်ခြင်းကြောင့် အမြတ်အစွန်း ပိုထွက် မထွက် ဆိုသည့် ကိစ္စကို ယခုအချိန်အထိ မဆုံးဖြတ်နိုင်သေးချေ။

သို့သော် အက်ဖ်ရိမ်အကြောင်း မသိရှာသော ကင်းနိုယတ်က သတင်းမှန်များကို ပို့နေသည်။ တစ်နည်း ပြောရသော် အက်ဖ်ရိမ်ကို အကူအညီပေးနေသည်။ သို့သော် တစ်ယောက်ယောက်က ကင်းနိုယတ်အား မမှန်သော ရာသီဥတုသတင်းကို ပို့ရမည်ဟု အမိန့်ပေးလာခဲ့သော် အင်ဂျင်စက်ခန်းထဲ၌ရှိသော အက်ဖ်ရိမ်ကသာ သတင်းမှန်ကို ပို့နိုင်မည် ဖြစ်ပြီး 'စက်စုံထောက်'ဘဝသို့ အလိုအလျောက် ရောက်ရှိသွားပေလိမ့်မည်။

□



ဘက်တီကော်ဒဲလ်၏ အဝတ်သေတ္တာအောက်ဘက်တွင် အဝတ်အစားများနှင့် ဖုံးဖိထားသော သေနတ်တစ်လက် ပါလာသည်။ ထိုသေနတ်မှာ ပြောင်းဝ အကျယ် ဒသမ ၂၂ ရှိသော 'အမ်း၊မလိုက်' သေနတ် ဖြစ်သည်။ ထိုသေနတ် အပြင် ကျည်ဆန်ထည့်သည့် မဂ္ဂဇင်းကျည်ကပ် ၃ ခု၊ အပိုကျည်ဆန် ၅၀ ပါသော စက္ကူဘူးလေးတစ်လုံးတို့ ပါရှိနေသေးသည်။ သို့သော် ယခု ကြည့်လျှင် ပြောင်းရှည်(ရိုင်ဖယ်) ပွိုင့်တူးတူးသေနတ်ဟု ထင်ကြမည် မဟုတ်။ တစ်စစီ ဖြုတ်ထားသော အပိုင်းအစအားလုံးကို လိပ်ခွံရောင်ရှိသော သေနတ်ဒင်ထဲတွင် ထည့်ဝှက်ထားနိုင်သောကြောင့် ဖြစ်သည်။ ပြီးတော့ ရေကန်ထဲသို့ ပစ်ချသည့် တိုင်အောင် ရေပေါ်တွင် ပေါ်နေမည်သာ။

သူ့အခန်းထဲတွင် တစ်ယောက်တည်း ရှိနေသော ဘက်တီကော်ဒဲလ်သည် အဆိုပါ ထုပ်ပိုးထားသည့် သေနတ်ထုပ်ကို ကောက်ကိုင်ပြီး လက်ထဲတွင် ဆ,ကြည့်လိုက်သည်။ ဒီလို ကိုင်ကြည့်လိုက်ရသောကြောင့် ကြောက်စိတ်ပြေသွားသလိုလို ခံစားလိုက်ရသည်။ ထို့နောက် အထုပ်ကို နေရာတကျ ပြန်ထားလိုက်ပြီး တစ်ချက် ထပ်ကြည့်၍ သေတ္တာကို ပြန်ပိတ်လိုက်သည်။

ဘက်တီသည် ကလေးဘဝအရွယ်က စ၍ ကိုယ်ပိုင်သေနတ် ရှိခဲ့သူ ဖြစ်သည်။ သူ့ဖခင်က သူ့ကို သေနတ်ပစ်နည်း သင်ပေးရင်း ပြောခဲ့ဖူးသည်။

"တို့ နေရတဲ့ လောကကြီးမှာ အကြမ်းဖက်မှုတွေ သိပ်များတယ် သမီး၊ တို့ ဆန်ဒီဂိုမှာ နေတုန်းက မင်းအမေ သူခိုးလက်ချက်နဲ့ အသက်ဆုံးရှုံးခဲ့ရတာကို ပြန်စဉ်းစားကြည့်စမ်း။ တကယ်တော့ အဲဒီသူခိုး ရသွားတာက မဖြစ်စလောက် ၂၅ ဒေါ်လာတည်းရယ်"

ဘက်တီသည် ၈ နှစ်သမီးအရွယ်က စ၍ ဖခင်၏ အုပ်ထိန်းမှုအောက်တွင် ကြီးပြင်းလာခဲ့ရသည်။ အသက်ရလာသည်နှင့်အမျှ သေနတ်ပစ် ပိုဖြောင့်လာသည်။ သို့သော် အမဲပစ်မထွက်၊ ပြိုင်ပွဲမဝင်ဘဲ နေခဲ့သည်။ ယခု အသက် ၂၇ နှစ်အရွယ်သို့ ရောက်လာသည်အထိ သူ သွားလေရာရာတွင် သေနတ်ကို အမြဲတစေ ယူသွားလေ့ရှိသည်။

ဘက်တီက စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီး အခန်း အလယ်ခေါင်တွင် မတ်တတ်ရပ်ရင်း ဆေးလိပ်သောက်နေသည်။ ရေနံတင်သင်္ဘောကြီးသည် အိပ့်အိပ့်၊ လှုပ်တုတ်လှုပ်တုတ်နှင့် ဆန်ဖရန်စစ္စကိုသို့ ရောက်ရန် ၃၆ နာရီသာ လိုတော့သည်။ ဘက်တီက သူ့ဆီတွင် ပါလာသော ကျည်ကပ် ၃ ခု၊ ကျည်ဆန်

www.burmeseclassic.com

www.burmeseclassic.com



အပို ၅၀ တို့သည် သင်္ဘောပေါ်တွင် ပါလာသော လူဆိုးအားလုံးကို ပစ်သတ်ရန် လုံလောက်သည်ဟု တွေးလိုက်မိသည်။ သို့သော် တစ်ခု ခက်သည်က ဘက်တီကော်ဒဲလ်သည် ယနေ့အထိ (လူကို မဆိုထားဘိ) ငှက်လေးတစ်ကောင်ကိုပင် မပစ်ဖူးသေးချေ။ ဘက်တီသည် အသက်ရှိသည့် သတ္တဝါကို မပစ်ရက်ပါ။ တံခါးဖွင့်သံ ကြားသောကြောင့် ဘက်တီက ချာခနဲ လှည့်ကြည့်လိုက်သည်။ တံခါးဝတွင် ရောက်နေသူကတော့ လီကက်ပင်တည်း။

❑

လီကက်သည် တံခါးဝတွင် ဗိုင်အရက် အပြည့် ပါသော အရက်တစ်ပုလင်းကို ကိုင်ပြီး ရပ်နေသည်။ သူ့နောက်တွင်ကား စပ်ဖြီဖြီ ပြောင်ချော်ချော် မျက်နှာထားနှင့် အစောင့်လူဆိုးတစ်ယောက် ရပ်နေ၏။ လီကက်က တံခါးကို ပြန်ပိတ်လိုက်ပြီး တံခါးရွက်ပေါ်တွင် ကျောမှီ၍ ရပ်နေသည်။

ဘက်တီကော်ဒဲလ်သည် အခန်း အလယ်ခေါင်တွင် ရပ်မြဲ ရပ်နေရင်း လီကက်ကို ခပ်မာမာ ပြန်ကြည့်နေသည်။ သူ့လည်ပင်းထဲက ဆို့တို့တို့ နင်တင်တင် ဖြစ်လာသလိုလို ခံစားလိုက်ရ၏။ ဘက်တီတစ်ယောက် ကြောက်နေလေပြီ။ ပြီးတော့ တစ်ချိန်တည်းမှာပင် သူ့ကိုယ်သူ ဒေါသဖြစ်မိပြန်သည်။ ဒေါသဖြစ်မိသည့် ကိစ္စကတော့ နှလုံးသွေး အခုန်မြန်လာပြီး ဒူးခွေချင်သလိုလို ဖြစ်လာသောကြောင့်ပင်တည်း။

လီကက်က ခပ်ကြမ်းကြမ်း ပြောချလိုက်သည်။

''မကြောက်ပါနဲ့လေ၊ ဒီသင်္ဘောပေါ်မှာ အမျိုးသမီးတစ်ယောက် ပါလာလိမ့်မယ်လို့ လုံးဝ မထင်မိခဲ့ဘူး။ ဒါပေမဲ့ ဒီသင်္ဘောပေါ်မှာ ကြာကြာနေရမှာ မဟုတ်တော့ ရသမျှ အချိန်လေးကို အကောင်းဆုံး ဖြစ်အောင် မင်း အသုံးချသင့်တယ်၊ အကောင်းဆုံး ဖြစ်သင့်တာပေါ့''

လီကက်က ဘက်တီကို စူးစူးစိုက်စိုက် ကြည့်နေသည်။

''ကျွန်မ စကားပြောချင်စိတ် မရှိဘူး၊ ရှင် ဒီအခန်းထဲက ကျေးဇူးပြုပြီး ပြန်ထွက်ပေးပါ''

သူ့လေသံက တည်တည်ငြိမ်ငြိမ် ရှိနေသေးသဖြင့် တော်ပေသေးသည်။ ဘက်တီက သူ့ကိုယ်သူ ပြန်သတိပေးလိုက်သည်။ ဒီကိစ္စကို ချက်ချင်း ဖြေရှင်းရ



ဖြစ်လိမ့်မည်။ လီကက်သည် အရက်ပုလင်းကို တံခါးနားရှိ စားပွဲပေါ်တွင် တင်လိုက်ပြီး ဘက်တီ့ဆီ လျှောက်လာသည်။ သူ့နှုတ်ခမ်းမွေးနှင့် အပေါ်နှုတ်ခမ်းအကြားတွင် ချွေးစို့နေသည်ကိုပင် မြင်နေရသည်။ သူက ရှေ့တိုးလာရင်း–

"ကျုပ်နာမည်က လီကက်၊ အိမ်ထောင်မရှိသေးတဲ့ လူပျို၊ ကျုပ် အမျိုးသမီးတွေ အများကြီးကို သိခဲ့ဖူးတယ်၊ အင်မတန် ချော အင်မတန်လှတဲ့ အမျိုးသမီးတွေနဲ့ . . ''

သူ့ချဉ်းကပ်ပုံ ချဉ်းကပ်နည်းက အလွန်ရယ်စရာ ကောင်းလှသဖြင့် ဘက်တီက သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း ဟားတိုက်ပြီး ရယ်ပစ်လိုက်ချင်သည်။ ဟုတ်မှာပေါ့လေ၊ သင်္ဘောဆိပ်က ပြည့်တန်ဆာတွေပဲ ဖြစ်မှာပေါ့။ သူ့အဆင့်အတန်းနဲ့ အတွေ့အကြုံက ဒါလောက်ပဲ ဖြစ်မှာပါ။ အခု ဘက်တီကိုတော့ သူ ဘယ်က စပြောသင့်မှန်း သိပုံမပေါ်။ ဘက်တီသည် လီကက်၏ အာခံတွင်းနံ့ကိုပင် တစ်ချက် ရှူလိုက်မိသည်။ မြတ်စွာဘုရား . . ဒီလူ ရေရေလည်လည် မူးနေတာကိုး။

လီကက်သည် ကော့ညက်(ဘရမ်ဒီ)ကို ပုလင်းတစ်ဝက်နီးပါး သောက်သည့်တိုင်အောင် မူးသူ မဟုတ်။ သူက ကော့ညက် အများကြီး သောက်ထားပြီးကိုက် ၁၀၀ အကွာအဝေးတွင် ရှိသော လှုပ်ရှားပစ်မှတ်ကိုပင် မှန်အောင်ပစ်နိုင်သူ ဖြစ်သည်။ ဘက်တီက အမှတ်တမဲ့ ဘေးသို့ လှည့်ရှောင်လိုက်၏။ ဇာပွဲထိုးကို ခေါ်သည့် လူခေါ် ခေါင်းလောင်းခုကလေးကို လီကက် မမြင်အောင် ဆော့ဖာနှင့် ကွယ်ထားသည်။

''ကျွန်မက ရေချိုးမလားလို့ စဉ်းစားနေတာ၊ ရှင် အခု ကျွန်မအခန်းထဲက ပြန်ထွက်ပေးပါလားရှင်''

လီကက်က အိပ်ခန်းနှင့် ဆက်နေသော ရေချိုးခန်းတံခါးကို လှမ်းကြည့်ရင်း–

"ချိုးပါဗျာ . . ချိုးပါ၊ ရေချိုးပြီးတော့ တို့နှစ်ယောက် အတူတူ အရက်သောက်ကြတာပေါ့''

"ရှင် ဒီအခန်းထဲက ချက်ချင်း ပြန်ထွက်ပါ လီကက်၊ ရှင် မထွက်ရင် အပြင်က အစောင့်ကို ခေါ်ပြီး ဝင်းတားကို ခေါ်ခိုင်းလိုက်မယ်''

"အစောင့်ကလည်း ငါ့လို ပြင်သစ်လူမျိုးပဲ၊ ဒီငတိက ငါ ပြောတာကိုပဲ နားခံမှာ''

www.burmeseclassic.com

www.burmeseclassic.com



ဘက်တီကော်ဖဲလ်သည် သူ့အတွက် သေရေးရှင်ရေးကိစ္စ ဖြစ်နေသဖြင့် လီကာက် ပြောလိုက်သော စကား၏ အနက်အဓိပ္ပာယ်ကို ရေရေရာရာ နားမလည်လိုက်မိချေ။ ဘက်တီက လက်နှစ်ဖက်ကို နောက်ပစ်ပြီး ရင်ကို ကော့၊ ခေါင်းကို မော့၍ ပုရိသအများစုက ကြိုက်ကြမည့် ကိုယ်နေဟန်ထားကို လုပ်ပြလိုက်သည်။ လီကာက်သည် သူ့နှုတ်ခမ်းကို လက်ညှိုးနှင့် ပွတ်လိုက်၏။ သူ့မျက်လုံးကလည်း တပြောင်ပြောင် တလက်လက် ဖြစ်လာသည်။ ဒါမျိုးကျတော့ ဒီတိရစ္ဆာန်က ကြိုက်တတ်သားပဲဟု ဘက်တီက တွေးလိုက်၏။ ထိုကဲ့သို့ လီကာက်တစ်ယောက် အာရုံပြောင်းသွားစဉ် ဘက်တီ လက်ညှိုးက နံရံပေါ်ရှိ လူခေါ် ခေါင်းလောင်းဆီသို့ တရွေ့ရွေ့ တိုးကပ်သွားသည်။

"ဝင်းတားကတော့ ရှင့်ကို သတ်မှာပဲလို့ ကျွန်မ ထင်တယ်"

"မင်း ဝင်းတားအကြောင်း နောက်တစ်ခါ ထပ်ပြောရင် မင်းကို ငါ လက်သီးနဲ့ ထိုးမိလိမ့်မယ်"

လီကာက်တစ်ယောက် အကြီးအကျယ် ဒေါပွသွားကြောင်း ရိပ်မိလိုက်သော ဘက်တီသည် ဆောက်တည်ရာမရ ဖြစ်သွားသည်။ ဘက်တီသည် လီကာက်ထံမှ နောက်သို့ တစ်လှမ်း ဆုတ်လိုက်ပြီး လူခေါ် ခေါင်းလောင်းကို ခပ်နာနာ ဖိလိုက်၏။ လီကာက်က ရိုင်းရိုင်းစိုင်းစိုင်း ပြောပြန်သည်။

"မင်း ရေချိုးမယ်ဆိုရင် သွားချိုးလေ၊ ရေချိုးပြီးရင် ဒုက္ခခံပြီး အဝတ်အစားတွေ ဘာတွေ ပြန်ဝတ်မနေနဲ့တော့"

ဘက်တီတစ်ယောက် ရေချိုးခန်းဆီသို့ မသွားနိုင်အောင် လီကာက်က အတင်းတိုးကပ်ပြီး ရပ်နေသည်။ ထိုအခိုက်မှာပင် အခန်းတံခါး ဝုန်းခနဲ ပွင့်သွားပြီး စားပွဲထိုး ရစ်ဂလီ အထဲသို့ ဝင်လာသည်။ ရစ်ဂလီ့ လက်ထဲတွင် လင်ဗန်းတစ်ခု ပါလာပြီး ထိုလင်ဗန်းပေါ်တွင် ကော်ဖီတစ်အိုး၊ နို့ကရားနှင့် လက်ဖက်ရည်ပန်းကန် တစ်စုံ ပါလာသည်။ သူသည် မျက်မှောင်ကုတ်ရင်း တန့်ခနဲ ဖြစ်သွားသည်။ လီကာက်က သူ့ကို ပခုံးပေါ်မှ ကျော်၍ သမင်လည်ပြန် ကြည့်လိုက်သော်လည်း ရိုးရိုးသားသားပင် ရှိနေကြသည်ဟု ထင်ဟန်နှင့် ကရားမှ ရေလွှတ်သလို တတွတ်တွတ် ပြောလေတော့သည်။

"မစ္စကော်ဖဲလ်... ဒါ လတ်လတ်ဆတ်ဆတ် ကြိတ်လာတဲ့ ကော်ဖီ၊ ခင်ဗျားတို့ အမေရိကန်တွေ ကြိုက်တတ်တဲ့ ပုံစံအတိုင်း ခပ်ကျကျလေး နှပ်လာတယ်"



သူက ပစ္စည်းပစ္စယများကို စားပွဲပေါ်တွင် ချရင်း ဆက်ပြောပြန်သည်။

"အခုလို ပူနေတုန်း သောက်လိုက်တာ ပိုကောင်းတယ် ခင်ဗျာ။ စိတ်ရှုပ်နေတဲ့ အချိန်မှာဆိုရင် ပြန်ပြီး လန်းလန်းဆန်းဆန်း ဖြစ်လာလိမ့်မယ်"

သူက လီကာက်ကို တစ်ချက် လှမ်းကြည့်သည်။ ပြီးမှ–

"မစ္စကော်ဖဲလ်ရေ့... ခင်ဗျားဆီကို မကြာခင် ဧည့်သည်တစ်ယောက် ထပ်ရောက်လာစရာ ရှိတယ်၊ မစ္စတာဝင်းတားပေါ့၊ သူ ခုနက မီးဖိုထဲ ဝင်လာပြီး ခင်ဗျား ဘယ်လိုနေရထိုင်ရတယ် ဆိုတာကို သွားကြည့်ဦးမယ်လို့ ပြောသွားတာပဲ"

လီကာက်သည် ချာခနဲ လှည့်ပြီး အခန်းထဲက ပြန်ထွက်သွားသောကြောင့် ရစ်ဂလီက သူ့စကားကို ခဏရပ်လိုက်၏။ ပြီးမှ ရစ်ဂလီက လက်ညှိုးနှင့် လက်ခလယ်ကို ဗီပုံသဏ္ဌာန် ထောင်၍ တံခါး ရှိရာသို့ လက်ညှိုးထိုးပြရင်း–

"တောင်းပန်ပါတယ် မစ္စကော်ဖဲလ်၊ တစ်ခါ တစ်ခါကျတော့လည်း ကျုပ်က စိတ်ရောကိုယ်ပါ စကားတွေ ပြောမိဆိုမိ..."

ဘက်တီက ကော်ဖီကရားကို ကောက်ကိုင်ရင်း ခပ်တိုးတိုး ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ရစ်ဂလီ၊ ရှင် အချိန်မီ ရောက်လာလို့ တော်ပါသေးရဲ့"

❑

ထိုအဖြစ်အပျက် ဖြစ်ပွားပြီး ၅ မိနစ်အတွင်း ဝင်းတားတစ်ယောက် သိသွားသည်။ ဖြစ်ပုံမှာ ရစ်ဂလီကို အစောင့်တစ်ယောက်က မီးဖိုချောင်ဆီ ပြန်လိုက်ပို့ရင်း လမ်းတွင် ဝင်းတားနှင့် ဆုံမိသဖြင့် ရစ်ဂလီက ဘက်တီ တစ်ယောက် မုဒိမ်းကျင့်ခံရတော့မည့်ဆဲဆဲ ဖြစ်သွားကြောင်း ချက်ချင်း ပြောပြလိုက်၍သာ ဖြစ်သည်။ ဝင်းတား၏ ဆောင်ရွက်မှုကလည်း အလွန်မြန်သည်။ သူက လီကာက်ကို သူ့အခန်းသို့ လာရန် ခေါ်ခိုင်းလိုက်၏။

"ဒီအမေရိကန်မလေးကို သွားမနှောင့်ယှက်ပါနဲ့လို့ မင်းကို ငါ ပြောထားတယ် မဟုတ်လား"

"ခင်ဗျား တစ်ယောက်တည်း မောင်ပိုင်စီးချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတားသည် ခြေလှမ်းကျဲကြီး သုံးလှမ်းဖြင့် လီကာက် ရှိရာသို့ လျှောက်လာသည်။ လီကာက်သည် ဝင်းတား၏ မျက်နှာထားကို သတိထားလိုက်မိသောကြောင့် ပခုံး စလွယ်သိုင်းအိတ်ထဲမှ ပစ္စတိုဆီသို့ လက်လှမ်းလိုက်၏။ ဝင်းတားက လီကာက်၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်ပြီး ထုံကြောကို နှိပ်လိုက်သည်။ ပစ္စတိုဒင်ကို ဆုပ်ကိုင်မိပြီး ဖြစ်သော်လည်း လီကာက်သည် သေနတ်ကို ဆွဲမထုတ်နိုင်တော့ချေ။ သူ့လက်တစ်ချောင်းလုံး အကြောသေသလို ဖြစ်သွားသည်။ ပျော့ခွေနေသော သူ့လက်ချောင်းများသည် ပစ္စတိုဒင်ကို လွှတ်လိုက်ရလေ၏။ ဤတွင် ဝင်းတားက သူ့လက်ကောက်ဝတ်ကို ဆုပ်ကိုင်ရင်း ကျန်လက်တစ်ဖက်က လီကာက်၏ ပခုံးကို ကိုင်၍ သူ့တစ်ကိုယ်လုံး လည်ထွက်သွားအောင် ခပ်ကြမ်းကြမ်း တွန်းပစ်လိုက်ပြီး လက်ကို လိမ်ချိုးလိုက်သည်။ ထိုအချိန်တွင် လီကာက်သည် ဝင်းတားကို ကျောပေးလျက်သား အနေအထားတွင် ရှိနေပြီး ရှေ့သို့ ကုန်းကုန်းကွကွကြီး ဖြစ်နေသည်။ လက်ကို ကျောဘက်တွင် နောက်ပြန်လိမ် အချိုးခံထားရသောကြောင့် သူ့ပခုံးက နာလှသည်။ သို့သော် လက်ကျိုးသွားမည်ကို စိုးရိမ်သောကြောင့် သူ့ခမျာ မလှုပ်ရဲရှာ။

လီကာက်က–

"ကျုပ် လက်ကျိုးသွားလိမ့်မယ်"

"ငါက မင်းဖက်ကို ချိုးမလို့"

ဝင်းတားက လီကာက်ကို ရှေ့ဘက်သို့ တဖြည်းဖြည်း တွန်းပို့လိုက်သည်။ အိပ်စင်အစွန်း ရှိရာသို့ ရောက်သောအခါ ဝင်းတားက သူ့လက်ကို အနည်းငယ် လျှော့ချပေးလိုက်၏။ ဤတွင် လီကာက်တစ်ယောက် ခေါင်းပြန်ထောင်လာနိုင်သည်။ သို့သော် များများ ခေါင်းထောင်ခွင့် မပေးပါ။ လီကာက်၏ လည်ပင်းသည် အိပ်စင်ထောင့်စွန်းပေါ် ရောက်သွားသည့်အခါ ကျန်လက်တစ်ဖက်နှင့် လီကာက်၏ ခေါင်းကို အပေါ်က ဖိထားသည်။ မာကျောသော အိပ်စင်ထောင့်စွန်းက လီကာက်၏ စလုပ်နှင့် လာထိနေလေပြီ။

"ဟေ့... လီကာက်၊ ငါ အခု မင်းခေါင်းကို ဇတ်ခနဲ ဖိချလိုက်ရင် မင်း ဇက်ကျိုးပြီသာ မှတ်ပေတော့"

ဝင်းတား အသံက အေးဆေးတည်ငြိမ်လှသည်။

"မြတ်စွာဘုရားသခင်... ကယ်တော်မူပါ ဝင်းတားရယ်... သနားသဖြင့် ပြန်လွှတ်..."

လီကာက်တစ်ယောက် ကြောက်ချေးပါနေလေပြီ။



"အေး... ဒီခရီးစဉ်အတွင်းမှာ အဲဒီမိန်းကလေးနားကို မင်း နောက်တစ်ကြိမ် ထပ်သွားရင် မင်းကို ငါ သတ်မယ်၊ ကြားလား"

ဝင်းတား၏ လေသံမှာ လက်ဖက်ရည်ကြမ်းဝိုင်းတွင် စကားပြောနေသလို တည်ငြိမ်လှသည်။ ဝင်းတားက လီကာက်၏ ဆံပင်ကို စုစည်းဆုပ်ကိုင်လိုက်ပြီးနောက် လီကာက်ကို အိပ်စင်ထက်မှ ပြန်ဆွဲလှည့်လိုက်ပြီး ရှေ့ဘက်သို့ တွန်းလွှတ်လိုက်သည်။ လီကာက်သည် သူ့ကိုယ်သူ မဟန်နိုင်ဘဲ ရှေ့သို့ ဝုန်းခနဲ ယိုင်ထွက်သွားပြီး နံရံကို ခေါင်းနှင့် ဆောင့်မိပြီး လဲကျသွားသည်။ ခေါင်းမူးသွားသော လီကာက်သည် လဲကျရာမှ တဖြည်းဖြည်း ပြန်ထပြီးနောက် အခန်းထဲက ကမန်းကတန်း ပြန်ထွက်သွားလေ၏။ သူ ဒီကိစ္စကြောင့် ဝင်းတားကို ပိုမုန်းလာသည်။ သို့သော် သူ ခုလို အရှက်ကွဲခဲ့ရသည်မှာ ဟိုအမေရိကန်မကြောင့်သာ ဖြစ်သည်ဟု တေးထားလိုက်သည်။ ဘက်တီကို တပ်မက်သည့်စိတ် ပိုပြင်းထန်လာရုံမက မုန်းတီးစိတ်ပါ ထပ်ဆင့်ပါလာလေတော့သည်။

မိုးချုပ်ရန် တစ်နာရီ အလိုတွင် သူတို့လူစုအနက် ဝင်းတားအပြင် ရဟတ်ယာဉ် မောင်းတတ်သည့် လူဆိုးတစ်ဦးက ရဟတ်ယာဉ်ကို မောင်းနှင်ပြီး စက်လှေ ပီချားပေါ်သို့ ပြန်ပို့လိုက်သည်။ ထိုအချိန်တွင် စက်လှေ ပီချားသည် ချဲလင်ဂျာ၏ တောင်ဘက် မိုင် ၁၀၀ ခန့်တွင် ရှိနေသည်။ ရဟတ်ယာဉ် စက်လှေ ပီချားပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရဟတ်ယာဉ်ပေါ်မှ တံဆိပ် အမှတ်အသားများကို လူမမြင်အောင် စောစောကတည်းက ကြိုတင်စီစဉ်ထားသော တာလပတ်ကြီးတစ်ခုနှင့် အုပ်ထားလိုက်သည်။ စက်လှေ ပီချားပေါ်တွင် ရဟတ်ယာဉ်တစ်စင်း ရှိနေသည်ကို အခြား သင်္ဘောတစ်စင်း သို့မဟုတ် လေယာဉ်ပျံတစ်စင်းစင်း မြင်သွားသော် အရေးမကြီးပါ။ သို့သော် တန်ချိန် ငါးသောင်း ရှိသော ရေနံတင်သင်္ဘောကြီးပေါ်တွင် ရှိနေသည်ကို မြင်တွေ့သွားကြပါက သိပ်ထူးဆန်းသည်ဟု ထင်စရာ ရှိလာနိုင်ပေသည်။

ရဟတ်ယာဉ် ရေနံတင်သင်္ဘောကြီးပေါ်မှ ပျံမသွားမီ ရဟတ်ယာဉ်ပေါ်ရှိ လေမှုတ်သွင်းပြီး စီးနင်းနိုင်သော ဗိုးဒီးယတ် ရာဘာလှေ၊ ပွဲချိတ်စက်နှင့် ရေငုပ်ဝတ်စုံများကို လီကာက်နှင့် အင်ဒရီဒူးပွန့်တို့က သယ်ချပြီး ချဲလင်ဂျာ၏ ရှေ့ပိုင်းရှိ လက်သမားခန်းထဲတွင် ထည့်ထားလိုက်သည်။ သူတို့ ရွေ့သည့် ပစ္စည်းများထဲတွင် ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ရွှေ့ခဲ့ရသည့် ပေါင် ၂၀၀ ကျော် လေးသော သံမဏိသေတ္တာကြီး တစ်လုံးလည်း ပါသည်။

❑❑❑

www.burmeseclassic.com

## – တစ်ဆယ့်နှစ် –

ရှိတ်ဂမယ်တာဖတ် တစ်ယောက် လျှို့ဝှက်ဌာနချုပ်သို့ ကမန်းကတန်း ပြောင်းရွှေ့ နေထိုင်ခြင်းမှာ ဆန်ဖရန်စစ္စကို အရေးအခင်းကြီး မပြီးမချင်း သူ့ကို မည်သူကမျှ လာမတွေ့နိုင်ကြစေရန် မြေလျှိုးသွားခြင်းသာ ဖြစ်သည်။ သူ့ကို ရှာမတွေ့ကြပါက သူ့ကို မေးခွန်းထုတ်မည့်သူ မရှိနိုင်တော့။ သူကလည်း ဖြေစရာ မလိုတော့ချေ။ တစ်ဖန် တာဖတ်၏ တစ်ယူသန် အကြမ်းဖက်ဝါဒကို သမာသမတ် ရှိကြသော အာရပ်နိုင်ငံများရှိ ခေါင်းဆောင်တချို့က မကျေမနပ် ဖြစ်နေကြသည်ကိုပါ သူ သိနေ၍ ဖြစ်သည်။

ဒါကတော့ သူ့ကိုယ်သူ နှစ်သိမ့်ထားသည့် ဆင်ခြေဆင်လက် တချို့သာ ဖြစ်သည်။ အမှန်တကယ် အရေးပါသော အကြောင်းတစ်ချက်မှာ သူ့အား လုပ်ကြံသတ်ဖြတ်ကြမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ အစ္စရေး သေနတ်သမားတွေ သူ့နောက် လိုက်နေကြပြီ၊ အမေရိကန်နှင့် ဗြိတိသျှ ထောက်လှမ်းရေး သမားများသည် အစ္စရေး ထောက်လှမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်နေကြသည်ဟု ကောလာဟလ သတင်းမျိုးစုံ ပေါ်ထွက်နေသည်၊ ယခု သူ ရောက်ရှိနေသည့် နေရာတွင် သူ့အတွက် လုံခြုံမှု အပြည့်အဝ ရှိသည်ဟု သူ ထင်သည်။



ဤလျှို့ဝှက်ဌာနချုပ်သို့ ရှိတ်ဂမယ်တာဖတ် ရောက်ရှိလာမှ သူ ပထမဦးဆုံး လက်ခံရရှိခဲ့သော သတင်းမှာ ဝင်းတား ပို့လိုက်သော သတင်းပင် ဖြစ်သည်။ ချဲလင်ဂျာ ရေနံတင်သင်္ဘောကြီးကို အောင်မြင်စွာ ပြန်ပေးဆွဲလိုက်နိုင်ကြပြီးနောက် ဆန်ဖရန်စစ္စကိုရှိ အာရပ်ကောင်စစ်ဝန်ချုပ် ရုံးတစ်ရုံးသို့ ရေဒီယိုကြေးနန်းသတင်းတိုတစ်ပုဒ် ရောက်ရှိလာသည်။

"ထောပတ်သီးများကို ပို့ပြီးပါပြီ"

ထိုသတင်းကို လက်ခံရရယူလိုက်သူက ပဲရစ်သို့ တယ်လီဖုန်းဆက်သည်။ ထိုသတင်းသည် အေသင်မှတစ်ဆင့် ဘီရွတ်မြို့သို့ ရောက်ရှိလာသည်။ ဤတွင် အာမက်ရီးယဒ်က တာဖတ်ထံ တယ်လီဖုန်းဆက်ရာတွင် အဆိုးရွားဆုံး လျှာချော်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ သူက တာဖတ်ထံ အစီရင်ခံရာတွင် 'အရှင်' ဆိုသော နာမဝိသေသနကို အသုံးပြုခဲ့၍ ဖြစ်သည်။ တာဖတ်က နောက်ကို ဒီလို မပြောနဲ့ဟု ပြောပြီး တယ်လီဖုန်း စကားပြောခွက်ကို ဖတ်ခနဲ ပြန်ချလိုက်သည်။ ထိုကဲ့သို့ ကပျာကယာ ပြန်ချလိုက်ခြင်းမှာ သူ့တယ်လီဖုန်းကို ကြားဖြတ်၍ ခိုးသွယ်ပြီး နားထောင်နေသည်ဟု ထင်သောကြောင့် မဟုတ်ပေ။

❑

ဘီရွတ်ရှိ တယ်လီဖုန်း စက်ခလုတ်ရုံမှ အော်ပရေတာမကလေးသည် ကတုန်ကယင်ကြီး ဖြစ်နေသည်။ ယခုအကြိမ်သည် ငွေရရေးအတွက် ပထမဦးဆုံးအကြိမ် ခိုးနားထောင်မိခြင်း ဖြစ်သည်။ အရင်တုန်းကတော့ အပျင်းပြေအောင် သူ့ယောက်ျား မရှိခင် လင်ငယ်ထံ တမ်းတမ်းတတ တယ်လီဖုန်းဆက်နေသော မျောက်မွေးသည့် ဖနီးသည်တစ်ဦး၏ အသံကို ခိုးနားထောင်ဖူးသည်။ ယခုလို ခိုးနားထောင်သည့် ကိစ္စမျိုးမှာ သူ့လို တယ်လီဖုန်းအော်ပရေတာများအတွက် ဆန်းလှသည်တော့ မဟုတ်။ သို့သော် ယခုကိစ္စကတော့ သိပ်ဆန်းလှသည်ဟု 'လူစီဖာမီ' က တွေးလိုက်မိသည်။ ပြီးတော့ 'အရှင်' ဟု ရိုရိုသေသေ အခေါ်ခံရသည့် ပုဂ္ဂိုလ်က မည်သူလဲ။

ထိုနောက် နာရီဝက် ကြာသောအခါ သူ့အလုပ်ချိန် ကုန်ဆုံးပြီ ဖြစ်သဖြင့် ညပိုင်းတွင် တာဝန်ယူမည့် လူငယ်နှင့် အလုပ်လွှဲခဲ့ပြီး လက်ကိုင်အိတ်ကို တင်းတင်းကျပ်ကျပ် ကိုင်ရင်း 'လီယွန်ကာဗီဆိုင်' ဆီသို့ လျှောက်သွား

www.burmeseclassic.com



သည်။ ထောင့်ခုံတစ်ခုတွင် လူစီဟာမီ ထိုင်မိပြီး တစ်မိနစ် မကြာမီ မျက်နှာသေကြီးနှင့် ထိုလူ ရောက်လာပြီး သူ့စားပွဲခုံတွင် ဝင်ထိုင်သည်။

"မင်္ဂလာ ညနေပါ လူစီ"

သူက သိဟောင်းကျွမ်းဟောင်း တစ်ဦးလို နှုတ်ဆက်လိုက်ပြီး စကားပြောသံကို ကြားရအောင် သူ့ဘေးနားတွင် ကပ်ထိုင်သည်။ သူတို့ ဘေးနားတွင် 'တွမ်ဂျုံး' ၏ နောက်ဆုံးပေါ် တေးသီချင်းတစ်ပုဒ်ကို အကျယ်ကြီး ဖွင့်ထားသော တတ်စက်ကြီးတစ်လုံး ရှိနေ၍ ဖြစ်သည်။ ညနေ ၆ နာရီသာ ရှိသေးသော်လည်း ဆိုင်ထဲတွင် မီးကောင်ပေါက်များနှင့် ပြည့်နှက်နေလေပြီ။ အပြင်ဘက်တွင် ချမ်းအေးနေသော်လည်း ဆိုင်ထဲတွင် နွေးနွေးထွေးထွေး ရှိလှသည်။ မျက်နှာသေကြီးနှင့် ထိုလူက ကော်ဖီနှင့် မုန့် မှာလိုက်သည်။

"သူ တယ်လီဖုန်း ဆက်တယ်"

ထိုလူက တုန်ယင်သော လက်နှင့် စီးကရက် မီးညှိနေစဉ် လူစီက သူ့ကို နှစ်ခါ ထပ်ပြောပြရသည်။ ပြီးမှ–

"ဒါ ငါးရက်အတွင်း ပထမဦးဆုံးအကြိမ် ဆက်တာ၊ ကျွန်မ ပိုက်ဆံ ဘယ်တော့ ရမလဲ"

သူက ရင်ဘတ်ပေါ်ရှိ အကျႌအိတ်ကို လက်နှင့် ပုတ်ပြလိုက်သည်။

"ငါ့ဆီမှာ ဒေါ်လာ ၅၀ အဆင်သင့် ပါလာတယ်၊ ဒီတယ်လီဖုန်းက မြို့တွင်းပြောလား"

"မဟုတ်ဘူး၊ မြို့ပြင်ကို ဆက်တာ၊ အဲဒီနံပါတ် ကျွန်မ အိတ်ထဲမှာ ပါလာတယ်"

"ကဲ. . . ငါ့ကို ပေးလေ"

လူစီ တွန့်သွားသည်။ ထို့နောက် လက်ကိုင်အိတ်ကို ဖွင့်လိုက်ပြီး ထိုနံပါတ်ကို ရေးထားသော ငွေစက္ကူကို သူ့ထံ လှမ်းပေးလိုက်သည်။ သူတို့ကို စောင့်ကြည့်နေသူများကတော့ ဘိုင်ကျနေသည့် ချစ်သူ အမျိုးသားကို သူ့ရည်းစားက ပိုက်ဆံ ထုတ်ပေးနေသည်ဟု ထင်ကြလိမ့်မည်။ သူက ထိုငွေစက္ကူကို သူ့ပိုက်ဆံအိတ်ထဲတွင် တသီးတသန့် ဖယ်ထားလိုက်သည်။ ကော်ဖီဖိုး ရှင်းသည့်အခါ တခြား ငွေစက္ကူနှင့် ပေးချေမှ ဖြစ်လိမ့်မည်။

လူစီက ထပ်မေးသည်။

"ရှင်. . . အဲဒီနံပါတ်ရဲ့ လိပ်စာကို လိုက်စုံစမ်းလို့ ရပါ့မလား"



တကယ်တော့ ဒီကလေးမလေးသည် စိတ်ကယောင်ချောက်ချား ဖြစ်နေသဖြင့် ရမည်ရှာပြီး စကားပြောနေခြင်းသာ ဖြစ်သည်။ သူသည် လီဘနွန်တွင် ရှိသော မည်သည့် တယ်လီဖုန်းနံပါတ်၏ လိပ်စာကိုမဆို မရ ရအောင် စုံစမ်းနိုင်သူ ဖြစ်သည်။ လူစီသည် စားပွဲထိုးက ကော်ဖီနှင့် မုန့်ပန်းကန် လာချပေးသွားသည်အထိ စောင့်နေပြီးနောက်–

"ပြောတဲ့ စကားက ထောပတ်သီးအကြောင်းပဲ၊ သူက ထောပတ်သီးတွေ ပို့ပြီးပြီလို့ ပြောတယ်။ ပြီးတော့ သူက တစ်ဖက်လူကို 'အရှင်' လို့ ခေါ်တယ်"

"ဟုတ်တယ်. . . သူက အဲဒီလို ခေါ်ချင် ခေါ်နိုင်တယ်"

သူ့ကိုယ်သူ အဲလ်ဘတ်ဟု အမည်ခံထားသူက ဒီကိစ္စကို သူ သိပြီးသားဆိုသော ပုံစံနှင့် ပြန်ဖြေလိုက်သည်။ ပြီးတော့ လူစီတစ်ယောက် အဘယ်ကြောင့် လန့်နေသည် ဆိုသည့် ကိစ္စကိုပါ သူ သဘောပေါက်သွားသည်။ အရှေ့အလယ်ပိုင်းဒေသတွင် အာဏာရှိသူများကို လူတိုင်း ထိတ်လန့်ကြသည်သာ။ အဲလ်ဘတ်သည် သူ့ခံစားချက်ကို မပေါ်လွင်စေဘဲ ကော်ဖီကိုသာ မှုတ်သောက်နေသည်။ အဆင်ကတော့ သူ 'တာဖတ်' ကို ရှာတွေ့ပြီဟု သူ ထင်သည်။

❑

လီကက်က ဘက်တီကော်ဒဲလ်ကို မတော်မတရား လုပ်ရန် ကြံစည်မှု ဖြစ်ပွားပြီးနောက် ချက်ချင်းလိုလိုပင် ဘက်တီကော်ဒဲလ်ကို သင်္ဘောပေါ်တွင် လွတ်လွတ်လပ်လပ် သွားလိုရာ သွားစေဟု ဝင်းတားက ပြင်ဆင် ဆုံးဖြတ်ပေးလိုက်သည်။ ဝင်းတားသည် အိုအေအက်စ်အဖွဲ့မှ လူရမ်းကားများ၏ စရိုက်ကို သိထားသောကြောင့် ဒီသင်္ဘောပေါ်တွင် အမျိုးသမီးတစ်ယောက် ပါလာကြောင်း သိလိုက်ရသောအခါ အတော်ကလေး ဦးနှောက်ခြောက်သွားခဲ့ရသည်။ ယခု ဘက်တီကို သင်္ဘောပေါ်တွင် လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာစေခြင်းက သူ့အခန်းထဲတွင်သာ ပိတ်လှောင်ထားသည်ထက် ပို၍ လုံခြုံမှု ရှိစေလိမ့်မည်ဟု သူ တွေးမိလာသည်။ သူက ထိုကိစ္စကို ပြောပြရန် ဘက်တီ၏ အခန်းသို့ သွားခဲ့သည်။

"မင်း ဒီသင်္ဘောပေါ်မှာ သွားချင်တဲ့ နေရာကို သွားနိုင်တယ်၊ ဒါပေမဲ့ ကုန်းပေါ်မှာ အစောင့် တာဝန်ကျနေတဲ့ အရာရှိကိုတော့ တစ်နာရီ တစ်ကြိမ် သတင်းပို့ရလိမ့်မယ်"

www.burmeseclassic.com



ဘက်တီက ငြိမ်ငြိမ်သက်သက် ရပ်ရင်း နှာရောင်ကောက်ကောက်၊ ပါးစပ်ကျယ်ကျယ် မည်သည့်ကိုဖွက်ကိုမျှ အလေးဂရုမထားတတ်သော မျက်လုံးညို ကြီးများနှင့် ထူးခြားလှသော ဝင်းတား၏ မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်ရင်း ပြန်မေးလိုက်သည်။

"ရှင်က ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ မင်းကို အခန်းထဲမှာ လှောင်ထားတာထက် ပိုပြီး လုံခြုံမှု ရှိမယ် ထင်လို့ပေါ့"

"ကျွန်မ မေးတာက ရှင်က ဘာဖြစ်လို့ ဒီဆိုးဆိုးဝါးဝါး ပြန်ပေးအဖွဲ့ကြီးထဲမှာ ဝင်ပါနေရတာလဲလို့ မေးတာ"

"ငွေရလို့ပေါ့"

သူက ပြောပြောဆိုဆိုနှင့် ချာခနဲ ပြန်လှည့်ထွက်သွားသည်။ သူ ပြန်သွားပြီး မကြာမီ ဘက်တီလည်း သင်္ဘောပေါ်တွင် လျှောက်သွားသည်။ သို့သော် ဦးနှောက်ခြောက်ဖွယ်ရာ အတွေ့အကြုံနှင့် ရင်ဆိုင်တိုးရပြန်သည်။ ဘက်တီက လူရှင်းပြီဟု ထင်သော စင်္ကြံလမ်းအတိုင်း လျှောက်သွားသည်။ သို့သော် သူ့နောက်က သေနတ်ကိုင် လူဆိုးတစ်ယောက် ပါလာသည်ကို တွေ့နေရသည်။ တခြား စင်္ကြံလမ်းထဲသို့ ချိုးကွေ့သွားလျှင် လူရှင်းလိမ့်မည်ဟု ထင်သော်လည်း ထိုစင်္ကြံလမ်းထဲ၌ သေနတ်ကိုင် လူဆိုးတစ်ယောက် ရှိနေပြန်သည်။ သူ ဘယ်ကိုပဲ သွားသွား သူ ဘယ်သွားသည် ဆိုတာကို လိုက်ကြည့်နေသော သေနတ်ကိုင် လူဆိုးတစ်ယောက် ရှိနေကြောင်း သိလာရသည်။

ဘက်တီ၏ ဦးနှောက်ထဲတွင် အလုပ် နှစ်မျိုးကို တစ်ပြိုင်တည်း လုပ်နေသည်။ တစ်ခုကတော့ သူ တစ်နေ့နေ့တွင် ပြန်ရေးမည်ဟု ရည်ရွယ်ထားသော 'မျက်မြင်ကိုယ်တွေ့တစ်ဦး၏ ပြန်ပေး အတွေ့အကြုံ' သတင်းဆောင်းပါး အတွက် အချက်အလက်များကို မှတ်သား သိုမှီးနေခြင်း ဖြစ်သည်။ ကျန်တစ်ခုကတော့ သေနတ်ကိုင် လူဆိုးများ မည်သည့်နေရာတွင် စောင့်ကြည့်နေကြသည် ဆိုသည့် သတင်းကို ခွင့်သာသည်နှင့် တစ်ပြိုင်နက် ဘင်းနက်အား ပြန်ပြောပြရန် စိတ်ကူးထား၍ ဖြစ်သည်။ သို့သော် ဗြိတိသျှလူမျိုး သင်္ဘောသားများက ပြန်လည်ခုခံရန် ကြံစည်နေသည့် ပုံပန်းသဏ္ဌာန် လုံးဝမရှိသေးချေ။ အပြင်ပန်းကမူ ယခုကိစ္စကြောင့် သွေးပျက်နေကြဆဲ ဖြစ်သည်ဟု ထင်ရသည်။ သို့သော် အင်ဂျင်စက်ခန်းထဲသို့ ရောက်သောအခါ ထူးခြားသည့် အနေအထားကို ဘက်တီတစ်ယောက် ခံစားသိရှိလာရသည်။



ကြောင်တောင်တောင် ပြန်ကြည့်နေသော လက်နက်ကိုင် လူဆိုး တစ်ယောက်က ဘက်တီ အင်ဂျင်စက်ခန်းထဲသို့ ဝင်နိုင်အောင် လမ်းဖယ်ပေးလိုက်သည်။ ဝင်းတားသည် ဘက်တီကို သင်္ဘောပေါ်တွင် သူ သွားချင်သည့်နေရာ သွားနိုင်ကြောင်း ခွင့်ပြုထားပြီး ဖြစ်ကြောင်း နေရာအနှံ့ အကြောင်းကြားထားပြီး ဖြစ်သည်မှာ သေချာသည်။ ဘက်တီသည် အပေါ်မှ အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ စက်ခန်းထဲတွင် အင်ဂျင်စက်သံများသည် နားကွဲမတတ် ဆူညံနေသည်။ မြင်မြင်သမျှ စက်ပစ္စည်း အားလုံးသည် လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။ ဘက်တီသည် မတ်စောက်သော သံလှေကားမှ စက်ခန်းထဲသို့ ဆင်းသွားသည်။

ပေ ၃၀ ရှိသော ထိုသံလှေကားမှ အောက်သို့ အလွယ်တကူ ဆင်းသွားနိုင်ပြီးနောက် စက်ပစ္စည်းများကြားထဲတွင် လျှောက်သွားသည်။ စက်ခန်းထဲရှိ သင်္ဘောသားများသည် ဤသင်္ဘောကြီးကို ပြန်ပေးအဖွဲ့မခံရမီက ဘက်တီ တွေ့ခဲ့ဖူးသော၊ စကားစမြည် ပြောခဲ့ဖူးသော ပုဂ္ဂိုလ်များသာ ဖြစ်သည်။ ပထမတန်း စက်ဆရာ 'မန့်'သည် လက်တွင် ပေကျံနေသည့် စက်ဆီများကို အဝတ်စုတ် တစ်ခုနှင့် သုတ်ရင်း ဘက်တီကို ခေါင်းညိတ်ပြလိုက်သည်။ သို့သော် သူ့အာရုံက တခြားတွင် ရောက်နေပုံ ရသည်။ မန့်သည် ၃၄ နှစ်အရွယ် လူထွားကြီးတစ်ဦး ဖြစ်သည်။

ကျန် ပထမတန်း စက်ဆရာ 'ဘတ်ဖိုလီ'ကမူ အပေါ်တွင် စောင့်နေသော သေနတ်ကိုင်လူဆိုးက သူ့ကို လှမ်းမမြင်နိုင်ကြောင်း သေချာသည့်အခါကျမှ ဘက်တီကို စကားပြောသည်။

"သည်းခံပြီး စောင့်ပါဗျာ၊ မကြာခင် အခြေအနေ ပြန်ကောင်းလာနိုင်စရာ ရှိပါတယ်"

နည်းနည်း စိတ်ချမ်းသာသွားသော ဘက်တီက အနေအထားကို ထပ်လေ့လာပြန်သည်။ ဘက်တီက တိတိကျကျ ရေရေရာရာ ဘာမှ မပြောနိုင်သေးသော်လည်း (ပြန်ခုခံရန်) တိတ်တဆိတ် ပူးပေါင်းကြံစည်နေကြသည့် အနေအထားမျိုးကို သူ့စိတ်ထဲမှာ ခံစားနေရသည်။ သို့သော် ဝင်းတားက သင်္ဘောပေါ်တွင် တစ်နေရာနှင့် တစ်နေရာ လုံးဝ အဆက်အသွယ် မရှိအောင် ဖြတ်တောက်ထားသည် မဟုတ်ပါလား။ ထိုအခိုက်မှာပင် သံလှေကားမှ အင်ဂျင် စက်ခန်းထဲသို့ ဆင်းလာသော ရစ်ဂလီကို မြင်လိုက်ရသည်။

www.burmeseclassic.com



ရစ်ဂလီသည် လင်ဗန်းတစ်ချပ်ကို လက်တစ်ဖက်ပေါ်တွင် တင်၍ ကျန်လက်တစ်ဖက်နှင့် သံလေ့ကားကို ထိန်းကိုင်ပြီး အောက်သို့ ရောက်ရှိလာသည်။ ထို့နောက် ပွဲကိုင်စင်မြင့်ကလေးပေါ်တွင် ရှိနေသော အင်ဂျင်နီယာချုပ် ဘရက်ဒီထံ ကပျာကယာ လျှောက်သွားသည်။ ဆံပင် ဖြူဖြူ၊ ခပ်ဝိုင့်ဝိုင့် အသက် ၅၀ ခန့် ရှိပြီဖြစ်သော ဘရက်ဒီသည် လင်ဗန်းထဲမှ လက်ဖက်ရည် အချို့ ထည့်ထားသော မတ်ခွက်ကို ယူလိုက်သည်။ ထို့နောက် အသားညှပ် ပေါင်မုန့်တစ်ချပ်ကို ယူပြီး ခပ်ဖြည်းဖြည်း ဝါးစားနေသည်။ ဘက်တီ မြင်ရသမျှ ကတော့ ဘာမှ ထူးထူးခြားခြား ထူးထူးဆန်းဆန်း မဟုတ်။ ဘက်တီက လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ သူ မကြာခင် ပွဲစင်ပေါ်ရှိ တာဝန်ကျ ပုဂ္ဂိုလ်ထံ သွားသတင်းပို့ရပေတော့မည်။ သို့သော် တစ်ခုခုတော့ တစ်ခုခုပဲ ဆိုသည့် အိုတွေးကို သူ့ခေါင်းထဲမှ ဖျောက်ဖျက်၍ မရနိုင်သေးပါချေ။

ဘက်တီသည် ဘရက်ဒီ ရှိနေရာ စင်မြင့်ကလေးပေါ်သို့ တက်သွားပြီး နောက် ပွဲကိုင် စက်ကိရိယာများ ကြားထဲတွင် ရှိသော အမည်းရောင်သေတ္တာ ကလေး တစ်လုံးကို လက်ညှိုးထိုးရင်း မေးလိုက်၏။

"ဒီပစ္စည်းက ဘာလုပ်တာလဲ၊ ဒါမှမဟုတ် ဒီသေတ္တာထဲမှာ အသားညှပ် ပေါင်မုန့်တွေ ထည့်ထားသလား"

ဘက်တီက ပြုံး၍ အပြောင်အပြက် ပြောလိုက်ခြင်း ဖြစ်သည်။ သို့ သော် ဘရက်ဒီအနားရှိ အစွန်းအထင်း မရှိသော စွပ်ကျယ်ဖြူနှင့် ဘောင်းဘီရှည် ကို ဝတ်ဆင်ထားသည့် ပုဂ္ဂိုလ်က အလန့်တကြား လှည့်ကြည့်လိုက်၏။

ဘရက်ဒီက ခပ်တည်တည် ပြောလိုက်သည်။

"မင်း လုပ်စရာရှိတာကို ဆက်လုပ်စမ်း ဝီကင်"

ပြီးမှ ဘက်တီကို ပြုံးပြုံးရယ်ရယ်နှင့် ဖြေလိုက်၏။

"ဒါကတော့ သင်္ဘောတိုင်းမှာ ပါလေ့ပါထရှိတဲ့ စက်ကိရိယာတစ်ခုပါပဲ ကျုပ်က အသားညှပ်ပေါင်မုန့်တွေကိုတော့ ဟောဒီနေရာမှာ သိမ်းထားတယ်"

ဘရက်ဒီက သူ့ဗိုက်ရွှဲကြီးကို ပုတ်ပြရင်း ဖြေလိုက်သည်။

တကယ်တော့ ဘက်တီ လက်ညှိုးထိုးပြသွားသော အနက်ရောင် သေတ္တာကလေးသည် ဤသင်္ဘောကြီးပေါ်တွင် ပါလာသော အက်ဖ်ရိမ်ပင်တည်း ယခုအချိန်တွင် သူတို့ကိုယ်စား အပြင်လောကနှင့် ဆက်သွယ်နိုင်သူမှာ (အပြန်



အလှန် ဆက်သွယ်နိုင်ခြင်း မဟုတ်သည့်တိုင်အောင်) အက်ဖ်ရိမ်သာ ရှိတော့ ကြောင်း ဘရက်ဒီကိုယ်တိုင် သဘောပေါက်သွားလေပြီ။

❑

မက်ကေးက ဘင်းနက်အား မြေပုံခန်းထဲတွင် ခပ်တိုးတိုး ပြောလိုက် သည်။

"တို့တော့ စစ်အတွင်းတုန်းက သံ့ပန်းစခန်းထဲ ရောက်နေသလို ဖြစ်နေပြီ၊ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် ဆက်သွယ်လို့ရအောင် စီစဉ် နိုင်လို့ တော်သေးတာပေါ့ကွာ"

မက်ကေးနှင့် သူ့သင်္ဘောသားများ တစ်ဦးနှင့် တစ်ဦး ဆက်သွယ်သည့် ကိစ္စတွင် အဓိကနေရာမှ ပါဝင်သူမှာ တစ်ချိန်လုံး လက်ဖက်ရည်၊ မုန့်နှင့် အစားအစာများကို သင်္ဘောသားများနှင့် လူဆိုးများထံ လိုက်ပို့နေသူ စားပွဲထိုး ရစ်ဂလီပင်တည်း။ ဝင်းတားကလည်း အစားအသောက် ပြဿနာကို ကြိုတွေးမိ သည်။ ထို့ကြောင့် မီးဖိုချောင်ရှေ့တွင် အစောင့်လူဆိုးတစ်ယောက်ကို ပုံသေ အစောင့်ခိုင်းထားပြီး ရစ်ဂလီ သွားရာနောက်သို့ တကောက်ကောက် လိုက်ကြည့် စေသည်။

သို့သော် ဝင်းတား ကြိုမတွေးမိသည့် ကိစ္စမှာ ထိုအနေအထားကို မက်ကေးက အခွင့်ကောင်းတစ်ခုအဖြစ် ပိုင်ပိုင်နိုင်နိုင် အသုံးချမည့်ကိစ္စပင် ဖြစ်သည်။ မက်ကေးသည် သူ ညွှန်ကြားလိုသည့် ကိစ္စများကို စာရွက်သေးသေး ကလေးပေါ်တွင် ရေးပြီး ရစ်ဂလီက ထိုစာရွက်ကလေးများကို အသားညှပ် ပေါင်မုန့်ပန်းကန်၊ ကော်ဖီအိုး စသည့် ပစ္စည်းများ အောက်တွင် ဝှက်ယူသွား သည်။ တစ်ဖန် ဝင်းတား ကြိုမတွက်မိသည့်အပြင် အမှတ်မထားမိသော ကိစ္စတစ်ခုမှာ ပွဲစင်ပေါ်ရှိ ပုဂ္ဂိုလ်များသည် ခါတိုင်းထက် ပို၍ ကာဖီ၊ လက်ဖက်ရည် သည်တို့ကို မှာသောက်နေခြင်း ဖြစ်သည်။ ရစ်ဂလီ ပွဲစင်ပေါ်သို့ များများ သွားရလေလေ ရစ်ဂလီက သတင်းစကားများကို ပိုပို့ရလေလေ ဖြစ်သည်။

တစ်ဖန် ဤသင်္ဘောပေါ်တွင် လုပ်လေ့လုပ်ထမရှိသော ကိစ္စတစ်ရပ် ပြောင်းလဲဖြစ်ပေါ်လာသည်ကိုလည်း သတိမထားလိုက်မိကြပြန်ချေ။ ထိုကိစ္စမှာ

www.burmeseclassic.com

www.burmeseclassic.com



မက်ကေးနှင့် ဘင်းနက်သည် ပွဲစဝ်နောက်ဘက်ရှိ မြေပုံခန်းထဲသို့ ခဏခဏ ဝင်၍ ဆွေးနွေးနေကြခြင်း ဖြစ်သည်။ သူတို့နှစ်ဦး မြေပုံခန်းထဲသို့ ပထမဦးဆုံး အကြိမ် ဝင်စဉ်က အစောင့်လူဆိုးက သက်သာမကင်း ဖြစ်ခဲ့သေးသည်။

မက်ကေးက အင်္ဂလိပ်စကား နားလည်သူ အစောင့်လူဆိုး ဒူးပွန့်အား ပြောလိုက်သည်။

"တို့ မြေပုံခန်းထဲ ဝင်ပြီး တို့ ဆက်မောင်းရမယ့် ခရီးစဉ်ကို တွက်ချက်ကြည့်မလို့"

သူနှင့် ဘင်းနက် မြေပုံခန်းထဲ ဝင်သွားသောအခါ ဒူးပွန့်ကလည်း မြေပုံခန်းထဲအထိ လိုက်လာသည်။ မက်ကေးသည် မြေပုံ တင်ထားရာ စားပွဲ ဘေးတွင် ရပ်ဆိုင်းရင်း ဒူးပွန့်ကို ခပ်တင်းတင်း ပြန်ကြည့်လိုက်၏။

"ဟေ့.. သင်္ဘောတစ်စင်းရဲ့ ခရီးစဉ် လမ်းကြောင်းကို တွက်ချက်ရတယ် ဆိုတာ သိပ်လွယ်တဲ့ကိစ္စ မဟုတ်ဘူး၊ အာရုံစူးစိုက်နိုင်ဖို့၊ စိတ်ငြိမ်ဖို့ အရေးကြီးတယ်၊ မင်းက အဲဒီနေရာ အရပ်ကနေပြီး ငါ့ကို သေနတ်နဲ့ ချိန်နေရင် အလုပ်လုပ်လို့ ရမှာ မဟုတ်ဘူး။ အေး.. မင်းတို့က ဒီသင်္ဘောကြီး ဆန်ဖရန်စစ္စကို အထိ ရောက်စေချင်တယ်ဆိုရင် အပြင်ဘက်က ထွက်စောင့်၊ ဒါပဲ"

ဘင်းနက်ကလည်း ထပ်ပြောသည်။

"ခင်ဗျားတို့ ဒီအခန်းကို ရှာဖွေပြီးကြပြီ၊ ပြီးတော့ ဟိုဘက်တံခါးပေါက် ကိုလည်း သော့ခတ်ပြီး ပိတ်ထားတယ်၊ ဒီတော့ ကျုပ်တို့ ဒီကနေ ပွဲစဉ်ပေါ် ပြန်လာဖို့ပဲ ရှိတယ်၊ အေး.. တကယ်လို့ ခင်ဗျား ပြန်ထွက်မပေးဘူးဆိုရင် ဒီသင်္ဘောကြီးလည်း ဘယ်ကိုမှ ရောက်မှာ မဟုတ်တော့ဘူး"

ဝင်းတားတစ်ယောက် မြေထဲပင်လယ်တွင် မှောင်ခိုကုန်ကူးသည့် လုပ်ငန်း လုပ်ခဲ့စဉ်က စက်လှေပိုင်ရှင်များပေါ်တွင် ဝင်းတားနှင့် အတူတူ တွဲလုပ်ခဲ့ဖူး သည့် ဒူးပွန့်သည် တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ မက်ကေးနှင့် ဘင်းနက်တို့ က မြေပုံခန်းထဲတွင် သူ မရှိတော့သယောင် သူ့ကို အလေးဂရုမပြုတော့ဘဲ မြေကြီးကိုသာ စိုက်ကြည့်နေကြသည်။ တယ်ခက်ပါလား၊ နောက်ဆုံးတွင် အင်ဒရီဒူးပွန့်သည် အပြင်သို့ ပြန်ထွက်သွားပြီး ဖွင့်ထားသော မြေပုံခန်းတံခါး ပေါက်ကို မြင်နိုင်သည့် နေရာက စောင့်ကြည့်နေသည်။

မက်ကေးက ဘင်းနက်ကို ခပ်တိုးတိုး ပြောလိုက်သည်။



"ဟေ့.. ဘင်းနက်၊ တို့ ဆက်သွယ်ရေးစနစ်ကတော့ တော်တော်လေး အရှိန်ရနေပြီ၊ ဒီတော့ မင်း စီစဉ်ထားတဲ့ တို့လူတစ်ယောက်ကို ကိုယ်ယောင် ဖျောက်ထားဖို့ ကိစ္စဟာ သင့်မှ သင့်ပါ့မလားလို့ ငါ တွေးနေမိတယ်"

ဘင်းနက်ကလည်း ခပ်တိုးတိုး ပြန်ပြောသည်။

"ဒီငတိတွေ အနိုင်ကျင့်နေတာကို ဒီလိုချည်း ငုံခံနေလို့ မဖြစ်တော့ဘူး။ ကျွန်တော်ကတော့ နောက်ဆုံးအဆင့်မှာ သူတို့နဲ့ ရင်ဆိုင်ပြီး တွယ်ပစ်လိုက်ချင် တယ်၊ ရဟတ်ယာဉ် မောင်းယူသွားတဲ့ လူကို နုတ်လိုက်ရင် လူဆိုး ၁၄ ယောက် ပဲ ကျန်တယ်၊ ကျွန်တော်တို့ဘက်မှာ သင်္ဘောသား ၂၈ ယောက် ရှိတယ်၊ နှစ်ယောက် တစ်ယောက်နှုန်းနဲ့ ကျွန်တော်တို့က အသာစီးရနေတယ်"

"ဒါပေမဲ့ သူတို့က သေနတ်တွေနဲ့ကွ"

"ဒါကြောင့် သူတို့ဘက်က အရေးပါတဲ့ ဆိုးဆိုးဝါးဝါး လူတစ်ယောက် နှစ်ယောက်ကို လျှော့ပစ်ဖို့ လိုတယ်၊ ကျွန်တော်ကတော့ ခုအချိန်မှာ ဝင်းတားကို မတွယ်ချင်သေးဘူး။ ဒီလူစုမှာ ပြောလို့ဆိုလို့ ရတဲ့လူ သူတစ်ယောက်ပဲ ပါတယ်၊ ပြီးတော့ သူ့ကို အငိုက်ဖမ်းဖို့ လွယ်မှာ မဟုတ်ဘူး၊ ကျွန်တော့်အစီအစဉ်ကတော့ လီကက်ကို ဆော်ဖို့ပဲ၊ ဒီငတိက တော်တော့်ကို ဆိုးတယ်၊ ပြီးတော့ ဒုတိယ ခေါင်းဆောင်လည်း ဖြစ်ပုံရတယ်"

ထိုအခိုက်တွင် ဒူးပွန့်သည် အပေါက်ဝမှ အထဲသို့ ချောင်းကြည့်သဖြင့် ဘင်းနက်က မြေပုံ အသစ်တစ်ချပ်ကို စားပွဲပေါ် ထပ်တင်လိုက်သည်။ ဒူးပွန့် ပြန်ပျောက်သွားသည်။

"ကျွန်တော် ဒီအပေါ်က အစောင့် အရက်သောက်နေတုန်း ဘရက်ဒီနဲ့ တစ်ခွန်း နှစ်ခွန်း ဆွေးနွေးလိုက်တယ်၊ ဘရက်ဒီကတော့ မန့်ကို ဝင်းတား မသိအောင် ကိုယ်ယောင်ဖျောက်ထားပေးမယ် ဆိုရင် မန့်က လီကက်ကို ဝမ်းမြောက်ဝမ်းသာ ဆော်ချင်ပါတယ်တဲ့"

မက်ကေးက ကန့်ကွက်သည်။

"ငါကတော့ သိပ်မကြိုက်ဘူး။ အမုန်းပွားရင် ရန်များတတ်တယ်၊ အကြမ်းဖက်ရင် ဟိုကလည်း အကြမ်းပြန်ဖက်လိမ့်မယ်"

ဘင်းနက်က ဆင်ခြေပေးသည်။

"ဒီသင်္ဘောကြီးကို အကြမ်းဖက်ပြီး ပြန်ပေးဆွဲခဲ့တာပဲ၊ ပြီးတော့ လီကက်က ဟိုအမေရိကန်မကလေးကို အဓမ္မ ကျင့်ဖို့ ကြိုးစားတော့မယ့်ဆဲဆဲ ရစ်ဂလီ အချိန်မီ ရောက်သွားတာ မဟုတ်လား၊ ဒီလူညီးတချို့ဟာ တကယ့်

www.burmeseclassic.com



လူ့သတ်သမားတွေ၊ အနည်းဆုံး လီကက်ဟာ လက်မရွံ့လူ့သတ်သမား ဆိုတာ သိပ်သေချာတယ်၊ ပြီးတော့လည်း ပင်လယ်ထဲမှာ သင်္ဘောပေါ်က လိမ့်ကျတဲ့ လူတွေ အများကြီးဖါ"

"ငါ စဉ်းစားပါဦးမယ်"

"ရာသီဥတု ဆိုးဝါးရင် ကျွန်တော်တို့ဘက်က တစ်ပန်းသာတယ်၊ ပြီးတော့ ရာသီဥတု ဆိုးဝါးလာလိမ့်မယ်လို့လည်း ကျွန်တော် ထင်တယ်"

"ဒီလေမုန်တိုင်းဟာ တို့နဲ့ တွေ့မှာ မဟုတ်ဘူး"

"ကျွန်တော်ကတော့ တွေ့ကို တွေ့မှာလို့ လောင်းရဲတယ်၊ ကျွန်တော်ကတော့ ဖြစ်နိုင်ရင် မန့်ကို ကိုယ်ယောင်ဖျောက်တဲ့ ကိစ္စ စ,လုပ်သင့်ပြီလို့ ထင်တာပဲ"

"အေး... မင်း ပြောတာ မှန်နိုင်တယ်"

မက်ကေးသည် မြေပုံစာရွက်ကို စူးစူးစိုက်စိုက် ကြည့်ရင်း အကောင်းအဆိုးကို ချိန်ဆနေသည်။ အကယ်၍ ဝင်းတားတစ်ယောက် တစ်ခုခု ဖြစ်သွားပြီး ဤသင်္ဘောပေါ်တွင် လီကက်ကသာ ဗိုလ် ဖြစ်ခဲ့သော် သူတို့အားလုံး၏ အသက်ကို ဖက်နှင့် ထုပ်ထားရတော့မည်မှာ သေချာသည်။

"ကောင်းပြီလေ၊ စမ်းကြည့်ကြသေးတာပေါ့၊ ဒါပေမဲ့ မန့်ကိုတော့ သတိဝီရိယ ထားဖို့ ကြိုသတိပေးနော်"

"မတော်တဆ ဖြစ်တယ်လို့ ထင်အောင် လုပ်မှာပါ"

ထိုည ၁၀ နာရီတွင် ချဲလင်ဂျာသည် လှိုင်းလေငြိမ်သော သမုဒ္ဒရာထဲတွင် လူးကာလွန့်ကာနှင့် ခုတ်မောင်းနေသည်။ ၂ နာရီအတွင်း ဇန်နဝါရီလ ၂၀ ရက် တနင်္လာနေ့ ဖြစ်လာပေတော့မည်။

❑

'တာရာ' လေမုန်တိုင်းသည် အကြီးအကျယ် အဆိုးရွားဆုံး လေမုန်တိုင်းများကို မွေးဖွားသန္ဓေစင်ပေးလေ့ရှိသော ပစိဖိတ်သမုဒ္ဒရာ မြောက်ပိုင်းမှ စတင်ဖြစ်ပေါ်လာသည်။ ထိုလေမုန်တိုင်းကို အမေရိကန် ဂြိုဟ်တုတစ်လုံးက စတင်တွေ့ရှိခဲ့သည်။ ရာသီဥတု အခြေအနေကို လိုက်လံထောက်လှမ်းလေ့ရှိသော အမေရိကန် လေယာဉ်ပျံတစ်စင်းက ဟာဝိုင်ယီကျွန်း၏ အရှေ့မြောက်ဘက်စူးစူး၌ လေမုန်တိုင်းကြီးတစ်ခု ဖြစ်ပေါ်လာရန် တာစူနေပြီဟု အတည်ပြုပေးခဲ့သည်။



ကမ်းပေါ်မှ ပို့ပေးနေသော ရာသီဥတု သတင်းများကို ကင်းနိုယတ်မှတစ်ဆင့် ပထမဦးဆုံး ဖတ်ရသူမှာ ဝင်းတားပင် ဖြစ်သည်။ ဝင်းတားက ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် မာလိန်မှူးထံ ပို့ပေးလိုက်သည်။ တကယ်တော့ မက်ကေးသည် ရေနံတင်သင်္ဘောကြီးကို ဆန်ဖရန်စစ္စကိုသို့ ရောက်အောင် ပို့ပေးမည့်သူ မဟုတ်ပါလား။ တာရာ လေမုန်တိုင်းအကြောင်း သတင်းပို့ချက်ကို မက်ကေး ဖတ်ရှုပြီးစီးသွားသောအခါ ဝင်းတားက သံကြိုးစာရွက်ကို ကင်းနိုယတ်ရှိရာ ဆက်သွယ်ရေးခန်းသို့ ပြန်ယူသွားသည်။ ဝင်းတား ရောက်သွားသောအခါ ကင်းနိုယတ်သည် အသံလွှင့်စက်ရှေ့တွင် ထိုင်နေသည်။ ထိုနေ့မှာ ဇန်နဝါရီလ ၂၀ ရက် တနင်္လာနေ့ ဖြစ်ပြီး နံနက် ၅ နာရီအချိန် ဖြစ်သည်။

"လန်ဒန်မှာ ရှိတဲ့ ဟာပါရုံးချုပ်ကို ဘယ်အချိန်ကျရင် နောက်ထပ်သတင်းပို့ရဦးမလဲ"

"နောက်တစ်နာရီ ကြာရင် သတင်းပို့ရမယ်"

ဝင်းတားသည် သူ ပေးပို့စေလိုသည့် သတင်းကို သေသေသပ်သပ်နှင့် လျှင်လျှင်မြန်မြန် ရေးချလိုက်သည်။

"ကဲ... ရော့ ဟောဒီ သတင်းကို ပို့စမ်း၊ စကားအသုံးအနှုန်း မှန်အောင်တော့ မင်းဘာသာမင်း ပြင်ရေး"

ကင်းနိုယတ်က သံကြိုးစာကို ခပ်တွေတွေ စိုက်ကြည့်ရင်း–

"ကျွန်တော်တော့ နားမလည်နိုင်တော့ဘူး"

"ဒါကတော့ မင်းလည်း တခြားလူတွေလို ကြိုမတွက်တတ်လို့ကိုး၊ တို့ရဲ့ အကြီးမားဆုံး ပြဿနာတစ်ခုကတော့ ဆန်ဖရန်စစ္စကို ပင်လယ်အော်အဝကို ရောက်တာနဲ့ တစ်ပြိုင်နက် ဒီသင်္ဘောကို ဆိပ်ကမ်းအာဏာပိုင်တွေက ပင်လယ်အော်ထဲ ဝင်ခွင့်ပြုအောင် ကြိုတင်စီမံထားဖို့ လိုတယ်၊ ရေလက်ကြားထဲမှာ သင်္ဘောတွေ သိပ်များနေတယ်၊ နှင်းတွေ ကျနေတယ် ဆိုတဲ့ အကြောင်းပြချက်နဲ့ ချက်ချင်း မဝင်ရဘဲ ဖြစ်ချင် ဖြစ်သွားမယ်၊ ဒါပေမဲ့ ဒီသင်္ဘောကြီးဟာ လေမုန်တိုင်းဒဏ်ကို အပြင်းအထန် ခံခဲ့ရပြီး သင်္ဘောသားတွေပါ ဒဏ်ရာရလာတယ်လို့ ဆိပ်ကမ်းအာဏာပိုင်တွေက ထင်ရင် ချက်ချင်း တန်းဝင်ခွင့်ပြုမှာကွ"

"ဒါဆိုရင် ဖြစ်နိုင်စရာ ရှိတယ်"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ငါ လုပ်သမျှ အမြဲတမ်း မှန်နေတာပဲဥစ္စာ"

ဝင်းတား ရေးချလိုက်သော သံကြိုးသတင်းမှာ ရှင်းရှင်းလင်းလင်း သွယ်လွှယ်ကူကူပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လေမုန်တိုင်းနှင့် ရင်ဆိုင်တိုးနေသည်။ ကုန်းပတ်ပေါ် ရေလွှမ်းခံရသဖြင့် သင်္ဘောသား နှစ်ယောက် အလုပ် မလုပ်နိုင်အောင် ဒဏ်ရာရသွားသည်။ တစ်နာရီ ရေမိုင် ၈ မိုင်နှုန်းအထိ လျှော့ချမောင်းနှင်နေရသည်။ လေတိုက်နှုန်း တစ်နာရီ မိုင် ၁၂၀"

ဝင်းတားက သူ ရေးပေးသော သံကြိုးစာရွက်ကို ကင်းနိုယတ်ထံ လှမ်းပေးနေစဉ် ဝင်းတား ရပ်နေသော နေရာ အောက်ဘက်၊ ပေ ၁၀၀ ခန့်ပင် မဝေးသော အင်ဂျင်စက်ခန်းထဲ၌ ရှိနေသည့် အက်ဖ်ရိမ်က ထုံးစံအတိုင်း ဟိတ်ခ်မြို့ရှိ ဗဟိုကွန်ပျူတာဌာနသို့ ရေဒီယိုလှိုင်းနှင့် လက်ရှိ အခြေအနေမှန်ကို သတင်းပို့နေသည်။

"တစ်နာရီလျှင် ရေမိုင် ၁၇ မိုင်"

❑

မက်ကေးက စစ်သုံ့ပန်းစခန်းတွင် နေရသည်နှင့် တူသည်ဟု ယူဆသလို ဝင်းတားကလည်း သင်္ဘောသားများကို မကြာခဏဆိုသလို ပြန်ပြန်စစ်ကြည့်သင့်သည်ဟု တွေးလိုက်မိသည်။ ထိုစိတ်ကူးကို သူ သင်္ဘောပေါ် ရောက်ရှိပြီး နာရီဝက်အတွင်း စတင် အကောင်အထည်ဖော်သည်။ သူ ပထမဦးဆုံး စစ်သည့် နေရာမှာ သူ စိတ်မချနိုင်ဆုံး ဖြစ်သော အင်ဂျင်စက်ခန်းပင်တည်း။ ပင်လယ်ပြင်ထဲ၌ ခုတ်မောင်းနေစဉ် အင်ဂျင်စက်ခန်းထဲ၌ အင်ဂျင်နီယာချုပ် ဘရက်ဒီ အပါအဝင် စုစုပေါင်း သင်္ဘောသား ၇ ယောက် ရှိသည်။ သို့သော် အင်ဂျင်စက်ခန်းကြီးမှာ ကြီးမားပြီး ရှုပ်ထွေးပွေလီလှသဖြင့် လူတစ်ယောက် ကိုယ်ယောင်ဖျောက်နေရန် အလွန်လွယ်ကူသည့် နေရာ ဖြစ်သည်။

ခွဲလင်ဂျာသင်္ဘောကြီး ဆန့်ဖရန်စစ္စကိုသို့ ရောက်ရန် ၂၄ နာရီအလို နံနက် ၆ နာရီ အချိန်တွင် ဘရက်ဒီက မန့်ကို အချက်ပြလိုက်သည်။ ဤတွင် မန့်သည် သင်္ဘောနံရံတွင် ဖောက်ထားသော သံတံခါးတစ်ခု၏ နောက်ဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ စင်မြင့်ကလေးပေါ်တွင် ရှိနေသော ဘရက်ဒီကမူ ထုံးစံအတိုင်း ခပ်တည်တည်ပင်။ ယခုတစ်ခေါက် သင်္ဘောသားများကို လာစစ်မည့်သူမှာ လီကက်ကိုယ်တိုင်ပင် ဖြစ်သည်။

သူတို့က ယခုလို စွန့်စွန့်စားစား လုပ်လိုက်ခြင်းမှာ လီကက်သည် အင်ဂျင်စက်ခန်းထဲသို့ အရောက်အပေါက် နည်းပါးပြီး အင်ဂျင်စက်ခန်းထဲရှိ



သင်္ဘောသားများကို တစ်ဦးချင်း သေသေချာချာ မမှတ်မိသေးသောကြောင့် ဖြစ်သည်။ သို့သော် လီကက်ကိုယ်တိုင် လာစစ်မည်ဆိုသောကြောင့် ပို၍ကြောက်ရလည်း ကောင်းသည်။ လီကက်တစ်ယောက် သံလှေကားပေါ်မှ နောက်ပြန်ဆင်းလာသည်ကို စောင့်ကြည့်နေသော ဘရက်ဒီက ဒီလူဆိုး သံလှေကားပေါ်က သံကြမ်းပြင်ပေါ် လိမ့်ကျပြီး ကိစ္စချောသွားလျှင် ပိုကောင်းမည်ဟု တွေးနေမိသည်။ သို့သော် သူ့ဆုတောင်း မပြည့်ရှာ။ လီကက်သည် သံလှေကားပေါ်မှ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် ဆင်းသက်လာပြီး သေနတ်ကိုင် လူဆိုးတစ်ယောက်ကို သူ့နောက် လိုက်လာရန် လက်ပြ၍ ခေါ်လိုက်သည်။

လီကက်သည် ဘရက်ဒီ ရှိရာ စင်မြင့် ခြေရင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အင်ဂျင်နီယာချုပ်ကို မော့ကြည့်ပြီး ကြေညာလိုက်သည်။

"ကျုပ်တို့ ဒီစက်ခန်းထဲက လူတွေကို ရေကြည့်မလို့ လူတိုင်း လူတိုင်း ကိုယ်ရှိနေတဲ့ နေရာမှာ ရပ်နေကြ။ အဲ... လှုပ်လှုပ်ရှားရှား လုပ်ရင် ဒီလူကြီး သေနတ်ပစ်ခံရလိမ့်မယ်"

လီကက်သည် သူ့လက်ထဲတွင် အသင့်ကိုင်လာသော စကော်ပီယံ ဘစ္စတိုနှင့် ဘရက်ဒီ၏ ဗိုက်ရွှဲကြီးကို ချိန်ရင်း ပြောလိုက်ခြင်း ဖြစ်သည်။

ဘရက်ဒီ၏ ဒေါသအိုးကြီး ပေါက်ကွဲလေပြီ။ သူက ဆူညံနေသော စက်သံများအပေါ် လွှမ်းသွားအောင် အသံကုန်ဟစ်လိုက်၏။

"ခင်ဗျား ဒီသင်္ဘောကြီး ဆန်ဖရန်စစ္စကို ရောက်စေချင်ရင် ခင်ဗျား လူတွေကို ခပ်မြန်မြန် ရေပြီး ဒီအခန်းထဲက ခပ်မြန်မြန် ထွက်သွားစမ်း"

"ဒီတော့..."

လီကက်သည် ပြောပြောဆိုဆိုနှင့် စင်မြင့်ပေါ် တက်လာသည်။ ဘရက်ဒီ ဆောနားရှိ ဝီကင်တစ်ယောက် ခွေးပြန်နေလေပြီ။ သူက စကော်ပီယံ၏ ပြောင်းဝနှင့် ဘရက်ဒီ၏ ဗိုက်ကို ထိလိုက်၏။

"ကျုပ် လက်ညှိုးတစ်ချက် လှုပ်လိုက်ရင်၊ ခင်ဗျားရဲ့ အတွင်းသောကြီးတာ ငါးမန်းစာ ဖြစ်သွားတော့မှာပဲ"

ငြိမ်ငြိမ်ကလေး ရပ်နေသော ဘရက်ဒီသည် ပြောင်းဝကို ငုံ့ကြည့်ရင်း–

"ခင်ဗျား လက်ညှိုးကလေး တစ်ချက် လှုပ်လိုက်ရင် ခင်ဗျားလည်း ကုန်းပေါ်ကို ဘယ်တော့မှ ပြန်ရောက်တော့မှာ မဟုတ်ပါဘူး။ ဒီသင်္ဘောကြီး သွားနေအောင် ကျုပ်ကသာ လုပ်နိုင်တာ။ မာလိန်မှူးတောင် လုပ်နိုင်တာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လီကက်က ရွံ့ရွံ့မဲ့မဲ့နှင့် ပြုံးပြလိုက်ပြီး သူ့သေနတ်ကို ပြန်ရုတ်လိုက်သည်။

"ခင်ဗျား ပြောတာ မှန်တယ်၊ ဒါပေမဲ့ ကျုပ်တို့ ကယ်လီဖိုးနီးယားကို ရောက်တဲ့အခါကျရင် ခင်ဗျားကို လိုတော့မှာ မဟုတ်ဘူးဗျ။ ဟုတ်တယ် မဟုတ်လား"

ထို့နောက် လီကက်က သဘော်သားများကို စ,ရေတွက်သည်။ သဘော်သားများသည် အင်ဂျင်စက်ခန်းထဲ၌ တကွဲတပြားစီ ရှိနေကြသည် ဖြစ်ရာ လီကက်သည် အင်ဂျင်စက်ခန်းထဲ၌ ကွေ့ကွေ့ကောက်ကောက် လျှောက်သွားနေရသည်။ သို့သော် ကိစ္စမရှိပါ။ လှုပ်လှုပ်ရှားရှား လုပ်တဲ့ လူကို သေနတ်နဲ့ ပစ်မည်ဟု ခြိမ်းခြောက်ထားသောကြောင့် သဘော်သားများသည် တစ်ယောက်မှ လှုပ်ရဲမှာ မဟုတ်ဟု သူက တွက်ထားသည်။ လီကက်သည် သဘော်သား ၃ ယောက်ကို ရေလိုက်ပြီးနောက် အကွေ့ တစ်ကွေ့တွင် သူ့ကို ကျောပေးရင်း အင်ဂျင်စက်ဖုံးကို ငုံ့ကြည့်နေသော ဖိုလီကို တွေ့လိုက်သည်။ ဖိုလီသည် စွပ်ကျယ်နှင့် ဘောင်းဘီရှည်ကို ဝတ်ဆင်ထား၏။ ချွေးရွှဲနေသော သူ့ထိပ်ပြောင်ကြီးကို အတိုင်းသား မြင်နေရသည်။

"လေးယောက်"

လီကက်သည် အစောင့်လူဆိုးနှင့်အတူ ရှေ့ဆက် လျှောက်သွားသည်။ သူတို့နှစ်ယောက် အကွေ့တစ်ခုသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဖိုလီက စတင်လှုပ်ရှားသည်။ သူက ခါးအထက် ကိုယ်အပေါ်ပိုင်းတစ်ခုလုံး ဗလာကျင်းသွားအောင် စွပ်ကျယ်ကို ချွတ်ပစ်လိုက်ပြီး ပေကျံနေသော ဦးထုပ်အဟောင်းတစ်လုံးကို စက်နောက်ဘက်မှ ဆွဲယူ၍ ခေါင်းပေါ်တွင် ဆောင်းလိုက်သည်။ ထို့နောက် ဘရက်ဒီ ရှိရာ စင်မြင့်ကလေးဆီ ရောက်သည်အထိ စက်အကြီးအကြားထဲမှ လေးဖက်ထောက်၍ သွားသည်။ စင်မြင့်ကလေးပေါ်တွင် ရှိနေသော ဘရက်ဒီက အပေါ် ကြွက်လျှောက်ပေါ်တွင် ရှိနေသော အစောင့်လူဆိုးကို တစ်ချက် အကဲခတ်ရင်း အချက်ပြလိုက်သည်။ ဤတွင် ဖိုလီသည် မတ်တတ်ရပ်လိုက်ပြီး လဲဘားမိလာ ရှိရာသို့ ခြေလှမ်း ၅ လှမ်းနှင့် အရောက် လျှောက်သွားပြီးနောက် သူ့ဘေးတွင် ဝင်ရပ်လိုက်သည်။ ဖိုလီသည် အိတ်ထဲမှ ကွဲကြေကိုင်း မျက်မှန်တစ်လက်ကို ထုတ်ယူပြီး ဝတ်လိုက်သေးသည်။

စက္ကန့် ၃၀ ကြာသောအခါ လီကက်သည် အကွေ့တစ်ခုမှ ပြန်ပေါ်လာပြီး ထိုလူ နှစ်ယောက်ကို စေ့စေ့စပ်စပ် ကြည့်လိုက်၏။



"၆ ယောက်၊ ၇ ယောက်"

လီကက်သည် စီးကရက်တစ်လိပ်ကို မီးညှိရင်း ထိုသဘော်သား နှစ်ယောက်ကို ထပ်ကြည့်နေသည်။ လဲဘားမိလာသည် အရပ် ၆ ပေ ၂ လက်မ ရှိပြီး သဘော်သားများထဲတွင် အရပ်အရှည်ဆုံး ဖြစ်သည်။ သူ့ဘေးတွင် ယှဉ်ရပ်နေသော ဖိုလီသည် ပိုပုသွားသယောင်ယောင် ရှိသည်။ လီကက် ဖိုလီကို ကြည့်ရင်း မျက်မှောင်ကုတ်လိုက်၏။

စင်မြင့်ကလေးပေါ်တွင် ရှိနေသူ ဘရက်ဒီ၏ လက်သည် ရုတ်တရက် လှုပ်ရှားသွားသည်။ သို့သော် လှုပ်ရှားပုံမှာ မြန်လွန်းလှသဖြင့် မည်သူမျှ သတိမထားမိလိုက်ကြချေ။ တဝုန်းဝုန်း တဒိုင်းဒိုင်း ဆူညံနေသော စက်သံများ အကြားမှ နားအုံကွဲလုမတတ် စူးစူးရှရှ မြည်သံ တစ်သံ ရုတ်တရက် ပေါ်ထွက်လာသည်ကို လီကက်တစ်ယောက် ကြားလိုက်ရသည်။ အင်ဂျင်စက်ခန်းထဲတွင် ချက်ချင်းလိုလို ပေါ်ထွက်လာသော ရေနွေးငွေ့များကြောင့် မှောင်မည်းသွားသည်။ ဘရက်ဒီက ခေါ်လိုက်၏။

"အရေးပေါ်ဟေ့ . . ဘွိုင်လာအိုး မီးများနေပြီ"

ဤတွင် စက်ခန်းထဲ၌ သဘော်သားများ အပြေးအလွှား နေရာယူကြသည့် ခြေသံများကို ကြားလိုက်ရသည်။ လဲဘားမိလာနှင့် ဖိုလီတို့နှစ်ယောက်သည် လီကက် ဘေးနားမှ ပြေးထွက် ပျောက်ကွယ်သွားသည်။ စိတ်အနှောင့်အယှက် ဖြစ်သွားပုံရသော လီကက်သည် ပခုံးတစ်ချက် တွန့်ပြီးနောက် သံလှေကားမှ အပေါ်သို့ ပြန်တက်သွားသည်။

အကြိအဖန်ကောင်းသည့်အပြင် ဖွဲနပဲကြီးလှသော အင်ဂျင်နီယာချုပ်သည် လီကက်တစ်ယောက် အင်ဂျင်စက်ခန်းထဲမှ ပြန်ထွက်သွားသည်ကို သတိထားလိုက်မိသည်။ သို့သော် အပေါ်ဘက် ကြွက်လျှောက်ပေါ်တွင် အစောင့်လူဆိုး တစ်ယောက် ရှိနေသေးသည်ကို တွေ့နေရသဖြင့် အင်ဂျင်စက်ခန်းတစ်ခုလုံး ရေနွေးငွေ့များနှင့် ပြည့်လျှံသွားပြီး ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရသည်အထိ ရေနွေးငွေ့များကို ထပ်ထုတ်ပစ်လိုက်သည်။ သူက ဝီကာင်အား မနီ ပုန်းအောင်းနေသည့် စတိုခန်းဆီသို့ စေလွှတ်လိုက်သည်။

ကြွက်လျှောက်ပေါ်မှ လူဆိုးသည် အောက်ဘက်၌ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတော့သဖြင့် စိတ်ပူသွားရှာသည်။ ရေနွေးငွေ့များနှင့် ပြည့်နှက်နေသော အောက်ဘက်ရှိ စက်ခန်းထဲတွင် ဘာဖြစ်ကုန်ကြလေသနည်း။ ဒီသဘော်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ပေါက်ကွဲပျက်စီးသွားတော့မည်လား။ သူ ဝင်းတားဆီသို့ ချက်ချင်း ပြေး၍ အကြောင်းကြားသင့်သလား။ ထိုအခိုက်မှာပင် အောက်ဘက်ခန်းထဲမှ ရေနွေးငွေ့များ လွတ်ထွက်လာသော ရူးရူးရှရှ ကျယ်ကျယ်လောင်လောင် အသံကြီးတစ်သံသည် စက်သံများပေါ်မှ လွှမ်း၍ ပေါ်ထွက်လာပြန်သည်။

သူသည် လှေကားမှတစ်ဆင့် စက်ခန်းထဲသို့ ကပျာကယာ ပြေးဆင်းသွားသည်။ လှေကားခြေရင်းသို့ ရောက်သောအခါ ရေနွေးငွေ့များနှင့် မှောင်မည်းနေသည်ကို တွေ့လိုက်ရ၏။ သို့သော် သူကလည်း ခေသူ မဟုတ်ပေ။ ရေနွေးငွေ့များထဲမှ သင်္ဘောသားတစ်ယောက် ပေါ်ထွက်လာသဖြင့် သူက ထိုသင်္ဘောသားကို ဖမ်းချုပ်လိုက်ပြီး သင်္ဘောသား၏ ကျောပြင်ကို သေနတ်နှင့် ထောက်၍ သူ့ရှေ့က သွားစေသည်။ ရေနွေးငွေ့များ အကြားတွင် သူ့ကို တစ်ယောက်ယောက်က အလစ်ဝင်တွယ်ရန် ကြံစည်မည် ဆိုပါက ထိုသင်္ဘောသားသည် ပထမဦးစွာ သေနတ်ပစ်ခံရပေမည်။ သူက ထိုသင်္ဘောသားကို ရှေ့က လမ်းပြစေပြီး ဘရက်ဒီ ရှိရာ နေရာ စင်မြင့်ဘောင်နားသို့ ရောက်သောအခါ အော်မေးလိုက်သည်။

''ဒါ ဘာဖြစ်တာလဲဗျ''

ဘရက်ဒီကလည်း အော်ပြီး ပြန်ဖြေသည်။

''ဘွိုင်လာအိုး အပူရှိန် သိပ်များသွားလို့၊ ဒါပေမဲ့ အခြေအနေ ပြန်ကောင်းသွားပါပြီ၊ စိုးရိမ်စရာ မရှိတော့ပါဘူး''

မှန်သည်။ ဘရက်ဒီ ပြောပြီးနောက် မကြာမီ ရေနွေးငွေ့များ တဖြည်းဖြည်း ပါးသွားသည်။ တရှူးရှူး တရှဲရှဲ မြည်နေသော အသံလည်း တဖြည်းဖြည်းနှင့် ရပ်သွားသည်။ ဤတွင် အစောင့်လူဆိုးသည် သံလှေကားမှ တစ်ဆင့် အပေါ်ကြွက်လျှောက်ပေါ်သို့ ပြန်တက်သွားသည်။ စင်မြင့်ကလေးပေါ်တွင် ရှိနေသူ ဘရက်ဒီသည် ပါးစပ်ကို လက်ဖျံနှင့် သုတ်ရင်း အစောင့်လူဆိုး အပေါ် ပြန်တက်သွားသည်ကို ကျေကျေနပ်နပ်ကြီး ကြည့်နေလေသည်။

အစမ်းလှေ့ကျင့်ခန်း အောင်မြင်သွားလေပြီ။ နောက်တစ်ကြိမ် လူဆိုးများ စစ်ဆေးရန် လာသည့်အခါ ဒီလူဆိုးများကို ကောင်းကောင်းကြီး တစ်ပတ်ရိုက်၍ ရနိုင်လေပြီ။ တကယ်လည်း တစ်ပတ်ရိုက်မှ ဖြစ်မည်။ ထိုအချိန်တွင် အင်ဂျင်စက်ခန်းထဲ၌ သင်္ဘောသား ၆ ယောက်သာ အမှန်တကယ် ရှိပေတော့မည်။ သံလှေကားကြီးတစ်ခုလုံး ရေနွေးငွေ့များဖြင့် ဖုံးလွှမ်းနေစဉ် မန့်သည် အပေါ်



တက်သွားပြီး အပေါ်ထပ်ရှိ ပစ္စည်းများ ထားသိုရာ ဗီရိုကြီးတစ်လုံးထဲတွင် ပုန်းအောင်းနေလေပြီ။

❑

ကမ်းခြေနားတွင် နေထိုင်သူ တချို့သည် ဇန်နဝါရီလတွင် တစ်နေ့ တစ်ကြိမ် မှန်မှန် ရေကူးလေ့ရှိကြသည်။ ဆန်ဖရန်စစ္စကိုမြို့နားရှိ စတန်ဖို့ တက္ကသိုလ်တွင် ကျောင်းတက်နေသူ 'လက်စ်ကော့ဒ်'သည် မော်တော်ကားကို နေရာတကျ ရပ်လိုက်ပြီးနောက် ပင်လယ်ကမ်းခြေဆီ ပြေးဆင်းသွားသည်။ ပစိဖိတ်သမုဒ္ဒရာကြီးမှာ ညို့မှိုင်းနေသည်။ ကမ်းခြေဆီသို့ ရောက်ရှိလာသော လှိုင်းလုံးကြီးများကလည်း ကြီးမားလွန်းလှသည်။ ထိုနေ့ကား ဇန်နဝါရီလ ၂၀ ရက် တနင်္လာနေ့ နံနက်ခင်းပင်တည်း။

လက်စ်ကော့ဒ်သည် သောင်ပြင်ပေါ်၌ ထိုင်၍ ဖိနပ်ချွတ်ရင်း မကြာခင် ကြီးကြီးကျယ်ကျယ် တစ်ခုခု ဖြစ်လာတော့မည်ကို စိတ်ထဲက အလိုလိုသိလာသည်။ ထို့ကြောင့် ဖိနပ်ကို ပြန်ဝတ်လိုက်ပြီး မတ်တတ်ရပ်၍ ကောင်းကင်ကို မော့ကြည့်မိသည်။ အဆင်ပလင်ကတော့ လေမုန်တိုင်းကျတော့မည့် ပုံစံပင်။ သူသည် မုန်တိုင်းကျတော့မည့် ကောင်းကင်ပြင်ကြီးများကို မြင်ဖူးလှလေပြီ။ သူနှင့် မလှမ်းမကမ်း ကိုက် အနည်းငယ်ဝေးသော နေရာ၌ ရောမ လှိုင်းလုံးကြီးများသည် ကမ်းခြေကို လာရောက်ရိုက်ခတ်နေသည်။ သူက ပင်လယ်ပြင်ဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်မိပြန်သည်။

မှန်သည်။ ပင်လယ်ပြင်တွင် မုန်တိုင်းဆင်၍ နေလေပြီ။ ခပ်လှမ်းလှမ်းတွင် မြင်ရလေ့ရှိသော မိုးကုပ်စက်ဝိုင်းကိုပင် မမြင်ရတော့ချေ။ ပင်လယ်ရေမျက်နှာပြင်သည် အပေါ်သို့ အဆမတန် အုံကြွမြင့်တက်နေပြီး လှိုင်းလုံးကြီးများသည် သူ့ဆီသို့ အဆက်မပြတ် အရှိန်အဟုန် ပြင်းစွာ လိမ့်လာနေကြသည်။ ထိုလှိုင်းလုံးကြီးများသည် အလွန်ဝေးကွာနေရာမှ အတန်းလိုက် လိမ့်လာနေကြခြင်း ဖြစ်ပြီး ကမ်းစပ်ကို အရှိန်အဟုန်ပြင်းစွာ လာရောက်ရိုက်ခတ်နေကြသည်။ ကမ်းစပ်ကို လှိုင်းလုံးကြီးများ လာရောက်ရိုက်ခတ်သောကြောင့် ဖြစ်ပေါ်လာသော တုန်ခါမှုကို သူ့ဖိနပ်ခွာမှတစ်ဆင့် သိရှိခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရေမကူးတော့ရန် ဆုံးဖြတ်လိုက်ပြီး ကားဆီသို့ ပြန်သွားသည်။ သို့သော် သူ ဘာကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည် ဆိုသည့် တိစ္စကို ရေရေရာရာ တိတိကျကျ သူ မခွဲခြားတတ်သေးချေ။ နေ့တိုင်း ရေကူးမည်ဆိုသော သူ့အဓိဋ္ဌာန်သည် သည်ကနေ့ ကျိုးပေါက်သွားလေပြီ။ သို့သော် ပင်လယ်ကမ်းခြေတွင် ဆက်မနေတာက ပိုကောင်းသည်ဟု သူက ဆုံးဖြတ်လိုက်သည်။

သို့သော် လှိုင်းလုံးကြီးများ ကမ်းခြေသို့ လာရိုက်ခတ်သည့်နှုန်း ပြောင်းလဲသွားခြင်းကြောင့် သူ့စိတ်ထဲတွင် အနှောင့်အယှက် ဖြစ်ခဲ့ရခြင်း ဖြစ်သည် ဆိုသည့် ကိစ္စကိုမူ သူ ရေရေရာရာ သိမသွားပါ။ ထုံးစံအတိုင်းဆိုပါက လှိုင်းလုံးများသည် တစ်မိနစ်လျှင် ၇ ကြိမ် ကမ်းစပ်သို့ လာရိုက်ခတ်သည်။ ယခုမူ တစ်မိနစ်လျှင် ၄ ကြိမ်သာ လာရိုက်ခတ်တော့သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်တစ်နိုင်ငံလုံးရှိ မိုးလေဝသဌာနများသည် လှိုင်းလုံးကြီးများကြောင့် ဖြစ်ပေါ်လာသော တုန်ခါမှုကို စက်များနှင့် မှတ်တမ်းတင်နေကြသည်။ တာရာလေမုန်တိုင်းသည် သူ ရောက်မလာခင် အမေရိကန်နိုင်ငံရှိ ကမ်းစပ်များကို လက်ဖျားကလေးများနှင့် တို့ထိရင်း သတိပေးနေလေပြီ။

❑

လက်စ်ကော့ဒ်တစ်ယောက် ရေမကူးတော့ရန် ဆုံးဖြတ်ပြီး ပြန်သွားချိန်တွင် အဆိုပါ ကျွန်းဆွယ်၏ ဟိုဘက်ကမ်း၌ ရှိနေသော ဆူလီဗန်က ဟာပါ ရေနံတင်သင်္ဘောကုမ္ပဏီ၏ ဥက္ကဋ္ဌထံ တယ်လီဖုန်းဆက်နေသည်။

ဆူလီဗန်သည် ဆီတဲလ်မှ ဆန်ဖရန်စစ္စကိုသို့ တနင်္ဂနွေနေ့ ညနေပိုင်းတွင်မှ ရောက်ရှိလာသည်။ လေဆိပ်တွင် အငှားကားတစ်စီး ရရှိရန် တစ်နာရီခန့် စောင့်ဆိုင်းခဲ့ရပြီးနောက် စိန့်ဖရန်စစ်ဟိုတယ်သို့ သွားရောက်တည်းခိုခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော် ဆူလီဗန်ပါ၊ အခု ဆန်ဖရန်စစ္စကို စိန့်ဖရန်စစ်ဟိုတယ်မှာ တည်းနေပါတယ်၊ ချုလင်ဂျာ ဒီကို ဘယ်တော့ ရောက်မလဲ"

"ခုအထိတော့ နက်ဖြန် မနက် ၈ နာရီ၊ အဲလေ.. ဆန်ဖရန်စစ္စကို စံတော်ချိန်မှာ ရောက်မယ်လို့ ခန့်မှန်းတယ်၊ ဒါပေမဲ့ ငါတော့ တယ်မထင်ဘူး"



"ဘာဖြစ်လို့လဲ"

"ငါလည်း ဘယ်လို ပြောရမယ်မှန်းတောင် မသိတော့ဘူး။ အေးလေ.. နောက်ဆုံးကျတော့လည်း အဖျားရှူးချင် ရှူးသွားမှာ၊ ဒါပေမဲ့ အက်ဖ်ရိုမ်တော့ ကပေါက်ချိကပေါက်ချာတွေ ဖြစ်ကုန်ပြီ ထင်တာပဲ"

"ရှင်းရှင်း ပြောစမ်းပါဗျာ"

"ကင်းနိုယတ်ဆီက သင်္ဘောကြီး ရောက်နေတဲ့ နေရာနဲ့ မိုးလေဝသ သတင်းအခြေအနေ အစီရင်ခံစာ မှန်မှန်ကြီး ရနေတယ်၊ ကင်းနိုယတ်ရဲ့ သံကြိုးအရ သူတို့သင်္ဘော တာရာမုန်တိုင်းနဲ့ တိုးနေပြီတဲ့၊ ဟော့.. နေစမ်းပါဦး။ အဲဒီမုန်တိုင်း လာနေတယ် ဆိုတာကော မင်း သိသလား"

"သိပါ့ဗျာ.. ဆီတဲလ်မှာကတည်းက မိုးလေဝသ သတင်းကို ဖတ်ပြီးပါပြီ၊ ဒါပေမဲ့ ခင်ဗျား ပြောချင်တာကို ကျွန်တော်တော့ နားမလည်နိုင်တော့ဘူး"

"မင်း ငါပြောတာ ဆုံးအောင် နားထောင်ရင် နားလည်လာမှာပေါ့။ အဲ.. ကင်းနိုယတ်ရဲ့ အလိုအရတော့ ချုလင်ဂျာဟာ တာရာလေမုန်တိုင်းနဲ့ တိုးနေပြီ အပျက်အစီး အထိအခိုက် ရှိတယ်၊ လူနှစ်ယောက် ဒဏ်ရာရသွားတယ်တဲ့"

"အက်ဖ်ရိုမ်ရဲ့ အလိုကတော့ကောဗျာ"

"တစ်နာရီ ၁၇ မိုင်နှုန်းနဲ့ ပုံမှန်ခုတ်မောင်းနေတယ်တဲ့၊ ကင်းနိုယတ်ကတော့ တစ်နာရီ ၈ မိုင်နှုန်းအထိ လျှော့ချပြီး ခုတ်မောင်းနေရတယ်တဲ့၊ ငါတော့ နားကို မလည်နိုင်တော့ဘူး"

"ခင်ဗျားက မက်ကေးဆီ ဝိုင်ယာလက်နဲ့ လှမ်းမေးပြီးပလား"

"အခု ငါက လှမ်းမေးတော့မလို့ လုပ်နေတုန်း မင်းဆီက တယ်လီဖုန်းလာတာပါပဲ"

"မမေးနဲ့ဦး ခင်ဗျ၊ အက်ဖ်ရိုမ်နဲ့ ပတ်သက်ပြီး လေသံတောင် မဟနဲ့ဗျို့"

ဟာပါက စိတ်တိုတိုနှင့် ပြန်ဖြေသည်။

"ဘာပြုလို့ မမေးရမှာလဲကွ"

"ဘာပြုလို့လဲ ဆိုတာကိုတော့ မပြောတတ်သေးဘူး၊ စိတ်ထဲက မမေးသင့်ဘူးလို့ ထင်လာလို့၊ ဒါနဲ့ အဲဒီစက်ကို ဘယ်တုန်းက သင်္ဘောပေါ်မှာ တပ်လိုက်တာလဲ"

"လွန်ခဲ့တဲ့ ၆ လက တပ်ခဲ့တာကွ"

"အဲဒီ ၆ လအတွင်းမှာ သံကြိုးစက်ရိုက်သမားက ပို့တဲ့ သတင်းနဲ့ အက်ဖ်ရိုမ်က ပို့တဲ့ သတင်း ကွဲလွဲဖူးတာများ ရှိခဲ့ဖူးသေးသလား"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါမှ မရှိခဲ့သေးဘူး။ ဒါပေမဲ့ ကွန်ပျူတာစနစ်လည်း မှားနိုင်သေးတာပဲ မဟုတ်လား"

"သတင်းပို့တဲ့ အချိန်ချင်း ကွာနေလို့များလား"

"ငါကိုယ်တိုင် စစ်ပြီးပါပြီ၊ အချိန် သိပ်မကွာဘူး"

"ဟိတ်ခ်မှာ ရှိတဲ့ အပြည်ပြည်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်ဌာနက လူတွေနဲ့ နည်းနည်းပါးပါး မေးစမ်းကြည့်ချင်တယ်၊ တယ်လီဖုန်းနံပါတ်ကလေး ဘာလေးများ ရနိုင်မလား"

"ခဏနော်"

ဟာပါက တယ်လီဖုန်းနံပါတ်တစ်ခုကို ရွတ်ပြသည်။ ပြီးမှ—

"မင်း အဲဒီကို အချိန်မရွေး ဆက်လို့ ရမယ် ထင်တယ်၊ သူတို့ဆီမှာ ၂၄ နာရီလုံးလုံး အချိန်ပြည့် ဖြေမယ့်လူ ရှိတယ်၊ နေပါဦးကွ. . ငါ မက်ကေးဆီ မေးမယ့်ကိစ္စကို ဆိုင်းထားရဦးမှာလား"

"ဟုတ်ကဲ့၊ ကျွန်တော် အက်ဖ်ရိမ် ပျက်နိုင် မပျက်နိုင် မေးကြည့်ချင်သေးတယ်"

"သူ ပျက်သွားတာပဲ ဖြစ်ရမှာပေါ့၊ တခြား ဘာများ ဖြစ်နိုင်စရာ ရှိသေးလို့လဲ"

"ဖြစ်နိုင်တာပေါ့၊ သင်္ဘောကြီးကတော့ ပုံမှန်အတိုင်း ခုတ်မောင်းနေတယ်၊ ဒါပေမဲ့ ကင်းနိုယတ်က ဆက်သွယ်ရေးစခန်းထဲမှာ မူးပြီး သူ မူးပြီး ယိုင်နေတာကို သင်္ဘောကြီး ယိုင်နေတာလို့ ထင်ပြီး. . ."

"ဘာလဲ. . ဒီကိစ္စဟာ တမင် နောက်ပြောင်လိုက်တာလို့ မင်းက ဆိုချင်သလား"

"ဒါ သင်္ဘောမရှိးတဲ့ အနိဋ္ဌာရုံ ပြက်လုံးမျိုး ဖြစ်နိုင်တယ်"

❑

တိတိကျကျ သွက်လက်ချက်ချာစွာ ပြောတတ်ဆိုတတ်သော မစ္စဗန်ဒါပလော့စ် ဆိုသူက အက်ဖ်ရိမ်က မဟုတ်မမှန်သော သတင်းများကို လွှင့်ထုတ်ရန် လုံးဝ မဖြစ်နိုင်ကြောင်း၊ ပျက်ပျက်သွားခဲ့သော် ကိုးရိုးကားရားနှင့် အဓိပ္ပာယ်



မပေါ်သော သတင်းများကိုသာ လွှင့်ထုတ်မည် ဖြစ်ကြောင်း၊ မမှန် သတင်းမျိုးတော့ လုံးဝ မဖြစ်နိုင်ကြောင်း အခိုင်အမာ ဖြေသည်။

ပြီးတော့ ဆူလီဗန်နှင့် စကားပြောနေစဉ် တစ်ဘက်က စက်ချွတ်ယွင်းမှု ရှိ မရှိကို စုံစမ်းခိုင်းခဲ့ကြောင်း၊ စက်ချွတ်ယွင်းမှု လုံးဝ မရှိပါကြောင်း ထပ်ဖြေသည်။ အကယ်၍ အက်ဖ်ရိမ်က သင်္ဘောကြီးသည် တစ်နာရီ ၁၈ မိုင်နှုန်းနှင့် ခုတ်မောင်းနေသည်ဆိုသော် သူ ပို့သည့် သတင်းကသာ ကေန်အမှန် ဖြစ်ကြောင်း ဖြေသည်။ သူ့လေသံအရ ကြေးနန်းစက်ရိုက်သမား လူသားတစ်ဦးက အက်ဖ်ရိမ်ထက် မှန်ကန်တိကျသည် ဆိုသည့် အချက်ကို မခံချိမခံသာ ဖြစ်နေပုံရသည်။

ဆူလီဗန်သည် ကျေးဇူးတင်စကား ပြောပြီးနောက် တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချပြီး စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ ဆူလီဗန်တစ်ယောက် အနောက်ဘက် ကမ်းခြေဒေသသို့ ယခုတစ်ကြိမ်သည် ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်း ဖြစ်သည်။ သူသည် သည်နယ်ဘက်တွင် အသိအကျွမ်း အဆက်အသွယ် မရှိသေးချေ။ နယူးယော့မြို့ရှိ ဆိပ်ကမ်းအာဏာပိုင်ရုံးမှ 'ဘီလ်ဘဲရစ်ချ်' ကို တယ်လီဖုန်းဆက်ပြီး သူ တွေ့သင့်သည့် လူနာမည်ကို မေးမှ ဖြစ်မည်။ ယခု ချဲလင်ဂျာပေါ်တွင် မဟုတ်မဟတ် ကိစ္စတစ်ခုတော့ ဖြစ်နေပြီဟု မသင်္ကာစရာ အချက်အလက်ကလေး တစ်ခုကို တွေ့ရှိခဲ့ရလေပြီ။ အရေးကြီးတာကတော့ ထိုကိစ္စကို ဒီပြင်လူများ ယုံကြည်လာအောင် ရှင်းလင်းပြောပြနိုင်ဖို့ပင် ဖြစ်သည်။

❑

ညနေ ၃ နာရီထိုးသွားသောအခါ သူ လုပ်သင့်လုပ်ထိုက်သည်ဟု ထင်သမျှ ကိစ္စအားလုံးကို ဆူလီဗန်က ဆောင်ရွက်ပြီးခဲ့ပြီးလေပြီ။ နယူးယော့ ဆိပ်ကမ်းအာဏာပိုင်ရုံးမှ ဘီလ်ဘဲရစ်ချ်က ဆန်ဖရန်စစ္စကို ဆိပ်ကမ်းအာဏာပိုင်ရုံးမှ ချန်ဒလာနှင့် သွားတွေ့ရန် အကြံပြုခဲ့သည်။

ချန်ဒလာက ယခု ဆန်ဖရန်စစ္စကို ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်မည့် ဗြိတိသျှပိုင် ရေနံတင်သင်္ဘောကြီးပေါ်တွင် မဟုတ်မဟတ် ဖြစ်နေပြီဆိုသည့် အချက်နှင့် ပတ်သက်၍ သက်သေပြစရာ အထောက်အထား တစ်ခုမှ မရှိကြောင်း ပြန်ထောက်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲလေ... ကြေးနန်းစက်ရိုက်သမားက သူတို့ လေမုန်တိုင်းမိနေပြီလို့ ပြောတယ်၊ အဲဒီအချိန်မှာ အက်ဖရိမ်ကတော့ သင်္ဘောကြီးဟာ ပုံမှန်အတိုင်း ခုတ်နေပါတယ်လို့ ကွဲလွဲတာက လွဲရင်ပေါ့လေ"

"လေမုန်တိုင်းဟာ လမ်းကြောင်းပြောင်းတတ်တာပဲ၊ ပြီးတော့လည်း စက်ဆိုတာ ချို့ယွင်းသွားတတ်တာမျိုးပဲ"

ချန်ဒလာက ဆေးတံကို မီးညှိရင်း ယဉ်ယဉ်ကျေးကျေး ပြန်ဖြေလိုက်သည်။ ဆူလီဗန်ကလည်း ခေါင်းမာသည်။

"ဒါပေမဲ့ ကျွန်တော် ဟိတ်ခ်က လူတွေနဲ့ မေးမြန်းပြီးပါပြီဗျ"

"သူတို့လုပ်တဲ့ စက်ကို သူတို့က ယုံကြည်မှု အပြည့်အဝ ရှိတယ်ဆိုတာ ဆန်းသလားဗျာ၊ အဲလေ... တကယ့်ကို အရေးတကြီး ဖြစ်လာပြီဆိုတဲ့အခါမျိုးကျရင် ကျုပ်ကလည်း အထက်ပိုင်းကို ရောက်တဲ့အထိ ခပ်မြန်မြန်သတင်းပို့ပေးနိုင်ပါတယ်"

"ဘယ်လောက်အဆင့်အထိလဲ"

ချန်ဒလာက လက်ချောင်းများကို တစ်ချောင်းချင်း ထောက်ပြီး ရေတွက်ပြသည်။

"တစ်– ကျုပ်ရဲ့ ဆရာသမား အိုဟာရာ၊ ဒုတိယအဆင့်ကတော့ မြို့တော်ဝန်ပဲ၊ သူက အက်ဖ်ဘီအိုင်ကို လှမ်းအကြောင်းကြားချင် ကြားမယ်၊ အဲလေ.. ကမ်းခြေစောင့်တပ်ကို အရင် အကြောင်းကြားဦးမှာပါ။ အဲ.. တကယ်လို့ သိပ်ကို အရေးကြီးလာပြီ ဆိုရင်တော့ ပြည်နယ် အုပ်ချုပ်ရေးမှူး (ဘုရင်ခံ) အဲလက်မက်ဂိုဝမ်ဆီကို ဆက်သွယ်မယ်၊ သူ အခု ဆွစ်ဇာလန်ကို အနားယူအပန်းဖြေခရီး ထွက်နေရာက ပြန်ရောက်ခါနီးပါပြီ"

ဆူလီဗန်က ဒုတိယအဆင့်အနေနှင့် ထပ်ဆက်သွယ်သည့် ဌာနမှာ အက်ဖ်ဘီအိုင်ပင် ဖြစ်သည်။ အက်ဖ်ဘီအိုင်မှ စုံထောက်နှစ်ဦး သူ့ထံသို့ နာရီဝက်အတွင်း ရောက်ရှိလာကြသဖြင့် အံ့အားသင့်ခဲ့ရသေးသည်။ စုံထောက်တစ်ဦး၏နာမည်မှာ ဖော်စတာ ဖြစ်ပြီး ကျန်တစ်ဦး၏ နာမည်ကို သူ မမှတ်မိလိုက်ချေ။ သူတို့နှစ်ဦးသည် သူ ပြောသမျှကို ယဉ်ယဉ်ကျေးကျေးနှင့် ဂရုတစိုက် နားထောင်ကြသည်။ ထို့နောက် ဖော်စတာသည် ချန်ဒလာ့ လေသံအတိုင်း တစ်သဝေမတိမ်း ပြန်ဖြေသည်။



"တကယ်လို့သာ အထောက်အထား ခိုင်ခိုင်လုံလုံ ပြနိုင်မယ်ဆိုရင်"

အက်ဖ်ဘီအိုင်မှ စုံထောက်နှစ်ဦး၊ စိန့်ဖရန့်စစ်ဟိုတယ်မှ ပြန်သွားသောအခါ ညနေ ၄ နာရီထိုးလေပြီ။ သို့သော် မည်သူကိုမှ စိတ်ဝင်စားအောင် မီးထိုးပေးနိုင်စွမ်း မရှိခဲ့ကြောင်း သူ သိလိုက်သည်။ ၎င်းအပြင် ချဲလင်ဂျာသည် ၁၆ နာရီ အကြာတွင် ဆန်ဖရန့်စစ္စကိုသို့ ရောက်ရှိလာပေတော့မည်။

❑❑❑

www.burmeseclassic.com

## – တစ်ဆယ့်သုံး –

တနင်္လာနေ့ည ၁၀ နာရီတွင် တာရာမှန်တိုင်းမှ အဖျားအနားသားများသည် ချဲလင်ဂျာကို စတင်နှိပ်စက်ကြသည်။ အလွန်ကြီးမားသော လှိုင်းကြီးရေများက ချဲလင်ဂျာကို မှန်မှန် လာရောက် ရိုက်ခတ်လာကြသည်။ အကယ်၍သာ လှိုင်းလုံးကြီးများသည် ယခုထက် ပိုကြီးမားလာပါက ကောင်းစွာ အန္တရာယ်ပေးနိုင်သည်ကို သိသော မက်ကေးသည် စိုးရိမ်ပူပန်စပြုလေပြီ။

ဗြိတိသျှသင်္ဘောသားများ၏ တန်ပြန်ထိုးစစ်ကို လေမုန်တိုင်း အထန်ဆုံး အချိန်တွင် စတင်တိုက်ခိုက်ရန် စီစဉ်ထားသည်။ 'မလုပ်ရ' ဆိုသော မက်ကေး၏ တစ်ချက်လွှတ်အမိန့်ကို တစ်ချိန်ချိန်တွင် ပြန်ရုပ်သိမ်းပေးလိမ့်မည် ဆိုသော မျှော်လင့်ချက်နှင့် တန်ပြန်ထိုးစစ်ကို ဘင်းနက်က အသေးစိတ်အကွက်ချပြီး စီစဉ်ထားသည်။

သင်္ဘောသား အားလုံး ၂၈ ယောက် ရှိသည်။ ဒီအထဲတွင် အင်ဂျင်စက်ခန်းထဲ၌ ၆ ဦး (မန့်မပါ)၊ ပဲ့စင်ပေါ်တွင် ၃ ဦး (မက်ကေး၊ အစောင့်တာဝန်ကျအရာရှိတစ်ဦးနှင့် ပဲ့ကိုင်တစ်ဦး) နှင့် မီးဖိုချောင်ထဲတွင် စားပွဲထိုးနှင့် ထမင်းချက်တို့ အချိန်ပြည့်လိုလို ရှိနေကြသည်။ ထို့ကြောင့် ၁၁ ယောက် တာဝန်ကျနေချိန်တွင် (မန့် မပါ) ၁၆ ယောက်သည် မာလိန်မှူး နေ့ပိုင်း၌ သုံးစွဲသော အခန်းထဲ



၌ အလျောင်ခံနေကြရသည်။ ဤ ၁၆ ယောက်ကို ပထမဦးဆုံး ကယ်တင်ရန် ဘင်းနက်က ကြိုတွက်ထားသည်။

ဘင်းနက်က မက်ကေးကို မြေပုံခန်းထဲတွင် ရှင်းပြခဲ့သည်။

"ပထမဦးဆုံး လီကက်ကို ဖြိုရမယ်၊ ပြီးရင် ကျွန်တော့်အခန်းကို ကျွန်တော် ပြန်တဲ့အခါ နောက်က လိုက်ပို့လေ့ရှိတဲ့ အစောင့်လူဆိုးကို အခန်းရောက်ခင် လမ်းမှာ ကျွန်တော်နဲ့အတူ မန့်က ကူရှင်းပေးရမယ်၊ အဲဒီနောက်တော့ သူနဲ့ ကျွန်တော်၊ ဟိုအခန်းရှေ့မှာ စောင့်နေတဲ့ လူဆိုးကို လက်ညီတက်ညီ ရှင်းရမယ်"

သင်္ဘောသားများ လွတ်မြောက်လာစေရေးအတွက် တစ်ဆင့်ပြီး တစ်ဆင့် ချမှတ်ထားသော အစီအစဉ် ဖြစ်သည်။ တစ်ဖန် ဘင်းနက်က သုံးစွဲရမည့် လက်နက်များ ကိစ္စကိုပါ ကြိုတင်စဉ်းစားခဲ့သည်။ သူ့ကို လိုက်ပို့သည့် အစောင့်လူဆိုးကို ရှင်းပြီးသောအခါ ပစ္စတိုသေနတ်တစ်လက် ရရှိလာမည်။ မာလိန်မှူး၏ နေ့ရုံးခန်းရှေ့၌ စောင့်နေသူ လူဆိုးကို ရှင်းပြီးသောအခါ နောက်ထပ် ပစ္စတိုတစ်လက် ရရှိလာမည်။ ကျန်လူများကတော့ ယခုထက်တိုင် မန့် ပုန်းအောင်းနေသော ဗီရိုထဲမှ ပစ္စည်းများကို လက်နက်အဖြစ် အသုံးပြုနိုင်မည်။ ဥပမာ– ကြိုးခွေများကို ကြိုးကွင်းများ ဖြစ်အောင် လုပ်ပြီး လည်ပင်းကို ညှစ်ရာတွင် အသုံးပြုနိုင်လိမ့်မည်။ ဘင်းနက်သည်လည်း လီကက်လိုပင် သူ့နည်းသူ့ဟန်နှင့် ယှဉ်ရဲကိုင်ရဲသူ တစ်ဦးပင်တည်း။

သို့သော် ထိုအစီအစဉ် တစ်ခုလုံးသည် လီကက်ကို အပြတ်ဖြိုရေးကိစ္စတွင် အခြေခံသည်။ သင်္ဘောကြီးကို ဦးစီးနိုင်ရေးအတွက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် တိုက်ပွဲ ဆင်နွှဲကြရပြီးနောက် ဝင်းတား သေဆုံးသွားခဲ့သော် လီကက်က ခေါင်းဆောင်အဖြစ် မကျန်ရစ်ခဲ့ဖို့က ပိုအရေးကြီးသည်။ သီတက်သာ ခေါင်းဆောင်အဖြစ် ကျန်ရစ်ခဲ့သော် သူတို့ကို လူမဆန်စွာ ရက်ရက်စက်စက် လက်စားချေတော့မည်မှာ သေချာကြောင်း မက်ကေးရော ဘင်းနက်ပါ သဘောရကြသည်။ ဒီတော့ လီကက် အရင်ဆုံး သေမှ ဖြစ်မည်။

မာလိန်မှူးသည် ဘင်းနက်၏ တင်ပြချက်ကို စိတ်လက် မကြည်မသာနှင့် နားထောင်နေသည်။ မက်ကေးသည် အကြမ်းဖက်မှုကို မလိုလားချေ။ ပြီးတော့ သေနတ်ကိုင်လူဆိုးများက တစ်ပန်းသာသည်ဟု သူ ထင်နေသည်။ သောလောဆယ်ဆယ်တွင် မန့်က လီကက်အား အပြတ်ရှင်းရေး ကိစ္စကို သဘောတူလိုက်သော်လည်း ကျန်အစီအစဉ်ကို လုပ်ခွင့်မပြုသေးချေ။ မက်ကေး

www.burmeseclassic.com



တစ်ယောက် ထိုကိစ္စကို စဉ်းစားနေစဉ် တာရာမုန်တိုင်းက ချဲလင်ဂျာအနားသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

တစ်ဖန် ဘင်းနက်၏ အစီအစဉ်တွင် ပါသည့်အတိုင်း အကွက်တစ်ကွက် ဝင်လာလေပြီ။ အစောင့်လူဆိုးများသည် လှိုင်းမူးသည့်ဒဏ်ကို စတင် ခံစားနေကြရလေပြီ။ လေမုန်တိုင်း တိုက်ခတ်မှု အဆိုးရွားဆုံးအချိန်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် လူဆိုးများအား ပြန်လည်ထိုးစစ် ဆင်နွှဲရန် စီစဉ်ထားသည်မှာ အလကား မဟုတ်ချေ။ ထိုအချိန်တွင် ရေပက်မဝင်အောင် စီစဉ်ထားသော ဝင်းတား၏ လုံခြုံရေးစီမံကိန်းသည် အရာမထင်ဘဲ ရှိနေလိမ့်မည်ဟု ကြိုတွက်ထားသောကြောင့် ဖြစ်သည်။

လေထန်စပြုလေပြီ။ ဘင်းနက်နှင့် မက်ကေး ရှိရာ ပွဲစင်ပေါ်သို့ တက်လာသော လီကက်သည် ကြိုတင်မှန်းဆရန် ခက်ခဲသော လေပြင်းတိုက်ခတ်မှုကို မှန်းတီးသူ ဖြစ်သည်။ သူ ပွဲစင်ရှေ့နားတွင် ရပ်နေစဉ် လေပိုထန်လာပြီး ပင်လယ်ရေပြင်တစ်ခုလုံး မြင့်တ...က်လာသည်။ လှိုင်းလုံးကြီးများသည် သင်္ဘောကို အရပ် ၈ မျက်နှာမှ လာရောက်ထိတွေ့နေကြသည်။ မှောင်ကြီးမည်းမည်းထဲတွင် သင်္ဘောကြီးသည် (ပုခက်ကြီး တစ်ခုလို) ယိမ်းထိုးနေသည်။ ပွဲစင်ကြီးသည် ဟိုယိမ်း ဒီယိုင် ဖြစ်နေသဖြင့် လီကက်က ခြေနှစ်ဖက်ကို ခပ်ချဲချဲ ခွဲ၍ ရပ်နေရသည်။

လီကက်သည် ပွဲစင်၏ မှန်ပြူတင်းမှ အပြင်သို့ လှမ်းကြည့်လိုက်၏။ လှိုင်းလုံးကြီးများသည် ရှုတ်တရက် မြင့်တက်လာကြပြီး သင်္ဘောကြီးပေါ်သို့ ဝုန်းခနဲ လိမ့်ဆင်းလာကြသည်။ ဘယ်နေရာကိုပဲ ကြည့်ကြည့် လှိုင်းလုံးကြီးများ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်ကို မြင်နေရသည်သာ။ မက်ကေးက လီကက် ကြားလောက်အောင် အသံကို မြှင့်၍ အော်ပြောလိုက်၏။

"ဒါကောင် လေမုန်တိုင်းနဲ့ တကယ် တွေ့ရသေးတာ မဟုတ်ဘူး နောက် တစ်နာရီလောက် ကြာရင် တန်ချိန် ငါးသောင်း ရှိတဲ့ ဒီသင်္ဘောကြီး ဟာ လှော်တဲ့ လှေကလေးတစ်စင်းလို တလူးလူး တလွန့်လွန့် ရှိနေလိမ့်မယ်"

"ဘာပဲပြောပြော ခင်ဗျားကတော့ နိုင်နိုင်နင်းနင်း ထိန်းထားနိုင်မှာပဲ မဟုတ်လား"

ဝင်းတား၏ အသံပင်တည်း။ ဝင်းတားသည် ပွဲစင်ပေါ်သို့ တိတ်တဆိတ် တက်လာပြီးနောက် ဝင်ပြောလိုက်ခြင်း ဖြစ်သည်။



"ခင်ဗျားက ပစိဖိတ်သမုဒ္ဒရာထဲက လေမုန်တိုင်းတွေအကြောင်း သိပ်မသိသေးဘူး ထင်တယ်၊ ခင်ဗျား အရင်ကကော လေမုန်တိုင်းနဲ့ တွေ့ဖူးသလား"

"ဟင့်အင်း၊ ကျုပ် အေဂျီယင်ပင်လယ်ထဲမှာတော့ သွားဖူးလာဖူးတယ်"

"အေဂျီယင်ပင်လယ်လည်း ဆိုးတော့ ဆိုးတာပဲ၊ ဒါပေမဲ့ ပစိဖိတ်ဆိုတာက သမုဒ္ဒရာအကြီးကြီး၊ ဒီမှာ သဘာဝက သူ့မှာရှိတဲ့ အင်အား အပြည့်အဝကို အစွမ်းကုန် ထုတ်ပြနိုင်တဲ့ အနေအထားမှာ ရှိတယ်၊ ဒီကနေ့ည တွေ့ကြုံရမယ့် ကိစ္စဟာ လူတွေ တီထွင်ထားတဲ့ အဏုမြူဗုံးဆိုတာနဲ့ ယှဉ်လိုက်ရင် အဏုမြူဗုံးကတောင် မီးခြစ်ဆံ မီးတောက်ကလေးလောက်ပဲ ရှိတော့မှာ"

ရေနံတင်သင်္ဘောကြီးသည် လှေကလေးတစ်စင်းလို ကပြောင်းကပြန် ဖြစ်လိမ့်မည် ဆိုသော မှတ်ချက်ကြောင့် လီကက်တစ်ယောက် ထိတ်ခနဲ ဖြစ်ခဲ့ရသည်။ ယခု အဏုမြူဗုံး ဆိုသော စကားကြောင့် သူ သိပ်ကြောက်သွားရှာသည်။ လီကက်သည် သင်္ဘောဦးပိုင်းရှိ လက်သမား စတိုခန်း ရှိရာသို့ မကြာခဏ ဆိုသလို လှမ်းလှမ်းကြည့်နေမိသည်။ ထိုလက်သမား စတိုခန်းထဲတွင် သူ တိတ်တဆိတ် ထည့်ဝှက်ထားသော အဏုမြူဗုံးကြီးတစ်လုံး ရှိနေသည် မဟုတ်ပါလား။ သူ ထည့်သိုထားပုံ နည်းစနစ် မကျသောကြောင့် သင်္ဘောကြီး တစ်စင်းလုံး လေမုန်တိုင်းဒဏ်ကြောင့် ဖြောင်းဆန်နေချိန်တွင် ထိုအဏုမြူဗုံးကြီးသည် စီဖြူသီး ဆန်ကောထဲ ထည့်လှိမ့်သလို ဟိုနံရံနှင့် သွားထိလိုက်၊ ဒီနံရံနှင့် သွားရိုက်လိုက်နှင့် ခလောက်ဆန်နေလေမည်လား။ ထိုအတွေးကြောင့် သူ့လက်ဖဝါးများတွင် ချွေးစို့လာသည်။ ပြီးတော့လည်း မက်ကေးက ခုထက် အခြေအနေ ပိုဆိုးလာစရာ ရှိသေးသည်ဟု ဆိုထားပြန်သေးသည်။

❑

ဝင်းတားက မက်ကေးကို သတိပေးလိုက်သည်။

"နောက် ၂၄ နာရီအတွင်း ကျုပ်တို့လူစု ဒီသင်္ဘောကြီးပေါ်က ခွာကြတော့မှာ၊ ဒီတော့ ခင်ဗျားတို့အတွက် ထမင်းလုံး တစ်ခွေခြောက်ပဲလောက်ပဲ ဖြစ်ကျန်လိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့ကို ခံချဖို့ ဘင်းနက် ကြံစည်နေတဲ့ ရှ

www.burmeseclassic.com

www.burmeseclassic.com



သွပ်သွပ် စိတ်ကူးစိတ်သန်းကို ခပ်စောစောကတည်းက လက်လျှော့လိုက်ပြီ အကြံပေးချင်တယ်၊ အရာရောက်မှာလည်း မဟုတ်ပါဘူးလေ”

သူ တအံ့တသြ ဖြစ်သွားကြောင်း ဝင်းတား မသိစေလိုသဖြင့် မက်ကေး သည် ဦးထောင်သွားသော သင်္ဘောရှေ့ပိုင်းဆီသို့ လျှောက်သွားသည်။ ပထမ အရာရှိ ဘင်းနက်၏ အကြံအစည်မှာ အထမမြောက်နိုင်ဟု သူကလည်း ထင်ထားသည်။ သို့တိုင်အောင် အလိုလို ကြိုသိနေပုံရသော ဝင်းတား၏ စိတ် ကို သူ သိပ်အံ့သြသွားသည်။ ထိုည သန်းခေါင်ယံတွင် လေမုန်တိုင်းအဖော်ကြောင့် ပွဲစင်ပေါ်၌ ပြောင်းဆန်နေသလို တစ်ဖက်နှင့် တစ်ဖက်လည်း တင်းတင်းမာမာ ဖြစ်နေကြသည်။

ဒီညတွင်လည်း ဆန့်ဖရန့်စစ္စကိုသို့ ရောက်ရင် သူတို့ လူစုကို ဘယ်လို လုပ်မှာလဲဟု မက်ကေးက ဝင်းတားကို ထပ်မေးခဲ့သည်။ သို့သော် ဝင်းတားက လည်း ခါတိုင်းလိုပင် ဘာမှမပြောဘဲ ငြင်းဆန်မြဲ ငြင်းဆန်နေသည်။ တစ်ဖန် သင်္ဘောပေါ်ရှိ မီးအားလုံး မှိတ်ရေး မမှိတ်ရေး ကိစ္စနှင့် ပတ်သက်၍လည်း တင်းတင်းမာမာ ပြောခဲ့ ဆိုခဲ့ကြရသေးသည်။ မက်ကေးက သမုဒ္ဒရာကြီး၏ အလယ်တွင် အနည်းဆုံး ရေကြောင်းပြမီးလောက်ကိုပင် မထွန်းညှိဘဲ သင်္ဘော ကို ခုတ်မောင်းခြင်းမှာ ကြီးမားလှသော ရာဇဝတ်မှုပင် ဖြစ်သည်ဟု ခပ်ထန်ထန် ပြောခဲ့သည်။

သို့သော် ဝင်းတားက သင်္ဘောပေါ်ရှိ မီးအားလုံးကို မှိတ်ထားရမည်ဟု အတင်းအကျပ် ခိုင်းစေခဲ့သည်။ ထိုသို့ လုပ်ခိုင်းခြင်းမှာ ထိုအချိန်က ဤနေရာ တစ်ဝိုက်တွင် လာရောက် စခန်းချနေသော အမေရိကန် မိုးလေဝသ သင်္ဘော ‘ချမ်ပလိန်’ နှင့် အဆက်အသွယ် လုံးဝ မရှိစေလိုသောကြောင့် ဖြစ်သည်။ အကယ်၍ လုံးဝမီးမထွန်းဘဲ ခုတ်မောင်းသွားခဲ့သော် သူတို့ကို ချမ်ပလိန်က လှမ်းမမြင်ဘဲ ရှိဖို့ များသည်။ သို့သော် တစ်စင်းနှင့် တစ်စင်း မှောင်မှောင် မည်းမည်းထဲတွင် မတိုးမိခဲ့ရင်ပေါ့လေ။

ပင်လယ်ထဲတွင် ခုတ်မောင်းနေသော ရေနံတင်သင်္ဘောကြီးများ အတွက် ကြောက်စရာကောင်းသည့် ကိစ္စ ၄ မျိုး ရှိသည်။ ထို ၄ မျိုးမှာ မုန်တိုင်းမိခြင်း၊ သင်္ဘော တစ်စင်းနှင့် တစ်စင်း ဝင်တိုးမိခြင်း၊ သင်္ဘောပေါ်တွင် ပေါက်ကွဲမှု တစ်စုံတစ်ရာ ဖြစ်ပွားခြင်း၊ သင်္ဘောပျက်ခြင်း စသည်တို့ ဖြစ်သည်။ ယခု ချဲလင်ဂျာသည် မုန်တိုင်းနှင့် ဝင်တိုးနေရသည့်အပြင် ဝင်းတားကြောင့်



‘ချမ်ပလိန်’ နှင့် ဝင်တိုးမိမည်ကိုပါ စိုးရိမ်နေရသေးသည်။ ‘ဘင်းနက် ပြောတာ မှန်တယ်၊ ဒီလူဆိုးတွေက တို့ အားလုံးကို မသတ်ခင် တို့က သူတို့ကို အရင် သတ်ဖို့ လုပ်မှ ဖြစ်မယ်’ ဟု မက်ကေးက တွေးလိုက်မိသည်။

ပွဲစင်ခန်းထဲတွင် ပွဲကိုင်ဘီးပေါ်ရှိ မီးလုံးတစ်လုံးနှင့် အိမ်မြှောင် ထားရှိရာ ကိရိယာ(အိမ်မြှောင်စင်)မှ ပေါ်ထွက်နေသော အလင်းရောင်တို့က လွဲရင် အခြား မည်သည့်မီးမျှ မရှိချေ။ ထို့ကြောင့် မက်ကေးသည် မှောင်ထဲ တွင် ကောင်းကောင်းကြီး မြင်နေရသည်။ မက်ကေးသည် အောက်ဘက် ပေ ၆၀ အကွာရှိ ကုန်းပတ်ပေါ်မှ ကြွက်လျှောက်ပေါ်တွင် လူတစ်ယောက် သွားသည် ကို ရေးတေးတေး မြင်လိုက်ရသဖြင့် သူ့ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ချက်ချင်းလိုလိုပင် အရပ်ပုပု၊ ပခုံးကျယ်ကျယ်နှင့် ဖျတ်လတ်သော သွားဟန် လာဟန်ကို ကြည့်ပြီး ထိုသူမှာ လီကက် ဖြစ်ကြောင်း သိရသည်။ ယခုလို အချိန်အခါမျိုးတွင် သူက ဘာပြုလို့ သင်္ဘောဦးကို သွားရပါလိမ့်။

❑

ကိုယ်ရောင်ဖျောက်နေသော မန့်သည် ကုန်းပတ် သန့်ရှင်းရေး ပြုလုပ် သည့် ပစ္စည်းများ သိုလှောင်ထားရာ ဗီရိုကြီးထဲတွင် မည်သူကမျှ ရှာမတွေ့ဘဲ ပုန်းအောင်းနေနိုင်ခဲ့သည်။ မန့်က ဗီရိုတံခါးကို သတိကြီးစွာထား၍ အနည်းငယ် မျှ ဖွင့်ကြည့်လိုက်၏။ သူ ဖွင့်ကြည့်ချိန်မှာ ည ၁၂ နာရီထိုးလုပေပြီ။ ဤတွင် အတွင်းစင်္ကြံလမ်းတစ်လျှောက် ဗီရိုရှေ့မှ ဖြတ်လျှောက်သွားသော လီကက်ကို မြင်လိုက်ရသည်။

ထိုအချိန်တွင် မန့်သည် ရစ်ဂလီ လာပို့ထားသော ဘီယာ နှစ်လုံးနှင့် အသားညှပ်ပေါင်မုန့်တို့ကို စားသောက်ပြီးခါစ ဖြစ်သည်။ သူသည် ရေပုံးများ၊ တံမြက်စည်းများကြားတွင် ကျဉ်းကျပ်စွာ နေခဲ့ရသဖြင့် သူ့တစ်ကိုယ်လုံး ထုံကျဉ် ကိုက်ခဲနေသည်။ အကယ်၍သာ ယခုအချိန်တွင် လီကက်နှင့် တစ်ယောက်ချင်း ရင်ဆိုင်ရမည် ဆိုလျှင် သူ တစ်ပန်းရှုံးပေတော့မည်။ သူက တံခါးကို ခပ်ကျယ်ကျယ် ဖွင့်လိုက်၏။

သူ ရှိရာမှ အဝေးသို့ တဖြည်းဖြည်း လျှောက်သွားပြီး ပျောက်ကွယ် သွားသော လီကက်မှအပ စင်္ကြံလမ်းထဲတွင် မည်သူမျှ မရှိ။ လီကက်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ထောင့်ချိုးတစ်ခုတွင် ကွေ့ဝင်ပျောက်ကွယ်သွားသည်အထိ စောင့်နေပြီးနောက် မန့်သည် ဗီရိုထဲမှ ထွက်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။ စကြံလမ်းသည် တစ်ဘက်သို့ စောင်းသွားသဖြင့် မန့်သည် ကိုယ်ကို ထိန်းရင်း ရှေ့သို့ တိုးသွားသည်။

သူ့ ညာဘက်လက်တွင် သံချွန်ကြီးတစ်ချောင်းကို လက်နက်အဖြစ် ကိုင်ထားသည်။ ပြီးတော့ အမှောင်ထုထဲတွင် တိုးဝင်ပျောက်ကွယ်နေအောင် ညစ်ပတ် ပေရေနေသော မီးခိုးရောင် သိုးမွေးဆွယ်တာ ထူထူ တစ်ထည်၊ မီးခိုးရောင် မာဖလာ တစ်ထည်နှင့် ဘောင်းဘီရှည် တစ်ထည်တို့ကို ဝတ်ဆင်ထားသည်။ သူ့ဖိနပ်ကလည်း အသံမမြည်သော ရာဘာအောက်ခံ ဖိနပ်။ ထောင့်ချိုးနားသို့ ရောက်သောအခါ မန့်က ရပ်၍ နားစွင့်လိုက်၏။ စကြံလမ်းထဲတွင် ထွန်းညှိထားသော မီးသီးများမှာ အားနည်းလှသည်။ သင်္ဘောကြီး ဘယ်ယိုင် ညာယိမ်း တိမ်းစောင်းနေသလို အရိပ်များကလည်း ဟိုရောက် ဒီရောက် ဖြစ်နေသည်။ သင်္ဘောကြီးသည် လှိုင်းလုံးကြီးများ၏ ရိုက်ခတ်မှုကြောင့် တကျွိကျွိ၊ တဝုန်းဝုန်း တဒိုင်းဒိုင်း မြည်လျက် ရှိသည်။ သူ ထိုထောင့်ချိုးကို ကွေ့လိုက်စဉ်မှာပင် တံခါးရွက်တစ်ချပ်က တဒိုင်းဒိုင်း မြည်၍ ပိတ်လိုက် ဖွင့်လိုက် ဖြစ်လာသည်။

ထိုတံခါးရွက်မှာ မန့် လှမ်းမျှော်ကြည့်နေသော စကြံလမ်းထဲသို့ လေကြမ်း ဝင်ရောက်တိုက်ခိုက်မှုနှင့် သင်္ဘောကြီး ယိမ်းယိုင်နေမှုကြောင့် ပိတ်လိုက် ဖွင့်လိုက် ဖြစ်နေခြင်း ဖြစ်သည်။ မကြာသေးမီက လီကက်သည် ဤစကြံလမ်းထဲ၌ ရှိနေခဲ့ပြီး သံလှေကားမှတစ်ဆင့် ကုန်းပတ်မကြီးပေါ်သို့ ဆင်းသွားပုံရသည်။ မန့်တစ်ယောက် အံ့ဩသွားသည်။ ဒီလို ညမျိုးမှာ ဒီငတိက ဘယ်ကို သွားတာပါလိမ့်။

မန့်က ပြုံးလိုက်မိသည်။ လီကက်တစ်ယောက် ကုန်းပတ်ပေါ် ဆင်းသွားလေပြီ။ ဒါထက် ပိုကောင်းသည့် အနေအထားမျိုး မရှိနိုင်တော့ပြီတည်း။ လေမုန်တိုင်း မိနေချိန်၌ အနေအထား တစ်ချက်ကလေး မှားသွားရုံနှင့် ပင်လယ်ထဲ ရောက်သွားနိုင်သည်။ သူသည် ပိတ်လိုက် ဖွင့်လိုက် ဖြစ်နေသော တံခါးဆီ လျှောက်သွားပြီး အနည်းငယ် ပွင့်သွားအောင် တွန်းဖွင့်ကြည့်လိုက်သည်။ ပြင်းထန်သော လေသည် တံခါးရွက်ကြားထဲမှ ဝင်လာပြီး သူ့မျက်နှာကို တိုက်ခတ်နေသည်။ သူက တံခါးရွက်ကို တဝုန်းဝုန်း မြည်မနေအောင် ပခုံးနှင့် တွန်း၍ ခံထားလိုက်၏။



သူ ညအမှောင်ထဲတွင် မျက်စိ ကျင့်သားရလာအောင် အတော်ကြာကြာ စောင့်နေလိုက်သည်။ မန့်သည် ရေလွှမ်းနေသော ကုန်းပတ်ပေါ်၌ လျှောက်သွားနေသည့် ခပ်ဝါးဝါး သဏ္ဌာန်ကို လှမ်းကြည့်နေသည်။ မှောင်ထဲတွင် လူပုံသဏ္ဌာန်ကို သဲသဲကွဲကွဲ မမြင်ရချေ။ လှုပ်ရှားနေသော ဝါးတားတား အရိပ်ကိုသာ တွေ့မြင်နေရခြင်း ဖြစ်သည်။ လီကက်သည် ကြွက်လျှောက်ပေါ် တက်သွားသည်။ နှုးလို့ပဲ ပြောပြော လီကက်သည် ပဲ့စင်မှ ခွာ၍ ဦးပိုင်းဆီသို့ သွားနေသည်မှာ သေချာသည်။ မန့်က သံချွန်ကြီးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်မိ၏။ ပိုကောင်းတာပေါ့။

မန့်သည် လီကက်တစ်ယောက် ကြွက်လျှောက်ပေါ်မှ ပျောက်ကွယ်သွားသည်အထိ စောင့်နေပြီးနောက် တံခါးကို ပြန်ပိတ်ပြီး ယိမ်းခါနေသော သံလှေကားပေါ်မှ အောက်ဆင်းလာသည်။ သူ အောက်သို့ ရောက်သောအခါ ကုန်းပတ်ပေါ်သို့ လှိုင်းလုံးကြီးတစ်ခု ရောက်ရှိလာသဖြင့် ဒူးဆစ်အထိ ရေစိုသွားသည်။ သူက လှေကားကို မြဲမြဲကိုင်ရင်း ပဲ့စင်ပေါ်သို့ မော့ကြည့်လိုက်၏။ ပဲ့စင်ပေါ်တွင် အလင်းရောင် မရှိချေ။ သင်္ဘောကြီးတစ်စင်းလုံး မှောင်မည်းနေသည်။ ပဲ့စင်ပေါ်ရှိ အစောင့် လူဆိုးသည် လှိုင်းမူးနေလိမ့်မည် ဖြစ်သဖြင့် ဝင်လယ်ပြင်ဘက်သို့ မည်သည့်နည်းနှင့်မျှ လှမ်းကြည့်နေလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် သူက ပဲ့စင်ကို လုံးဝ မစိုးရိမ်။ မက်ကေးက မြင်သွားခဲ့လျှင်လည်း ကိစ္စမရှိပါ။ သို့သော် သင်္ဘောတစ်စင်းလုံး မှောင်နေသည့်အတွက် သူ အနေ ကြောင်ကြောင် ဖြစ်သွားသည်။ မီးပြတ်လို့ ထင်ပါရဲ့လေ။ သင်္ဘောဘေးရှိ လက်ရန်းများပေါ်မှ ပင်လယ်ရေများ ပြန်လျှောစီးဆင်းသွားကြချိန်တွင် သူက ကြွက်လျှောက်ဆီသို့ ဦးတည်လိုက်၏။

မန့်သည် လီကက်နောက်သို့ လိုက်ရာတွင် ကြွက်လျှောက်ပေါ်က တက်မလိုက်ချေ။ သူသည် သင်္ဘော ဘယ်ဘက်အစွန်ရှိ သင်္ဘော လက်ရန်းဘေးမှ အောက်ဘက်တန်းကို မြဲမြဲကိုင်ရင်း ရှေ့ဘက်သို့ တိုးသွားသည်။ ထိုနေရာတွင် အလွန်မှောင်မိုက်လျက် ရှိပြီး မန့်သည်လည်း ခါးအထိ ရေရွဲရွဲစိုနေလေပြီ။ မန့်သည် ရှေ့သို့ သတိဝီရိယကြီးစွာဖြင့် တိုးသွားပြီး လီကက်ကို မျက်ခြေပြတ်သန် နှင့် လိုက်ရှာသည်။ သို့သော် လီကက် ပျောက်သွားသောကြောင့် မန့် ဦးနှောက်ခြောက်ရလေပြီ။ အကယ်၍ လီကက်သည် ကြွက်လျှောက်အောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရာ၌ နားနားနေနေ ပုန်းခိုရင်း ရှေ့သို့ တိုးသွားမည် ဆိုပါက သူ မြင်နိုင်တော့မည် မဟုတ်ချေ။

တစ်ဖန် လေမုန်တိုင်းက သူ့မျက်နှာကို ရှေ့တည့်တည့်မှ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသဖြင့် အသက်ရှူရန်ပင် မလွယ်ချေ။ သူ့တစ်ကိုယ်လုံးလည်း ရေရွှဲရွှဲစိုနေလေပြီ။ ဆံပင်တွေကလည်း ခေါင်းပေါ်တွင် ကပ်နေသည်။ သူက သံချွန်ကြီးကို ခါးကြားထဲတွင် ထိုးထည့်ထားရင်း သံလက်ရန်းကို လက်နှစ်ဖက်နှင့် တွယ်၍ ရှေ့ဘက်သို့ တဖြည်းဖြည်း တိုးသွားရသည်။ သို့မှသာ ကပြောင်းကပြန် ဖြစ်နေသော သင်္ဘောပေါ်မှ လိမ့်မကျဘဲ ရှိလိမ့်မည်။ သို့တိုင်အောင် အရိုးခိုက်သည်အထိ အေးမြလှသော အအေးဓာတ်ကြောင့် လက်နှစ်ဖက်စလုံး ထုံကျဉ်လာသည်။ သို့သော် လီကက်ကို မတွေ့ရသေးချေ။ သူသည် ကြွက်လှေ့ကျောက်အောက်ရှိ အမိုးတစ်ခုကို ကျော်ဖြတ်လိုက်စဉ် နောက်ဘက်မှ အသံတစ်သံ ကြားလိုက်ရသဖြင့် လက်တစ်ဖက်က သံလက်ရန်းကို ကိုင်၍ ကျန်လက်တစ်ဖက်က သံချွန်ကြီးကို ကိုင်ပြီး နောက်ဘက်သို့ လှည့်လိုက်၏။ သို့သော် ထိုအသံမှာ သင်္ဘောနံရံကို ရေလုံးကြီးက လာရိုက်ခတ်သည့် အသံသာ ဖြစ်နေသည်။

မန်သည် သူ့ကိုယ်သူ ဆဲရေးတိုင်းထွာရင်း ထိုနေရာတွင် ခေတ္တမျှ စောင့်နေလိုက်သည်။ သူ့နှလုံးကလည်း တဒုန်းဒုန်း ခုန်နေသည်။ လီကက်သည် ဤကိစ္စတွင် မည်မျှ အရေးပါနေသည်ကို သူ မသိသည့်တိုင်အောင် မန်က မတွေ့ တွေ့အောင် ရှာမည်ဟု ဆုံးဖြတ်လိုက်သည်။ မန်က လီကက်ကို အပြတ်ရှင်းပေးရန် တာဝန်ယူလိုက်သော်လည်း မန်တစ်ယောက် ကိုယ်ယောင်ဖျောက်သွားသည့် နောက်ပိုင်းကျမှ လူဆိုးများကို အင်နှင့် အားနှင့် တစ်စုတစ်ဝေးတည်း ပြန်ချမည့် အစီအစဉ်ကို ဘင်းနက်က ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ထိုအစီအစဉ်တွင် အဓိကအကျဆုံး သော့ချက်မှာ လီကက်ပင် ဖြစ်သည်။ မန်က သင်္ဘောဦးပိုင်းဆီသို့ တိုးသွားသည်။

ဦးပိုင်းမှ ပဲ့ပိုင်းအထိ ပေ ၇၅၀ ရှည်လျားသော ဒီသောက်သင်္ဘောကြီးသည် ပိုရှည်ထွက်လာသလို ထင်ရသည်။ မန်သည် ကြွက်လှေ့ကျောက်အောက်မှ နောက်ဆုံး အမိုးလေးတစ်ခုကို ကျော်ဖြတ်ပြီးနောက် သင်္ဘောဦးပိုင်းသို့ ရောက်လာသည်အထိ နှစ်ပရိစ္ဆေဒ များစွာ ကြာမြင့်သည်ဟု ထင်လိုက်သည်။ ဦးပိုင်းသို့ ရောက်၍ အပေါ်သို့ မော့ကြည့်လိုက်ချိန်တွင် အလွန်ကြီးမားသော လှိုင်းလုံးကြီးတစ်လုံးက သင်္ဘောဦးပိုင်းကို အပေါ်သို့ မြောက်တက်သွားစေခဲ့သည်။



ပမာဆောင်ရသော် ပင်လယ်ထဲရှိ ရေသတ္တဝါကြီးတစ်ကောင်က ရေနံတင်သင်္ဘောကြီးတစ်စင်းလုံးကို အောက်ဘက်မှ အပေါ်သို့ မ,တင်လိုက်သလို ကုန်းပတ်ကြီးတစ်ခုလုံး မြင့်တက်သွားသည်။ သို့သော် ဤလှိုင်းလုံးကြီးသည် တကယ့် လှိုင်းလုံးကြီး မဟုတ်သေး။ နောက်ထပ်လာမည့် လှိုင်းလုံးကြီးထိပ်မှ အောက်ဘက်သို့ ပြန်ကျသည့်အခါ သည့်ထက် ပိုဆိုးမည်ဟု မန်က သိလိုက်သည်။

မန်က အပေါ်သို့ ငေးကြည့်နေသည်။ ထိုအချိန်တွင် လေမုန်တိုင်းက သူ့လက်နှစ်ဖက်ကို သံလက်ရန်းမှ ပြုတ်ထွက်သွားအောင် ကြိုးစားနေသလို ရေလုံးကြီးကလည်း သူ့မျက်နှာကို ကျာပွတ်နှင့် ပစ်ရိုက်လိုက်သလို ဖြန်းခနဲ လာရိုက်သည်။ ထိုအချိန်တွင် ကုန်းပတ်ကြီးသည် မရပ်မနား မြင့်တက်သွားသော ဓာတ်လှေကားကြီးပမာ အပေါ်သို့ တစ်ရှိန်ထိုး မြင့်တက်နေသည်။ အပေါ်သို့ တက်ပြီးလျှင် အောက်ဘက်သို့ မနားတမ်း ပြန်ကျဦးတော့မည်။ ထိုအချိန်မှာပင် သူက လီကက်ကို မြင်လိုက်၏။

အပေါ်သို့ မော့ကြည့်နေသော မန်တစ်ယောက် ကြောင်သွားသည်။ ဒီ ပြင်သစ်လူဆိုးသည် သမုဒ္ဒရာအံကြောင်း လုံးဝနားမလည်ဘဲ သွက်သွက်ခါအောင် ရူးသွပ်နေသူ ဖြစ်ရမည်။ သူသည် လက်သမားခန်းသို့ ဆင်းရာ အံဖုံးတံခါးပေါက်ထဲမှ ပြန်ထွက်လာနေပြီး ဦးပိုင်းရှိ အပေါ်ဘက် ကုန်းပတ်ပေါ်တွင် ရှိနေသည်ကို မြင်လိုက်ရ၏။ ပစိဖိတ်သမုဒ္ဒရာက မန့်ကိုယ်စား လီကက်ကို အဆုံးစီရင်ပေးပေတော့မည်။

❑

လီကက်သည် တခြားလူ မလုပ်ရဲသည့် ကိစ္စကို လုပ်ရဲသော သတ္တိကောင်းသူ တစ်ဦး ဖြစ်သည်။ တစ်ခါတစ်ရံတွင် ကြောက်စိတ်တစ်မျိုးက ကျန် ကြောက်စိတ်တစ်မျိုးကို လွှမ်းမိုးပြီး အနိုင်ယူသွားတတ်သည်။ လီကက်သည် တာရာလေမုန်တိုင်းကို အလွန်ကြောက်သည်။ သို့သော် သင်္ဘောဦးပိုင်းရှိ လက်သမားအခန်းထဲတွင် ရှိသော အဏုမြူဗုံးကြီးသည် ဟိုရောက် ဒီရောက်နှင့် နံရံများအား တဝုန်းဝုန်း လာထိနေမှာကို ပိုကြောက်သည်။

သူ သင်္ဘောဦးပိုင်းသို့ ရောက်လာသောအခါ တဝုန်းဝုန်း တိုက်ခိုက်နေသော လေနှင့် သူ့တစ်ကိုယ်လုံးကို ရွှဲရွှဲစိုအောင် လွှင့်စဉ်နေသော ရေမှုန်ရေမွှားများအကြားမှ သံလှေကားကို ဖက်တွယ်ရင်း အပေါ် ကုန်းပတ်ဆီ

www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် တပင်တပန်း တက်ခဲ့ရသည်။ အကယ်၍ သူသည် လှေကားပေါ်မှ လက်ပြုတ်ကျခဲ့သော် ပင်လယ်ထဲသို့ ကျသွားတော့မည်မှာ သေချာလှသည်။ သူ အောက်ဘက်တွင် ရှိနေစဉ်ကထက် အပေါ် ကုန်းပတ်ပေါ်တွင် မလေ ပိုပြင်းထန်သည်။ အကာအကွယ် မရှိသဖြင့်လည်း လေက ပိုကြမ်းသည်။ အံဖုံးတံခါးကို ဆွဲဖွင့်ရသည်ကလည်း အလွန်ကြီးမားလှသော ကြိုးပမ်းမှုတစ်ရပ် ပင်။ သင်္ဘောကြီး တစ်စင်းလုံး လှိုင်းလုံးကြီးထိပ်သို့ ရောက်သည်အထိ မြင့်တက်သွားနေစဉ် အံဖုံးတံခါးကို ဆွဲဖွင့်ခဲ့ရခြင်း ဖြစ်သည်။ အံဖုံးတံခါးကို ဆွဲဖွင့်နိုင်ပြီးနောက် အထဲရှိ သံလှေကားမှ အောက်ဘက်သို့ ဆင်းရင်း အံဖုံးတံခါးကို ပြန်ပိတ်ခဲ့သည်။ ထို့နောက် လက်နှိပ်ဓာတ်မီးခလုတ်ကို ဖွင့်လိုက်၏။

သူ ရောက်နေသည့် နေရာမှာ အခန်းကျယ်ကြီးတစ်ခန်း ဖြစ်သည်။ လက်သမားဆရာ သုံးသည့် စားပွဲခုံးတွင် သေတ္တာကြီးတစ်လုံး ရှိပြီး ထိုသေတ္တာထဲတွင် ရွှေဘော်စများကို သေသေသပ်သပ် ထည့်ထားသည်။ လေထိုးသွင်း၍ ရသော ဗိုးဒီယက် ရာဘာလှေကို ပုံချိတ်စက်နှင့် ဆွဲ၍ သင်္ဘော ဒေါက်တိုင်တစ်တိုင်တွင် ကြိုးနှင့် ချည်နှောင်ထားသည်။ ရေငုပ်ဝတ်စုံများနှင့် အောက်ဆီဂျင်ဘူးများကို ထည့်ထားသော သေတ္တာကြီးများသည် ဒေါက်တိုင်နှင့် စားပွဲကြားတွင် သူ ထားခဲ့သည့်အတိုင်း ရှိနေသည်။ ထိုသေတ္တာကြီးများကို ကြိုးနှင့်တွဲ၍ ချည်နှောင်ထားပြီးနောက် ကုန်းပတ်နှင့် မူလီ အသေစုပ်ထားသော စားပွဲခြေထောက်များတွင် ထပ်ချည်နှောင်ထားသည်။ ထိုသေတ္တာများ၏ အောက်ဘက်တွင် သေတ္တာသဏ္ဌာန် ပြုလုပ်ထားသော အဏုမြူဗုံးကြီး ရှိနေသည်။

သူ မြင်ရ တွေ့ရသလောက် ထိုပစ္စည်းအားလုံးသည် သူ ထားခဲ့သည့်အတိုင်း မရွေ့မလျားဘဲ သေသေသပ်သပ် ရှိနေကြသည်။ သူက သက်ပြင်းချလိုက်မိ၏။ သူ ဒေါ်လာငွေ နှစ်သိန်းကို လက်ဝယ်ပိုင်ပိုင် ရရှိတော့မှာပါလား။ သူ ကုန်းပတ်ပေါ် ပြန်တက်ပြီး ပဲ့စင်ပေါ် ပြန်ရန် အချိန်တန်ပေပြီ။ ပြီးတော့ သင်္ဘောဦးပိုင်းတွင် လှုပ်ရှားမှုက ကြောက်စရာကောင်းအောင် ပိုများသည်။ လီကက်သည် လှေကားမှတစ်ဆင့် အပေါ်ဘက် ကုန်းပတ်ပေါ်သို့ ပြန်တက်လိုက်၏။

မျက်စိ ပြာသွားလောက်အောင် ပြင်းထန်သော လေနှင့် ရေလုံးကြီးများကြောင့် လီကက်သည် အံဖုံးတံခါးကို ပြန်ပိတ်ပြီး သင်္ဘော ညာဘက်ရှိ သံလက်ရန်းတန်းကို ဆွဲကိုင်ထားရပြန်သည်။ ထိုအချိန်တွင် သင်္ဘောကြီးသည် အပေါ်ဘက်သို့ တည့်တည့်ကြီး မြောက်တက်နေသဖြင့် သူ မတ်တတ်ရပ်၍ပင်



မနေနိုင်ချေ။ သူ၏ ပင်လယ်ပြင် အတွေ့အကြုံအရ အဆိုပါ လှိုင်းလုံးကြီးသည် အလွန်ကြီးမားသော လှိုင်းလုံးကြီး ဖြစ်မည်ဟု သူက ကြိုတွက်လိုက်၏။ သူက ခေါင်းထောင်၍ ကြည့်လိုက်မိရာ သင်္ဘောဦးပိုင်း နောက်ဘက်ဆီမှ ပေါ်ထွက်လာသော ရေလုံးကြီးကို မြင်လိုက်ရ၏။ ထိုရေလုံးကြီးမှ ရေများသည် အစုလိုက်၊ အအုံလိုက်၊ သူ့ကိုယ်ပေါ်သို့ တစ်ရှိန်ထိုး ကျလာတော့မည်ကို မြင်လိုက်ရသော လီကက်သည် ကြောက်စိတ်ကြောင့် ကြက်သေ သေသွားမိသည်။

ထိုကဲ့သို့ လီကက်တစ်ယောက် သံလက်ရန်းကို ဆွဲကိုင်ရင်း သင်္ဘောဦးပိုင်းဆီသို့ ငေးကြည့်နေသည်ကို မန်းက မြင်လိုက်ရခြင်း ဖြစ်သည်။ မန်းသည် ရုတ်တရက် ခပ်ဆိုင်းဆိုင်း ဖြစ်သွားပြီးနောက် ဤအချိန်သည် သူ့အတွက် အကောင်းဆုံး အခွင့်အရေး ဖြစ်ကြောင်း ရိပ်မိပြီး လှေကားပေါ်မှတစ်ဆင့် အပေါ် ကုန်းပတ်ပေါ် တက်သွားသည်။ ထိုအချိန်တွင် သင်္ဘောကြီးသည် လှိုင်းထိပ်သို့ ရောက်နေလေပြီ။

လီကက်သည် မည်သည့်အသံကိုမျှ မကြားလိုက်ရသော်လည်း ယခုအချိန်တွင် လုံးဝ အကာအကွယ်မဲ့နေသည့် အဖြစ်ကို ရုတ်တရက် တွေးမိပြီး အလိုအလျောက် လုပ်လိုက်ခြင်းသာ ဖြစ်သည်။ မန်းက သံချွန်ကြီးကို မြှောက်ရင်း လီကက်အား ခုန်အုပ်တော့မည့်ဆဲဆဲတွင် လီကက်က ဖြုန်းခနဲ နောက်သို့ ပြန်လှည့်လိုက်ခြင်း ဖြစ်သည်။ လီကက်သည် လက်ချောင်းများကို ဆန့်ထုတ်လိုက်ပြီး သူ့ညာဘက်လက်ကို ရှေ့ဘက်သို့ လျှပ်ပြက်သလို ထိုးထုတ်လိုက်သည်။ လီကက်၏ ဘယ်လက်ကတော့ သံလက်ရန်းတန်းကို ကိုင်ထားရဆဲပင်။ မန်း ကိုယ်တိုင်ကလည်း လက်တစ်ဖက်နှင့် သံလက်ရန်းတန်းကို ဆုပ်ကိုင်ထားရသည်။ တစ်ဖန် လူချင်း သိပ်နီးကပ်နေပြီး ဖြစ်သောကြောင့် ရှောင်ပေးရန်လည်း အချိန် မရလိုက်တော့ချေ။ ထို့ကြောင့် လီကက်၏ လက်သည်းများက မန်း၏ မျက်စိနှစ်လုံးကို ရုတ်တရက် ကန်းသွားအောင် ထိုးမိသွားသည်။ ထိုအချိန်တွင် လီကက်သည် အားပျော့သွားသော မန်း လက်ထဲမှ သံချွန်ကြီးကို အတင်းဖမ်းလုလိုက်သည်။ လီကက်သည် မန်း၏ လက်ကောက်ဝတ်ကို လိမ်ချိုးရင်း မန်း ကိုယ်လုံးကြီးကို သံလက်ရန်းတန်းဆီသို့ အားနှင့် တွန်းဖိထားသည်။ သင်္ဘောကြီးသည် လှိုင်းလုံးကြီးထိပ်သို့ ရောက်ရှိပြီး ဘေးသို့ စောင်းသွားချိန်၌ မန်းလက်ထဲမှ သံချွန်ကြီးသည် လွတ်ကျပြီး ပင်လယ်ထဲ ကျသွားသည်။

ယခုအချိန်တွင် သူတို့နှစ်ယောက်စလုံး လက်တစ်ဖက်နှင့် သံလက်ရန်းတန်းကို ဆုပ်ကိုင်ထားကြရဆဲ ဖြစ်သည်။ လက်ကို လွှတ်လိုက်သည်နှင့် တစ်ပြိုင်

www.burmeseclassic.com

www.burmeseclassic.com



နက် ရေထဲသို့ လိမ့်ကျသွားမည် ဖြစ်ကြောင်း နှစ်ယောက်စလုံး သိထားကြသည်။ လီကက်သည် မန်၏ လက်ကောက်ဝတ်ကို လွှတ်ပေးလိုက်ပြီးနောက် ထိုလက်နှင့် မန်၏ လည်ပင်းကို ညှစ်လိုက်သည်။ ထို့နောက် သင်္ဘောကြီး အောက်ဘက်သို့ ပြန်ကျနေချိန်တွင် မန်၏ ကိုယ်လုံးကြီးကို အားနှင့် သံလက်ရန်းတန်းဆီသို့ တွန်းဖိထားသည်။ မန်သည် နာနေသော လက်တစ်ဖက်နှင့် လီကက်၏ မျက်လုံးကို ကုတ်ပစ်ရန် မျက်နှာဆီသို့ လှမ်းစမ်းလိုက်သည်။ သို့သော် လီကက်က အစမ်းမခံ။ ခေါင်းငုံ့ပြီး မန်၏ လက်ကို ပါးစပ်နှင့် တအားကိုက်ပစ်လိုက်သည်။ မန်တစ်ယောက် အသက်ရှူမဝတော့ဘဲ ဆန့်ငင် ဆန့်ငင် ဖြစ်လာသည့်အခါ လီကက်သည် လည်ပင်းမှ လက်ကို လွှတ်လိုက်ပြီးနောက် မန်၏ အဝတ်အစားများကို ဆုပ်ကိုင်၍ အပေါ်သို့ ဆွဲမ,ပြီး နောက်ဘက်သို့ တွန်းပစ်လိုက်သည်။ သင်္ဘောသား၏ ခြေထောက် ကြမ်းပြင်နှင့် လွတ်သွားသည်နှင့် တစ်ပြိုင်နက် သံလက်ရန်းတန်းပေါ်တွင် ယိုင်လဲကျသွားအောင် တွန်းထားပြီးနောက် တအားကုန် ထပ်တွန်းပစ်လိုက်ရာ မန်တစ်ယောက် လိမ့်ကျပြီး ပျောက်ကွယ်သွားရရှာလေပြီ။

❑

သူ့ကို ဘယ်နည်းဘယ်ပုံ တစ်ပတ်ရိုက်ခံခဲ့ရကြောင်း လီကက်တစ်ယောက် သိရှိသွားလေပြီ။ လီကက်သည် မန်ကို သုတ်သင်ပြီးနောက် သူ့အခန်းရှိရာသို့ ပြန်သွားပြီး စိုနေသော အဝတ်အစားများကို ခြောက်သွေ့နေသော အဝတ်အစားများနှင့် လဲလှယ်ဝတ်ဆင်လိုက်သည်။ ထို့နောက် အင်ဂျင်စက်ခန်းဆီသို့ တန်းသွားပြီး အတော်ကြာကြာကလေး အချိန်ဖြုန်းလိုက်သည်။ သင်္ဘောသားတစ်ဦးစီကို မှတ်မိအောင် လေ့လာပြီးနောက် ထုံးစံအတိုင်း လူပြန်ရေကြည့်သည်။ ဒီတစ်ခေါက်တွင် ဖိုလီက ထုံးစံအတိုင်း အဝတ်အစား ချွတ်ပစ်ပြီး သူ့ကို တစ်ပတ်ရိုက်သော်လည်း ထိုသင်္ဘောသားသည် ကိုယ်အပေါ်ပိုင်းကို ဗလာကျင်းပြီး မျက်မှန်နှင့် ဦးထုပ်ဆောင်း၍ အရူးလုပ်ခဲ့ကြောင်း သူ သိသွားသည်။ သို့သော် သူက မသိချင်ဟန်ဆောင်လိုက်သည်။ ထို့နောက် အင်ဂျင်စက်ခန်းထဲမှ ပြန်ထွက်သွားလေ၏။ ခုမှပင် ဘရက်ဒီတစ်ယောက် ရင်ပေါ့သွားသည်။



လီကက်သည် ထိုကိစ္စကို ဝင်းတားအား ပြန်အစီရင်ခံရန် မရည်ရွယ်။ ယုတ်စွအဆုံး ဗြိတိသျှ သင်္ဘောသားတစ်ယောက် ပျောက်နေသည်ကိုပင် အသိပေးလိမ့်မည် မဟုတ်။ ပြန်ပေးဆွဲထားသည့် လူများအား ဝင်းတားက အုပ်ချုပ်ပုံ အုပ်ချုပ်နည်းကို လီကက်က လုံးဝသဘောမတူ။ လူကို ကြောက်အောင် ခြောက်၍ ထိန်းထားခြင်းကသာ အမှန်ကန်ဆုံး နည်းလမ်း ဖြစ်သည်။ ယခု ထိုနည်းနှင့် ထိန်းထားရန် အခွင့်အရေး ရလာလေပြီ။

ယခုအချိန်မှ စ၍ ဗြိတိသျှ သင်္ဘောသားများသည် ထိုသင်္ဘောသားဘာဖြစ်သွားပါလိမ့်ဟု တအုံနွေးနွေး တွေးနေကြလိမ့်မည်။ မသေချာ မရေရာမှုက သူတို့၏ စိတ်ဓာတ်ကို အကြီးအကျယ် ချောက်ချားစေလိမ့်မည်။ ထို့ကြောင့် ဤသင်္ဘောကြီးအား သူ တာဝန်ခံ၍ ကွပ်ကဲဦးစီးရသည့် အချိန်သို့ ရောက်လာသည့်အခါ ဗြိတိသျှ သင်္ဘောသားများသည် စိတ်ဓာတ် ကြံ့ခိုင်မှု မရှိကြတော့ဘဲ ကယောင်ချောက်ချား ဖြစ်နေကြတော့မည်မှာ သေချာသည်။

❑

ဘက်တီကော်ဒဲလ်သည် သူ့အခန်းထဲတွင် တလူးလူး တလွန့်လွန့်နှင့် အိပ်မပျော်နိုင်ဘဲ ရှိရှာသည်။ သူ့အခန်းကို ဝင်းတားက သော့ခတ်ပြီး ပိတ်ထားသည်။ ဆွယ်တာနှင့် ဘောင်းဘီရှည်တို့ကို အပြည့်အစုံ ဝတ်ဆင်ထားသော ဘက်တီကော်ဒဲလ်သည် တကျွိကျွိ မြည်နေသော အသံများ၊ ရေလုံးကြီးများက သင်္ဘောကို လာရောက် ရိုက်ခတ်နေသဖြင့် တဝုန်းဝုန်း ဖြစ်ပေါ်နေသော အသံများ၊ တဟည်းဟည်း မြည်နေသော လေတိုက်ခတ်သံများကို နားစွင့်နေမိသည်။ လေပြင်းလှသဖြင့် ပြတင်းပေါက် မှန်များပင် ကွဲထွက်သွားတော့မလို ထင်နေရသည်။

မကြာသေးမီက ဘက်တီသည် ပွဲစင်ပေါ်သို့ တက်သွားပြီး မက်ကေး ထံတွင် ထုံးစံအတိုင်း အစီရင်ခံခဲ့သေးသည်။ ထိုစဉ်က မက်ကေးအား သင်္ဘောပေါ်ရှိ မည်သည့်နေရာများတွင် လူဆိုးများ စောင့်ကြပ်နေကြောင်း ပြည့်ပြည့်စုံစုံ အစီရင်ခံခဲ့သည်။ မက်ကေးနှင့် ဘင်းနက်တို့သည် ဘက်တီ ပြောသည့် စကားကို ရစ်ဂလီဆီက ရသော သတင်းများနှင့် ဟုတ် မဟုတ်၊ မှန် မမှန် တိုက်ဆိုင် စစ်ဆေးနေကြသည်ဟု သူ ထင်မိသည်။ သို့သော် မက်ကေးက ဘက်တီကို

www.burmeseclassic.com



ပူးတွေတွေ မပြောဘဲ ကျေးဇူးတင်ကြောင်းသာ ပြန်ဖြေခဲ့သည်။ ဘက်တီက ပတ်နာရီကို ပြန်ကြည့်လိုက်၏။ နံနက် ၄ နာရီ ထိုးလေပြီ။ လေမုန်တိုင်း အလည်း ပိုဆိုးရွားလာပုံရသည်။ ဘက်တီ၏ အခန်းမှာ ဟိုစောင်း၊ ဒီစောင်း နှင့် ကပြောင်းကပြန် ဖြစ်နေသည်။ ယခုလို အနေအထားမျိုးတွင် သင်္ဘောကြီး ပေါ်၌ ပေါ်နေသေးသည်မှာ အံ့ဩစရာ ကောင်းလှသည်။ အသံဗလံများက လည်း အထူးတလည် ကြောက်စရာကောင်းလှသည်။ လေတိုက်ခတ်သံ၊ ရေလှိုင်း များနှင့် ရိုက်ခတ်မိသံတို့ကို သူ ကုန်းပတ်ပေါ်၌ ရှိနေသလို နားကြွလှမတတ် ကြားနေရသည်။ ပင်လယ်ထဲတွင် ဒီလိုကိစ္စမျိုး ဖြစ်သည်မှာ ရိုးနေပြီ ထင်သည် ဟု ဘက်တီက သူ့ကိုယ်သူ နှစ်သိမ့်နေမိသည်။ ဖန်နဝါရီလပိုင်းတွင် ယခုကိစ္စ မှာ မက်ကေးအဖို့ ထုံးစံအတိုင်း ကြုံရတတ်သော မထူးဆန်းသည့် ကိစ္စတစ်ရပ် သာ ဖြစ်သည်ဟု တွေးနေသည်။

ဘက်တီ၏ အတွေး မှားသည်။ ပွဲစင်ပေါ်တွင် ရှိနေသူ မက်ကေးက ဤကိစ္စကို သာမန် ဖြစ်လေ့ဖြစ်ထရှိသည့် ကိစ္စတစ်ရပ်ဟု မသတ်မှတ်ချေ။ သူတို့၏ သင်္ဘောကြီးသည် လေမုန်တိုင်း၏ ဗဟိုချက်နှင့် တဖြည်းဖြည်း နီးလာ ပြီ ဖြစ်သော်လည်း ယခုအချိန်အထိ ဗဟိုချက်ဆီသို့ မရောက်သေးချေ။ မက်ကေး က တန်ချိန် ငါးသောင်း ရှိသော ဤသင်္ဘောကြီးသည် ကြံ့ကြံ့ခံနိုင်ပါ့မလားဟု တွေးပူနေရလေပြီ။

ထိုနေ့ မနက် ၄ နာရီတွင် ညသန်းခေါင်ယံအထိ ပွဲစင်ပေါ်၌ တာဝန်ယူ စောင့်ကြပ်ပေးခဲ့ရသော ဘင်းနက်ကို မက်ကေးက ပွဲစင်ပေါ်သို့ အရေးတကြီး ပြန်ခေါ်ပြီး ဒုတိယအရာရှိ ဘရိုင်ယန်ဝေါ့ရှ်နှင့် လူချင်းလဲလိုက်သည်။ မက်ကေး သည် အရင့်အရင်က လုပ်လေ့လုပ်ထ မရှိသော ကိစ္စတစ်ခုကို လုပ်လိုက်ခြင်း ဖြစ်သည်။ မက်ကေးက–

''အေးကွာ၊ မင်းကို ပြန်ခေါ်လိုက်ရတဲ့အတွက် ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ ခုအခြေအနေက စဉ်းစားစရာကလေး ဖြစ်နေလို့''

'ခုအခြေအနေမှာ စဉ်းစားစရာ ဖြစ်နေပြီ' ဆိုသော အသုံးအနှုန်းမှာ အရေးအကြီးဆုံး အချိန်သို့ ရောက်နေပြီဖြစ်ကြောင်း ပြောလိုက်ခြင်းပင် ဖြစ် သည်။ မက်ကေး၏ အဖြော်အမြင် ကြီးမားမှုကို လုံးဝယုံကြည်သူ ဘင်းနက်က လည်း သူတို့ ဒီညတွင် ကြံ့ကြံ့ခံနိုင်ပါ့မလားဟု တွေးတောပူပန်စပြုလေပြီ။

ပွဲစင်ပေါ်က မြင်နေရသည့် မြင်ကွင်းမှာ အထူးတလည် ကြောက်စရာ ကောင်းလှသည်။ ချဲလင်ဂျာသည် ပွက်ပွက်ဆူနေသော သမုဒ္ဒရာကြီး၏ အလယ်



တွင် ကပြောင်းကပြန် ဖြစ်နေသည်။ လှိုင်းလုံးကြီးများသည် အထက် ကိုးထပ် အထိ မြင့်သော တိုက်အိမ်ကြီးများပမာ ပေ ၉၀ ခန့် မြင့်မားသည်။ ပေ ၉၀ မြင့်သော လှိုင်းလုံးကြီးများက သင်္ဘောကြီးကို အရပ် ၈ မျက်နှာမှ ဝိုင်းဝန်း တိုက်ခိုက်နေချိန်တွင် လလည်း မသာ၊ ကြယ်လည်း မလက်၊ ကောင်းကင်ကို လည်း လုံးဝမမြင်ကြရချေ။ တဝုန်းဝုန်း တပွက်ပွက် ဆူဝေနေသော ပင်လယ်ပြင် ကြီးကိုသာ မြင်နေကြရသည်။ လှိုင်းလုံးကြီးတစ်လုံးက သင်္ဘောက အရှိန်အဟုန် နှင့် ဝင်ဆောင့်လိုက်ချိန်တွင် မက်ကေးသည် ပြတင်းပေါက်နား၌ ရပ်နေခိုက် ဖြစ်သည်။

လေတိုက်နှုန်းမှာ ယခုအချိန်တွင် တစ်နာရီ မိုင် ၁၁၀ အထိ ရောက်ရှိ နေလေပြီ။ လေတိုက်သည့် အသံမှာ မြည်လွန်းလှသဖြင့် သင်္ဘောစက်ခုတ်သံ ကိုပင် လွှမ်းနေသည်။ လေတိုက်သံ ပြင်းလွန်းလှသဖြင့် ပွဲစင်ပေါ်ရှိ အစောင့် လူဆိုးများသည် တစ်ယောက်ကို တစ်ယောက် ပြူးတူးပြဲတဲနှင့် လှမ်းကြည့်မိ ကြသည်။ ထိုအချိန်တွင် သင်္ဘော၏ ဘယ်ဘက်ခြမ်းကို အလွန်ကြီးမားသော လှိုင်းလုံးကြီးတစ်လုံးက ဝင်ရိုက်ခတ်သဖြင့် လေတိုက်သံသည်ပင် ရုတ်တရက် ပျောက်ကွယ်သွားသည်။

အလွန်ကြီးမားသော ရေလုံးကြီးတစ်လုံးနှင့် ရေမြှုပ်များသည် ပွဲစင်၏ ဘယ်ဘက်ဆီသို့ ခုန်ပျံကျော်လွှား၍ ရောက်ရှိလာပြီး ရေလုံးဖြူဖြူကြီးက လွှဲ၍ ဘာကိုမျှ မမြင်ရတော့လောက်အောင် ပိန်းပိန်းပိတ်မှောင်သွားသည်။ သင်္ဘော ကြီး တစ်စင်းလုံးသည်လည်း ရေလုံးကြီး၏ ရိုက်ခတ်မှုဒဏ်ကြောင့် သွက်သွက် ခါအောင် တုန်သွားသည်။ မက်ကေးကတော့ သူတို့သည် အလွန်ကြီးမားလှသော ရေလှိုင်းကြီး နှစ်ခုအကြား၌ ညှပ်ပူးညှပ်ပိတ်မိနေချေပြီဟု တွေးလိုက်မိသည်။ ထိုအချိန်မှာပင် ဒုတိယလှိုင်းလုံးကြီး တစ်လုံး၏ ရိုက်ခတ်မှုကြောင့် ဝုန်းခနဲ မြည်သွားပြန်သည်။ လှိုင်းတစ်လုံးပြီး တစ်လုံး အချိန်မှန်မှန် ခြား၍ လာရောက် ရိုက်ခတ်မှုမျိုး မရှိတော့၊ ကမ္ဘာပျက်လေပြီ။ လေတိုက်နှုန်းကလည်း တစ်နာရီ ၁၂၅ မိုင်အထိ တိုးတက်လာသည်။ ပွဲစင်ကြီးမှာ တစ်ထပ်ပြီး တစ်ထပ် ပြိုကျ နေသော မိုးထိတိုက်ကြီးပမာ ဦးစိုက်သွားလိုက် ဦးမော့သွားလိုက်နှင့် ဝေဒနာ သုန်းကား ဖြစ်နေလေပြီ။

ပွဲကိုင်နေသူ သင်္ဘောသားသည် ပွဲကိုင်ဘီးကို ကိုင်ထားရာမှ လွတ်သွား လုမတတ် ဖြစ်သွားသည်။ ပွဲစင်၏ ဘယ်ဘက်တွင် ရပ်စောင့်နေသူ အစောင့်

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးသည် သံလက်ရန်းတန်းကို ကိုင်ထားရာမှ လက်လွှတ် လဲကျသွားပြီး ပွဲစင်တစ်လျှောက် တရွတ်တိုက် လျှောပါသွားသည်။ သူသည် ပွဲစင်တစ်ခုလုံး ပေကျံကုန်အောင် အန်ပစ်သည့်အပြင် သူ့လက်ထဲမှ သေနတ်သည်လည်း သူ့လက်မှ လွတ်ကျပြီး သူ့အရင် ရှေ့ရောက်သွားသည်။ ထိုသေနတ်မှာ ပွဲစင် ညာဘက်ရှိ အစောင့်လူဆိုး၏ ခြေရင်းသို့ ရောက်ရှိသွားသဖြင့် ထိုလူဆိုးက ကောက်ယူထားလိုက်သည်။ ထိုအချိန်တွင် သေနတ်သံလိုလို၊ ခေါင်းကို ရိုက်ခွဲလိုက်သံလိုလို၊ အသံတစ်သံ ပေါ်လာသည်။ သို့သော် ထိုအသံမှာ အစောင့် လူဆိုး ခေါင်းကွဲသွားသောကြောင့် ပေါ်ထွက်လာသံ မဟုတ်ပါ။ သာမန်အားဖြင့် မကွဲနိုင်သော ပွဲစင်ပေါ်ရှိ ပြတင်းပေါက်မှန်တစ်ချပ် အစိတ်စိတ်အမြွှာမြွှာ ကွဲအက် သွားပြီး ပွဲစင်ထဲသို့ ရေဝင်လာသည်ကို မာလိန်မှူးက ကြောင်တောင်တောင် ကြည့်နေသည်။ အရှိန်အဟုန် ပြင်းလှသော ရေလုံးကြီးသည် ပြတင်းပေါက်မှန်ကို ခဲသီးခဲဆန်များနှင့် ပစ်လိုက်သလို လာရိုက်ခတ်လိုက်ခြင်းကြောင့် မှန်ကွဲသွားရခြင်း ဖြစ်သည်။ ပွဲစင်ပေါ်က ပြန်မဆင်းသေးသော ဘရိုင်ယန်ဝေါ့ရှိသည် မျက်စပစ်ရင်း တအံ့တသြ ပြောလိုက်သည်။

"မြတ်စွာဘုရား၊ ကျွန်တော် ဒီလို အဖြစ်အပျက်မျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး"

"စိတ်ငြိမ်ငြိမ်ထားပါ မစ္စတာဝေါ့ရှ်၊ ဒီညကတော့ တကယ့်ကို ဆိုးမယ့် ညပဲ"

ဝင်းတားသည် ပြောပြောဆိုဆိုနှင့် ပွဲစင်ပေါ်သို့ ရောက်လာသည်။ ထိုအချိန်တွင် လဲကျနေသော အစောင့် လူဆိုးသည် ဒယိမ်းဒယိုင်နှင့် ပြန်ထလာပြီး သူ့သေနတ်ကို ပြန်ယူရန် လက်လှမ်းလိုက်သည်။ သို့သော် ဝင်းတားက ဝင်ပြောသည်။

"ငါပဲ ယူထားလိုက်ပါ့မယ်ကွာ၊ ကဲ မင်းကိုယ်မင်း သန့်သန့်ရှင်းရှင်း ဖြစ်အောင် သွားလုပ်လိုက်ဦး"

ဝင်းတားသည် တစောင်းကြီး ဖြစ်နေသေးသော ပွဲစင် တညီတည်း ပြန်ဖြစ်သွားသည်အထိ စောင့်လိုက်ပြီး မက်ကေး ရှိနေရာ ပွဲစင်၏ ပြတင်းပေါက် ဘေးနားသို့ သွားရပ်သည်။

ပွဲစင်ပေါ်သို့ ဝင်းတား ရောက်လာမည်ဟု မည်သူကမျှ မျှော်လင့် မထားခဲ့ချေ။ ဝင်းတားသည် သင်္ဘောတစ်စင်းလုံး အထပ်တိုင်း အထပ်တိုင်း



အခန်းတိုင်း အခန်းတိုင်းကို မနားတမ်း လျှောက်သွားပြီး စစ်ဆေးနေသူ ဖြစ်သည်။ သူ ဘယ်အချိန် ရောက်လာနိုင်သည်ဟု ကြိုတွက်၍ မရ။ သူ ရောက်ရောက်လာသောကြောင့် သင်္ဘောသားများသာမက လူဆိုးများပါ လန့်လန့်သွားကြသည်။

သူက အချိန်မှန်မှန် စစ်ဆေးသည့် စနစ်ကို တမင်ကလာ မကျင့်သုံး ခဲ့ခြင်း ဖြစ်သည်။ တစ်ဖန် အကယ်၍သာ ပထမအရာရှိ ဘင်းနက် ဦးဆောင် သော အဖွဲ့က လူဆိုးများကို အလစ်တွင် ခံတွယ်ရန် အစီအစဉ် ရှိသည် ဆိုပါက လေမုန်တိုင်း အပြင်းအထန်ဆုံး အချိန်တွင် ကြိုးပမ်းအားထုတ်ကြလိမ့် မည်ဟု သူ ထင်သည်။ သည်အချိန်တွင် လူဆိုးအားလုံး လှိုင်းမူးပြီး အနေ အထား ပျက်နေနိုင်သဖြင့် အန္တရာယ် အရှိဆုံးအချိန်ဟု သူက ကြိုတွက်ထား သည်။ ဝင်းတားက မေးလိုက်၏။

"အခြေအနေ ဘယ်လိုရှိသလဲ"

မက်ကေးက ခပ်မှန်မှန် ပြန်ဖြေသည်။

"ခုထက် ပိုဆိုးလာလိမ့်မယ်"

လေတိုက်နှုန်းသည် ယခုအချိန်တွင် တစ်နာရီ မိုင် ၁၃၀ နှုန်းအထိ မကြုံစဖူး ထူးကဲစွာ များလာသည်။ ဝင်းတားသည် သံလက်ရန်းတန်းကို မြဲမြဲ ကိုင်ထားရင်း သူတို့အတွက် အန္တရာယ် မည်မျှရှိနေသည်ကို တပ်အပ်သေချာစွာ သိနိုင်သော မက်ကေးအား မမှိတ်မသုန် စိုက်ကြည့်နေသည်။ အောက်ဘက် ပေ ၆၀ ဝေးသော နေရာရှိ ကုန်းပတ်ပေါ်တွင် ပင်လယ်ရေများ ဆူဝေနေသည်။ ကုန်းပတ်ကိုပင် မမြင်ရတော့ချေ။ ကြွက်လှောက် ပိုက်လုံးကြီးများနှင့် ပိုက်ခေါင်း များ အားလုံး ရေမြုပ်နေသည်။ ဝန်ချီစက်ကြီး နှစ်ခုနှင့် ဦးပိုင်း ရွက်တိုင်တစ်ခု တို့သာ ပွက်ပွက်လျံနေသော ရေပြင်ပေါ်တွင် ပေါ်ထွက်နေတော့သည်။ ပမာ ဆောင်ရသော် သင်္ဘောကြီးတစ်စင်းလုံး ရေအောက်သို့ နစ်မြုပ်သွားပြီး ပွဲစင် တစ်ခုသာ ရေပေါ်တွင် ကျန်နေသည့် သဘောမျိုးပင်တည်း။ နောက်ထပ် နှစ်နာရီလုံးလုံး တာရာမုန်တိုင်းကြီးသည် ချဲလင်ဂျာကို ဘယ်ပြန် ညာပြန် အစွမ်းကုန် တွယ်ပြီးနောက် အနောက်တောင်ဘက်ဆီသို့ ဆုတ်ခွာသွားလေတော့ သည်။

နံနက် ၇ နာရီ ၁၂ မိနစ်တွင် အရုဏ်တက်လာသောအခါ ဝင်းနတ် သည် တစ်ဖက်က စိတ်ချမ်းသာမှု ရရှိသွားသော်လည်း တစ်ဖက်က နာကြည်း ခံပြင်းမှုကို ပြင်းပြင်းထန်ထန် ခံစားနေရသည်။ သူတို့အားလုံး လေမုန်တိုင်းရန်

www.burmeseclassic.com

www.burmeseclassic.com



မှ လွတ်မြောက်ခဲ့ရသောကြောင့် စိတ်ချမ်းသာမှု ရရှိသွားခြင်း ဖြစ်သော်လည်း ဤသင်္ဘောကြီးအား ဝင်းတားတို့ လက်မှ မရ အရ ပြန်လုနိုင်မည့် နောက်ဆုံး အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခဲ့ရသောကြောင့် နာကြည်း ခံပြင်းမိခြင်း ဖြစ်သည်။

မန့်တစ်ယောက် လီကက်နောက် လိုက်သွားသည်ကို မက်ကေးက မြင်လိုက်ရပြီးနောက် မန့်သည် လုံးဝပြန်ပေါ်မလာခဲ့ချေ။ လီကက်သာလျှင် အင်ဂျင်စက်ခန်းထဲ၌ လူရေရန် ပြန်ပေါ်လာသည်။ နောက်တစ်ကြိမ် ဤအခွင့်အရေးမျိုး ပြန်မရနိုင်တော့ပြီဟု ဘင်းနက်က တွေးလိုက်၏။ လူဆိုးအားလုံး လှိုင်းမူးနေကြသော လေမုန်တိုင်း အထန်ဆုံး အချိန်တွင်မှ ပြန်လည်ခုခံရန် မဖြစ်နိုင်ခဲ့သော် နေ့လယ်ကြောင်တောင်ကြီးတွင် ခုခံရန် လုံးဝဖြစ်နိုင်တော့မည် မဟုတ်ချေ။

တစ်ဖန် တာရာမုန်တိုင်းကြောင့် လမ်းကြောင်း လွဲသွားရသော ချဲလင်ဂျာ သည် ယခုတစ်ဖန် ဆန်ဖရန်စစ္စကိုသို့ ဦးတည်၍ ပြန်လည်ခုတ်မောင်းနေရာ နောက်ထပ် ၁၂ နာရီခန့်အကြာတွင် ရောက်ရှိပေတော့မည်။

ဤတစ်ပွဲတွင် ဝင်းတားက အနိုင်ရရှိသွားလေပြီ။

၍

□□□

## – တစ်ဆယ့်လေး –

ဆူလီဗန်သည် ထိုစိတ်ကူးစိတ်သန်းကို ကော်ဖီဆိုင်တွင် နံနက်စာ စားပြီးနောက် ဟိုတယ်သို့ ပြန်လာမှ ရုတ်တရက် တွေးမိခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် သူသည် သူ့အခန်းရှိရာသို့ ကမန်းကတန်း ပြန်တက်သွားပြီးနောက် ကုတ်အင်္ကျီကို ချွတ်ပြီး ခုတင်ပေါ် ပစ်တင်လိုက်သည်။ သူက ဟာပါကို မလုပ်ဖို့ တားမြစ်ခဲ့သော ကိစ္စတစ်ခုကို သူ အခု လုပ်ရတော့မည်။ သူသည် ချဲလင်ဂျာပေါ်က အဖြေ ပြန်မရ။ ရသည့် အဖြေသည် မည်သည့်ပုံစံမျိုး ဖြစ်သည် ဆိုသည်ကို သိရလျှင် သူ့အတွက် ပို၍အထောက်အကူ ဖြစ်ပေလိမ့်မည်။

သူက ကြေးနန်းစာတစ်စောင်ကို စာရေးစက္ကူကတ်ပေါ်တွင် ကပျာ ကယာ ရေးချလိုက်သည်။ ဤကြေးနန်းစာသည် ချဲလင်ဂျာ သင်္ဘောကြီးပေါ်၌ အကြီးအကျယ် မဟုတ်တရုတ် ဖြစ်နေသည့်တိုင်အောင် အန္တရာယ်မရှိသော ကြေးနန်းစာဟု ထင်အောင် ရေးထားဖို့ လိုသည်။ ဤကြေးနန်းစာသည် လွှား လိုက်လာသော ကင်းနီယတ်ထံသို့ ဦးစွာ ပထမ ရောက်ရှိသွားမည် မဟုတ်ပါ လား။ သူသည် ထိုကြေးနန်းစာကို စိတ်တိုင်းကျ ရေး၍ ပြီးစီးသွားသောအခါ ဘျူမှပင် ပင်လယ်ထဲတွင် ရှိနေသော သင်္ဘောများထံ သတင်းပို့ပေးသည့် အမျိုးသမီးကလေးတစ်ဦးထံ တယ်လီဖုန်းနှင့် ဖတ်ပြလိုက်သည်။ သူ့ကြေးနန်းစာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ခပ်တိုတိုပင်။ သို့သော် ချဲလင်ဂျာပေါ်တွင် သူ ထင်သလို မဟုတ်ဘဲ နို့နို့သားသား အခြေအနေမျိုးသာ ရှိနေခဲ့သော် မလွှဲမသွေ အကြောင်းပြန်ကြားရမည့် သံကြိုးစာပင် ဖြစ်သည်။

"ကွတ်ရေလက်ကြားတွင် တရားမဝင် ကုန်ပစ္စည်းများကို တင်သွားသည်ဟု သံသယရှိသည်။ မူးယစ်ဆေးဝါးဖြစ်ဖို့ များသည်။ ယခု ခရီးစဉ်အတွက် နီကီစီကီ သင်္ဘောဆိပ်တွင် သင်္ဘောသား အသစ် လိုက်ပါလာခြင်း ရှိ မရှိ ချက်ချင်း အကြောင်းပြန်၊ ဆန်ဖရန်စစ္စကို၊ စိန့်ဖရန်စစ်ဟိုတယ်ရှိ ဆူလီဗန်ထံ အကြောင်းပြန်စေလို၊ ချက်ချင်း အကြောင်းပြန်။"

ဆူလီဗန်

❑

တာရာလေးမှန်တိုင်း၏ ကလူကျီစယ်မှုကို ခံလိုက်ရသော ချဲလင်ဂျာသည် ဆန်ဖရန်စစ္စကိုနှင့် တဖြည်းဖြည်း နီးကပ်လာသည်။ ဇန်နဝါရီလ ၂၁ ရက် အင်္ဂါနေ့ နံနက်တွင် အုံ့မှိုင်းနေသော မိုးကောင်းကင်မှ နေရောင်ခြည် ပေါ်ထွက်လာချိန်၌ မြင်လိုက်ရသော ဗြိတိသျှရေနံတင်သင်္ဘောကြီး၏ မြင်ကွင်းမှာ စိတ်မချမ်းသာစရာပင်။

သင်္ဘောကြီး၏ ခေါင်းတိုင်သည် အလုပ်လုပ်ဆဲပင် ဖြစ်သော်လည်း ပုံပျက်ပန်းပျက် ကွေ့ကောက်လိမ်ရှုံ့နေသည်။

သင်္ဘော ဘယ်ဘက်ရှိ ဝန်ချီစက်မှာ မြင်မကောင်းလောက်အောင် တွန့်လိမ်ကောက်ကွေးနေသည်။ အုံဖုံးတံခါး တော်တော်များများသည် ညကတည်းကပင် လေနှင့်အတူ လွင့်ပါသွားကြလေပြီ။ သင်္ဘော ဘယ်ဘက်ရှိ အသက်ကယ်လှေမှာ ချိတ်ဆွဲထားသည့် စင်ပေါ်မှ လွင့်စဉ်ပြုတ်ထွက်ပြီး ပင်လယ်ထဲ၌ မျောပါသွားလေပြီ။ သင်္ဘော ဘယ်ဘက်ခြမ်းရှိ တစ်လက်မထု ရှိသော မှန်ပြတင်းပေါက် သုံးပေါက်မှာ ကွဲအက်ပျက်စီးသွားကြသည်။ ပွဲစင်ပေါ်ရှိ ပြတင်းပေါက်မှန်ကို လှိုင်းလုံးကြီး တစ်လုံးက နောက်ထပ် လာရောက်ရိုက်ခတ်သဖြင့် မှန်စမှန်နများသည် အစိတ်စိတ်အမြွှာမြွှာ ကွဲပြီး ပွဲစင်ထဲသို့ ပြန့်ကျဲသွားသည်။ သို့သော် ကံကောင်းထောက်မသဖြင့် တစ်ဦးတစ်ယောက်မျှ မှန်ကွဲရှသော ဒဏ်ရာ မရခဲ့ကြချေ။ ပွဲစင်ကြီးသည်ပင်လျှင် တစ်ဘက်သို့ ယိုင်ပြီး စောင်းတောင်းတောင်း ဖြစ်သွားသည်။ ချဲလင်ဂျာကို ကြည့်မြင်ရသည်မှာ သင်္ဘော



အပျက်ကြီးနှင့် တူသည်။ သို့သော် ကယ်လီဖိုးနီးယားပြည်နယ်ဆီသို့ တစ်နာရီလျှင် ၁၇ မိုင်နှုန်းနှင့် ဆက်လက် ချီတက်နေဆဲပင်တည်း။

ဝင်းတားသည် ထိုအပျက်အစီးများကို ဂုန်းပတ်မကြီးပေါ်မှ အားရကျေနပ်စွာ မော့ကြည့်နေသည်။ ဒီအခြေအနေမျိုးနှင့်သာ ဆိုလျှင် ဆန်ဖရန်စစ္စကို ဆိပ်ကမ်းအာဏာပိုင်များက ချဲလင်ဂျာကို ပင်လယ်အော်ထဲသို့ ချက်ချင်း ဝင်ခွင့်ပြုကြမည်သာ။ သို့သော် သူ့စိတ်ကူးကို မာလိန်မှူးမက်ကေး မသိအောင် ဖုံးဖိထားသည်။ လီကက်သည် ပွဲစင်ပေါ်မှ နေ၍ သူ့ကို လှမ်းခေါ်လိုက်သောကြောင့် မော့ကြည့်လိုက်ရသည်။

"အခုပဲ သံကြိုးစာတစ်စောင် ဝင်လာပြန်ပြီဗျို့"

ဝင်းတားသည် ပွဲစင်ပေါ် ခပ်မြန်မြန် ပြန်တက်သွားသည်။ သူ ရောက်သည်နှင့်တစ်ပြိုင်နက် ကင်းနိုယတ် လက်ခံထားသော သံကြိုးစာကို လီကက်က လှမ်းပေးလိုက်သည်။ ဝင်းတားသည် ထိုသံကြိုးစာကို ဣန္ဒြေမပျက် ဖတ်လိုက်ပြီးနောက် မက်ကေးအား စူးစမ်းသော မျက်နှာထားနှင့် ပြန်ကြည့်လိုက်သည်။ မာလိန်မှူးသည် ပင်ပန်းနွမ်းနယ်လှသောကြောင့် အသားအရေများပင် ပြာနှမ်း၍ နေလေပြီ။ မာလိန်မှူးသည် ပွဲစင်ပေါ်၌ တစ်ညလုံးနေရင်း အနှစ် ၃၀ အတွင်း တစ်ခါဖူးမျှ မကြုံဖူးသေးသော လေမုန်တိုင်းကြီးကို ရင်ဆိုင်ခဲ့ရှာသည်။

ဝင်းတားက မေးလိုက်သည်။

"ဆူလီဗန် ဆိုတဲ့ လူအကြောင်း ကြားဖူးသလား"

မက်ကေးသည် ဝင်းတားအား ခပ်ကြောင်ကြောင် ပြန်ကြည့်လိုက်သည်။ သူ သိသော ဆူလီဗန်မှာ လွိုက်ရေကြောင်းအာမခံကုမ္ပဏီမှ ဖြစ်ပြီး သူ့သင်္ဘောကြီးပေါ်သို့ တစ်ခါ ဖိတ်ကြားခဲ့ဖူးသော လယ်ရီဆူလီဗန် ဆိုသူသာ ရှိသည်။ သို့သော် ဤကိစ္စတွင် အလျင်စလို မဖြေဖို့ သူ့ကို တစ်ခုခု တိုက်တွန်းနှိုးဆော်နေသလိုလို ခံစားနေရသည်။

"ဟုတ်ကဲ့"

"ဒီလူဟာ ဟာပါ ရေနံတင်သင်္ဘောကုမ္ပဏီနဲ့ ပတ်သက်သလား"

"ဟုတ်ကဲ့"

"သူ့အလုပ်က ဘာလဲ၊ ခင်ဗျားက ကျုပ် မေးတာကို တစ်ခွန်းတည်း ပြန်ပြန်မဖြေပါနဲ့ဗျာ"

မက်ကေး၏ ဒေါသအိုးကြီး အုံကြွပေါက်ကွဲသွားပြန်သည်။ သူက ဒေါသတကြီး ပြန်အော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖြေတော့ ဘာဖြစ်သလဲ၊ ကျုပ် ဒီသင်္ဘောကို လေမုန်တိုင်းထဲမှာ ခက်ခက်ခဲခဲ မောင်းခဲ့ရတယ်၊ ဒီအချိန်မှာ ကျုပ်က ကျုပ် သင်္ဘောကြီး မြုပ်မသွားအောင် ကိုယ်ရော စိတ်ပါ အာရုံစိုက်ရမယ့် အချိန်၊ ဒါပေမဲ့ မင်းတို့က သေနတ်ကြီးတွေ တကားကားနဲ့ ကျုပ် လုပ်ရမယ့် အလုပ်ထဲမှာ ကိုးရိုးကားရားဝင်ရှုပ်ခဲ့ကြတယ်"

"စိတ်မဆိုးပါနဲ့လေ"

"ဆိုးတော့ ဘာဖြစ်သလဲ၊ မင်းတို့လို တိရစ္ဆာန်တွေနဲ့ ဆက်ဆံနေရတာကို ကျုပ် စိတ်ကုန်လာပြီ၊ မင်းက ကျုပ်ကို ဒီပွဲစင်ပေါ်မှာ ဒီအပေါက်မျိုးလာချိုးရင် သင်္ဘောအင်ဂျင်စက်ကြီးကို ရပ်ပစ်ဖို့ ကျုပ်အကြောင်း ကြားလိုက်တော့မယ်၊ မင်း ကျုပ်ကို လုပ်ချင်သလို လုပ်ပေတော့"

လီကက်သည် မစ္စတိုသေနတ်ကို မြှောက်ရင်း–

"ခင်ဗျားကြီး ပါးစပ် ပိတ်စမ်း"

"ဘာဖြစ်လို့ ပိတ်ရမှာလဲ၊ မင်းပါးစပ်သာ ပိတ်ထား၊ ဒီအပေါ်မှာရှိတဲ့ လူတွေအားလုံးကို မင်း ပစ်သတ်ချင် သတ်လေ၊ ဒီတော့ မင်းတို့ ဘာဖြစ်ကုန်မလဲ၊ ဒီသင်္ဘောကြီးကို တစ်မိုင် ရွေ့အောင် မမောင်းနိုင်ဘဲနဲ့ ပစိဖိတ်သမုဒ္ဒရာထဲမှာ ချာလည်ချာလည် ဖြစ်နေတော့မှာပေါ့ကွာ"

ဝင်းတားက လီကက်၏ သေနတ်ကို လက်နှင့် ပြန်နှိမ့်ချလိုက်ပြီးနောက် ပွဲစင်ပေါ်မှ ပြန်ဆင်းခိုင်းလိုက်သည်။ သည်းမခံနိုင်တော့သော မက်ကေးက ခပ်တည်တည်နှင့် 'တို့အားလုံးကို ပစ်ချင်ရင် ပစ်'ဟု ပြောလိုက်ခြင်း ဖြစ်သည်။ ဝင်းတားကတော့ ပစ်ချင်ခတ်ချင်စိတ် ရှိပုံမပေါ်။ ဝင်းတားက အေးအေးဆေးဆေး ထပ်ပြောသည်။

"ကျုပ် ခုနက ပြောမိ ဆိုမိတာကို ပြန်ရုပ်သိမ်းပါတယ်၊ ခင်ဗျားခု ချက်ချင်းဆိုသလို ပြန်အိပ်ပြီး အနားယူသင့်ပါပြီ၊ ဒါပေမဲ့ ဆူလီဗန်ဆိုတဲ့လူက ဘာလဲ ဆိုတာကို ပြောစမ်းပါဦး"

"သူက ကုမ္ပဏီရဲ့ အဆင့်မြင့်ဝန်ထမ်းတစ်ဦးပဲ"

အလွန်တရာ ပင်ပန်းနွမ်းနယ်နေသော်လည်း ဝင်းတားကို သပောက်သဟန် ပြန်ပြောနေချိန်၌ သူ့အဖို့ စဉ်းစားရန် အချိန်ရသွားသည်။ ထိုကြေးနန်းထဲတွင် ပါလာသည့် အချက်ပေးစကားကို သူ သိချင်လှပါဘိ။ ပြီးတော့ သင်္ဘောပေါ်တွင် တွေ့ကြုံနေရသည့် အခြေအနေဆိုးကို ကုန်းပေါ်က လူတွေ



သိအောင် အချက်ပေးရန် ရတော့ရခဲ အခွင့်အရေးတစ်ခုလည်း ဖြစ်နိုင်သည်။ အကယ်၍သာ အကြောင်းမပြန်မိ ထိုသံကြိုးစာကို သူ ကြည့်ခွင့်ရခဲ့သော်..

ဝင်းတားက မေးပြန်သည်။

"ဒီ ဆူလီဗန် ဆိုတဲ့လူက တော်တော်လေး ခရီးသွားတတ်သလား"

"သင်္ဘောလုပ်ငန်းမှာ လုပ်နေသူ အများစုဟာ ဒီလို ခရီးသွားနေကြရတဲ့ လူတွေချည်းပါပဲ"

"ဒီတော့ ဆူလီဗန်တစ်ယောက် ဆန်ဖရန်စစ္စကိုကို ရောက်နေတာကို ခင်ဗျား မအံ့သြဘူးပေါ့"

မက်ကေးက တအံ့တသြ ပြန်ဖြေသည်။

"အံ့သြစရာ မရှိပါဘူးဗျာ"

ဝင်းတားက သံကြိုးစာကို မက်ကေးထံ လှမ်းပေးသည်။

"ခင်ဗျား ဒါကို ဘယ်လို သဘောရသလဲ"

ဘင်းနက်က မက်ကေး ပခုံးပေါ်မှ ကျော်ဖတ်နေစဉ် မက်ကေးက ထိုသံကြိုး၏ အနက်အဓိပ္ပာယ်ကို စဉ်းစားနေသည်။ မက်ကေး၏ မျက်နှာအမူအရာမှာ တစ်စုံတစ်ရာ ပြောင်းလဲသွားခြင်း မရှိသော်လည်း သူ့စိတ်ကူးများက ဟိုရောက် ဒီရောက် ဖြစ်နေကြသည်။ တရားမဝင် ပစ္စည်း ဆိုတာက ဘာလဲ။ သင်္ဘောသား အသစ် ဆိုတာကကော၊ ကာလီဖိုးနီးယားအထိ ရောက်အောင် လိုက်လာခြင်းမှာ ဒီသင်္ဘောကြီးပေါ်တွင် မဟုတ်မဟတ်တာတွေ ဖြစ်နေပြီဟု ဆူလီဗန်က ထင်နေသောကြောင့်လား၊ ဘာပဲပြောပြော သူသည် မိုင်းဗုံးထောင်ထားသည့် နယ်မြေထဲသို့ ရောက်ရှိနေလေပြီ။

ဝင်းတားက ထပ်မေးသည်။

"ဘယ်လိုလဲဗျ"

"ဘယ်လိုလဲဆိုတာကိုက ဘာလဲ"

"ကြေးနန်းစက်ရိုက်သမား ကင်းနီယတ်ဟာ လူသစ်ဆိုတာကို သူက ဘာဖြစ်လို့ မသိရမှာလဲ၊ သင်္ဘောပေါ်မှာ သင်္ဘောသားအသစ် ပါလာသလားလို့ သူက ဘာဖြစ်လို့ မေးရတာလဲ၊ သူက ရုံးချုပ်နဲ့ အဆက်အသွယ် မရှိလို့လား။ ကင်းနီယတ်အကြောင်း ခင်ဗျား ဟာပါ့ဆီ သတင်းပို့မထားဘူးလား"

"ကျုပ်တို့ ဒီကို ခရီးထွက်မလာခင် ကင်းနီယတ်အကြောင်း လန်ဒန်ကို သတင်းပို့ခဲ့တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့်ရင် ဆူလီဗန်က ဘာပြုလို့ မသိရမှာလဲ၊ သူက ရုံးချုပ်နဲ့ အမြဲတမ်း အဆက်အသွယ် လုပ်နေရမှာ မဟုတ်လား''

''ဒီလူက ဟိုဟိုဒီဒီ လျှောက်သွားနေတာ၊ ကျုပ် ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ''

ဝင်းတားက မေးပြန်သည်။

''မူးယစ်ဆေးဝါး ဆိုတာကကောဗျာ''

''မှောင်ခိုလုပ်တဲ့ ကိစ္စက လွဲရင် တခြားတော့ မတွေးတတ်ဘူး၊ ဒီ သင်္ဘောလို သင်္ဘောကြီးတွေမှာ အထုပ်သေးသေးလေး တစ်ထုပ်ကို ဖွက်ဖို့နေရာ ပေါပါဘိသနဲ့''

''ဒီသင်္ဘောပေါ်မှာ အရင်ကကော ဖြစ်ဖူးလို့လား''

ဤမေးခွန်းကို ဝင်းတားက အမှတ်မထင် မေးလိုက်ခြင်း ဖြစ်သည်။ သို့သော် ဤမေးခွန်းသည် ထောင်ချောက်ဆင်ထားသည့် မေးခွန်း ဖြစ်သည်။ အကယ်၍ မက်ကေးက ဖြစ်ခဲ့ဖူးတယ်ဟု ဖြေလျှင် ကျန်သင်္ဘောသားတစ်ယောက်ကို မှန် မမှန် ထပ်မေးကြည့်ရုံတင် ဖြစ်သည်။

''ကျုပ် မာလိန်မှူး လုပ်နေတုန်းတော့ တစ်ခါမှ မဖြစ်ဖူးဘူး''

ဝင်းတားက ထပ်ပြောသည်။

''ကျုပ် ဒီသံကြိုးကို ပြန်အဖြေမပေးတော့ဘူး''

မက်ကေးက ညောင်းညာနေသော ပခုံးကို ဆန့်လိုက်ရင်း–

''ဒါကတော့ ကြိုက်သလို လုပ်ပေါ့ဗျာ၊ ကဲ... မစ္စတာဘင်းနက်၊ မင်း ပွဲစင်ပေါ်မှာ ဆက်တာဝန်ယူပေတော့၊ ငါ တစ်နာရီ နှစ်နာရီလောက် သွားအိပ်ဦးမယ်၊ ဒါပေမဲ့ ပြဿနာတစ်ခုခု ပေါ်လာရင်တော့ လာခေါ်ပေါ့ကွာ''

ဝင်းတားက ခပ်ငေါက်ငေါက် ဝင်ပြောသည်။

''နေဦးလေ၊ တစ်မိနစ်လောက် စောင့်ဦး''

ဝင်းတားတစ်ယောက် အခက်အခဲ ကြုံနေရလေပြီ၊ အကယ်၍ ဆူလီဗန်၏ သံကြိုးကို ပြန်အဖြေမပေးခဲ့သော် သင်္ဘောပေါ်တွင် မဟုတ်တရုတ်တွေ ဖြစ်နေပြီဟု ကုန်းပေါ်က ထင်ကြလိမ့်မည်။ သို့သော် သူက သံသယရှိနေဆဲပင်။ ပြီးတော့ ဒီတစ်ခေါက်တွင်မှ ဒီသင်္ဘောပေါ်တွင် မဆိုင်သည့် ပြဿနာတစ်ခု နောက်ထပ် ဖြစ်နေသည် ဆိုသည့် ကိစ္စမှာ တော်တော်တော့ ထူးဆန်းသည်။ တစ်ဖန် မက်ကေးတွင်လည်း ဒီသံကြိုးကို ပြန်ချင်ရင် ပြန်၊ မပြန်ချင်ရင်နေ ဆိုသည့် သဘောထားမျိုး ရှိကြောင်း ထင်ရှားနေသည်။



ဒါကလည်း အဲဒီလို ထင်သွားအောင် မက်ကေးက တမင် အမူအရာ လုပ်လိုက်ခြင်း ဖြစ်သည်။ သို့သော် အရေးတကြီး မေးလာသည့် ဤသံကြိုးကို သူက ပြန်မဖြေခဲ့သော်...

ဝင်းတားက ရုတ်တရက် ပြောချလိုက်သည်။

''ကျုပ် ဆုံးဖြတ်ချက်ကို ပြင်လိုက်ပြီ၊ ဒီသံကြိုးကို ပြန်ဖြေမယ်''

သူက ထိုစကားကို ပြောလိုက်စဉ် မက်ကေးနှင့် ဘင်းနက်တို့၏ အမူအရာကို စေ့စေ့စပ်စပ် စောင့်ကြည့်နေသည်။ မက်ကေးက သူ့စကားကို နားညည်းဟန်နှင့် ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်နေသည်။ ဘင်းနက်ကမူ စီးကရက်ဘူးကို ထုတ်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ ဤတွင် ဝင်းတားက ဆက်ပြောသည်။

''ဒီသင်္ဘောပေါ်မှာ ရှာဖွေရေး လုပ်မယ်၊ အိုလီယမ်ဆိပ်ကမ်းကို ရောက်မှ အပြည့်အစုံ အစီရင်ခံမယ်လို့ အကြောင်းပြန်မယ်၊ သံကြိုးစာကိုတော့ ကျုပ်ကိုယ်တိုင် ရေးမယ်။

ထိုသံကြိုးစာကို သူကိုယ်တိုင် ရေးချင်စိတ် ရှိနေသော မက်ကေးသည် သူ စိတ်ပျက်သွားပုံကို မပေါ်လွင်စေဘဲ ပွဲစင်ပေါ်က ဆင်းရန် ဟန်ပြင်လိုက်သည်။

ဝင်းတား ထပ်ပြောလိုက်သည်။

''ခဏနေပါဦး၊ ဆူလီဗန်ဆိုတဲ့ နာမည်မျိုးကို လူတိုင်း မှည့်တတ်ကြတယ်၊ ပြီးတော့လည်း ကျုပ်ကလည်း ဒီသံကြိုး သူ့လက်ထဲကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်သွားစေချင်တယ်၊ သူ့နာမည်က ရှေ့က တစ်လုံးက ဘာတဲ့လဲ...''

မက်ကေးက မဆိုင်းမတွ အဖြေပေးလိုက်သည်။

''အက်ဖ်ရိမ်တဲ့၊ အဲလေ... အက်ဖ်ရိမ်ဆူလီဗန်ပေါ့''

❑

ထိုသံကြိုးစာသည် ဆူလီဗန် တည်းခိုနေသော စိန့်ဖရန်စစ်ဟိုတယ်သို့ အင်္ဂါနေ့ မနက် ၁၁ နာရီ သို့မဟုတ်၊ ချဲလင်ဂျာ သင်္ဘောကြီး အိုလီယမ်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရန် ၁၁ နာရီအလိုတွင် ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပေးပို့သော သတင်းကို ရရှိနားလည်သည်။ သင်္ဘောတစ်စင်းလုံးကို ရှာဖွေနေပြီ။ အဖြေကို အိုလီယမ်သင်္ဘောဆိပ်သို့ ဆိုက်ကပ်သည့်အခါ တင်ပြမည်။ မက်ကေး"

ဆူလီဗန်သည် တယ်လီဖုန်းမှတစ်ဆင့် လက်ခံရရှိသော ထိုသတင်းကို စာရေးစက္ကူပေါ်တွင် လိုက်လံ ရေးမှတ်ပြီးနောက် လိပ်စာကို ခပ်ကြောင်ကြောင် ပြန်ကြည့်နေမိသည်။

"အက်ဖ်ရိုမ်ဆူလီဗန်၊ စိန့်ဖရန်စစ်ဟိုတယ်' တဲ့။

သူက ကပျာကယာ မတ်တတ်ရပ်လိုက်သည်။ သူ တွေးတာ မှန်လေပြီ၊ ပြင်သစ်နိုင်ငံ ဘော်ဒိုမြို့မှ စ၍ ကမ္ဘာတစ်ခြမ်းလုံး နှံ့အောင် သူ တောက်လျှောက် လိုက်ခဲ့ရသည်။ အဖြေမပေါ်ခဲ့။ အခုမှပဲ လူပ်လှုပ်ရှားရှား လုပ်ခွင့်ရတော့မည်။

သူသည် တယ်လီဖုန်းထဲက အတော်ကြာကြာ တောင်းတောင်းပန်ပန် ပြောဆိုခဲ့ရပြီးမှ မြို့တော်ဝန်၏ အတွင်းရေးမှူးနှင့် စကားပြောဆိုခဲ့ရပြီး ဖြစ်သည်။ သို့သော် ဒီကလေးမကို ချဉ်းကပ်ရန် မလွယ်။ မြို့တော်ဝန်ဆီ ဖုန်းဆက်တတ်သော လူပေါလူကြောင်များကို ဒီကလေးမက မဟာရုံးတံတိုင်းကြီးသဖွယ် တားဆီးပေးရန် အထူးတလည် ရွေးချယ်ထားခြင်း ဖြစ်ကြောင်း သူ ရိပ်မိလာသည်။ ထို့ကြောင့် ဖြစ်လိုရာ ဖြစ်စေတော့ ဆိုသော သဘောနှင့် ဖွင့်ပြောချလိုက်ရသည်။

"ကျုပ်က ဆန်ဖရန်စစ္စကိုမြို့မှာ မကြာခင် ဖြစ်လာနိုင်တဲ့ ဘေးအန္တရာယ်ဆိုးကြီးတစ်ခုအကြောင်း မြို့တော်ဝန်ကို သတင်းပို့မလို့ဗျ။ အဲဒါကလည်း ဒီကနေ့ည ၁၀ နာရီလောက်က စပြီး ဖြစ်လာနိုင်တယ်"

❑

မြို့တော်ဝန် အော်ဒီပရက်တီသည် အသက် ၄၀ အရွယ် လူချောလူလှ တစ်ယောက် ဖြစ်သည်။ ဆံပင်နက်သည်၊ အသားအရေ ချောမွေ့သည်။ ပြုံးပြုံးရယ်ရယ် နေတတ်သည်။ သူက 'ကျုပ်ဟာ သုညထက် နိမ့်တဲ့ ဘဝက တက်လာတဲ့လူပါပဲ'ဟု မကြာလေ့ပြောထရှိသည်။ သူ ပြောပုံကလည်း သိပ်မဆိုးလှချေ။ သူ့အဖေသည် ဆလီနာကျေးရွာမှ သစ်သီးကောက်သူ တစ်ဦးသာတည်း။ သည်အတိတ်ဇာတ်ကြောင်းကြောင့် ပရက်တီသည် အလုပ် သက်သာလွယ်ကူ



စေမည့် နောက်ဆုံးပေါ် စက်ပစ္စည်းများကို စိတ်ဝင်စားသူ ဖြစ်လာရသည်။ သူသည် ကွန်ပျူတာများကို အထူးတလည် စိတ်ဝင်စားသူ ဖြစ်သည်။

မြို့တော်ဝန် ပရက်တီက ပြုံး၍ ထပ်ပြောလိုက်၏။

"ကဲ... ဒီကိစ္စကို နောက်တစ်ခါ ထပ်ပြောရအောင်၊ ခင်ဗျားက ဟိခ်မြို့မှာ ရှိတဲ့ ဗဟိုအဏ္ဏဝါစခန်းက ဝန်ထမ်းတွေနဲ့ ထပ်ဆွေးနွေးပြီးပြီ၊ အဲဒီက ဝန်ထမ်းတွေကတော့ တကယ်လို့ အက်ဖ်ရိုမ်သာ ချို့ယွင်းသွားရင် သူ ပို့တဲ့ သတင်းဟာ ဘယ်လိုမှ အဓိပ္ပာယ်ဖော်လို့မရတဲ့ သပွတ်အူသတင်းမျိုးသာ ဖြစ်ရမယ်၊ အဲဒီလို မဟုတ်လား၊ မစ္စတာ ဆူလီဗန်"

"မှန်ပါတယ် ခင်ဗျာ"

"ဟုတ်တယ်၊ ကျုပ်လည်း ကွန်ပျူတာစက်တွေအကြောင်း တော်တော်ကလေး လေ့လာထားတယ်၊ ကဲပါလေ... ခပ်ရှင်းရှင်း ပြောကြရရင် ကျုပ်တို့က အက်ဖ်ရိုမ်ကိစ္စကို အသေးစိတ် ပြန်စစ်ကြည့်သင့်တယ်လို့ ထင်တယ်၊ တစ်ခါ ဒီသံကြိုးထဲမှာ အက်ဖ်ရိုမ်ရဲ့ နာမည်ကိုပါ ထည့်ပြီး သတင်းပို့လိုက်တဲ့ သဘောဟာ မာလိန်မှူးက သူ့သင်္ဘောပေါ်မှာ ဆိုးဆိုးဝါးဝါး ကိစ္စတစ်ခုခု ဖြစ်နေပြီလို့ သွယ်ဝိုက်ပြီး သတင်းပို့လိုက်တာ ဖြစ်နိုင်တယ်၊ ဒါနဲ့ စကားမစပ် ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်က ထူးထူးခြားခြား ဘာမှ မလုပ်သေးခင် သေချာသွားအောင် ဟိတ်ခ်ကို တယ်လီဖုန်း ထပ်ဆက်ပြီး ထပ်မေးကြည့်ချင်တယ် ဆိုရင် ခင်ဗျား သဘောတူနိုင်ပါ့မလား"

ထိုအချိန်မှာ ဆန်ဖရန်စစ္စကို စံတော်ချိန် နေ့လယ် ၁ နာရီ ဖြစ်သည်။ တစ်နည်း ပြောရသော် ချဲလင်ဂျာ အိုလီယမ်သင်္ဘောဆိပ်သို့ ရောက်ရှိလာရန် ၉ နာရီသာ လိုတော့သည့် အချိန်။

❑

ဆန်ဖရန်စစ္စကိုသို့ ဦးတည် ခုတ်မောင်းလာနေသော ချဲလင်ဂျာသင်္ဘောကြီး၏ အင်ဂျင်စက်မှာ ချွတ်ယွင်းမှု မရှိသော်လည်း သင်္ဘောပေါ်တွင် ပါလာသူများ၏ စိတ်ဓာတ်အခြေအနေမှာ တစ်ချိန်ထက် တစ်ချိန် ပိုဆိုးရွားလာသည်။ အမှန်ကမူ ဆန်ဖရန်စစ္စကိုနှင့် နီးလှာလေလေ စိတ်ဓာတ် တက်ကြွမှု ပိုဖြစ်ပေါ် လာကြဖို့ ကောင်းသည်။ ယခုမူ အနေအထားက ပြောင်းပြန်ဖြစ်နေသည်။

www.burmeseclassic.com



ဗြိတိသျှအမျိုးသား သဘော်သား အားလုံးသည် မန့်တစ်ယောက် အစရှာမရအောင် ပျောက်ကွယ်သွားမှုကြောင့် အကြီးအကျယ် စိတ်ဓာတ် ချောက်ချားနေကြသည်။ အင်ဂျင်နီယာချုပ် ဘရက်ဒီက သူ့လူများ စိတ်ဓာတ် မကျအောင် မန့်သည် တစ်နေရာရာတွင် ဝင်ပုန်းနေတာ ဖြစ်နိုင်သည်ဟု ရှင်းပြသည်။ ဘရက်ဒီက လံဘားမီလာအား–

"မန့်လို လူမျိုးကို ဒီပြင်သစ်လူဆိုးတွေက တော်ရုံတန်ရုံနဲ့ ဘယ်ချလို့ ရပါ့မလဲ၊ ဒါပေမဲ့ မန့်က လီကာကို အပြတ်မတွယ်နိုင်သေးလို့ တစ်နေရာရာမှာ ဝင်ပုန်းနေတာပဲ ဖြစ်ရမယ်"

မက်ကေးနှင့် ဘင်းနက်တို့ကမူ ဘရက်ဒီထက် ပို၍ သဘာဝကျကျ တွေးမိကြသည်။ ဘင်းနက်က–

"ကျွန်တော့်အထင်ကို ပြောရရင် ကြောင်က ကြွက်ကို ဖမ်းမိသွားတာပဲ ဖြစ်ရမယ်"

သူတို့က ပြင်သစ်လူဆိုးများကို စကားဝှက်နှင့် 'ကြောင်' ဟု ရည်ညွှန်း သုံးစွဲလေ့ရှိကြသည်။ မက်ကေးက ပြန်ဖြေသည်။

"အေး. . . မင်း တွေးတာ မှန်နိုင်တယ်၊ ဒါပေမဲ့ ငါ နားမလည်နိုင်တဲ့ အချက်က ဒီကိစ္စကို ဝင်းတားက ဘာဖြစ်လို့ တစ်ခွန်းမှ ထည့်မပြောသလဲ ဆိုတာပဲ"

"အဲဒါကတော့ ခင်ဗျားရဲ့ ဒုတိယခေါင်းဆောင်ကို သတ်ဖို့ ကျုပ်တို့ ဘက်က လူတစ်ယောက် လွှတ်ထားတယ်၊ အဲဒီလူ ပျောက်နေတယ်ဗျ၊ အဲဒါ ဘာသတင်းများ ကြားမိသေးသလဲ မစွတာဝင်းတား လို့ သူ့ကို သွားမေးလို့က လည်း မဖြစ်၊ ဒါပေမဲ့ ကျွန်တော်တို့ လူတွေ တော်တော်ကလေး ဂယောင်ချောက်ချားနေ ကြတယ်၊ သဘော်သားတွေအကြောင်း ဆရာလည်း သိသားပဲ မဟုတ်လား။ သဘော်သားတစ်ယောက် ပင်လယ်ထဲမှာ သေလုမျောပါး ဖြစ်တယ်ဆိုရင် ယုန်ထင် ကြောင်ထင် ဖြစ်တတ်ကြတယ်၊ အဲ. . . အစရှာမရအောင် ပျောက် သွားပြီ ဆိုရင်တော့ ရူးမလောက် ဖြစ်ကုန်ကြမှာ သေချာတယ်"

ဘာပဲပြောပြော လီကာက်၏ စိတ်ဓာတ်စစ်ဆင်ရေးက အထူးတလည် အောင်မြင်နေလေသည်။ ဝင်းတားသည် သဘော်သားများကို ရက်ရက်စက်စက် မညှဉ်းပန်း မနှိပ်စက်မဲ့ဘဲနှင့် ပိုင်ပိုင်နိုင်နိုင် ထိန်းထားနိုင်ခဲ့သည်။ ယခုမူ အကြောက်တရားနှင့် ခြိမ်းခြောက်ထားရမည် ဆိုသည့် လီကာက်၏ စိတ်ဓာတ် စစ်ဆင်ရေးက ဆန်ဖရန်စစ္စကို မရောက်မီ လေး ငါးနာရီအလိုတွင် သဘော်သား



များ၏ စိတ်ဓာတ်ကို တစ်စစီ တစ်စစီ ဖွဲ့ခြွေနေလေပြီ။ လီကာက်က ခပ်မေးမေး မျက်လုံးများနှင့် ဘာကိုမျှ သတိမထားမိသလို နေမြဲတိုင်း နေသည်။ မကြာမီ ဒီသဘော်ပေါ်မှ ဝင်းတားတစ်ယောက် ပြန်သွားရတော့မည်။ ဝင်းတား ပြန်သွား လျှင် ဒီသဘော်ပေါ်မှာ သူ ဗိုလ် ဖြစ်လာမည်။ လောလောဆယ်မှာတော့ သဘော်သားတွေ တဖြည်းဖြည်း စိတ်ဓာတ် ကျနေပေစေဦးပေါ့။

ဒီသဘော်ပေါ်တွင် သဘော်သားများသာ စိတ်ဓာတ် ပျက်ပြားနေခြင်း မဟုတ်။ လူဆိုးများ ကိုယ်တိုင်လည်း အမေရိကန်မြေနှင့် နီးလာသည်နှင့်အမျှ နေမထိထိုင်မထိ ဖြစ်ကုန်ကြသည်။ ပိုပြီး စိတ်တိုလာသည်။ တင်းတင်းကျပ်ကျပ် ပြောဆိုဆက်ဆံလာသည်။ ထစ်ခနဲရှိလျှင် ပစ်ချင် ခတ်ချင်သည့် စိတ်ဓာတ်မျိုး ဖြစ်လာကြသည်။ အေးတိအေးစက်နှင့် ဥပေက္ခာပြုတတ်သော ဝင်းတား ကိုယ်တိုင်လည်း ကယ်လီဖိုးနီးယားမြေနှင့် နီးလာသည်နှင့်အမျှ ပို၍ အေးစက်စက် ဖြစ်လာသည်။ ဒါကလည်း သူ အဓိပ္ပာယ် ရှာမရသော ကိစ္စများ တစ်ခုပြီး တစ်ခု ဖြစ်လာကြသဖြင့် သူ့ ဆဋ္ဌမအာရုံက သူ့ကို သတိပေးနေသောကြောင့် လည်း ဖြစ်နိုင်သည်။ ပထမကိစ္စမှာ ထိုနေ့ည ၂ နာရီတွင် သူတို့သဘော်ဆီသို့ နောက်ထပ် ရောက်လာသော သံကြိုးစာပင်တည်း။

*"ခင်ဗျားတို့ သဘော်ပေါ်တွင် အစစအရာရာ အဆင်ပြေ မပြေ ချက်ချင်း ပြန်အဖြေပေးပါ၊ ပြည့်ပြည့်စုံစုံ ရေးသားပြန်ကြား ချက်ကို ရရှိလိုသည်။ ခင်ဗျား ပေးပို့ခဲ့သော သံကြိုးစာအချို့သည် လုပ်ထုံးလုပ်နည်းများနှင့် မညီမညွတ် ဖြစ်နေသည်။*

*အိုဟဲယား*

*ဆန်ဖရန်စစ္စကို ဆိပ်ကမ်းအာဏာပိုင်*

၄ နာရီမှ အိပ်စက် အနားယူပြီးနောက် ပွဲစင်ပေါ် ပြန်တက်လာသော မက်ကေးအား ဝင်းတားက သံကြိုးစာကို ချက်ချင်း ပြလိုက်သည်။ ၎င်းနောက် ဝင်းတားက–

"အဲဒါ ဘာသဘောလဲ ဆိုတာကို ကျုပ် သိချင်တယ်၊ သာမန်အားဖြင့် ခင်ဗျား ဒီလို သံကြိုးမျိုးကို ရလေ့ရထမရှိဘူး မဟုတ်လား။ ဘယ်လိုကိစ္စကြောင့် အိုဟဲယားက သံသယဝင်ရတာလဲ"

မက်ကေးကလည်း ဘုကျကျ ပြန်ဖြေသည်။

"ခင်ဗျားကြောင့်ပဲ ဖြစ်မှာပေါ့"

"အဲဒီစကား အဓိပ္ပာယ်က ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီသင်္ဘောပေါ် ခင်ဗျား ရောက်လာကတည်းက သံကြိုးစာတွေကို ခင်ဗျားချည်း ပြန်ရိုက်နေတာ မဟုတ်လား၊ အဲဒီသံကြိုးစာ တစ်ခုခုထဲမှာ အမှား ပါသွားလို့ ဖြစ်မှာပေါ့"

"ဟဲ့. . . ခင်ဗျားသာဆိုရင် ဘယ်လို အဖြေပြန်ပေးမလဲ"

"ကျုပ်ကတော့ ဘယ်လိုမှ ဝင်ပြောမပေးနိုင်ဘူး"

မက်ကေးက မာမာတင်းတင်း ပြောလိုက်ပြီး မှန်ကွဲသွားသော ပြတင်းပေါက်မှ အပြင် တစ်ဘက်သို့ ငေးကြည့်နေသည်။ ဖြစ်ပုံပျက်ပုံ အလုံးစုံကို အကဲခတ်နေသော ဘက်တီကော်ဒဲလ်ကလည်း အနားမှ လေ့လာနေသည်။ ယခုဆိုလျှင် ဘက်တီကော်ဒဲလ်သည် ပွဲစင်ဖော်၌ အနေများသည်။ သင်္ဘောပေါ်တွင် တစ်ဖက်နှင့် တစ်ဖက် တင်းတင်းမာမာ ဖြစ်လာကြသဖြင့် စိတ်ပူနေမိသည်။ ပြတင်းပေါက်မှ မျှော်ကြည့်လျှင် တည်ငြိမ်သာယာလှသော ပင်လယ်ရေပြင်ပြာကြီးကို ပြာလွှဲသော မိုးကောင်းကင်အောက်တွင် မြင်နေရသည်။ တာရာလေမုန်တိုင်းက တောင်ဘက်ဆီသို့ ဦးတည် တိုက်ခတ်သွားနေခိုက် ချဲလင်ဂျာတဆန်ဖရန်စစ္စကိုမြို့ဆီသို့ အနောက်တောင်ဘက် အရပ်ဆီမှ ချဉ်းကပ်လာကြသည်။ သာမန်အားဖြင့် ရေနံတင်သင်္ဘောကြီးသည် အနောက်မြောက်ဘက်ဆီမှ လာလေ့လာထ ရှိသော်လည်း ရွှေတံခါးရေလက်ကြားသို့ ဘွားခနဲ ရောက်သွားအောင် ယခုလမ်းအတိုင်း ပြောင်းလဲသွားရမည်ဟု ဝင်းတားက အတင်းအခွေ့စေခိုင်းသောကြောင့် ဖြစ်သည်။ ဝင်းတားက နောက်တစ်ကြိမ် ထပ်မေးသောအခါ မက်ကေးက ပြန်ဖြေသည်။

"ခင်ဗျား ပေးမယ့် အဖြေကို ကိုယ့်ဘာသာကိုယ် ရေးပေါ့ဗျာ"

ဝင်းတားက ထပ်မပြောတော့ပါ။ ဤကိစ္စကလေးအတွက် ပြဿနာတက်လိုဟန် မရှိချေ။ သူ့ရည်ရွယ်ချက်မှာ နောက်ထပ် ၁ နာရီ ၂ နာရီအတွင်း ဘာပြဿနာမှ မပေါ်အောင် မည်သူနှင့်မျှ ထိပ်တိုက်မတိုးဘဲ နေချင်၍ ဖြစ်သည်။ သူက သံကြိုးစာကို သူ့ဘာသာသူ ရေးပြီး ကင်းနိယတ်ထံ ယူသွားပေးသည်။ ကင်းနိယတ်က သံကြိုးစာကို ဖတ်ကြည့်ပြီးနောက် ပြန်မေးသည်။

"ဒါဆိုရင် ဒီလူတွေများ သိကုန်ကြပြီလား မသိ၊ ကျွန်တော်တို့တော့ နာခေါင်းကျည်ပွေ့ တွေ့ကြရလိမ့်မယ် ထင်တယ်"

ဝင်းတားက အမိန့်ပေးလိုက်သည်။

"ပို့မှာသာ ပို့စမ်းကွာ၊ ဆန်ဖရန်စစ္စကိုကို ဝင်ရတာ ငှက်ပျောသီးအခွံနွှာစားရသလို လွယ်မယ်လို့ ထင်လို့လား"



ဝင်းတားသည် ဆက်သွယ်ရေးအခန်းထဲက ပြန်ထွက်လာပြီးနောက် တံခါးကို သော့ခတ်ပိတ်လိုက်ပြီး သော့ကို အစောင့်လူဆိုးအား ပေးလိုက်သည်။ ကင်းနိယတ်က သံကြိုး စရိုက်သည်။

"သင်္ဘောပေါ်တွင် အစစအရာရာ အဆင်မပြေပါ။ ၀၁း၀၀ နာရီနှင့် ၀၅း၀၀ နာရီအကြားတွင် တာရာလေမုန်တိုင်း၏ ဖဟိုချက်ကို ဖြတ်ခဲ့ရသည်။ ပွဲစင် အတော်များများ ပျက်စီးသွားသော်လည်း မမောင်းနိုင်တော့အောင် ပျက်စီးခြင်း မဟုတ်ပါ။ အင်ဂျင်စက်ခန်းကို မထိခိုက်။ အိုလီယမ်ဆိပ်ကမ်းဆီသို့ တစ်နာရီ ၁၇ မိုင်နှုန်းနှင့် ဆက်လက် ခုတ်မောင်းလာနေဆဲ၊ ကျွန်တော် ဒီဘက်က အချိန်မှန်မှန် အစီရင်ခံနေသည့် သံကြိုးများကို ရည်ညွှန်းပြောထားချက်အား လုံးဝနားမလည်ပါ။ အိုလီယမ်သို့ ၂၂း၀၀ နာရီတွင် ရောက်မည်ဟု ဆက်လက် ခန့်မှန်းထားသည်။

မက်ကေး"

လေမုန်တိုင်း အရှိန်လျော့သွားပြီးနောက် ခဏတဖြုတ် အိပ်စက်ချိန်ရခဲ့သော ဝင်းတားသည် ယခုမှ ပိုပြီး ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် ဖြစ်လာသည်။ သင်္ဘောပေါ်ရှိ နေရာတကာကို မမျှော်လင့်သော အချိန်တွင် လိုက်စစ်နေသည်။ အစောင့်လူဆိုးများ စိတ်တိုနေသည်ကို သူ သတိပြုမိသည်။ ဒါကလည်း သိပ်ဆန်းလှသည်တော့ မဟုတ်။ ကယ်လီဖိုးနီးယားကမ်းခြေနားသို့ ရောက်လာကြပြီ ဖြစ်သဖြင့် အစစအရာရာကို မယုံသင်္ကာစိတ်နှင့် ပိုဂရုစိုက်ပြီး ကြည့်လာကြသောကြောင့် ဖြစ်ရမည်။

သို့သော် ဗြိတိသျှ သင်္ဘောသားများ၏ မှုန်တေတေ၊ မှုန်ကုပ်ကုပ် အနေအထားကိုမူ သူ နားမလည်နိုင်ဘဲ ရှိရသည်။ ဗြိတိသျှ သင်္ဘောသားများက ရှုံးလိုသည် ဆိုသည့်ကိစ္စကို သူ နားလည်နိုင်သည်။ သို့သော် အင်ဂျင်စက်ခန်းထဲရှိ သင်္ဘောသားများ၏ မှုန်တေတေ အနေအထားကိုမူ သူ သိပ်နားမလည်ယူချေ။ တစ်ယောက်ယောက်ကို လီကက်က အကြီးအကျယ် ဒဏ်ရာရအောင် ညှဉ်းပန်းနှိပ်စက်ခဲ့လေသလား။ သူ စုံစမ်းမှ ဖြစ်တော့မည်။ သူက လီကက်ကို သူကိုယ်တိုင် မေးသည်။

"မင်း သူတို့ကို ခြိမ်းခြောက်နေပြန်ပြီလား၊ အခု ဒီလူတွေ တော်တော်လေး နာနာကြည်းကြည်း ဖြစ်နေကြပုံရတယ်"

"ဘယ်လောက်အထိ ဆိုးဝါးလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"လူသတ်ချင်လောက်အောင် နာနာကြည်းကြည်း ဖြစ်နေတာကို တွေ့ရတယ်၊ ဒီတော့ တို့ကသာ အမှုမဲ့ အမှတ်မဲ့ နေကြရင် ချက်ကောင်းကျမှ ထပြီး ပေါက်ကွဲကုန်လိမ့်မယ်"

"ကျုပ်လူတွေကို သတိပေးထားမယ်"

"ငါ့ဘာသာ ငါ သတိပေးမယ်၊ မင်း ပွဲစင်ပေါ်ကို သွားဖို့ ကောင်းပြီ"

ဝင်းတားသည် ပွဲစင်ပေါ်၌ ရှိနေသော ဘက်တီကော်ဒဲလ်ကို လူဆိုး တစ်ယောက်နှင့် သူ့အခန်းဆီ ပြန်ပို့နိုင်းမှ ဖြစ်မည်ဟု တွေးလိုက်မိသည်။ ပွဲစင်ပေါ်၌ လီကက် ရှိနေစဉ် ဘက်တီကို ပြန်နိုင်းထားမှ ဖြစ်မည်။

ထိုနေ့ ညနေ ၃ နာရီတွင် သံကြိုးစာတစ်စောင် နောက်ထပ် ရောက် လာသည်ထက် ပိုဆိုးရွားသော ဖြစ်ရပ်တစ်ခုနှင့် ကြုံခဲ့ရပြန်သည်။ ထိုအချိန်တွင် ချဲလင်ဂျာသည် ကယ်လီဖိုးနီးယားကမ်းခြေနှင့် မိုင် ၄၀ ခန့်သာ ဝေးတော့သည်။

❑

အမေရိကန် ကမ်းခြေစောင့်တပ်မှ ရဟတ်ယာဉ်သည် ရေပြင်နှင့် နီးနီးကပ်ကပ် ရှပ်၍ ပျံသန်းလာသဖြင့် အလွန်မျက်စိရှင်သော လီကက်ကသာ လှမ်းမြင်လိုက်သည်။ သူက ဝင်းတားကို တယ်လီဖုန်းဆက်၍ ခေါ်လိုက်၏။ ဝင်းတား၏ ဆောင်ရွက်ချက်ကလည်း အလွန်မြန်ဆန်သည်။ သူက အခန်းထဲ တွင် ပိတ်လှောင်ထားသည့် သင်္ဘောသားများထဲမှ ၃ ယောက်ကို ချက်ချင်း ခေါ်ထုတ်လာရန် အမိန့်ပေးလိုက်သည်။

ဝင်းတားက ထိုသုံးယောက်ကို ပြောလိုက်သည်။

"မင်းတို့ သုံးယောက် ဒီသန့်ရှင်းရေးလုပ်တဲ့ ပစ္စည်းတွေကို ယူပြီး ကုန်းပတ်မကြီးပေါ်မှာ အလုပ်လုပ်ချင်ယောင် ဆောင်နေကြရမယ်၊ မင်းတို့က ရဟတ်ယာဉ်ဆီကို အချက်ပြပြီး အကူအညီတောင်းခဲ့ရင် ဒီအခန်းထဲက ၃ ယောက်ကို တို့က ပစ်သတ်မယ်၊ ဒီ ၃ ယောက်ရဲ့ အသက်ဟာ မင်းတို့ လက် ထဲမှာ ရှိတယ်"

ပွဲစင်ထိပ်ပိုင်းတွင် ရှိနေသော မက်ကေးကလည်း အခံရခက်နေပုံ ရသည်။ ဝင်းတား ဆိုတဲ့ ငတိက မာရ်နတ် သေလို့ ဝင်စားတဲ့ ကောင်လား မသိ။ သူ့မှိုလို့ အစစအရာရာကို ကြိုတွက်တတ်သည်။ ယခုဆိုလျှင် ကုန်းပတ် ပေါ်၌ ဘာမှ မရှိဘဲ ရှင်းနေသည်။ သို့သော် ရဟတ်ယာဉ် ရောက်ရှိလာသည့်



အခါတွင်ကား ဘာမှ မဖြစ်သလို ပုံမပျက်ဘဲ ရှိနေပေတော့မည်။ သင်္ဘောသား ၃ ယောက်ကို ပွဲစင်ပေါ်က အောက်သို့ ခေါ်သွားသောအခါ ဝင်းတားက ထပ်ပြောသည်။

"ကဲ . . ကျုပ် ဖြစ်စေချင်တာကို ကြိုပြောထားမယ်၊ မစ္စတာမက်ကေး ကတော့ အခုရပ်နေတဲ့ နေရာမှာပဲ ဆက်ရပ်နေ၊ ဘင်းနက် . . ခင်ဗျားကတော့ ရှေ့တိုးသွားပြီး သူ့ဘေးနားမှာ ရပ်နေရမယ်၊ အဲဒီရဟတ်ယာဉ်က ဒီသင်္ဘောကြီး နဲ့ ယှဉ်ပြီး ပျံလာတဲ့အခါကျရင် ခင်ဗျားတို့က လှမ်းပြီး လက်ပြရမယ်၊ ကျုပ် ကတော့ ဟောဒီ ပွဲစင်နောက်ဘက်က ခင်ဗျားတို့ကို စောင့်ပြီး အကဲခတ်နေမယ်"

မက်ကေးက ရဟတ်ယာဉ် မောင်းသူ နားလည်အောင် ဘယ်နည်း ဘယ်ပုံ လုပ်ရပါ့မလဲဟု ကမန်းကတန်း စဉ်းစားနေသည်။ သို့သော် စိတ်ကူး စိတ်သန်း တစ်ခုမျှ ပေါ်မလာချေ။ ရဟတ်ယာဉ် သူတို့ဆီ ဦးတည်ပြီး ပျံသန်း လာသည်ကို မြင်နေရသည်။ ထိုအချိန်သည် အစိုးရိမ်ရဆုံး အချိန် ဖြစ်သည်။ ဝင်းတားသည်ပင်လျှင် လီကက်နှင့်အတူ နောက်ဘက်သို့ လျှိုပြီး ရပ်နေကြ သည်။ သေနတ်ကိုင် အစောင့်လူဆိုးကိုတော့ ရဟတ်ယာဉ် ဘယ်လောက်ပဲ နီးနီးကပ်ကပ် ပျံသန်းလာပါစေ၊ မြင်နိုင်မည် မဟုတ်ချေ။ ရဟတ်ယာဉ်သည် သင်္ဘောဦးပိုင်းဆီသို့ ဦးတည် ပျံသန်းနေသည်။ ယခုဆိုလျှင် ရဟတ်ယာဉ်၏ စက်သံကိုပင် ကြားနေရလေပြီ။ ဒီရဟတ်ယာဉ် သူတို့ဆီ လာနေသည်မှာ သေချာသည်။ သင်္ဘောပေါ် ဆင်းဖို့ ကြိုးစားကောင်း ကြိုးစားမည်။ လွန်ခဲ့သော ၂ ရက်က ဝင်းတားကိုယ်တိုင် ဒီလိုရဟတ်ယာဉ်မျိုးနှင့် ဒီသင်္ဘောကြီးပေါ် ဆင်းခဲ့သေးသည် မဟုတ်ပါလား။

❑

သူ့အခန်းထဲ ပြန်ရောက်နေသော ဘက်တီကော်ဒဲလ်သည် သင်္ဘော ဘေးဘက်ရှိ ပြူတင်းပေါက်တံခါးကို ဖွင့်ထားသည်။ ဘက်တီသည် တောထဲ တောင်ထဲတွင် အနေများခဲ့သဖြင့် သူများထက် အကြားအာရုံ ပိုစူးရှထက်မြက် သူ ဖြစ်ရာ ရဟတ်ယာဉ်၏ စက်သံကို ခပ်ဝေးဝေးကတည်းကပင် စကြားလိုက် သည်။ ပထမတွင် ဤရဟတ်ယာဉ်သည် လူဆိုးများ သုံးစွဲသော ရဟတ်ယာဉ် ဖြစ်လိမ့်မည်ဟု ထင်လိုက်သော်လည်း ပြူတင်းပေါက်မှ အပြင်ဘက်သို့ ခေါင်းပြူ၍ ကြည့်လိုက်သောအခါ ထိုရဟတ်ယာဉ်သည် ကမ်းခြေရှိရာဘက်မှ ပျံသန်း

www.burmeseclassic.com

www.burmeseclassic.com



လာခြင်း ဖြစ်ကြောင်း တွေ့လိုက်ရသည်။ ထို့ကြောင့် အခွင့်အရေးရခိုက် စမ်းကြည့်ဦးမည်ဟု ဆုံးဖြတ်လိုက်သည်။

ဘက်တီသည် ရေချိုးခန်းထဲမှ မျက်နှာသုတ်ပဝါ အဖြူရောင်တစ်ထည်ကို ဆွဲယူခဲ့ပြီး ထိုမျက်နှာသုတ်ပဝါပေါ်တွင် ကယ်တော်မူပါ ဆိုသည့် စာလုံးကြီးကို မင်နှင့် ရေးလိုက်သည်။ ထို့နောက် ဘေးပြတင်းပေါက် ရှိရာသို့ သွားပြီး အသင့် စောင့်နေသည်။ ရဟတ်ယာဉ်၏ အင်ဂျင်စက်သံကို ခန့်မှန်းရခြင်းအားဖြင့် သင်္ဘောနှင့် ပိုနီးလာကြောင်း သိရသည်။ သို့သော် သင်္ဘောဦးပိုင်းနှင့် ကွယ်နေသဖြင့် ဘယ်လောက်အထိ နီးကပ်နေသည်ကို မသိနိုင်သေး။

အကယ်၍သာ ထိုရဟတ်ယာဉ်သည် ဘက်တီ၏ အခန်းရှိရာ သင်္ဘောဘယ်ဘက်မှ သင်္ဘောနှင့်ယှဉ်၍ ပျံသန်းလာခဲ့သော် ရဟတ်ယာဉ်၏ အင်ဂျင်စက်သံသည် နားမခံသာအောင် ပိုကျယ်လာမည်။ ဘက်တီသည် ပြတင်းပေါက်မှ အပြင်သို့ ခေါင်းပြူထွက်ပြီး မော့ကြည့်လိုက်သည်။ ယခုအချိန်အထိ မမြင်ရသေး။ ဘက်တီသည် ခြောက်သွေ့နေသော နှုတ်ခမ်းကို လျှာနှင့် လျက်ရင်း မျက်နှာသုတ်ပဝါကို ကိုင်စောင့်နေလိုက်၏။

ရဟတ်ယာဉ်၏ အင်ဂျင်စက်သံသည် အလွန်ဆူညံလာချိန်တွင် သူ့နောက်ဘက်မှ အခန်းတံခါး ပွင့်သွားပြီး လက်နက်ကိုင်လူဆိုး တစ်ဦး အခန်းထဲသို့ ဝင်လာသည်။ သူသည် ပြတင်းပေါက် ရှိရာသို့ ပြေးသွားပြီး တံခါးကို ဝုန်းခနဲ ဆွဲပိတ်သည်။ ထို့နောက် ခန်းဆီးနှင့် ဆွဲကာလိုက်ပြီး ဘက်တီ့လက်ထဲမှ မျက်နှာသုတ်ပဝါကိုပါ ဆောင့်ဆွဲယူလိုက်သည်။ သူက မပီမသ အင်္ဂလိပ်စကားနှင့် အမိန့်ပေးသည်။

"မင်း အိပ်ရာပေါ် သွားထိုင်နေ"

ဘက်တီသည် အိပ်ရာစွန်း၌ ဝင်ထိုင်ရင်း တုန်ယင်နေသော လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် တင်၍ လက်တစ်ဖက်ကို ကျန်လက်တစ်ဖက်နှင့် ဆုပ်ကိုင်ထားသည်။ ထိုလူဆိုးသည် မျက်နှာသုတ်ပဝါပေါ်က စာသားကို ဖတ်ရင်း မာန်သည်။

"ခင်ဗျား မကောင်းဘူး။ လီကက်သာ သိရင် ကြိုက်မှာ မဟုတ်ဘူး"

ဘက်တီကလည်း စိတ်ပျက်သော လေသံနှင့် ပြန်ပြောသည်။

"ဝင်းတားကိုပါ ပြောပါလား၊ သူလည်း ကြိုက်မှာ မဟုတ်ဘူး"

သင်္ဘောသားများကို ချုပ်ထားရာ အခန်းထဲတွင် သင်္ဘောသားများသည် ကြမ်းပြင်ပေါ်တွင် ဝမ်းလျားမှောက်၍ နေကြရပြီး နံရံတွင် ကပ်နေသော



လူဆိုးများက သေနတ်နှင့် ချိန်ထားကြသည်။ ပြတင်းပေါက်များကိုလည်း ခန်းဆီးများနှင့် ဆွဲကာထားသည်။ မီးဖိုခန်းထဲတွင်လည်း ထိုနည်း လည်းကောင်းဝင်။ ရစ်ဂလီနှင့် ဘိတ်တို့သည် ကြမ်းပြင်ပေါ်တွင် ဝမ်းလျားမှောက်နေကြရသည်။ ထိုအမိန့်မှာ ဝင်းတားက နောက်ထပ် ထုတ်လိုက်သော အမိန့် ဖြစ်သည်။ သူက အင်ဂျင်စက်ခန်းထက် မြင့်သော နေရာတွင် ရှိသည့် သင်္ဘောသားများအား ရဟတ်ယာဉ်ကို တစ်စုံတစ်ရာ အချက်ပြ၍ မရနိုင်အောင် လုပ်ထားရမည်ဟု အမိန့်ထုတ်ထားသည်။

ရဟတ်ယာဉ်သည် သင်္ဘောဦးပိုင်းဆီသို့ ရောက်လာပြီး သင်္ဘော၏ ဘယ်ဘက် ရေပြင်မှ ပေ ၅၀ အမြင့်တွင် သင်္ဘောနှင့် အလျားလိုက် ပျံသန်းလာသည်။ ဝင်းတားသည် ကျောဘက်မှ အော်လိုက်သည်။

"လက်ပြလေ. . ဘာလဲ ပွဲကိုင်ရဲ့ ကျောပြင်ထဲကို သေနတ်ကျည်ဆန် ဝင်သွားစေချင်လို့လား"

ဘင်းနက်က စိတ်မပါ့တပါနှင့် လက်ပြလိုက်၏။ ဤတွင် မက်ကေးက ထူးဆန်းသည့် ကိစ္စတစ်ခုကို သတိပြုလိုက်မိသည်။ ရဟတ်ပေါ်မှ ယာဉ်မောင်းသူသည် သူတို့ကို လက်မပြချေ။ အဲဒါကတော့ တော်တော့်ကို ဆန်းသည်။

ထိုရဟတ်ယာဉ်သည် သင်္ဘော နောက်ဘက်ဆီသို့ ပျံသန်းသွားသည်ကို ဝင်းတားသည် ပွဲစင်၏ နောက်ဘက် ပြတင်းပေါက်မှ လှမ်းကြည့်လိုက်၏။ သူက မေးသည်။

"ထုံးစံအတိုင်းဆိုရင် ရဟတ်ယာဉ် မောင်းတဲ့ လူက ပြန်လက်ပြလေ့ရှိတယ် မဟုတ်လား၊ အခု သူ ပြန်လက်ပြတာကို ကျုပ်တော့ မမြင်လိုက်ဘူး"

မက်ကေးက ညာပြောလိုက်သည်။

"အမြဲတမ်း လက်မပြပါဘူး။ အဲဒီလူတွေ အပြန်ခရီးကျရင် အိမ်ပြန်ရောက်ဖို့လောက်ပဲ စိတ်စောနေကြတာ"

လီကက်က ထအော်လိုက်သည်။

"ဟော. . ဒီဘက်ကို ပြန်လာပြီဗျို့"

ထိုရဟတ်ယာဉ်သည် ရေနံတင်သင်္ဘောကြီး၏ ပွဲဘက် မိုင်ဝက်ခန့် အကွာတွင် ပြန်ကွေ့လိုက်ပြီး သင်္ဘောကြီးဘက်သို့ ပျံသန်းလာပြန်သည်။ သင်္ဘောကြီးနှင့် နီးလာသည့်အခါ ဝင်းတားက အမိန့် ထပ်ထုတ်သည်။

"ဒီတစ်ခါ လက်မပြနဲ့တော့၊ ဒီရဟတ်ယာဉ်တွေ သင်္ဘောနဲ့ ဒီလောက်နီးနီး ပျံသန်းလာတဲ့အခါ သင်္ဘောကို ရေဒီယိုနဲ့ လှမ်းဆက်သွယ်လေ့ ရှိသလား"

www.burmeseclassic.com



မက်ကေးက မယုတ်မလွန် ဖြေသည်။

"အမြဲတမ်း ဆက်သွယ်လေ့ မရှိပါဘူး"

တကယ်ကလည်း ဘာဖြစ်နေသည်ကို သူလည်း မသိချေ။ ရဟတ်ယာဉ်သည် ဒီတစ်ခေါက်တွင် သင်္ဘော၏ ညာဘက်မှ ကပ်၍ ရေပေါ် ပေ ၅၀ အကွာခန့်မှ ပျံသန်းသွားပြန်သည်။ ထို့ကြောင့် ရဟတ်ယာဉ်သည် ပဲ့စင်၏ ကုန်းပတ်ထက် နိမ့်သည့် နေရာမှ ပျံသန်းနေခြင်း ဖြစ်သည်။ ကုန်းပတ်မကြီး ပေါ်တွင်ကား သင်္ဘောသားတစ်ယောက်က ကုန်းပတ်ကို မီးသတ်ပိုက်နှင့် ရေပက်ဖြန်းနေပြီး ကျန်နှစ်ယောက်က တံမြက်စည်းနှင့် ကြမ်းတိုက်နေကြသည်။

မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသော ကင်းနိယတ်သည် ပဲ့စင်ပေါ်သို့ အပြေးအလွှား တက်လာပြီး စာရွက်တစ်ရွက်ကို လှမ်းပေးရင်း ပြောလိုက်၏။

"ဒီလူတွေ သင်္ဘောပေါ် ဆင်းခွင့်ပြုပါလို့ ခွင့်တောင်းနေတယ်"

မက်ကေးက ခပ်တည်တည်နှင့် နောက်ဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်၊ ကဲ လူလွန်မသား . . မင်း ဒီကိစ္စကို ဘယ်လို ဖြေရှင်းမလဲ။ ဝင်းတားသည် မက်ကေး၏ မျက်နှာထားကို ကြည့်ရင်း အနည်းငယ် ပြုံးလိုက်သည်။

"သူတို့ကို ဆင်းခွင့်မပြုနိုင်ဘူးလို့ ပြောလိုက်၊ လေမုန်တိုင်းအဏ်ကြောင့် ရဟတ်ယာဉ် ဆင်းရမယ့် ကုန်းပတ်နေရာက သံပြားတွေ အလေးအပင်ကို မခံနိုင်လောက်အောင် ပျော့သွားတယ်လို့ ဖြေ၊ ဒီသင်္ဘောပေါ်မှာ ဒဏ်ရာရတဲ့ သင်္ဘောသား နှစ်ယောက် ပါလာတယ်၊ ဒါပေမဲ့ သိပ်ဒဏ်ရာ မပြင်းဘူး။ အိုလီယမ်ကို ရောက်မှ ဆေးရုံကို ပို့ပြီး ဆေးစစ်ဖို့လောက်ပဲ လိုမယ်လို့ ပြော"

ဆိုကော့စကီ ရဟတ်သည် သင်္ဘောဦးပိုင်း ၁ မိုင်ခန့်အကွာတွင် ပြန်တွေ့ပြီး သင်္ဘောဆီ ပျံသန်းလာသည်။ ယခုအကြိမ်တွင်မူ သင်္ဘောအပေါ် တည့်တည့် ပေ ၁၀၀ ခန့်အမြင့်မှ ပျံသန်းသွားသည်။ ထို့နောက် အရှေ့ဘက်သို့ ဦးတည်ပြီး ပျံသန်းသွားရာ မကြာခင် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။

ဝင်းတားက မေးလိုက်၏။

"ဒီရဟတ်ယာဉ် ဘယ်က လာပါလိမ့်"

မက်ကေးက ပြောင်လိမ်သည်။

"မိုးလေဝသ ကင်းထောက် သင်္ဘောတစ်စင်းစင်းက လာတာ ဖြစ်မှာပေါ့၊ ကျုပ်က ဘာကောင်မို့လို့ သိနိုင်မှာတဲ့တုံး"

သို့သော် သူ သိကို သိသည်။ ကယ်လီဖိုးနီးယားကမ်းခြေနှင့် ဤ လောက်သာ ဝေးသော နေရာတွင် မိုးလေဝသ ကင်းထောက်သင်္ဘော မရှိနိုင်ကြောင်း သူ သိသည်။ ပြီးတော့ ဒီရဟတ်ယာဉ်သည် အရှေ့ဘက်စူးစူး ကမ်းခြေဆီသို့ ဦးတည်ပျံသန်းသွားသည် မဟုတ်ပါလား။



❏

ရဟတ်ယာဉ် ပြန်လာပြန်ပြီ။

အင်္ဂါနေ့ ညနေ ၄ နာရီခွဲ၊ နေဝင်ဆည်းဆာမတိုင်မီ ၁ နာရီအလိုတွင် စက်လှေ ပီချားထံမှ ပျံသန်းလာသော ရဟတ်ယာဉ်ကို ဝင်းတားက မှန်ကွဲသွားသော ပဲ့စင် ပြတင်းပေါက်မှ ခေါင်းပြူထွက်ပြီး လှမ်းကြည့်လိုက်သည်။ လေမုန်တိုင်း ထန်နေချိန်တွင် ကင်းနိယတ်က စက်လှေ ပီချားနှင့် မကြာခဏ ဆက်သွယ်ခဲ့သဖြင့် မည်သည့် သင်္ဘော မည်သည့်နေရာတွင် ရှိနေသည်ကို သိနေကြသည်။ တစ်ဖန် စက်လှေ ပီချားသည် ရေနံတင်သင်္ဘောကြီး၏ တောင်ဘက် မိုင် ၁၀၀ ခန့် အကွာမှ ခုတ်မောင်းလိုက်ပါလာခဲ့သဖြင့် လေမုန်တိုင်းနှင့် လွတ်သွားခဲ့သည်။ အကယ်၍သာ စက်လှေ ပီချားသည် ရေနံတင်သင်္ဘောကြီး ကြုံခဲ့ရသော ဒုက္ခ၏ ၄ ပုံ ၁ ပုံလောက်နှင့်ပင် ရင်ဆိုင်တိုးရမည် ဆိုပါက ကုန်းပတ်ပေါ်ရှိ ရဟတ်ယာဉ်သည် သမုဒ္ဒရာကြီးထဲသို့ လိမ့်ကျသွားတော့မည်မှာ သေချာသည်။

ဝင်းတားသည် ထိုရဟတ်ယာဉ်ကို အတော်ကလေး နောက်ကျခဲ့ပြီမှ ရေနံတင်သင်္ဘောဆီသို့ လာခိုင်းလိုက်ခြင်း ဖြစ်သည်။ ချဲလင်ဂျာပေါ်တွင် ရဟတ်ယာဉ်တစ်စင်း ရှိနေသည်ကို ခပ်လှမ်းလှမ်းက ဖြတ်သွားသော သင်္ဘော တစ်စင်းစင်းက မြင်သွားပြီး သက်ဆိုင်ရာသို့ သတင်းပို့ခဲ့သော် မခက်ချေပြီလော။ တစ်ဖန် ခုနက လာဝဲသွားသော အမေရိကန် ကမ်းခြေစောင့်တပ်မှ ရဟတ်ယာဉ် အစစ်ကသာ မြင်သွားခဲ့သော် ပို၍ ဆိုးရွားသွားချေတော့မည်။ ဤကိစ္စသည် ဆန်ဖရန်စစ္စကိုဆိပ်ကမ်း အာဏာပိုင်များ၏ အလွန်ထူးဆန်းသော ခြေလှမ်း ဖြစ်ကြောင်း ဝင်းတားက တွေးမိပြီး စိတ်ပူနေသည်။

သူ နောက်ဘက်သို့ ပြန်လှည့်လိုက်စဉ် ဘက်တီကော်ဒဲလ်သည် ပဲ့စင် ပေါ် ပြန်တက်လာသည်။ ဘက်တီက မက်ကေးကို မေးလိုက်၏။

"ကျွန်မတို့ ဆန်ဖရန်စစ္စကိုကို ရောက်ဖို့ အချိန် ဘယ်လောက် လိုသေးသလဲ"

မက်ကေးက တည်တည်ငြိမ်ငြိမ် ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



''နောက် ၁ နာရီလောက် ကြာရင် ကယ်လီဖိုးနီးယားကမ်းခြေရဲ့ ရေပိုင်နက်ထဲကို ရောက်မယ်။ ည ၁၀ နာရီကျရင် အိုလီယမ် သင်္ဘောဆိပ်မှာ ကပ်ဖို့ ရှိတယ်၊ ဒါပေမဲ့ အသေအချာတော့ မှတ်မထားနဲ့နော်''

''ဘာဖြစ်မှာမို့လဲ''

''သူ့ကို မေးပါလား''

ဘက်တီက ဝင်းတားကို ခပ်တင်းတင်း မေးလိုက်သည်။

''ကျွန်မတို့ကို ဘယ်လို လုပ်မှာလဲ''

ဝင်းတားကလည်း ငေါ့တော့တော့ ပြန်ဖြေ၏။

''လာမယ့် ၄၈ နာရီအတွင်း တစ်သက်မှာ တစ်ခါသာ ကြုံရမယ့် သတင်းထူးကြီးနဲ့ မင်း ဆန်ဖရန်စစ္စကိုမြေပေါ်ကို ခြေချနိုင်စရာ ရှိတယ်''

''ရှင်တို့ ရဟတ်ယာဉ်က ဒီကို ဘာကိစ္စ လာရပြန်တာလဲ''

''တို့အစီအစဉ်ထဲမှာ ပါလို့ လာတာပေါ့''

ရဟတ်ယာဉ် ဆင်းသက်ပြီးသည်နှင့် တစ်ပြိုင်နက် ဝင်းတားသည် ပဲ့စင်ပေါ်က ဆင်း၍ ရဟတ်ယာဉ်ဆီသို့ သွားသည်။ အမြဲလိုလို သိုသိုသိပ်သိပ် လုပ်တတ်ကိုင်တတ်သော ဝင်းတားသည် ဘက်တီကော်ဒဲလ်၏ မေးခွန်းကို ပြန်ဖြေလိုစိတ် မရှိချေ။ ဝင်းတားသည် ၁ နာရီအတွင်း ရဟတ်ယာဉ်နှင့် ထွက်ခွာသွားရတော့မည် ဖြစ်ပြီး ချဲလင်ဂျာပေါ်တွင် လီကက်တစ်ယောက်သာ မင်းမှူးပြီး ကျန်ရစ်ခဲ့မည် ဖြစ်ပေသည်။

❑

မြို့တော်ဝန် ပရက်တီက ပြောလိုက်သည်။

''ဒါဖြင့်ရင် ဒီသင်္ဘောကို ကမ်းခြေနဲ့ ၁၀ မိုင် အဝေးမှာ ရပ်နိုင်း လိုက်မယ်၊ အဲဒီနေရာမှာပဲ ရပ်နေရမယ်လို့ အမိန့်ပေးပြီး စစ်သားတွေ ပါတဲ့ တပ်မတော်ရေယာဉ်တစ်စင်းကို အဲဒီသင်္ဘောဆီ လွှတ်လိုက်မယ်၊ ကဲ.. ဒါကို သဘောတူကြတယ် မဟုတ်လား''

မြို့တော်ဝန် ရုံးခန်းထဲရှိ စားပွဲကြီးမှာ အတော်ကလေး ကြီးသည်။ ထို့ကြောင့် လူတိုင်း ဝိုင်းထိုင်နိုင်အောင် နေရာဆံ့သည်။ ပရက်တီ၏ ညာဘက်တွင် ထိုင်နေသူ ဆူလီဗန်က စားပွဲဘေးတွင် ရှိနေသူများကို လိုက်ကြည့်ပြီး အံ့ဩသွားသည်။ ၁ နာရီ ၂ နာရီအတွင်း သိပ်ကို ပြောင်းလဲသွားပါကလား။



စားပွဲဘေးတွင် ရှိနေသူများသည် အမေရိကန် တစ်နိုင်ငံလုံးရှိ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အားလုံးလိုလိုမှ ကိုယ်စားလှယ်များပင် တည်း။

အက်ဖ်ဘီအိုင်မှ ကားပစ်၊ သူ့ဘေးနားတွင် ရဲမင်းကြီး ဗင့်စ်ဘိုလန်း ပြီးတော့ အမေရိကန် ရေတပ်မတော်မှ ဗိုလ်မှူးကြီး ကတ်ဆဒီ၊ ပြီးတော့ ကမ်းခြေစောင့်တပ်မှ ဂါးဖီးလ်၊ ပြီးတော့ ဆိပ်ကမ်းအာဏာပိုင် အိုဟဲယား။ ကျန်လူများကိုတော့ ဆူလီဗန်က ကောင်းကောင်း မမှတ်မိလိုက်ချေ။

ချဲလင်ဂျာ သင်္ဘောကြီးဘေးမှ ၂ ခါ၊ သင်္ဘောကြီးပေါ်မှ ၁ ခါ ပျံသန်းခဲ့သော ကမ်းခြေစောင့်တပ်မှ ရဟတ်ယာဉ် ပြန်ရောက်လာသည်နှင့် တစ်ပြိုင်နက် ရဟတ်ယာဉ်ပေါ်မှ ကင်မရာများကို ဓာတ်ပုံ မှောင်ခန်းဆီသို့ ကပျာကယာ သွားပို့ခဲ့သည်။ ထိုကင်မရာများတွင် သင်္ဘောကြီး၏ အတွင်းပိုင်း မှောင်ရိပ်ကျသည့် နေရာများကိုပါ ထွင်းဖောက် ရိုက်ကူးနိုင်သော အင်ဖရာရက်ဒ် ရောင်ခြည် ဖလင်များလည်း ပါသည်ဖြစ်ရာ အဆိုပါ ဓာတ်ပုံများကို အဆပေါင်း များစွာ ပုံကြီးချဲ့ထားသည်။ ဒီဓာတ်ပုံကြီးများကြောင့် ဤလူစုသည် မြို့တော်ဝန် ၏ ရုံးခန်းဆီသို့ ဆန်ဖရန်စစ္စကိုမြို့၏ နေရာအနှံ့အပြားမှ စုဝေးရောက်ရှိလာ ကြခြင်း ဖြစ်သည်။ ဓာတ်ပုံများထဲတွင် ပဲ့စင်၏ နောက်ဘက်၌ ရပ်နေသူများက ပဲ့စင်၏ ရှေ့ပိုင်းတွင် ရပ်နေသူ သင်္ဘောမှ အရာရှိများကို သေနတ်နှင့် ချိန်ထား ကြကြောင်း ထင်ထင်ရှားရှား ပေါ်လွင်နေသည်။

ဓာတ်ပုံထဲတွင် သေနတ်ကိုင်ထားသူ ၃ ယောက်ကို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား မြင်ကြရသည်။ သို့သော် အရပ်ရှည်ရှည်ပုဂ္ဂိုလ်၏ မျက်နှာမှာ ဝါးနေသည်။ ဒီလူဟာ ဝင်းတားများ ဖြစ်နေသလားဟု ဆူလီဗန်က တွေးကြည့် လိုက်၏။ သို့သော် မျက်နှာမှာ ဝါးလွန်းလှသဖြင့် ပေါလ်ဟင်နာမင်ဆီက ရခဲ့ သော ဓာတ်ပုံနှင့် ဘယ်လိုနည်းနှင့်မှ ယှဉ်ကြည့်၍ မဖြစ်နိုင်တော့ချေ။ သူတို့ ကိုင်ထားသော သေနတ်များကိုမူ ပြတ်ပြတ်သားသား မြင်ကြရသည်။ ဘယ် လောက်အထိ ပြတ်သားသလဲဟု ဆိုရပါမူ ဗိုလ်မှူးကြီး ကတ်ဆဒီက-

''ဒီသေနတ်တွေဟာ ချက်နိုင်ငံလုပ် စကော်ပီယံ ပစ္စတိုဖြစ်နိုင်တယ်၊ ဒါကလည်း အမှန်းအဆ သက်သက်ပဲနော်၊ ဒါပေမဲ့ ဘာပဲပြောပြော သေနတ်မှ သေနတ်အစစ် ဆိုတာကတော့ သိပ်ကို သေချာတယ်''

www.burmeseclassic.com

www.burmeseclassic.com



ချဲလင်ဂျာအား ရှေ့တိုး၍ ခုတ်မောင်းမလာဘဲ ရပ်နေရန် ဟန့်တားသည့် ကြေးနန်းစာသားကို သူတို့အားလုံး ဝိုင်းရေးကြသည်။ ထိုစာ၏ အဆုံးတွင်ကား–

'ကယ်လီဖိုးနီးယားကမ်းခြေဆီသို့ ယခု ရောက်ရှိနေသည့် နေရာမှ ပို၍ ရှေ့တိုးလာခဲ့သော် ရန်လိုသည့် အပြုအမူဟု မှတ်ယူရလိမ့်မည် ဖြစ်ကြောင်း' ဖော်ပြပြီး ခြိမ်းခြောက်ရိုက်သည်။

❑

ထိုသံကြိုးစာကို ရသည်နှင့်တစ်ပြိုင်နက် ဝင်းတားက မက်ကေးထံ လှမ်းပေးလိုက်သည်။ မက်ကေးက စေ့စေ့စပ်စပ် ဖတ်ရှုပြီးနောက် ပြန်ပေးလိုက်၏။

"ခင်ဗျားတော့ ကောင်းကောင်းကြီး ဂြိုဟ်ကျနေပြီ၊ ကဲ. . အခု ဘာဆက်လုပ်မလဲ"

ဝင်းတားက ခပ်တည်တည် ပြန်ဖြေသည်။

"အနေးနဲ့ အမြန် ဒီလို ဖြစ်လာမှာပဲလို့ ကြိုတွက်ပြီးသားပါ။ ဒါပေမဲ့ အမေရိကန်နိုင်ငံရဲ့ မျက်ခုံးမွေးအောက်မှာ ဘယ်သူမှ မရိပ်မိဘဲ ဒီလောက် နီးနီးကပ်ကပ် အရောက်လာနိုင်တာကိုက ကျုပ်တို့ရဲ့ စွမ်းဆောင်ချက် အောင်မြင်တာပဲ၊ ကဲ. . . မာလိန်မှူးကြီး ဒီလမ်းကြောင်း ဒီအမြန်နှုန်းအတိုင်း ဆက်သာ မောင်းစမ်း"

"ခင်ဗျား ရူးနေသလား၊ ခင်ဗျားရဲ့ စစ်ဆင်ရေးကြီးဟာ ဒီနေရာမှာတင် ပြီးဆုံးခဲ့ပြီ ဆိုတာကို ခေါင်းကောင်းကောင်းနဲ့ စဉ်းစားစမ်းပါ ဝင်းတား မကြာခင် ကျုပ်တို့ သင်္ဘောရှေ့မှာ အမေရိကန် ရေတပ်မတော်က တိုက်ရေယာဉ် တစ်စင်း ဘွားခနဲ ပေါ်လာတော့မှာ"

"အဲဒါ သိပ်ကို မဖြစ်နိုင်တဲ့ ကိစ္စပဲ၊ ကျုပ် ခုနက ပြောခဲ့တဲ့အတိုင်း အခု ကျုပ်တို့ရဲ့ လုပ်ငန်းဟာ မှန်းထားတာထက် ပိုအောင်မြင်နေတယ်၊ နေပါဦး. . အခုလို ကိစ္စမျိုးတွေ ဖြစ်လာနိုင်တယ် ဆိုတာကို ကျုပ်က ကြိုမတွေးမိခဲ့ဘူးလို့ ခင်ဗျားက ထင်နေသလား"

သူ့အဖြေကြောင့် မက်ကေး ကိုယ်တိုင်ပင် သံသယပြန်ဝင်သွားမိသည်။ ဒီလူ ခုအထိ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိနေဆဲပင်။ ပွဲစင်ရှေ့တွင် ရှိနေသူ ဘက်တီကော်ဖဲလ်ကလည်း အရှုံးနှင့် ရင်ဆိုင်ရသည့်အခါ ဝင်းတား



၏ အမူအရာ မည်သို့ ရှိမည်ကို သိလိုသဖြင့် ဝင်းတား၏ မျက်နှာကို စေ့စေ့စပ်စပ် လေ့လာနေသည်။ ဝင်းတား၏ တည်ငြိမ်အေးဆေးမှုကို ဘက်တီ လုံးဝ နားမလည်နိုင်ချေ။ သူ့လုပ်ငန်းသည် သူ ကြိုတွက်သည့်အတိုင်း အောင်မြင်နေသလိုလို။

ဝင်းတားသည် လီကက်ကို လက်ပြ၍ ခေါ်လိုက်ပြီး သူတို့နှစ်ဦးတည်း စကားပြောနိုင်မည့် ပွဲစင်၏ ဘယ်ဘက်အစွန်သို့ လျှောက်သွားသည်။ သူက ကင်းနီယတ်အတွက် သံကြိုးစာတစ်စောင်ကို ကမန်းကတန်း ရေးနေသည်။ ကင်းနီယတ်ကမူ မျက်နှာ ဖြူဖပ်ဖြူရော်နှင့် ပွဲစင်ပေါ်၌ မတ်တတ်ရပ်ရင်း စောင့်နေသည်။

ဝင်းတားက သံကြိုးစာကို လီကက်သို့ လှမ်းပေးရင်း–

"ကဲ. . လီကက် ဒီလောက်ဆို လုံလောက်ပါပြီ"

ဟု ပြောလိုက်သည်။ လီကက် အကြံထပ်ပေးသည်။

"ဗြိုးတော့ ရေအောက်တာ လာပြီး ထောက်လှမ်းရေး မလုပ်ရဘူးဆိုတာ ထည့်ပါဦး၊ သူတို့က ရေငုပ်သင်္ဘောနဲ့ ဒီသင်္ဘောနောက်ကို လိုက်ချင် လိုက်လာမှာ"

ဝင်းတားသည် စာကို ဆုံးအောင် ဖြည့်စွက်၍ ရေးလိုက်ပြီးနောက် လီကက်ထံ လှမ်းပေးလိုက်သည်။ လီကက်က ဖတ်ကြည့်လိုက်ပြီး ထိုသံကြိုးစာကို ခပ်လှမ်းလှမ်းတွင် ရှိနေသော ကင်းနီယတ်ထံ သွားပေးလိုက်သည်။ ဝင်းတားသည် ကုန်းပတ်ပေါ်မှ ရဟတ်ယာဉ်ထံ လှမ်းကြည့်လိုက်၏။ 'ကုန်းပေါ်က လူတွေ ဒီသံကြိုးကို ရသွားရင် တို့ ဘာကောင်လဲ ဆိုတာကို ရေရေလည်လည် သဘောပေါက်သွားကြလိမ့်မယ်' ဟု ဝင်းတားက တွေးလိုက်မိသည်။

"ချဲလင်ဂျာ သင်္ဘောကြီးကို တို့အဖွဲ့က ၂ ရက်တိတိ နိုင်နိုင်နင်းနင်း ထိန်းသိမ်းထားခဲ့ပြီး ဖြစ်သည်၊ ဒီသင်္ဘောသည် ဆန်ဖရန်စစ္စကို ပင်လယ်အော်ဆီသို့ ၁ နာရီ ၁၇ မိုင်နှုန်းနှင့် ဆက်မောင်းလာမည်၊ ဗြိတိသျှလူမျိုး သင်္ဘောသား အားလုံးကို ဓားစာခံ လုပ်ထားသည်၊ ဓားစာခံအားလုံးကို ကောင်းကောင်းမွန်မွန် ပြန်လွှတ်ပေးစေလိုပါက ဒေါ်လာ သန်း ၂၀ ပေးရမည်၊ အကယ်၍ ဤသင်္ဘောပေါ်သို့ တစ်နည်းနည်းနှင့် တက်ရန် ကြိုးစားခဲ့သော် ဓားစာခံအားလုံးကို ပစ်သတ်မည်၊ ၎င်းအပြင် ဤသင်္ဘောကြီးအနီးသို့ လေထဲမှသော် လည်းကောင်း၊ ရေပေါ်မှသော် လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



ရေထဲမှသော် လည်းကောင်း မည်သည့်ယာဉ်နှင့်မျှ ချဉ်းကပ်မလာရ
ဤညွှန်ကြားချက်အတိုင်း မလိုက်နာခဲ့သော် ရန်စသည်ဟု ယူဆပြီး
ရက်ရက်စက်စက် လက်တုံ့ပြန်မည်''

မိုးလေဝသအဖွဲ့

❑

မက်ကေးသည် ပွဲစင်ပေါ်မှ ကုန်းပတ်ပေါ်သို့ ကြောက်လန့်တကြား ပြေးဆင်းသွားသည်။ ထို့နောက် သင်္ဘောဦးပိုင်းဆီသို့ ကွက်လျှောက်ပေါ်မှ ဆက်ပြေးသည်။ လက်နက်ကိုင် လူဆိုးတစ်ယောက်သည် သူ့နောက်မှ အော်ဟစ် ဆဲဆိုကြိမ်းမောင်းရင်း ထက်ကြပ်မကွာ ပါလာသည်။ မက်ကေးသည် သူ့ကို နောက်ဘက်မှ သေနတ်နှင့် မပစ်ပါစေနှင့်ဟု ဆုတောင်းနေမိ၏။ သို့သော် ဝင်းတားတစ်ယောက် ဒီသင်္ဘောကြီးပေါ်က ပြန်သွားမှာကို ပိုကြောက်နေသည်။ ရဟတ်ယာဉ်နားတွင် မတ်တတ်ရပ်နေသော ဝင်းတားက မက်ကေး နောက်မှ ပြေးလိုက်လာသော ပြင်သစ်လူဆိုးကို အော်ဟစ်ပြီး အမိန့်ပေးလိုက်သည်။ နောက်မှ ပါလာသော လူဆိုးက သေနတ်နှင့် ချိန်လိုက်လို့များလား။ ဝင်းတားက မပစ်ဖို့ အမိန့်ပေးတာများလား။ ဘာပဲဖြစ်ဖြစ် မက်ကေးက မရပ်ဘဲ ဆက်ပြေးသည်။

ဝင်းတားသည် ရဟတ်ယာဉ်၏ ပန်ကာရွက်အောက်ဘက်၌ မတ်တတ်ရပ်ရင်း မက်ကေးကို စောင့်နေသည်။ ယခု မှောင်စပြုလေပြီ။ ထို့ကြောင့် ဦးပိုင်း ရွက်တိုင်ထိပ်ပေါ်ရှိ မီးများကို ဖွင့်ထားရသည်။ တဟောဟော တဟဲဟဲ ဖြစ်နေသော မက်ကေးက ဝင်းတားကို မေးလိုက်၏။

''ခင်ဗျား မပြန်ဘူး မဟုတ်လား''

ဝင်းတားကလည်း ခပ်ဆတ်ဆတ် ဖြေသည်။

''ခင်ဗျား တော်တော် မိုက်လုံးထွားတဲ့ လူပဲ၊ ခင်ဗျား သေနတ်နဲ့ အပစ်ခံရနိုင်တယ် သိလား''

''ခင်ဗျား ဒီသင်္ဘောပေါ်က မပြန်သေးဘူး မဟုတ်လား''

ဆန်းတော့ ဆန်းသည်။ မက်ကေး၏ အသံတွင် ဒေါသသံ စိုးစဉ်းမျှ မပါ။ အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေဟောင်းတစ်ဦးနှင့် အပြီးအပိုင် ခွဲခွာ



ခါနီးတွင် ပူပန်သော စိတ်နှင့် မေးသလို ဖြစ်နေသည်။ ဝင်းတားက မက်ကေး၏ လေသံကို နားလည် သဘောပေါက်သွားသဖြင့် ပြုံးလိုက်သည်။

''ကျုပ် ဒီသင်္ဘောပေါ်က ပြန်သွားရင် ခင်ဗျား ဝမ်းသာလိမ့်မယ်လို့ ထင်နေတာ၊ ကျုပ် စီးသွားတဲ့ ရဟတ်ယာဉ် ပစိဖိတ်သမုဒ္ဒရာထဲ စက်ပျက်ပြီး ကျသွားရင်တောင် ပိုမကောင်းပေဘူးလား''

မက်ကေးက အစောင့်လူဆိုးကို ကြည့်ရင်း ပြောလိုက်၏။

''ဒီအကောင်ကို တခြား သွားခိုင်းလိုက်စမ်းပါ''

ဝင်းတားက ထိုလူဆိုးအား ပြင်သစ်ဘာသာနှင့် ပြောလိုက်ရာ ထို လူဆိုးသည် ကွက်လျှောက်အတိုင်း ပွဲစင်ဆီ ပြန်သွားသည်။ မက်ကေးက ထပ်မေးသည်။

''ခင်ဗျား ကျုပ်တို့ကို လီကက်နဲ့ ထားခဲ့တော့မှာလား။ အဲဒီတိရစ္ဆာန် နဲ့သာဆိုရင်. . .''

''ကျုပ်တို့မှာ ဆက်လုပ်စရာ အစီအစဉ်ကလေးတွေ ရှိတယ်၊ အဲဒီ အစီအစဉ်အတိုင်း ကျုပ် ဒီသင်္ဘောပေါ်က ခွာမှ ဖြစ်မယ်''

မက်ကေးက ဖွတ်ထင်ပြောသည်။

''ခင်ဗျားဟာ ဗြိတိသျှ အမျိုးသားတစ်ယောက်ပါ၊ ခင်ဗျားက ဗြိတိသျှ ပိုင် သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲတယ်၊ ဒီကိစ္စကတော့ ဘယ်လိုနည်းနဲ့မှ ခွင့်လွှတ်နိုင်မယ့် ကိစ္စ မဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားကလည်း ဗြိတိသျှအမျိုးသား တစ်ဦး ဖြစ်သလို ကျုပ်ကလည်း ဗြိတိသျှ သင်္ဘောသားတွေကို အကာအကွယ် ပေးဖို့ လိုတယ်၊ တကယ်လို့ ခင်ဗျားသာ သင်္ဘောပေါ်မှာ ဆက်နေမယ်ဆိုရင် နောက်ပိုင်းမှာ တစ်ခုခု ဖြစ်သွားရင် ကျုပ် ခင်ဗျားဘက်က ဝင်ပြီး လျှောက်လွှဲချက် ပေးပါ့မယ်''

ဝင်းတားတစ်ယောက် ချက်ချင်း လက်ငင်း ဆုံးဖြတ်ချက် မပေးနိုင်။ ဝေခွဲမရနိုင်သလို ဖြစ်သွားသည်။ ယခုလို မပြတ်မသား တွေဝေသွားသည့် အမူအရာကို ပထမဦးဆုံးအကြိမ် ဝင်းတားထံမှ တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။ မက်ကေးကလည်း သူ့တင်ပြချက်ကို ထပ်ပြောပြန်သည်။

''ပြီးတော့ ဟိုအမေရိကန် အမျိုးသမီး ကိစ္စကလည်း ရှိသေးတယ်။ သူ့အခန်းထဲမှာ ဆိုးဆိုးဝါးဝါး ကိစ္စတစ်ခု ဖြစ်ခဲ့သေးတာကို ခင်ဗျားလည်း သိသားပဲ၊ ကျုပ် ခင်ဗျားကို တစ်ခုတော့ ကြိုပြောမယ်၊ ခင်ဗျားသာ ဒီသင်္ဘော ပေါ်က ခွာသွားရင် လူဆိုးတွေက အုပ်စုလိုက် အဓမ္မကျင့်ကြလိမ့်မယ်''

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဖြစ်လာရင် လီကက်ဟာ သူ ရမယ့်ဝေစုထဲက အဖြတ်ခံရ လိမ့်မယ်၊ ဘာ့ပဲပြောပြော ကျုပ် သူ့ကို သတိပေးထားပြီးပြီ ပြီးတော့ ဒီသင်္ဘော ကြီးဟာ ဆန်ဖရန်စစ္စကိုကို ရောက်အောင် သင်္ဘောသားတွေက ကူညီမှ ဖြစ်မယ် ဆိုတာကိုလည်း သူ နားလည်ပါတယ်"

"ဒါဖြင့် ဒီသင်္ဘော ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့ထဲ ရောက်အောင် သွားရဦးမှာလား"

"ဟုတ်တယ်၊ ဒါပေမဲ့ စိတ်မပူပါနဲ့ဗျာ၊ အစစအရာရာ အဆင်ပြေသွား မှာပါ၊ သင်္ဘောသားတွေကို ပြန်လွှတ်မပေးခင် အာဏာပိုင်တွေနဲ့ အပေးအယူ တွေတော့ လုပ်ရဦးမှာပေါ့"

"ခင်ဗျား ကြည့်ရတာ တော်တော်ကြီးကို စိတ်ချလက်ချ ရှိနေပုံရတယ်" ဝင်းတားက ပြုံးလိုက်သည်။

"ကျုပ်က ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိတဲ့ လူပဲ"

ထိုအခိုက်တွင် သူ့နောက်မှ ခြေသံ ကြားသဖြင့် ဝင်းတားက လှည့်ကြည့်လိုက်သည်။ ရဟတ်ယာဉ်၏ တစ်ဖက်မှ ပစ္စတိုသေနတ်ကို လက်တွင် တွဲလောင်းချကိုင်ရင်း ပေါ်ထွက်လာသော လီကက်ကို တွေ့လိုက်ရသည်။ သူ သည် ဒီနေရာသို့ ခြေသံ မကြားအောင် တိတ်တဆိတ် လာခဲ့ခြင်း ဖြစ်သည်မှာ သေချာသည်။

မက်ကေးတစ်ယောက် ဦးနှောက်ခြောက်သွားသည်။ သူနှင့် ဝင်းတား ပြောဆိုနေကြသည့် စကားလုံး အားလုံးကို ကြားများသွားလေသလား။ ဝင်းတား သည် ရဟတ်ယာဉ်ပေါ် တက်ပြီး တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်သည်။ ထိုတံခါးပိတ်သံမှာ မက်ကေးအား သေမိန့် စီရင်လိုက်သည့် အသံကို ကြားလိုက် ရသလို ခံစားလိုက်ရသည်။

❑

လီကက်သည် မက်ကေးအား လက်နက်ကိုင်လူဆိုးတစ်ဦးနှင့် ပွဲဝင် ပေါ် ပြန်ပို့လိုက်သည်။ ဝင်းတား၏ ရဟတ်ယာဉ် ထွက်ခွာသွားသည်နှင့်



တစ်ပြိုင်နက် ဦးပိုင်းရှက်တိုင်မှ မီးကို ပြန်ပိတ်ခိုင်းလိုက်သည်။ ထို့ကြောင့် လီကက်တစ်ယောက် လက်သမားခန်းထဲသို့ ဆင်းလာသောအခါ ပိန်းပိန်းပိတ် မှောင်နေသည်။ သူက လက်နှိပ်ဓာတ်မီးကို ဖွင့်လိုက်၏။ မိနစ် အနည်းငယ် ကြာသောအခါ ချွေးပြန်နေသော လီကက်သည် သေတ္တာသဏ္ဌာန် ပြုလုပ်ထား သော အဏုမြူဗုံးကို လက်က ဆွဲရင်း သံလှေကားမှတစ်ဆင့် ကုန်းပတ်ပေါ်သို့ ပြန်တက်ခဲ့သည်။

ထို့နောက် နီကီစီကီ ရေနံ သင်္ဘောဆိပ်တွင် ရေနံ မဖြည့်ခဲ့ရသေးသော ရေနံလှောင်ကန်ကြီးတစ်ခု၏ အံဖုံးကို ဖွင့်ပြီး သံလှေကားမှ အောက်ဘက်သို့ ဆင်းပြန်သည်။ သူသည် သံလှေကားတစ်ခုနှင့် တစ်ခုအကြားတွင် ရှိသော သံမဏိစင်မြင့်ကလေးပေါ်တွင် ခဏတစ်ဖြုတ် နားပြီးမှ နောက် သံလှေကားကို ထပ်ဆင်းရပြန်သည်။ တစ်ကြိမ်တွင် သူ ဆွဲလာသော အဏုမြူဗုံးသေတ္တာကြီး သည် သံလှေကားနှင့် တိုက်မိသဖြင့် ရေနံလှောင်ကန်ကြီးထဲတွင် ပဲ့တင်ထပ်သံ များ အဆက်မပြတ် ပေါ်ထွက်လာသည်။ လီကက်တစ်ယောက် အကြီးအကျယ် ချွေးပြန်နေလေပြီ။ သူသည် သံလှေကားများမှ အောက်ဘက်သို့ တစ်ဆင့်ပြီး တစ်ဆင့် ဆက်ဆင်းရပြန်၏။ အောက်ဘက် ကြမ်းပြင်ပေါ်သို့ ရောက်ခါနီး ပေ ၂၀ ခန့်အလိုတွင် ပင်ပန်းလှသဖြင့် လက်ထဲက သေတ္တာကြီးကိုပင် ပစ်ချ ချင်စိတ် ပေါ်လာသည်။

ဖောက်ခွဲရေးပစ္စည်းများ အကြောင်း ကျွမ်းကျွမ်းကျင်ကျင် သိနားလည် သူ လီကက်က ထိုကဲ့သို့ လွှတ်ချလိုက်သော်လည်း ထပေါက်ကွဲမည် မဟုတ် ကြောင်း သူ သိသည်။ အချိန်ကိုက် ကိရိယာကို ရေဒီယို အသံလှိုင်းနှင့် အသက်မသွင်းရသေးသမျှ ဘယ်လိုနည်းနှင့်မျှ ပေါက်ကွဲမည် မဟုတ်ကြောင်း သူ သိသည်။ သို့တိုင်အောင် သူ့တစ်ကိုယ်လုံး ချွေးရွှဲရွှဲစိုနေသည်။ အောက်ဘက် ကြမ်းပြင်ပေါ်သို့ ရောက်သောအခါ ထိုသံမဏိသေတ္တာကို မ,၍ အောက်ဘက်မှ သံလိုက်တုံးများကို ခွာပြီး အောက်ဘက် ကြမ်းပြင်ပေါ်တွင် ချထားလိုက်ရာ သံလိုက်ဓာတ်ကြောင့် ကြမ်းပြင်နှင့် ကပ်နေသည်။

တစ်ဖန် ထိုသံမဏိသေတ္တာကို မ,လိုက်ပါက ထပေါက်ကွဲစေမည့် ဗုံးထောင်ချောက်နှင့် အဏုမြူဗုံးကြီးကို မ,မရအောင် လုပ်သည့် ကိရိယာ စသည်တို့ကို စနစ်တကျ အချိန်ယူပြီး ဆင်နေလိုက်သည်။ သူ သံလှေကား

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်မတက်မီ သူ့လက်ပေါ်က ချွေးသီးချွေးပေါက်များကို သင်ချလိုက်သည်။ အပေါ် ကုန်းပတ်ပေါ်သို့ ပြန်တက်သောအခါ အံဖုံးတံခါးကို ပြန်ပိတ်ပြီး ပဲ့စင်ဆီ လှမ်းမျှော်ကြည့်လိုက်၏။ ယခုလို မှောင်မှောင်မည်းမည်းထဲတွင် ပဲ့စင်ပေါ်မှ သူ့ကို လှမ်းမြင်နိုင်ရန် မလွယ်ချေ။ ၎င်းအပြင် သူ့လျှို့ဝှက်ချက်ကို သိသူ တစ်ဦးသာ ဤသင်္ဘောပေါ်၌ ရှိသည်။ ထိုသူကား အင်ဒရီဒူးပွန့်။

တစ်ဖန် ဖိလစ်အင်တ္တိုင်း ပြုလုပ်ပေးခဲ့သော အဏုမြူပုံးသည် အချိန်တန်သောအခါ၌ ဖောက်ခွဲရန် အဆင်သင့် ရှိနေလေပြီ။

❑❑❑

## တတိယပိုင်း

— ဆန်ဖရန်စစ္စကို အတွေ့အကြုံ

www.burmeseclassic.com

www.burmeseclassic.com

# – တစ်ဆယ့်ငါး –

စာပို့လုလင်ဟု ခေါ်သော ရဟတ်ယာဉ်ကို မည်သူကမျှ သတိမထားမိကြချေ။

ကယ်လီဖိုးနီးယားကမ်းခြေတစ်လျှောက်၌ နေထိုင်သူများသည် စာပို့လုလင်ဟု အများက ကင်ပွန်းတပ်ထားသော အမေရိကန် ကမ်းခြေစောင့်တပ်မှ ရဟတ်ယာဉ်များကို နေ့စဉ်လိုလို မြင်တွေ့နေကြရသည်။ ထိုရဟတ်ယာဉ်များသည် ကမ်းခြေတစ်လျှောက်၌ ခေါက်တုံ့ခေါက်ပြန် ကင်းလှည့်ကြသည်။ တချို့ကလည်း ကမ်းခြေတစ်လျှောက် နိမ့်နိမ့်ကလေး ဆင်း၍ ပျံတတ်ကြသည်။ ထို့ကြောင့် ကမ်းခြေစောင့်တပ်မှ ရဟတ်ယာဉ်ဟု ထင်ရသည့် ဝင်းတား မောင်းနှင်လာသော ရဟတ်ယာဉ်ကို ထူးဆန်းသည်ဟု ထင်ကြမည် မဟုတ်ချေ။

ဝင်းတားသည် ဒူးခေါင်း နှစ်လုံးပေါ်၌ မြေပုံကို ဖြန့်ရင်း အောက်ဘက်မှ ပထဝီ အနေအထားကို ကြည့်၍ မောင်းနှင်လာခြင်း ဖြစ်သည်။ သူ ကမ်းခြေနားသို့ ရောက်သောအခါ အံ့တော်ကလေး မှောင်နေလေပြီ။ အောက်ဘက်တွင် ဆီးနှင်းများကလည်း ထူထပ်နေလေပြီ။ သူ့ရှေ့တည့်တည့်တွင် ဆီးနှင်းထုထဲမှ ဖောက်ထွက်နေသည့် လင်းလိုက် ပျောက်လိုက် ဖြစ်နေသော အလင်းရောင် တစ်ခုကို မြင်လိုက်ရ၏။ သူက ဒူးပေါ်ရှိ မြေပုံနှင့် ပြန်တိုက်ကြည့်သည်။ ဤ



မီးရောင်သည် ရွှေတံခါး ရေလက်ကြား အဝင်ဝနားရှိ မိုင်းရော့ခ် မီးပြတိုက်မှ မီးရောင်ပင် ဖြစ်ရမည်။

ဝင်းတားသည် ရဟတ်ယာဉ်ကို မီးပြတိုက်၏ ဘယ်ဘက်မှ ပန်း၍ မောင်းနှင်ခဲ့သည်။ မကြာမီ ရွှေတံခါး တံတားကြီးပေါ်တွင် မောင်းနှင်သွားလာနေကြသည့် ကားမီးရောင်များကို နှင်းမြူများ ကြားထဲမှ ခေတ္တခဏ ထွင်းဖောက်မြင်လိုက်ရပြီးနောက် မြင်ကွင်းမှ ပြန်ပျောက်သွားပြန်သည်။ ဝင်းတားသည် ရွှေတံခါးတံတားကြီးနှင့် ဆန့်ဖရန်စစ္စကို မြောက်ဘက်ရှိ မာရင်ခရိုင်ဆီသို့ အနေးဆုံးနှုန်းနှင့် ဦးတည်ပျံသန်းရင်း အောက်ဘက်သို့ ငုံ့ကြည့်နေသည်။ သူ တစ်ခါသာ ဝဲ၍ ရှာလိုက်ရသည်။ အနီ တစ်လုံး၊ ရိုးရိုး မီးလုံးတစ်လုံးစီ တန်း၍ ထွန်းထားသော နေရာကို တွေ့လိုက်ရ၏။ သူက ရဟတ်ယာဉ်ကို အောက်ဘက်သို့ နိမ့်ဆင်းသွားစေသည်။ ဝေါလ်ဂရင် ဆိုသည့် ပုဂ္ဂိုလ်က သူ ကြိုစီစဉ်ခဲ့သည့်အတိုင်း လုပ်ထားရှာပေသည်။

သူက ရဟတ်ယာဉ်ကို အောက်ဘက်သို့ တည့်တည့် နိမ့်ဆင်းလိုက်၏။ မီးပြထားသော နေရာမှာ ဘေးပတ်ပတ်လည်၌ သစ်ပင်များ ဝိုင်းရံနေသော ဘဲဥပုံ မြေကွက်လပ်တစ်ခု ဖြစ်ပြီး ဘေးအစပ်နားတွင် အရိပ်မည်းမည်းတစ်ခုကို တွေ့ရ၏။ ထိုအရိပ်မည်းမည်းသည် မော်တော်ကားတစ်စီး ဖြစ်ပုံရသည်။ ရဟတ်ယာဉ်၏ ဘီးများသည် မြေပြင်နှင့် ထိသွားသည်နှင့် တစ်ပြိုင်နက် ဝင်းတားက စက်ကို ရပ်လိုက်၏။ ညနေ ၆ နာရီခွဲလေပြီ။ သူက ရဟတ်ယာဉ် တံခါးကို ဖွင့်ပြီး အောက်သို့ ခုန်ချလိုက်သည့်အခါ အသင့်စောင့်နေသော ဝေါလ်ဂရင်ကို တွေ့လိုက်ရသည်။ ဝေါလ်ဂရင်က နှုတ်ဆက်လိုက်၏။

"ကယ်လီဖိုးနီးယားက ခင်ဗျားကို ကြိုဆိုနေပါတယ်"

ဝင်းတားတစ်ယောက် အမေရိကန် မြေကို နင်းမိလေပြီ။

❑

ရဟတ်ယာဉ်ကို သစ်ပင်များ ကြားထဲသို့ ရောက်အောင် ရွှေ့လိုက်[illegible] နောက် ထိုနေရာမှာပင် ထားပစ်ခဲ့ကြသည်။ ပြီးတော့ ဒီရဟတ်ယ[illegible] သက်ဆိုင်ရာက တစ်နာရီ၊ နှစ်နာရီအတွင်း တွေ့သွားနိုင်သည် ဆိုသ[illegible] နှင့် ကြိုတင်စီစဉ်မှုများကိုပါ ပြုလုပ်ထားခဲ့သည်။ ရဟတ်ယာဉ်[illegible] ထို[illegible] အိတ်ထဲတွင် မက်ဆီကိုနိုင်ငံ၊ တီဂျူအာနာမြို့ရှိ အပေါ[illegible]ဟိုတယ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



အခန်းခ ပေးချေခဲ့သော ပြေစာလက်မှတ် တစ်စောင်နှင့် မက်ဆီကို စီးကရက် တစ်ဘူးတို့ကို ထည့်ထားသည်။ လွန်ခဲ့သည့် နှိဝင်ဘာလက ဝေါလ်ဂရင်က မက်ဆီကိုသို့ စေလွှတ်ခဲ့ခြင်းမှာ ထိုကိစ္စလည်း ပါသည်။ ပြီးတော့ မက်ဆီကိုနှင့် ကယ်လီဖိုးနီးယားပြည်နယ်များ အကြားတွင် မှောင်ခိုပစ္စည်းများကို အကြီး အကျယ် ကူးသန်းရောင်းဝယ်နေကြသဖြင့် ဤရဟတ်ယာဉ်ကို အဲက်ဖ်ဘီအိုင်က လာစစ်ဆေးခဲ့သော် ဒီရဟတ်ယာဉ်သည် မက်ဆီကိုမှ မူးယစ်ဆေးဝါးများကို သယ်လာသော ရဟတ်ယာဉ် ဖြစ်ကြောင်း ကောက်ချက်ချကြပေလိမ့်မည်။

မက်ဆီကိုနိုင်ငံအထိ သွားခဲ့၍ ဟိုတယ်ပြေစာနှင့် စီးကရက်များကို ဝယ်ခဲ့သော ဝေါလ်ဂရင်က ရဟတ်ယာဉ်ခေါင်း၏ ထိုင်ခုံအောက်တွင် ဟီးရိုးအင်း အနည်းငယ်ကိုပါ ဖြူးထားခဲ့သည်။ အရောယ်၍ မူးယစ်ဆေးဝါးအဖွဲ့ကသာ လာရှာခဲ့သော် မူးယစ်ဆေးဝါး အစအနကို မလွဲမသွေ တွေ့ရပေလိမ့်မည်။ ဒါကတော့ ဝင်းတားက ကြိုတင်စီစဉ်ထားသည့် ကြိုတင်ကာကွယ်မှုများပင် တည်း။ သို့သော် ဒီရဟတ်ယာဉ်ကို ရှာပေါင်းများစွာ ကြာသည်အထိ ရှာမတွေ့ ဘဲလည်း ရှိချင် ရှိနိုင်သည်။

၅၀

ဝင်းတား၏ နိုင်းစေချက်အရ ဝေါလ်ဂရင်သည် မော်တော်ကားကို ရစ်ချတ်ဆန် ပင်လယ်အော်သို့ ဦးတည်မောင်းနှင်ခဲ့ပြန်သည်။ ထိုပင်လယ်ကွေ့ တစ်နေရာ ရေစပ်တွင် ရေယာဉ်ပျံတစ်စင်း အဆင်သင့် ရှိနေသည်။ ထိုရေယာဉ် ပျံမှာ သူတို့၏ ထွက်ပြေးရေး အစီအစဉ်တွင် အဓိက အရေးကြီးသော ပစ္စည်း တစ်ခု ဖြစ်သည်။ ထွက်ပြေးရန် အချိန်ကျသောအခါ လီကက်တို့ လူစုသည် ညအမှောင်ထုကို အားပြု၍ ချဲလင်ဂျာပေါ်မှ ခိုးထွက်လာကြလိမ့်မည်။ သူတို့ လူစုသည် ပဲ့ချိတ်စက် တပ်ဆင်ထားသော ဇိုဒီးယက် ရာဘာလှေနှင့် ရစ်ချတ်ဆန် ပင်လယ်အော်ထဲရှိ ရေယာဉ်ပျံ ရှိရာသို့ အပြေးအလွှား လာကြလိမ့်မည်။ တစ်ဖန် ဇိုဒီးယက် ရာဘာလှေကို သုံးစွဲရန် ဝင်းတားက တမင်ကလာ ရွေးချယ် ခဲ့ခြင်း ဖြစ်သည်။ ချဲလင်ဂျာ သင်္ဘောကြီးကို ပင်လယ်အော်ထဲ၌ ကျောက်ချ ရပ်ထားစဉ် ရဲအဖွဲ့က သူတို့၏ လှုပ်ရှားမှုကို ရေဒါနှင့် စောင့်ကြည့်ရန် စီစဉ်နိုင် သည်ဟု ဝင်းတားက ကြိုတွက်ထားခဲ့သည်။ သို့သော် သူတို့ သုံးမည့် လှေမှာ နာဘာလှေ ဖြစ်သဖြင့် ရေဒါနှင့် စုံစမ်းထောက်လှမ်း၍ မရနိုင်ချေ။

ဆီးနှင်း၊ ထွက်ပြေးရန် အချိန်တန်သောအခါ လီကက်တို့ လူစုသည် ရေယာဉ်ပျံ ဖောက်လယ်ထဲတွင် စောင့်နေသော စက်လှေပီချားထံသို့ ဖြစ်စေ၊ ကနေဒါနိုင်ငံ တစ်ခုကိုစိစေ သွားရောက်ကြမည် ဖြစ်သည်။ တစ်ဖန် ဤနေရာလို ချောင်ကျ



သော နေရာမျိုးတွင် ရေယာဉ်ပျံတစ်စင်း ဆိုက်ကပ်ထားသည်ကို တွေ့သွား ကြသည့်တိုင်အောင် ထူးထူးထွေထွေ ပြောကြ ဆိုကြမည်ကို စိုးရိမ်ဖွယ် မရှိပြန် ချေ။ အဘယ်ကြောင့်ဆိုသော် ထိုနေရာမှ သုံး လေးမိုင်ခန့်သာ ဝေးသော မာရင်မြို့တွင် ရေယာဉ်ပျံဆိပ်တစ်ခု ရှိနေသောကြောင့် ဖြစ်သည်။

ရေငုပ်ဝတ်စုံများကတော့ အကျဉ်းအကျပ် ဖြစ်လာလျှင် သုံးစွဲရန် ဖြစ်သည်။ သူတို့လူစု ထွက်ပြေးရာ၌ ခက်ခက်ခဲခဲ ဖြစ်လာသော် ရာဘာလှေကို ပင်လယ်ထဲတွင် နှစ်မြှုပ်ပစ်ခဲ့ပြီး ကမ်းစပ်သို့ ရေကူးသွားကြရန် ဖြစ်သည်။ သို့သော် ထိုပင်လယ်အော်ထဲတွင် ရေစီးသန်လှသဖြင့် အလွန်ရေကူးသန်သူများ ပင်လျှင် အခက်အခဲ ရှိနိုင်သည် ဖြစ်ရာ ထိုအခြေအနေအထိ ရောက်မလာပါ စေနှင့်ဟု ဝင်းတားက ကြိုဆုတောင်းမိသည်။

ဝင်းတားသည် ရေယာဉ်ပျံကို သူကိုယ်တိုင် စစ်ဆေးပြီးနောက် ဆန်ဖရန်စစ္စကိုသို့ ပြန်မောင်းနိုင်းလိုက်သည်။ သူ တွေးပူသည့် အချက်မှာ ဓာတ်ဆီအပြည့် ရှိနေဖို့ပင် ဖြစ်ပြီး ဓာတ်ဆီတိုင်ကီများ၌ ဓာတ်ဆီ အပြည့် ရှိနေကြောင်း တွေ့ရသည်။ ရွှေတံခါးကြီးနှင့် နီးလာသည့်အခါ ဝင်းတားက မေးသည်။

"ဒီမော်တော်ကားအတွက် ဓာတ်ဆီ ဝယ်ဖို့ လွယ်တယ် မဟုတ်လား"

"ဘယ်ကလာ၊ မှောင်ခိုမှာတောင် မာပီးယားဂိုဏ်းရဲ့ အထူးဈေးနှုန်းနဲ့ တစ်ဂါလံကို နှစ်ဒေါ်လာခွဲ ပေးရတယ်"

ရွှေတံခါး တံတားကြီး အဆုံးသို့ ရောက်သောအခါ ဝေါလ်ဂရင်က ကားကို ရပ်ပေးသဖြင့် ဝင်းတား တစ်ယောက်တည်း တံတားဘေးရှိ လူသွားလမ်း အတိုင်း တံတားပေါ်သို့ ပြန်လျှောက်လာသည်။

များမကြာမီ ချဲလင်ဂျာ သင်္ဘောကြီး အောက်ဘက်က ဖြတ်သွားမည့် ရွှေတံခါး တံတားကြီးကို အသေးစိတ် လေ့လာလိုက်သည်။ ဝင်းတားသည် တံတားဘေးရှိ လက်ရန်းတန်းပေါ်မှ ကိုယ်ကို ကိုင်း၍ အောက်ဘက်သို့ ငုံ့ကြည့် လိုက်သည်။ အောက်ဘက်တွင် မြူနှင်းများ ထူထပ်စွာ ကျနေသဖြင့် တံတား ဘောင်ကြီးများသည် မြူနှင်းများအကြား၌ ပေါ်လောကြီး ပေါ်နေသလို ထင်ရ ရသည်။ ထို့အတူပင် ပေ ၇၅၀ မြင့်သော မျှော်စင်ကြီးများသည်လည်း လေထု ထဲတွင် ဆေးရေးပန်းချီကားချပ်ကြီးထဲမှ မျှော်စင်ကြီးများပမာ မြင်ရ ထင်ရသည်။

ဝင်းတား၏ ညွှန်ကြားချက်အတိုင်း ဝေါလ်ဂရင်က သူ့ကို ထရန့်စ်ဘေး တားဆိပ်တွင် ချထားပေးခဲ့သည်။ ဝင်းတားသည် သူ့အတွက် ဝေါလ်ဂရင်

www.burmeseclassic.com



ကြို့တင်စီစဉ်ပြီး အသင့်ယူလာသော အဝတ်အစားအိတ်ကို ကားနောက်ခုံပေါ်မှ ဆွဲယူပြီး ကားဆိပ်တွင် ၁၀ မိနစ်ခန့် နားနေလိုက်သည်။ ထို့နောက် မိုင်း အငှားကားတစ်စီးနှင့် ဆန်ဖရန်စစ္စကိုရှိ ပထမတန်းစား ဟိုတယ် ဖြစ်သော 'ကလစ်ဖ်' ဟိုတယ်သို့ လာခဲ့သည်။

ဧည့်ကြိုစာရေးထံ ရောက်သောအခါ သူက–

''ကျုပ် ဒီမှာ အခန်းတစ်ခန်းကို တစ်ပတ်စာ ကြိုငှားထားတယ် ဩစတြေးလျက မစ္စတာစတန်လီဂရန့် နာမည်နဲ့''

သူ ဤဟိုတယ်တွင် ၃ ရက်သာ နေမည် ဖြစ်သော်လည်း တစ်ပတ်စာ အတွက် ငွေကြိုပေးထားသည်။ နောက်မှ သူ့ကို လော့စ်အင်ဂျလိစ်မြို့က အရေး တကြီး ခေါ်နေသည်ဟု ပြောပြီး ပြန်မည်။ အကယ်၍ ဟိုတယ် ဧည့်စာရင်းကို ရဲတစ်ယောက်က လာစစ်ခဲ့သော် ကမန်းကတန်း ပြန်သွားခြင်းမျိုး မဟုတ် တစ်ပတ်စာ ကြိုငှားထားကြောင်း တွေ့ကြရပေလိမ့်မည်။ သူသည် ဟိုတယ်မှ မင်းစေကလေးနှင့်အတူ သူ့အခန်းရှိရာ ၁၀ ထပ်သို့ ဓာတ်လှေကားနှင့် တက် သွားသည်။ အခန်းထဲသို့ ရောက်သောအခါ သူ့စိတ်ထဲတွင် တအံ့တဩ ဖြစ် သွားသည်။ သူသည် ကယ်လီဖိုးနီးယားသို့ တကယ် ရောက်နေပါကလား။

❑

''... ဤညွှန်ကြားချက်အတိုင်း မလိုက်နာခဲ့သော် ရန်စ သည်ဟု ယူဆပြီး ရက်ရက်စက်စက် လက်တုံ့ပြန်မည်''

မိုးလေဝသအဖွဲ့

စားပွဲတွင် ဝိုင်းထိုင်နေသူများကို မြို့တော်ဝန် အော်ဒိုပရက်တီက လှည့်ကြည့်လိုက်သည်။ အမြဲတမ်း ပြုံးနေလေ့ရှိသော မြို့တော်ဝန်သည် ဒီတစ်ကြိမ် တွင် မပြုံးတော့ချေ။ ယခု ကျင်းပသော အစည်းအဝေးတွင် ပထမတစ်ကြိမ် အစည်းအဝေး ကျင်းပစဉ်က နေရာယူခဲ့ကြသည့် ပုံစံအတိုင်း ထိုင်နေကြသည်။ အစည်းအဝေးခန်းထဲတွင် ရှိနေသူ အားလုံး တစ်ဦးမှ မပြုံးကြချေ။ ချဲလင်ဂျာ က မြန်လုန်ခြိမ်းခြောက်လိုက်သည့် သံကြိုးကို ရရှိပြီးနောက် ၁ နာရီလုံးလုံး ငြင်းခုံနေခဲ့ကြခြင်း ဖြစ်သည်။ ယခု ညနေ ၆ နာရီခွဲ ရှိလေပြီ။

ဆူလီဗန်က ထပ်ပြောပြန်သည်။



''ဒီငတိတွေက သူတို့ကိုယ်သူတို့ မိုးလေဝသအဖွဲ့လို့ ကင်ပွန်းတပ် ထားတာကို ကျွန်တော်တို့ မယုံဘူး၊ မိုးလေဝသအဖွဲ့ ဆိုတာက အမေရိကန် မြေအောက်ကမ္ဘာက လူဆိုးတွေ မဟုတ်လား၊ အခုလို လုပ်တာကတော့ မျက်စိ ထဲကို သဲပက်လိုက်တာပဲ ဖြစ်ရမယ်၊ ကျွန်တော့်ကို ပြောလိုက်တဲ့ လူက လီကက် နဲ့ ဝင်းတား အဆက်အသွယ် ရှိတယ်၊ ပြီးတော့ လီကက်က အိုအေအက်စ် အဖွဲ့ဝင်ဟောင်း လူရမ်းကားတွေကို လိုက်စုနေတယ်လို့ ဆိုတယ်၊ တစ်ခါ ချဲလင်ဂျာ အလပ်စကာက ထွက်သွားပြီးတဲ့ နောက်ပိုင်းမှာ ဝင်းတားတစ်ယောက် အလပ်စကာကို ရောက်ခဲ့သေးတယ် ဆိုတဲ့ အကြောင်း ကျွန်တော် အစဖော်မိ ပြန်တယ်၊ အခု ကျွန်တော် ထင်တာကတော့ ဒီသဘော်ပေါ်က လူဆိုးတွေဟာ အာရပ်နိုင်ငံတွေရဲ့ ငွေကြေးထောက်ပံ့မှုကို ရနေတဲ့ ပြင်သစ်လူဆိုးအုပ်စုပဲ ဖြစ်ရမယ်''

ပရက်တီကလည်း သူ့အယူအဆကို တင်ပြသည်။

''ဒီတောင်းဆိုချက်ဟာ ပြန်ပေးဆွဲပြီး ငွေညှစ်တဲ့စာရိုးရိုးပဲ ဖြစ်ရ မယ်၊ ဒါပေမဲ့ အခု စိုးရိမ်နေတာက ဗြိတိသျှ သဘော်သား ၂၈ ယောက်နဲ့ အမေရိကန်မလေး တစ်ယောက်ရဲ့ အသက်အန္တရာယ်ပဲ၊ ကျုပ်ကတော့ အပြစ် မရှိတဲ့ လူတွေကို လုံးဝအန္တရာယ် မရှိစေချင်ဘူး''

ဗိုလ်မှူးကြီး ကတ်ဆဒီက ကန့်ကွက်သည်။

''ကျုပ်ကတော့ အကြမ်းဖက်သမားတွေ ပါလာတဲ့ ဒီသဘော်ကို ပင်လယ်အော်ထဲ ဝင်ခွင့်ပြုဖို့ မသင့်ဘူးလို့ ထင်တယ်''

မြို့တော်ဝန် ပရက်တီကလည်း သူ့အယူအဆကို အခိုင်အမာ ထပ် ပြောသည်။

''ဒီလူတွေနဲ့ ပင်လယ်အော်ထဲမှာ နီးနီးနားနား စေ့စပ်နိုင်တာပေါ့၊ ဒီသဘော်ကြီး ရွှေတံခါး တံတားကြီးအောက်က ဖြတ်ဝင်လာတာနဲ့ တစ်ပြိုင်နက် သူတို့အတွက် တစ်ပန်း ရှုံးသွားပြီ၊ ကျုပ်တို့ကသာ သူတို့ကို ပြန်မထွက်စေချင် ဘူးဆိုရင် သူတို့ ပြန်ထွက်ဖို့ မလွယ်တော့ဘူး''

ကတ်ဆဒီက ခပ်မာမာ ဝင်ပြောသည်။

''ကျုပ်ကတော့ မကြိုက်ဘူး''

အက်ဖ်ဘီအိုင်မှ ကားပစ်ကလည်း ဝင်ထောက်ခံသည်။

''ကျုပ်ကလည်း သိပ်မကြိုက်ဘူး''

ပရက်တီကလည်း ထပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကလည်း အမေရိကန် အမျိုးသမီးတစ်ယောက် အပါအဝင် လူ ၂၉ ယောက် သေနတ်နဲ့ ပစ်အသတ်ခံရမှာ ပိုမကြိုက်ဘူး"

အော်ဒိုပရက်တီသည် တကယ့် ကရုဏာရှင်တစ်ဦး ဖြစ်သည်။ ထို စိတ်ဓာတ်ကပင် လွန်ခဲ့သည့် မြို့တော်ဝန် ရွေးကောက်ပွဲ၌ သူ့ဘက်က မဲပေါင်း မြောက်မြားစွာ ရရှိစေခဲ့သည်။ သူသည် မာကျောခက်ထန်ပြီး ခပ်ကြမ်းကြမ်း ရမ်းရမ်း အုပ်ချုပ်တတ်သော ကယ်လီဖိုးနီးယားပြည်နယ် ဘုရင်ခံ အဲလက် မက်ဂိုဝမ်နှင့် တခြားစီ ဖြစ်သည်ဟု မြို့သူမြို့သားများက လက်ခံထားကြသည်။

အကြမ်းဖက်သမားများ ပါလာသော သင်္ဘောကြီးကို ပင်လယ်အော်ထဲ အဝင်ခံသင့် မသင့် ထပ်မံ၍ ငြင်းကြခုံကြသည်မှာ နောက်ထပ် ၁ နာရီ ကြာ သွားပြန်သည်။ အကယ်၍သာ မဲခွဲခဲ့သော် ဝင်ခွင့်ပြုလိုသူများနှင့် ဝင်ခွင့်မပြုလို သူများ၏ မဲများမှာ မတိမ်းမယိမ်းပင် ရှိပေမည်ဟု ပရက်တီက တွေးလိုက်သည်။ သူက အဆုံးအဖြတ် ပေးတော့မည့်ဆဲဆဲတွင် တယ်လီဖုန်းက မြည်လာသည်။ သူက နားထောင်ပြီး တစ်ခွန်း နှစ်ခွန်း ပြန်မေးသည်။ ထို့နောက် တယ်လီဖုန်း ကို ပြန်ချလိုက်၏။ သူ့မျက်နှာထားမှာ ခပ်တည်တည် ဖြစ်နေသည်။

"ဘာတွေ ဖြစ်နေသလဲ ဆိုတာကို မပြောတတ်လောက်အောင် ဖြစ် နေပြီ၊ အခု ဒီကိစ္စက နိုင်ငံရေးအသွင် ဆောင်လာပြန်ပြီ၊ အခု ချဲလင်ဂျာဆီက ပို့လိုက်တဲ့ သတင်းတစ်ခု ထပ်ရောက်လာတယ်၊ ဒါပေမဲ့ ကျုပ် နားမလည်တာ က ဒီလူတွေ ဘာပြုလို့ သိပ်ဝါဒဖြန့်ချင်နေသလဲ ဆိုတာပဲ၊ သူတို့က ယူပီကြေးနန်း သတင်းဌာနကို တိုက်ရိုက်ဆက်သွယ်ပြီး အကြောင်းကြားခဲ့တယ်၊ ဒီသတင်းဟာ ၁ နာရီ ၂ နာရီအတွင်း တစ်ကမ္ဘာလုံးမှာ ပျံ့နှံ့သွားလိမ့်မယ်၊ ကဲ. . ဗိုလ်မှူးကြီး ကတ်ဆဒီ၊ အခု ဒီလူတွေက ဘီရှုတ်မှာ ရှိတဲ့ ဘဏ်တစ်ဘဏ်ကို ဒေါ်လာ သန်း ၂၀၀ ပို့ပေးရမယ်လို့ တောင်းဆိုနေတယ်၊ အခု နာမည်ခံတာကတော့ 'ပါလက်စတိုင်း လွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့' တဲ့၊ ဆူလီဗန် ပြောတာ မှန်တယ်၊ ဒီငတိတွေဟာ အာရပ်တွေကို ကျောထောက်နောက်ခံ ပြုတဲ့ လူဆိုးတွေပဲ"

□

ထိုည ၁၀ နာရီတွင် ကလစ်ဖ်ဟိုတယ်၌ ရှိနေသူ ဝင်းတားသည် ဝီစကီဖန်ခွက်ကို လက်က ကိုင်ရင်း သတင်းစာ ဖတ်နေသည်။ သူ့ရှေ့တွင် ရောင်စုံရုပ်မြင်သံကြားစက်ကို ဖွင့်ထားသော်လည်း လျှို့ဝှက်သည်းဖို အက်ဖ် ဘီအိုင် ဇာတ်လမ်းကို သူက စိတ်မဝင်စားချေ။ သူ အခုလုပ်ရမည့် အလုပ်မှာ မြို့ထဲသို့ တိတ်တဆိတ် ခိုးဝင်ပြီး လူဆိုးများ၏ တောင်းဆိုချက်များအပေါ် အာဏာပိုင်များက မည်သို့မည်ပုံ သဘောထားသည်ကို စုံစမ်းထောက်လှမ်းရန် နှင့် သူတို့ဘက်က နည်းဗျူဟာ ပြောင်းရန် လိုသည်ဟု ယူဆသည်နှင့် တစ်ပြိုင်နက် လီကက်ထံ လှမ်းအကြောင်းကြားရန် ဖြစ်သည်။



တစ်ခါ ရေနံတင်သင်္ဘောကြီးနှင့် အဆက်အသွယ် လုပ်ဖို့ ကိစ္စကိုလည်း ဝေါလ်ဂရင်ကပင် ကြိုစီစဉ်ပေးခဲ့သည်။ သူတို့က လွယ်ကူစွာ သယ်ယူသွားနိုင် သော အသံလွှင့်စက်တစ်လုံးကို ထရပ်ကားတစ်စီးပေါ် တင်ထားပြီး ထိုထရပ် ကားကို အနီးအနားရှိ ကားဂိုဒေါင်တစ်ခုထဲတွင် ထည့်ဝှက်ထားသည်။ အကယ် ၍ ဝင်းတားက လီကက်နှင့် အဆက်အသွယ် ပြုလုပ်လိုသော် ဝေါလ်ဂရင် ပေးထားသော တယ်လီဖုန်းနံပါတ်သို့ ဖုန်းဆက်လိုက်ရုံပင်။ ထို့နောက် ထိုထရပ် ကားကြီးကို ရွှေတံခါး တံတားပေါ်မှ ကျော်ဖြတ်မောင်းနှင်ပြီး လူသူ ကင်းရှင်း သော မာရင်ခရိုင်ဆီသို့ သွားကြမည်။ ထိုနေရာတွင် ဝင်းတားက လီကက်နှင့် အဆက်အသွယ် ပြုလုပ်မည် ဖြစ်ပြီး ဤကဲ့သို့ အသံလွှင့်သည်ကို စုံစမ်း ထောက်လှမ်းနိုင်သော ထောက်လှမ်းရေးစက်များက ထိုနေရာကို ရှာမတွေ့မီ တခြားသို့ မောင်းနှင်သွားကြရန် ဖြစ်သည်။

နောက်ဆုံး သတင်းကို ည ၁၀ နာရီ ၅ မိနစ်တွင် စလွှင့်သည်။

"အကြမ်းဖက်သမားတစ်စုက ငြိတိသျှ ရေနံတင်သင်္ဘောကြီးတစ်စင်း ကို ဆန်ဖရန်စစ္စကို ကမ်းခြေအလွန်တွင် အပိုင်စီးလိုက်ကြသည် ဆိုခြင်း။ ၎င်းတို့က သင်္ဘောပေါ်ရှိ ဓားစာခံ ၂၉ ယောက်တို့ကို အသက်အန္တရာယ် မဖြစ်စေလိုက ဒေါ်လာ သန်း ၂၀၀ ပေးရမည်ဟု တောင်းဆိုထားကြောင်း။ ဓားစာခံများထဲတွင် အမေရိကန်အမျိုးသမီးတစ်ဦးလည်း ပါဝင်သည် ဆို ကြောင်း. . ."

ဝင်းတားသည် ဝီစကီအရက်ကို မြှုံ့ရင်း သတင်းဝေဖန်ချက်ကို ထပ်စောင့် နားထောင်နေပြန်သည်။ ယခု လီကက်သည် သူ အကွက်ချခဲ့ သည့် အစီအစဉ်အတိုင်း အတိအကျ ဆောင်ရွက်နေလေပြီ။ ယခု သူက အမေရိကန်တွေ အောက်ခြေ ယိုင်သွားအောင် ကြောက်စရာ လန့်စရာ မှုပ်ရှုပ် ထွေးထွေး တောင်းဆိုချက်များကို တစ်ခုပြီး တစ်ခု ဆက်တိုက် ပေးပို့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲ. . . အမေရိကန်တွေက ထိုသင်္ဘောကြီးကို ပင်လယ်အော်ထဲသို့ ဝင်ခွင့်ပြုလိုက်သည့်အခါကျမှ တကယ့် တောင်းဆိုချက်ကို တောင်းဆိုရမည်။

❑

ထိုသတင်း ကြေညာချက်ကို ဆန်ဖရန်စစ္စကိုတွင် ည ၁၀ နာရီအချိန်၌ ဝင်းတားက ကြားလိုက်ရသည်။ ထိုနေရာမှ မိုင် ၇၀၀၀ ဝေးကွာသော ဘောလ်ဘက်မြို့တွင် တစ်နေ့သစ်စ ပြုလေပြီ။ အချိန်ကား နံနက် ၇ နာရီ။ ရှိတ်ဂမယ်တာဖတ်သည် အမေရိကန် စီးကရက်တစ်လိပ်ကို နောက်ထပ် ညှိရင်း သူ နားထောင်နေသော ရေဒီယိုကို ပိတ်ပစ်လိုက်သည်။ ထို့နောက် ဆန္ဒင်းမကင်းကွက် ဖော်ထားသော မှန်ပြတင်းမှ အပြင်ဘက်သို့ ငေးကြည့်နေသည်။

သည်သတင်းက သူ့ကို စိတ်အနှောင့်အယှက် ဖြစ်စေခဲ့သည်။ အမေရိကန်တွေသည် ရေနံတင်သင်္ဘောကြီးအား ပင်လယ်အော်ထဲ ဝင်ခွင့်ပြုဖို့ သင့် မသင့် ခုအချိန်အထိ ဆွေးနွေးနေကြဆဲပင်။ ဒီအချိန်တွင် လီကက်က နောက်ဖဲတစ်ချပ်ကို ချကစားလိုက်ဖို့ ကောင်းပြီ။ ဒီလူတွေ ဆုံးဖြတ်ချက်မချသေးခင် အရှိက်ကို ထပ်ထိုးလိုက်ဖို့ လိုသည်။ သူက မျက်စိကို ခပ်မှေးမှေး လုပ်ရင်း မကြာမီ ဆန်ဖရန်စစ္စကိုသို့ ရောက်ရှိသွားတော့မည့် အာမက်ရီးယဒ်က လီကက်အား ညွှန်ကြားခဲ့သည့် စကားလုံးများကို သူ ပြန်ကြားယောင်လာမိသည်။

"သူတို့က မင်းတို့ကို ချက်ချင်း ဝင်ခွင့်ပေးဖို့ ဆုံးဖြတ်ကြမှာ မဟုတ်ဘူး။ သူတို့ စဉ်းစားရင်း စဉ်းစားရင်းနဲ့ တော်တော်လေး အချိန်ကုန်သွားကြလိမ့်မယ်၊ ဒါပေမဲ့ ဒီလူတွေက သံယောဇဉ် သိပ်ကြီးတဲ့ လူမျိုး၊ ဒီတော့ မင်းက မင်းဘာသာ မင်း အချိန်ကောင်းကို ရွေးပြီးတော့ အကောင်းဆုံး ဖဲချပ်နဲ့ အပိုင်ထုပေတော့"

သို့သော် သင်္ဘောကြီးအား ရွှေတံခါး ရေလက်ကြားအတွင်းသို့ ဝင်ခွင့်မပြုဘဲ မနေနိုင်အောင် အကွက်ဆင်ထားသည့် ဖဲချပ်ကို စထွင်ခဲ့သူမှာ ဝင်းတားသာ ဖြစ်ကြောင်း တာဖတ်တစ်ယောက် မေ့သွားလေပြီ။ တာဖတ်သည် စီးကရက်ကို ပါးစပ်မှ ချွတ်ရင်း သူ့လက်ကို ပြန်ကြည့်လိုက်မိ၏။ ချွေးစိုနေသည်။ ထို့ကြောင့် နံနက်ခင်း၏ သန့်ရှင်းလတ်ဆတ်သော လေကို ရှူရန် အပြင်ဘက်သို့ ထွက်ရဦးမည်။ သို့သော် သူ ယခုလို ချွေးပြန်နေသည်မှာ ရာသီဥတုကြောင့်



မဟုတ်ချေ။ အမေရိကန်၏ အရှိက်ကို ထိုးနိုင်ရန် ဒီသင်္ဘောကြီး ပင်လယ်အော်ထဲ ရောက်မှ ဖြစ်မည်ဟု တွေးပြီး စိတ်အိုက်နေသောကြောင့် ဖြစ်သည်။

❑

ရှိတ်ဂမယ်တာဖတ်သည် နံနက် လေကို ရှူရန် အိမ်ရှေ့တံခါးပေါက်ဝတွင် ထွက်ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့ခေါင်းနှင့် ပခုံးသည် ရိုင်ဖယ်သေနတ်ထိပ်တွင် တပ်ဆင်ထားသော အဝေးကြည့် မှန်ပြောင်းထဲ၌ ပြည့်ပြည့်ဝဝကြီး ပေါ်လာသည်။ မှန်ပြောင်းထဲရှိ ဒေါင်လိုက်မျဉ်းက တာဖတ်၏ ခေါင်းကို ဒေါင်လိုက် နှစ်ခြမ်း ခွဲထားသလို ကန့်လန့်ဖြတ်မျဉ်းကလည်း တာဖတ်၏ လည်ပင်းကို အရင်းမှ ကန့်လန့်ဖြတ် ပိုင်းထားသည်။ ထိုပစ်မှတ်သည် စားပွဲတစ်လုံးပေါ်တွင် ဝမ်းလျားမှောက်၍ ချိန်နေသော အစွရေး လက်ဖြောင့်သေနတ်သမား ရှိနေရာမှ ရှေ့တည့်တည့်ရှိ အခန်းအထိ မီတာ ၃၀ သာ ဝေးသည်။

လက်ဖြောင့်သေနတ်သမား 'ချိမ်းဘော့ဂ်ဟိန်'က ပထမမောင်းကို လက်ညှိုးနှင့် အသာအယာ ဆွဲလိုက်သည်။ သူ့လက်ညှိုးက ဒုတိယအဆင့် သေနတ်မောင်းကို ထပ်ဆွဲလိုက်လျှင် တာဖတ် သေပြီ။ တယ်လီဖုန်း အော်ပရေတာ လူစီဖာမီထံမှ သတင်းညှစ်ယူခဲ့သူ အဲလ်ဘတ်မိုင်ယာသည် မောင်းပြန်သေနတ်တစ်လက်ကို ပေါင်ပေါ်တွင် တင်ရင်း နောက်ဘက်နားတွင် ထိုင်နေသည်။ ထိုအချိန်တွင် တယ်လီဖုန်း ရုတ်တရက် မြည်လာသဖြင့် မိုင်ယာက ခုန်ထလိုက်မိ၏။ တယ်လီဖုန်း မြည်သံကြောင့် သူ့အဖော် ချိန်သား ပျက်သွားနိုင်သည် မဟုတ်ပါလား။ သူက တယ်လီဖုန်းကို သူ ရှိရာသို့ မ,ယူလာပြီး စကားပြောခွက်ကို မ,လိုက်သည်။

"အဲလ်ဘတ်ပါ"

နားထောင်နေစဉ် သူ့မျက်လုံးများမှာ တဖြည်းဖြည်း ပြူးကျယ်လာကြသည်။ ထို့နောက် "နားလည်ပါပြီ" ဟု ပြောပြီး စကားပြောခွက်ကို ပြန်ချ၍ အခန်းကို လျှင်မြန်စွာ ဖြတ်လျှောက်လာသည်။ သူ ချွေးပြန်နေလေပြီ။

"ချိမ်းရေ. . . နေဦးကွာ"

သူက သေနတ်ပြောင်းကို လုံးဝမထိစေဘဲ လက်ညှိုးလေးနှင့် အပေါ်က ကန့်လန့်ဖြတ် ထောင်ပြရင်း ပြောလိုက်ခြင်း ဖြစ်သည်။ သူ့ကျောပြင်မှ ချွေးသီးချွေးပေါက်များ စီးကျနေသည်ကို သူ သိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား. . ."

ချိမ်းသည် သေနတ်မောင်းမှ လက်ကို ပြန်ရုပ်လိုက်ပြီး သူ့ကို အူကြောင်ကြောင် မျက်နှာထားနှင့် ပြန်ကြည့်လိုက်သည်။

"သူ ပစ်ကွင်းထဲ ဝင်နေပြီဗျ။ ကျုပ် ဘာမှားသွားလို့လဲ၊ ခင်ဗျား ကြည့်ရတာ မျက်စိမျက်နှာလည်း သိပ်မကောင်းပါလား"

"ငါက လက်လွှန်သွားပြီ ထင်လို့၊ သူတို့က ခုပဲ တယ်လီဖုန်းဆက်တယ်၊ နေဦးတဲ့. . . အချိန်မကျသေးဘူးလို့ ပြောတာပဲ"

"လက်မတင်ကလေးတင်ဗျာ. . . တကယ့်ကို လက်မတင်ကလေးပဲ"

"အခု ကမ္ဘာ့ထောင့်စွန်း တစ်နေရာမှာ ပြဿနာတစ်ခု ထပ်တက်နေပြန်ပြီတဲ့၊ ဘယ်လို ဖြစ်လာနိုင်တယ် ဆိုတာကို မှန်းလို့ မရသေးလို့၊ ခဏ နေပါဦးတဲ့"

❑

ရွှေတံခါး ရေလက်ကြား အဝင်ဝနားရှိ မိုင်းရှော့ခ် မီးပြတိုက်ပေါ်မှ လူများက ချဲလင်ဂျာ ရေနံတင်သင်္ဘောကြီး မီးလောင်နေသည်ကို မြူနှင်းများ ထူထပ်စွာ ကျနေသည့်ကြားမှ ထွင်းဖောက်၍ မြင်လိုက်ကြသည်။

သူတို့က မြင်မြင်ချင်း ဆိပ်ကမ်း အာဏာပိုင် ရုံးသို့ သတင်းပို့သည်။ ဆိပ်ကမ်းအာဏာပိုင် ရုံးက မြို့တော်ဝန်ရုံးသို့ ဆက်သတင်းပို့သည်။ ထိုသတင်းကို ရေနံတင်သင်္ဘောကြီးဆီမှ ပို့လိုက်သော သံကြိုးနှင့် မရှေးမနှောင်းလိုလို ရောက်ရှိလာသည်။

မြို့တော်ဝန်၏ အခန်းထဲတွင် အစည်းအဝေး ပြုလုပ်နေသည်မှာ ကြာလှပြီ။ ယခု အစည်းအဝေးကို ခေတ္တနားလိုက်သည်။ ထို့ကြောင့် အစားအသောက် သွားစားကြရန် လူစုခွဲလိုက်ကြသည်။ ပရက်တီသည် တယ်လီဖုန်း စကားပြောခွက်ကို ကောက်ယူနားထောင်လိုက်ပြီးနောက် "ခဏနေပါဦး" ဟု ပြောရင်း အခန်းထဲက ပြန်ထွက်သွားသူများကို ဖအော်ခေါ်လိုက်သည်။

"နေကြဦးဗျို့၊ ဒီမှာ နောက်ထပ် သတင်းတစ်ခု ဝင်လာနေပြန်ပြီ"

မြို့တော်ဝန် ပရက်တီ တစ်ဖက်က တယ်လီဖုန်း စကားပြောနေသည်ကို နားထောင်နေစဉ် သူတို့အားလုံး စောင့်နေကြရသည်။ ပရက်တီသည် နားထောင်နေစဉ် လက်ကလည်း စာရွက်ပေါ်တွင် လိုက်ရေးမှတ်နေသည်။



သူတို့အားလုံး နာရီပေါင်းများစွာ ငြင်းရခုံရလွန်းသောကြောင့် မောပန်းနွမ်းနယ်နေကြလေပြီ။ ခေါင်းမာသော ပိုလ်မှူးကြီး ကတ်ဆဒီက ဤကိစ္စကို ချက်ချင်း မဆုံးဖြတ်သေးဘဲ မိုးလင်းသည်အထိ စောင့်ပါရန် မြို့တော်ဝန်ကို မရမက ဆွေးနွေးခဲ့သည်။ သင်္ဘောပေါ်ကလည်း လီကက်၏ အမည်နှင့် ခြိမ်းခြောက်သော သံကြိုးများ နောက်ထပ် ဝင်လာခဲ့သေးသည်။ ထို့ကြောင့် အမျိုးသမီးတစ်ဦး အပါအဝင် မားစာခံ ၂၉ ယောက် သေဆုံးမှုတွင် သူ တာရားခံ ဖြစ်လာမည်ကို မြို့တော်ဝန် ပရက်တီက အကြီးအကျယ် ကြောက်လန့်လာသည်။ နောက်ဆုံးတွင် ကတ်ဆဒီ၏ တင်ပြချက်ကို အင်တင်တင်နှင့် လိုက်လျောခဲ့ရသည်။

တယ်လီဖုန်း မလာမီက ပရက်တီ၏ မျက်နှာမှာ ညှိုးနွမ်းနေသည်။ ယခုမူ ပရက်တီသည် လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာသည်။ တယ်လီဖုန်း စကားပြောခွက်ကို နားနှင့်ကပ်၍ နားထောင်နေစဉ် သူက ကတ်ဆဒီကို တစ်ချိန်လုံး စိုက်ကြည့်နေသည်။ သူက စကားပြောခွက်ကို ပြန်ချလိုက်ပြီး သူ ရေးမှတ်ထားသော စာရွက်များကို ပြန်ကြည့်ရင်း–

"ကဲ. . . ကိုယ့်နေရာ ကိုယ် ပြန်ထိုင်ကြပါ၊ အခုကိစ္စက ဒီညအဖို့ မပြတ်သေးဘူး၊ ခုမှ စတယ် ဆိုကြပါစို့ဗျာ"

ဗိုလ်မှူးကြီး ကတ်ဆဒီက ခပ်ဆတ်ဆတ် မေးသည်။

"ဘာဖြစ်လို့လဲ"

"သတင်း နှစ်ခု ရတယ် တစ်ခုက မိုင်းရှော့ခ် မီးပြတိုက်က၊ နောက် သံကြိုးကတော့ ချဲလင်ဂျာဆီက ဒီလိုဗျာ. . . သတင်းက သင်္ဘောကြီးပေါ်မှာ ပေါက်ကွဲမှုတစ်ခု ဖြစ်ပြီး ကြီးကြီးကျယ်ကျယ် မီးလောင်နေတယ်တဲ့၊ လူ ၉ ယောက် ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားတယ်၊ အဲဒီအထဲက ၅ ယောက်က မားစာခံတွေ၊ ဒဏ်ရာရတဲ့အထဲမှာ မစ္စကော်ဒဲလ်လည်း ပါတယ်တဲ့၊ ကျန် ၄ ယောက်က လူဆိုးတွေ၊ ဒီတော့ ဒီလူနာတွေကို သင်္ဘောပေါ်က အမြန်ဆုံး ကယ်နိုင်အောင် ခုချက်ချင်း ပင်လယ်အော်ထဲကို ဝင်ခွင့်ပြုပါတဲ့"

ကတ်ဆဒီက မေးသည်။

"ဒါက ချဲလင်ဂျာဆီက ပို့လိုက်တဲ့ သတင်း မဟုတ်လား"

"ဟုတ်တယ်"

"ဒါ သက်သက်မဲ့ အကွက်လှည့်လိုက်တာ ဖြစ်နိုင်တယ်၊ ကျုပ်တာတော့ သိပ်မယုံချင်ဘူး"

မြို့တော်ဝန် ပရက်တီတစ်ယောက် အံ့ကြွပေါက်ကွဲလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ယုံချင်မှ ယုံမယ်၊ ယုံချင်စိတ်လည်း ရှိချင်မှ ရှိမယ်၊ ဒါပေမဲ့ အခု ကျုပ်ဆီမှာ မိုင်းရော့ခ်မီးပြတိုက်က ပို့ထားတဲ့ သံကြိုးသတင်းလည်း ရှိတယ်၊ သင်္ဘောကြီး မီးလောင်နေတာကို သူတို့ဆီကလည်း မြင်ရပါတယ်တဲ့၊ မီးက အခုတော့ ငြိမ်းသွားပြီ၊ အခု ကျုပ်က ချဲလင်ဂျာကို ပင်လယ်အော်ထဲ ဝင်ခွင့်ပြုလိုက်တော့မယ်"

ကမ်းခြေစောင့်တပ်မှ ဂါးဗီးလ်က အကြံပြုသည်။

"အဲဒီလူနာတွေကို ရဟတ်ယာဉ်နဲ့ သွားသယ်ရင်ကော မဖြစ်ဘူးလား"

"သူတို့က သင်္ဘောနားကို ကောင်းကင်က ဖြစ်စေ၊ ရေပေါ်က ဖြစ်စေ၊ ရေအောက်က ဖြစ်စေ၊ ဘယ်လိုနည်းနဲ့မှ ကပ်မလာပါနဲ့တဲ့၊ ကပ်လာရင် မားစာခံ အားလုံးကို ချက်ချင်း သတ်ပစ်လိုက်မယ်တဲ့"

ကတ်ဆဒီက ထပ်ပြောသည်။

"ကျုပ်ကတော့ သိပ်မကြိုက်ဘူး"

ပရက်တီက ဝေါက်ဆတ်ဆတ် ထပ်ပြောသည်။

"ဗိုလ်မှူးကြီး၊ ခင်ဗျားကို ကြိုက်ပါလို့ ဘယ်သူကမှ မတိုက်တွန်းဘူး၊ ခင်ဗျားက ဒီကိစ္စကို ကျေကျေလည်လည် မစဉ်းစားတတ်သေးဘဲကိုး၊ ကျုပ်တို့ဘက်က တစ်ချက်ကလေး မှားလိုက်ရုံနဲ့ အဲဒီသင်္ဘောပေါ်က လူတွေအားလုံး သေသွားနိုင်တယ်၊ ကျုပ်ကတော့ ဘာမှ ပြန်မလုပ်နိုင်ဘဲ သေနတ်နဲ့ အချိန်ခံထားရတဲ့ ဗြိတိသျှ သင်္ဘောသားတွေကို ထောက်ထားညှာတာရလိမ့်မယ်၊ ကျုပ်တို့က ဒဏ်ရာရတဲ့ လူတွေကို သွားသယ်ရင်းနဲ့ မေးမြန်းဖို့ လူဆိုး ၄ ယောက် ကျုပ်တို့ဘက်ကို ရောက်လာရော မဟုတ်လား၊ ဒီတော့မှ..."

❑

မြို့တော်ဝန် ပရက်တီ စကားပြောနေစဉ် ချဲလင်ဂျာ သင်္ဘောကြီး၏ ဘေးဘက်မှ မီးလောင်ပြီး အကြွင်းအကျန်များသာ ကျန်ရှိတော့သော သစ်သားဖောင် နှစ်ဖောင်ကို သံကြိုးများနှင့် သင်္ဘောပေါ်သို့ ပြန်ဆွဲတင်နေကြသည်။ ခပ်စောစောပိုင်းက ထိုဖောင်များပေါ်တွင် ရေနံချေး ဆွတ်ထားသော အဝတ်အစုတ်အပြတ်များကို တင်၍ သင်္ဘောပေါ်က သံကြိုးနှင့် အောက်သို့ ချခဲ့ကြသည်။ ထိုဖောင် နှစ်ဖောင်ပေါ်တွင် ချိန်ကိုက်ထားသော မီးလောင်ဗုံး အသေးစား တစ်လုံးစီ ပါသွားသည်။ ထို့ကြောင့် ထိုဖောင်များသည် ရေစီးကြောင်းအတိုင်း



မျောပါသွားပြီး သင်္ဘောနှင့် လွတ်ရာကျွတ်ရာသို့ ရောက်မှ မီးလောင်ဗုံးများ ပေါက်ကွဲပြီး မီးတောက်ကြီးများအဖြစ်သို့ ရောက်ရှိသွားကြသည်၊ အဆိုပါ မီးတောက်ကြီး နှစ်ခုကို မိုင်းရော့ခ်မီးပြတိုက်က လှမ်းမြင်ခဲ့ကြရခြင်း ဖြစ်သည်။

"ဒီတော့မှ... အခုလို လူချင်း မတွေ့ရဘဲ ရေဒီယိုကတစ်ဆင့် ဆက်သွယ်နေရတာထက် လူလူချင်း မျက်နှာချင်းဆိုင် တွေ့ပြီး ပြောရဆိုရတာက ပိုကောင်းလာမှာ၊ အခုလို လမ်းမှားကို လိုက်နေတဲ့ လူတွေဟာ တကယ်ကတော့ အင်မတန်ရိုးစိုးတဲ့ လူ့တိရစ္ဆာန်တွေ၊ ကျားဆိုးကျားရိုင်းတွေ မဟုတ်ကြပါဘူး"

"အေးလေ... ခင်ဗျားက ကျုပ်ကို နားလည်မှု ပါးရိုက်သွားတယ် ဆိုပါတော့ဗျာ"

ကတ်ဆဒီသည် လွှတ်ခနဲ ပြောမိလိုက်ပြီးမှ နောင်တ ရသွားသည်။ သူ့စကားက တော်တော်လေး ရိုင်းသွားပုံရသည်။

ပရက်တီသည် သူ့ကိုယ်ကို ခပ်မတ်မတ် ပြင်ထိုင်ရင်း ပြန်ပြောလိုက်သည်။

"ဗိုလ်မှူးကြီး ကတ်ဆဒီ၊ ခင်ဗျားက စစ်သားပါ၊ စစ်သား ဆိုတာကတော့ ရန်သူကို မြင်ရင် ပစ်ရခတ်ရမယ်လို့ပဲ နားလည်ထားကြတာ၊ တစ်ခါတလေကျတော့ အဲဒီလို လုပ်မှ ဖြစ်မယ်၊ ဒါပေမဲ့ ခုကိစ္စမှာ တခြားနိုင်ငံ၊ အဲလေ.. ဗြိတိန်နိုင်ငံသားတွေက မားစာခံတွေ လာဖြစ်နေကြတယ်၊ ကျုပ်က သူတို့ကို ဦးကွက် စဉ်းစားရလိမ့်မယ်၊ ဒါကြောင့် ခုကိစ္စမှာ မဲ မခွဲတော့ဘူး၊ ကျုပ်သဘောနဲ့ ကျုပ် ဆုံးဖြတ်တယ်၊ ချဲလင်ဂျာ ရေနံတင်သင်္ဘောကြီး ပင်လယ်အော်ထဲကို ဝင်ခွင့်ပြုမယ်"

ဘုရင်ခံ အဲလက်မက်ဂိဝမ် စီးနင်းလိုက်ပါလာသော ဘိုးရင်း ၇၀၇ ဂျက်လေယာဉ်ပျံကြီးသည် ည ၁၂ နာရီ ထိုးလုဆဲဆဲတွင် ဆန်ဖရန်စစ္စကိုမြို့ နိုင်ငံတကာလေဆိပ်တွင် ဆင်းသက်ရန် လေယာဉ်ကွင်းဆီသို့ ချဉ်းကပ်လာနေလေပြီ။ ထိုလေယာဉ်ကြီးသည် လေယာဉ်ဆီ အခက်အခဲကြောင့် လန်ဒန်မြို့ ဟီသရိုးလေဆိပ်တွင် ၇ နာရီ ကြာအောင် စောင့်ဆိုင်းပြီးမှ ပျံသန်းလာခဲ့ခြင်း ဖြစ်သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## – တစ်ဆယ့်ခြောက် –

"ပရက်တီဆိုတဲ့ ငေါ်ဟာ သူ့ဇနီးနဲ့ အိပ်ရာထဲမှာ တစ်ညလောက် နှစ်ပါးကြည်ပြီးရင် မနက်ကျတော့ အိပ်ရာထဲက ဆွဲထူပေးမှ ပြန်ထလာနိုင်မယ့် လူစားမျိုးပဲ"

"အဲလက်‌. . ရှင် ဒီလောက်တောင် ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဖို့ မကောင်းဘူး"

မာရီယန်မက်ဂိုဝမ်က ခပ်တိုးတိုး ပြောလိုက်ခြင်း ဖြစ်သည်။ ဘုရင်ခံမက်ဂိုဝမ်က သူ့ဇနီးကို ပြန်အဖြေပေးသည်။

"ဟောဒီကိစ္စ မပြီးခင် ငါလည်း ပိုရိုင်းစိုင်းလာမှာပါကွာ၊ မင်း စောင့်ကြည့်နေပါ"

မက်ဂိုဝမ်သည် ပြတင်းပေါက်မှ အောက်ဘက်သို့ ငုံ့ကြည့်ရင်း စိတ်တိုတိုနှင့် ပြောလိုက်ပြန်သည်။

"ဒီသောက်လေယာဉ်ပျံကွင်းကလည်း ဘယ်ရောက်နေပြန်တာတုံး"

ဘိုရင်း ၇၀၇ ဂျက်လေယာဉ်ပျံကြီးသည် ဆန်ဖရန်စစ္စကိုလေဆိပ်သို့ အရှေ့မြောက်အရပ်မှ ချဉ်းကပ်လာနေခြင်း ဖြစ်သည်။ ချဲလင်ဂျာသင်္ဘောပေါ်သို့ မည်သည့် လေယာဉ်ပျံမှ မဖြတ်သန်းရဟု ဆိုထားသောကြောင့် ပစိဖိတ်သမုဒ္ဒရာဘက်ဆီမှ လာနေကျ လေယာဉ်ပျံများကို လမ်းလွှဲပေးထားခြင်း ဖြစ်သည်။



မက်ဂိုဝမ်တစ်ယောက် အကြီးအကျယ် ဒေါသဖောင်းနေသည်။ လွန်ခဲ့သည့် နာရီဝက်က သူ့ထံသို့ အတွင်းရေးမှူးတစ်ယောက်ထံမှ ရေဒီယိုသတင်းတစ်ခု ရောက်ရှိလာခဲ့သည်။ ထိုသတင်းကို ပိုလ်မှူးကတ်ဆဒီက သူ့အတွင်းရေးမှူးအား အသိပေးခဲ့သဖြင့် သူ့အတွင်းရေးမှူးက သူ့ထံ ဆက်သတင်းပို့ခဲ့ခြင်း ဖြစ်သည်။ အမေရိကန်တွင် ဒီလို ကိစ္စမျိုးသည် သိပ်မဆန်းတော့ချေ။ အထက်တ ဆုံးဖြတ်လိုက်သည့် ကိစ္စတစ်ခုခုကို သဘောမတူညီနိုင်သော တပ်မတော်အရာရှိတစ်ယောက်သည် ထိုကိစ္စကို သူနှင့် စိတ်သဘောထားချင်း တိုက်ဆိုင်မှုရှိသော နိုင်ငံရေးသမား တစ်ယောက်ယောက်ထံ ချဉ်းကပ်ပြီး တင်ပြလေ့ရှိသည်။

မက်ဂိုဝမ်သည် အကြမ်းဖက်သမားတစ်စုက ရေနံတင်သင်္ဘောကို ပြန်ပေးဆွဲသည့် အကြောင်း လော့စ်အင်ဂျလိစ်တွင် လေယာဉ်ပျံ ပြောင်းစီးခဲ့ရစဉ်တ သိခဲ့ရပြီး ဖြစ်သည်။ ယခု သူ ဆန်ဖရန်စစ္စကိုသို့ မရောက်မီ ထိုသင်္ဘောကို ဗင်လယ်အော်ထဲသို့ ဝင်ခွင့်ပြုတော့မည် ဖြစ်ကြောင်း သူ သိလေပြီ။ ဒါကလည်း သိပ်တော့ မဆန်းလှပါ။ ပရက်တီ လုပ်လေ့လုပ်ထရှိသော ခပ်ညံ့ညံ့ ဆုံးဖြတ်ချက်မျိုးပင်တည်း။ သူက သူတော်စင်တစ်ယောက်လို အရက် မသောက်သော ပရက်တီကို လုံးဝကြည့်မရခဲ့ချေ။

လေယာဉ်ဘီးများသည် ကွန်ကရစ်လမ်းကို ဒုန်းခနဲ ဆောင့်မိကြသည်။ မက်ဂိုဝမ်သည် ခါးပတ်ကို ပြန်ဖြုတ်နိုင်ပြီ ဖြစ်ကြောင်း မီးစိမ်းပြ၍ အချက်မပေးမီ ခါးပတ်ကို ဖြုတ်ပစ်လိုက်သည်။ ဘေးနားတွင် ထိုင်နေသော လေယာဉ်မယ်တစ်ဦးက ဒီလို မလုပ်သင့်ကြောင်း ပြောရန် ဟန်ပြင်လိုက်သည်။ သို့သော် လေယာဉ်မယ် ပါးစပ် မဟနိုင်ခင် မက်ဂိုဝမ်က–

"လေယာဉ်ပျံကြီး ဆင်းနေတုန်း ထိုင်ရာက မထရဘူး၊ ပြီးတော့ ဒီလေယာဉ်ပျံပေါ်က ပထမဦးဆုံး ဆင်းရမယ့်လူဟာ ကျွန်မတို့ပဲလို့ ပြောမလို့ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဘုရင်ခံကြီး"

လေယာဉ်ပျံကြီး အရှိန်မသေသေးခင် မက်ဂိုဝမ်က ထရပ်လိုက်သည်။ သူသည် အရပ်ပုပု၊ ကိုယ်လုံးကိုယ်ပေါက် ဝဝဖိုင့်ဖိုင့်၊ ခေါင်းကြီးကြီး၊ မျက်နှာ မွဲထူထူ၊ ဆံပင်နက်နက်နှင့် ပါးစပ် ကျယ်သည်။ သူ့ကိုယ်လုံးကိုယ်ပေါက်က သိကက်နှင့် ခပ်ဆင်ဆင် တူသည်။ သူသည် လှေကားပေါ်မှ ပျာကယာ ပြေးဆင်းပြီး သတင်းထောက်များအကြားမှ အတင်း တိုးထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံကြီးပေါ်တွင်ကား မာရီယန်မက်ဂိုဝမ်က လေယာဉ်မယ်ကို တောင်းပန်စကား ပြောနေသည်။

"သူက ခု ဖြစ်နေတဲ့ ကိစ္စကို သိပ်စိတ်ပူနေရှာတာ"

သတင်းထောက်များသည် မက်ဂိုဝမ်၏ ရေးကြီးသုတ်ပျာနိုင်မှုကို စိတ်ဝင်စားသွားကြပြီး နောက်က လိုက်သွားကြပြန်သည်။ မက်ဂိုဝမ်သည် တီဒဗလျူအေ လေယာဉ်ရုံးခန်းထဲရှိ တယ်လီဖုန်းတစ်လုံးကို ကောက်ကိုင်သည်။ သူက ပထမဦးဆုံး ပရက်တီထံ ဆက်သည်။

"ကျုပ် အဲဒီသင်္ဘောကို ဆက်မလာဖို့ တားချင်တယ်။ အဲဒီသင်္ဘောမှာ အကြမ်းဖက်သမားတွေ ပါလာသမျှ ကာလပတ်လုံး ပင်လယ်အော်ထဲကို မဝင်စေရဘူး။ ကဲ ငြင်းမနေနဲ့ ပရက်တီ၊ ကျုပ့်က လိုအပ်တယ် ထင်ရင် အမျိုးသားကာကွယ်ရေးတပ်ကိုပါ ခေါ်ရလိမ့်မယ်၊ ဒါပဲ"

ထို့နောက် အမေရိကန် ကမ်းခြေစောင့်တပ်မှ ဗိုလ်ချုပ်ကြီး လက်ကဲ ထို့နောက် ဆိပ်ကမ်းရဲအဖွဲ့နှင့် နောက်ဆုံးတွင် ရဲမင်းကြီး ဘိုလန်ထံ ဆက်တိုက် တယ်လီဖုန်းဆက်သည်။ သူ့ကို မည်သူကမျှ ကိုယ့်ထင်မြင်ချက်ကို ပြန်မပြောကြချေ။ ပြန်ပြောဖို့ မည်သူကမျှလည်း မကြိုးစားကြချေ။ သို့သော် မက်ဂိုဝမ်က သူ ဘာလုပ်နေသည် ဆိုတာကိုတော့ ဘိုလန်အား ရှင်းပြလိုက်သည်။ ထို့နောက် သူနှင့် ပြောဆိုပြီးသည်နှင့် တစ်ပြိုင်နက် မြို့တော်ဝန် ပရက်တီထံ ထပ်ဖုန်းဆက်ဖို့ မှာသည်။ ဒါကတော့ မြို့တော်ဝန်ကို ဘိုလန်မှတစ်ဆင့် ထပ်အကျပ်ကိုင်လိုက်ခြင်းပင် ဖြစ်သည်။

"ဒီကိစ္စကို ကျုပ်ကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် မကိုင်နိုင်သေးခင် ခဏလောက် အချိန်ဆွဲချင်တယ်။ ဒါကြောင့် အဲဒီသင်္ဘောဟာ အခုရှိတဲ့ နေရာမှာပဲ ရှိနေစေရမယ်၊ အခု ကျုပ်က ပရက်တီကို ရေလက်ကြားထဲမှာ သင်္ဘောတိုက်မှု ဖြစ်နေလို့ မရှင်းလင်းရသေးခင် ဘယ်သင်္ဘောမှ ဝင်လို့ မရသေးဘူးလို့ ပြန်ပြောဖို့ ပြောထားတယ်။ ဒါကို ယုံချင်မှ ယုံမယ်၊ ဒါပေမဲ့ မယုံဘူးလို့ တစ်ထစ်ချ ပြန်ပြောရဲမှာလည်း မဟုတ်ဘူး။ ဒါဆိုရင် သူတို့လည်း အူကြောင်ကြောင် ဖြစ်ပြီး အောက်ခြေ ယိုင်သွားလိမ့်မယ်၊ ပထမတုန်းက ဝင်ခွင့်ပေးတယ် နောက်တော့ ခဏနေပါဦး ဆိုပြီး ဆိုင်းထားတယ်၊ ကဲ. . . စလုပ်ပေတော့ ကျုပ် အခု ပြန်လာခဲ့မယ်"

မက်ဂိုဝမ်သည် ထုံးစံအတိုင်း ဒေါပွနေသော်လည်း အခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်တတ်သူ ဖြစ်သည်။ အချိန်ဆွဲထားဖို့ လုပ်နိုင်သည့်အပြင်



တစ်ချိန်တည်းမှာပင် တစ်ဖက်သားကို အခြေအနေ ပျက်သွားအောင် လုပ်နိုင်သေးသည်။

လမ်းတွင် မက်ဂိုဝမ်က သူ့ဇနီးကို ပြောပြနေသည်။

"ပရက်တီက 'ကဲ လာဗျာ၊ လက်ဖက်ရည်သောက်ရင်း အကျေအလည် ဆွေးနွေးရအောင်' ဆိုတဲ့ အပေါက်မျိုး သိပ်ချိုးတတ်တယ်၊ ဒါပေမဲ့ ငါကတော့ ခုကိစ္စမှာ အကြမ်းဖက်သမားတွေကို တစ်ယောက် မကျန် သတ်ပစ်မှ ဖြစ်မယ်လို့ စိတ်ထဲမှာ အလိုလို တွေးမိလာတယ်"

ထိုနေ့က မက်ဂိုဝမ်နှင့် လေယာဉ်ပျံတစ်စင်းတည်း စီးနင်းလိုက်ပါလာသော အာမက်ရီးယဒ်သည် စိန့်ဖရန်စစ်ဟိုတယ်၌ မစ္စတာဆီးဘွန်း အမည်နှင့် သွားရောက်တည်းခိုသည်။ သူ ဒီမြို့တွင် တစ်ညသာ နေမည် ဖြစ်သည်။ မနက်ကျလျှင် ဝင်းတားအား သူတို့၏ ပထမအစီအစဉ်ကို ပြောင်းလဲလိုက်ပြီ ဖြစ်သဖြင့် ပထမဦးဆုံး လေယာဉ်ပျံနှင့် ဥရောပတိုက်သို့ ပြန်ရန် အသိပေး ပြောကြားပေလိမ့်မည်။

❑

ချဲလင်ဂျာပေါ်တွင်လည်း လီကက်သည် ဖောင် နှစ်ဖောင်ကို မီးရှို့ပြလိုက်သောကြောင့် ပင်လယ်အော်ထဲသို့ ဝင်ခွင့်ပြုသည် ဆိုသော ညွှန်ကြားချက်ကို မလွဲမသွေ ရရမည်ဟု စိတ်ချယုံကြည်ထားသည်။ ထိုခွင့်ပြုချက်သည် ဖောင် နှစ်ဖောင်ကို သင်္ဘောပေါ်သို့ ပြန်ဆွဲတင်ပြီး သိပ်မကြာမီ သင်္ဘောဆီသို့ ရောက်ရှိလာသည်။ ထို့ကြောင့် မာလိန်မှူးက ရေလက်ကြားထဲသို့ မောင်းဝင်ရန် စီစဉ်သည်။ ညသန်းခေါင်ကျော်သောအခါ ရေလက်ကြားထဲသို့ ဝင်ခွင့်မပြု ဆိုသော ညွှန်ကြားချက်တစ်ခု ထပ်ရောက်လာသည်။ ထိုညွှန်ကြားချက်သည် လီကက်၏ အရှိုက်ကို အထိုးခံလိုက်ရသလို ဖြစ်သွားသည်။ မက်ကေးက ထိုသံကြိုးစာကို ဖတ်နေစဉ် လီကက်၏ မျက်နှာမှာ ဒေါသကြောင့် နီရဲနေသည်။ လီကက်က အမိန့်ပေးပြန်သည်။

"ခင်ဗျား ခုချက်ချင်း ဒီသင်္ဘော ပင်လယ်အော်ထဲ ရောက်အောင် မောင်းရမယ်"

မက်ကေးက သံကြိုးစာကို ပြန်ပေးရင်း ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖြစ်ပါ့မလဲ၊ ရွှေတံခါး ရေလက်ကြားကို ရှင်းမထားသရွေ့ ကျုပ်က မောင်းဝင်သွားလို့ မဖြစ်ဘူး၊ ခင်ဗျားကိုယ်တိုင်လည်း ဒီသံကြိုးစာကို ဖတ်ပြီးပြီ မဟုတ်လား၊ ဟိုမှာ သင်္ဘောတိုက်မှု ဖြစ်နေတယ်တဲ့"

"အဲဒါကို ကျုပ် မယုံဘူး၊ ဒါ သက်သက်မဲ့ တစ်ပတ်ရိုက်တာ၊ ပထမ တုန်းကတော့ ဝင်ခဲ့တဲ့၊ နောက်တော့ နေဦးတဲ့၊ လီကက်ကို ဒီလိုလုပ်လို့ ဘယ်ရမလဲ"

မက်ကေးသည် သူ သောကဖြစ်နေသည်ကို မပေါ်လွင်အောင် ဖုံးဖိထားရင်း လီကက်ကို တစ်ချက် လှမ်းကြည့်မိသည်။ ဝင်းတားတစ်ယောက် သင်္ဘောပေါ်က ပြန်သွားပြီး နောက်ပိုင်းတွင် လီကက်သည် အကြီးအကျယ် ပြောင်းလဲနေသည်။ သူ့ကိုယ်သူ အမွှန်းတင်၍ ပြောတတ်လာသည်။ ဒါကတော့ ဝင်းတား မရှိတော့သည့်နောက် ဒီသင်္ဘောပေါ်တွင် သူ ဗိုလ်ပဲဟု သွယ်ဝိုက်သော နည်းနှင့် အသိပေးသည့် သဘောမျိုး ဖြစ်သည်။ မက်ကေးက လီကက် နားဝင်အောင် ထပ်ဖျောင်းဖျရပြန်သည်။

"ကျုပ် ပြောတာကို နားထောင်စမ်းပါဗျာ၊ ကမ်းပေါ်က ခွင့်ပြုချက် ပေးတာနဲ့တစ်ပြိုင်နက် ကျုပ် ဒီသင်္ဘောကြီး ရေလက်ကြား ရောက်အောင် ချက်ချင်း မောင်းဝင်သွားပါ့မယ်၊ ဒါပေမဲ့ ခွင့်ပြုချက်မရဘဲ ခုနေတုန်း မောင်းဝင်သွားရင် ရေလက်ကြားထဲမှာ ကန့်လန့်ကြီး ဖြစ်နေတဲ့ သင်္ဘောကြီးတစ်စင်းစင်းနဲ့ ဝင်တိုက်မိနိုင်တယ်ဗျ"

လီကက်သည် စကော်ပီယံ ပစ္စတိုကို မြှောက်လိုက်ပြီး ဘင်းနက်အနား ကပ်၍ ချိန်လိုက်သည်။

"ခင်ဗျား ခုချက်ချင်း မောင်းမထွက်ရင် သင်္ဘောသား ၃ ယောက်ကို ပစ်သတ်မယ်၊ ဒါပဲ"

"ခုလို နှင်းတွေကျနေတုန်း မောင်းသွားရင် သင်္ဘောချင်း ဝင်တိုက်မိနေမှာပေါ့၊ အဲဒီလို ဝင်တိုးမိရင် ဒီသင်္ဘောကြီးပါ နစ်သွားနိုင်တယ်၊ ချလင်ဂျာ နစ်သွားရင် ခင်ဗျား လူတွေရော၊ ကျုပ်လူတွေပါ သေကုန်ကြလိမ့်မယ်၊ ကဲဗျာ ... ဓားစာခံတွေအားလုံးကို ပစ်သတ်ချင် သတ်၊ ကျုပ်ကတော့ နှင်းသိပ်ကျနေတဲ့ ခုလိုအချိန်မျိုးမှာ မောင်းကို မမောင်းနိုင်ဘူး၊ ဒါပဲ"

မက်ကေးသည် လီကက်ကို ကျောပေးရင်း ပဲ့စင် ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းငေးနေသည်။ သူ့ကျောကို သေနတ်ကျည်ဆန် လာမှန်လေမလားဟု ဒုတိယအကြိမ် ယားကျိကျိ ဖြစ်လာသည်။ သူ နောက်ဘက်တွင်



ရှိနေသူ လီကက်သည် မကျေမနပ်နှင့် မျက်တောင် တဖျပ်ဖျပ် ခတ်လိုက်သည်။ သင်္ဘောချင်း တိုက်မိခဲ့ရင် သူတို့၏ အစီအစဉ်ကြီးတစ်ခုလုံး ပျက်ပြားသွားနိုင်သည်။ လီကက်သည် ပဲ့စင်ပေါ်မှ သူ့အခန်းသို့ ပြန်သွားသည်။ သူ့ဒေါသ ပြေငြိမ်းသွားအောင် ဘရန်ဒီ ထပ်သောက်ပြန်သည်။

❑

လီကက်သည် ပွင့်သွားသော ဘက်တီကော်ဒဲလ်၏ အခန်းတံခါးဝ၌ မတ်တတ်ရပ်နေသည်။ သူက တိတ်တဆိတ် ဖွင့်လိုက်ခြင်း ဖြစ်သည်။ ဘက်တီကော်ဒဲလ်သည် ပင်ပန်းနွမ်းနယ်လှသဖြင့် အိပ်စင်ပေါ်၌ ပိုးလိုးပက်လက် လှဲချရင်း အိပ်ပျော်သလိုလို ဖြစ်နေသည်။ ဘက်တီက သူ့ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ခြေထောက် နှစ်ချောင်းကို အိပ်စင်ပေါ်မှ ကြမ်းပြင်ပေါ်သို့ ကပျာကယာ ပြန်ချလိုက်သည်။

"ရှင်က ဘာကိစ္စ လာတာလဲ"

လီကက်သည် တံခါးကို ပြန်ပိတ်ပြီး သော့ခတ်လိုက်သည်။ ထို့နောက် အိပ်စင်ဆီသို့ ကပျာကယာ လျှောက်လာပြီး ဘက်တီကို အပေါ်က ငုံ့ကြည့်လိုက်၏။ ဘက်တီက မတ်တတ်ရပ်ရန် ကြိုးစားသော်လည်း လီကက်က ဘက်တီ၏ ရင်ဘတ်ကို လက်ဝါးနှင့် ခပ်ကြမ်းကြမ်း ပြန်တွန်းပစ်လိုက်သဖြင့် အိပ်စင်ပေါ်သို့ နောက်ပြန် လဲကျသွားပြီး နံရံကို နောက်စေ့နှင့် ဆောင့်မိသောကြောင့် ခေါင်းမူး သွားသည်။

"ရှင် ဒီလာတာကို ဝင်းတားသာ သိသွားရင်..."

ဘက်တီသည် ဝင်းတားတစ်ယောက် ဒီသင်္ဘောပေါ်၌ မရှိတော့ကြောင်း ချက်ချင်း ပြန်သတိရသွားသည်။ ဘက်တီသည် သူ့ကိုယ်သူ စိတ်ငြိမ်သွားအောင် ကြိုးစားလိုက်သော်လည်း ခေါင်းမူးနေသဖြင့် စိတ်ကို တည်ငြိမ်အောင် ထိန်း မရချေ။ တစ်ဖန် သူ့ကိုယ်ပေါ်သို့ ကိုင်းကျလာသော ကိုယ်ခန္ဓာကြီးကိုပင် သဲသဲကွဲကွဲ ကြည့်၍မရအောင် ခေါင်းမူးနေသည်။

လီကက်က ပြောလိုက်၏။

"ဝင်းတား ဒီမှာ မရှိဘူး"

"မြတ်စွာဘုရား"

"မင်း အော်ရင် ဓားနဲ့ ထိုးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ခါးမြှောင်ထိပ်ဖျားသည် သူ့ပါးပြင်နှင့် လာထိသည်။ သူ့အတွက် အန္တရာယ်ဆိုးကြီး ကျရောက်လာလေပြီ၊ ခပ်ဝါးဝါးသာ မြင်ရသော ကိုယ်လုံးကြီးသည် သူ့ဆီသို့ တဖြည်းဖြည်း နီးကပ်လာသည်။ ထို့နောက် ရှေ့သို့ ကိုင်းကျလာပြီး သူ့လက်ဝါးကြီးနှင့် ဘလောက်အကျီ ရှေ့ပိုင်းကို ဆွဲဖြဲချလိုက်၏။ ဘက်တီက သူ့မျက်လုံးကို လက်သည်းနှင့် လှမ်းကုတ်လိုက်ပြီး သူ့ခါးမြှောင်ထိပ်ဖျားက ဘက်တီ့ ပါးပြင်ကို ခပ်ဖိဖိ လာထောက်ပြန်သည်။ လီကက်က ခပ်တိုးတိုး ပြောလိုက်၏။

''မင်း တစ်သက်လုံး ရုပ်ပျက်ဆင်းပျက် ဖြစ်သွားမယ်နော်''

ထို့ကြောင့် ဘက်တီက သူ့ကိုယ်ကို ပြန်ယို့ပေးလိုက်ရသည်။ ဤတွင် သူ့ကိုယ်လုံးကြီးက ဘက်တီ ကိုယ်ပေါ်သို့ မိုးကျလာပြန်သည်။

ဘက်တီက ပစ္စက္ခ တွေ့ကြုံနေရသော အခြေအနေတွင် စိတ်မရောက်အောင် အာရုံပြောင်းပစ်ရန် ကြိုးစားနေသည်။ သူ ငယ်စဉ်ဘဝက အဖြစ်အပျက်များကို ပြန်စဉ်းစားနေသည်။ တကယ်တော့ ဒါဟာ ထမင်းလုံးတစ္ဆေခြောက်နေတာပါဟု သူ့ကိုယ်သူ ပြန်နှစ်သိမ့်နေသည်။ သို့သော် တကယ်ကတော့ လက်ရှိအတွေ့အကြုံကို သူ့အာရုံထဲမှ ထုတ်ပစ်၍မရချေ။ သူ အခု ဘယ်ရောက်နေသည်၊ ဘာဖြစ်နေသည် ဆိုတာကို ကောင်းကောင်းကြီး သိနေသည်။ ဟိုသေနတ်ကလည်း သူနှင့် အလှမ်းဝေးလှသည်။ သိပ်ကို ဝေးလွန်းလှသည်။ လီကက်၏ အသံကို ပြန်ကြားယောင်လာပြန်၏။ 'မင်း အော်ရင် ခါးနဲ့ ထိုးလိုက်မယ်' တစ်နေ့သောအခါကျရင် ဒီကိစ္စ ဘယ်တုန်းကမှ မဖြစ်ခဲ့သလို သူ ကြိုးစားပြီး မေ့ပစ်ရမည်။ တကယ်ကတော့ ဒါဟာ အိပ်မက်ဆိုးကြီး တစ်ခုပါ။ ဘက်တီသည် တောင်စဉ်ရေမရ ဆက်တိုက် တွေးနေမိသည်။

လီကက်သည် အိပ်စင်ပေါ်က ပြန်ဆင်းလိုက်သည်။ ဘက်တီက မျက်စိကို စုံမှိတ်ရင်း အသက်ရှူမှန်အောင် ကြိုးစားနေသည်။ ဘက်တီသည် မျက်စိကို စုံမှိတ်ထားရင်းကပင် စောင်တစ်ထည်နှင့် အိပ်ရာခင်းတစ်ထည်ကို ဆွဲ၍ သူ့ကိုယ်ပေါ်သို့ တင်ထားလိုက်၏။ လီကက်ကတော့ အခန်းထဲတွင် ဟိုလျှောက် ဒီလျှောက် လုပ်နေသည်။ ရေကရားမှ ချွမ်းခနဲ မြည်သံကို ကြားနေရသည်။ ဘက်တီက မျက်စိကို တင်းတင်းကျပ်ကျပ်ကြီး မှိတ်ထားလိုက်သည်။

သူ့ဘေးနား တစ်နေရာတွင် ရှိနေသော လီကက်က ခပ်တိုးတိုး ပြောလိုက်သည်။



''မင်း မက်ကေးကို သွားတိုင်ရင် ငါက ဖိုလီကို ပစ်သတ်မယ်၊ အဲ... ပစ်တဲ့အခါကျရင်လည်း သူ ဝေဒနာ ခံစားရပြီးမှ သေအောင် ချက်အောက်ပိုင်းကို ပစ်မယ်၊ အေး... မင်းကသာ မက်ကေးကို ပြောမယ် ဆိုရင်...''

ခါးမြှောင်ဦးချွန်က ဘက်တီ ပါးကို လာထောက်ပြန်သည်။

''ဟဲ့ ခွေးမ... ငါ့ကို ပြန်ပြောစမ်း၊ မင်း ငါ ပြောတာကို ကြားတယ် မဟုတ်လား''

ဘက်တီက တံတွေးကို မျိုချရင်း ပြန်ဖြေသည်။ မျက်စိကိုတော့ ပြန်မဖွင့်ချေ။

''သွားပါတော့ရှင်၊ ရှင် ပြောတာ ကျွန်မ ကြားပါတယ်၊ ရှင် သွားပါတော့''

အခန်းတံခါး ပြန်ပွင့်သွားသည်။ သော့ဖွင့်လိုက်သံကိုပင် ဘက်တီ မကြားလိုက်ချေ။ ဘက်တီသည် သူ ရှိနေဦးမည်ကို ကြောက်နေသေးသောကြောင့် မျက်စိကို အနည်းငယ် ဖွင့်ကြည့်လိုက်၏။ အခန်းထဲတွင် မည်သူမျှ မရှိတော့ချေ။ ဘက်တီ့ နားထဲတွင် သဘော်ကြီး၏ နံရံအား ပင်လယ်ရေပြင်က တဖျပ်ဖျပ် လာရိုက်ခတ်နေသံကို ခပ်သဲ့သဲ့ ကြားနေရသည်။

သူ ရေမချိုးခင် အိပ်ရာထဲ၌ အကြာကြီး လှဲနေမိသည်။ ထို့နောက်မှ ရေချိုးခန်းထဲသို့ သွားပြီး ရေအေးပိုက်ကို ဖွင့်၍ ပိုက်ခေါင်းအောက်သို့ ဝင်ရပ်လိုက်၏။ ထို့နောက် ရေရွှဲရွှဲစိုနေသော အဝတ်အစားများကို ကိုယ်မေါ်မှ တစ်ထည်ပြီး တစ်ထည် ချွတ်ချလိုက်သည်။ ထိုအဝတ်စိုများကို အထုပ်တစ်ထုပ် ဖြစ်အောင် စုစည်း၍ ထုပ်လိုက်ပြီး ပြတင်းပေါက်မှ အပြင်ဘက်သို့ လွှင့်ပစ်လိုက်၏။ ထို့နောက် သူ့တစ်ကိုယ်လုံး တခိုက်ခိုက် တုန်လာသည်အထိ ရေအေးပိုက်ခေါင်းအောက်တွင် ဝင်ရပ်နေလိုက်ပြန်သည်။ ဘက်တီက သူ့ကိုယ်ကို ရေခြောက်သွားအောင် ပြန်သုတ်လိုက်ပြီးနောက် အဝတ်အစားသစ်များကို ရွေးချယ်၍ ဝတ်ဆင်လိုက်သည်။ အောက်ခံအကျီ အသစ်၊ ဘောင်းဘီရှည် တစ်ထည်၊ ဆွယ်တာအကျီ နှစ်ထည်။

သူ ရေချိုးနေစဉ် ဒီကိစ္စကို မက်ကေးအား တိုင်မပြောတော့၊ မည်သူ့ကိုမျှလည်း ပြောမပြတော့ဟု ဆုံးဖြတ်လိုက်၏။ ဒါကတော့ မစွတာဗိုင်း သော သွားမှာကို စိုးရိမ်၍ မဟုတ်ချေ။ ဘက်တီသည် တံခါးဆီသို့ သွားပြီး [illegible] လှည့်ကြည့်လိုက်၏။ သော့ခတ်ထားသည်။ ဘက်တီက တံခါးကို နားနှင့်ကပ်၍ နားစွင့်ထောင်လိုက်၏။ အပြင်ဘက်တွင် တလှုပ်လှုပ် တရှူရှူ ဖြစ်နေသော

www.burmeseclassic.com

www.burmeseclassic.com



အစောင့်လူဆိုး၏ အသံကိုပင် မကြားရချေ။ ဘက်တီသည် သေတ္တာကို ဖွင့်၍ အဝတ်အစားများ အောက်မှ ရိုင်ဖယ်သေနတ်ကို ဆွဲထုတ်လိုက်၏။

ဘက်တီသည် သေနတ်ကို မတပ်ဆင်သေးဘဲ ထိုသေနတ်ထုပ်ကို လက်ထဲတွင် အကြာကြီး ကိုင်ထားသည်။ အတိတ်ကာလဆိုတာ ဘက်တီအဖို့ ဘာမှ အဓိပ္ပာယ် မရှိတော့၊ ဤကမ္ဘာကျဉ်းကျဉ်းကလေးထဲတွင် သေနတ်သည်သာ ဘက်တီအတွက် မိတ်ဆွေကောင်း ဖြစ်နေသည်။ သူသည် လူဆိုးတစ်စုနှင့် သင်္ဘောပေါ်၌ ချောင်ပိတ်နေလေပြီ။ ဘက်တီသည် ယခုအချိန်တွင် အထိတ်တလန့်နှင့် တုန်လှုပ်ချောက်ချားခြင်း အလျှင်း မရှိတော့၊ ဘက်တီ၏ စိတ်သည် အလွန်အေးချမ်းတည်ငြိမ်နေလေပြီ။ ဘက်တီက ဆုံးဖြတ်ချက် ချလိုက်၏။

ဤလောက၌ မည်မျှပင် လိမ္မာပါးနပ်သူ၊ အမြော်အမြင်ကြီးသူ ဖြစ်ပါစေ၊ ဘယ်ကိစ္စကိုမဆို စနစ်တကျ အကွက်ချ၍ စီစဉ်တတ်သူ ဖြစ်ပါစေ၊ အနာဂတ်ကာလ၌ မည်သို့မည်ပုံ ဖြစ်လာမည်ကို မည်သူမျှ ကြိုမသိနိုင်ချေ။ လီကက်သည်လည်း တစ်ချိန်ချိန်တွင် သတိ ချို့ယွင်းမှု ဖြစ်လာရပေမည်။ ဘက်တီသည် မိန်းကလေးတို့၏ လိမ္မာပါးနပ်မှုကို အစွမ်းကုန် အသုံးချပြီး မာယာပရိယာယ် အသွယ်သွယ်နှင့် လှည့်ဖြားရင်း ထိုအချိန်ကလေးကို သည်းခံ၍ စောင့်ရမည်။ သူ့ကို အမှတ်မထားမိအောင်၊ ဂရုမစိုက်မိတော့အောင် လုပ်ရမည်။ သူက ထိုအချိန်ပိုင်းလေးကို သည်းခံ၍ စောင့်ပြီး ဒီလူယုတ်မာများကို သူ သတ်နိုင်သလောက် အကုန်သတ်ပစ်မည်။

❑

ဇန်နဝါရီလ ၂၂ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီတွင် ဝင်းတားသည် နံနက်စာနှင့်အတူ လာပို့သွားသော ဆန်ဖရန်စစ္စကို ခရော်နီကယ် သတင်းစာကို ကောက်ကိုင်ပြီး စ,ဖတ်သည်။ ခေါင်းကြီးပိုင်း မျက်နှာဖုံးသတင်း ဖြစ်နေသည်။

"အကြမ်းဖက်သမားများက ဗြိတိသျှပိုင် ရေနံတင်သင်္ဘောကြီးကို ဆန်ဖရန်စစ္စကိုကမ်းခြေ အသွန်ပွင် ပြန်ပေးဆွဲလိုက်ကြခြင်း"

ထိုခေါင်းစီး၏ အောက်ပိုင်းတွင် အသေးစိတ် ဖော်ပြထားသော သတင်းမှာ အထူးတလည် ချဲ့ကားထားပြီး မှန်ကန်မှု မရှိလှချေ။ ဒါကလည်း အထူးတလည် အံ့ဩစရာတော့ မဟုတ်။ ဝင်းတားက ဘုရင်ခံ အဲလက်မက်ကိုဝ်သည် ညသန်းခေါင်ယံတွင် ဆန်ဖရန်စစ္စကိုသို့ ပြန်ရောက်လာပြီး မြို့တော်ဝန်က



ရေနံတင်သင်္ဘောကြီးအား ပင်လယ်အော်ထဲသို့ ဝင်ခွင့်ပြုထားသည့် အမိန့်ကို ပြန်ဖျက်လိုက်သည် ဆိုသည့် သတင်းကို စိတ်ဝင်စားစွာ ဖတ်ရှုနေသည်။ သင်္ဘောကြီး ပင်လယ်အော်ထဲသို့ မရောက်သေးသည့် ကိစ္စကို ဝင်းတားက နည်းနည်းကလေးမျှ စိတ်မပူမိချေ။ ဒီလို အနှောင့်အယှက် အဟန့်အတားတွေ ဖြစ်လာနိုင်သည် ဆိုတာကို သူ ကြိုတွက်ထားပြီး ဖြစ်သည်။ သူ မကြာခင် လီကက်ထံ ရေဒီယိုနှင့် ဆက်သွယ်ပြီး ညွှန်ကြားချက်အသစ်များ ထပ်ပေးရလိမ့်မည်။

လွန်ခဲ့သည့် နာရီဝက်က စိန့်ဖရန်စစ်ဟိုတယ်တွင် တည်းခိုနေသူ မစ္စတာဆီးဘွန်း ဆိုသူက သူ့ထံ တယ်လီဖုန်း ဆက်ခဲ့သေးသည်။ သူကလည်း ထိုသို့ ဆက်သွယ်လာလိမ့်မည်ဟု ကြိုတင်မျှော်လင့်ထားခဲ့ပြီးလည်း ဖြစ်သည်။ လွန်ခဲ့သည့် နှစ်လက ဒီနေ့၊ ဒီအချိန်တွင် အာမက်ရီးယဒ်သည် သင်္ဘော ပြန်ပေးဆွဲသည့် လုပ်ငန်း၏ တိုးတက်မှု အခြေအနေကို မျက်မြင်ကိုယ်တွေ့ လေ့လာရန် ဆန်ဖရန်စစ္စကိုသို့ လိုက်လာပြီး ဘီရွတ်သို့ ပြန်သွားမည်ဟု ကြိုတင် ညှိနှိုင်းသဘောတူညီထားခဲ့ပြီး ဖြစ်သည်။ သို့သော် အာမက်ရီးယဒ်သည် ချက်ချင်း မပြန်ဘဲ ဆန်ဖရန်စစ္စကိုတွင် အချိန်ဆွဲ၍ တရစ်ဝဲဝဲ လုပ်နေမည့် ကိစ္စကိုမူ ဝင်းတားက မလိုလားချေ။ အဲဒီလို ဖြစ်လာရင် မစ္စတာဆီးဘွန်းကို ချက်ချင်း ပြန်သွားဖို့ တိုက်တွန်းရလိမ့်မည်။ ဝင်းတားသည် ကော်ဖီတစ်ခွက်ကို သောက်ရင်း သတင်းစာ၏ အတွင်းဘက် စာမျက်နှာများကို လှန်ဖတ်လိုက်သည်။

ကော်ဖီ ပန်းကန် သူ့ပါးစပ်ဆီ မရောက်ခင် လမ်းခုလတ်၌ တန့်လန်းကြီး ဖြစ်သွားစေသည့် သတင်းအပိုဒ်တိုကလေးမှာ အတွင်းစာမျက်နှာ၏ အောက်နားတွင် ရှိနေသည်။ မှန်ထဲကတစ်ဆင့် မြင်လိုက်ရသည့် သူ့ရုပ်သွင်မှာ မေးကြောကြီးများ ထောင်နေပြီး ကျောက်သားပကတိကို ထုလုပ်ထားသည့် ကျောက်ရုပ်ပုံစံမျိုး ဖြစ်နေသည်။ သူသည် ငြိမ်ငြိမ်ကလေး ထိုင်ရင်း ထိုသတင်းတိုကလေးကို ထပ်တလဲလဲ ပြန်ဖတ်နေသည်။ လက်ထဲတွင် ကိုင်ထားသော ကော်ဖီပန်းကန်ကိုမူ မသောက်တော့ဘဲ စားပွဲပေါ် ပြန်ချလိုက်သည်။

သူသည် ထိုနေရာတွင် အကြာကြီး ထိုင်နေရင်း ဟင်းလင်းပြင်သို့ ငေးကြည့်နေသည်။ ထို့နောက် ထိုင်ရာမှ ထ၍ ပြတင်းပေါက်မှ အောက်ဘက်သို့ ငုံ့ကြည့်လိုက်၏။ ပြတင်းပေါက်တိုင်းတွင် မှန်တံခါးကို လက်မ အနည်းငယ်သာ ဖွင့်၍ရသော လုံခြုံရေးကိရိယာများ တပ်ဆင်ထားသည်။ သို့သော် ပြတင်း

www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ကျယ်ကျယ်ဖွင့်ရမှ ကျေနပ်တတ်သော ဝင်းတားသည် ထိုလုံခြုံရေး ကိရိယာကို အသုံးမဝင်တော့အောင် လုပ်ပစ်နိုင်သည့် ကိရိယာတစ်မျိုးကို သွားလေရာတွင် ယူသွားတတ်သည်။ ထို့ကြောင့် ထိုပြတင်းပေါက်မှ မှန်တံခါးသည် ယခုအချိန်တွင် ဟင်းလင်းကြီး ပွင့်၍ နေလေပြီ။ ဝင်းတားသည် ဆန်ဖရန်စစ္စကိုမြို့ ရှုခင်းကို အတန်ကြာအောင် ငုံ့ကြည့်နေပြီးနောက် ကုလားထိုင်ဆီသို့ ပြန်သွားပြီး သတင်းစာကို နောက်တစ်ခေါက် ပြန်ဖတ်ပြန်သည်။

*''အင်ကားရှေ့၌၊ အလပ်စကာ။ ။ ဗြိတိသျှလူမျိုး ကြေးနန်းစက်ရိုက်သမား ချာလီဆွမ်းနှင့် ဇနီး ဂျူလီတို့၏ အလောင်းများကို မြို့ပြင်ဘက်ရှိ ချောင်ကျသော နေရာ တစ်နေရာမှ လယ်တဲတစ်ခုအတွင်းတွင် ယနေ့ ရှာဖွေတွေ့ရှိရသည်။ လည်ပင်းများကို ဓားနှင့် လှီး၍ အသတ်ခံထားရသည့် အလောင်းများကို ရဲအဖွဲ့က ရှာဖွေတွေ့ရှိခဲ့ရခြင်း ဖြစ်သည်။''*

ဝင်းတားလည်း စီးကရက်တစ်လိပ်ကို မီးညှိသောက်ရင်း လက်ပတ်နာရီကို ပြန်ကြည့်နေပြန်သည်။ မစ္စတာဆီးဘွန်းဟု အမည်ခံထားသော အာမက်ရီးယဒ်သည် မကြာခင် ရောက်ရှိလာပေတော့မည်။ ဝင်းတားသည် ဆေးလိပ်သောက်ရင်း ၁၅ မိနစ်ခန့် ကြာအောင် ထိုင်စောင့်နေသည်။ သူ့ရင်ထဲက ဗလောင်ဆူအောင် ဒေါသူပုန်ထနေသော်လည်း အေးစက်မာကျောနေသော မျက်လုံးအစုံမှအပ သူ့ဒေါသကို အကဲခတ်နိုင်မည် မဟုတ်ချေ။ ထိုအချိန်တွင် တယ်လီဖုန်းက မြည်လာသည်။ အောက်ဘက် ဧည့်ခန်းထဲတွင် မစ္စတာဆီးဘွန်းဆိုသူ ရောက်နေကြောင်း သတင်းပို့ခြင်း ဖြစ်သည်။ သူက မစ္စတာဆီးဘွန်းအား အပေါ်သို့ လွှတ်လိုက်ရန် ပြန်ပြောလိုက်သည်။

❑

ဝင်းတားက အာမက်ရီးယဒ် အခန်းထဲသို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် အခန်းတံခါးကို သော့ပြန်ခတ်သည်။ အလွန်စေ့စပ်သေချာသော အာမက်ရီးယဒ်သည် ရေချိုးခန်းထဲသို့ ဝင်ပြီး တံခါးနောက်တွင် လူရှိ မရှိ စစ်ဆေးပြီးမှ ဧည့်ခန်းထဲ ပြန်ဝင်လာသည်။ ထို့နောက် ပြတင်းပေါက် ရှိရာသို့ သွားပြီး အောက်ဘက်သို့ ငုံ့ကြည့်လိုက်၏။ အမြင့်ကို ကြောက်တတ်သော ရီးယဒ်သည် ၁၀ ထပ်အမြင့်မှ အောက်သို့ ငုံ့ကြည့်ပြီး သူတစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွားသည်။ ထို့ကြောင့် ချက်ချင်း ပြန်လှည့်လာခဲ့၏။



''အမေရိကန်က အဆောက်အအုံကြီးတွေဟာ သိပ်ကို မြင့်တာပဲဗျာ''

ဝင်းတားက အာမက်ရီးယဒ်ကို စေ့စေ့ ကြည့်ရင်း ပြန်မေးလိုက်သည်။

''ခင်ဗျား နေမှကောင်းရဲ့လား''

ရီးယဒ်က သည်နေရာတွင် သူကသာ ပိုင်ဆိုသော ဟန်ပန်လေသံနှင့် ခပ်မာမာ ပြောလိုက်သည်။

''ကဲ . . ကဲ . . အချိန်ဖြုန်းလို့ မဖြစ်ဘူး။ သဘော်ပေါ်မှာ အစစအရာရာ အဆင်ပြေရဲ့လား၊ လီကက်ကကော ညွှန်ကြားထားတဲ့အတိုင်း လိုက်နာရဲ့လား။ ကျုပ်ကတော့ အခုအချိန်လောက်ဆိုရင် သင်္ဘောကြီး ပင်လယ်အော်ထဲ ရောက်သင့်ပြီလို့ ထင်နေတာ''

ဝင်းတား ရှေ့သို့ ရောက်ရှိလာသောအခါတိုင်း နေမထိထိုင်မသာ ဖြစ်တတ်လေ့ရှိသော အာမက်ရီးယဒ်သည် ပြောင်လက်နေအောင် တိုက်ထားသော ဦးချွန်ဖိနပ်ကို စီးလာသည်။ ထိုဖိနပ်သည် နင်းလိုက်တိုင်း တကျွိကျွိ မြည်နေသည်။

ဝင်းတားက ခပ်ဖြည်းဖြည်း ဖြေလိုက်၏။

''ခင်ဗျားတို့ စီစဉ်ခဲ့တဲ့အတိုင်း အစစအရာရာ အဆင်ပြေလျက်ပါပဲ''

အာမက်ရီးယဒ်က သူ့လက်နှစ်ဖက်ကို မိုးကာအင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်သည်။ သူ့ကို အကဲခတ်နေသည်မှာ ထိုလက်နှစ်ဖက်ကို ဘယ်မှာ ထားရမည်မှန်း မသိသလို ဖြစ်နေသည်။

''ဒီမှာ ဝင်းတား၊ တို့ အစီအစဉ်ကို နည်းနည်းပြောင်းလိုက်တယ်၊ မင်း ဆန်ဖရန်စစ္စကိုမှာ ဆက်နေဖို့ မလိုတော့ဘူး၊ မင်း ဒီက ပထမဦးဆုံး ထွက်တဲ့ လေယာဉ်ပျံနဲ့ လော့စ်အင်ဂျလိစ်ကို လိုက်၊ ဟိုကမှ ပဲရစ်ကို လေယာဉ်ပျံဆက်စီး''

''အဲဒီလောက်တောင် လွယ်သလားဗျ''

ဝင်းတားသည် ကုလားထိုင်ပေါ် ပြန်ထိုင်ချလိုက်ပြီး ခြေထောက်နှစ်ချောင်းကို ဘေးသို့ ကား၍ ဆန့်ထုတ်ထားသည်။ စီးကရက်တစ်လိပ်က သူ့ပါးစပ်တွင် တွဲလောင်းခိုနေ၏။ သူက ထပ်မေးသည်။

''ဘာပြုလို့လဲ''

''မင်းက ငါ့ကို ပြန်မေးစရာ မလိုဘူး''

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က လုပ်ချင်စိတ် ပေါ်လာရင် ခင်ဗျားပါးစပ်ထဲက ပြောင်ပြောင်လက်လက် သွားကလေးတွေ ကျိုးပြီး လည်ချောင်းထဲ ရောက်ကုန်အောင် လုပ်မိလိမ့်မယ်၊ အခုလည်း ကျုပ်က အဲဒီလို လုပ်ချင်စိတ် ပေါ်နေတယ်"

ဝင်းတားက ထိုစကားကို ဖြည်းဖြည်းဆေးဆေး ညင်ညင်သာသာ ပြောလိုက်ခြင်း ဖြစ်သဖြင့် ဝင်းတား ပြောသည့် စကားကို အာမက်ရီးယဒ်က ကောင်းကောင်း နားမလည်လိုက်ချေ။ သူက ရှေ့တိုးလာသဖြင့် ဝင်းတားက သူ့ခြေထောက်ကို မြှောက်လိုက်သည်။ သူ့လှုပ်ရှားမှုမှာ မြန်ဆန်လွန်းသဖြင့် အာမက်ရီးယဒ်သည် ရှောင်ရန် အချိန်မရလိုက်ချေ။ ဝင်းတား၏ ညာဘက်ဖနောင့်ခွာက အာမက်ရီးယဒ် ပြောင်ပြောင်လက်လက် ဖိနပ်ဦးပေါ်သို့ အရှိန်ပြင်းစွာနှင့် ကျရောက်သွားရာ ရီးယဒ်က ရှူးရှူးရှဲရှဲ အော်လိုက်သည်။

ဝင်းတားက ပြောလိုက်သည်။

"ကျုပ်က ငြိမ်ငြိမ်နေတဲ့ လူကိုမှ သဘောကျတယ်ဗျ၊ ခင်ဗျား ဒီကနေ့ သတင်းစာကို ဖတ်ပြီးပြီလား၊ ဖတ်စမ်းပါ၊ ရော့. . . ဒီစာမျက်နှာ အောက်ဆုံးက သတင်းကို ဖတ်စမ်း"

ဝင်းတားက အင်ကားရေ့ချ်မှ လူသတ်မှုသတင်း ပါသော နေရာကို ခေါက်၍ အာမက်ရီးယဒ်ထံ ထိုးပေးရင်း ပြောလိုက်ခြင်း ဖြစ်သည်။

ရီးယဒ်က သူ့လက်ကို တည်ငြိမ်အောင် ကြိုးစား၍ ထိန်းရင်း ထို သတင်းကို ဖတ်လိုက်သည်။ ထို့နောက် သတင်းစာကို စားပွဲပေါ် ပစ်တင်ပြီး လေယာဉ်ပျံလက်မှတ် တစ်စောင်ကို အိတ်ထဲက ထုတ်ယူ၍ ဝင်းတားကို လှမ်းပေးသည်။

"ရော့. . . မင်းအတွက် စတန်လီဂရန့် နာမည်နဲ့ လေယာဉ်ပျံလက်မှတ်"

ကုလားထိုင်ပေါ်တွင် ခုနက ပုံစံအတိုင်း ခုအထိ ထိုင်နေသေးသော ဝင်းတားက လေယာဉ်ပျံလက်မှတ်ကို လှမ်းမယူသေးဘဲ ပြန်ပြောလိုက်သည်။

"ခင်ဗျားက အဲဒီသတင်းနဲ့ ပတ်သက်ပြီး ဘာမှ မှတ်ချက်မပေးသေးပါလား"

အာမက်ရီးယဒ်က မပွင့်တပွင့် ဖြေသည်။

"အဲဒီလူတွေက ထွက်ပြေးဖို့ ကြိုးစားလို့ ဖြစ်မှာပေါ့၊ ကျုပ် ဒီကိစ္စကို မဆွေးနွေးချင်ဘူး"

"ခင်ဗျား လုပ်ချင်တာ၊ မလုပ်ချင်တာက သိပ်အကြောင်း မဟုတ်တော့ပါဘူးလေ"



ဝင်းတားက မတ်တတ်ရပ်လိုက်ပြီး အာမက်ရီးယဒ်ထံ လျှောက်သွားသည်။ အာမက်ရီးယဒ်သည် နောက်သို့ တစ်လှမ်းချင်း ဆုတ်ရင်း သူသည် ဖွင့်ထားသော ပြတင်းပေါက်ဆီသို့ နောက်ဆုတ်နေမိကြောင်း ချက်ချင်း ပြန်သတိရသွားသည်။ ဝင်းတားက–

"အင်းကားရေ့ချ်မှာ ရှိတဲ့ လူတွေ ဘယ်သူမှ ထွက်ပြေးဖို့ ကြိုးစားမှာ မဟုတ်ဘူး၊ ကဲ. . . ဘာဖြစ်လို့လဲ၊ ပြောစမ်း"

အာမက်ရီးယဒ်သည် တဆတ်ဆတ် တုန်နေလေပြီ၊ သူသည် စာရေးစားပွဲကလေး တစ်လုံး ရှိရာဆီသို့ နောက်ပြန်ဆုတ်ရင်း ဝင်းတားနှင့် မျက်လုံးချင်း မဆုံမိအောင် မျက်နှာကို လွှဲထားသည်။ သူက–

"ကျုပ် အဲဒီမှာမှ မရှိတဲ့ဥစ္စာ၊ ကဲ. . . ကျုပ် ဒီက ချက်ချင်းပြန်မှ ဖြစ်မယ်"

"ကောင်စစ်ဝန်ရုံးကို သွားမလို့ မဟုတ်လား"

"ကျုပ်က အဲဒီလို မပြောရပါလား"

"ဟုတ်တယ်၊ အင်းကားရေ့ချ်မှာ ဖြစ်တဲ့ အယုတ်တမာကိစ္စလည်း အဲဒီလို ဖြစ်လာလိမ့်မယ် ဆိုတာကို ခင်ဗျားက ထုတ်မပြောဘူး၊ ဒါပေမဲ့ ခင်ဗျား သိကို သိတယ်၊ ခင်ဗျား အဲဒီသတင်းကို ဖတ်လိုက်ရပေမဲ့ လုံးဝ မအံ့သြဘူး။ အခု ခင်ဗျားက အဲဒီကိစ္စ ကျုပ် သိသွားမှာကို စိုးရိမ်နေတာ မဟုတ်လား"

"ကျုပ် အင်းကားရေ့ချ် ကိစ္စကို လုံးဝမသိဘူး"

အာမက်ရီးယဒ်၏ ခက်ထန်သော အမူအရာမှာ လုံးဝ အရည်ပျော်သွားလေပြီ။ စားပွဲခုံကလေး ထားရှိရာ အခန်းငယ်ကလေးထဲသို့ ရောက်နေပြီဖြစ်သော အာမက်ရီးယဒ်သည် တဖြည်းဖြည်းနှင့် ကယောင်ချောက်ချား ဖြစ်လာသည်။ ဝင်းတားက ကော်လာ နှစ်စကို ဆောင့်ဆွဲလိုက်ရာ ကြိုးကွင်းတပ်ပြီး အဆွဲခံလိုက်ရသလို လည်ပင်း အစ်သွားသည်။ သူ့ခြေထောက်များသည် တဆတ်ဆတ် တုန်လာပြီး သူ့ရင်ဘတ်ထဲကလည်း မီးစနှင့် အထိုးခံလိုက်ရသလို ရှူးခနဲ နာသွားသည်။ သူ့ကျောဘက်တွင် နံရံသာ ရှိတော့သည်။ သူ ပြေးစရာနေရာ မရှိတော့ပါကလား။ ဝင်းတားကလည်း သူ့ဆီ တဖြည်းဖြည်းနှင့် တိုးကပ်လာနေသည်။ အာမက်ရီးယဒ်က ထပ်ပြောသည်။

"ကျုပ် အင်းကားရေ့ချ်ကိစ္စကို လုံးဝမသိဘူး၊ တကယ် မသိတာပါဗျာ"

"သဘော်ပေါ်မှာကော ဘယ်လို ဆက်ဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ တောင်းဆိုချက်တွေ တောင်းမယ်၊ အမေရိကန်က လိုက်လျောမယ်"

ဝင်းတားက သူ့ကို လည်ပင်းမှ ဆောင့်ဆွဲလိုက်သဖြင့် စကားကို ပီပီသသ ပြောမရတော့ချေ။ ယခု ဝင်းတား သူ့ကို လည်ပင်းက ကိုင်၍ ပြတင်းပေါက်ဆီသို့ တရွတ်တိုက် ဆွဲခေါ်လာနေသည်။ အာမက်ရီးယဒ်သည် လက်ရှိအနေအထားကို ချက်ချင်း သဘောပေါက်သွားသည်။

"မလုပ်ပါနဲ့ဗျာ၊ မလုပ်ပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ်"

ဝင်းတားသည် သွေးရူးသွေးတန်းဖြင့် ပြန်ထုနေသော အာမက်ရီးယဒ်၏ လက်သီးများကို လုံးဝဂရုမစိုက်ဘဲ ရီးယဒ်၏ လည်ပင်းကို လက်နှစ်ဖက်နှင့် ညှစ်ရင်း ပြတင်းပေါက်ဆီသို့ ဆွဲလာရာ ပြတင်းပေါက်နှင့် တဖြည်းဖြည်း နီးလာသည်။ ဝင်းတားသည် ရီးယဒ်၏ ခြေထောက် နှစ်ချောင်းကို သူ့ခြေထောက် နှစ်ချောင်းနှင့် ကပ်၍ နံရံနှင့် ဖိညှပ်ထားသည်။ ထို့နောက် အာမက်ရီးယဒ်၏ ကိုယ်အပေါ်ပိုင်းကို ပြတင်းပေါက်ပေါင်ပေါ်မှ အပြင်ဘက်သို့ နောက်လန်ကျအောင် တွန်းလိုက်သည်။ ရီးယဒ်က အမြင့်ကို ကြောက်သည်မှာ သေချာသည်။

ရီးယဒ်၏ ကိုယ်အပေါ်ပိုင်းသည် တဖြည်းဖြည်းနှင့် ပြတင်းပေါက် အပြင်ဘက် ရောက်သွားပြီး နောက်ဆုံးတွင် ၁၀ ထပ် မြင့်သော နေရာမှ ဦးစောက်ပြောင်းပြန် တွဲလောင်းကြီးကျနေသည်။ သူ့နှာ နှစ်ဖက်ထဲတွင် သွေးတိုး မြန်လာပြီး လေတဟူးဟူး ထွက်လာသည်။ ပြီးတော့ အောက်ဘက် ပေ ၁၀၀ ခန့် ဝေးသော နေရာ၌ သွားလာနေကြသော ကားဟွန်းသံများက သူ့နားထဲသို့ စုပြုံပြီး ဝင်လာကြသည်။ သူ့မျက်လုံးများက ကောင်းကင်ပြာကြီးနှင့် ထိုးထိုးထောင်ထောင်ထောင် ဖြစ်နေသော တိုက်တာ အဆောက်အအုံများ၏ အပေါ်ပိုင်းများကို မြင်နေရသည်။ ပြီးတော့ ဝင်းတား၏ လက်နှစ်ဖက်ကလည်း သူ့လည်ပင်းကို ညှစ်လိုက်ရင်း သူ့ကို နောက်ဘက်သို့ ဆက်တွန်းချနေသည်။

သူ့ပါးစပ်ထဲတွင် ချွဲသလိပ်များ ပြည့်လျှံလာသည်။ ရင်ဘတ်ထဲကလည်း မခံမရပ်နိုင်အောင် နာလာသည်။ သူ့နားနှစ်ဖက်ကလည်း လင်းကွင်းကြီးများ အနီးကပ် တီးသည်ကို ခံနေရသလို အလွန်အမင်း ဆူညံနေသည်။ ထိုအချိန်တွင် ဝင်းတားက သူ့ခါးပတ်ကို လက်တစ်ဖက်နှင့် ဆွဲကိုင်ပြီး သူ့ကိုယ်ကို အပေါ်သို့ မြှောက်လိုက်ရာ သူ့ခြေထောက် နှစ်ဖက်စလုံး ကြမ်းပြင်နှင့် လွတ်သွားတော့သည်။ သူသည် အသူတစ်ရာ နက်သော ချောက်ကြီးထဲသို့ ဦးစိုက်ပြောင်းပြန် ကျသွားရပေတော့မည်။ သူ့ဦးခေါင်းသည် လူသွားလမ်း



ပြင်းထန်စွာ ရိုက်ခတ်မိပြီး အစိတ်စိတ်အမြွှာမြွှာ ကွဲ၍ သေရချေတော့မည်။ သူ သေရတော့မည်။ သူ သေတော့မည်။

ဝင်းတားက သူ့ကို အခန်းထဲသို့ ပြန်ရောက်အောင် ဖြန်ဆွဲတင်လိုက်သည်။ ထို့နောက် ကလေး ကစားစရာ အရုပ်ကလေး တစ်ရုပ်ပမာ သူ့ကို ဆောင့်ခါပစ်လိုက်၏။ သူသည် ထိုအချိန်တွင် ရူးသွပ်လုနီးပါး ဖြစ်နေလေပြီ။ ဝင်းတား၏ မျက်နှာကိုလည်း ခပ်ဝါးဝါး ခပ်ရေးရေးသာ မြင်ရတော့သည်။

"ကဲ. . ပြောစမ်း၊ သဘောပေါ်မှာ ရှိတဲ့ လူတွေ ဘာဖြစ်ကုန်ကြမှာလဲ ပြောစမ်း"

ဝင်းတားက သွားကို တင်းတင်းစေ့ရင်း လေသံနှင့် မေးလိုက်ခြင်းဖြစ်သည်။ သူက ရီးယဒ်ကို နောက်တစ်ကြိမ် ထပ်ဆောင့်ပစ်လိုက်ပြန်သည်။

"ကျုပ် မသိဘဲ ချဲလင်ဂျာပေါ်မှာ ဘာဆက်ဖြစ်စရာ ရှိသေးလဲ ပြောစမ်း"

ရီးယဒ်၏ နှလုံးသားမှာ အရမ်းခုန်နေသဖြင့် သူသည် ရေနစ်နေသူတစ်ယောက်လို အသက်မှန်မှန်ရှူနိုင်အောင် ပြင်းပြင်းထန်ထန် ကြိုးစားနေရရှာသည်။ ပြီးတော့ သူ့နှလုံးသားသည် နံရိုးကြားထဲမှ အပြင်သို့ ပြုတ်ထွက်ကျသွားတော့မလိုလို ခံစားနေရရှာသည်။ သူက ဝင်းတားအား သူ့ကို ထပ်မဆောင့်ဖို့နှင့် သူ သိသမျှကို ပြောတော့မည် ဖြစ်ကြောင်း ပြောရန် ကြိုးစားသည်။ သို့သော် သူ မပြောနိုင်သေးချေ။ ပါးစပ်ကို ဟ၍ အသက်ရှူနေရသည်။ ဝင်းတားကလည်း အာမက်ရီးယဒ် သူ့လက်ထဲတွင် မေ့မြောသွားမည်ကို စိုးရိမ်မိသဖြင့် ထပ်မဆောင့်တော့ဘဲ ငြိမ်ငြိမ်လေး ကိုင်ထားသည်။ ရီးယဒ်က ဝင်းတားကို ကလေးငယ်တစ်ယောက်လို အသနားခံသော မျက်နှာထားနှင့် ပြန်မော့ကြည့်နေသည်။ တကယ်ကတော့ သူတို့နှစ်ဦးသည် ဂျေရုဆလင်မြို့ကို ကျူးကျော်သူများလက်မှ မရ ရသည့်နည်းနှင့် ကယ်တင်ရန် အကြံကြီး ကြံသူတစ်ဦး၏ ရက်စက်ကြမ်းကြုတ်လှသော စီမံချက်ထဲတွင် အချောင် လာမိနေရသော လူသားနှစ်ဦးသာ ဖြစ်သည်။

"သူ. . သူတို့က မားစာခံတွေ အားလုံးကို သတ်ပစ်မှာ"

"ဘာပြောတယ်၊ နောက်တော့ကော. ."

"သူ. . . သူ. . . တို့က အားလုံးကို သတ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရီးယဒ်သည် ဝင်းတား၏ လက်ထဲတွင် ပျော့ခွေပြီး ကျသွားသည်။ ဝင်းတားက ရီးယဒ်၏ ကိုယ်ခန္ဓာသည် သူ ထင်ထားသည်ထက် ပိုလေးနေသည်ဟု တွေးလိုက်မိသည်။ ရီးယဒ်တစ်ယောက် သေရှာလေပြီ။

လန်ဒန်မှ ၁၁ နာရီ ကြာသော ခရီးရှည်ကြီးကို စီးနင်းလိုက်ပါလာသည့် အာမက်ရီးယဒ်သည် လေယာဉ်ပျံပေါ်မှ ဆင်းလာကတည်းက ကောင်းကောင်း နေမကောင်းခဲ့ချေ။ ယခု ဝင်းတားက သူ့ကို ပြတင်းပေါက်မှ ဖောက်ထိုးပစ်ချမည်အထိ အနိုင်စက် ခံလိုက်ရသောအခါ ထိုသင်္ဘောကြီးပေါ်တွင် လီကာက်က ထိတ်တဆိတ် ခိုးဝှက်၍ တင်ဆောင်လာသော အဏုမြူဗုံးအကြောင်း တစ်လုံးတစ်ပါဒမျှ ဖွင့်မပြောပြနိုင်မီ နှလုံးသွေးကြောပိတ်ရောဂါနှင့် သေဆုံးသွားရရှာခြင်း ဖြစ်သည်။

အာမက်ရီးယဒ်တစ်ယောက် လန့်ဖျပ်ပြီး မေ့မြောသွားသည်ဟု ထင်လိုက်သော ဝင်းတားက တယ်လီဖုန်းဆက်ရန် ကံဆိုးရှာသော အာမက်ရီးယဒ်၏ ခန္ဓာကိုယ်ကြီးကို ကြမ်းပေါ်တွင် ချခဲ့ပြီး တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။ တယ်လီဖုန်း အော်ပရေတာကလည်း ချက်ချင်း ပြန်ထူးသည်။ ဝင်းတားက သူ့နဖူးမှ ချွေးများကို လက်ကိုင်ပဝါတစ်ထည်နှင့် သုတ်ရင်း–

"ကျုပ် ဘုရင်ခံကြီးနဲ့ စကားပြောချင်တယ်"

□□□

## – တစ်ဆယ့် ခုနစ် –

အာမက်ရီးယဒ်သည် နံနက် ၉ နာရီခွဲတွင် သေဆုံးခဲ့ရှာသည်။ ဝင်းတားသည် တယ်လီဖုန်းပေါ်တွင် ခပ်တိုတိုသာ စကားပြောသည်။ သူက ဘုရင်ခံ အဲလက်မက်ဂိုဝမ်၏ အတွင်းရေးမှူးအား ခပ်မာမာ ပြောလိုက်သည်။

"ကျုပ် ဘယ်က ပြောနေတယ် ဆိုတာကို ခင်ဗျားတို့က လိုက်လံစုံစမ်းနိုင်အောင် ကျုပ်က စောင့်ပေးနေမှာ မဟုတ်ဘူး။ ကျုပ် ဘုရင်ခံကြီးကို ၄၅ စက္ကန့်အတွင်းမှာ စကားပြောချင်တယ်၊ မရရင် ကျုပ်ဘက်က တယ်လီဖုန်းကို ပြန်ချလိုက်မယ်၊ ကျုပ်က ရေနံတင်သင်္ဘောပေါ်မှာ ရှိတဲ့ အကြမ်းဖက်သမားတွေ ဘယ်နှယောက် ပါလာတယ် ဆိုတာက စပြီး အသေးစိတ် ပြောပြနိုင်တဲ့သူ..."

ဝင်းတားက သူ့လက်ပတ်နာရီကို ကြည့်ရင်း စောင့်နေရာ စက္ကန့် ၃၀ အတွင်း ဘုရင်ခံ အဲလက်မက်ဂိုဝမ်၏ အသံသည် တယ်လီဖုန်း စကားပြောခွက်ထဲက ထွက်ပေါ်လာသည်။

သူက မက်ဂိုဝမ်နှင့်လည်း ခပ်တိုတိုပင် ပြောသည်။ သူက သူ ပြောသည့် စကားကို အလေးအနက် ထားစေလိုလျှင် ဘုရင်ခံကြီးထံ မိမိလန္ဒအလျောက် လာအစစ်ခံသည့် ပုံစံမျိုးနှင့် သွားမှ ဖြစ်မည်ဟု သိထားသည်။ အကယ်၍သာ

www.burmeseclassic.com

www.burmeseclassic.com



သူ အရင် အဖမ်းခံခဲ့ရလျှင် သူ ပြောသည့် စကားကို အလေးအနက်ထားကြတော့မည် မဟုတ်ချေ။

အာမက်ရီးယဒ်သည် သေဆုံးသွားပြီ ဖြစ်ကြောင်း သိသွားသော ဝင်းတားသည် သူ့အခန်းထဲက မထွက်ခင် အပြင်ဘက် တံခါးလက်ကိုင်ပေါ်၌ 'မနှောင့်ယှက်ပါနှင့်' ဆိုသော ဆိုင်းဘုတ်ငယ်ကလေးကို ချိတ်ဆွဲထားခဲ့သည်။ ဝင်းတားသည် ရီးယဒ်၏ သံတမန်ဆိုင်ရာ နိုင်ငံကူးလက်မှတ်၊ အာရပ်နိုင်ငံငယ်ကလေးတစ်ခု၏ ကုန်သွယ်ရေးဆိုင်ရာ အဝယ်တော်အဖြစ် ခန့်အပ်ကြောင်း အမိန့်စာ စသည့် စာရွက်စာတန်းများကို ရှာဖွေပြီး ယူခဲ့သည်။ ထို့နောက် ဘုရင်ခံကြီး ခေတ္တရုံးစိုက်ရာ ထရန့်စ် အမေရိကား အဆောက်အအုံကြီးဆီသို့ အငှားကားနှင့် သွားသည်။ ဘုရင်ခံကြီး ခေတ္တရုံးထိုင်ရာ ရုံးခန်းရှိသော အထပ်သို့ ရောက်သောအခါ အရပ်ဝတ်အရပ်စားနှင့် စုံထောက်များက သူ့ကို စောင့်ကြိုနေကြသည်။

တကယ်ကလည်း ဝင်းတားသည် ဘုရင်ခံကြီးအကြောင်း သူ ကြားဖူးနားဝ ရှိသမျှကလေးနှင့် လွတ်လပ်သော ကိုယ်ပိုင်အတွေးအခေါ် ရှိသူ ဘုရင်ခံကြီးထံ စွန့်စွန့်စားစား လာခဲ့ခြင်း ဖြစ်သည်။ စုံထောက်များက သူ့ကိုယ်ပေါ်တွင် လက်နက် ပါလာ၊ မလာ ရှာဖွေနေကြစဉ် အခန်းထဲသို့ ဘုရင်ခံကြီး ဝင်လာသည်။ ဝင်းတား၏ ကိုယ်ပေါ်တွင် မည်သည့် လက်နက်ကိုမျှ ရှာမတွေ့ကြချေ။ ဝင်းတားသည် ရွှေတံခါးကြီးပေါ်သို့ ခေတ္တခဏ လေ့လာစဉ်က စကော်ပီယံ ပစ္စတိုနှင့် ပခုံးစလွယ်သိုင်းအိတ်တို့ကို တံတားပေါ်မှ ပစ်ချခဲ့ပြီး ဖြစ်သည်။ သူ့ကို စုံထောက်များက ရှာဖွေပြီးစီးသွားသောအခါ မက်ဂိုဝမ်က ဝင်းတားကို သူ့သီးသန့်ရုံးခန်းထဲသို့ ခေါ်သွင်းသွားသည်။ ထိုအခန်းထဲသို့ စုံထောက်များ လိုက်မလာအောင် သူကပင် နှင်လွှတ်လိုက်သေးသည်။

"မင်းတို့ သူ့ကို ရှာပြီးကြပြီ မဟုတ်လား၊ ငါကလည်း ငါ့ကိုယ်ငါ ကာကွယ်နိုင်ပါတယ်ကွ"

သူတို့နှစ်ဦး၏ ဆွေးနွေးပွဲသည် တစ်နာရီ ကြာသည်။ သူတို့နှစ်ဦးစလုံးသည် မည်သည့် ပြဿနာမျိုးကိုမဆို ချက်ချင်းလက်ငင်း နားလည်သဘောပေါက်ကြသူများ ဖြစ်သဖြင့် တစ်နာရီဆိုသော အချိန်မှာ များစွာ ကြာမြင့်သည်ဟု ဆိုရမည်။ သို့သော် ယခုလို အချိန်ကြာသွားရခြင်းမှာ တစ်ချိန်က ရှေ့နေလုပ်ခဲ့ဖူးသော မက်ဂိုဝမ်က ဝင်းတားကို စေ့စေ့စပ်စပ် ပြန်လှန်မေးခွန်းထုတ်နေသောကြောင့် ဖြစ်သည်။



တစ်နာရီ ကုန်သွားသောအခါ ဝင်းတားသည် မှန်မှန် ပြောဆိုနေခြင်း ဖြစ်ကြောင်း ဘုရင်ခံကြီးက ယုံကြည်စိတ်ချသွားသည်။ သို့သော် ဌာနပေါင်းစုံမှ ကိုယ်စားလှယ်များ ပါသော ကော်မတီနှင့် ဆုံပေးလိုက်သောအခါ မက်ဂိုဝမ် ယုံကြည်သလို သူတို့အားလုံး ယုံကြည်လက်ခံလာအောင် ပြောဖို့ မလွယ်တော့ချေ။ အထူးသဖြင့် ယခုအချိန်တွင် ဗိုလ်မှူးကြီးကတ်ဆဒီ၏ ထောက်ခံမှုကို ရနေသော ပရက်တီက အဆိုးရွားဆုံး ဖြစ်သည်။

"အရေးအကြီးဆုံးက အဲဒီသင်္ဘောပေါ်မှာ ပေါက်ကွဲစေနိုင်တဲ့ ဗုံးတွေဘာတွေ ပါမလာဖို့ဘဲ၊ ဒီတော့ ဝင်းတားကို မုသားဖော်စက်နဲ့ စစ်မှ ဖြစ်မယ်"

မက်ဂိုဝမ်က ခပ်ဆတ်ဆတ် ပြန်ဖြေသည်။

"ဒါ သက်သက်မဲ့ အချိန်ဖြုန်းတာပဲ၊ ကျုပ်က ရာဇဝတ်မှုရှေ့နေအဖြစ် အနှစ် ၂၀ လုံးလုံး လုပ်ကိုင်လာတာ၊ လူတစ်ယောက်ကို မျက်နှာချင်းဆိုင်မိရုံနဲ့ သူ ဘာလဲဆိုတာ ကောင်းကောင်းကြီး သိတယ်၊ ပရက်တီ. . မင်းကတော့ လူတွေရဲ့ ပြဿနာပေါင်းစုံကို စက်ကသာ ဖြေရှင်းနိုင်တယ်လို့ ထင်နေတဲ့လူ"

နောက်ဆုံးတွင် ဝင်းတားကို သူတို့အားလုံးရှေ့မှောက်၌ မုသားဖော်စက်နှင့် စစ်ကြသည်။ ထိုသို့ စစ်ရာတွင် အက်ဖ်ဘီအိုင်မှ ကားပစ်၊ ရဲမင်းကြီး ဘိုလန်၊ ကမ်းခြေစောင့်တပ်မှ ဂါးဖီးလ်၊ ဗိုလ်မှူးကြီးကတ်ဆဒီတို့က မေးခွန်းအများဆုံး ထုတ်ကြသည်။ မက်ဂိုဝမ်၏ တိုက်တွန်းချက်အရ ဝင်းတားနှင့် သီးခြားဆွေးနွေးခဲ့သော ဆူလီဗန်ကလည်း ဝင်းတားသည် အမှန်အတိုင်း ပြောဆိုခြင်း ဖြစ်ကြောင်း ယုံကြည်သည်။ ယခု သူက ဝင်းတားအား စစ်ဆေးမေးမြန်းနေသည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်နေသည်။

"မင်း. နာမည်"

"ဝင်းတား. ."

မုသားဖော်စက်က ညာသည်ဟု အဖြေပေးသည်။

ဝင်းတားက မှတ်ချက်ချသည်။

"ခင်ဗျားတို့ရဲ့ စက်ဝိဇ္ဇာ မုသားဖော်စက်ကြီးကိုတော့ ပြန်စစ်ဆေးကြည့်ဖို့ လိုမယ် ထင်တယ်"

"သင်္ဘောပေါ်မှာ အကြမ်းဖက်သမား ဘယ်နှယောက် ပါလာသလဲ"

"ကျုပ် အခု ဒီကို ရောက်နေပြီဆိုတော့ ၁၃ ယောက်"

မှန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆန်ဖရန်စစ္စကိုကို ရောက်ခါစက လာအဖမ်းခံဖို့ စိတ်ကူးသလား"

"မဟုတ်တာဗျာ"

မှန်သည်။

"အာမက်ရီးယဒ်က သူ မသေခင် ဘာပဲဖြစ်ဖြစ် ဓားစာခံတွေအားလုံးကို သတ်ပစ်မှာပဲလို့ ပြောသွားသလား"

"ပြောတယ်"

မှန်တယ်။

နောက် ၁၅ မိနစ် ကြာသောအခါ သူတို့အားလုံး စိတ်ပူနေကြသော မေးခွန်းတစ်ခုကို မေးလိုက်သည်။

"ဝင်းတား... မင်းက ခေါင်းဆောင်လုပ်ပြီး ဒီသင်္ဘောကြီးကို ပြန်ပေးဆွဲခဲ့တယ်၊ အခု လီကက်က ခေါင်းဆောင် လုပ်နေပြီ။ အဲဒီသင်္ဘောပေါ်မှာ ပေါက်ကွဲနိုင်တဲ့ ပစ္စည်းတွေ ဘာတွေများ ပါလာသေးသလား"

"မပါဘူး"

မှန်သည်။

ဒါကလည်း မုသားဖော်စက်၏ အစွမ်းကုန် စွမ်းဆောင်နိုင်စွမ်းရှိသည့် အချက်ပင် ဖြစ်သည်။ တကယ်တော့ မုသားဖော်စက်သည် လူတစ်ယောက် ညာပြော မပြော ဆိုတာကိုသာ စစ်၍ရမည်။ အကယ်၍ လူတစ်ယောက်က သူ မသိသောကြောင့် အမှန်အတိုင်း ဖြစ်သည်ဟု ပြောနေသော်လည်း သူ ပြောသည့် စကားမှာ မုသားစကား ဖြစ်ကြောင်း စက်က သိနိုင်သည် မဟုတ်ချေ။ သို့သော် ဤကဲ့သို့ မုသားဖော်စက်နှင့် စစ်လိုက်သော နောက်ပိုင်းတွင် မပြန်လမ်းကို မြန်းရတော့မည့် ဓားစာခံ ၂၉ ဦး၊ အကြမ်းဖက်သမား ၁၃ ဦးနှင့် အဏုမြူဗုံးတစ်လုံး ပါလာသော သင်္ဘောကြီးကို မလွှဲမရှောင်သာ ပင်လယ်အော်ထဲသို့ ဝင်ခွင့်ပြုရသည့် အနေအထားသို့ ဆိုက်ရောက်လာရလေသည်။

❑

သူတို့သည် ညနေ ၃ နာရီထိုးသည်အထိ ရေနံတင်သင်္ဘောကြီးအား ရာခိုင်နှုန်း ၅၀ ခန့် စိတ်ချလက်ချ ဝင်စီးနင်းတိုက်ခိုက်နိုင်မည့် နည်းလမ်းကိုပင် စဉ်းစား၍ မရကြသေးချေ။ သူတို့သည် ဖြစ်နိုင်မည့် နည်းလမ်းမျိုးစုံကို



အဘက်ဘက်က ဝိုင်းဝန်းစဉ်းစားကြသော်လည်း ရေအောက် ရေပေါ်၊ လေထဲမှ မည်သည့်ယာဉ်မှ ချဉ်းကပ်မလာရဆိုသော လီကက်၏ မဟာစည်းကမ်းချက်ကြီးကြောင့် လန်လန်သွားကြရသည်သာ။ မက်ဂိုဝမ်ကလည်း သူတို့အတွက် အချိန် သိပ်မရှိတော့ဟု မကြာခဏ သတိပေးနေသည်။ သူသည် ယခုအချိန်အထိ သံကြိုးစာများနှင့် အချိန်ဆွဲ၍ လီကက်အား လက်တစ်ကမ်း အကွာတွင် ထိန်းထားနိုင်ခဲ့သည်။ သို့သော် သူ့ကို နောက်ထပ် ကြာမြင့်စွာ ထိန်းထားရန် သိပ်မလွယ်တော့ချေ။ မက်ဂိုဝမ်က ထပ်သတိပေးသည်။

"ဝင်းတား ပြောပုံအရဆိုရင် မကြာခင် လီကက်ဟာ သည်းညည်းခံနိုင်တဲ့ စိတ်တွေ ကုန်ခန်းသွားပြီး သူ တကယ်လုပ်မယ် ဆိုတဲ့ အကြောင်း သက်သေထူတဲ့အနေနဲ့ ဓားစာခံတွေကို စ ပစ်လားခတ်လား လုပ်လိမ့်မယ်"

မက်ဂိုဝမ်သည် သူ ဝင်စွက်ရမည့် အချိန်ကို စောင့်ကြည့်နေသည်။ သူတို့အနေနှင့် အကြမ်းဖက်သမားများ ပါလာသော သင်္ဘောကြီးကို ဝင်စီးနင်းရန် နည်းလမ်း လုံးဝမရှိနိုင်တော့ပြီဟု ပထမဦးစွာ သဘောပေါက်လာကြဖို့ လိုသည်။ ယခုလို ဇဝေဇဝါ အချိန်မျိုးတွင် သူ့စိတ်ကူးစိတ်သန်းကို ထုတ်ဖော်ပြောကြားလိုက်မည် ဆိုပါက သူ့ကို အားလုံးက ဒေါသတကြီးနှင့် ဝိုင်းကန့်ကွက်ကြမှာ သေချာသည်။ ထို့ကြောင့် သူတို့အားလုံးသည် (ရေနစ်သူတစ်ဦးပမာ) ကောက်ရိုးကလေး တစ်မျှင်ကိုပင် ဖမ်းဆွဲတော့မည့် အဆင့်သို့ ရောက်ဖို့ လိုသည်။ အဆုံးစွန် ပြောရရင် ဝင်းတား၏ ကောက်ရိုးမျှင်ကိုပင် လိုလိုလားလား ဖမ်းဆွဲလာကြဖို့ လိုသည်။

ဘုရင်ခံကြီးကတော့ ဝင်းတားသည် လူလိမ် လူညာတစ်ဦး မဟုတ်ကြောင်း ကောင်းကောင်းကြီး ယုံကြည်လက်ခံနေလေပြီ။ မက်ဂိုဝမ်က ကတ်ဆဒီနှင့်ပင် တိုးတိုးတိတ်တိတ် ပြောမိသေးသည်။

"ဒီဝင်းတား ဆိုတဲ့ ငတိဟာ ငါ လုပ်ခဲ့တဲ့ အလုပ်တွေတော့ အကြီးအကျယ် မှားကုန်ပြီ ဆိုပြီး နောင်တရလာတဲ့ လူလို့ မင်းက ဆိုချင်တာလား"

ရေတပ်မတော်မှ ဗိုလ်မှူးကြီးကတ်ဆဒီက–

"ဘယ်ကလာ၊ အခု သူက ပြန်လက်စားချေမလို့ဗျ။ ရှင်းရှင်းပြောရရင် သူဟာ ပထမဦးဆုံး တစ်ပတ်ရိုက်ခံလိုက်ရတယ်၊ ဒါပေမဲ့ သူ့လို လူမျိုးဟာ တစ်ပတ်ရိုက်တာကို လုံးဝ ငြိမ်ခံတတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ နောက်တစ်ချက်ကတော့ ဒီလူက လူသတ်သမား မဟုတ်ဘူး။ အလင်္ကာမှာ အသေတ်

www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရတဲ့ လင်မယားနှစ်ယောက်အတွက် သူ အကြီးအကျယ် စိတ်ထိခိုက်သွားပုံ ရတယ်၊ ဒါပေမဲ့ သူက အဲဒီကိစ္စကိုတော့ သိပ်ဟာဟာ မပြောဘူး''

တစ်ဖန် မက်ဂိုဝမ်၏ ယုံကြည်မှုကို အထောက်အကူပြုစေသည့် တခြားကိစ္စများလည်း ရှိပေသေးသည်။ ဝင်းတားသည် အာမက်ရီးယဒ်၏ သံတမန်ဆိုင်ရာ နိုင်ငံကူးလက်မှတ်ကို ပေးအပ်ရင်း ယခုလို အာရပ်နိုင်ငံတစ်နိုင်ငံမှ သံတမန် ဝန်ထမ်းတစ်ယောက် ရှင်းရှင်းလင်းလင်း မရှိဘဲ သေဆုံးသွားရသည့်အတွက် နိုင်ငံတကာ အရေးအခင်းကြီးတစ်ခု ဖြစ်လာနိုင်သည်ဟု ထောက်ပြခဲ့သည်။ ဤပြဿနာကို ဝင်းတား ဖြေရှင်းမည့် နည်းကလည်း အလွန်လွယ်ကူသည်။ ယခု ထိုနိုင်ငံကူးလက်မှတ်အကြောင်း ဝါရှန်တန်သို့ သတင်းမပို့ရသေးသည့်အတွက် ထိုနိုင်ငံကူးလက်မှတ်ကို ဖျောက်ဖျက်ပစ်ရုံပင် ဖြစ်သည်။

တစ်ဖန် အာမက်ရီးယဒ်၏ ခန္ဓာကိုယ်ကို ဆရာဝန်များနှင့် ကမန်းကတန်း ခွဲစိတ်စစ်ဆေးသည့်အခါတွင်လည်း လည်ပင်းတစ်ဝိုက်တွင် တွေ့ရသော အညိုအမည်း စွဲနေသည့် ဒဏ်ရာများအပြင် နှလုံးသွေးကြောပိတ်၍ သေဆုံးသွားကြောင်း တွေ့ကြရသည့်အတွက် သူ ပြောခဲ့သည့် စကားများသည် မှန်ကန်ကြောင်း တွေ့ကြရသည်။ ညနေ ၅ နာရီ ထိုးသောအခါတွင်မူ မက်ဂိုဝမ်က သူ့စိတ်ကူးစိတ်သန်းကို ထုတ်ပြောရန် သင့်ပြီဟု ဆုံးဖြတ်လိုက်သည်။

''ကဲ. . . ကျုပ်တို့ အစည်းအဝေးကြီးကတော့ တောင်စဉ်ရေမရ ဖြစ်နေပြီ၊ နောက်တစ်ချက်ကလည်း ကျုပ် လီကက်ကို ခုထက် ထပ်ထိန်းထားဖို့ ရမှာ မဟုတ်တော့ဘူး။ ဒီတော့ ဝင်းတား တင်ပြတဲ့ စီမံချက်ကို နောက်တစ်ကြိမ် ထပ်ပြီး စဉ်းစားသင့်ပြီလို့ ပြောချင်တယ်''

မက်ဂိုဝမ်သည် တစ်ယောက်တစ်ပေါက် ဝိုင်းကန့်ကွက်ကြသံများ စဲသွားသည်အထိ စောင့်နေလိုက်ပြီးနောက် သူ ပြောမည့်စကားကို ဖွတ် မရမချ ပြောချလေတော့သည်။ သူက ယခု အစည်းအဝေးတွင် လက်ရှိအခြေအနေနှင့် ရင်ဆိုင်အန်တုနိုင်သည့် စီမံချက် တစ်ခုတလေမျှပင် ရေရေရာရာ ပေါ်ထွက်ခြင်း မရှိကြောင်း ရှင်းပြပြီး–

''သဘော်ပေါ်က အနေအထားကို ကောင်းကောင်းကြီး သိတဲ့လူက ဝင်းတားပဲ၊ ပြီးတော့ အကြမ်းဖက်သမားတွေက ဘယ်လိုဘယ်ပုံ တုံ့ပြန်လာမယ် ဆိုတာကို သိနိုင်တဲ့လူကလည်း သူပဲ။ ပြီးတော့ ချဲလင်ဂျာပေါ် တင်တိုက်မယ့် အဖွဲ့ကို ဦးဆောင်မှု ပေးနိုင်မယ့် လူကလည်း ခင်ဗျားတို့ ကြိုက်သည်



ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ သူပဲ ရှိတော့တယ်၊ ကျုပ်ကတော့ ခင်ဗျားတို့ လက်ခံတာ လက်မခံတာကို သိပ်ဂရုမစိုက်ချင်ဘူး၊ အဖြေထွက်တာကိုပဲ လိုချင်တယ်''

ဆူလီဗန်ကလည်း ဝင်ပြောသည်။

''ကျွန်တော် သူနဲ့လည်း အကျေအလည် ဆွေးနွေးပြီးပါပြီ၊ အခု ဘုရင်ခံကြီး ပြောတာ မှန်ပါတယ်၊ ဝင်းတားဟာ သင်္ဘောကြီးကို မရ ရအောင် ပြန်ပေးဆွဲပြီး ကယ်လီဖိုးနီးယားကမ်းခြေအထိ ရောက်အောင် ယူလာနိုင်ခဲ့တယ်၊ သူ အခု တစ်ပတ်ရိုက်ခံလိုက်ရတဲ့အတွက် သူက ဉာဏ်စွမ်းကိုယ်စွမ်း ရှိသမျှ အစွမ်းကုန် အသုံးချပြီး ဒီသင်္ဘောကြီးကို လူဆိုးတွေရဲ့ လက်ထဲက မရ ရအောင် ပြန်လုယူပေးမှာပါ၊ အမှန်ကို ပြောရရင် ခုလိုအခ်ျိန်မှာ ဘက်ပြောင်းလာတဲ့ လူတွေလောက် ပိုပြီး ဆီလျော်သင့်မြတ်တဲ့ လူ မရှိနိုင်ပါဘူး၊ အကြမ်းဖက်သမားတွေကို သူတို့နည်းနဲ့ပဲ လက်တုံ့ပြန်ရမယ်ဆိုရင် ဝင်းတားလောက် သင့်တော်တဲ့ လူ မရှိနိုင်တော့ပါဘူး''

ဤတွင် ဝင်းတားကို သူ့အား အရိပ်ပမာ နောက်မှ လိုက်လံစောင့်ကြပ်ပေးနေသည့် စုံထောက်နှင့်အတူ အစည်းအဝေးခန်းထဲသို့ ခေါ်သွင်းလာသည်။ မက်ဂိုဝမ်၏ ညာဘက်ဘေးတွင် ထိုင်နေသူ ဝင်းတားက စားပွဲဘေးတွင် ထိုင်နေသူ တစ်ဦးချင်းကို အကဲဖတ်နေသည့်ပမာ လိုက်ကြည့်နေသည်။ မြို့တော်ဝန်ကြီးကမူ ထိုစီမံချက်တစ်ခုလုံးကို ခါးခါးသီးသီး ပယ်ချလိုက်သည်။

''ကျုပ်ကတော့ ဒီလူ့ကို လက်နက်ကိုင် အစောင့်အရှောက်နဲ့ ဒီအခန်းထဲက ပြန်ခေါ်သွားစေချင်တယ်၊ တကယ်တော့ တို့တစ်တွေကို ခုလို ဒုက္ခဖြစ်အောင် လုပ်တဲ့ လူဟာ မင်းပဲ၊ ကျုပ်ကတော့ မင်းနဲ့ တစ်ခန်းတည်း နေရမှာကိုတောင် မလိုလားဘူး''

ဝင်းတားကလည်း သူ့ရှေ့တည့်တည့်တွင် မျက်နှာချင်းဆိုင် ရှိနေသူ မြို့တော်ဝန် ပရက်တီကို စေ့စေ့ကြည့်ရင်း ပြန်ဖြေသည်။

''လီကက်က သင်္ဘောပေါ်မှာ ရှိတဲ့ ခရီးသည်တွေအားလုံးကို သတ်ပစ်တော့မယ်ဆိုတာ သိပ်သေချာတယ်၊ ဘာလဲ. . . ခင်ဗျားက အမေရိကန်မလေး တစ်ယောက်နဲ့ ခရီးသည်တွေအားလုံး သေကုန်စေချင်လို့လား''

''အဲဒီလို သတ်မယ် ဆိုတာကို မင်း အစကတည်းက သိခဲ့သလား တကယ်လို့ သိခဲ့တယ်ဆိုရင် ငါက မင်းကို ထောင်ထဲမှာ လွတ်ရက်မရှိ ထည့်ထားဖို့ အဆိုပြုမယ်''

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးကတ်ဆဒီက ဝင်းတား၏ တုံ့ပြန်မှုကို သိလိုသောကြောင့် ပြောလိုက်ခြင်း ဖြစ်သည်။ ဝင်းတားက ပြန်ဖြေသည်။

"စိတ်ရှည်ရှည်ထားစမ်းပါ"

"ဘာပြောတယ်"

"ဩော်. . . စိတ်ရှည်ရှည်ထားပြီး နားထောင်စမ်းပါလို့ ပြောတာ။ ကျုပ်က အကြမ်းဖက်သမားတွေအကြောင်း ခင်ဗျားတို့ထက် ပိုသိတယ်၊ ကျုပ် ရဟတ်ယာဉ်နဲ့ ဒီကို လာတုန်းက သင်္ဘောပေါ်ကို ဘယ်လိုနည်းနဲ့ ရောက်အောင် တက်နိုင်မယ် ဆိုတဲ့ ကိစ္စကို စဉ်းစားမိခဲ့တယ်၊ ဒါကလည်း တစ်ဖက်က ဘယ်လိုလုပ်နိုင်သလဲ ဆိုတာကို ကြိုတွေးတဲ့ သဘောပါ၊ သင်္ဘောပေါ်ကို လူ ရောက်စေချင်ရင် အပေါ်က ချပေးမှ ဖြစ်မယ်"

ကတ်ဆဒီက စိတ်ပျက်လက်ပျက်နှင့် ဝင်ပြောသည်။

"လုံးဝ မဖြစ်နိုင်ဘူး၊ အဲဒီကိစ္စကို တို့ တွေးပြီးပြီ၊ မဖြစ်နိုင်လို့ ထပ်မစဉ်းစားတော့ဘူး၊ ဘာပဲပြောပြော ရဟတ်ယာဉ်က ကုန်းပတ်ပေါ်မှာ ဆင်းရမယ်၊ ဒါဆိုရင် ရဟတ်ယာဉ်ကို ပွဲစင်ပေါ်က အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားအောင် လှမ်းပစ်နိုင်တယ်၊ ရဟတ်ယာဉ်ပေါ်က ဆင်းလာတဲ့ လူတွေကို လည်း တစ်ယောက်စီ ခြွေပစ်လို့ရတယ်"

ဝင်းတားက ဝင်ရှင်းသည်။

"ရဟတ်ယာဉ် သုံးစရာ မလိုပါဘူး၊ လက်နက်မျိုးစုံ ကိုင်ထားတဲ့ လူ သုံး လေးယောက်ကို ရွှေ့တံခါး တံတားကြီးပေါ်က စောင့်နိုင်းထား ပြီးတော့ လိကက်ကို ညကျမှ တံတားကြီးအောက်က ဖြတ်မောင်းပြီး ဝင်ခဲ့ဖို့ အကြောင်း ကြားလိုက်၊ သင်္ဘောကြီး တံတားအောက် ရောက်တဲ့အခါကျတော့ မှောင်ထဲမှာ သင်္ဘောပေါ် ခုန်ဆင်း၊ နှင်းတွေသာ ကျနေရင် ဖြစ်နိုင်ဖို့ အလားအလာ ပိုများတယ်"

မက်ဂိုဝမ်က ဝင်ထောက်သည်။

"ဒီကနေ့ မနက် နှင်း သိပ်မကျဘူး၊ ဒါပေမဲ့ ဒီညမှာ နှင်း ပြန်ကျချင် ကျလိမ့်မယ်"

ရဲမင်းကြီး ဘိုလန်က ကန့်ကွက်သည်။

"ဒါ တကယ်ရူးတဲ့ စိတ်ကူးပဲ၊ ပြီးတော့ သင်္ဘောကြီးကလည်း အရှိန်နဲ့ မောင်းနေတုန်းဆိုရင်. . ."

ဝင်းတားက ထပ်ရှင်းသည်။



"ဒီဘက်က လုပ်တတ်ကိုင်တတ်ရင် အရှိန်နှေးသွားအောင် လုပ်လို့ ရပါတယ်၊ ကျွန်တော် နားလည်သလောက်ဆိုရင် ညပိုင်းမှာ ပင်လယ်ဘက်ကို ဒီရေ ပြန်စီးတာ တော်တော်ပြင်းတယ်လို့ သိရတယ်၊ အဲဒီနှုန်းထား ဘယ်လောက် ရှိတယ် ဆိုတာကို တစ်ယောက်ယောက်ကများ ပြောပြနိုင်ကြပါသလား ခင်ဗျာ"

ကမ်းစောင့်တပ်မှ ဂါးဖီးလ်က မဆိုင်းမတွ ဖြေသည်။

"မနက် ၁၀ နာရီထိအောင် တစ်နာရီကို ရေမိုင် ၇ မိုင်ခွဲနှုန်း"

"ဒီတော့ ကျွန်တော်တို့က မက်ကေးကို တစ်နာရီ ၈ မိုင်နှုန်းနဲ့ မောင်းလာခိုင်းလိုက်၊ ဒါဆိုရင် ဒီရေနဲ့ ပြောင်းပြန်မောင်းနှင်လာရတဲ့အတွက် တကယ့် အရှိန်နှုန်းဟာ တစ်နာရီ မိုင်ဝက်ပဲ ဖြစ်မယ်"

ကတ်ဆဒီက ဝင်ပြောသည်။

"ဒါ စဉ်းစားစရာပဲ၊ ကဲ. . . ဆက်ပြောလေ၊ နားထောင်နေပါတယ်"

"တကယ့် ပြဿနာကတော့ တံတားကြီးအောက်က ဖြတ်မောင်းသွားမယ့် သင်္ဘောကြီးပေါ်ကို လူ ၃ ယောက် တံတားပေါ်က ချပေးလိုက်ဖို့ပဲ။ ဒီတော့ သင်္ဘောကြီး ရောက်မလာခင် လူတွေကို အောက်ဘက်မှာ ကြိုချထားရမယ်"

ဆူလီဗန်က ဝင်မေးသည်။

"ဘာနဲ့ ချပေးမလဲ"

"ပစ္စည်းတွေကို အတင်အချလုပ်တဲ့ ပိုက်နဲ့ ချပေးရမယ်၊ ဒီလောက် အမြင့်ကြီးက လျှောချနေတုန်း လူက တွယ်ပြီး လိုက်နိုင်တဲ့ ပစ္စည်းမျိုး ဖြစ်ရမယ်၊ နေပါဦး၊ တံတားပေါ်က အောက်ဘက်ကို ဘယ်လောက်လောက် ကွာဝေးသလဲ"

ဆိပ်ကမ်းအာဏာပိုင် အိုဟဲယားက ဝင်ဖြေသည်။

"ပေ ၂၀၀"

ဝင်းတားက ဆက်ပြောသည်။

"ဒါဆိုရင် ဖြစ်နိုင်ပါတယ်၊ ပိုက်ကို အောက်ချဖို့ ဟိုဟိုဒီဒီ ရွှေ့နိုင်တဲ့ ဓာန်ချိုစက်တစ်ခု လိုတယ်၊ အဲဒီဓာန်ချိုစက်မှာ ပေတိုင်းကိရိယာ ပါဖို့ လိုတယ်"

တစ်ယောက်က ဝင်မေးသည်။

"နေပါဦး၊ ခုနက ပြောတာ ဘာကိရိယာတဲ့. . ."

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးကတ်ဆဒီက ဝင်းတား၏ တုံ့ပြန်မှုကို သိလိုသောကြောင့် ပြောလိုက်ခြင်း ဖြစ်သည်။ ဝင်းတားက ပြန်ဖြေသည်။

"စိတ်ရှည်ရှည်ထားစမ်းပါ"

"ဘာပြောတယ်"

"ဪ. . စိတ်ရှည်ရှည်ထားပြီး နားထောင်စမ်းပါလို့ ပြောတာ။ ကျုပ်က အကြမ်းဖက်သမားတွေအကြောင်း ခင်ဗျားတို့ထက် ပိုသိတယ်၊ ကျုပ်ရဟတ်ယာဉ်နဲ့ ဒီကို လာတုန်းက သင်္ဘောပေါ်ကို ဘယ်လိုနည်းနဲ့ ရောက်အောင် တက်နိုင်မယ် ဆိုတဲ့ ကိစ္စကို စဉ်းစားမိခဲ့တယ်၊ ဒါကလည်း တစ်ဖက်က ဘယ်လိုလုပ်နိုင်သလဲ ဆိုတာကို ကြိုတွေးတဲ့ သဘောပါ။ သင်္ဘောပေါ်ကို လူရောက်စေချင်ရင် အပေါ်က ချပေးမှ ဖြစ်မယ်"

ကတ်ဆဒီက စိတ်ပျက်လက်ပျက်နှင့် ဝင်ပြောသည်။

"လုံးဝ မဖြစ်နိုင်ဘူး၊ အဲဒီကိစ္စကို တို့ တွေးပြီးပြီ၊ မဖြစ်နိုင်လို့ ထပ်မစဉ်းစားတော့ဘူး၊ ဘာပဲပြောပြော ရဟတ်ယာဉ်က ကုန်းပတ်ပေါ်မှာ ဆင်းရမယ်၊ ဒါဆိုရင် ရဟတ်ယာဉ်ကို ပွဲစင်ပေါ်က အစိတ်စိတ်အမြွာမြွာ ဖြစ်သွားအောင် လှမ်းပစ်နိုင်တယ်၊ ရဟတ်ယာဉ်ပေါ်က ဆင်းလာတဲ့ လူတွေကိုလည်း တစ်ယောက်စီ ခြွေပစ်လို့ရတယ်"

ဝင်းတားက ဝင်ရှင်းသည်။

"ရဟတ်ယာဉ် သုံးစရာ မလိုပါဘူး၊ လက်နက်မျိုးစုံ ကိုင်ထားတဲ့ လူ သုံး လေးယောက်ကို ရွှေတံခါး တံတားကြီးပေါ်က စောင့်ခိုင်းထား၊ ပြီးတော့ လီကက်ကို ညကျမှ တံတားကြီးအောက်က ဖြတ်မောင်းပြီး ဝင်ခဲ့ဖို့ အကြောင်းကြားလိုက်၊ သင်္ဘောကြီး တံတားအောက် ရောက်တဲ့အခါကျတော့ မှောင်ထဲမှာ သင်္ဘောပေါ် ခုန်ဆင်း၊ နှင်းတွေသာ ကျနေရင် ဖြစ်နိုင်ဖို့ အလားအလာ ပိုများတယ်"

မက်ဂိုဝမ်က ဝင်ထောက်သည်။

"ဒီကနေ့ မနက် နှင်း သိပ်မကျဘူး၊ ဒါပေမဲ့ ဒီညမှာ နှင်း ပြန်ကျချင်ကျလိမ့်မယ်"

ရဲမင်းကြီး ဘိုလန်က ကန့်ကွက်သည်။

"ဒါ တကယ်ရူးတဲ့ စိတ်ကူးပဲ၊ ပြီးတော့ သင်္ဘောကြီးကလည်း အရှိန်နဲ့ မောင်းနေတုန်းဆိုရင်. . "

ဝင်းတားက ထပ်ရှင်းသည်။



"ဒီဘက်က လုပ်တတ်ကိုင်တတ်ရင် အရှိန်နှေးသွားအောင် လုပ်လို့ရပါတယ်၊ ကျွန်တော် နားလည်သလောက်ဆိုရင် ညပိုင်းမှာ ပင်လယ်ဘက်ကို ဒီရေ ပြန်စီးတာ တော်တော်ပြင်းတယ်လို့ သိရတယ်၊ အဲဒီနှုန်းထား ဘယ်လောက်ရှိတယ် ဆိုတာကို တစ်ယောက်ယောက်ကများ ပြောပြနိုင်ကြပါသလား ခင်ဗျာ"

ကမ်းစောင့်တပ်မှ ဂါးဖီးလ်က မဆိုင်းမတွ ဖြေသည်။

"မနက် ၁၀ နာရီထိအောင် တစ်နာရီကို ရေမိုင် ၇ မိုင်ခွဲနှုန်း"

"ဒီတော့ ကျွန်တော်တို့က မက်ကေးကို တစ်နာရီ ၈ မိုင်နှုန်းနဲ့ မောင်းလာခိုင်းလိုက်၊ ဒါဆိုရင် ဒီရေနဲ့ ပြောင်းပြန်မောင်းနှင်လာရတဲ့အတွက် တကယ့် အရှိန်နှုန်းဟာ တစ်နာရီ မိုင်ဝက်ပဲ ဖြစ်မယ်"

ကတ်ဆဒီက ဝင်ပြောသည်။

"ဒါ စဉ်းစားစရာပဲ၊ ကဲ. . ဆက်ပြောလေ၊ နားထောင်နေပါတယ်"

"တကယ့် ပြဿနာကတော့ တံတားကြီးအောက်က ဖြတ်မောင်းသွားမယ့် သင်္ဘောကြီးပေါ်ကို လူ ၃ ယောက် တံတားပေါ်က ချပေးလိုက်ဖို့ပဲ။ ဒီတော့ သင်္ဘောကြီး ရောက်မလာခင် လူတွေကို အောက်ဘက်မှာ ကြိုချထားရမယ်"

ဆူလီဗန်က ဝင်မေးသည်။

"ဘာနဲ့ ချပေးမလဲ"

"ပစ္စည်းတွေကို အတင်အချလုပ်တဲ့ ပိုက်နဲ့ ချပေးရမယ်၊ ဒီလောက်အမြင့်ကြီးက လျှောချနေတုန်း လူက တွယ်ပြီး လိုက်နိုင်တဲ့ ပစ္စည်းမျိုး ဖြစ်ရမယ်၊ နေပါဦး၊ တံတားပေါ်က အောက်ဘက်ကို ဘယ်လောက်လောက်ကွာဝေးသလဲ"

ဆိပ်ကမ်းအာဏာပိုင် အိုဟဲယားက ဝင်ဖြေသည်။

"ပေ ၂၀၀"

ဝင်းတားက ဆက်ပြောသည်။

"ဒါဆိုရင် ဖြစ်နိုင်ပါတယ်၊ ပိုက်ကို အောက်ချဖို့ ဟိုဟိုဒီဒီ ရွှေ့နိုင်တဲ့ ဝန်ချီစက်တစ်ခု လိုတယ်၊ အဲဒီဝန်ချီစက်မှာ ပေတိုင်းကိရိယာ ပါဖို့ လိုတယ်"

တစ်ယောက်က ဝင်မေးသည်။

"နေပါဦး၊ ခုနက ပြောတာ ဘာကိရိယာတဲ့. . "

www.burmeseclassic.com

www.burmeseclassic.com



"ပေတိုင်းကိရိယာလေ၊ ဝန်ချိစက်ကို မောင်းတဲ့လူက အောက်ဘက်ကို ဘယ်လောက် အကွာအဝေးအထိ ချပေးလိုက်တယ် ဆိုတာကို သိဖို့ လိုတယ်၊ ဒါမှလည်း ရေနံတင်သင်္ဘောကြီး မောင်းလာတဲ့အခါ ကုန်းပတ်အမြင့်လောက်မှာ မှန်းပြီး ချပေးထားနိုင်မှာပေါ့"

အနားတွင် ရှိနေသော အတွင်းရေးမှူးတစ်ယောက်အား ခပ်တိုးတိုး ပြောရင်း စာနှင့် ရေး၍ လိုက်မှတ်နိုင်းနေသူ ဗိုလ်မှူးကြီး ကတ်ဆဒီက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ ဝင်းတားက သူ့စကားကို ထပ်ဖြည့်စွက်သည်။

"ပြီးတော့ အလေးချိန်ပြ ကိရိယာလည်း ပါဖို့ လိုတယ်"

ကတ်ဆဒီက ဆက်ရှင်းသည်။

"ဒါမှလည်း ပိုက်ထဲက လူတွေ ခုန်ဆင်းသွား မသွားကို သူ သိနိုင်မှာပေါ့။ လူတစ်ယောက်ကို ပေါင် ၁၆၀၊ ၃ ယောက်ဆိုရင် ပေါင် ၄၈၀၊ ဒီတော့ အလေးချိန်ပြကိရိယာမှာ ပေါင် ၄၈၀ လျော့သွားတာနဲ့ တစ်ပြိုင်နက် လူ ၃ ယောက် ခုန်ဆင်းသွားတာကို သိမယ်၊ သိရင် အဲဒီပိုက်ကြီးကို သင်္ဘောပေါ်က လှမ်းမမြင်ခင် ကပျာကယာ ပြန်ဆွဲတင်နိုင်မယ်၊ ဒါမှလည်း သင်္ဘောပေါ်က ခုန်ဆင်းတဲ့ လူတွေ လူမသိခင် နေရာယူနိုင်ကြမှာပေါ့"

မက်ဂိုဝမ်သည် လက်ပေါ်တွင် မေးစေ့ကို တင်ရင်း ထူးထူးခြားခြား ငြိမ်သက်နေသည်။ ဤစီမံချက်ကို အသေးစိတ် ဆွေးနွေးနေကြစဉ် သူ တစ်လုံးတစ်ပါဒမျှ ဝင်မပြောချေ။ ခပ်စောစောပိုင်းက သူ့ကို ဝင်းတားက ဤစီမံချက်ကို အကြမ်းဖျင်း ရှင်းပြခဲ့ပြီး ဖြစ်သည်။ ထိုစဉ်က မြူနှင်း ထူထူထပ်ထပ် သိပ်သိပ်သည်းသည်း ကျနေခဲ့လျှင် ဤစီမံချက်သည် ဖြစ်နိုင်ဖွယ် ရှိသည်ဟု သူ လက်ခံခဲ့ပြီး ဖြစ်သည်။ တကယ် ပြောရလျှင် ဤအစီအစဉ်သည် ချဲလင်ဂျာကို ပြန်ပေးဆွဲခဲ့သော ဝင်းတား၏ စီမံချက်ကလည်း ဒီလိုပုံစံမျိုးပင်တည်းမည်သူကမျှ လုံးဝမမျှော်လင့်ခဲ့ကြသဖြင့် အောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ယခုလည်း ပင့်ကူအိမ်မှ ပင့်ကူများလို ကောင်းကင်မှ ကြိုးများနှင့် ဆင်းလာကြလိမ့်မည်ဟု လီကက်က ကြိုတွေးမိလိမ့်မည် မဟုတ်ချေ။

နောက်ဆုံးတွင် မက်ဂိုဝမ်က ဝင်မေးသည်။

"နေပါဦး၊ အဲဒီဝန်ချီစက်ကို ဘယ်မှာ ထားရမလဲ ဆိုတာ ဘယ်လိုလုပ် သိမလဲ၊ သင်္ဘောကြီး တံတားအောက် မရောက်ခင် ဝန်ချီစက်ကို သင်္ဘောကြီးပေါ် တည့်တည့် ရောက်အောင် နေရာချထားဖို့ လိုတယ် မဟုတ်လား"



ဝင်းတားက ဖြေသည်။

"လွယ်ပါတယ်၊ ရေဒါစက်တစ်ခုကို တံတားပေါ် ယူလာဖို့ လိုတယ်။ အဲဒီစက်နဲ့ သင်္ဘောကြီး ဘယ်လို ခုတ်မောင်းလာတယ် ဆိုတာကို ကြိုတွက်ထားဖို့ လိုတယ်"

မက်ဂိုဝမ်သည် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးဆုပ်နှစ်ဖက်ကို စားပွဲပေါ်သို့ တင်ရင်း ကိုယ်ကို ရှေ့သို့ကိုင်း၍ ပြောလိုက်၏။

"ကဲ. . . အစီအစဉ်တော့ လုပ်ပြီးပြီ၊ လက်တွေ့ အကောင်အထည်ဖော်ဖို့ပဲ လိုတော့တယ်၊ လီကက်ကို အချိန်အကြာကြီး စောင့်ခိုင်းထားလို့ ရမှာ မဟုတ်ဘူး"

❋

". . . တစ်နာရီ နှစ်နာရီအတွင်း ရွှေတံခါး ရေလက်ကြားကို ရှင်းလင်းပေးနိုင်ဖွယ် ရှိသည်။ နောက်တစ်ကြိမ် ဆက်သွယ်သည့်အခါ ဆန်ဖရန်စစ္စကို ပင်လယ်အော်ထဲသို့ ဝင်ခွင့်ပေးမည် ဖြစ်၍ အသင့်စောင့်နေပါ။ ဒဏ်ရာရသူများကို သယ်ရန် အစီအစဉ် အဆင်သင့် လုပ်ထားသည်"

ထိုသံကြိုးမှာ ကာလီဖိုးနီးယားပြည်နယ်၏ ဘုရင်ခံ မက်ဂိုဝမ် နာမည်နှင့် ပေးပို့ခဲ့သော ပဉ္စမမြောက် သံကြိုး ဖြစ်သည်။ ဤသံကြိုးက ရေနံတင်သင်္ဘောကြီး ဝင်ခွင့်မရသေးဘဲ ပင်လယ်ထဲတွင် ရပ်နေရသည့်အတွက် စိတ်တိုနေသော လီကက်ကို နှစ်သိမ့်မှု အနည်းငယ် ပေးနိုင်စွမ်း ရှိသည်။

တစ်ဖန် ဇန်နဝါရီလ ၂၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် နေရောင်ခြည် လင်းလက်လာသောကြောင့် မြူနှင်း ပြယ်သွားချိန်၌ ရွှေတံခါး ရေလက်ကြားထဲတွင် သင်္ဘောချင်း တိုက်မိ ဖြစ်နေပါသည် ဆိုသော ကိစ္စကို လီကက်ကိုယ်တိုင် လက်ခံရမလိုလို ဖြစ်ခဲ့ရသည်။

ရေနံတင်သင်္ဘောကြီး ကျောက်ချ ရပ်နေသည့် နေရာနှင့် ၃ မိုင်ခန့် ဝေးသော ရွှေတံခါး ရေလက်ကြားထဲ၌ ကုန်တင်သင်္ဘော နှစ်စင်း [illegible] တစ်စင်း ဝင်တိုက်မိနေပုံနှင့် ၎င်းသင်္ဘောနှစ်စင်း ဘေးတွင် [illegible] ပါသော အခြား သင်္ဘောတစ်စင်းလည်း ရှိနေသည်ကို တွေ့မြင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသရုပ်ပြဇာတ်လမ်းကို နံနက်မိုးသောက် အလင်းမရောက်မီ အကောင်အထည်ဖော်ရန် ဘုရင်ခံ မက်ဂိုဝမ်က ညွှန်ကြားခဲ့ပြီး သင်္ဘောတိုက်မှုကို စီစဉ်ညွှန်ကြားခဲ့သူမှာ ဆိပ်ကမ်းအာဏာပိုင် အိုဟဲယားပင်တည်း။ ဤသင်္ဘောတိုက်မှုသည် ဟုတ်မှ ဟုတ်ပါ့မလားဟု လီကက်က သံသယဝင်ခဲ့သည်။ သို့သော် ကမ္ဘာ့သတင်းများကို ကင်းနီယတ်က ဖမ်းပေးသောအခါ သင်္ဘောချင်းတိုက်မှု ဖြစ်သည် ဆိုသော ကိစ္စမှာ အလွန်သေချာသွားသည်။

ပရက်တီက သင်္ဘောချင်းတိုက်မှု သတင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ထိုသတင်းသည် ရေနံတင်သင်္ဘောကြီးကို ပြန်ပေးဆွဲခံရသော သတင်းနှင့်အတူ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့သွားခဲ့သည်။ ထိုနေ့သည် လီကက်အဖို့ အလွန်ကျေနပ်ဖွယ်ကောင်းသော နေ့တစ်နေ့ပင်တည်း။ သူ့ဆီသို့ ဘုရင်ခံကြီးက ပေးပို့သော သံကြိုးသတင်းများ ဆက်တိုက် ရောက်နေသည့်အပြင် ကမ္ဘာ့အရပ်ရပ်မှ သတင်းများကို ဖမ်းယူ နားထောင်ရာတွင်လည်း အရှည်ဆုံး သတင်းမှာ သင်္ဘောပြန်ပေးဆွဲသည့် သတင်းပင် ဖြစ်နေသည်။ သူ့ဘဝသက်တမ်း တစ်လျှောက်လုံးတွင် လီကက်သည် ကမ္ဘာ့သတင်းထူးတစ်ပုဒ် ဖြစ်နေလေပြီ။

လီကက်သည် ထိုနေ့က ရရှိသော ပဥ္စမမြောက် သံကြိုးကို မက်ကေးအား ပြပြီးနောက် ပြောလိုက်သည်။

''အခု သူတို့ ကျုပ်ကို လေးလေးစားစား ရှိလာကြပြီလို့ ကျုပ်ထင်တယ်၊ ဒါပေမဲ့ ကျုပ်တို့က ဒီက မြန်မြန်ခွာလို့ မရရင်တော့ သင်္ဘောသားနှစ်ယောက်ကို သေနတ်နဲ့ ပစ်ပြီး ရေထဲ ကန်ချရလိမ့်မယ်၊ ကျုပ် ပြောတာကို ခင်ဗျား နားလည်တယ် မဟုတ်လား''

''ကျုပ် နားလည်တာကတော့ ဟိုမှာ သင်္ဘောနှစ်စင်း တိုက်မှု ဖြစ်နေတာကို ခင်ဗျားကိုယ်တိုင် မျက်စိနဲ့ မြင်နေရတယ် ဆိုတာပါပဲ''

မက်ကေးသည် မှန်ကွဲနေသော ပွဲစင်ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေသည်။ ယနေ့ညတော့ နှင်းကျမည့်ပုံ မပေါ်။ နှင်းမကျရင်လည်း ခပ်ကောင်းကောင်းပင်။ သူက ဒီသင်္ဘောကြီးကို ယနေ့ညတွင် ရေလက်ကြားထဲသို့ မောင်းဝင်ပေးဖို့ ရှိသေးသည် မဟုတ်ပါလား။

❑



ထိုနေ့ ညနေ ၆ နာရီတွင် ဆန်ဖရန်စစ္စကို၌ အတော်ကလေး မှောင်နေလေပြီ။ ၎င်းအပြင် ရွှေတံခါး တံတားကြီးပေါ်မှ ရေနံတင်သင်္ဘောပေါ်သို့ ချပေးမည့် တိုက်ခိုက်ရေး အဖွဲ့ငယ်တွင် လူ ၃ ယောက် ပါရမည်ဟု ဝင်းတားနှင့် ဗိုလ်မှူးကြီး ကတ်ဆဒီသို့ သဘောတူထားပြီးလည်း ဖြစ်သည်။

''နှင်းသိပ်ကျနေတဲ့အချိန်မှာ လူ ၃ ယောက်ထက် ပိုပြီး လွှတ်ခဲ့မိရင် တစ်ယောက်ကို တစ်ယောက် မှားပြီး ပြန်ပစ်မိမှာ သေချာတယ်''

ဒါက ကတ်ဆဒီ၏ သတိပေးချက်ပင်တည်း။ ထိုလူ ၃ ယောက် ယူသွားရမည့် လက်နက်ကိုလည်း အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။ ဝင်းတားက–

''သင်္ဘောပေါ်မှာ ရှိတဲ့ လူဆိုးတွေကို တစ်ဦးချင်း အမှည့်ခြွေ ခြွေရမှာမို့ တစ်ချက်တည်းနဲ့ အပြတ်ရှင်းနိုင်တဲ့ သေနတ်မျိုး ဖြစ်ဖို့ လိုတယ်၊ ပြီးတော့ အသံ သိပ်မမြည်ဖို့လည်း လိုတယ်၊ ဒါဆိုရင် ဒီလစ်ဆလီ ကာဘိုင်သေနတ်ဟာ အသင့်လျော်ဆုံးပဲ၊ ဒါပေမဲ့ အဲဒီသေနတ်မျိုး ခင်ဗျားတို့ဆီမှာ မရှိတာက ခက်တယ်''

ဤတွင် အက်ဖ်ဘီအိုင်မှ ကားပစ်က လိုက်လံစုံစမ်းရာ ဟောလီးဝုဒ်တွင် အသင့်ရှိနေကြောင်း သိရသည်။ ထို့ကြောင့် လော့စ်အိန်ဂျလိစ်မှ ရဲအရာရှိတစ်ဦးထံ တယ်လီဖုန်းဆက်ပြီး ဆန်ဖရန်စစ္စကိုသို့ ပျံသန်းလာသည့် လေယာဉ်ပျံတစ်စင်းနှင့် အချိန်မီ ပို့ပေးမည် ဖြစ်သည်။

တစ်ဖန် ဖို့ဒ်ဘောကာမှ ဝန်ချီစက်ကြီးတစ်ခုကို ရွှေတံခါး တံတားကြီးဆီသို့ သယ်ဆောင်လာနေပြီ ဖြစ်ပြီး ကမ်းခြေစောင့်တပ်က ရေဒါကိရိယာနှင့် တိုက်ခိုက်ရေး အဖွဲ့ဝင်များကို တံတားပေါ်မှ ချပေးမည့် ပိုက်တို့ကို တံတားပေါ်သို့ အဆင်သင့် ပို့ထားပြီး ဖြစ်သည်။ ရဲမင်းကြီး ဘိုလန်ကလည်း ယနေ့ညတွင် ရဲပတ္တရောင်ကားမှ ယာဉ်မောင်းများကို အသုံးပြုရန် ရှိကောင်းရှိမည် ဖြစ်သဖြင့် အသင့် ရှိနေကြရန် သတိပေးထားသည်။ တစ်ဖန် ရေတပ်မတော်မှ တပ်သားတစ်စုကိုလည်း ချက်ချင်းလက်ငင်း ဆိုသလို သေနတ်ပစ် လေ့ကျင့်ခန်းလုပ်နိုင်းထားသည်။ ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဗိုလ်မှူးကြီးကတ်ဆဒီက စားပွဲ ပတ်ပတ်လည်၌ ထိုင်နေသူများကို ကြည့်ရင်း အရေးအကြီးဆုံး မေးခွန်းကို မေးလိုက်သည်။

''ကဲ . . ဒီအသေခံခရီးကို ဘယ်သူတွေ သွားမှာလဲ''

www.burmeseclassic.com



အခန်းထဲတွင် အတော်ကလေး ကြာအောင် ငြိမ်ကျသွားသည်။ ဤတွင် ကတ်ဆဒီက ထပ်ပြောသည်။

''ဒီကိစ္စမှာ ကျုပ်ကိုယ်တိုင် လိုက်မယ်၊ ဒါပေမဲ့ ကျုပ်က အဲဒီသင်္ဘော အကြောင်း မသိဘူး၊ ဒါကြောင့် သိတဲ့လူ နှစ်ယောက် ထပ်လိုလိမ့်မယ်''

ဆူလီဗန်က ခပ်အေးအေး ဝင်ပြောသည်။

''ခင်ဗျားက ကျုပ်ကိုပါ ခေါ်ရလိမ့်မယ်၊ ကျုပ် သူတို့နောက်ကို တကောက်ကောက် ခြေရာခံလိုက်ရင်း ဒီအစည်းအဝေးအထိ ရောက်လာတဲ့ လူပါ၊ ဒါပေမဲ့ ဒီလစ်ဆလီ သေနတ်တွေ ရောက်လာရင် နည်းနည်းတော့ အစမ်းလေ့ကျင့်ပြီး ပစ်ကြည့်ချင်သေးတယ်''

ကတ်ဆဒီက ဖြေသည်။

''ခင်ဗျားက ရေတပ်မတော် ထောက်လှမ်းရေးက လူဟောင်းတစ်ယောက်ပဲ၊ လိုက်နိုင်ပါတယ်၊ ဒါဆိုရင် စေတနာ့ဝန်ထမ်း နောက်တစ်ယောက်ပဲ ထပ်လိုတော့တယ်''

ဒီတစ်ကြိမ်တွင် ဝင်းတားက ဘာမျှမပြောဘဲ ငြိမ်နေသည်။ အံ့ကယ်၍သာ သူ လိုက်ပါရစေဟု အတင်းအကျပ် ပြောဆိုပါက တမင် ချန်ထားခဲ့မှာကို စိုးရိမ်၍ ဖြစ်သည်။ ထို့ကြောင့် သူက စီးကရက်တစ်လိပ်ကို မီးညှိ သောက်ရင်း ဗိုလ်မှူးကြီးကတ်ဆဒီကို ခပ်ကြောင်ကြောင် ကြည့်နေသည်။ ဗိုလ်မှူးကြီးက မဲ့ရွဲ့၍ ပြုံးလိုက်ပြီး–

''ဒီကိစ္စကို ခင်ဗျားက စခဲ့တာ ဆိုတော့ ခင်ဗျားကပဲ ဝင်အဆုံးသတ်ပေးသင့်တယ်''

ဤတွင် မြို့တော်ဝန် ပရက်တီက ပြင်းပြင်းထန်ထန် ကန့်ကွက်သည်။

''အဲဒါကို ကျုပ် လက်မခံဘူး၊ ဒီလူက ကျုပ်တို့ကို တစ်ပတ်ရိုက်နေတာ ဖြစ်နိုင်တယ်''

မက်ဂိုဝမ်က ထအော်လိုက်၏။

''မြတ်စွာဘုရား… သူက ဘယ်လို တစ်ပတ်ရိုက်မှာတုံး၊ အခုကိစ္စဟာ ဒီသင်္ဘောအကြောင်း ကောင်းကောင်း သိတဲ့လူမှ ဖြစ်မယ်၊ ပြီးတော့ နှင်းကျနေတုန်း သင်္ဘောပေါ်ကို ဆင်းမယ့် လူတွေဟာ ကျုပ်တို့မှ မဟုတ်တာ''

မြို့တော်ဝန်ကလည်း အညံ့မခံချေ။



''အခု နှင်းမှ မကျတာ၊ တကယ်လို့ လသာနေရင်လည်း သူတို့က အောက်ကို ဆင်းသွားမှာပဲလား''

ကတ်ဆဒီကလည်း ပြတ်သည်။

''နှင်းမကျရင် ဒီလုပ်ငန်း လုပ်ဖို့ကို မဖြစ်ဘူးဆိုတာ ဆုံးဖြတ်ပြီးပြီ။ ပြီးတော့ ရေနံတင်သင်္ဘောကြီးကို အခု သိပ်မကြာခင် ဝင်ခွင့်ပြုရလိမ့်မယ်၊ ဒါပေမဲ့ တစ်နာရီ မိုင်ဝက်နှုန်းမို့ ဒီကို အတော်ကြီး ကြာမှ ရောက်မှာပါ၊ ကဲ… ခုနက ကျုပ် ပြောခဲ့သလို ဒီကိစ္စကို လက်စသတ်နိုင်အောင် ခင်ဗျား ဝင်ကူဖို့ ဆိုတာကတော့ ခင်ဗျားအပေါ်မှာပဲ မူတည်တယ်၊ ခင်ဗျားက ကန့်ကွက်ချင်သေးသလား''

ဝင်းတားက ဖြေလိုက်၏။

၇ ''အချိန်ဖြုန်းနေတဲ့အတွက်တော့ ကန့်ကွက်ချင်တယ်၊ ကျုပ်က အခုတောင် ရွှေတံခါး တံတားကြီးပေါ် သွားပြီး လေ့လာချင်ပြီ''

❑

ည ၈ နာရီတွင် နှင်းကျလာသည်။

မြူနှင်းထုကြီးသည် ရေလက်ကြားဆီမှ ရွှေတံခါး တံတားကြီးဆီသို့ တလိမ့်လိမ့်နှင့် ရောက်ရှိလာသည်။ မြူနှင်းထုကြီးသည် ပထမဦးစွာ မိုင်းရှော့ မီးပြတိုက် တစ်ခုလုံးကို ငုံ၍ ဖုံးလွှမ်းပစ်လိုက်သည်။ ထို့နောက်မှ တံတားကြီးဆီသို့ နယ်ချဲ့လာခြင်း ဖြစ်သည်။ ထိုမြူနှင်းထုကြီးသည် တံတားအောက်မှ မြို့တောင်ဘက်ရှိ မာရင်ခရိုင် ကမ်းစပ်ဆီသို့ လိမ့်ဆင်းသွားသည်။ အလွန်ထူထဲသိပ်သည်းသော မြူနှင်းထုကြီးပင်တည်း။

၁၉၃၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော ရွှေတံခါး တံတားကြီးပေါ်၌ ကား အသွားအလာ မရှိအောင် တံတားတစ်ဖက်တစ်ချက်ဆီမှ ပိတ်ထားလိုက်သည်။ တစ်ဖန် တံတားကြီး၏ အလယ်ခေါင်တည့်တည့်လောက်တွင် အဝါရောင်မှ မီးခိုးနုရောင်သို့ ချက်ချင်း ပြောင်းလဲ၍ ဆေးသုတ်ထားသော ဝန်ချီစက်ကြီး တစ်လုံး၊ ၎င်းနှင့် မလှမ်းမကမ်းတွင် ဝန်ချီစက် မောင်းနှင်သူထံ တယ်လီဖုန်းဖြင့် ဆက်သွယ် စကားပြောနိုင်သည့် ရေဒါကိရိယာ ကျွမ်းကျင်သူတစ်ဦးတို့ အသင့်ရှိနေကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မက်ဂိုဝမ်က ဝင်းတားကို နောက်ဘက်မှ လှမ်းမေးသည်။

"ကဲ. . . ဘယ်လိုလဲ ကျေနပ်ပြီလား"

"ကားအသွားအလာ ရှိနေတဲ့ ပုံစံမျိုး ဖြစ်အောင် ကြိုးစီစဉ်ပြီးပြီလား"

"တံတားရဲ့ ထိပ် တစ်ဖက်တစ်ချက်မှာ အဆင်သင့် စောင့်နေကြတယ်"

မှန်သည်။ ချဲလင်ဂျာ ဤတံတားကြီးအောက်မှ ဖြတ်သန်းခုတ်မောင်းသွားသောအခါ ကားအသွားအလာ လုံးဝမရှိသော တံတားကြီးအဖြစ် လီကက်က မြင်တွေ့သွားလျှင် သံသယဝင်သွားမည်ကို စိုးရိမ်ရသည်။ အရေးအကြီးဆုံးအချက်မှာ ဤတံတားကြီးပေါ်တွင် ထုံးစံအတိုင်း မဟုတ်ဘဲ မှုပျက်နေသည်ဟု သံသယ လုံးဝမဝင်စေရေးပင်တည်း။

မက်ဂိုဝမ်က ပြောလိုက်သည်။

"သင်္ဘောကြီး အခုလို နှေးနှေးကွေးကွေး လာနေရတဲ့အတွက် ဒီတံတားအောက်ကို မနက် ၁ နာရီလောက်မှ ရောက်လာလိမ့်မယ်လို့ ထင်တာပဲ"

ဝင်းတားက တွက်ပြသည်။

"ကျုပ်တို့ သင်္ဘောဦးပိုင်းပေါ် ရောက်သွားပြီး အလစ်မှာ ဝင်တိုက်ရမယ့် အကောင်းဆုံးအချိန်မတိုင်ခင် တစ်နေရာရာမှာ ဝင်ပုန်းနေရလိမ့်မယ်ဆိုတာ ခင်ဗျားလည်း သိမှာပေါ့"

ဘုရင်ခံကြီးက မှတ်ချက်ချသည်။

"ပုန်းနေရမယ့်အချိန် သိပ်မကြာပါစေနဲ့လို့ ဆုတောင်းပါတယ်၊ သိပ်ကြာသွားရင် အမှားမှားအယွင်းယွင်းတွေ ဖြစ်လာဖို့ ပိုများတယ်"

မီးခိုးရောင် စစ်ဝတ်စုံကို ဝတ်ဆင်ထားကြသော ဝင်းတား၊ ဗိုလ်မှူးကြီး ကတ်ဆဒီနှင့် ဆူလီဗန်တို့သည် အညောင်းအညာပြေအောင် တံတားတစ်ဖက်ထိပ်မှ ကျန်တစ်ဖက်ထိပ်အထိ အပြေး လေ့ကျင့်ခန်းယူနေကြသည်။ ဝင်းတားနှင့် ကတ်ဆဒီတို့သည် နာရီဝက်ကျော်ကျော် ကြာအောင် သူတို့နှင့် ပတ်သက်သည့် ကိစ္စများကို မနားမနေ လိုက်လံစစ်ဆေးခဲ့ကြသည်။ ပစိဖိတ်သမုဒ္ဒရာထဲတွင် အသင့်စောင့်နေသော စက်လှေ ပီချားကိုလည်း ဆန်ဒိုင်ဂို့ရေငုပ်သင်္ဘောတစ်စင်း စေလွှတ်၍ စောင့်ကြည့်ခိုင်းထားပြီး ဖြစ်သည်။



ရစ်ချတ်ဆန် ပင်လယ်အော်ထဲ၌ ရှိနေသော ရေယာဉ်ပျံကိုလည်း ရေတပ်မတော်မှ စောင့်ကြည့် အကဲခတ်နေသည်။ တစ်နည်း ဆိုရသော် ထွက်ပြေးရန်စီစဉ်ထားသည့် ပြေးပေါက်မှန်သမျှကို ပိုင်းဝန်းပိတ်ဆို့ထားလိုက်ပြီး ဖြစ်သည်။

တစ်ချိန်တွင် ဝင်းတားက ကတ်ဆဒီအား ပြောပြလိုက်သည်။

"ကြိုတင်ပြင်ဆင်မှုတွေ ဘယ်လောက်ပဲ လုပ်ထားထား၊ ဘယ်လိုနည်းနဲ့မှ ကြိုမမြင်နိုင်တဲ့ ကိစ္စတွေကြောင့် တစ်နည်းမဟုတ် တစ်နည်း ပျက်စီးသွားနိုင်သေးတယ်နော်"

"ဒါဆိုရင် လေထဲမှာ တွဲလောင်းကြီး ကျနေတုန်း ကျုပ်တို့ အစီအစဉ်ကို ပြင်သင့်ရင် ပြင်ကြတာပေါ့"

သို့သော် သူတို့က အသေးစိတ် စီစဉ်ထားသည်သာ။ ဝန်ချီစက်၏ တစ်ဖက်တစ်ချက်တွင် မီးထွန်းမထားသော ရဲကားနှစ်စီး အသင့်ရပ်ထားသည်။ ထိုကားထဲတွင် ကတ်ဆဒီကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ်ထားသော လက်ဖြောင့် စစ်သား ၆ ယောက် ရှိနေသည်။ အကယ်၍ သင်္ဘောကြီး တံတားနှင့် နီးကပ်လာသော အချိန်တွင် ရုတ်တရက် နှင်းကွဲသွားပါက ကြိုးတန်းလန်းနှင့် ပိုက်ထဲတွင် တွဲလောင်းကျနေသူများသည် လူဆိုးများက စိမ်ပြေနပြေ ပစ်ခတ်ရန် အလွန်ကောင်းသော ပစ်မှတ်များ ဖြစ်လာနိုင်သည်။ ထိုအခြေအနေမျိုးနှင့် မတော်တဆ ကြုံခဲ့ရသော် လက်ဖြောင့်တပ်သားများသည် သံလက်ရန်းတန်းပေါ်မှ ကျော်၍ လူဆိုးများကို တတ်နိုင်သလောက် ပစ်သတ်ကြရန် ဖြစ်သည်။

တံတားကြီး၏ ဟိုဘက်ထိပ် ဒီဘက်ထိပ်တွင်လည်း အလွန် အားကောင်းလှသည့် အဝေးရိုက်မှန်ဘီလူးများ တပ်ဆင်ထားသော ရုပ်ရှင်ရိုက်ကင်မရာ တစ်လုံးစီနှင့် လူတစ်ယောက်စီကို တာဝန်ချထားသည်။ ရုတ်တရက်နှင်းကွဲသွားလျှင် ရတတ်သမျှ အချိန်ပိုင်းကလေးအတွင်း၌ သင်္ဘောကြီးကို ရနိုင်သလောက် ရုပ်ရှင်ရိုက်ယူကြရန် ဖြစ်သည်။ တချို့ကလည်း တံတားကြီး၏ တစ်ဖက်တစ်ချက်တွင် ရှိသော တံတားပေါ်မှ ပေ ၅၀၀ မြင့်သည့် တံတားတိုင်မျှော်စင်ထိပ်သို့ ဓာတ်လှေကားနှင့် တက်သွားပြီး ညကြည့်မှန်ပြောင်းများနှင့် အသင့်စောင့်နေကြသည်။ သူတို့ဆီတွင် တံတား ညွှန်ကြားရေးဝန် အိမ်သို့ ...နှင့် တိုက်ရိုက် ဆက်သွယ်နိုင်သော ဝေါကီတော်ကီ (ခရီးတို ... ) များ ပါသွားသည်။

www.burmeseclassic.com



ဝင်းတားသည် အားလုံးကို လိုက်လံ စစ်ဆေးပြီးစီးသွားသော့အခါ စဉ်းစား၍ ရသမျှကို အတတ်နိုင်ဆုံး အသေးစိတ် စီစဉ်ထားခြင်း ဖြစ်သည်ဟု ကျေနပ်လက်ခံသွားသည်။

❑

ဝင်းတားနှင့် ကတ်ဆဒီတို့က တံတားကြီးပေါ်မှ အစီအစဉ်များကို လိုက်လံစစ်ဆေးနေကြစဉ် ထိုနေရာမှ မိုင် ၅၀၀၀ ကျော် ဝေးကွာပြီး ဒေသစံတော်ချိန် ၉ နာရီ ဝေးကွာသော နေရာရှိ ရှိတ်ဂမယ်တာဖတ်သည် သူ့အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ သူ တစ်ညလုံး အိပ်မပျော်ခဲ့သဖြင့် မျက်ကွင်းကြီးများ ညိုနေကြသည်။ သူ မအိပ်နိုင်ခဲ့ခြင်းမှာ ရေနံတင်သင်္ဘောကြီးအား မည်သည့်အချိန်တွင် ဆန်ဖရန်စစ္စကို ပင်လယ်အော်ထဲသို့ ဝင်ခွင့်ပြုမည်ကို သိလိုသဖြင့် ရေဒီယိုသတင်းများကို တစ်ညလုံး စောင့်နားထောင်နေခဲ့ရသောကြောင့်ပင်တည်း။

သို့သော် သူတို့က ဝင်ခွင့်ပြုထားသည်ကို ပြန်ဖျက်သည်။ သင်္ဘောချင်း တိုက်၍ဟု အကြောင်းပြသည်ကို ရှိတ်ဂမယ်တာဖတ်က လုံးဝ မယုံကြည်ချေ။ တစ်ဖန် ဝင်းတားတစ်ယောက် ပဲရစ်သို့ ပြန်သွားပြီဟု အာမက်ရီးယဒ်က ပေးပို့သော သတင်းကိုလည်း သူ မရရှိသေး။ သူက သူ့ကိုယ်သူ နှစ်သိမ့်ဖျောင်းဖျလိုက်သည်။ စိတ်ရှည်ရှည် ထားစမ်းပါ။ မကြာခင် သတင်းကောင်းတွေကို ကြားရမှာပါ ဟူ၍. . .။

❑

ဗြိတိသျှ ရေနံတင်သင်္ဘောကြီးကို ပြန်ပေးဆွဲသော သတင်းမှာ ကမ္ဘာအရပ်ရပ်တွင် မျက်နှာဖုံးသတင်းအဖြစ် မင်းမူနေသည်။ အစွရေးနိုင်ငံကမူ ထိုသတင်းကို သတိပြုမိကြရုံမျှသာမက ရှိတ်ဂမယ်တာဖတ်တစ်ယောက် လူအတွေ့မခံဘဲ မြေလျှိုးသွားသည်မှာ ဤကိစ္စနှင့် တစ်နည်းတစ်ဖုံ သက်ဆိုင်လိမ့်မည်ဟု ယူဆနေကြလေသည်။ ရေရေရာရာ တိတိကျကျ မပြောနိုင်သေးဘဲ စောင့်ကြည့် အကဲခတ်နေကြရသော အချိန်ပင်တည်း။

❑



သူတို့ သုံးယောက်စလုံးသည် တစ်ယောက်ကို တစ်ယောက် မမြင်ရလောက်အောင် ပိန်းပိတ်မှောင်နေသော မြူနှင်းထုကြီးက ဝါးမျိုထားသည်ကို ခံနေကြရသည်။ သူတို့၏ ခြေထောက်များသည် ပိုက်ကွန်ကြီး၏ အောက်ပိုင်းရှိ ကြက်ခြေခတ် ကြိုးထုံးတန်းပေါ်တွင် ကိုယ်ကို ထိန်း၍ နင်းထားကြရပြီး သူတို့၏ လက်များက ခေါင်းပေါ်ရှိ ပိုက်ကွန်ကို ဆွဲကိုင်ထားကြရသည်။ သူတို့သည် ဒီလစ်စလီ ကာဘိုင်သေနတ်များကို ကိုယ်စီ လွယ်ထားကြပြီး ဒသမ ၄၅ ဗို့ ခြောက်လုံးပြူးများကို ခါးတွင် ချိတ်ဆွဲထားကြသည်။ ဓားမြှောင်များကိုလည်း ခါးကြားထဲတွင် ထည့်ထားကြသည်။ ဝင်းတား၏ ခါးထဲတွင် မီးခိုးဗုံးသေနတ်တစ်လက် အပိုပါလာသေးသည်။ သူတို့သုံးဦးကို ထည့်လာသည့် ပိုက်ကွန်ကြီးကလည်း ဒယိမ်းဒယိုင် ဟိုယမ်းဒီယမ်း ဖြစ်လာသည်။ သူတို့သည် အပေါ်ကိုလည်း မမြင်ရ၊ အောက်ကိုလည်း မမြင်ရ၊ ဘေးပတ်ပတ်လည်ကိုလည်း မမြင်ရ၊ နှင်းတွေက လွှဲလျှင် ဘာကိုမျှ မမြင်ကြရချေ။

သူတို့၏ ရင်ဘတ်နှင့် ကျောကုန်းတို့သည် ပိုက်ကွန်နှစ်ဖက်အကြားတွင် ညပ်နေသည်။ အပေါ်တွင် လေဟာပြင်နှင့် နှင်းမြူထု၊ အောက်ဘက်တွင် ရေပြင်ကျယ်ကြီးတို့သာ ရှိသည်။ ဝန်ချီစက် မောင်းနှင်သူက သူတို့ကို တစ်စက္ကန့်လျှင် တစ်ပေနှုန်း၊ တစ်မိနစ်လျှင် ပေ ၆၀ နှုန်းနှင့် အောက်ဘက်သို့ ချပေးနေသည်။ သူတို့ကို ရေပြင်ပေါ်မှ ပေ ၂၀ အကွာသို့ ရောက်သည်အထိ လျှော့ချပေးရမည်။ သို့မှသာ သူတို့ဆီသို့ မမြင်ရ မကြားရဘဲ ဦးတည်လာနေသော ရေနံတင်သင်္ဘော ဦးပိုင်းနှင့် လွတ်လွတ်ကင်းကင်း ရှိလိမ့်မည်။ အကယ်၍သာ ဝန်ချီစက်မောင်းသူက အချိန်အဆ မှား၍ ရေပြင်မှ ၃၆ ပေ အမြင့်အထိ လျှော့ချပေးခဲ့သော် သူတို့ဆီ လာနေသော သင်္ဘောကြီးက အရှိန်မပြင်းသော်လည်း ရထားကြီးနှင့် ဝင်အတိုက်ခံလိုက်ရသလို သူတို့ကို ဝင်တိုးမိမည်မှာ သေချာသည်။ သူတို့သည် ဝင်တိုက်ခံရသည့် အရှိန်ကြောင့် ပြားချပ်သွားမည် ဖြစ်ပြီး ပိုက်ထဲမှ ပြုတ်ကျ၍ သူတို့ကိုယ်ပေါ် သင်္ဘောကြီး ခုတ်မောင်းသွားသည်ကို ခံကြရပေတော့မည်။

သူတို့လူစုသည် အောက်ဘက်သို့ ဆက်ကျနေဆဲပင်။ အမှန်တို့ တိတိကျကျ ပြောရသော် ၃ မိနစ်တိတိ ကြာမြင့်မည်။ ဒါကလည်း ဝန်ချီစက် မောင်းနှင်သူက မမှားမယွင်းအောင် အောက်သို့ ချပေးနိုင်ပါမှ။ မြင်တွေ့သဲ့ဘွင် ညပ်နေပြီး မျက်နှာတစ်ပြင်လုံး ချွေးပြန်နေသော ဝင်းတားက [illegible]

www.burmeseclassic.com



မြင်နိုင်သော လက်ပတ်နာရီ လက်တံကို မရမက ကြိုးစားပြီး ကြည့်လိုက်၏။ ၂ မိနစ် ကျန်သေးသည်။

သူတို့လူစုသည် ထုံကျဉ်နေသော လက်ဖဝါးများနှင့် ပိုက်ကွန်ကို ဆွဲကိုင်ရင်း ပိန်းပိတ်အောင်ထူသော နှင်းတောထဲသို့ လျှောကျနေဆဲပင်။ ဝန်ချီစက်မှ စက်ကိရိယာ ချို့ယွင်းသွားသည့်အလား သူတို့လူစုသည် အောက်ဘက်သို့ ကြောက်စရာကောင်းလောက်အောင် လျှောကျနေကြဆဲပင်။ ပြီးတော့လည်း ကြိုတွက်ထားသည့်ထက် ပိုက်ကွန်က ပိုပြီး ယိမ်းယိုင်လှုပ်ရှားနေသည်မှာ ဆိုးရွားလှသည်။ သို့သော် ထိုကဲ့သို့ မယိမ်းအောင် ပိုက်ကွန်နှင့် သံချိတ်ကြီး အကြားတွင် လေးလေးပင်ပင် ခဲသီးကြီးတစ်ခုကို ဆွဲထားသေးသည်။ သူတို့လူစုသည် ရှေ့မှ နောက်၊ နောက်မှ ရှေ့သို့ လွှဲနေသော ဒန်းကြီးတစ်ခုပေါ်တွင် စီးနေရသည့်အလား အသူတစ်ရာနက်သော ဟင်းလင်းပြင်ထဲသို့ ဆက်လက် ကျဆင်းနေဆဲပင်။

ဝင်းတာ၏ ပါးစပ်နှင့် တည့်တည့် ပိုက်ကွန်ပေါ်တွင် ဝေါကီတော်ကီ (ခရီးတို အသံလွှင့်စက်) တစ်ခုကို အသင့် တပ်ဆင်ပေးထားသည်။ ထိုဝေါကီ တော်ကီမှတစ်ဆင့် သူတို့၏ အပေါ်ဘက် တိမ်တိုက်များအကြားရှိ ဝန်ချီစက် မောင်းနှင်သူနှင့် အဆက်အသွယ် ပြုလုပ်နိုင်မည် ဖြစ်သည်။ အကယ်၍ သူတို့အတွက် အန္တရာယ်ဖြစ်မည့် ကိစ္စတစ်ခုခု မြင်ခဲ့သော် အချိန်မနှောင်းမီ ဝန်ချီစက်မောင်းသူထံ အော်ပြောနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ ရေဒါစက် ကလည်း ဆံခြည်တစ်ဖျား မလွဲအောင် တိကျသည်။ မက်ကေးကလည်း သဘော်ကို မောင်းနှင်ရာတွင် တစ်ဖြောင့်တည်း မောင်းတတ်သူ၊ မောင်းလေ့ ရှိသူ ဖြစ်သည်။ ရေနံတင်သဘော်ကြီး၏ အနံကလည်း ပေ ၁၀၀ ထက် မနည်း ကျယ်ဝန်းသည်။ ထို့ကြောင့် သူတို့အားလုံး သဘော်ကြီးပေါ်သို့ တည့်တည့် ရောက်နေကြမည်မှာ သေချာသည်။ သို့သော် အောက်သို့ လျှောကျနေသော ကိစ္စသည် ဘယ်အချိန်ကျမှ ပြီးဆုံးပါမည်နည်း။ ဝင်းတာက သူ့လက်ပတ်နာရီ ကို ကြိုးကြိုးစားစား ကြည့်မိပြန်၏။ ၁၀ စက္ကန့် ကျန်သေးသည်။ ပြီးတော့ သူတို့လူစုသည် ဓာတ်လှေကားကြီးလို လျှောကျနေဆဲပင်။ ဝန်ချီစက်မှ မေ တွက် ကိရိယာသည် ရုတ်တရက် ချို့ယွင်းပျက်စီးသွားလေပြီလား။ သူတို့လူစု သည် အောက်ဘက်သို့ လျှောကျနေဆဲပင်။

❑



လီကက်က ကြိုတင်ကာကွယ်မှု နှစ်မျိုး ကြိုလုပ်ထားသည်ကို ရွှေတံခါး တံတားပေါ်မှ လူစုသည် မသိလိုက်ကြချေ။ လီကက်က ဦးမိုင်း ရှုတ်တိုင်ထိပ် ၌ အစောင့်လူဆိုး တစ်ယောက်ကို ဝေါကီတော်ကီတစ်လုံးနှင့် တာဝန်ချထား သည်။ ပြီးတော့ သဘော်ကြီး၏ ဦးပိုင်း ထိပ်ဖျားတွင်လည်း လူဆိုးတစ်ယောက် ကို စောင့်ကြည့်ရန် တာဝန်ပေးထားသည်။ ယခု ရွှေတံခါး တံတားကြီးဆီသို့ ဦးတည် ခုတ်မောင်းလာနေစဉ် ထိုလူဆိုးနှစ်ယောက်က ရှေ့တည့်တည့်ရှိ နှင်းမြူ ထဲသို့ မျက်စိကို အစွန်းကုန် ပြူး၍ စိုက်ကြည့်လာကြသည်။

ပွဲစင် ပြတင်းပေါက်နား၌ ဝေါကီတော်ကီတစ်လုံးကို ကိုင်ရင်း မတ်တတ် ရပ်နေသူ လီကက်သည် အရာရာကို စိတ်တိုနေသည်။ သူ့ကို စိတ်တိုစေသည့် ကိစ္စဝိစ္စကလည်း များပြားလှသည်။ စည်းကမ်းအရ ၂ မိနစ်လျှင် တစ်ကြိမ်ကျ အချက်ပေး ဥသြရှည်ကြီး ဆွဲဆွဲလာရသည်ကိုလည်း သူ မကြိုက်။ ပြီးတော့ မယုံကြည်စရာ ကောင်းလောက်အောင် နှေးကွေးလှသော သဘော်၏ အရှိန်ကို လည်း သူ သဘောမကျ။ သူက မက်ကေးကို ဝေါက်ဆတ်ဆတ် ပြောလိုက်သည်။

"ဒီသဘော်ကလည်း သွားနေတယ်လို့တောင် မထင်ရတော့ဘူး ဘာပြုလို့ ပက်ကျိလို သွားနေရသလဲ ဆိုတာကို ကျုပ် လုံးဝနားမလည်နိုင်ဘူး"

"နှင်းကျနေလို့"

သို့သော် မက်ကေး၏ အဖြေစကားက လီကက်ကို နှစ်သက်မှု မပေး နိုင်ချေ။ သူ့ခန့်မှန်းချက်အရ သူတို့သဘော်သည် စောစောပိုင်းက သဘော်ချွင်း တိုက်သည် ဆိုသော နေရာသို့ ရောက်နေပြီဟု သူ ထင်သည်။ သူက ထိုသဘော် ကြီးများကို တခြားသို့ ယူမှသွားပါလေစ။ ထိုသဘော်ကြီးများကို ထိုနေရာမှာပင် ထားခဲ့ခြင်းဖြင့် ရေနံတင်သဘော်ကြီးက ဝင်တိုက်ခဲ့ပြီး နစ်မြုပ်သွားခဲ့လျှင် မတော်တဆ ဖြစ်တာဟု အကြောင်းပြ၍ ပြဿနာ အလိုလိုဖြေရှင်းပြီးသား ဖြစ်အောင် လုပ်ကြလေသလား မသိ။ သို့သော် ထိုကိစ္စကို လီကက်တစ်ယောက် စိတ်ပူစရာ မလိုပါ။ ညနေ နေဝင်ရီတရောက အဆိုပါ သဘော် ၃ စင်းကို ဆန်ဖရန်စစ္စကို ပင်လယ်အော်၏ အရှေ့ဘက်ကမ်းဆီသို့ သယ်ယူသွားကြပြီး ဖြစ်သည်။

မက်ကေးသည် လီကက်ကို ကျောခိုင်းရင်း ပဲ့ကိုင်ဘီးအနား၌ သွား ရပ်နေသည်။ ထိုအချိန်တွင် ပဲ့ကိုင်ဘီးကို လက်နှင့် ကိုင်၍ ငြိမ်နေသည့်အခြင်း ဖြစ်ပြီး အင်ဂျင်စက်သံကလည်း ခပ်နှေးနှေး ခပ်မှန်မှန်ပင်။ ဓော်ဓော

www.burmeseclassic.com



ရေဒါစက်၏ ဒိုင်ခွက်ကို ငုံ့ကြည့်နေစဉ် လီကက်က ဦးပိုင်းရှက်တိုင်ထိပ်ရှိ အစောင့်လူဆိုးအား ဝေါကီတော်ကီနှင့် လှမ်းမေးလိုက်သည်။

"အင်ဒရီ၊ တံတားကြီးကို မမြင်ရသေးဘူးလား"

"နှင်းတွေကလွဲရင် ဘာကိုမှ မမြင်ရသေးဘူး။ အဲ. . . အဲ. . . ခဏနေဦး ရှေ့ဘက်က လှုပ်လှုပ်ရွရွ တစ်ခုကို မြင်လိုက်ရတယ်"

အင်ဒရီက အဝေးကြည့်မှန်ပြောင်းကို မျက်စိနှင့် ထိကပ်ထားလိုက်၏။

ရုတ်တရက် နှင်းထု ပါးသွားသောကြောင့် တံတားကြီးပေါ်တွင် လှုပ်လှုပ်သွားလာနေကြသော ကားမီးရောင်များကို မြင်နေရသည်။

အင်ဒရီက ဝမ်းသာအားရ အော်လိုက်၏။

"တံတားကြီးကို မြင်ရပြီဗျို့၊ တံတားကြီးကို မြင်နေရပြီ၊ တံတားကြီးနဲ့ နီးလာပြီ"

လီကက်က မေးလိုက်၏။

"ဘယ်လောက်အထိ နီးနေပြီလဲ"

ဤတွင် ရေဒါစက်ဒိုင်ခွက်ကို ကြည့်နေသော မက်ကေးက ဝင်ပြောလိုက်သည်။

"ပေ ၃၀၀ ပဲ လိုတော့တယ်၊ ကျုပ်တို့ တစ်မိနစ် နှစ်မိနစ်အတွင်း တံတားအောက်က ဖြတ်သွားရတော့မယ်"

❑

အရပ်ဝတ်အရပ်စား ဝတ်ထားသော ရဲသားများ မောင်းနှင်သည့် ကားအနည်းငယ်သည် တံတားကြီးပေါ်၌ ဟိုဘက်မှ ဒီဘက်သို့ ခေါက်တုံ့ခေါက်ပြန် မောင်းနှင်နေကြသည်။ မြို့တော်ဝန် ပရက်တီသည် အအေးဒဏ်ကို ကာကွယ်နိုင်အောင် အပေါ်ဝတ် ကုတ်အင်္ကျီ အထူကြီးတစ်ထည်ကို ဝတ်ဆင်ရင်း သံလက်ရန်းတန်းပေါ်မှ ကျော်၍ အောက်မှ ဖြတ်သွားမည့် သင်္ဘောကြီးကို မြင်ရလိုမြင်ငြား ငုံ့ကြည့်နေသည်။ လရောင်သည် တိမ်တိုက်ကြီးပမာ ရွေ့လျားနေသော နှင်းမြူထုကြီးပေါ်တွင် လင်းထိန်အောင် သာနေသည်။ သူသည် ထိုနှင်းထုကြီးထဲသို့ ထိုးဖောက်ဝင်ရောက်နေသော ဝန်ချီစက်၏ ကြိုးစမှအပ အခြား ဘာကိုမျှ မမြင်ရချေ။



ရေတပ်မတော်မှ တပ်မတော်သား တစ်ယောက်သည် ကားထဲမှ ထွက်လာပြီး ဝန်ချီစက်နားတွင် ရပ်နေသော ဘုရင်ခံမက်ဂိုဝမ်ထံ အပြေးအလွှား သွား၍ သတင်းပို့သည်။

"တံတား တိုင်ထိပ်မှာ တက်ကြည့်နေတဲ့ အစောင့်က အခုဝဲ ရေဒီယို တယ်လီဖုန်းနဲ့ ဆက်ပြောတယ်၊ နှင်းနည်းနည်းကွဲသွားလို့ လှမ်းကြည့်လိုက်တော့ သင်္ဘောဦးပိုင်း ရှက်တိုင်ထိပ်မှာ အစောင့်တစ်ယောက် ပါလာတယ်လို့ သူ ထင်တယ်တဲ့"

မက်ဂိုဝမ်သည် ဝန်ချီစက်မောင်းနှင်သူ ရှိရာသို့ တွယ်တက်သွားရင်း–

"သူတို့ကို သတိပေးလိုက်၊ သင်္ဘောဦးပိုင်း ရှက်တိုင်ပေါ်မှာ စောင့်ကြည့်နေတဲ့လူ ပါလာတယ်လို့"

ပေတွက်ကိရိယာကို စိုက်ကြည့်နေသော ဝန်ချီစက် မောင်းသူက မက်ဂိုဝမ်၏ စကားကို ကြားသော်လည်း အဖြေပြန်မပေးသေးချေ။ ပေ ၁၇၀၊ ပေ ၁၇၅၊ ပေ ၁၈၀။ သူက စက်ကို ရပ်လိုက်ပြီး ဝေါကီတော်ကီထဲသို့ ပြောလိုက်သည်။

"ဝင်းတား၊ ခင်ဗျားတို့ အခု ရေပြင်ပေါ်က ပေ ၂၀ အမြင့်မှာ ရောက်နေပြီ၊ ဒါ့ထက် ပိုပြီး နိမ့်ချပေးစေချင်ရင် ဒီကို လှမ်းပြောပေတော့၊ ပြီးတော့ ခုပဲ သတင်းတစ်ခု ရတယ်၊ ဦးပိုင်းရှက်တိုင်ထိပ်မှာ အစောင့်တစ်ယောက် ပါလာတယ်တဲ့"

ဝန်ချီစက်မောင်းသူသည် 'နားထောင်' ဆိုသော ခလုတ်ကလေးကို ဖြန်နှိပ်လိုက်ပြီး အလေးချိန်ပြ ဒိုင်ခွက်ကို မမှိတ်မသုန် ကြည့်နေသည်။ သူ့အဖို့ အရေးကြီးသော အလုပ်တစ်ခုကို လုပ်ဖို့ ကျန်သေးသည်။ ဒိုင်ခွက်ထဲတွင် လူ ၃ ယောက်၏ ကိုယ်အလေးချိန်နှင့် ညီမျှသော ပေါင် ၅၀၀ ခန့် လျော့နည်းသွားသည်နှင့် တစ်ပြိုင်နက် ထိုပိုက်ကွန်ကို အပေါ်သို့ ကပျာကယာ ပြန်ဆွဲတင်ရန် လိုသေးသည်။ ထိုအချိန်တွင် တိုက်ခိုက်ရေးအဖွဲ့ငယ်သည် သင်္ဘောပေါ်သို့ ရောက်နေလောက်ပြီ။ ဒါမှမဟုတ် ရေထဲသို့ ကျချင် ကျသွားလိမ့်မည်။

❑

www.burmeseclassic.com

www.burmeseclassic.com



"ဦးပိုင်းရှက်တိုင်ထိပ်မှာ အစောင့်တစ်ယောက် ပါလာတယ်တဲ့"

ဟုတ်တာပေါ့။ ဒါ.တို့ ကြိုမတွေးမိတဲ့ အချက်တစ်ချက်ပဲဟု ဝင်းတားက စိတ်ပျက်လက်ပျက် တွေးလိုက်မိသည်။ ပိုက်ကွန်ထဲတွင် သူ့ညာဘက်၌ ကတ်ဆဒီ၊ ဘယ်ဘက်၌ ဆူလီဗန်၊ သူက အလယ်မှာ ပခုံးချင်း ထိလျက်သား ရှိနေကြသည်။ ယခုအချိန်တွင် ပိုက်ကွန်ကြီးသည် လေထဲ၌ အနည်းငယ် ယိမ်းထိုးနေသည်။ သူတို့ကို နှင်းမြူထုက ဝါးမျိုထားသောကြောင့် ပဲဟင်းပျစ်ပျစ်ထဲတွင် ရောက်နေသူများပမာ ဘာကိုမျှ မမြင်ရချေ။ အောက်ဘက် ပေ ၂၀ အကွာတွင် ရှိသော ရေပြင်ကိုလည်း မမြင်ရပါ။ ခပ်လှမ်းလှမ်းဆီမှ အချက်ပေးဥဩဆွဲသံကိုသာ ကြားနေရသည်။ လေကလည်း မတိုက်ချေ။ ကြောက်စိတ်ကြောင့် ချွေးပြန်ချင်သလိုလို ဖြစ်လာသည်။

ဝင်းတားက ကတ်ဆဒီကို ခပ်တိုးတိုး ပြောလိုက်၏။

"ဦးပိုင်း ရှက်တိုင်ပေါ်မှာ အစောင့်လူဆိုးတစ်ယောက် ပါလာတယ်တဲ့၊ ကျုပ်တို့ ခုန်ချမယ့်နေရာနဲ့ တော်တော်လေး နီးတယ်"

ကတ်ဆဒီက ဖြေသည်။

"သူ့ကို သေနတ်နဲ့ ပစ်လို့ မဖြစ်ဘူး၊ ပွဲစင်ပေါ်က လူတွေ သိကုန်ရင် ကျုပ်တို့ အနားတောင် သီနိုင်တော့မှာ မဟုတ်ဘူး"

ဝင်းတားက ထပ်ပြောသည်။

"ဦးပိုင်းမှာ လက်သမားစတိုခန်း ရှိတယ်၊ အဲဒီအခန်းထဲမှာ ခဏတော့ ဝင်ပုန်းကြရလိမ့်မယ် ထင်တယ်၊ ကျုပ် ပြောတာ ကြားတယ် မဟုတ်လား ဆူလီဗန်"

"သိပ်ကြားတာပေါ့ဗျာ"

ဆူလီဗန်၏ အသံတွင် စိတ်ဓာတ်တက်ကြွမှု မပါလှချေ။

ဝင်းတားက နာရီကို ထပ်ကြည့်ပြန်သည်။ ဒီသောက်သင်္ဘောကြီးသည် သူတို့အောက်သို့ ရောက်ဖို့ ကောင်းပေပြီ။ သို့သော် သူက ဘာမျှ တတ်နိုင်ဦးမှာလဲ၊ အချက်ပေးဥဩသံက သူ့နားထဲသို့ ရူးရူးရှူးရှူး တိုးဝင်လာသည်။ သူက အောက်သို့ ငုံ့ကြည့်လိုက်၏။ ဘာကိုမျှ မမြင်ရပါကလား။ စက္ကန့်ပိုင်းအတွင်း သင်္ဘောကြီး ရောက်လာတာကို သူတို့ သိရမည်။ အချက်ပေးဥဩသံက နားကွဲမတတ် ဆူညံလာသဖြင့် သူတို့နှင့် တော်တော်ကလေး နီးနေပြီဟု ထင်သည်။ ဒီသောက်သင်္ဘောကြီး အရေးထဲမှာ ဘယ်ရောက်နေပါလိမ့်။

"ကဲ. . . ခုန်တော့ဗျို့၊ ခုန်ချလိုက်တော့"



တကယ်ကတော့ နှင်းမြူထုသည် သူတို့ ထင်သလောက် မထူထပ်လှချေ။ သူတို့ အောက်ဘက် ၆ ပေခန့်အကွာတွင် လှုပ်ရှားနေမှုကြောင့် ဝါးတားတားဖြစ်နေသော သံကုန်းပတ်မကြီးကို ရိပ်ခနဲ ရိပ်ခနဲ မြင်လိုက်ရ၏။ ဝင်းတားက လူတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်ဟု ထင်လိုက်သည်။ သို့သော် ထိုလူသည် ရုတ်တရက် ပျောက်ကွယ်သွားပြန်သည်။ ထို့နောက် သူကိုယ်တိုင်လည်း အခြားသူများနည်းတူ ခုန်ချလိုက်ရသည်။

ဝန်ချီစက်ထဲရှိ အလေးချိန်ပြ ကိရိယာတွင် ပေါင် ၄၉၀ လျော့နည်းသွားကြောင်း မြားကလေးက ပြသည်။ သွားကြပြီ။ ထို့ကြောင့် ဝန်ချီစက်မောင်းသူက ခလုတ်တစ်ခုကို နှိပ်လိုက်၏။ ဝင်းတားတို့ စီးနင်းသွားသော ပိုက်ကွန်သည် အပေါ်ဘက်သို့ အမြန်ဆုံးနှုန်းနှင့် တစ်ဟုန်ထိုး ပြန်တက်လာသည်။ သူက မက်ဂိုဝမ်ကို အော်ပြောလိုက်၏။

"သူတို့ ဆင်းသွားကြပြီ"

ဝင်းတားသည် လေထီးစစ်သားတစ်ယောက်လို ကုန်းပတ်နှင့် ဆောင့်မိသော်လည်း မနာအောင် ကုန်းပတ်ပေါ်တွင် နှစ်ပတ် သုံးပတ် လိမ့်ပစ်လိုက်သည်။ သို့တိုင်အောင် သူ့ပခုံးသည် သင်္ဘော ဘယ်ဘက်ရှိ သံလက်ရန်းတန်းနှင့် ဝင်ဆောင့်မိသေးသည်။ သူ မတ်တတ်ရပ်မိသောအခါ သူ့လက်ထဲ၌ ဓားမြှောင် အဆင်သင့် ရောက်နေလေပြီ။ သူ့ရှေ့တွင် ခေါင်းစွပ်ထားသူတစ်ဦး နှင်းမြူထဲမှ ခပ်ဝါးဝါး ပေါ်ထွက်လာသည်။ အကြမ်းဖက် လူဆိုးတစ်ဦးပါလား။ သို့သော် လူဆိုး၏ နောက်ဘက်ရှိ ကတ်ဆဒီက သူ့ပါးစပ်ကို လက်ဝါးနှင့် လှမ်းအုပ်လိုက်သဖြင့် သူ့ခေါင်း နောက်ဘက်သို့ ခပ်မော့မော့ ဖြစ်သွားသည်။ ဝင်းတားသည် တွန့်လိမ်ရုန်းကန်နေသော လူဆိုး၏ ရင်ဘတ်ထဲသို့ ဓားမြှောင်နှင့် စိုက်ချလိုက်၏။ လူဆိုးတစ်ယောက်တော့ ကြွလေပြီ။ ဆူလီဗန်နှင့် ကတ်ဆဒီတို့သည် ထိုလူဆိုး၏ ခန္ဓာကိုယ်ကြီးကို မ,၍ သံလက်ရန်းတန်းပေါ်မှ အပြင်ဘက်သို့ တွန်းချလိုက်သည်။ သို့သော် ရေထဲသို့ ဗုန်းခနဲ ကျသွားသံကို မကြားလိုက်ရချေ။ ဝင်းတားသည် ထိုလူဆိုး လက်ထဲမှ လွတ်ကျသွားသော စကော်ပီယံ သေနတ်ကို သံလက်ရန်းတန်း ဘေးမှာပင် ချထားလိုက်သည်။ သို့မှ သူ ရေထဲသို့ လိမ့်ကျသွားသည်ဟု ထင်ပေလိမ့်မည်။

ဝင်းတားက ခပ်တိုးတိုး ပြောလိုက်သည်။

"နှင်းကွဲစ ပြုလာပြီ၊ ကဲ. . . ကျုပ်နောက်က ကပ်ပြီး လိုက်ခဲ့ကြပေတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဟိုဦးပိုင်းရှက်တိုင်ပေါ်က လူဆီမှာ ဝေါကီတော်ကီ ရှိချင် ရှိမယ်၊ နှင်းကလည်း ပါးတော့ ရှက်တိုင်ကို ဖြတ်သွားလို့ မဖြစ်သေးဘူး"

ကတ်ဆီက သဘောတူသည်။

ဝင်းတားက အံဖုံးတံခါးကို ကြိုးစားပမ်းစား ဖွင့်နေစဉ် ကတ်ဆဒီက ဦးပိုင်းရှက်တိုင်ဆီသို့ စိုးရိမ်တကြီး လှမ်းကြည့်နေသည်။ နှင်းကွဲစပြုလေပြီ။ ရှက်တိုင်၏ ထိပ်ဖျားပိုင်းကို မမြင်ရသေးသော်လည်း ရှက်တိုင် ခြေရင်းကို စတင်မြင်နေရပြီ ဖြစ်၍ ကတ်ဆဒီက ကျိန်ဆဲလိုက်သည်။

"ဝင်းတား ဆိုတဲ့ ငတိကလည်း ကြာလိုက်တာ"

ထိုအချိန်တွင် ဝင်းတားသည် အံဖုံးတံခါးမှ တကျွိကျွိ မြည်သံ ထွက်မလာအောင် ခပ်ဖြည်းဖြည်း မ,နေခြင်း ဖြစ်သည်။ ဆီကောင်းကောင်း ထည့်ထားသဖြင့် အသံ လုံးဝမမြည်ချေ။ အံဖုံး ဖွင့်သွားသောအခါ ကတ်ဆဒီနှင့် ဆူလီဗန်တို့ကို အရင်ဆင်းခိုင်းပြီးမှ သူက နောက်ဆုံးမှ ဆင်းသည်။ ထို့နောက် အံဖုံးတံခါးကို အဆုံးအထိ ပြန်မပိတ်သေးဘဲ အနည်းငယ် ဟထားပြီး အပြင်သို့ ချောင်းကြည့်လိုက်၏။ နှင်းကွဲသွားပြီ ဖြစ်သော်လည်း ပွဲစင်ကို မမြင်နိုင်သေးချေ။ ဦးပိုင်းရှက်တိုင်ကတော့ တစ်ခုလုံး ပေါ်လာလေပြီ။ ဦးပိုင်းရှက်တိုင်ထိပ်၌ ရှိနေသူသည် အဝေးကြည့် မှန်ပြောင်းနှင့် တောင်ဘက် အရပ်ဆီသို့ စူးစူး စိုက်စိုက် ကြည့်နေကြောင်း မြင်လိုက်ရသည်။ ဝင်းတားက အံဖုံးတံခါးကို ဖြည်းညင်းစွာ ပြန်ပိတ်လိုက်သည်။

❑

ချဲလင်ဂျာသင်္ဘော ပွဲစင်ပေါ်၌လည်း လီကက်သည် မက်ကေးနှင့် ပြင်းပြင်းထန်ထန် ငြင်းခုံနေကြသည်။ ထိုအချိန်တွင် ချဲလင်ဂျာသည် အယ် ကာထရက်စ်ကျွန်းဆီသို့ ဦးတည် ခုတ်မောင်းနေဆဲ ဖြစ်သည်။

"ဒီမှာ လီကက်၊ ဒီသင်္ဘောက ပင်လယ်အော်ရဲ့ အရှေ့ဘက်မှာရှိတဲ့ 'ရစ်ချမွန်'နားက အိုလီယမ် ရေနံတင်သင်္ဘောဆိပ်ကို သွားရမှာ၊ ကျွန်တော် နှ်ဖရန်စစ္စကိုနားမှာ မရပ်နိုင်ဘူး"

"ဒါဆိုရင် ခင်ဗျားရှေ့မှာပဲ ဘင်းနက်ကို ပစ်သတ်ရတော့မှာပေါ့ထေ"



လီကက်က အစောင့်လူဆိုး တစ်ယောက်အား ဘင်းနက်ကို သွားခေါ် ခိုင်းလိုက်သဖြင့် ဒုတိယအရာရှိ ဘရိုင်ရန်ဝေါ့ရ်ှတစ်ယောက် တံတွေးမျိုချလိုက် မိရှာသည်။ သို့သော် မက်ကေးက ကန့်ကွက်သောကြောင့် ထိုလူဆိုးကို ခဏ ပြန်တားထားလိုက်ပြန်သည်။

"ခင်ဗျားက လူတစ်ယောက်ကို အခုလို လွယ်လွယ်ကလေးနဲ့ မသတ် သင့်ဘူး။ ဒါ သိပ်ကို လူမဆန်တဲ့ ကိစ္စပဲ"

"ဒါကတော့ ဘင်းနက်ကို ခင်ဗျား သတ်တာပါ၊ ခင်ဗျားက သူ မသေအောင် လုပ်နိုင်တဲ့ လူပဲ၊ လာ ကျုပ်နဲ့ လိုက်ခဲ့"

လီကက်က မက်ကေးကို မြေပုံခန်းထဲသို့ ခေါ်သွားပြီး စားပွဲပေါ်၌ အသင့်ရှိနေသည့် မြေပုံတစ်ချပ်ကို လက်ညှိုးထိုးပြလိုက်သည်။

"ခင်ဗျားက ဟောဒီ ကြက်ခြေခတ် ပြထားတဲ့ နေရာမှာ သင်္ဘောကို ရပ်ပေးရမယ်"

ထိုကြက်ခြေခတ် အမှတ်အသားကို ဝင်းတား သင်္ဘောပေါ်က မပြန်မီ မှတ်သားပေးထားခဲ့ခြင်း ဖြစ်သည်။

"ကျုပ်က သဘောမတူရင် ဘာဖြစ်လာမလဲ ဆိုတာကိုတော့ ကြိုသိ ထားစေချင်တယ်"

"ကျုပ်က သက်ဆိုင်ရာတွေနဲ့ ဆွေးနွေးတဲ့အခါ ပိုလွယ်အောင် ကမ်းနဲ့ နီးနီးနားနား နေချင်တာ၊ အဲ.. ကျုပ်တို့ရဲ့ တောင်းဆိုချက်ကို လက်ခံလိုက်ပြီ ဆိုတဲ့အခါကျတော့ ကျုပ်တို့အားလုံး ဟောဒီ သင်္ဘောဆိပ်ကို ကူးသွားကြမယ်၊ အဲဒီအခါကျတော့ သူတို့ အဆင့်ဆင့် စီစဉ်ပေးထားတဲ့ မော်တော်ကား တစ်စီးနဲ့ လေဆိပ်ကို သွား၊ ဟိုကျတော့ ကျုပ်တို့အတွက် စီစဉ်ထားတဲ့ လေယာဉ်ပျံနဲ့ ဒမတ်စကပ်စ်ကို ဆက်သွားကြမှာ၊ ကဲ ရှေ့ဖြစ်လာမယ့် ကိစ္စတွေကို ခင်ဗျား သိပြီ မဟုတ်လား၊ ကျုပ် ပြောသလို မြန်မြန် လုပ်ပေးစမ်းပါဗျာ၊ ကျုပ်ကလည်း ဘယ်သူ့ကိုမှ သေနတ်နဲ့ မပစ်ချင်ပါဘူး၊ အလကားနေရင်း ရှုပ်ကုန်လိမ့်မယ်"

သူက စကားပြောနေစဉ် မက်ကေး၏ မျက်နှာထားကို အကဲခတ်နေ သည်။ သူ့ ပြောစကားကို မက်ကေးက ယုံကြည်သွားပုံရသည်။

မက်ကေးက ကြက်ခြေခတ်ထားသည့် နေရာကို လက်ညှိုးနှင့် ထောက်ရင်း ထပ်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီနေရာလား၊ ဒါဆိုရင် ဆန်ဖရန်စစ္စကို သဘော်ာဆိပ်နဲ့ မိုင်ဝက်လောက်တောင် မဝေးတော့ဘူး"

"သိပ်ဟုတ်တာပေါ့၊ ကဲ.. ကျုပ်က ဘင်းနက်ကို ပွဲစင်ပေါ် ခေါ်ပြီး ပစ်မသတ်ခင် ကျုပ် နိုင်းတာကို ခင်ဗျား လုပ်မလား၊ ကျုပ်တို့အတွက် အချိန် သိပ်မရှိတော့ဘူး၊ ကျုပ်ကလည်း သိပ်သည်းညည်းခံချင်စိတ် မရှိတော့ဘူး"

မက်ကေးသည် ဘာမှ ပြန်မပြောတော့ဘဲ ပွဲကိုင်သမားထံ သွားပြီး ညွှန်ကြားချက် ပေးလိုက်သည်။ ထို့နောက် ပွဲစင်ရှေ့ပိုင်းရှိ ပြတင်းပေါက်မှ လက်နှစ်ဖက်ကို နောက်ပစ်ရင်း သဘော်ာဦးပိုင်းဆီသို့ ငေးကြည့်နေသည်။ သူ ကြည့်နေသည့် နေရာ အောက်ဘက်တွင် လက်သမားစတိုခန်း ရှိသည်ကို တစ်ချက်ကလေးမှ မတွေးမိဘဲ လှမ်းကြည့်နေမိခြင်း ဖြစ်သည်။

❑

# – တစ်ဆယ့်ရှစ် –

ပင်လယ်အော်ထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် အရှိန်မြင့်၍ ခုတ်မောင်းလာသော ချဲလင်ဂျာသည် နံနက် ၃ နာရီထိုးတွင် ဆန်ဖရန်စစ္စကိုသဘော်ာဆိပ် အမှတ် ၃၁ နှင့် တည့်တည့် မိုင်ဝက်ခန့် အကွာတွင် ကျောက်ချပြီး ရပ်နားလိုက်သည်။ လီကာက်က သူနှင့် ဘုရင်ခံ မက်ဂိုဝမ်တို့ တိုက်ရိုက်ဆက်သွယ် ပြောကြားနိုင်သော ရေဒီယိုတယ်လီဖုန်းတစ်လုံး ဆက်သွယ်ပေးထားရမည်ဟု ဆိုသဖြင့် မက်ဂိုဝမ်၏ ရုံးခန်းထဲတွင် ရေဒီယို တယ်လီဖုန်းတစ်လုံး တပ်ဆင်ထားပြီး ဖြစ်သည်။ တစ်ဖန် သူ ဦးဆောင်သော အဖွဲ့သည် နာရီပေါင်းများစွာ ဆွေးနွေးညှိနှိုင်းကြရဦးမည် ဖြစ်ကြောင်း တပ်အပ် သေချာစွာ သိထားပြီး ဖြစ်သဖြင့် ရုံးခန်းနှင့် ဆက်နေသော ဘေးခန်းများထဲတွင် အိပ်ရာ ခုတင်များကို အဆင်သင့် ပြင်ဆင်ခိုင်းထားသည်။ ချဲလင်ဂျာပေါ်သို့ တက်သွားသော တိုက်ခိုက် ရေး အဖွဲ့ငယ်သည် ဝင်းတားက ကြိုတင်တွက်ဆခဲ့သလို (အခြေအနေ[illegible] သောကြောင့်) ခြေလျှို၍ နေကြလေပြီ။

ပင်လယ်အော် တစ်ဖက်တစ်ချက်စီတွင် ရှိနေသော ဆန်[illegible] အုတ်ကလန်မြို့တို့ကို ဆက်သွယ်ထားသည့် ပင်လယ်အော် တံ[illegible] အားကောင်းလှသော ညအဝေးကြည့် မှန်ပြောင်းများနှင့် ချဲလင်ဂျာအား [illegible]

www.burmeseclassic.com



ကြည့် အကဲခတ်နေမည့် အစောင့်ရဲများကို တာဝန်ချထားသည်။ သင်္ဘောပေါ်တွင် မီးရောင်လည်း မရှိ၊ လှုပ်ရှားမှုကိုလည်း လုံးဝ မမြင်ရချေ။ မက်ဂိုဝမ်က ဗိုလ်ချုပ်ကြီး မက်သယူးလက်ကဲကို ပြောလိုက်သည်။

"နှင်းကွဲသွားလို့ ဘာမှ မလုပ်ရဲကြတာ ထင်တယ်၊ သင်္ဘောပေါ်မှာ မျက်ကွယ်အဖြစ် နှင်းထူထူ မကျခင် ဘာမှ လုပ်ရဲကြမှာ မဟုတ်ဘူး။ ကုန်းပတ်ကြီးကလည်း ပေ ၆၀၀ လောက် ဟာလာဟင်းလင်းကြီး ဖြစ်နေတယ်၊ သူတို့ တစ်တွေ ပွဲစင်ဆီ မရောက်ခင် ဓားစာခံတွေအားလုံး အသတ်ခံရမယ့်အပြင် သူတို့ကိုယ်တိုင်လည်း သေနတ်နဲ့ အပစ်ခံကြရမှာ သေချာတယ်"

၅၅ နှစ် ရှိပြီဖြစ်သော ဗိုလ်ချုပ်ကြီး လက်ကဲသည် သူ့အထက်တွင် ရှိနေသော ဗိုလ်ချုပ်ကြီး ၁၅ ဦးကို ကျော်လွှား၍ ပင်တဂွန်သို့ ရောက်ရှိတော့မည်ဟု သတင်းကြီးနေသူ ဖြစ်သည်။ သူက–

"ကတ်ဆဒီကတော့ သူ ဘာလုပ်ရမယ် ဆိုတာကို သိပါလိမ့်မယ်၊ ဒါပေမဲ့ ခက်တာက နောက်တစ်နေ့ည ပြန်ရောက်အောင် ၂၆ နာရီလုံးလုံး နှင်းကျဖို့ စောင့်ရမလိုလို ဖြစ်နေတယ်၊ ဒီတော့ ခင်ဗျားက လူကြမ်းဗိုလ်လီကက်နဲ့ ဘယ်လို ဆွေးနွေးသင့်တယ် ဆိုတာကိုသာ စဉ်းစားထားပေတော့"

"ဒါပေမဲ့ ဒီငတိက ဒီကြားထဲမှာ ဓားစာခံ တစ်ယောက် နှစ်ယောက်ကို ပစ်သတ်တော့မှာ သေချာသလောက်ပဲ"

ထို့နောက် တစ်မိနစ် မကြာမီ တိုက်ရိုက်ဆက်သွယ်ထားသော ရေဒီယိုတယ်လီဖုန်းနှင့် လီကက်က စဆက်သွယ်သည်။ လီကက်၏ လေသံမှာ မာရေကျောရေနိုင်လှသည်။ သူက ထုံးစံအတိုင်း ထပ်ခြိမ်းခြောက်သည်။

"ချဲလင်ဂျာဆီကို ရေပေါ် ရေအောက်နဲ့ လေထဲက ချဉ်းကပ်လာတာတွေ့ရရင် ဓားစာခံ ၂၉ ဦးစလုံးကို ချက်ချင်း ပစ်သတ်မယ်"

မက်ဂိုဝမ်က ခပ်မာမာ ပြန်မေးသည်။

"နေပါဦး.. ဒဏ်ရာရထားတယ် ဆိုတဲ့ လူတွေက ဘယ်လိုလဲ၊ မင်း ပထမတစ်ခါ ဆက်သွယ်တုန်းကတော့ မစ္စတာ်ဒဲလ် အပါအဝင် လူ ၉ ယောက် ဒဏ်ရာ ရလာတယ်ဆို.."

လီကက်က ပြန်အော်သည်။

"ခုအထိ ဒဏ်ရာရသူ တစ်ယောက်မှ မရှိသေးဘူးဆိုတာ ကျုပ်များပြောမိတာ၊ ကဲ ကျုပ် စကားပြောတုန်း ဖြတ်ဖြတ်ပြီး ဝင်မပြောနဲ့တော့၊ ကျုပ် တစ်ခါပဲ ပြောနိုင်မယ်"



လီကက်တ ဆက်လက်၍ နောက်ဆုံး တောင်းဆိုချက်ကို အချိန်ကျရောက်သည့်အခါကျမှ တောင်းဆိုမည် ဖြစ်ကြောင်း၊ အခုလောလောဆယ်တွင် ဘိုးရင်း ၇၄၇ ဂျက်လေယာဉ်ပျံကြီးတစ်စင်းကို ဆီအပြည့်နှင့် ဆန်ဖရန်စစ္စကို နိုင်ငံတကာလေဆိပ်တွင် အသင့် ထားရှိပေးရန်၊ ပြီးတော့ မှန်တံခါးများကို ဆေးအနက် သုတ်ထားသည့် ဂရေးဟောင်း ဘတ်စ်ကားကြီးတစ်စီးကို သင်္ဘောဆိပ် အမှတ် ၃၁ တွင် အသင့်ထားရှိရန်တို့အပြင် ဒေါ်လာ သန်း ၂၀၀ ကို အမေရိကန်ပြည်ထောင်စုဘဏ်တွင် ၅ နာရီအတွင်း အသင့်ထားရှိပေးရန် တောင်းဆိုသည်။ လီကက်က သူ့စကားကို အဆုံးသတ်လိုက်၏။

"အဲဒီငွေတွေ ဘယ်ကို ပို့ပေးရမယ် ဆိုတာ နောက်ကျမှ ကျုပ်ပြောမယ်"

မက်ဂိုဝမ်က ငြင်းခုံရန် စဉ်းစားလိုက်သော်လည်း တစ်ဖက်က စက်ကို ပြန်ပိတ်သွားပြီ ဖြစ်ကြောင်း သတိထားလိုက်မိတော့သည်။ လီကက် ပြောနေတုန်းကလည်း သူ့စကားကို ဖြတ်ပြောရန် ကြိုးစားခဲ့ဖူးသည်။ သို့သော် လီကက်က သူ့ကို အပေါ်စီးက ပြောသွားသည်သာ များသည်။

"ကျုပ်က ခင်ဗျားကို စကားပြောစေချင်တဲ့အခါကျရင် ခင်ဗျားကို ပြောမယ်၊ ခုတော့ ကျုပ် ပြောတာကို နားထောင်၊ ခင်ဗျား နောက်တစ်ခါဝင်ရှုပ်ရင် ပထမအရာရှိ ဘင်းနက်ကို သေနတ်နဲ့ ပစ်မယ်"

ထို့နောက် သေနတ်သံ တစ်ချက် ကြားလိုက်ရသည်။ မက်ဂိုဝမ်က ဘေးနားတွင် ရှိနေသူ ဂျင်နရယ်လက်ကဲကို လှမ်းကြည့်လိုက်၏။ ဗိုလ်ချုပ်ကြီးသည် သူ့နှုတ်ခမ်းကို တင်းတင်းကျပ်ကျပ် စေ့ထားသည်။ လီကက်က ထပ်ပြောပြန်သည်။

"အဲဒီကျည်ဆန်ဟာ ပြတင်းပေါက်ကနေ အပြင်ဘက် ထွက်သွားတယ်၊ နောက်တစ်ခါဆိုရင် ဘင်းနက် ကိုယ်ထဲကို ဝင်သွားလိမ့်မယ်"

စကား ပြောပြီးသွားသဖြင့် ခလုတ်ကို ပြန်ပိတ်လိုက်သောအခါ မက်ဂိုဝမ်က မှတ်ချက်ချသည်။

"ဒီကောင် တော်တော်ကို ရိုင်းစိုင်းတဲ့အကောင်၊ ပြီးတော့ [illegible] များ အကြား မှားသွားသလား မသိဘူး၊ သူက တကယ် [illegible] လုပ်ဦးမှာလား၊ သူ အခု ဂျမ်ဘိုဂျက်လေယာဉ်ပျံတို့ ဘတ်စ်[illegible]တို့ [illegible] ပြောနေတာကတော့ တကယ့်ကို ယုံချင်စရာကောင်း[illegible]"

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နရယ် လက်ကဲက မျက်နှာထား ခပ်တင်းတင်းနှင့် ပြောပြန်သည်။

"သူ ခုအချိန်ထိ မပြောသေးဘူးဆိုတဲ့ နောက်ဆုံး တောင်းဆိုချက်ဆိုတာက ဘာများပါလိမ့်"

မက်ဂိုဝမ်သည် တယ်လီဖုန်းတစ်လုံးနှင့် ဘတ်စ်ကားကိစ္စ၊ ဘိုးရင်း ၇၄၇ ဂျမ်ဘိုဂျက်လေယာဉ်ပျံကြီးကိစ္စနှင့် ငွေကိစ္စတို့ကို ဆက်တိုက် စီစဉ်နေသည်။ ယခုအချိန်တွင် လီကာက် ခိုင်းသည့်အတိုင်း ဒီဘက်က လိုက်လုပ်နေသည်ဟု အထင်ရှိနေစေဖို့ လိုသည်။ တစ်နည်း ပြောရသော် တိုက်ခိုက်ရေးတစ်က ရုတ်တရက် ဝင်မတိုက်နိုင်သေးမီ အချိန်ဆွဲထားဖို့ လိုသည် မဟုတ်ပါလား။ အခုတစ်ဖန် လီကာက်က တောင်းဆိုချက်များကို တကယ် တောင်းခံနေခြင်း ဟုတ် မဟုတ်၊ ဝင်းတားကကော နားကြားလွဲခဲ့ခြင်း ဟုတ် မဟုတ် ဘာကိုမှ ရေရေရာရာ မသိနိုင်သေးပါချေ။

❑

ဝင်းတားသည် အံဖုံးတံခါးကို တစ်လက်မခန့် ဖြည်းညင်းစွာ တွန်းဖွင့်လိုက်ပြီးနောက် ကုန်းပတ်မကြီးတစ်လျှောက် လှမ်းမျှော်ကြည့်လိုက်သည်။ သဘော်ကြီး ရပ်သွားလေပြီ။ သူက လက်ပတ်နာရီကို ကြည့်လိုက်၏။ နံနက် ၃ နာရီထိုးလေပြီ။ သို့သော် ကုန်းပတ်ပေါ်တွင် လူရှင်းနေသည်။ ဝင်းတားသည် မှောင်ထဲတွင် မျက်စိ ကျင့်သားရသွားအောင် လက်သမား စတိုခန်းထဲ၌ မီးကို အတော်ကြာကြာ ပိတ်ထားပြီးမှ အပြင်သို့ လှမ်းကြည့်ခြင်း ဖြစ်သဖြင့် ကျင့်သားရနေပြီဟု ဆိုရမည်။ ထို့ကြောင့် ဝင်းတားသည် ဦးပိုင်းရှက်တိုင်ကို ထင်းထင်းကြီး မြင်နေရသည်။

ဦးပိုင်း ရှက်တိုင်ထိပ်နားရှိ စက်ဝိုင်းပုံသဏ္ဌာန် စင်ကလေးပေါ်တွင် လူတစ်ယောက် ပတ်လျှောက်နေကြောင်း သူ မြင်လိုက်ရသည်။ ထိုလူ၏ သွားပုံလာပုံကို အကဲခတ်ခြင်းဖြင့် ထိုသူသည် အင်ဒိုနီးရှားပွန်သာ ဖြစ်ရမည်ဟု ဝင်းတားက ဆုံးဖြတ်လိုက်သည်။ ဝင်းတားသည် သူနှင့် တစ်ပါတည်း ယူဆောင်လာသော အဝေးကြည့်မှန်ပြောင်းကလေးနှင့် သူ့ကို ချိန်ကြည့်လိုက်ပြန်၏။ ရှက်တိုင်ထိပ်မှ အစောင့်ပုဂ္ဂိုလ်၏ ညာဘက် လက်ထဲတွင် သေတ္တာကလေးနှင့် ဆင်ဆင်တူသော ပစ္စည်းတစ်ခုကို ကိုင်ထားကြောင်း တွေ့မြင်လိုက်ရသည်။ ပုံစံကတော့ ဝေါကီတော်ကီနှင့် တူသည်။ ကတ်ဆဒီ ပြောခဲ့သော ရှက်တိုင်ထိပ်မှ စောင့်ကြည့်နေသူသည် ပဲ့စင်ပေါ်ရှိ ပုဂ္ဂိုလ်များနှင့် အဆက်အသွယ် ရှိရမည်ဆိုသော အချက်မှာ မှန်ခဲ့လေပြီ။



အစောင့်ပုဂ္ဂိုလ်က တစ်ဖက်သို့ လှည့်ကြည့်နေချိန်တွင် ဝင်းတားက အံဖုံးတံခါးကို ပြန်ပိတ်ပြီး သံလှေကားမှ ဆင်း၍ မီးကို ပြန်ဖွင့်လိုက်သည်။ ကြမ်းပေါ်တွင် ထိုင်နေသူ ဆူလီဗန်နှင့် ကတ်ဆဒီတို့က သူ့ကို မေးခွန်းထုတ်သော မျက်နှာနှင့် မော့ကြည့်လိုက်ကြ၏။ ဝင်းတားက ဖြေသည်။

"မနိပ်ဘူးဗျို့၊ စောင့်ကြည့်တဲ့လူက ရှက်တိုင်ထိပ်မှာပဲ ရှိသေးတယ်၊ သူ့လက်ထဲမှာ ဝေါကီတော်ကီ ရှိနေတာ သေချာတယ်၊ ကျုပ်တို့ အပြင်ထွက်တာနဲ့ တစ်ပြိုင်နက် သူက ပဲ့စင်ကို လှမ်းအကြောင်းကြားနိုင်တယ်၊ ပြီးတော့ လမ်းတစ်ဝက် မရောက်ခင် ဓားစာခံ အကုန် အသတ်ခံသွားရလိမ့်မယ်"

ဆူလီဗန်က မေးသည်။

"အခု ကျုပ်တို့ ဘယ်မှာလဲ၊ ဘယ်နေရာမှာ ရပ်သွားတာလဲ"

"ကျုပ်လည်း သိပ်မသေချာဘူး၊ ကမ်းခြေတစ်ဝိုက်မှာ နှင်းကျနေတုန်းပဲ၊ ဒါပေမဲ့ တွေးကြည့်ရတာကတော့ ကျုပ် လီကာက်ကို မှာခဲ့တဲ့အတိုင်း သဘော်ဆိပ် အမှတ် ၃၁ နဲ့ မိုင်ဝက်အကွာကို ရောက်နေတယ် ထင်တာပဲ"

ကတ်ဆဒီက ခြေထောက်ကို ဆန့်ရင်း ပြောလိုက်သည်။

"မြတ်စွာဘုရား . . တို့တော့ ဒီအခန်းထဲမှာ တော်တော်ကြာကြာ နေရလိမ့်ဦးမယ် ထင်တယ်၊ နေပါဦး၊ မင်း ပြောတော့ ဒီအခန်းထဲမှာ ထွက်ပြေးဖို့ စီစဉ်ထားတဲ့ ပစ္စည်းကိရိယာတွေ ထားတယ်ဆို"

"ဟုတ်တယ်၊ ထားခဲ့ဖူးတယ်"

ယခု သည်အခန်းထဲတွင် ထားခဲ့သော လေမှုတ်သွင်း၍ရသည့် ဖိုင်ဘာယတ် ရာဘာလှေ ပဲ့ချိတ်စက်၊ ရေငုပ်ဝတ်စုံများ ထည့်ထားသော သေတ္တာများ အားလုံး မရှိကြတော့ချေ။ ထို့ကြောင့် လီကာက်သည် ထွက်ပြေးရန် အစင့် စီစဉ်ပြီး ဖြစ်ကြောင်း သေချာသွားသည်။ ပြီးတော့ ဝင်းတား၏ ပထမအိတ်များမှာလည်း ပျက်စီးခဲ့ရလေပြီ။ ထိုပစ္စည်းများကို သယ်ရန် လာသော လူကြီး တစ်ဦး နှစ်ဦးအား အပြတ်ရှင်းပြီး ထိုလူဆိုးများ၏ အသတ်အဖော်ကို

www.burmeseclassic.com



လဲလှယ်ဝတ်ဆင်ကာ မှောင်သည့်အချိန်ကျမှ ကုန်းပတ်ပေါ်သို့ ခပ်တည်တည် ဆက်သွားရန် စိတ်ကူးထားခဲ့သည်။ ယခုမူ သူတို့အားလုံးသည် အခွင့်အခါကောင်းကိုသာ စောင့်နေကြရတော့မည်။

❑

ချဲလင်ဂျာ သင်္ဘောကြီးပေါ်ရှိ ပွဲစင်ပေါ်တွင်လည်း လီကက်က သူနှင့် မက်ဂိုဝမ်တို့ စကားပြောဆိုနေကြစဉ် မက်ကေးကိုပါ နားထောင်ခိုင်းထားသည်။ ယခုအချိန်တွင် သူက ခေါင်းဆောင် ဖြစ်နေသဖြင့် သင်္ဘောသား အုပ်စုအထူးသဖြင့် မာလိန်မှူးမက်ကေးကို ငြိမ်ငြိမ်ဆိမ်ဆိမ် အေးအေးဆေးဆေး ရှိအောင် ထိန်းထားနိုင်ဖို့ လိုကြောင်း လီကက်က နားလည်သဘောပေါက်ထားသည်။ သူ့ဇာကား ဆုံးသွားသောအခါ မက်ကေးတစ်ယောက် ကျေနပ်မှု ရရှိသွားသည်ဟု သူ ထင်သည်။ ဘယ်အချိန်တွင် မက်ဂိုဝမ်အား ထပ်ခေါ်ရမည်ကို သိနိုင်ရန် လီကက်က နာရီကို ငုံ့ကြည့်လိုက်၏။ ဒီနေရာတွင် ချိန်ကိုက်မှုက အလွန်အရေးကြီးသည်။

ချဲလင်ဂျာ သင်္ဘောကြီး အလ်ကာထရက်ကျွန်းဘေးမှ ဖြတ်မောင်းနေစဉ် ခပ်စောစောပိုင်းက သင်္ဘောဦးပိုင်းတွင် စောင့်ခိုင်းထားသည့် အစောင့်လူဆိုး ပျောက်နေကြောင်း အင်ဒရိုဖူးပွန်က အကြောင်းကြားခဲ့သည်။ လီကက်သည် ချက်ချင်းဆိုသလို သင်္ဘောဦးပိုင်းသို့ လိုက်သွားသည်။ သင်္ဘော လက်တန်းဘေးတွင် စကော်ပီယံပစ္စတိုတစ်လက်နှင့် ဗိုင်အရက်ပုလင်းခွံ တစ်လုံးကို တွေ့လိုက်ရသောကြောင့် အလုပ်ချိန်အတွင်း အရက်သောက်မှုအတွက် ဆဲရေးတိုင်းထွာမိသည်။ ပြီးတော့ ဒီခွေးမသား သင်္ဘောပေါ်က လိမ့်ကျသွားတာပဲ ဖြစ်ရမည်ဟု တစ်ထစ်ချ ယူဆလိုက်သည်။ ၎င်းနောက် ပွဲစင်ပေါ်တွင် သူ မေ့ကျန်ရစ်ခဲ့သော အသံလွှင့်စက် အသေးကလေးကို ယူရန် ပြန်လာစဉ် ထိုလူဆိုးအကြောင်းကို မေ့လျော့သွားသည်။ ယခုအချိန်က စပြီး ထိုအသံလွှင့်စက်ကလေးသည် သူ သွားလေရာရာ၌ သူနှင့် ထက်ကြပ်မကွာ ရှိနေမှ ဖြစ်တော့မည်။

ရေနံတင်သင်္ဘောကြီး၏ ဝမ်းဗိုက်ထဲရှိ လွတ်နေသော ရေနံလှောင်ကန်တစ်ခုထဲတွင် အဏုမြူဗုံး ရှိသည်။ ထိုအဏုမြူဗုံးတွင် (နမူနာ လေယာဉ်ပျံငယ်ကလေးများကို ထုတ်လုပ်သူများ သုံးစွဲလေ့ရှိကြသည့်) အသေးစား အသံဖမ်းစက်ကလေး တစ်လုံးကို တပ်ဆင်ထားသည်။ ထို့ကြောင့် လီကက်ထံတွင် ရှိ



သော အသံလွှင့်စက်ကလေးက ရေဒီယိုလှိုင်းတစ်ခုကို လွှင့်ထုတ်လိုက်သောအခါ ထိုအသံဖမ်းစက်ကလေးက ဖမ်းယူလိုက်ပြီး အချိန်ကိုက်ကိရိယာကို စတင်အသက်ဝင်စေမည် ဖြစ်သည်။ ထို့ကြောင့် ခလုတ်ကလေးတစ်ခုကို တစ်ချက် လှည့်လိုက်ရုံနှင့် ကြိုတင်ချိန်ကိုက်ထားသော အဏုမြူဗုံးကြီး မပေါက်ကွဲအောင်ကျန် ကမ္ဘာမြေပေါ်ရှိ မည်သူကမျှ တားဆီးနိုင်လိမ့်မည် မဟုတ်ချေ။

❑

ထိုအချိန်တွင် ထိုနေရာမှ မိုင် ၅၀၀၀ ဝေးကွာသော ပဲရစ်၌ ဝန်ကြီးအဖွဲ့ အစည်းအဝေးကို အရေးပေါ် ခေါ်ယူကျင်းပရသည့်အထိ အခြေအနေဆိုးရွားလျက် ရှိသည်။ အချိန်ကား နံနက် ၁၁ နာရီ။ ခပ်စောစောပိုင်းက အက်ဖ်ဘီအိုင်မှ ကားပစ်သည် ဝါရှင်တန်ရှိ အက်ဖ်ဘီအိုင် ဌာနချုပ်၏ သဘောတူညီချက်အရ ပဲရစ်သို့ တိုက်ရိုက် တယ်လီဖုန်းဆက်ပြီး ဂျင်းဂျူးလစ်လီကက်ဆိုသူ လူတစ်ယောက်၏ နောက်ကြောင်းရာဇဝင်ကို မေးမြန်းစုံစမ်းခဲ့သည်။ ထိုမေးခွန်းအရပ်ခံချက်သည် ကမ္ဘာအရပ်ရပ်၌ ပျံ့နှံ့နေသော ပြန်ပေးသတင်းကြောင့် ပြင်သစ်အစိုးရ၏ အထက်ပိုင်း ဝန်ထမ်းလောကကို တုန်လှုပ်ချောက်ချားသွားစေသည်။

ပထမတွင် ဝန်ကြီးအချို့က ဤကိစ္စကို ကားပစ်က မှားယွင်းမေးမြန်းသည်ဟု ယူဆကြောင်း၊ လီကက်သည် ပဲရစ်ရှိ ဆန်တီအကျဉ်းထောင်ထဲတွင် ယခုအချိန်အထိ ရှိနေပြီး ယခု ပြန်ပေးဆွဲသူမှာ အယောင်ဆောင်တစ်ဦးသာ ဖြစ်ဟန်တူကြောင်း ပြန်ပြောဖို့ စိတ်ကူးကြသေးသည်။ သို့သော် အလွန်အရေးကြီးသော ယခုလို ကိစ္စမျိုးတွင် ဖြီးဖြန်းပြောရန် မသင့်ကြောင်း ၂ နာရီမျှကြာအောင် အပြန်အလှန် ဆွေးနွေးကြပြီးနောက် ဆုံးဖြတ်ချက် ချလိုက်ကြသည်။

ထို့ကြောင့် ပြင်သစ် ရဲအဖွဲ့က အက်ဖ်ဘီအိုင်မှ ကားပစ်ထံ လီကက်၏ ရာဇဝတ်မှုဆိုင်ရာ သမိုင်းကြောင်းကို အပြည့်အစုံ ပို့ပေးလိုက်သည်။ သို့သော် နိုင်ငံရေးနှင့် ပတ်သက်သည့် အပိုင်းကဏ္ဍကိုမူ တမင်ကလာ ချန်ထားခဲ့သည်။ လီကက်၏ ပြစ်မှုဆိုင်ရာ သမိုင်းကြောင်းကို ဖတ်ရှုကြရသည့်အခါ လီကက်သည် သာမန် လူဆိုးတစ်ယောက် မဟုတ်ကြောင်း၊ ရာဇဝတ်မှု အတွေ့အကြုံ အလွန်များပြားသူ ဖြစ်ပြီး တစ်ချိန်တုန်းက အရှေ့ကွန်မြူနစ်နိုင်ငံတွင် နေထိုင်ခဲ့ဖူးသူ ဖြစ်ကြောင်း၊ သူသည် ဖောက်ခွဲရေးပါရဂူတစ်ယောက် ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ခွဲရေးပစ္စည်းများကို အဝေးမှ ထိန်းချုပ်၍ ဖောက်ခွဲခဲ့ဖူးသူ ဖြစ်ကြောင်း ဖော်ပြထားသည်။

သို့သော် နောက်ဆုံး စာကြောင်း၏ ထူးခြားသော ဝိသေသကို ထို အချိန်က မရိပ်စားမိခဲ့ကြချေ။

❑

နံနက် ၄ နာရီတွင် လီကက်က မက်ဂိုဝမ်ထံ ရေဒီယိုတယ်လီဖုန်းနှင့် ထပ်ဆက်သွယ်ပြန်သည်။ သည်တစ်ကြိမ်တွင်လည်း သူ့စကားကို ဖြတ်ဖြတ် မပြောရန် လီကက်က ကြိုတားသည်။

"ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကို ခင်ဗျားတို့က 'ညွှန်ကြား ချက် ပေးဖို့ ရှိတယ်၊ အသင့်စောင့်နေပါ' လို့ ပြောထားပါ။ ကျုပ်ရဲ့ တောင်းဆို ချက်ကို လက်ခံမယ်၊ လက်မခံဘူး ဆိုတာကို စဉ်းစားဖို့ အချိန်ပေးမယ်၊ ဒါပေမဲ့ လက်မခံဘူး ဆိုရင်တော့ အချိန်စေ့သွားတာနဲ့ တစ်ပြိုင်နက် ဓားစာခံအားလုံး ကို ပစ်သတ်ပစ်မယ်"

လီကက် စကား စပြောသည်နှင့်တစ်ပြိုင်နက် မက်ဂိုဝမ်၏ ရုံးခန်းထဲ တွင် ကော်မတီဝင်အားလုံး စုရုံးရောက်ရှိနေကြပြီ ဖြစ်သည်။ သူတို့အားလုံးက စကားပြောခွက်ရှေ့တွင် မျက်နှာထားတင်းတင်းနှင့် ထိုင်နေသော မက်ဂိုဝမ်ကို ဝိုင်းကြည့်နေကြသည်။ လီကက်က မိန့်ခွန်းခြွေနေစဉ် မက်ဂိုဝမ်တစ်ယောက် ဘာတစ်ခွန်းမှ ပြန်ပြောနိုင်ခွင့် မရှိဘဲ နားထောင်နေရမည့်အဖြစ်ကို အားလုံး သတိထားကြသည်။ သို့သော် မက်ဂိုဝမ်က အတင်းဖြတ်ပြောသည်။

"မင်း အခု သူတို့ကို ပစ်သတ်ကြည့်ပါလား၊ မင်း လိုချင်တာတွေ တစ်ခုမှ မရဘူး ဖြစ်သွားမှာပေါ့။ မင်း ပြောတာကို ငါ တစ်ချိန်လုံး နားထောင် ပြီးပြီ၊ အခု ငါ ပြောတာကို မင်း ပြန်နားထောင်၊ ငါ အခု ဘတ်စ်ကား စီစဉ် ပြီးပြီ"

ယခုလို ပြောဆိုနေခြင်းသည် နည်းလမ်း မဟုတ်ကြောင်း မက်ဂိုဝမ်၏ ချဉ်းကပ်ပုံ ချဉ်းကပ်နည်းသည် လွဲမှားနေပြီဟု တစ်ထစ်ချ တွက်ထားသော မြို့တော်ဝန် ပရက်တီက မျက်ခုံးကို ပင့်လိုက်မိသည်။ ဤတွင် ဒေါသနီးဝေနေ သော လီကက်၏ အသံက အသံချဲ့စက်ထဲမှ ပေါ်လာပြန်သည်။



"ခင်ဗျား စကားပြောတာကို ရပ်ပြီး ကျုပ် တောင်းဆိုချက်ကို နားထောင်ဦး"

မက်ဂိုဝမ်ကလည်း ဖြတ်ပြောပြန်သည်။

"ငါ ခုနက ပြောခဲ့သလို မင်းတို့ ထွက်ပြေးနိုင်ဖို့အတွက် အစီအစဉ် တွေ အားလုံး လုပ်ပြီးပြီ၊ မင်းတို့ကို အဲဒီဟာတွေ သုံးခွင့် ပေး မပေး ဆိုတာ ကတော့ မင်းတို့က ဘာတောင်းဆိုမလဲ၊ အဲဒါကို တို့က ပြန်သဘောတူမလား ဆိုတဲ့အပေါ်မှာ မူတည်တယ်၊ ကဲ... မင်း ပြောချင်တာကို ဆက်ပြောဦး"

လီကက်က အသံကုန်ဟစ်၍ အော်ပြောသည်။

"ကျုပ် ဓားစာခံ နှစ်ယောက်ကို ပစ်သတ်မယ်"

"ဒါဆိုရင် တို့ကလည်း သင်္ဘောပေါ်ကို တက်ပြီး ချက်ချင်း ဝင်တိုက် မှာပေါ့၊ ပြီးတော့ သင်္ဘောပေါ်မှာ ရှိတဲ့ ဓားစာခံတွေအားလုံး သက်ရှိထင်ရှား ရှိနေတယ် ဆိုတာကို ယုံကြည်ရမှ မင်းနဲ့ ငါ စကားဆက်ပြောမယ်၊ မင်းနဲ့ ငါ နောက်တစ်ကြိမ် စကားပြောချင်သေးတယ် ဆိုရင် ခုချက်ချင်း မက်ကေးကို ခေါ်ပေး၊ သူနဲ့ ငါ စကားပြောမယ်"

မက်ဂိုဝမ်က ခပ်ထန်ထန် ပြောလိုက်ခြင်း ဖြစ်သည်။ မြို့တော်ဝန် ပရက်တီ၏ မျက်နှာမှာ ကြောက်စိတ်ကြောင့် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ အခန်းထဲတွင် ရှိနေသည့် ကျန်ပုဂ္ဂိုလ်များကလည်း စိတ်ပူသော မျက်နှာထား ကိုယ်စီနှင့် ကုလားထိုင်ပေါ်မှ ရှေ့သို့ တိုး၍ ကိုယ်ကို ကိုင်းထားကြသည်။ ဂျင်နရယ် လက်ကဲကမူ နားတစ်ဖက်က စကားပြောသံကို နားစွင့်ရင်း မက်ဂိုဝမ် ကို စေ့စေ့စပ်စပ် အကဲခတ်နေသည်။ သူတို့အားလုံးသည် အသံချဲ့စက်ထဲမှ ပေါ်ထွက်လာမည့် သေနတ်သံကို စောင့်နားထောင်နေကြခြင်း ဖြစ်သည်။

ခဏကြာအောင် ငြိမ်နေပြီးနောက် တစ်ဘက်မှ ဆူဆူညံညံ ဖြစ်နေ သော အသံများကို ကြားနေရသည်။ မက်ဂိုဝမ်ကမူ စကားပြောခွက်ကို ရှေ့နေ တစ်ယောက်က ရန်လိုသည့် သက်သေတစ်ယောက်အား ပြန်ကြည့်နေသလို စူးစူးစိုက်စိုက် ကြည့်နေသည်။ စက္ကန့်ပေါင်းများစွာ ကုန်သွားသည်။ အချိန် ကုန်သွားသည်နှင့်အမျှ အခန်းထဲတွင် ရှိနေသူများသည် နေမထိထိုင်မသာ ဖြစ်လာကြသည်။ သူတို့အားလုံးသည် သေနတ်နှင့် အချိန်ခံနေရသော သတင်း များပမာ တစ်ကိုယ်လုံး တောင့်တင်းနေကြသည်။

ထိုအချိန်တွင် မက်ကေး၏ အသံက စကားပြောခွက်ထဲမှ ပေါ်ထွက် လာသည်။ မက်ကေး၏အသံမှာ တုန်လှုပ်မှုမရှိဘဲ တည်တည်ငြိမ်ငြိမ် ရှိလှသည်။

www.burmeseclassic.com

www.burmeseclassic.com



''မက်ကေး စကားပြောနေပါတယ်''

မက်ဂိုဝမ်က မေးလိုက်သည်။

''ခင်ဗျားရဲ့ သဘောသားတွေ အားလုံး ကျန်းကျန်းမာမာ ရှိကြရဲ့လား မာလိန်မှူးကြီး၊ ကျုပ် သင်္ဘောပေါ်က အခြေအနေကို သိချင်တယ်''

''ခုအချိန်ထိတော့ ကျုပ်တို့အားလုံး အသက်ရှင်လျက် ကျန်းကျန်းမာမာချည်းပါပဲ၊ အခု ကျုပ်ပြောတဲ့အထဲမှာ အမေရိကန် သတင်းစာဆရာမ ဘက်တီကော်ဒဲလ်လည်း ပါပါတယ်''

ဤတွင် မက်ဂိုဝမ်က တစ်လုံးချင်း လေးလေးပင်ပင် ပြောချလိုက်သည်။

''ခင်ဗျားတို့အားလုံး ဘေးမသီ ရန်မခဘဲ ပြန်လွတ်လာအောင် ကျုပ်တို့ အစွမ်းကုန် ကြိုးပမ်းပါ့မယ်၊ အဲဒီလိုဖြစ်အောင် အစွမ်းကုန် လိုက်လိုက်လျောလျော ဆွေးနွေးပါ့မယ်၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ မညှဉ်းပန်း မနှိပ်စက်စေရဘူး၊ အဲဒီလို ဖြစ်လာတာနဲ့ တစ်ပြိုင်နက် စေ့စပ်ဆွေးနွေးရေးကို ဖျက်ပစ်လိုက်မယ်''

အသံချဲ့စက်ထဲမှ ရုတ်ရုတ်သဲသဲ အသံများကို ကြားလိုက်ကြရပြီးနောက် နာကျင်လှသောကြောင့် အော်လိုက်သည့် အသံကို အခန်းထဲတွင် ရှိသူတိုင်း ကြားလိုက်ကြရသည်။ ထို့နောက် လီကက်က ထုံးစံအတိုင်း လေယာဉ်ပျံ သင်္ဘော၊ ရေငုပ်သင်္ဘော စသည်တို့နှင့် သူတို့ဆီ ချဉ်းကပ်မလာရန် သတိပေးပြီးနောက် စက်ခလုတ်ကို ပြန်ပိတ်သွားသည်။

ပရက်တီက ပြောလိုက်၏။

''ဒီကိစ္စကို ခုလို ခင်ဗျား လုပ်လိုက်တာ သိပ်နည်းလမ်းမကျဘူးထင်တယ်''

''ဒါကတော့ ခင်ဗျားက ကျုပ်လိုမှ ရှေ့နေ လုပ်မစားခဲ့ဖူးလို့ကိုး။ ဒီလူက အတွေ့အကြုံ သိပ်များတဲ့လူ၊ ခုအချိန်မှာ သူ ပြောတဲ့ စကားတွေကို တစ်ကမ္ဘာလုံးက နားထောင်နေကြရလို့ သူက သိပ်သဘောခွေ့နေတယ်၊ ပြီးတော့ သူ့ဘက်က ဝှက်ဖဲက ဓားစာခံတွေပဲ၊ သူ ဒါကို မစွန့်လွှတ်ရဲသေးပါဘူး။ ပြီးတော့ နောက်ဆုံး တောင်းဆိုချက်ကိုလည်း ခုအထိ မတောင်းသေးဘူး။ သူ အဲဒီတောင်းဆိုချက်ကို မတောင်းရသေးခင် သူ ဘယ်သူ့ကိုမှ မပစ်ရဲသေးပါဘူး၊ ဒီတော့ ကျုပ်တို့ဘက်မှာလည်း တစ်နာရီ နှစ်နာရီလောက်တော့ အချိန်ရနိုင်ပါသေးတယ်''



''ဒါ ခင်ဗျားက လူ ၂၉ ယောက်ရဲ့ အသက်ကို လောင်းကြေးစားကြေး လုပ်လိုက်တာ၊ ကျုပ်တော့ အဲဒီလောက် မလောင်းရဲဘူး''

မြို့တော်ဝန် ပရက်တီက ဘုပြောလိုက်ခြင်း ဖြစ်သည်။ ဗိုလ်ချုပ်ကြီးလက်ကဲကမူ တစ်ခုခုကို စဉ်းစားသွားမိဟန်နှင့် အဝေးသို့ ငေးကြည့်နေပြီးမှ ပြောလိုက်ပြန်၏။

''ဒီငတိက အခုလို လေထဲက၊ ရေထဲက၊ ရေပေါ်က၊ ဘာယာဉ်မှ ကပ်မလာရဘူးလို့ အမြဲတမ်း ပြောလေ့ရှိသလား၊ ကဲ . . ခင်ဗျားနဲ့ သူနဲ့ စကားပြောခဲ့တဲ့ မှတ်တမ်းတွေ အားလုံးကို ပြန်ဖတ်ကြည့်ချင်တယ်၊ အဲလေ . . သင်္ဘောပေါ်က လှမ်းအကြောင်းကြားတဲ့ သံကြိုးစာတွေကိုပါ ကြည့်ချင်တယ်''

''ခင်ဗျားက ထူးထူးခြားခြား တွေးမိတာများ ရှိလို့လား''

''ဟုတ်တယ်၊ ဆန်းတာ တစ်ခုကို သွားတွေးမိတယ်၊ အဲဒါသာ မှန်ခဲ့ရင် သိပ်ကြောက်စရာကောင်းလိမ့်မယ်''

❑

ဗိုလ်ချုပ်ကြီးလက်ကဲသည် အခန်းထဲက ကပျာကယာ ပြေးထွက်သွားသည်။ မိုးမလင်းမီ တစ်နာရီလောက်သာ အချိန်ရှိတော့သည် မဟုတ်ပါလား။ သူသည် အခြား အခန်းတစ်ခန်းမှ ရေတပ်စခန်းသို့ တယ်လီဖုန်း လှမ်းဆက်နေသည်။ ဆန်ဖရန်စစ္စကို ပင်လယ်အော်ထဲတွင် လှေ့ကျင့်ပေးရန် ဆန်ဒိုင်ဂိုမြို့မှ မှာထားသော လင်းပိုင်များသည် သူ တယ်လီဖုန်းဆက်ပြီး မျှားမကြာမီ ပင်လယ်ထဲသို့ ရောက်လာကြသည်။

နံနက် ၆ နာရီ ၂၅ မိနစ်တွင် 'မက်'ဟု အမည်ပေးထားသော လင်းပိုင်သည် ပင်လယ်ထဲသို့ ဆင်း၍ ချဲလင်ဂျာဆီသို့ အားမာန်အပြည့်ဖြင့် ကူးခတ်သွားသည်။ 'ဂျိုး' ဟု ခေါ်သော ဒုတိယလင်းပိုင်ကလည်း 'မက်' နောက်မှ ချက်ချင်းလိုလို ကူးခတ်ပြီး လိုက်ပါသွားသည်။ သူတို့နှစ်ကောင်သည် ရေမျက်နှာပြင်အောက် ၁၀ ပေ အကွာမှ ရေနံတင်သင်္ဘောကြီးဆီသို့ ဦးတည်၍ ကူးခတ်သွားခြင်း ဖြစ်ပြီး အသက်ရှူရန် ရေပြင်ပေါ်သို့ တစ်ခါ တက်... ပေါ်လာတတ်ကြသည်။

ထို လင်းပိုင်နှစ်ကောင်း၏ ပါးစပ်ပေါ်တွင် ရာဘာကွင်း တပ်ထားသော ဝိုင်းစက်စက် ပုံသဏ္ဌာန်၊ သံပြားဝိုင်းတစ်ခုစီ စွပ်လျက်သား ပါသည်

www.burmeseclassic.com



သူတို့ ပါးစပ်ပေါ်တွင် ဤပစ္စည်းမျိုး အတပ်ခံရသည့်အတွက် နေမထိထိုင်မသာ မဖြစ်ကြတော့။ နေသားကျနေကြလေပြီ။ ယခုလည်း သူတို့ ဘာလုပ်ပေးရမည်ကို ကောင်းကောင်းကြီး နားလည်နေကြလေပြီ။ ယခုလို လုပ်ကိုင်ပေးရသည့်အတွက် သူတို့နှစ်ကောင်စလုံး ပျော်ရွှင်မြူးထူးနေကြသည်။ တစ်ဖန် အလုပ်ကိစ္စပြီးစီး၍ လေ့ကျင့်သင်ကြားပေးသည့် တပ်ကြပ်ကြီး 'ဂရူးမန်း'ထံ ပြန်ရောက်သည့်အခါ ငါးတစ်ကောင်စီ ဆုချခံရသည့်အတွက် ပို၍ပင် ပျော်ရွှင်ကြလေသေးသည်။

သဘော်နားသို့ ရောက်သွားသောအခါ မက်က အရှိန်ကို လျှော့ချလိုက်ပြီး .ရေစီးကြောင်းနှင့် အလိုက်သင့် မျောလိုက်သွားသည်။ သဘော်ကြီးနားသို့ ရောက်သောအခါ မက်က သဘော်ကိုယ်ထည်ကို ပါးစပ်နှင့် အသာအယာ ထိုးလိုက်၏။ ကျန်ကိစ္စကို ဂိုင်ဂါကောင်တာအတွင်းရှိ သံလိုက်ဓာတ်က သူ့ဘာသာသူ ဆောင်ရွက်သွားသည်။ 'ပလွတ်'ဟု အသံမြည်ပြီး မက်၏ ပါးစပ်၌ စွပ်ထားသော ရာဘာခွက်သည် သဘော်ကြီး၏ ကိုယ်ထည်၌ သွားကပ်နေလေပြီ။ ဒီရေ၏ ဆွဲငင်အားကြောင့် မက်၏ ကိုယ်လုံးသည် တုံ့ခနဲ ဖြစ်သွားသည်။ မက်သည် စက္ကန့်အနည်းငယ်ခန့် နားလိုက်ပြီးနောက် အဆိုပါ ရာဘာခွက်ကို ပါးစပ်နှင့် နာနာကလေး ဖိထားလိုက်၏။ သံလိုက်ဓာတ်အားသည် စက္ကန့် ၃၀ ခန့် အားပြယ်သွားပြီး ရာဘာခွက်သည် မက်၏ ပါးစပ်တွင် စွပ်လျက်သား ပြန်ပါလာသည်။

ဤတွင် မက်သည် သူ့ဆရာ ဂရူးမန်း ရှိနေသည့် မော်တော်ဘုတ်ဆီသို့ တစ်ဟုန်ထိုး ပြန်ကူးခတ်လာသည်။ မိနစ် အနည်းငယ်အတွင်း မော်တော်ဘုတ်ဆီသို့ ပြန်ရောက်သွား၏။ သူက ဆုချသော ငါးကို အားပါးတရ စားနေစဉ် ဂရူးမန်းက. ဂိုင်ဂါကောင်တာကို စစ်ဆေးနေလေသည်။ ထိုအချိန်တွင် ဒုတိယ လင်းပိုင် ဂျိုးသည်လည်း ပြန်လည်ရောက်ရှိလာလေပြီ။ ဂရူးမန်းသည် စစ်မြေပြင်၌ သုံးစွဲသော ခရီးဆောင် တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်လိုက်စဉ် သူ့လက်များသည် တုန်တုန်ယင်ယင် ဖြစ်နေကြသည်။

နေထွက်တော့မည့်ဆဲဆဲတွင်မှ ဂရူးမန်း ဆက်လိုက်သည့် တယ်လီဖုန်းကို ဗိုလ်ချုပ်ကြီး လက်ကဲက လက်ခံရရှိလေသည်။ ဗိုလ်ချုပ်ကြီးသည် တစ်ဖက်က ပြောသည်ကို နားထောင်နေပြီးနောက် တစ်ခွန်း ပြန်မေးလိုက်သည်။

"မင်း ပြောတာ တကယ် သေချာရဲ့လားကွ"



ဗိုလ်ချုပ်ကြီး လက်ကဲသည် တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်ပြီးနောက် ကော်မတီဝင်များ နံနက်စာ စားနေသည့် အခန်းထဲသို့ ခပ်ဖြည်းဖြည်း ပြန်ဝင်လာသည်။ ဝက်ပေါင်ခြောက်ကြော်နှင့် မွှေးကြိုင်လှသော ကော်ဖီနံ့ကို ရသည့်တိုင်အောင် ဗိုလ်ချုပ်ကြီး လက်ကဲသည် နံနက်စာ စားလိုစိတ် ဖြစ်ပေါ်မလာချေ။ သူက မက်ဂိုဝမ်ကို ခပ်တိုးတိုး ပြောလိုက်ပြီးနောက် သူတို့နှစ်ယောက်သည် တစ်ဘက်တွင် ရှိနေသော အခန်းထဲသို့ ဝင်သွားကြသည်။ ထို့နောက် တံခါးကို ပြန်ပိတ်လိုက်သည်။ ဗိုလ်ချုပ်ကြီး လက်ကဲက အကျိုး အကြောင်းကို ရှင်းပြလိုက်သောအခါ မက်ဂိုဝမ်ကလည်း သူ ခုနက ပြန်မေး ခဲ့သေးသလို ပြန်မေးပြန်သည်။

"ခင်ဗျား ပြောတာ သေချာရဲ့လား"

"ဂိုင်ဂါကောင်တာကတော့ သိပ်ကို သေချာတယ်၊ အဲဒီရေနံတင် သဘော်ကြီးပေါ်မှာ အဏုမြူဗုံးတစ်လုံး ရှိနေပြီ"

❑

ဇန်နဝါရီလ ၂၃ ရက် ကြာသပတေးနေ့သည် အခြေအနေကို ထိန်းသိမ်းရန် ကြိုးပမ်းနေသော မက်ဂိုဝမ်အဖို့ စိတ်အရှုပ်ရဆုံး နေ့တစ်နေ့ ဖြစ်သည်။ ကြားထဲတွင် သူ့ကို ဩဇာအာဏာပြရန် လာကြိုးပမ်းသူများလည်း ရှိကြသည်။ နိုင်ငံခြားရေးဌာနမှ လာရောက်သော ဝန်ထမ်း နှစ်ဦးအနက် ဂျော့စတာက်စ်ဆိုသူက ပျောပျော့ပျောင်းပျောင်း စေ့စပ်ဆွေးနွေးရန် နားချသည်။ သူက ဤကိစ္စသည် နိုင်ငံတကာနှင့် ဆက်စပ်နေသော အရေးအခင်းတစ်ခု ဖြစ်သည်။ အကယ်၍သာ ဆိုးဆိုးရွားရွား ပျက်စီးကိန်းကြုံခဲ့သော် အမေရိကန် တစ်နိုင်ငံလုံးတွင် အာရပ်လူမျိုးများအပေါ် မုန်းတီးစိတ် ပွားလာနိုင်သည်။ တစ်ဖန် အာရပ်နိုင်ငံများကလည်း အနောက်နိုင်ငံများသို့ တင်ပို့ ရောင်းချနေသည့် ရေနံပမာဏကို ထပ်မံ၍ လျှော့ချဦးမည်ဟု ကောလဟာလများ ဖြစ်ပေါ်နေကြောင်း ပြောကြသည်ဟု ရှင်းပြသည်။ ထို့နေ့ နံနက် ၁၀ နာရီတွင် အဏုမြူဓာတ်အားဘော်မရှင်မှ ပါရဂူများ မြို့ထဲသို့ တိတ်တဆိတ် ရောက်ရှိလာကြသည်။ သူတို့သည် ရေနံတင်သဘော်ပေါ်၌ ပါလာသော အဏုမြူဗုံးကြောင့် မည်မျှ ပျက်စီးထိခိုက်မှု ရှိနိုင်သည်ကို ခန့်မှန်းရန် လာရောက်ကြခြင်း ဖြစ်သည်။

'သတ္တဋ္ဌရက္ခပ်' "စစ်ဆင်ရေး စလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အဏုမြူဓာတ်အား ကော်မရှင်မှ ဒေါက်တာရီဆယ်သည် အဏုမြူ ပါရဂူများ ဆွေးနွေးပွဲ ကျင်းပနေသည့် နေရာသို့ လော့စ်အင်ဂျလိမြို့မှ လိုက်လာပြီး သူက ထိုအဖွဲ့ကို ဆန်ဖရန်စစ္စကိုသို့ ဦးဆောင် ခေါ်ယူလာခြင်း ဖြစ်သည်။ သူတို့အဖွဲ့ကိုတော့ ခပ်လွယ်လွယ် သတ္တုန္တရကပ် စစ်ဆင်ရေးအဖွဲ့လို့ ဆိုကြပါစို့။ သူတို့အဖွဲ့ကို ဘုရင်ခံ မက်ဂိုဝမ်၏ ရုံးခန်း တည်ရှိရာ အထပ်၏ အောက်ထပ် အခန်းကျယ်ကြီး တစ်ခန်းထဲတွင် နေရာပေးထားသည်။ သူတို့အဖွဲ့က ချက်ချင်း စအလုပ်လုပ်သည်။

ထိုအဖွဲ့တွင် အမေရိကန် လေတပ်မတော်၊ မိုးလေဝသဌာန၊ ကမ်းခြေစောင့်တပ်အဖွဲ့၊ ပင်တဂွန်စီမံကိန်းဌာန၊ အမေရိကန် ရေတပ်မတော်မှ ကိုယ်စားလှယ်များနှင့် အဏုမြူဓာတ်ရောင်ခြည် ပါရဂူများ ပါဝင်ကြသည်။ ဒေါက်တာရီဆယ်က–

''အခုကိစ္စမှာ ပျက်စီးဆုံးရှုံးနိုင်တဲ့ ပမာဏကို လျှော့မတွက်မိကြဖို့ အထူးတိုက်တွန်း ပြောကြားလိုတယ်၊ ပြီးတော့ ကျုပ်တို့ရဲ့ အစီရင်ခံစာပေါ် မူတည်ပြီး လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေကို သက်ဆိုင်ရာ အာဏာပိုင်တွေက လုပ်ပေးကြလိမ့်မယ်၊ လိုအပ်ရင် လူတွေအားလုံးကို တခြား တစ်နေရာသို့ ရွှေ့ပြောင်းပေးလိမ့်မယ်၊ ဒီတော့ ထိခိုက်နိုင်တဲ့ ဒေသ အကျယ်အဝန်းကို လျှော့တွက်မိခဲ့ရင် ကျုပ်တို့လူစုကို တစ်နိုင်ငံလုံးက မျက်မုန်းကျိုးသွားနိုင်တယ်၊ ဒါပေမဲ့ တစ်ခု ခက်တာက ဒီသင်္ဘောပေါ်မှာ ပါလာတဲ့ အဏုမြူဗုံးဟာ ဘယ်လောက်ကြီးသလဲ ဆိုတာကို ခန့်မှန်းဖို့ မလွယ်တဲ့ ကိစ္စပဲ၊ လွန်ခဲ့တဲ့ ၁၀ လလောက်က အီလီနွိုင်ပြည်နယ်၊ မောရစ်မြို့မှာ ပလူတိုနီယံသတ္တု ဒိုင်းကိလိုဂရမ်ကို လမ်းကနေ ဖြတ်အလုခံခဲ့ရတယ်၊ အဲဒီပမာဏပေါ်မှာ မူတည်ပြီး ကောက်ချက်ချရမယ်ဆိုရင်. . .''

ဤကိစ္စကို အစဖော်ပေးနိုင်ခဲ့သူမှာ အက်ဖ်ဘီအိုင်မှ ကားပင်တာ ဖြစ်သည်။ သူက နံနက် ၇ နာရီခွဲတွင် ဝါရှင်တန်ရှိ အက်ဖ်ဘီအိုင်ဌာနချုပ်သို့ တယ်လီဖုန်းနှင့် လှမ်းမေးသည်။ အဖြေကို နာရီဝက်အတွင်း ပြန်ရရှိသည်။ လွန်ခဲ့သည့် နှစ်အတွင်းက အဏုမြူဗုံး ပြုလုပ်နိုင်သော ပလူတိုနီယံသတ္တု ပျောက်ဆုံးမှုတစ်ခုသာ ရှိခဲ့သည်။ ထိုကိစ္စမှာ လွန်ခဲ့သော ၁၀ လက အီလီနွိုင်းပြည်နယ်တွင် လမ်းခုလတ်က ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ဖြတ်လုခဲ့သော ကိစ္စပင်တည်း။

☐



သတ္တုန္တရကပ် စစ်ဆင်ရေးအဖွဲ့ အစည်းအဝေး စထိုင်နေစဉ် နံနက် ၁၀ နာရီအချိန်၌ လီကက်က မက်ဂိုဝမ်ထံ ထပ်တယ်လီဖုန်းဆက်သည်။

''ကျုပ်တို့အတွက် စောင့်နေတဲ့ ဂျမ်ဘိုဂျက် မောင်းမယ့် လေယာဉ် မောင်းကို ကြိုပြောထားပါ၊ ကျုပ်တို့ အလ်ဂျီးယားစ်ကို သွားမယ်''

မက်ဂိုဝမ်က လီကက် ပြောသည့် စကားကို ယုံကြည်လေဟန်နှင့် ထပ်မေးရပြန်သည်။

''သင်္ဘောပေါ်က ဓားစာခံတွေ ဘာဖြစ်မလဲ ဆိုတာကိုတော့ သိချင်တယ်''

လီကက်က တအံ့တသြ ဖြစ်သွားသော ပုံစံနှင့် ပြန်ဖြေသည်။

''သူတို့တစ်တွေ ကျုပ်တို့နဲ့အတူ သင်္ဘောဆိပ် အမှတ် ၃၁ ကို ပါလာကြမှာပေါ့''

''အဲဒီနောက်ကျတော့ကော. . .''

''လေဆိပ် ရောက်ပြီး၊ ကျုပ်တို့ လေယာဉ်ပျံပေါ် ချောချောမောမော ရောက်တဲ့အခါကျတော့ ပြန်လွှတ်လိုက်မယ်၊ ဒါပေမဲ့ တစ်ယောက်ကတော့ ကျုပ်တို့နဲ့အတူတူ အလ်ဂျီးယားစ်ကို လိုက်ရလိမ့်မယ်''

''ဘယ်သူလဲ''

''နောက်မှ ပြောမယ်၊ ချက်ချင်း လေဆိပ်ကို အကြောင်းကြားလိုက်ဦး''

မက်ဂိုဝမ်က စကား တစ်လုံးမှ ပြန်မပြောနိုင်မီ လီကက်က အဆက်အသွယ်ကို ဖြတ်ပစ်လိုက်သည်။ တစ်ဖန် ရေနံတင်သင်္ဘော၌ အဏုမြူဗုံး ပါလာသည့်အချက် ပေါက်ကြားမှု မရှိစေရန် သူတို့၏ ကော်မတီကို အဖွဲ့ဝင် ၆ ဦးအထိ လျှော့ချလိုက်သည်။ ထိုအဖွဲ့တွင် မက်ဂိုဝမ်း ပရက်တီ၊ ကားပင်တာ၊ ရဲမင်းကြီးဘိုလန်နှင့် နိုင်ငံခြားရေးဌာနမှ ဂျော့စတက်စ်တို့သာ ပါတော့သည်။

ဘုရင်ခံကြီးက အဖွဲ့ကို သတိပေးသည်။

''ဒီငတိကို လျှော့တွက်လို့ မရဘူးနော်၊ လီကက် ဆိုတဲ့ ငတိဟာ အိပ်လျင်တယ်၊ သူ့သင်္ဘောပေါ်မှာ အဏုမြူဗုံး ပါလာတယ် ဆိုတာကိုသာ ကြိုတင်မသိခဲ့ရင် သူ အသေးစိတ် မေးမြန်းစိစဉ်နေပုံကြောင့် သူ့စကားကို ယုံမိဖို့ များတယ်''

ဂျော့စတက်စ်က ဝင်ပြောသည်။

''သူက ခုအထိ နောက်ဆုံး တောင်းဆိုချက်ကို ထုတ်မပြောသေးဘူး၊ ဆိုင်များကလည်း မေးမကြည့်သေးဘူး''

www.burmeseclassic.com

www.burmeseclassic.com



"တမင် မမေးတာဗျ၊ သူက ကျုပ်တို့ကို ရင်တမမ ဖြစ်နေအောင် လုပ်နေတာ၊ ဒီတော့ ကျုပ်က ဘာပြုလို့ မေးမလဲ"

သတ္တန္တရကာပ် စစ်ဆင်ရေးအဖွဲ့၏ အစီရင်ခံစာကို ၂ နာရီအတွင်းမှာပင် ရရှိလာသည်။ သာမန်အားဖြင့် ဤကဲ့သို့သော အစီရင်ခံစာတစ်ခု ပေါ်ထွက်လာအောင် ရက်ပေါင်းများစွာ စောင့်ရပေလိမ့်မည်။ ယခုမူ လက်တစ်ကမ်းအကွာတွင် ရှိနေသော အဏုမြူဗုံးကြီးက သူတို့ကို တွန်းအားပေးလိုက်ခြင်းကြောင့် အစီရင်ခံစာ ခပ်မြန်မြန် ပေါ်ထွက်လာခြင်း ဖြစ်သည်။ နေ့လယ် ၁၂ နာရီတိတိတွင် မက်ဂိုဝမ် တစ်ယောက်တည်း ထိုအဖွဲ့ရှိရာ အောက်ထပ်သို့ ဆင်းသွားသည်။

ဒေါက်တာရီဆယ်က ကြိုစကားပလ္လင်ခံသည်။

"အေးဗျာ၊ အစီရင်ခံစာက စိတ်တိုင်းကျတော့ မဟုတ်သေးဘူး ဒါပေမဲ့ ခုလို ခပ်မြန်မြန် သုံးသပ်လိုက်တာက. ."

သူ့စကား မဆုံးမီ မက်ဂိုဝမ်က ဖြည့်ပေးလိုက်သည်။

"ကျုပ်တို့ အားလုံး ဗုံးပေါက်ကွဲပြီး တစ်စစီ ဖြစ်မကုန်ခင် သိရတာပေါ့လေ"

မက်ဂိုဝမ်သည် အခန်းထဲသို့ ဝင်လာစဉ်ကတည်းကပင် သူတို့အဖွဲ့၏ မျက်နှာထိ မျက်နှာထားကို ကြည့်ပြီး အခြေအနေ အလွန်ဆိုးရွားနေကြောင်း သူ ရိပ်မိခဲ့သည်။ ရီဆယ်က စားပွဲပေါ်တွင် ရှိနေသော မြေပုံတစ်ခုကိုလည်း လက်ညှိုးထိုးပြရင်း. .

"ဒီမြေပုံဟာ ကျုပ် ရှင်းပြတာထက် ပိုပြီးနားလည်နိုင်လိမ့်မယ် ထင်တယ်၊ ဟောဒီစက်ဝိုင်းဟာ. ."

မက်ဂိုဝမ်တစ်ယောက် ဘုရားတမိရှာသည်။

"မြတ်စွာဘုရား. . ဒီအတိုင်းသာဆိုရင် ပင်လယ်အော်တစ်ဝိုက်မှာရှိတဲ့ အုတ်ကလန်၊ ရစ်ချမွန်၊ ဗလ်လီဂျို၊ ဘာကလေနဲ့ ဆန်မေတီယို၊ အဲဒီမြို့တွေအားလုံး ထိခိုက်ကုန်မယ့် သဘောလား"

"ဟုတ်တယ်၊ အခြေအနေကတော့ အဲဒီအတိုင်းပဲ"

"ဟောဒီစက်ဝိုင်းက အဏုမြူရောင်ခြည် လာထိခိုက်နိုင်မယ့် နေရာတွေလား"



"ဘယ်ကလာ. . အဲဒါ အဏုမြူဗုံးပေါက်ရင် သုသာန် တစပြင်လို လုံးဝထိခိုက်ပျက်စီးသွားမယ့် နေရာတွေ"

မက်ဂိုဝမ်သည် ဒေါက်တာရီဆယ် ထပေးသော ကုလားထိုင်တွင် ဝင်ထိုင်ရင်း အဖွဲ့ဝင်တစ်ဦး၏ မျက်နှာသေကြီးများကို တစ်ယောက်စီ လိုက်ကြည့်သည်။ ပြီးမှ–

"ဆန်ဖရန်စစ္စကိုကကောဗျာ. ."

"မေးဖို့ လိုသေးသလားဗျာ၊ တစ်ခါတည်း ပြောင်သွားမှာပေါ့"

ထိုအဖြေစကားကို မက်ဂိုဝမ်၏ ရှေ့တည့်တည့်တွင် ထိုင်နေသော ဆေးတံ သောက်နေသူက ပြောလိုက်ခြင်း ဖြစ်သည်။ ရီဆယ်က မက်ဂိုဝမ်ကို ခပ်တိုးတိုး ပြောလိုက်၏။

"သူက ဖရန့်စစ်ဟွတ်ကာလေ၊ အခု သူက တစ်ဦးတည်း အမြင်ကို ပြောပြနေတာ"

သူ့ကို ကိုင်း မပါသော မျက်မှန်ထဲမှ ပြန်ကြည့်နေသူ ဟွတ်ကာအား မက်ဂိုဝမ်က ပြန်ကြည့်လိုက်၏။ မက်ဂိုဝမ်သည် သူ့အကြောင်းကို ကြားဖူးထားသည်။ သူသည် သိပ္ပံပညာရှင်များအနက် ထူးခြားသူတစ်ဦး ဖြစ်ပြီး ဆန်ကလီမင်တီတွင် ရှိသော အဏုမြူဓာတ်ပေါင်းဖိုစခန်း ကိုးရိုးကားရား ဖြစ်လုဆဲဆဲတွင် အစိုးရကို ကြိုသတိပေးခဲ့သူ ဖြစ်သည်။

မက်ဂိုဝမ်က ပြန်မေးသည်။

"မစ္စတာဟွတ်ကာ၊ အခု ခင်ဗျားရဲ့ တစ်ဦးတည်း အယူအဆက ကျန်တဲ့ ပုဂ္ဂိုလ်တွေဟာ အလွန်အကျူး ချဲ့ထွင်ပြီး ပြောနေကြတာလို့ ဆိုချင်သလား"

"ဘယ်ကလာ၊ အခု သူတို့က သိပ်ကို လျှော့လျှော့ပေါ့ပေါ့ တွက်ထားကြတာဗျ။ ကျုပ်အယူအဆကတော့ ဗုံးပေါက်ကွဲမှု အရှိန်ဟာ ဟောဒီစက်ဝိုင်း အပြင်ဘက် ခပ်ဝေးဝေးမှာ ရှိနေတဲ့ ဆန်ဂျိုဆီအထိ ထိခိုက်သွားနိုင်တယ်"

"အဏုမြူဓာတ်ပြာကြောင့် ဖြစ်လာမယ့် ထိခိုက်မှု အန္တရာယ်ကကော ဗျာ"

"အဏုမြူဓာတ်ပြာကြောင့် ဖြစ်လာမယ့် ထိခိုက်မှု အန္တရာယ် ဆိုတာကတော့ လေကြောင်းသင့် မသင့် ဆိုတဲ့အပေါ်မှာ အများကြီး မူတည်တယ်

www.burmeseclassic.com



ဒီအချိန်ပိုင်းလောက်မှာ တိုက်လေ့တိုက်ထရှိတဲ့ လေပေါ် မူတည်ပြီး တွက်ချက်ရရင် ကယ်လီဖိုးနီးယားပြည်နယ် တစ်ခြမ်းလောက် အန္တရာယ်ရှိသွားနိုင်တယ်"

"ဒါဆိုရင် ဒါနဲ့ ပတ်သက်ပြီး လုံးဝဥဿုံ သိရပြီ ဆိုပါတော့"

"ခဏနေပါဦးလေ... ကယ်လီဖိုးနီးယားပြည်နယ်ရဲ့ ပထမ အနေအထားကိုက အန္တရာယ်ကို ဖိတ်ခေါ်နေတဲ့ သဘော ရှိတယ်၊ ဒီပြည်နယ် အလယ်တစ်ဝိုက်မှာ ဆန်ဂျိုအာကွတ်အထိ တောင်ကြားလွင်ပြင်ရှည်ကြီး ရှိတယ် မဟုတ်လား။ လူတွေကလည်း ဘေကာဖီးလ်အထိ အနှံ့အပြား ရှိနေကြတယ်၊ တကယ်လို့သာ လေသင့်သွားမယ်ဆိုရင် အဏုမြူဓာတ်ပြာတွေဟာ တောင်ကြားလွင်ပြင်တစ်လျှောက် မီးခိုးခေါင်းတိုင်နဲ့ လေမှုတ်ပေးလိုက်သလို ပျံ့နှံ့သွားနိုင်တယ်၊ ဒါဆိုရင် ဖရက်စ်နိုနဲ့ ဘေကာဖီးလ်အထိ စိုးရိမ်စရာ ဖြစ်လာလိမ့်မယ်"

"ဒါဆိုရင် မိုင် ၂၅၀ တောင် ဝေးတာပဲ"

"အမြင်ကျယ်စမ်းပါဗျာ၊ အဲဒီဓာတ်ပြာတွေဟာ ‌လော့စ်အင်ဂျလိစ်အထိ အန္တရာယ်ပေးနိုင်တဲ့ အဆင့်မှာ ရှိတယ်၊ ဒါပေမဲ့ ပစိဖိတ်သမုဒ္ဒရာဘက်က လေတိုက်ခတ်လာမယ်ဆိုရင် ရီနိုမြို့တော့ ဒုက္ခတွေ့ပြီသာ မှတ်၊ ဒါပေမဲ့ ဆော့တ်လိတ်မြို့ကတော့ လွတ်လိမ့်မယ် ထင်တယ်"

"အဲဒါက မိုင် ၅၀၀ တောင် ဝေးတာပဲ"

ဟွတ်ကာက ဖြေသည်။

"အဲဒါကြောင့် ကံကောင်းတာပေါ့၊ အခု ဒါကတော့ ဗုံးရဲ့ အရွယ်အစားကို ကြည့်ပြီး ခန့်မှန်းတာနော်၊ ဒါပေမဲ့ အဲဒီဗုံးကို ဘယ်သူ လုပ်သလဲ ဆိုတာကို သိရမယ်ဆိုရင် ဒီ့ထက်မက ပိုပြောနိုင်လိမ့်မယ်"

"အဲဒါကိုတော့ ကျုပ် ဖြေနိုင်မယ် ထင်တယ်၊ ဒီနေ့မနက်က အက်ဖ်ဘီအိုင်က ကားဆစ်က လီကက်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို သိချင်တယ်ဆိုပြီး ပဲရစ်ကို ဖုန်းဆက်တယ်၊ သူက အစိုးရအရာရှိ အတော်များများကို မီးထိုးပေးခဲ့ပုံရတယ်၊ လွန်ခဲ့တဲ့ နာရီဝက်လောက်က ပြင်သစ် တန်ပြန်ထောက်လှမ်းရေးဌာနက ဖရန်ကွိုက်မက်ဆမာက သူ့ဆီ ပြန်ဖုန်းဆက်တယ်၊ သူ ပြောပုံအရကတော့ ပြင်သစ်လူမျိုး အဏုမြူရူပဗေဒပညာရှင် ဂျင်းဖိလစ် အင်တွိုင်း ပျောက်ဆုံးမှုဟာ လီကက်ရဲ့ လက်ရာ ဖြစ်ရာပဲလို့ ယူဆတယ်တဲ့"

ဟွတ်ကာက ဖြေသည်။



"ကျုပ် အင်တွိုင်းကို ကောင်းကောင်းသိတယ်၊ သူနဲ့ ဗီယင်နာမှာ ကျင်းပတဲ့ အဏုမြူဓာတ်အားကော်မရှင် အစည်းအဝေးမှာ တစ်ခါ ဆုံဖူးတယ်၊ ကျုပ်က သူ သေသွားပြီလို့ ထင်နေတာ၊ ဒီလူက တော်တော် တီထွင်တတ်တဲ့ လူ၊ တကယ်လို့ သူကသာ အဲဒီအဏုမြူဗုံးကို လုပ်ပေးတယ် ဆိုရင် အနေ တွေးထားတာထက် ပိုပြီး ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးလိမ့်မယ် ဆိုတာကို တွေးပြင်ထားကြပေတော့"

❑

ဇန်နဝါရီလ ၂၃ ရက် ကြာသပတေးနေ့ နေ့လယ် ၁ နာရီတွင် မက်ဂိုဝမ်က ရွှေတံခါး တံတားကြီးကို ပိတ်ပစ်လိုက်သည်။ နေ့လယ် ၁ နာရီခွဲတွင် အုတ်ကလန်မြို့နှင့် ဆက်ထားသော ပင်လယ်အော် တံတားကြီးကို ပိတ်လိုက်သည်။ နေ့လယ် ၂ နာရီတွင် BART* ဟု ခေါ်သော ကူးတို့စနစ်ကို ဖျက်သိမ်းလိုက်သည်။ ထို့ကြောင့် ကျွန်းဆွယ်ကလေးတစ်ခုပေါ်တွင် တည်ဆောက်ထားသော ဆန်ဖရန်စစ္စကိုမြို့သည် နေ့လယ် ၂ နာရီမှ စ၍ တောင်ဘက်ဒေသရှိ ဆန်ဂျိုလီမြို့သို့ သွားသည့် လမ်းကလွဲလျှင် အခြားဒေသများနှင့် လုံးဝ အဆက်အသွယ် ပြတ်သွားသည်။

ဤကိစ္စနှင့် ပတ်သက်၍ အစိုးရ၏ တရားဝင် အကြောင်းပြချက်မှာ ဤမြို့ထဲတွင် ချဲလင်ဂျာသင်္ဘောပေါ်၌ ပါလာသော အကြမ်းဖက်သမားနှင့် အဆက်အသွယ်ရှိသည့် အကြမ်းဖက်သမားတစ်စု ရှိနေသောကြောင့် မြို့ပြင်သို့ ထွက်မပြေးနိုင်အောင် လမ်းပိတ်ခြင်း ဖြစ်သည်ဟု ဆိုသည်။ ထိုဖြေရှင်းချက်နှင့် ကိုက်ညီအောင် လမ်းဆုံလမ်းခွများတွင် အဆီးအတားများ ပြုလုပ်ကာ ယာဉ်မှန်သမျှကို လမ်းပိတ်ပြီး စစ်ဆေးစေသည်။ ဘုရင်ခံကြီး၏ လုပ်ဆောင်ချက်ကို ဟွတ်ကာ အပါအဝင် သတ္တုန္တရကပ်စစ်ဆင်ရေးအဖွဲ့ဝင် အားလုံးက သဘောတူညီကြသည်။ ဟွတ်ကာက–

"ဒီဗုံးကြီး ပေါက်သွားရင် ဒီတံတားနှစ်ခုစလုံး ကျိုးကျသွားမှာ သေချာတယ်၊ ဒီတော့ ရုံးဆင်းချိန် တံတားပေါ်မှာ ကားရှုပ်နေတုန်း ဒီကိစ္စဖြစ်သွားရင် သိပ်အရုပ်ဆိုးသွားလိမ့်မယ်"

* Bay Area Rapid Transport System.

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ပင်လယ်အော်ဒေသရှိ အခြား တံတား ၅ ခုသည်လည်း ဗုံးဒဏ်ကြောင့် ပြိုကျပျက်စီးသွားလိမ့်မည် ဖြစ်ကြောင်း သူတို့အဖွဲ့က တညီတညွတ်တည်း သဘောတူထားကြသည်။

"အဲဒီဗုံးဒဏ်ကြောင့် ဒီနေရာတစ်ဝိုက်မှာ ရှိတဲ့ လမ်းပန်းဆက်သွယ်ရေးတွေအားလုံး ပျက်စီး ပြတ်တောက်ကုန်ပြီး တခြားဒေသတွေနဲ့ ဘာမှမဆိုင်သလို တသီးတခြား ဖြစ်သွားလိမ့်မယ်"

သတ္တုနွှရကာပ် စစ်ဆင်ရေး တစ်ဖွဲ့လုံး ယခုကဲ့သို့ အဆိုးမြင်ရှုထောင့်နှင့် ပိုနီးစပ်လာကြခြင်းမှာ ရေနံတင်သင်္ဘောကြီးပေါ်သို့ ရေတပ်မတော်မှ တပ်သားများက အတင်းအဓမ္မ ဝင်တိုက်ရန် ဆိုသည့် အကြံအစည်ကို ကားပဲက လက်မခံခဲ့သောကြောင့် ဖြစ်သည်။

"ကျုပ်ကတော့ သဘောမတူနိုင်ဘူး။ ပဲရစ်က ရတဲ့ သတင်းအရဆိုရင် လီကက်ဟာ ဖောက်ခွဲရေးပစ္စည်းတွေကို အဝေးကနေပြီး ဖောက်ခွဲတဲ့နေရာမှာ အင်မတန် ကျွမ်းကျင်တယ်လို့ ဆိုထားတယ်၊ ကျွန်တော့်အထင်ပြောရရင် လီကက် လက်ထဲမှာ ရေဒီယိုအသံလှိုင်း လွှင့်ထုတ်နိုင်တဲ့ ပစ္စည်းတစ်ခုခု အသင့်ရှိနေလောက်ပြီ၊ ဒီတော့ အဏုမြူဗုံးကို ခွဲချင်တယ်ဆိုရင် ခလုတ်တစ်ခုကို နှိပ်လိုက်ရုံပဲ လိုတော့တာ"

ယခုအချိန်တွင် ရေနံတင်သင်္ဘောပေါ်၌ အဏုမြူဗုံးကြီး ရှိနေသည်ကို သိသူ လေး ငါး ခြောက်ဦးသာ ရှိသည်။ သို့သော် များမကြာမီ ဤသတင်း ပေါက်ကြားသွားတော့မည်မှာ သေချာသည်။ ထို့ကြောင့် အသံလွှင့် သတင်းကြေညာချက်များကို အမြဲ နားထောင်နေသူ လီကက်သာ ထိုသတင်းကို ကြားသိသွားခဲ့သော် သူက အဏုမြူဗုံးကြီးကို ချက်ချင်း ဖောက်ခွဲပစ်ချင်ပစ်မည်။ အကယ်၍ ထိုသတင်းသည် ဆန်ဖရန်စစ္စကိုမြို့ထဲသို့ ရောက်ရှိပျံ့နှံ့သွားခဲ့သော် ဘာဖြစ်လိမ့်မည် ဆိုတာကို ဘုရားသခင် ကိုယ်တော်မြတ်ကသာ သိနိုင်ပေလိမ့်မည်။

မက်ဂိုဝမ်သည် ကာယအား၊ စိတ်ဓာတ်အား အထူးကြံ့ခိုင်သူ တစ်ဦး ဖြစ်သည်။ သို့သော် ဤကိစ္စတွင် (တစ်ချက် မှားခဲ့သော် သူ့အပေါ်သို့ ပုံချနိုင်သည့်) တာဝန်(မှာ) ကြီးမားလှသဖြင့် အခြားသူ မသိအောင် ဟန်ဆောင်ထားနိုင်သော်လည်း တဖြည်းဖြည်းနှင့် စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်လာသည်။



တစ်ဖန် ရေနံတင်သင်္ဘောပေါ်သို့ အတင်းအဓမ္မ ဝင်တိုက်ခိုက်ရန် သင့် မသင့် ဆွေးနွေးလာသည့်အခါတိုင်း မက်ဂိုဝမ်က စိတ်အားထက်သန်စွာ ပယ်ချလေ့ရှိသည်။

"အခု ဒီသင်္ဘောပေါ်မှာ ကျုပ်တို့ဆီက တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့ ရောက်နေပြီပဲ၊ အခု သူတို့ သင်္ဘောဦးပိုင်းမှာ ဘယ်ကိုမှ မထွက်နိုင်ဘဲ ပိတ်မိနေတဲ့တိုင်အောင် ဒီကနေ့ည နှင်းကျခဲ့ရင် သူတို့လည်း ထွက်တိုက်ဖို့ အခွင့်အရေး ရလာမှာပေါ့"

ပရက်တီက ခပ်ဆတ်ဆတ် ဝင်ပြောသည်။

"အေးလေ . . ဆန်ဖရန်စစ္စကို ဆိုတဲ့ မြို့ဟာ ဒီကနေ့ညအထိ ရှိနေဦးမယ် ဆိုရင်ပေါ့"

တစ်ဖန် တခြားသို့ မြို့လုံးကျွတ် ရွှေ့ပြောင်းရန် သင့် မသင့် ဆိုသော ကိစ္စကိုလည်း အမြဲလိုလို ဆွေးနွေးကြသည်။ မြို့လုံးကျွတ် ရွှေ့ပြောင်းရေး ကိစ္စကိုမူ သတ္တုနွှရကာပ်စစ်ဆင်ရေးအဖွဲ့က တညီတညွတ်တည်း ထောက်ခံကြသည်။ သို့သော် မက်ဂိုဝမ်က –

"အဲဒီလို လုပ်လိုက်တာနဲ့ တစ်ပြိုင်နက် ရေဒီယိုတွေက သတင်းထုတ်ပြန် ကြေညာကြလိမ့်မယ်၊ ဒီတော့ ရေဒီယိုသတင်းကို အမြဲနားစွင့်နေတဲ့ လီကက်က သင်္ဘောပေါ်မှာ ဘာရှိတယ် ဆိုတာကို ကျုပ်တို့ သိနေပြီဆိုတဲ့ အကြောင်း သိသွားလိမ့်မယ်၊ ဒါဆိုရင် သူက ခလုတ်နှိပ်ပြီး ဗုံးကို ခွဲပစ်ချင် ခွဲပစ်လိုက်မှာ"

တစ်ဖန် လီကက်နှင့် ပတ်သက်သော စိတ်မချမ်းသာစရာ သတင်းများကို ကနေဒါနိုင်ငံမှ ထပ်ကြားရပြန်သည်။ လီကက်သည် အမေရိကန် ဆန့်ကျင်ရေးသမားတစ်ဦး ဖြစ်သည်ဟု သူ တည်းခိုခဲ့ဖူးသော အိမ်ရှင်တစ်ဦးထံမှ သိကြရပြန်သည်။ ထို့ကြောင့် သင်္ဘောပေါ် ဝင်တိုက်ရေးကိစ္စနှင့် မြို့လုံးကျွတ် ပြောင်းရွှေ့ရေးကိစ္စတို့ကို ချက်ချင်း မဆုံးဖြတ်နိုင်သေးဘဲ ရွှေ့ဆိုင်းထားကြရသည်။

ညနေ ၃ နာရီတွင်မူ လီကက်က နောက်ဆုံး တောင်းဆိုချက်ကို မက်ဂိုဝမ်ထံ ရေဒီယိုတယ်လီဖုန်းနှင့် အသိပေးတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ချဲလင်ဂျာ ရေနံတင်သင်္ဘော ဦးပိုင်းရှိ လက်သမား စတိုခန်းထဲတွင်လည်း အခြေအနေ သိပ်မကောင်းလှချေ။ သူတို့သုံးဦး ထိုအခန်းကျဉ်းထဲတွင် ကျပ်ကျပ်တည်းတည်း နေခဲ့ရသည်မှာ ၁၄ နာရီ ကြာမြင့်ခဲ့လေပြီ။ ထို ၁၄ နာရီအတွင်း ရေပုလင်း တစ်လုံးကို ချွေချွေတာတာ သောက်သုံးနေကြရသည်။ အာဟာရအဖြစ် ဗီတာမင် ဆေးလုံးများကိုသာ မှီဝဲနေကြရသည်။ သူတို့လူစုသည် အချိန် ကြာမြင့်စွာ ပုန်းအောင်းနေကြရမည်ဟု ကြိုတွက်ခဲ့သော်လည်း ယခုလောက် ကြာလိမ့်မည်ဟု တစ်ခါမျှ မတွေးခဲ့ဖူးချေ။ ယခု သူတို့သုံးဦးသည် တစ်ဦးကို တစ်ဦး မကြည့်ချင် မမြင်ချင်လောက်အောင် စိတ်တိုနေကြလေပြီ။

ထိုနေ့ တစ်နေ့လုံး မိုးအုံ့နေသည်။ နှင်းကွဲသွားသည်ဟူ၍လည်း မဆိုနိုင်။ သို့သော် ထိုအခန်းကလေးထဲမှ ထွက်ပြီး ပဲ့စင်ဘက်သို့ သွားရန် တစ်ကြိမ်တစ်ခါမှ အခွင့်အရေး မရခဲ့သေးချေ။ ဦးပိုင်း ရွက်တိုင်ထိပ်တွင် လူသစ်တစ်ယောက် လာစောင့်နေပြန်ပြီ။ သူတို့ အခန်းထဲ ရောက်ချိန်မှစ၍ အစောင့် လဲခဲ့သည်မှာလည်း နှစ်ကြိမ် ရှိလေပြီ။ တစ်ဖန် ဝင်းတားက အံဖုံးတံခါးကို လက်မ အနည်းငယ် တွန်းတင်ပြီး ချောင်းကြည့်သည့်အခါတိုင်း နှင်းမကျသောကြောင့် ရှင်းရှင်းလင်းလင်း မြင်သာနေသော သင်္ဘော ကုန်းပတ်ကြီးနှင့် ရွက်တိုင်ထိပ်မှ ဝေါ်ကီတော်ကီနှင့် အစောင့်တို့ကိုသာ အမြဲတမ်း မြင်တွေ့နေရလေသည်။

ကတ်ဆဒီက စိတ်မရှည်ဟန်နှင့် ပြောသည်။

"ဒီအခြေအနေက ကိုရီးယားမှာ စစ်တိုက်ခဲ့ရတာထက် ပိုဆိုးနေပါကလား။ တစ်ချိန်ချိန်ကျရင် စွန့်စွန့်စားစား ဖွတ်ထွက်ပြီး ဆော်မှ ဖြစ်တော့မယ်ထင်တယ်"

ဆူလီဗန်က စကား မပြောချင်လောက်အောင် နွမ်းနယ်နေသော လေသံနှင့် ပြန်သတိပေးသည်။

"မှောင်တဲ့အထိတော့ စောင့်ဖို့ ကောင်းတယ်၊ နှစ်နာရီလောက်ပဲ စောင့်ရတော့မှာပါ၊ နောက်ထပ် နှစ်နာရီတည်းပါ"

သူတို့ လူစုသည် တပိုတပါး သွားရန်အတွက် လက်သမား စတိုခန်းထဲတွင် အသင့်တွေ့ရသော ရေပုံးတစ်ပုံးကို သုံးကြသည်။ သူတို့က ထိုပုံးကို တာလပတ်စနှင့် ဖုံးထားသော်လည်း မစင်နှင့် ကျင်ငယ်ရည် အနံ့တို့က အခန်း



ကျဉ်းကျဉ်းကလေးထဲတွင် လှိုင်နေလေပြီ။ ဝင်းတားက အံဖုံးတံခါးကို အနည်းငယ် ဖွင့်ကြည့်သော အချိန်ပိုင်းကလေးတွင်သာ အနည်းငယ် သက်သာရာ ရကြသည်။

သူတို့အားလုံးက မှောင်သည်အထိ စောင့်ကြဦးမည်ဟု ဆုံးဖြတ်လိုက်ကြသည်။ အကယ်၍ အံဖုံးတံခါးကို ဖွင့်ပြီး ဖွတ်ထွက်ခဲ့သော် ရွက်တိုင်ထိပ်ရှိ အစောင့်က ဝေါ်ကီတော်ကီနှင့် ပဲ့စင်သို့ မဆိုင်းမတွ အကြောင်းကြားမည်ဖြစ်ပြီး သူတို့သုံးယောက် ပဲ့စင်ဆီ မရောက်မီ ဓားစာခံအားလုံး ပစ်အသတ်ခံကြရမှာ သေချာသည်။ ဒီတော့ မှောင်လာသည်အထိ နှင်းကျလာသည်အထိ စောင့်တော့မည်ဟု ဆုံးဖြတ်လိုက်ကြသည်။ တကယ်လို့ နှင်းကျဦးမည် ဆိုရင်ပေါ့လေ. . .။

❑

"နက်ဖြန် မနက် ၆ နာရီမထိုးမီ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးက ဒီနေ့ကစပြီး နောက် ၆ လအတွင်း အဲဒါကို တိတိကျကျ ထပ်ပြောမယ်ဆိုရင် ဒီနှစ် ဇူလိုင်လ ၂၃ ရက်နေ့အထိ အစ္စရေးအစိုးရကို အမေရိကန်အစိုးရက လက်နက်ပစ္စည်း ဆိုလို့ တင့်ကားတစ်စီး၊ သေနတ်တစ်လက်နဲ့ လေယာဉ်ပျံ တစ်စင်းတောင် မရောင်းချပါဘူးလို့ ကြေညာချက်တစ်ရပ် ထုတ်ပြန်မပေးခဲ့ရင် ဓားစာခံတွေ အားလုံးကို ပစ်သတ်ရလိမ့်မယ်"

ဒါကတော့ လီကက်၏ နောက်ဆုံး တောင်းဆိုချက် ဖြစ်သည်။ သူတယ်လီဖုန်းဆက်သည့် အချိန်မှာ ညနေ ၃ နာရီတိတိ။ လီကက်သည် ထိုတောင်းဆိုချက်ကို အသင့် ရေးထားသော စာရွက်ကို ဖတ်ပြသည့်အလားအသံမှန်နှင့် ခပ်လေးလေးပင်ပင် ပြောသွားခြင်း ဖြစ်သည်။ လီကက်၏ တောင်းဆိုချက်ကို မည်သည့်နည်းနှင့်မျှ လိုက်လျောရန် မဖြစ်နိုင်ကြောင်း သိထားသူ ၆ ဦးသည် အခန်းထဲတွင် ရုတ်တရက် ငြိမ်ကျသွားသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဂျော့ချ်စတာတ်စ်က စာရွက်ကလေး တစ်ရွက်ပေါ်တွင် [illegible]ကယာ ရေးချလိုက်ပြီး မက်ဂိုဝမ်ရှေ့သို့ ချပေးလိုက်သည်။ သို့သော် [illegible]က ထိုစာရွက်ကို တစ်ချက်ကလေးမျှပင် ငုံ့မကြည့်တော့ဘဲ ပြန်တွန်း[illegible]လိုက်သည်။ သို့သော် သူက စတာတ်စ် ရေးလိုက်သည့်အတိုင်းပင် [illegible]လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လာ သန်း ၂၀၀ တောင်းထားတာကို မယူတော့ဘူးလား"

"အဲဒီတောင်းဆိုချက်ကို ပယ်လိုက်တယ်၊ ကျုပ်တို့က ငွေကို လုံးဝ စိတ်မဝင်စားဘူး၊ ဂရေးဟောင်း ဘတ်စ်ကားကြီးကော အဆင်သင့် ဖြစ်ပြီလား"

"သင်္ဘောဆိပ်အမှတ် ၃၁ မှာ အဆင်သင့် စောင့်နေတယ်"

"ဘိုးရင်းဂျက် ၇၄၇ ကကော. . ."

"ဆန်ဖရန်စစ္စကို လေဆိပ်မှာပေါ့"

"ဓာတ်ဆီအပြည့် ထည့်ထားတယ် မဟုတ်လား"

"ဟော့. . လီကက်၊ ဓားစာခံ တစ်ယောက်ယောက်ကို မင်းကသာ သေနတ်နဲ့ ပစ်ရင် တို့က ချက်ချင်း သင်္ဘောပေါ် ဝင်တိုက်မယ်ကွ၊ သိလား"

*ပရက်တီက ခပ်တိုးတိုး ညည်းလိုက်သည်။*

"မြတ်စွာဘုရား. . ."

"မင်းကသာ ဓားစာခံတစ်ယောက်ယောက်ကို သေနတ်နဲ့ ပစ်ရင် မင်းရဲ့ တောင်းဆိုချက်ကို ဆက်မပြောပေးဘူး၊ ဒါပဲ"

ဤတွင် အသံချဲ့စက်ထဲမှ သေနတ်သံတစ်ချက် ထွက်ပေါ်လာ၏။ အခန်းထဲတွင် ရှိနေသူ ၆ ဦးစလုံး ကြက်သေ သေသွားကြသည်။ မက်ဂိုဝမ်က ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးနှစ်ဖက်ကို စားပွဲပေါ် တင်ရင်း တောင့်တောင့်ကြီး ထိုင်နေသည်။ ဗိုလ်ချုပ်ကြီး လက်ကဲသည် ပရက်စ်ဆီဒီယို (ကြည်းတပ်စခန်း) နှင့် တိုက်ရိုက်ဆက်သွယ်ထားသော တယ်လီဖုန်း စကားပြောခွက်ကို ဖြည်းညင်းစွာ ကောက်ကိုင်လိုက်၏။ ကားပစ်က အချိန်နာရီကို တိတိကျကျ သိလိုသဖြင့် လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ ဤတွင် အသံချဲ့စက်ထဲက အသံ ပြန်ပေါ်လာသည်။ လီကက်က စူးစူးရှရှ အော်ပြောလိုက်၏။

"နောက်တစ်ခါ ကျုပ်ကို ခြိမ်းခြောက်ရင် လူတစ်ယောက် သေပြီသာ မှတ်ပေတော့"

လီကက်၏ သွေးရူးသွေးတန်း အသံကြောင့် အခန်းထဲတွင် ရှိနေသူ အားလုံး တုန်လှုပ်ချောက်ချားသွားကြသည်။ လီကက်က သူတို့ကို ဒုတိယအကြိမ် လှည့်စားလိုက်ပြန်လေပြီ။ သို့သော် ယခင်အကြိမ်ကလိုပင် တုန်လှုပ်ချောက်ချားသွားကြတာကတော့ အမှန်ပင်။ မက်ဂိုဝမ်ကလည်း တစ်စက်ကလေးမှ အညံ့မခံသော လေသံနှင့် ပြန်ပြောလိုက်သည်။



"ကျုပ် မင်း ပြောတဲ့ တောင်းဆိုချက်တွေကို သက်ဆိုင်ရာဆီ လှမ်းမပြောနိုင်သေးခင် မက်ကေးနဲ့ ထပ်စကားပြောချင်တယ်"

လီကက်က စူးစူးရှရှ အော်ပြောပြန်သည်။

"အသတ်ခံရမယ့် လူကတော့ အင်ဂျင်စက်ခန်းထဲက ပထမတန်း စက်ဆရာ ဖိုလီပဲ၊ သူက အင်္ဂလန်၊ နယူးကာတ်စတယ်လ်မှာ နေတယ်၊ ကဲ. . သူ့မိဘတွေနဲ့ သူ့မိန်းမတွေဆီကို အကြောင်းကြားလိုက်ပေတော့"

မက်ဂိုဝမ်သည် သူ့ဒေါသကို ကြိုးစား၍ ထိန်းသိမ်းနေရရှာသည်။ သူ့ကို အခြားပုဂ္ဂိုလ်များက စောင့်ကြည့်နေကြကြောင်းကိုလည်း သူ သိနေသည်။ သူသည် ခဏ စောင့်နေပြီးမှ တည်ငြိမ်သော အသံနှင့် ထပ်ပြောသည်။

"ကျုပ် စောင့်နေတယ်လေ"

"မက်ကေး ပြောနေပါတယ်"

မက်ကေး၏ အသံသည် အသံချဲ့စက်ထဲမှ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ထွက်ပေါ်လာသည်။ မက်ကေးက—

"ခုနက ကျည်ဆန်ဟာ ပြတင်းပေါက်က ထွက်သွားတယ်၊ မစ္စကော်ဒဲလ်လည်း နေကောင်းပါတယ်၊ ကျုပ်ရဲ့ သင်္ဘောသားတွေ အားလုံး ကျန်းကျန်းမာမာ ရှိနေကြပါတယ်၊ ကျုပ်တို့ မျှော်လင့်ထားတာကတော့. . ."

ဤတွင် "တော်တော့" ဟု ပြောလိုက်သော လီကက်၏ အသံကို ကြားလိုက်ရပြီး ရေဒီယိုတယ်လီဖုန်း အဆက်အသွယ် ပြတ်သွားတော့သည်။

❑

နေ့လယ် ၁ နာရီတွင် ပထမတံတားကို အသွားအလာ မရှိအောင် စပိတ်လိုက်သည့် အချိန်က စ၍ ဆန်ဖရန်စစ္စကို တစ်မြို့လုံး ယောက်ယက်ခတ်သွားသည်။ မာရင်ခရိုင်၌ နေသူများသည် ထိုညအဖို့ အိမ်ပြန်ရောက်တော့မည် မဟုတ်ကြောင်း သိသွားကြသည်။ ထို့နောက် ဒုတိယတံတားနှင့် ကူးတို့စနစ်ကို ပိတ်ပစ်လိုက်သည်။ မည်သို့မည်ပုံ ဖြစ်လာမည်ကို ခန့်မှန်းမိသော မက်ဂိုဝမ်က လမ်းသွားလမ်းလာများ၏ အနေအထားကို သိရအောင် လမ်းညွှန်ကြားရေးမှူး တစ်ဦးကို သူ့အခန်းရှေ့ရှိ အခန်းတွင် ချက်ချင်း လာရုံးထိုင်ခိုင်းသည်။ နေ့လယ် ၂ နာရီခွဲတွင် အဆိုပါ လမ်းညွှန်ကြားရေးမှူးက မက်ဂိုဝမ်ထံ [illegible] သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တော့ ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး"

"ဘာဖြစ်လို့လဲ"

"လူတွေက မြို့ပြင်ကို ထွက်ကြသလို မြို့ထဲကို ဝင်လာတဲ့ လူတွေက တောင် ပိုများနေတယ်"

ထိုနေ့ တစ်ညလုံး ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေသည်။ လူတိုင်းလိုလို ကမ်းစပ်သို့ စုဝေးရောက်ရှိလာကြပြီး ပင်လယ်ထဲတွင် ရှိနေသော ရေနံတင် သင်္ဘောကြီးကို အထူးအဆန်းသဖွယ် လာကြည့်ကြသည်။ ထိုသတင်းကို ကြား သောအခါ မက်ဂိုဝမ်သည် ပရက်တီ၏ အကူအညီနှင့် ရေဆိပ်သို့ လူမလာနိုင် အောင် ရဲများကို လမ်းက ဆီးတားခိုင်းလိုက်သည်။ ကမ်းစပ်သို့ မလာနိုင်ပြန် သောအခါ မိုးထိတိုက်ကြီးများပေါ်သို့ တက်၍ ပင်လယ်အော်ထဲရှိ ရေနံတင် သင်္ဘောကြီးကို လှမ်းမျှော်ကြည့်နိုင်ရန် ကြိုးစားကြပြန်သည်။ ဤတွင် မက်ဂိုဝမ် က မိုးထိတိုက်ကြီးများပေါ်သို့ လူ မတက်နိုင်အောင် အမိန့်ထုတ်ရပြန်သည်။

"မိုးထိတိုက်ကြီးတွေပေါ်ကို လူမတက်စေနဲ့ တံခါးတွေမှာ အစောင့် တွေ ချထား . . . မိုးထိတိုက်ကြီးတွေပေါ်ကို လူ မတက်စေနဲ့ . . ."

သို့သော် တားထားသည်ကိုမှ ကြည့်ချင်မြင်ချင်ကြသော လူ့သဘော လူ့ဆန္ဒအရ ပင်လယ်အော်ဘက်သို့ မျက်နှာမူနေသော ဟိုတယ် ရှေ့ခန်းများကို အလုအယက် ငှားရမ်းကြပြန်သည်။ လီကာက်၏ နောက်ဆုံး တောင်းဆိုချက်ကို လုပ်သားပြည်သူများက သိလာရသောအခါ အကြမ်းဖက်သမားများ ပါသော ရေနံတင်သင်္ဘောကြီးကို ပိုကြည့်ချင် မြင်ချင်လာကြသည်။ အဘယ်ကြောင့်ဆို သော် လီကာက်က သူ့နောက်ဆုံး တောင်းဆိုချက်ကို ယူပီ သတင်းဌာနသို့ လှမ်းအကြောင်းကြားလိုက်သောကြောင့် ဖြစ်သည်။

ရပ်ကွက်အသီးသီးက ပေးပို့နေသော သတင်းများကြောင့် မက်ဂိုဝမ်၏ မျက်နှာထားသည် တစ်စထက် တစ်စ ပိုတင်းမာလာသည်။ သူက တံတားများ ပေါ်တွင် အသွားအလာ မရှိစေရဟု ပိတ်ပင်လိုက်သောအခါ မြို့သူမြို့သားများ သည် မြို့ထဲက ထွက်သွားကြလိမ့်မည်ဟု သူ ထင်သည်။ သို့ရာတွင် လူတွေက မြို့ထဲသို့ ထပ်ဝင်လာကြသည်။ သို့သော် သူက လုပ်သားပြည်သူများကို မြို့ထဲ သို့ မလာကြရန်၊ တခြားသို့ ရှောင်ကြရှားကြရန် ရေဒီယိုကတစ်ဆင့် မေတ္တာ ရပ်ခံလိုသော်လည်း လီကာက် သိသွားမည်ကို စိုးရိမ်သောကြောင့် ရေငုံနှုတ်ပိတ်



၍ နေခဲ့ရသည်။ အကယ်၍သာ သူ၏ မေတ္တာရပ်ခံချက်ကို လီကာက်က ကြား သွားခဲ့သော် ဘာကြောင့် ယခုလို မေတ္တာရပ်ခံနေသည်ကို ရိပ်မိသွားပြီး ခလုတ် နှိပ်လိုက်မှာ စိုးရိမ်ရသောကြောင့်ပင်တည်း။

❑

လီကာက်က သူ၏ နောက်ဆုံး တောင်းဆိုချက်ကို ထုတ်ဖော်တောင်းဆို ပြီး တစ်နာရီအတွင်း ရိုက်ဂမယ်တာဖတ်သည် ထိုသတင်းကို နံနက် ၁ နာရီ တွင် ကြားလိုက်ရသည်။ ဤတွင် သူက ရေထံ ထုတ်လုပ် ရောင်းချသူများ၏ အဖွဲ့ (အိုပက်) အစည်းအဝေးကို ကျင်းပရန် ချက်ချင်း ဖိတ်ခေါ်စေသည်။ ဇာတ်သိမ်းခန်းတော့ နီးလာလေပြီ။

❑

ဇန်နဝါရီလ ၂၃ ရက် ကြာသပတေးနေ့ ညနေ ၅ နာရီ ၁၀ မိနစ် တွင် ဆန်ဖရန်စစ္စကို၌ မှောင်စပြုလေပြီ။ ဤတွင် ချဲလင်ဂျာ ရှေ့ပိုင်း ချက်တိုင် တွင် ရှိနေသော မီးလုံးများကို ဖွင့်လိုက်သဖြင့် သင်္ဘောဦးပိုင်း တစ်ခုလုံး ထင်းထိန်သွားသည်။ သင်္ဘောကြီးကို ညကြည့် မှန်ပြောင်းများနှင့် စောင့်ကြည့် နေသူများက မက်ဂိုဝမ်ထံ ချက်ချင်း သတင်းပို့ကြသည်။ မက်ဂိုဝမ်က ဗိုလ်ချုပ် ကြီး လက်ကဲကို အသိပေးလိုက်၏။

"ဒါဆိုရင် သင်္ဘော အရှေ့ပိုင်းမှာ ပုန်းနေတဲ့ တိုက်ခိုက်ရေးအဖွဲ့သား တွေ နှင်းထူထူ မကျခဲ့ရင် မှောင်ရိပ်ခိုပြီး ပွဲစင်ဆီ သွားနိုင်ကြမှာ မဟုတ်တော့ ဘူး"

မိုးလေဝသဌာနကလည်း ရာသီဥတု ခန့်မှန်းချက်ကို ထုတ်ပြန်ကြေညာ သည်။ ယနေ့ည နှင်းကျနိုင်သည်။ ထို့နောက် နှင်းပြန်စဲသွားပြီး တစ်ညလုံး ထင်းလင်းရှင်းရှင်း ရှိနေနိုင်သည်တဲ့။

မက်ဂိုဝမ်တစ်ယောက် အထူးစိတ်တိုနေသည်။ အမြဲတမ်း[illegible] မူနေသော နိုင်ငံခြားရေးဌာန၏ ကိုယ်စားလှယ် ဂျော့ချ်တက်စ်သည် [illegible] အယ်တွင် တစ်ဘက်ခန်းထဲမှနေ၍ ဝါရှင်တန်နှင့် တယ်လီဖုန်း စကား[illegible]

www.burmeseclassic.com

www.burmeseclassic.com



သည်။ အတော်ကလေး ကြာလျှင် မက်ဂိုဝမ်အတွက် ဘာမှ အသုံးမဝင်သော အကြံဉာဏ်များနှင့် ဒုက္ခပေးလိမ့်ဦးမည်။ တစ်ဖန် မက်ဂိုဝမ်သည် ဗြိတိသျှ စစ်သံမှူး ဗိုလ်မှူး ပီတာရပ်ဆယ်နှင့် သုံးကြိမ်တိတိ ဆွေးနွေးခဲ့ရပြီးလည်း ဖြစ်သည်။ ပီတာရပ်ဆယ်၏ ပြောပုံဆိုပုံက နည်းနည်းတော့ ဆန်းသည်။

ပီတာရပ်ဆယ်သည် လောလောဆယ်တွင် ဆန်ဖရန်စစ္စကိုသို့ ရောက်ရှိနေခိုက် ချဲလင်ဂျာ ရောက်ရှိလာသည်နှင့် ကြုံကြိုက်သဖြင့် ဗြိတိသျှ သံအမတ်ကြီးနှင့် မက်ဂိုဝမ်အကြားတွင် ဆက်သွယ်ရေး အရာရှိအဖြစ် ဆောင်ရွက်နေခြင်း ဖြစ်သည်။ ပီတာရပ်ဆယ်က မေးခဲ့သည်။

"ကျွန်တော် ထင်တာ ပြောရရင် တစ်ချိန်ချိန်မှာ အခြေအနေကောင်းလာနိုင်တယ် ဆိုတဲ့ စိတ်ကူးနဲ့ ခင်ဗျားတို့က တတ်နိုင်သလောက် အချိန်ဆွဲပြီး စကားပြောနေကြတာလို့ ထင်တယ်"

မက်ဂိုဝမ်ကလည်း ပြန်ချေပခဲ့သည်။

"ကျုပ်တို့ကလည်း ဓားစာခံတွေရဲ့ အသက် မဆုံးရှုံးရအောင် တတ်နိုင်သလောက် အဘက်ဘက်က ကြိုးပမ်းနေတာပါပဲ"

"အဲဒီလို လုပ်ကိုင်ပေးနေကြတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ခုအတိုင်းဆိုရင် ဒီကိစ္စကြီးဟာ ရက်ပေါင်းများစွာ ကြာမသွားနိုင်ပေဘူးလား။ ဒါပေမဲ့ ဒီကနေ့ ညမှာပဲ ဆိုးဆိုးရွားရွား ဖြစ်လာနိုင်မယ့် အနေအထားမျိုးကော ရှိနိုင်ပါသလား"

"ကျုပ်တို့ကတော့ ဘယ်လို ဖြစ်လာမယ် ဆိုတာကို ကြိုမပြောတတ်ဘူး"

ပီတာရပ်ဆယ်သည် သင်္ဘောပေါ်၌ ပါလာသော ဗြိတိသျှလူမျိုး ၂၈ ဦး၏ အသက်ကို စိုးရိမ်သလို တစ်ဖက်ကလည်း စေ့စပ် ဆွေးနွေးပွဲကို ရက်ကြာစေလိုသည့် သဘောလည်း ရှိနေကြောင်း သူ အကဲခတ်လိုက်မိသည်။ နည်းနည်းတော့ ဆန်းသည်။

ထိုနေ့ည ၇ နာရီတွင် မက်ဂိုဝမ်၏ ထိပ်တန်း လျှို့ဝှက်သတင်းကြီး သည် ပေါက်ကြားသွားပြီ ဖြစ်ကြောင်း သူ သိလိုက်ရသည်။

❑



မက်ဂိုဝမ်ကို သတင်း စပေးသူမှာ တယ်လီဖုန်း စက်ခလုတ်ခုံမှ အော်ပရေတာ အမျိုးသမီးတစ်ဦး ဖြစ်သည်။ သူမက မဝံ့မရဲနှင့် အစချီသည်။

"ကျွန်မက သူများ ပြောတာ ဆိုတာတွေကို ခိုးနားထောင်တာ မဟုတ်ပါဘူးရှင်၊ ဒါပေမဲ့ နားစွန်နားဖျားလေး ကြားလိုက်ရတော့..."

မက်ဂိုဝမ်က ခပ်ထန်ထန် ပြောလိုက်၏။

"ပြောမှာသာ ပြောစမ်းပါကွာ"

"အခု လူတိုင်းလိုလိုက ဗြိတိသျှ ရေနံတင်သင်္ဘောကြီးပေါ်မှာ အဏုမြူဗုံးကြီး ပါလာတယ်လို့ ပြောနေကြတယ်"

"အားလုံးက ပြောတာလား"

"ကျွန်မ နားစွန်နားဖျား စကြားလိုက်ရကတည်းက နောက်ပိုင်းမှာ ဆက်တိုက် နားထောင်ခဲ့တာ"

မက်ဂိုဝမ်က ဤကိစ္စမှာ ယုတ္တိယုတ္တာမရှိသော ကောလာဟလသာ ဖြစ်ကြောင်း ပြောပြပြီး ကျေးဇူးတင်ကြောင်း ပြန်ပြောလိုက်သည်။ ဤတွင် ရဲမင်းကြီး ဘိုလန်တစ်ယောက် မက်ဂိုဝမ် ရှိရာ အခန်းထဲသို့ အပြေးအလွှား ဝင်လာသည်။ ဆန်ဖရန်စစ္စကို၏ ရပ်ကွက်တိုင်းမှ သိရသော သတင်းများမှာ မြို့သူမြို့သားများသည် အစုလိုက် အပြုံလိုက် မြို့ပြင်သို့ ထွက်ရန် ကြိုးပမ်းနေကြသည် ဆိုသည့် အချက်ပင်တည်း။

မြို့သူမြို့သားများသည် တစ်ရပ်ကွက်ပြီး တစ်ရပ်ကွက် ဆိုသလို ပင်လယ်ကမ်းစပ်နှင့် နီးသည့် ရပ်ကွက်များမှ စ၍ ပြောင်းကြရွှေ့ကြသည်။ ဤတွင် တချို့ကလည်း အခွင့်ကောင်းရပြီ ဆိုသည့် သဘောနှင့် ဓာတ်ဆီ တစ်ဂါလံကို ဒေါ်လာ ၅၀ အထိ ဈေးတင်ရောင်းကြသည်။ တချို့ကျတော့လည်း ဓာတ်ဆီ ပါသော ကားကို တစ်စီးလုံး လုသည်။ ပေကပ်ကပ် လုပ်သူများကို သေနတ်နှင့် ပစ်သတ်သည်အထိ အခြေအနေ ဆိုးရွားလာသည်။

မက်ဂိုဝမ် ဦးဆောင်သော အဖွဲ့ကလည်း ဘာလုပ်သင့်သည်ကို အကြိတ်အနယ် ဆွေးနွေးနေကြသည်။ သို့သော် မက်ဂိုဝမ်က သူ[illegible] ဆုံးဖြတ်ချက် ချလိုက်လေပြီ။ ဒီသတင်း လီကက်ထဲ ရောက်မ[illegible] အ[illegible] သည်။ သို့သော် ရေဒီယို အသံလွှင့်ဌာနများနှင့် ရုပ်မြင်သံကြား အသံလွှင့်ဌာန

www.burmeseclassic.com



များကို ပိတ်ပင်တားဆီး၍ ရမည် မဟုတ်။ ထို့ကြောင့် မက်ဂိုဝမ်က အဖွဲ့ကို အသိပေးလိုက်သည်။

"ကဲ. . . ကျုပ်တော့ ဆုံးဖြတ်ချက် ချလိုက်ပြီဗျို့၊ အဲဒီလို လုပ်မှပဲ ဖြစ်တော့မယ်"

ပရက်တီက ကန့်ကွက်သည်။

"ဒါဆိုရင် လူတွေ ပိုပြီး ထိတ်လန့်တကြား ဖြစ်ကုန်ကြမှာပေါ့"

"အခုလည်း လူတွေ လန့်ဖျပ်နေကြပြီပဲဥစ္စာ၊ သင်္ဘောပေါ် ရောက်နေတဲ့ ကတ်ဆဒီနဲ့ အဖွဲ့က ဝင်တိုက်နိုင်အောင် အချိန်ကို တတ်နိုင်သလောက် ဆွဲထားဖို့ လိုတယ်၊ ကျုပ်တို့အတွက် မိနစ်တိုင်း မိနစ်တိုင်းဟာ သိပ်ကို အဖိုးတန်နေတယ်"

မက်ဂိုဝမ်က အမိန့်ထုတ်လိုက်၏။ မက်ဂိုဝမ်က ကယ်လီဖိုးနီးယားပြည်နယ်၏ အလယ်ပိုင်းဒေသတစ်ခုလုံး တစ်နေရာနှင့် တစ်နေရာ ဆက်သွယ်၍ မရအောင် လျှပ်စစ်ဓာတ်အား ဖြတ်တောက်၍ မှောင်ချပစ်လိုက်သည်။

❑

"ကျုပ်တို့ဆီကို ဦးတည်ပြီး လာနေတဲ့ ရေတပ်က မော်တော်ဘုတ်ကို ပြန်ခေါ်ရင် ခေါ်၊ မခေါ်ရင် ဓားစာခံတွေကို ချက်ချင်း ပစ်သတ်မယ်၊ ကျုပ် ပြောတာ ကြားတယ် မဟုတ်လား။ မက်ဂိုဝမ်. . . ကျုပ်က သူတို့အားလုံးကို ပစ်သတ်ပြီး အလောင်းတွေကို ခင်ဗျား လူတွေဆီ ပစ်ချလိုက်မှာ၊ ကျုပ် ပြောတာ ကြားတယ် မဟုတ်လား၊ ကျုပ် ပြောတာကို ကြားတယ် မဟုတ်လား"

ဤအသံသည် သွက်သွက်ခါအောင် ရူးသွပ်သွားသူ တစ်ဦး၏ အသံမျိုး ဖြစ်သည်။ လီကက်၏ အသံသည် ငြိမ်နေသော အခန်းထဲတွင် ကျယ်ကျယ်လောင်လောင်ကြီး ပေါ်ထွက်လာသည်။ မက်ဂိုဝမ်ပင်လျှင် ကျောရိုးခြင်ဆီအထိ စိမ့်သွားအောင် ကျဉ်သွားသည်။ လီကက်သည် ခါတိုင်းလို စကားပလ္လင်ခံ တော့ဘဲ တောင်းဆိုချက်တွေအကြောင်း တစ်ခွန်းမှ မပြောဘဲ အရူးတစ်ယောက်လို ထအော်လိုက်ခြင်း ဖြစ်သည်။



ရေတပ်က မော်တော်ဟု လီကက်က ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ဗိုလ်ချုပ်ကြီး လက်ကဲက တစ်ဘက်ခန်းထဲသို့ ဝင်သွားပြီး တယ်လီဖုန်းတစ်လုံးကို ကောက်ကိုင်လိုက်သည်။ လီကက် ပြောသလို ရေတပ်သားများ အပြည့်အနက် တင်ဆောင်ထားသည့် ရေတပ်မှ မော်တော်ဘုတ်များကို အယ်ကာထရက်စ်ကျွန်း၏ အနောက်ဘက်နှင့် ရေနံတင်သင်္ဘောကြီးနှင့် ခပ်ဝေးဝေး ရေဆိပ်တစ်လျှောက်တွင် စောစောပိုင်းကတည်းက စီစဉ်ထားရှိပြီး ဖြစ်သည်။ သို့သော် ထိုမော်တော်ဘုတ်များကို သင်္ဘောပေါ်က မမြင်နိုင်ချေ။ ထို့အတူ ပင်လယ်အော်ထဲသို့လည်း ထွက်ခိုင်းခြင်း မရှိသေးချေ။ လက်ကဲသည်ပင်လျှင် အထူးတလည် အံ့အားသင့်သွားသည်။ သူသည် ပရက်စက်တီဒီယိုသို့ တယ်လီဖုန်း လှမ်းဆက်နေစဉ် စိတ်ပူနေမိသည်။ သူက ချက်ချင်း ပြန်စစ်ကြည့်ဖို့ ညွှန်ကြားလိုက်ပြီး အဖြေကို ပြန်စောင့်နေသည်။

သူသည် ၂ မိနစ်အတွင်း အခန်းထဲသို့ ပြန်ဝင်လာသည်။ ထိုအခိုက်မှာပင် အသံချဲ့စက်ထဲမှ သေနတ်သံ တစ်ချက် ပေါ်ထွက်လာသည်။ လီကက်က သူတို့ကို ထုံးစံအတိုင်း တတိယအကြိမ် လှည့်စားလိုက်ပြန်လေပြီ၊ စိတ်ပူနေသော မက်ဂိုဝမ်ကလည်း စကားပြောခွက်ကို စိုက်ကြည့်နေသည်။ သူက လက်ကဲကို စကားမပြောရန် လက်ပြ၍ တားလိုက်၏။ ထိုအခိုက်မှာပင် အကြီးအကျယ် တုန်လှုပ်ချောက်ချားနေပုံရသော မက်ကေး၏ အသံကို ကြားလိုက်ရသည်။

"ဒီကောင်တွေ ခုလေးတင် ဖိုလီကို ပစ်သတ်လိုက်ကြပြီ"

လက်ကဲသည် စာရွက်တစ်ရွက်ပေါ်တွင် ကပျာကယာ ရေးချလိုက်ပြီး စာရွက်ကို မက်ဂိုဝမ်ရှေ့သို့ ထိုးပေးလိုက်သည်။ မက်ဂိုဝမ်က တစ်ချက် ငုံ့ကြည့်လိုက်ပြီး စကားပြောခွက်ကို ပြန်စိုက်ကြည့်နေသည်။ စာမှာ–

"ဘယ်ရေတပ် မော်တော်ဘုတ်မှ ကမ်းက မခွာသေးဘူး၊ သိပ်သေချာတယ်၊ လီကက်က မြင်ရတယ်ဆိုတာ လုံးဝ မဟုတ်နိုင်ဘူး"

မက်ကေး၏ အသံက ဆက်လက် ထွက်ပေါ်လာပြန်သည်။

"အခု ဖိုလီ့အလောင်းကို ပွဲစင် ပြတင်းပေါက်က အောက်ဘက်ကို ပစ်ချလိုက်ကြပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် မက်ကေး လေသံ ပြောင်းသွားသည်။ ဒေါသသံလို့ပင် ပြောရလေမလား မသိ။

"တော်တော့. . မင်းတို့ နောက်ထပ် သတ်ဖို့ မကောင်းတော့ဘူး"

ဤတွင် ရုတ်ရုတ်သဲသဲ ဖြစ်သံများ ပေါ်လာပြီးနောက် လီကက်၏ အသံကို ခပ်သဲ့သဲ့ ကြားလိုက်ရသည်။

"ဟေ့. . ဘင်းနက်၊ မင်း အဲဒီနေရာမှာပဲနေ၊ ရှေ့တိုးမလာနဲ့၊ မင်း တိုးလာရင် မက်ကေးကို ပစ်ရလိမ့်မယ်"

ဤတွင် သေနတ်သံတစ်ချက် ထပ်ကြားရပြန်သည်။ ဤသေနတ်သံ က ပိုကျယ်သည်။ ထို့နောက် အသက် ခပ်ငယ်ငယ် လူတစ်ယောက်၏ အသံကို ကြားရပြန်၏။

"ဒီကောင်တွေ စားပွဲထိုး ရစ်ဂလီကို ပစ်သတ်လိုက်ပြန်ပြီ၊ ခွေးမသား တွေ. . ကဲ. . မက်ဂိုဝမ် ကျုပ်တို့အားလုံး သေမကုန်ခင် ဒီသင်္ဘောပေါ်ကို ဝင်တက်ပြီး တိုက်ပါတော့"

ထိုအသံရှင်သည် ဦးခေါင်းကို တစ်ခုခုနှင့် အရိုက်ခံလိုက်ရသလို ညည်းညည်းညူညူနှင့် စကားသံ ပျောက်သွားသည်။ ထို့နောက် မဂ္ဂဇင်း တစ်ကပ်လုံး ကုန်သည်အထိ သေနတ် ဆက်တိုက်ပစ်သံကို ကြားရပြန်သည်။ လက်ကဲက စာရွက်ပေါ်တွင် စာတစ်ကြောင်း ခပ်တိုတို ရေးပြီး မက်ဂိုဝမ် ရှေ့သို့ ချပေးလိုက်သည်။

"သင်္ဘောကို အတင်း ဝင်တိုက်ရအောင်"

မက်ဂိုဝမ်က ခေါင်းခါပြလိုက်၏။ သူ ဂဏန်းတွက်တတ်ပါသေးသည်။ နှစ်ယောက် သေသွားသော်လည်း ခုနက ဆက်တိုက် ပစ်လိုက်သော သေနတ် သံသည် ဓားစာခံတွေကို ပစ်တာ မဟုတ်ခဲ့သော် ဓားစာခံ ၂၇ ယောက် အသက်ရှင်နိုင်သေးသည်။ ဤတွင် လီကက်၏ အသံက ပြန်ပေါ်လာသည်။

"ခုနက သေနတ်သံတွေကတော့ ပြတင်းပေါက်ကနေ အပြင်ကို ပစ်လိုက်တာ၊ ကဲ မက်ကေးက ပြောပြလိမ့်မယ်"

"သူတို့က ဖိုလီနဲ့ ရစ်ဂလီကို ပစ်သတ်လိုက်ကြတယ်၊ ဒါပေမဲ့ ဓားစာခံ ၂၇ ယောက် ကျန်ပါသေးတယ်၊ လီကက်ကတော့ နောက်ထပ် မသတ်ဘူးလို့ ပြောတယ်"

လီကက်က ဝင်ပြောသည်။



"ရေတပ်က မော်တော်ဘုတ်နဲ့ ပြန်လှည့်သွားလို့ ထပ်မသတ်တော့ တာ၊ ဒီဘက်ကို နောက်တစ်ခါ ပြန်မလာဘူးဆိုရင် ဓားစာခံတွေကို ထပ်မသတ် ဘူး၊ ကဲ. . . မက်ဂိုဝမ် ကျုပ် ခင်ဗျားကို ခဏခဏ သတိပေးထားတယ် မဟုတ်လား"

မက်ဂိုဝမ်က ခပ်မှန်မှန် လေသံနှင့် ပြန်ပြောသည်။

"ချဲလင်ဂျာဆီကို ရေတပ်က မော်တော်ဘုတ်တစ်စင်းမှ မလာသေး ဘူး၊ ဆိပ်ကမ်း အာဏာပိုင်တွေကလည်း ဘယ်သင်္ဘော မော်တော်ဘုတ်ကိုမှ ကမ်းက မခွာခိုင်းသေးဘူး"

"ခင်ဗျား ညာပြောနေတာ၊ ခင်ဗျားက ကျုပ်ကို အကဲစမ်းကြည့်နေ တာ၊ အဲဒီမော်တော်ဘုတ် ဒီကို မလာဘဲနဲ့ ဓားစာခံတွေကို ကျုပ်က ပစ်သတ် ပါ့မလား။ အဲဒီလူတွေကို သတ်တဲ့လူဟာ ခင်ဗျားပဲ"

လီကက်သည် မက်ဂိုဝမ်ကို တောင်စဉ်ရေမရ ဆက်ကြိမ်းနေသည်။ မက်ဂိုဝမ်ကလည်း မျက်နှာသေကြီးနှင့် နားထောင်နေသည်။ တကယ်ကတော့ လီကက်သည် ရူးသွပ်သွားခြင်း မဟုတ်။ တမင်သက်သက် ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုနေခြင်းသာ ဖြစ်သည်။ သူ ပြောမည် ဆိုလျှင်လည်း ပြောနိုင်လောက် သည်။ အခုအချိန်တွင် အပေါ်စီးရနေပြီ ဖြစ်သဖြင့် ရက်ရက်စက်စက် ရိုင်းရိုင်း စိုင်းစိုင်း ပြောအားရှိနေခြင်း ဖြစ်သည်။ လီကက်သည် တရားလက်လွတ် ပြောဆိုနေရာမှ စိတ် ပြန်မှန်လာသလို မှန်မှန်ကန်ကန် ပြောဆိုလာပြန်သည်။ ယခုလို မမျှော်လင့်ဘဲ စိတ်ပြောင်းလဲသွားပုံကပင်လျှင် ဦးနှောက်ခြောက်စရာ ကောင်းလှသည်။

"နေပါဦး. . . ပင်လယ်အော်တစ်ဝိုက်မှာ ဘာဖြုလို့ မီးတွေ ငြိမ်းသွား ရတာလဲ"

"အေးဗျာ. . . လျှပ်စစ်မာတ်အားတွေ ပြတ်တောက်ကုန်လို့"

"ဘတ်စ်ကားကော အဆင်သင့်ပဲလား"

မက်ဂိုဝမ်က လက်သီးကို ပိတင်းတင်းကျစ်ကျစ် ဆုပ်ထားရင်း သံမှန်နှင့် ဖြေလိုက်သည်။

"သင်္ဘောဆိပ်မှာ စောင့်နေတာ ကြာလှပြီ"

"လေယာဉ်ပျံကကော၊ လေဆိပ်မှာပဲလား"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်”

“ကျူပ် တောင်းဆိုထားတဲ့ အချက်တွေကို ဝါရှင်တန်မှာ လက်ခံ စဉ်းစားနေကြပြီလား”

သူ့ကို နည်းနည်းလောက် ချွေးသိပ်ပြီး နှစ်သိမ့်ထားဖို့ လိုသည်။ အောက်ခြေလွှတ်နေသော လီကက်ကို မီးလောင် ရေလောင်း လုပ်ပေးထားဖို့လည်း လိုသည်။ ဒါမှလည်း ကျန်နေသေးသော ဓားစာခံ ၂၇ ယောက် အသက်ချမ်းသာရာ ရနိုင်မည်။

“အခု လောလောဆယ်မှာ သမ္မတကြီးက ဝန်ကြီးအဖွဲ့ အထူး အစည်းအဝေး ခေါ်ပြီး ဆွေးနွေးနေပါပြီ”

လီကက်သည် ဘာမှ ဆက်မပြောတော့ဘဲ ရေဒီယို တယ်လီဖုန်း အဆက်အသွယ်ကို ဖြတ်ပစ်လိုက်သည်။ ဒါကိုက စိတ်ခါတ် ချောက်ချားစရာ ဖြစ်နေရပြန်သည်။

❑

အားလုံးလိုလို စိတ်ချောက်ချားနေကြသည်။ ပြီးတော့ အသံချဲ့စက်ထဲက ထွက်ပေါ်လာနေသည့် အသံကိုသာ နားစိုက်ထောင်နေကြသဖြင့် မက်ဂိုဝမ်၏ အတွင်းရေးမှူး အခန်းထဲ ဝင်လာသည်ကို သတိမထားမိလိုက်ကြချေ။ သူက မိုးလေဝသ သတင်းထုတ်ပြန်ချက်ကို စားပွဲပေါ်၌ အသာအယာ လာတင်ပေးသွားခြင်း ဖြစ်သည်။

သူတို့အားလုံး ဆုတောင်းနေခဲ့ကြသည့်အတိုင်း တကယ် ဖြစ်လာလေပြီ။ မြူနှင်းထုကြီးသည် ပင်လယ်အော်ဒေသဆီသို့ အင်နှင့်အားနှင့် စုစုဝေးဝေး လွင့်မျောလာသည်။ ထိုမြူနှင်းထုကြီးသည် မိုင်းလ်ရော့စ် မီးပြတိုက်ကို ကျော်ဖြတ်ပြီးနောက် ရွှေတံခါး ရေလက်ကြားထဲတွင် ထူထပ်သိပ်သည်းစွာ ကျရောက်နေလေပြီ။ ထိုမြူနှင်းထုကြီးသည် ရွှေတံခါး တံတားကြီးအောက်ကို ကျော်ဖြတ်ပြီးနောက် ပင်လယ်အော်ထဲသို့ အလုံးအရင်းနှင့် ဝင်ရောက်လာသည်။ ထိုမြူနှင်းထုကြီးသည် မာရင်ခရိုင်ဘက်ရှိ မြောက်ဘက် ကမ်းခြေမှတစ်ဆင့် အယ်ကာထရက်ကျွန်းဆီသို့ ဦးတည်ရွေ့လျားနေရာ မကြာခင် သဘော်ဆိပ် အမှတ်



၃၁ ရှေ့တွင် ရပ်ထားသော ချဲလင်ဂျာဆီသို့ ရောက်ရှိလာပေတော့မည်။ မြူနှင်းထုကြီး ရွေ့လျားနေပုံကို အကဲခတ်ရသော် ချဲလင်ဂျာ၏ ဦးပိုင်းကို ပထမဦးဆုံးစတင် ဖုံးလွှမ်းလိမ့်မည်ဟု ယူဆရသည်။

ညစ်ပတ်ပေရေနေသော အဝတ်အစားများနှင့် မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများ ထိုးထိုးထောင်ထောင် ဖြစ်နေပြီ ဖြစ်သော ဝင်းတားက သေနတ်သံ တစ်ချက်ကို စ ကြားလိုက်သည်နှင့် တစ်ပြိုင်နက် အံ့ဖုံးကို အနည်းငယ်ဟပြီး အပြင်သို့ ချောင်းကြည့်လိုက်သည်။ အစားအသောက် မစားရသော ကြောင့် ဝမ်းဟာနေသော်လည်း ယခုအချိန်တွင် သူ့အကြားအာရုံမှာ ပိုမိုစူးရှ ထက်မြက်နေသည်။ ထိုသေနတ်သံကို ကြားလိုက်ရပြီးနောက် လူတစ်ယောက် ပွဲဆင်ပေါ်မှ ကုန်းပတ်မကြီးပေါ်သို့ ကျသွားသော အသံလို ဘုတ်ခနဲ အသံတစ်သံကိုလည်း ကြားလိုက်ရသည်ဟု သူ ထင်သည်။ တစ်ဖန် ဒုတိယသေနတ်သံ တစ်ချက်ကို ထပ်ကြားလိုက်ရပြီး နောက်ထပ် သေနတ်သံများ ဆက်တိုက် ထွက်ပေါ်လာပြန်သောအခါ ထိုဘုတ်ခနဲ မြည်သွားသော အသံမှာ သူ နားကြားလွဲခြင်းသာ ဖြစ်ရမည်ဟု ပြန်တွေးလိုက်မိသည်။

ဝင်းတား ပထမ ကြားလိုက်ရသော သေနတ်သံ နှစ်ချက်မှာ ခပ်အုပ်အုပ် ဖြစ်သော်လည်း နောက်ထပ် အတွဲလိုက် ပစ်လိုက်သော သေနတ်သံများမှာ ကျယ်လောင်လှသဖြင့် သူ့ကို လှမ်းပစ်လိုက်ခြင်း ဖြစ်သည်ဟု ယူဆပြီး ကပျာကယာ ငုံ့ချလိုက်မိသည်။ သူက စောင့်ဆိုင်းနေစဉ် ကတ်ဆဒီက သူ့ပေါင်ကို စိတ်မရှည်သော ပုံစံနှင့် လှမ်းဆွဲနေသည်။ ဝင်းတားက ခဏ ထပ်စောင့်ပြီး အဖုံးကို ပိတ်၍ လှေကားပေါ်မှ ပြန်ဆင်းခဲ့၏။

“အချိန်မကျသေးဘူးလေ”

ကတ်ဆဒီက မကျေမချမ်း မေးလိုက်သည်။

“အပေါ်မှာ ဘာတွေ ဖြစ်နေကြသလဲ၊ ဓားစာခံတွေကို ပစ်သတ်နေတာလား၊ တို့ ထွက်ပြီး ချမှ ကောင်းလိမ့်မယ် ထင်တယ်”

ဝင်းတားက ထပ်ပြောသည်။

“နေဦးလေ. . . ဦးပိုင်း ရွက်တိုင်ပေါ်မှာ မီးထွန်းထားတာနဲ့ အစောင့်လည်း ရှိနေတယ်၊ ပြီးတော့ နှင်းလည်း မကျသေးဘူး”

ဆူလီဗန်က ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကလည်း ကတ်ဆဒီကို ထောက်ခံတယ်၊ ဒီအခြေအနေကို သိပ်မကြိုက်ဘူး"

ဝင်းတား၏ ဒေါသ ပေါက်ကွဲလေပြီ။

"ခင်ဗျားက မကြိုက်ဘူး ဟုတ်လား•• ဘာလဲ ကျုပ်ကတော့ သိပ်ကြိုက်နေတယ်လို့ ထင်လို့လား၊ ကျုပ် ထင်တာ ပြောရရင် မက်ဂိုဝမ်ကို ခြောက်တဲ့ လှန့်တဲ့အနေနဲ့ လူ ၂ ယောက်ကို ပစ်သတ်ပြလိုက်တာလို့ ထင်တယ်၊ ဒါဆိုရင် ၂၇ ယောက်တောင် ကျန်သေးတယ်"

ကတ်ဆဒီက ခပ်မာမာ ဝင်ပြောပြန်၏။

"သေနတ်ကို အတွဲလိုက် ဆွဲပစ်လိုက်သံကိုလည်း ကြားရတယ် မဟုတ်လား"

"အဲဒါကတော့ မဂ္ဂဇင်းတစ်ကပ်လုံး ကုန်အောင် ပြတင်းပေါက် အပြင်ဘက်ကို လှမ်းပစ်လိုက်တာလို့ ကျုပ် ထင်တယ်၊ အဲဒီသေနတ်သံတွေက ပထမနှစ်ချက်ထက် ပိုကျယ်တယ်၊ နေဦးလေ•• အခု ကျုပ်တို့က ဒီမှာ ၃ ယောက်တည်း ရှိတယ်။ ကျုပ်တို့ ဘာဖြစ်သွားသွား သိပ်အရေးမကြီးပါဘူး ဒါပေမဲ့ လုပ်စရာရှိတဲ့ အလုပ်ကို အောင်အောင်မြင်မြင် လုပ်နိုင်ဖို့က ပိုအရေးကြီးတယ်၊ နို့မို့ရင် ကျုပ်တို့လည်း အချောင်သေမယ်၊ ခရီးသည်တွေ အားလုံးလည်း သေကုန်ကြလိမ့်မယ်၊ အခု ကျုပ်တို့ ဒီအခန်းလေးထဲမှာ ပိတ်မိနေခဲ့တာ ၁၈ နာရီ ရှိသွားပြီ၊ ကျုပ်တို့ ဒီ့ထက် ပိုပြီး ထပ်မစောင့်နိုင်စရာ မရှိတော့ပါဘူး"

လက်သမား စတိုခန်းကလေးသည် ယခုမှ တကယ် နံစော်နေလေပြီ။ သူတို့ကိုယ်မှ ထွက်လာသော ချွေးနံ့များနှင့် ကျင်ငယ်နံ့၊ မစင်နံ့တို့မှာ တစ်ခန်းလုံး လှိုင်နေလေသည်။ ၃ ယောက်စလုံး ရေငတ်နေကြပြီး မလှုပ်ချင်လောက်အောင် ပင်ပန်းနွမ်းနယ်နေကြသည်။ အပြင်ရောက်မှ ဘာပဲဖြစ်ဖြစ် ဒီအခန်းထဲက ထွက်ရလျှင် ကျေနပ်ကြမည်သာ ဖြစ်သည်။ နောက် ၅ မိနစ် ကြာသောအခါ ဝင်းတားက အံဖုံးတံခါးကို ဖွင့်ကြည့်ပြန်၏။ သို့သော် ခေါင်းခါပြီး လေကာအောက ပြန်ဆင်းလာပြန်သည်။ ဆူလီဗန်က ဝင်းတား၏ အမူအရာကို ကြည့်၍ ထပ်မေးလိုက်သည်။

"အပေါ်မှာ ဘာဖြစ်နေလို့လဲ"



"နောက်ထပ် လေး ငါးမိနစ်တော့ စောင့်ရလိမ့်ဦးမယ်"

❑

"အင်ဒရီ•• မင်း ပွဲစင်ဘက်ကို ခုချက်ချင်း ပြန်လာခဲ့တော့"

ဦးပိုင်းရှက်တိုင်ထိပ်မှ အစောင့်ကို ပြန်ခေါ်လိုက်ပြီးနောက် လီကာက်သည် ဝေါကီတော်ကီကို စားပွဲပေါ် ပြန်တင်လိုက်၏။ ပင်လယ်အော်ထဲတွင် ချဲလင်ဂျာကို ကျောက်ချ ရပ်နားထားသည့် အချိန်ကစ၍ လီကာက်သည် ပွဲစင်ပေါ်တွင်သာ အစာ စားသည်။ ပွဲစင်ပေါ်၌သာ တစ်ချိန်လုံး နေတော့သည်။ သူသည် တစ်မှေးမှ မအိပ်ခဲ့ရသေးသော်လည်း သူ့မျက်လုံး အစုံကမူ ဖျတ်ဖျတ် လတ်လတ် ရှိနေဆဲပင်။

သူတို့ တစ်နာရီအတွင်း ဒီသဘောၤပေါ်က ခွာကြတော့မည်။ လီကာက်သည် ဝေါကီတော်ကီ ဘေးနား၌ ရှိနေသော အသံလွှင့်စက် အသေးကလေးကို ကြည့်လိုက်၏။ သူ ဒီသဘောၤပေါ်က မခွာခင် ဒီအသံလွှင့်စက်ကလေးပေါ်မှ ခိုင်ကိုက် ဖောက်ခွဲ ကိရိယာကို အသက်သွင်းပေးမည့် ခလုတ်တစ်ခုကို လှည့်ပစ်ခဲ့ရမည်။ ပြီးတော့ လီကာက်ကလည်း နှင်းထူထူထဲထဲ ကျလာမည့် အချိန်ကို စောင့်နေခြင်း ဖြစ်သည်။ နှင်းကျလာသည့်အခါကျမှ မြူနှင်းထုကို အကာအကွယ် ယူ၍ ကုန်းပတ်မကြီးပေါ်တွင် အသင့်တင်ထားပြီး ဖြစ်သော ပုံချိတ်စက် တပ်ထားသည့် ဖိုးဒီယတ် ရာဘာလှေနှင့် ထွက်ပြေးကြမည် ဖြစ်သည်။

အကြမ်းဖက်သမား အများစုသည် လီကာက်ကဲ့သို့ ရေငုပ်ဝတ်စုံများကို ပြောင်းလဲဝတ်ဆင်နေကြပြီ ဖြစ်သည်။ အကြမ်းဖက်သမား အများစုသည် ယခု ပွဲစင်ပေါ်တွင် စုရုံးရောက်ရှိနေကြသည်။ ပွဲစင်တစ်ခုလုံးကို မှောင်ချထားသဖြင့် 'အိမ်မြှောင်စင်'မှ ပေါ်ထွက်နေသော ခပ်မှိန်မှိန် အလင်းရောင်ကြောင့် သူတို့ကို မကောင်းဆိုးဝါးများသဖွယ် မြင်နေကြရသည်။ လီကာက်ကလည်း သူ့စီမံကိန်းအတိုင်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရမည်ဟု တစ်ထစ်ချ ယုံကြည်ထားသည်။ ယခု မက်ဂိုဝမ်ကို သတိပေးထားသည့်အနေနှင့် [illegible] နှစ်ယောက်ကို သတ်ပစ်ပြီးလေပြီ။ ထို့ကြောင့် မက်ဂိုဝမ်သည် အခက်အခဲ ဝင်တိုက်ရဲမည် မဟုတ်။ ကျန်ရှိနေသေးသော ခရီးသည် ၂၆ ယောက်ကို ဓားစာခံ

www.burmeseclassic.com



ထောက်ထားရန် ရှိပေသေးသည် မဟုတ်ပါလား။ တကယ်ကတော့ ကျန်နေသူများမှာ ၂၇ ယောက် မဟုတ်။ ၂၆ ယောက်သာ ဖြစ်ကြောင်း သူ ကောင်းကောင်းကြီး သိသည်။ လီကက်သည် 'မန့်' ဆိုသော သူကို သတ်ခဲ့ပြီးပြီ မဟုတ်ပါလား။

ရစ်ချတ်ဆန်ပင်လယ်အော်ထဲတွင် အသင့်ရှိနေသော ရေယာဉ်ပျံဆီသို့ ရောက်အောင် ၁၅ မိနစ်ကြာ သွားရပေဦးမည်။ သို့သော် ပထမအဆင့်အနေဖြင့် တခြားတွင် ရှိနေသော သင်္ဘောသား အားလုံးကို မာလိန်မှူး၏ နေ့ဘက်ရုံးခန်းထဲ၌ တစ်စုတည်း တစ်ဝေးတည်း ဖြစ်အောင် စုနိုင်းရဦးမည်။ သူတို့အားလုံးကို ထိုအချိန်တွင် အပြတ်ရှင်းရမည် ဖြစ်သည်။ လီကက်က ပွဲစင်တစ်ဝိုက်ကို လှမ်းအကဲခတ်လိုက်၏။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး လက်နှစ်ဖက်စလုံး နောက်ပစ်ထားသော မက်ကေးသည် ပွဲစင် ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်နေသည်။ ရစ်ဂလီတစ်ယောက်တော့ ပစ်အသတ်ခံလိုက်ရပြီဟု စကားပြောခွက်ထဲသို့ အော်ပြောခဲ့သော ဘင်းနက်သည် ပွဲစင်ပွဲကိုင်ဘီး ဘေးနားတွင် ယခုအချိန်အထိ သတိပြန်မရသေးဘဲ လဲကျနေဆဲပင်။ ထိုအချိန်တွင် ဦးပိုင်းရွက်တိုင်ထိပ်၌ အစောင့်တာဝန်ကျနေခဲ့သော အင်ဒရီဗူးယွန်တစ်ယောက် ပွဲစင်ထဲသို့ ဝင်လာသဖြင့် လီကက်က လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

□

ဘက်တီကော်ဒဲလ်တစ်ယောက် အဆင်သင့် ဖြစ်လေပြီ၊ သူက ဖြူဖြူဖွေးဖွေးရှင်တစ်ခုလုံး ပေါ်အောင် ရှပ်အင်္ကျီ ကြယ်သီးများကို ဖြုတ်၍ ရင်ဘတ်ပေါ်မှ အင်္ကျီစကို ဘေးသို့ ဆွဲဟပစ်လိုက်သည်။ 'စဉ်းစားမနေနဲ့တော့၊ လုပ်စရာရှိတာကို အပြတ်လုပ်ပေတော့၊ စဉ်းစားနေရင် ဘယ်တော့မှ လုပ်ဖြစ်မှာ မဟုတ်' ဟု သူ့ကိုယ်သူ သတိပေးထားပြီး ဖြစ်သည်။ ဘက်တီသည် အခန်းတံခါး ရှိရာသို့ သွားပြီး တံခါးလက်ကိုင်ကို ဆွဲလှုပ်ရင်း အော်လိုက်သည်။

"မြန်မြန်လာပါရှင်၊ မြန်မြန်လာစမ်းပါ၊ ကျေးဇူးပြုပြီး တံခါးကို ခပ်မြန်မြန် ဖွင့်ပေးစမ်းပါရှင်"

သူ့အသံမှာ အထိတ်တလန့်နှင့် သွေးရူးသွေးတန်း ဖြစ်နေပုံရသည်ဟု အပြင်ဘက်တွင် စောင့်နေသော အစောင့်လူဆိုးက ထင်လိုက်သည်။ အစောင့်



လူဆိုးက တံခါးသော့ကို ကမန်းကတန်း ရှာရင်း ဘက်တီကော်ဒဲလ်ကို ငြိမ်းသစ်လို အော်ပြောလိုက်သော်လည်း ဘက်တီက သူ ပြောတာကို နားမလည်ပါချေ။ သို့သော် ဘက်တီက တံခါးကို ခပ်မြန်မြန် ဖွင့်ပေးဖို့ တောင်းပန်နေဆဲပင်။ အစောင့်လူဆိုးကမူ အခန်းထဲတွင် မီးလောင်နေသည်ဟု ထင်လိုက်သည်။

အစောင့်လူဆိုးသည် ပစ္စတိုသေနတ်ကို လက်တွင် တွဲလောင်းချကိုင်ရင်း တံခါးကို တွန်းဖွင့်လိုက်သည်။ မိန်းမ ဆိုတာ ထမင်းချက်ဖို့၊ ယောက်ျားများအတွက် အာသာရမ္မက် ပြေငြိမ်းအောင် အသုံးတော်ခံဖို့လောက်သာ အသုံးကျသည့် သတ္တဝါများ ဖြစ်သည်။ လုံးဝ ကြောက်စရာ မလိုပါ။ သူ့အခန်းထဲသို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ဘက်တီကော်ဒဲလ်၏ ဖြူးဖြူးဖွေးရင်ကို မြင်လိုက်ရသဖြင့် ပတ်ဝန်းကျင်ကို ခဏတစ်ဖြုတ် မေ့သွားသည်။ ဘက်တီသည် နေ့လယ်စာ လင်ဗန်းပေါ်၌ အဆင်သင့် ဖွင့်ထားပြီးသား ရှိသော ဇရုတ်ကောင်းမှုန့် ပုလင်းနှင့် အစောင့်လူဆိုး၏ မျက်ခွက်ကို ပက်ထည့်လိုက်၏။ မျက်စိထဲသို့ ဇရုတ်ကောင်းမှုန့်များ ဝင်သွားသောကြောင့် ထိုလူဆိုးသည် အထိတ်တလန့် အော်ဟစ်ရင်း မျက်စိကို လက်နှစ်ဖက်နှင့် ကယောင်ကတမ်း လှမ်းကိုင်လိုက်မိရှာသည်။ တစ်ချိန်တည်းမှာပင် သူ့လက်ထဲမှ ပစ္စတိုသေနတ်သည် ကြမ်းပေါ်သို့ လွတ်ကျသွားသည်။ ဘက်တီသည် လီကက် သူ့အခန်းထဲကို ဝင်လာစဉ်တုန်းက ယူလာပြီး ထားပစ်ခဲ့သော ဝိုင်အရက်ပုလင်းကို လှမ်းဆွဲလိုက်၏။ ဝိုင်အရက်ပုလင်းကို မဖောက်သေးဘဲ သူ့နဂိုအတိုင်း ထားရှိခဲ့သောကြောင့် ယခုအချိန်တွင် ထိုဝိုင်အရက်ပုလင်းသည် သူ့အတွက် အကောင်းဆုံး လက်နက် ဖြစ်နေလေပြီ။ ဘက်တီသည် လုံးဝ တုံ့ဆိုင်းခြင်း မရှိဘဲ အစောင့်လူဆိုး၏ နောက်စေ့ကို ပုလင်းနှင့် တအားကုန် ရိုက်ပစ်လိုက်၏။ သူ့ဒေါသ အရှိန်အဟုန်ကြောင့် လူဆိုး၏ ခေါင်းခွံပင် ကွဲအက်သွားသည်။

အစောင့်လူဆိုးသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။ သူ့တစ်ကိုယ်လုံးတွင် သွေးနှင့် ဝိုင်အရက်များ ရောထွေးပေကျံကုန်သည်။ ဘက်တီအား သူ့ကို နောက်ထပ် လှုပ်ရှားမှု ရှိသေးသလားဟု တစ်ချက် ငုံ့ကြည့်လိုက်၏။ ထို့နောက် သူ့ကို ဖွဲအိတ်ကြီးတစ်အိတ်ပမာ ရေချိုးခန်းထဲသို့ တရွတ်တိုက် ဆွဲသွင်းလိုက်ပြီး ပွင့်နေသော အခန်းတံခါးကို အပြေးအလွှား [illegible] သည်။ ဘက်တီ ယခုလို တစ်ကိုယ်တော်တိုက်ပွဲ ဆင်နွှဲချင်[illegible] လို့ဆော်ပေးလိုက်သည့် ကိစ္စမှာ အတွဲလိုက် သေနတ်[illegible]

www.burmeseclassic.com



လိုက်ရသောကြောင့်ပင်တည်း။ ဘက်တီတစ်ယောက် ကမန်းကတန်း ဆက်လက် လှုပ်ရှားနေသည်။

ဘက်တီသည် စက္ကန့်ပိုင်းအတွင်း ရှပ်အင်္ကျီ ကြယ်သီးများကို ပြန်တပ် လိုက်ပြီး အပေါ်မှ ကုတ်အင်္ကျီကို ထပ်ဝတ်လိုက်သည်။ ထို့နောက် အဆင်သင့် တပ်ဆင်ထားပြီး ဖြစ်သော ပွိုင့်တူးတူး ရိုင်ဖယ်သေနတ်ကို အိပ်ရာခင်း အောက်မှ ဆွဲယူလိုက်၏။ ဘက်တီက ကွဲနေသော ပုလင်းခွံကို ခြေထောက်နှင့် ကန်ပစ်လိုက်ပြီး အခန်းတံခါးကို ဆွဲဖွင့်လိုက်၏။ အပြင်ဘက် သော့ပေါက်ထဲတွင် သော့တန်းလန်း ရှိနေသေးကြောင်း တွေ့လိုက်ရသည်။ အတွင်းစင်္ကြံလမ်းထဲ တွင်ကား လူတစ်ယောက်မျှ မရှိချေ။ ဘက်တီသည် ကြိုသိမထားသော်လည်း သူ ထွက်လာသည့် အချိန်မှာ လီကာက်က အစောင့်အားလုံးလိုလိုကို ပွဲစင်ပေါ်သို့ ခေါ်ထားသည့် အချိန် ဖြစ်သဖြင့် အချိန်ကောင်း ဖြစ်သည်ဟု ဆိုရမည်။ ဘက်တီသည် အခန်းကို သော့ခတ်၍ ပိတ်လိုက်ပြီး သော့ကို သူ့အိတ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် 'အာမလိုက်' ရိုင်ဖယ်ကို လက်နှစ်ဖက်နှင့် အသင့် အနေအထားတွင် ကိုင်ရင်း မျက်စိကို ဖွင့် နားကိုစွင့်၍ ပွဲစင်ဆီသို့ ဦးတည် သွားသည်။

လီကာက်တစ်ယောက် ပွဲစင်ပေါ်၌ ရှိနေမည်မှာ သေချာသည်။

❑

ဝင်းတားသည် ပွင့်နေသော အံဖုံးတံခါးနှင့် လွတ်အောင် ရှောင်ပေး လိုက်ရာ အထဲမှ လူ ၂ ယောက် ထပ်ထွက်လာသည်။ မြူနှင်းထုကြီးသည် သူတို့ ၃ ယောက်စလုံးကို စောင်ကြီးတစ်ထည်နှင့် ခြုံပေးထားသလို လွှမ်းခြုံ ရစ်သိုင်း၍ ထားလေပြီ။ သူတို့ ၃ ယောက်သည် ဝင်းတားက အကြံပေးသည့် အတိုင်း ရှေ့ နောက် တန်းစီ၍ သင်္ဘောဦးပိုင်းမှ ကုန်းပတ်မကြီး ရှိရာ အောက်ဘက်သို့ သတိကြီးစွာနှင့် ဆင်းလိုက်ကြသည်။ ဝင်းတား နောက်မှ ကတ်ဆဒီ၊ ကတ်ဆဒီနောက်မှ ဆူလီဗန် ကပ်ပါလာသည်။ သူတို့ ၃ ဦးစလုံး ဒီလစ်ဆလီ ကာဘိုင်သေနတ်များကို အသင့်အနေအထားတွင် ကိုင်ထားကြ သည်။ ဝင်းတားကမူ ခါးကြားထဲတွင် အချက်ပြ မီးခိုးပုံးသေနတ်ကိုပါ ထိုးထည့် ထားသည်။ သူတို့ သုံးဦးစလုံး ကုန်းပတ်မကြီးပေါ်သို့ ရောက်သွားကြလေပြီ။



ကုန်းပတ်မကြီးပေါ် ရောက်ရှိသွားသောအခါ ဝင်းတားတို့ ... ကြွက်လျှောက်ပေါ်မှ မလျှောက်ဘဲ ပိုက်လုံးများ၊ ပိုက်ခေါင်းများ အနှ... ပိုရှင်းသည့် သင်္ဘော၏ ဘယ်ဘက်ဘေးမှ သံလက်ရန်းတန်းနှင့် ကပ်၍ ... လာကြသည်။ ထိုအချိန်တွင် သင်္ဘော ကိုယ်ထည်ကို လာရောက် ... သော လှိုင်းကြက်ခွပ်ကလေးများ၏ အသံမှအပ ပကတိ ငြိမ်သက်နေသည်... မြူနှင်းထုကြီးကလည်း သူတို့၏ မျက်နှာကို လာရောက် ထိတွေ့နေသည်... ဝင်းတားသည် သတိ ဝီရိယ ကြီးစွာနှင့် အစွမ်းကုန် နားစွင့်ရင်း ရှေ့သို့ ဆက်လျှောက်လာသည်။ ပေ ၆၀ မြင့်သော ပွဲစင်ပေါ်မှ အသံကလေးတစ်သံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ပွဲစင်ပေါ်မှ အခြေအနေကို ချက်ချင်း သိအောင် နားစွင့်ထားသည်။ ဤတွင် သူ့ရှေ့ မြူနှင်းထုထဲမှ မည်းတဲတဲ ပစ္စည်းကြီးတစ်ခု ဘွားခနဲ ပေါ်လာ၏။

ထိုပစ္စည်းကြီးမှာ သင်္ဘော၏ ဘယ်ဘက်ရှိ ဝန်ချီစက်ကြီး ဖြစ်သည်။ ဤဝန်ချီစက်ကြီးကို တွေ့လိုက်ရသောကြောင့် ပွဲစင်နှင့် နီးကပ်နေပြီ ဖြစ်ကြောင်း သိလိုက်ရ၏။ သို့သော် ပွဲစင်သည် ယခုအချိန်အထိ မြူနှင်းထုထဲတွင် ပျောက် ကွယ်နေသေးသည်။ သူက ကတ်ဆဒီတစ်ယောက် သူနှင့် ရင်ပေါင်တန်းမိသည် အထိ စောင့်နေလိုက်ပြီး ကာဘိုင်သေနတ်ကို ပခုံးတွင် ပြန်လွယ်လိုက်သည်။ ထို့နောက် မီးခိုးပုံးသေနတ်ကို ခါးကြားထဲမှ ဆွဲထုတ်လိုက်၏။ ဤနေရာတွင် မြူနှင်းထုသည် ယခင်ကလောက် မထူထပ်တော့ချေ။ ပေ ၆၀ မြင့်သော ပွဲစင်ကြီးသည် သူတို့ရှေ့၌ မားမားကြီး ပေါ်နေသည်။

သူတို့လူစုသည် အထပ် ၅ ထပ် မြင့်သော ပွဲစင်ကြီးနှင့် ပေ ၂၀ အကွာသို့ ရောက်ရှိနေလေပြီ။ သို့သော် ဤပေ ၂၀ ဆိုသော အကွာအဝေးသည် သူတို့အတွက် သေမင်းထောင်ချောက် အကွာအဝေးပင် ဖြစ်သည်။ ယခု နှင်းအနည်းငယ် ကွဲစပြုလေပြီ ဖြစ်သဖြင့် ပွဲစင် ပြတင်းပေါက်မှ အပြင်ဘက်သို့ ငုံ့ကြည့်နေသော အကြမ်းဖက်သမား လူဆိုးများသည် သူတို့ ၃ ယောက်... သေနတ် တစ်ချက်ချင်း အမှည့်ခြွေ ခြွေနိုင်သည့် အနေအထားတွင် ... တစ်ဖန် အပေါ်ဘက်တွင် လူဆိုးတစ်ဦးသာမက အများအပြား ... လီကာက် ကိုယ်တိုင်လည်း ရှိနေနိုင်သည်။ ဤတွင် ကတ်ဆဒီက ... လက်မောင်းကို ကိုင်၍ ရှေ့သို့ လက်ညှိုးထိုးပြလိုက်၏။ ပွဲစင် ...

www.burmeseclassic.com

www.burmeseclassic.com



လေး ငါးပေ အကွာတွင် ခွေခွေလေး ဖြစ်နေသော အလောင်းတစ်လောင်းကို တွေ့လိုက်ရသည်။ ဖိုလီ၏ အလောင်းပင်တည်း။

ဝင်းတားသည် ဘယ်လက်ကို တံတောင်ဆစ်မှ ကွေး၍ နဖူးနှင့် တည့်တည့်လောက်ဆီသို့ မြှောက်လိုက်၏။ ထို့နောက် ကွေးမြှောက်ထားသော ဘယ်ဘက်လက်ဖျံပေါ်တွင် ညာလက်ကို တင်၍ မီးခိုးပုံးသေနတ်ကို ပွဲစင်၏ အလယ်တည့်တည့်ဆီသို့ မြှောက်ချိန်လိုက်သည်။ ပွဲစင်မှာ သူတို့၏ ခေါင်းပေါ် အတော် ခပ်လှမ်းလှမ်း၌ ရှိနေသဖြင့် ဝါးတားတားသာ မြင်နေရသည်။ ထို့ကြောင့် သေနတ်ကိုလည်း အပေါ်သို့ ခပ်မတ်မတ် ထောင်၍ ချိန်ထားရသည်။ သူက လက်ကို ငြိမ်အောင် ထားလိုက်ပြီး သေနတ်မောင်းကို ခွဲဖြုတ်လိုက်သည်။

မီးခိုးပုံးကျည်ဆန်သည် အပေါ်ဘက်ဆီသို့ တစ်ဟုန်ထိုး တက်သွားပြီး မြူနှင်းထုများ အကြားတွင် ပျောက်ကွယ်သွားသည်။ ထို့နောက် ပွဲစင်ကို ထိမှန်သံ ကြားလိုက်ရ၏။ ဝင်းတားက ရှေ့သို့ နှစ်လှမ်း တိုးလိုက်သည်။ ဤတွင် မည်းမှောင်နေသော မီးခိုးလုံးများ ရုတ်တရက် ပေါ်ထွက်လာပြီး ပွဲစင်၏ ရှေ့ဘက်တွင် ရှိသော ပြတင်းပေါက်များကို ကန့်လန့်ကာ အမည်းကြီးနှင့် ကာလိုက်သလို မည်းမည်းမှောင်သွားစေသည်။

ကတ်ဆဒီသည် နှင်းကွဲနေသော ပွဲစင်ရှေ့ပိုင်း ကွက်လပ်ဆီသို့ ရဲရဲ တင်းတင်း ခုန်ထွက်သွားပြီး သင်္ဘော၏ ဘယ်ဘက် ပွဲစင်အစွန်းဆီမှ အပြင်သို့ ခေါင်းပြူထွက်လာသော လူဆိုး ၂ ယောက်ထံ သေနတ်နှင့် ၃ ချက် လှမ်းပစ်လိုက်သည်။ ထိုနှစ်ယောက်အနက် တစ်ယောက်သည် လည်ထွက်သွားပြီး ရှေ့ဘက်သို့ ယိုင်လဲထိုးကျလာ၏။ ထို့နောက် ကတ်ဆဒီ၏ ခြေရင်းတွင် လဲကျ သေဆုံးသွားသည်။ ကတ်ဆဒီက ကာဘိုင်သေနတ်ကို ဒုံးနေရာဆီသို့ ထပ်ချိန်လိုက်၏။ ဒုတိယလူဆိုးသည် မိုက်မိုက်မဲမဲနှင့် ထိုနေရာတွင် ထပ်ပေါ်လာဦးမည်ကို သူ တပ်အပ်သေချာစွာ ကြိုသိထားသည်။ သူ ထင်ထားသလိုပင် နောက်တစ်ယောက် ထပ်ပေါ်လာပြန်သည်။ ကတ်ဆဒီက သူ့ကို ကာဘိုင်သေနတ်နှင့် ထပ်ပစ်လိုက်၏။ ထိုလူဆိုးသည် နောက်ဘက်သို့ လဲကျသွားပြီး သူ့မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။

ဖြစ်ပုံပျက်ပုံမှာ မြန်ဆန်လွန်းလှသဖြင့် ရုပ်ရှင်ကားတစ်ကားကို အမြန်နှုန်းနှင့် ပြနေသလို ထင်ရသည်။ ပြေးလွှားနေသော လူရိပ်များကို ရိပ်ခနဲ



ရိပ်ခနဲ ခပ်ဝါးဝါး မြင်နေရသည်။ ဆူလီဗန်သည် သံလှေကားတစ်ခုမှ အပေါ်ဘက်သို့ ခုန်ပျံပြေးလွှားပြီး တက်သွားသည်။ မည်းမှောင်နေသော မီးခိုးလုံးကြီးက ပွဲစင်ကို ဖုံးအုပ်ထားဆဲပင်။ အခြား သံလှေကားတစ်ခုမှ အပေါ်သို့ သုတ်သုတ် ပြေးတက်သွားသော ကတ်ဆဒီသည် မီးခိုးလုံးများထဲ၌ ပျောက်ကွယ်သွားသည်။ သေနတ်သံများ ဆက်တိုက် ထွက်ပေါ်လာပြန်၏။ ငြိမ်သက်နေခဲ့သော သင်္ဘောကြီးသည် ကြောက်စရာကောင်းလောက်အောင် အသက်ဝင် လှုပ်ရှားလာလေပြီ။

ဝင်းတားကိုယ်တိုင်လည်း သံလှေကားတစ်စင်းမှ အပေါ်သို့ ပြေးတက်သွားခဲ့သည်မှာ ကြာလေပြီ။ ဝင်းတားသည် အတွင်းစင်္ကြံလမ်း တစ်ခုအတွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် လူဆိုးတစ်ယောက်နှင့် ဘွားခနဲ ရင်ဆိုင်တိုးမိသည်။ ထိုလူဆိုးသည် ဝင်းတားကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် လက် နှစ်ဖက်ကို ခေါင်းပေါ်သို့ မြှောက်လိုက်၏။ သို့သော် ဝင်းတားက သူ့ရင်ဘတ်ကို သေနတ်နှင့် နှစ်ချက် ပစ်ထည့်လိုက်သည်။ မက်ဂိုဝမ်က သူတို့ကို ဖြတ်ပြတ်သားသား ညွှန်ကြားခဲ့သောကြောင့် ပစ်လိုက်ခြင်း ဖြစ်သည်။

"တရားခံတွေကို အရှင် ဖမ်းမလာခဲ့နဲ့၊ သူတို့ ပါလာရင် ရုံးတင် တရားစွဲနေရတာ သိပ်အချိန်ကုန်တယ်၊ ဒီတော့ တွေ့ရာ နေရာမှာ အားလုံးကို အသေ ပစ်သတ်ခဲ့၊ ဒါပဲ"

ဝင်းတားသည် သင်္ဘောသား အများစုကို ချုပ်လှောင်ထားရာ အခန်းဆီသို့ ဦးတည်၍ ဆက်ပြေးသွားသည်။ ထောင့်ချိုးတစ်ခုကို တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ထိုအခန်းပေါက်ဝကို လှမ်းမြင်လိုက်ရ၏။ 'လုံမယ်'ဟု ခေါ်သော လူဆိုးတစ်ယောက်သည် ထိုအခန်းတံခါးကို အထဲသို့ ကန်ဖွင့်လိုက်ပြီးနောက် ကော်ပီယံ သေနတ်နှင့် အထဲသို့ ချိန်နေသည်ကို တွေ့လိုက်ရသည်။ အထဲတွင် ရှိနေသော ဓားစာခံများကို အပြတ်ရှင်းတော့မည့် ပုံစံပင်တည်း။ ဝင်းတားက သူ့ကို သေနတ်နှင့် နှစ်ချက် ဆင့်ပစ်လိုက်သည်။ အကယ်၍ လူတစ်ယောက်သည် ဒသမ ၄၅ ကျည်ဆန်နှင့် အပစ်ခံခဲ့ရသော် ရေကြဲကြီးတစ်ကောင်က သူ့ကို အပြေးအလွှား ခေါင်းနှင့် ဝင်ဆောင့်ခံလိုက်ရသလို ခံစားရမည်။ သူ့ ဝင်းတားက သူ့ကို ဒသမ ၄၅ ကျည်ဆန်နှင့် နှစ်ချက် ပစ်လိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် သူသည် ဘေးသို့ လွင့်စဉ်သွားပြီး ကြမ်းပေါ်သို့ ဝုန်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



ပစ်ကျသွားသည်။ ဝင်းတားသည် သူ့ကိုယ်လုံးကြီးပေါ်မှ ကျော်ခွ၍ ရှေ့သို့ ဆက်ပြေးသွားသည်။ သူ ဆက်ပြေးလေဦးမှ. . ။

❑

ဘက်တီကော်ဒဲလ်သည် သူ့မြင်ကွင်းအောက်မှ ရုတ်တရက် ပျောက်ကွယ်သွားသော သားကောင် နောက်သို့ လိုက်လံချောင်းမြောင်းနေသည့် မုဆိုးတစ်ဦးပမာ မျက်စိအာရုံနှင့် သောတအာရုံကို ဖျတ်ဖျတ်လတ်လတ် ရှိရလေအောင် အစွမ်းကုန် ကြိုးစား၍ ခြေတစ်လှမ်းချင်း ရှေ့သို့ တိုးလာခဲ့သည်။ ထို့နောက် သံလှေကားပေါ်သို့ တစ်ထစ်ချင်း လှမ်းတက်လာသည်။ သင်္ဘောကြီးသည် ထိုအချိန်တွင် ကြောက်စရာကောင်းလောက်အောင် ငြိမ်သက်နေသည်။ စင်္ကြံလမ်းများတွင်လည်း ထူးထူးခြားခြား လူရှင်းနေသည်။ ယခုအချိန်တွင် ဘက်တီကော်ဒဲလ်သည် လူတစ်ယောက်မှ မရှိတော့သော သင်္ဘောပျက်ကြီးပေါ်၌ လျှောက်သွားနေရသလို ခြောက်ကပ်ကပ်ကြီး ဖြစ်နေသည်။ ဘက်တီသည် ပွဲစင်ဆီသို့ သင်္ဘော၏ ညာဘက်ခြမ်းမှ ကွေ့ဝိုက်၍ တက်လာနေခြင်း ဖြစ်သည်။

ဘက်တီ ယခု တပ်ဆင်ထားသော အာမလိုက် ရိုင်ဖယ်သေနတ်သည် ခလုတ်ကို တစ်ချက်ချင်း ဆွဲပစ်နိုင်သော ဆီမီးအော်တိုမက်တစ် ရိုင်ဖယ်သေနတ်မျိုး ဖြစ်သည်။ ကျည်ဆန် ၁၀ တောင့် ပါသော ကျည်ကပ်ကို တပ်ဆင်ထားသည်။ ကျည်ဆန်များမှာလည်း ခေါင်းပွ ကျည်ဖူးတပ်ထားသော ကျည်ဆန်မျိုး ဖြစ်သည်။ ဘက်တီ၏ အကျႌအိတ်ထဲတွင်လည်း ကျည်ဆန် ၁၀ တောင့်စီ ပါသော အပိုကျည်ကပ် နှစ်ခု ပါလာသေးသည်။

ဘက်တီ သံလှေကားထိပ်သို့ ရောက်သောအခါ သူ့ရှေ့တွင် လူရှင်းနေသော စင်္ကြံလမ်းတစ်ခုကို တွေ့လိုက်ရပြန်သည်။ အစောင့်လူဆိုးတွေ ဘယ်ကိုများ သွားနေကြပါလိမ့်။ သူ မျှော်လင့်မထားသော နေရာမှ ဘွားခနဲ ရင်ဆိုင်တွေ့ရလိမ့်မည်ဟု သူ ထင်သည်။ ဘက်တီက ရိုင်ဖယ်သေနတ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်၏။ ဤတွင် ရိုင်ဖယ်သေနတ်သံများကို သူ ကြားလိုက်ရသည်။ ဤတွင် ဘက်တီတစ်ယောက် ရှေ့သို့ အပြေးအလွှား ပြေးတက်သွားတော့သည်။

❑



ပွဲစင်ပေါ်တွင် ရှိနေသူ လီကာက်သည် မည်းမှောင်နေသော မီးခိုးလုံးများ အလိပ်လိုက် ပေါ်ထွက်လာသည်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် သူတို့ကို အလစ်တွင် ဝင်တိုက်ပြီဖြစ်ကြောင်း ချက်ချင်း ရိပ်မိလိုက်သည်။ သူက အော်ဟစ်၍ သတိပေးလိုက်၏။

"ဟေ့ကောင်တွေ. . ပွဲစင်ရဲ့ ခြေရင်းဘက် မီးခိုးတွေကြားထဲကို စွတ်ပစ်ကြစမ်းကွာ"

သို့သော် ဘယ်သူကမှ ဘာမျှ မလုပ်ကြသဖြင့် သူက ရေရွတ်ဆဲဆိုလိုက်သည်။ ပွဲစင်၏ ရှေ့ပိုင်း၌ ရှိနေသူ အစောင့်လူဆိုးများသည် မျက်စိထဲသို့ ထွေးခနဲ ဝင်လာသော မီးခိုးလုံးများကြောင့် မဆယ်နိုင်အောင် မျက်ရည်များ လည်လာကြသည်။ ပြီးတော့ အသက်မရှူနိုင်သလို ဖြစ်လာပြီး ချောင်းတဟွပ်ဟွပ် ဆိုးနေကြသည်။ တချို့ကလည်း ပါးစပ်ထဲ ဝင်လာသော မီးခိုးလုံးများကို ပြန်ထွေးထုတ်နေကြသည်။ သူတို့အားလုံး အရက်မူးနေသော ရုပ်သေးရုပ်များလို ဒယီးဒယိုင် ဖြစ်နေကြသည်။ လီကာက်က ထပ်အော်ပြန်၏။

"ခွေးမသားတွေ. . ပြတင်းပေါက်ဆီ သွားပြီး အောက်ဘက်ကို သေနတ်နဲ့ ပစ်ကြပါတော့လားကွ"

ပွဲစင်၏ နောက်ဘက်တွင် ရှိနေသူ အစောင့်လူဆိုးများသည် ရှေ့သို့ ပြေးတက်လာပြီး ပြတင်းပေါက်မှ ကိုယ်ကို ရှေ့သို့ ကိုင်းထွက်၍ အောက်ဘက်သို့ တစ်စုတစ်ဝေးတည်း ပိုင်းပစ်လိုက်ကြသည်။ ထိုကဲ့သို့ လှမ်းပစ်သည့် အထဲတွင် လီကာက်လည်း ပါသည်။ ထို့ကြောင့် သေနတ်သံများ ဆူညံသွားသလို ကော်ဒိုက်ယမ်းခိုးများကလည်း ပွဲစင်ထဲ၌ ပြည့်လျှံသွားသည်။ ဤတွင် လီကာက်က ခက်ကေးကို သတိရသွားသဖြင့် နောက်ဘက်သို့ ပြန်လှည့်လိုက်၏။ မက်ကေးသည် လီကာက်ဆီသို့ လာနေလေပြီ။

ထိုအချိန်တွင် ဘက်တီကော်ဒဲလ်သည်လည်း ပွဲစင်၏ ညာဘက်မှ ပွဲစင်ထဲသို့ ဝင်လာသည်။ ဘက်တီသည် ပိန့်တူးတူး ရိုင်ဖယ်သေနတ်ကို သူ့အဖေက သင်ထားသလို ခါးစောင်းလောက်တွင် နှိမ့်ကိုင်ထားသည်။

"အရေးတကြီး ပစ်ရတော့မယ်ဆိုရင် သေနတ်ပြောင်းကို တည့်တည့်ငြိမ်ငြိမ်ဖြစ်အောင် ကိုင်ပြီး အဲဒီနေရာကသာ ပစ်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ဘက်တီတစ်ယောက် ပွဲစင်ပေါ်သို့ ရောက်လာသောအခါ ပွဲစင်ရှေ့ပိုင်း၌ လူဆိုး ၆ ယောက်ခန့် တစ်တွေးကြီး ရှိနေသည်ကို မြင်လိုက်ရ၏။ ဘက်တီက လီကက်ကို မြင်လိုက်သလို လီကက်ကလည်း ဘက်တီကို လှမ်းမြင်လိုက်သည်။

လူဆိုးခေါင်းဆောင်ကြီး လီကက်တစ်ယောက် ကြက်သေ သေသွားသည်။ သေနတ် ကိုင်လာသော အမျိုးသမီးပါလား။ သူ လုံးဝမမျှော်လင့်မထားသော ကိစ္စတစ်ရပ်ကို ဖြုန်းခနဲ တွေ့လိုက်ရသဖြင့် တစ်စက္ကန့်၊ နှစ်စက္ကန့်ခန့် အချိန်ဖြုန်းမိသလို ဖြစ်သွားသည်။ သူ့အတွက် သိပ်အရေးကြီးသော ထိုအချိန်ပိုင်းကလေးကို ဖြုန်းမိလိုက်ခြင်း ဖြစ်သည်။ ဘက်တီကော်ဒဲလ်ကမူ တစ်ချက်ကလေးမှ တုံ့ဆိုင်းတွေဝေခြင်း မရှိ။ မှိုင့်တူးတူး သေနတ်ဒင်ကို တင်ပါးနှင့်ကပ်၍ သေနတ်မောင်းကို ဆက်တိုက် ဆွဲတော့သည်။ အာမလိုက် သေနတ်ပြောင်းထဲမှ ကျည်ဆန် ၁၀ တောင့်သည် တစ်တောင့်ပြီး တစ်တောင့် ဆက်တိုက်ထွက်လာသည်။ ဘက်တီသည် သူ့ဘဝတွင် ပထမဦးဆုံးအကြိမ် အသက်ရှိသော သတ္တဝါများကို ပစ်မှတ်အဖြစ် ပစ်ခတ်နေခြင်း ဖြစ်သည်။ ဘက်တီသည် ညာဘက်မှ ဘယ်ဘက်သို့ ဝိုက်၍ ဆက်တိုက် ပစ်ခတ်လိုက်ခြင်း ဖြစ်သည်။

"ဖန်း... ဖန်း... ဖန်း..."

လီကက်ကို ကျည်ဆန် ၃ တောင့် ဆက်တိုက် မှန်သွားသည်။ ကျန်လူဆိုး ၄ ယောက်သည် ထိုနေရာမှာပင် ပွဲချင်းပြီး သေသွားကြသည်။ နောက်ပိုင်းတွင် သေနတ်ပြောင်းဝသည် အပေါ်ဘက်သို့ အနည်းငယ် ဦးမော့သွားသဖြင့် နောက်ဆုံး တစ်ချက်သည် လူဆိုးတစ်ယောက်ကို လုံးဝ ထိမှန်ခြင်း မရှိချေ။ ထိုလူဆိုးသည် ခါးကြားမှ ပစ္စတိုသေနတ်ကို ဆွဲထုတ်ရင်း နောက်ဘက်သို့ ချာခနဲ ပြန်လှည့်လာသည်။ သို့သော် သူ့ကိုယ်ပေါ်သို့ ရုတ်တရက် ယိုင်လဲကျလာသော လူဆိုးတစ်ဦးကြောင့် ဟန်ချက် ပျက်ပြီး ယိုင်လဲသွားသည်။ ထိုအချိန်တွင် ဘက်တီကော်ဒဲလ်က ဒုတိယကျည်ကပ်ကို သေနတ်ထဲ ထိုးထည့်ပြီး ဆက်တိုက် ပစ်ခတ်ပြန်၏။ သေနတ်နှင့် ထိုးချိန်နေသော ဒဏ်ရာ မရသေးသည့် လူဆိုးကို ကျည်ဆန် ၂ တောင့် ဆက်တိုက် မှန်သွားသည်။ ဘက်တီကော်ဒဲလ်က သေနတ်ပြောင်းကို ဘေးသို့ ယမ်း၍ ဆက်တိုက် ပစ်ပြန်၏။



မက်ကေးသည် ဘက်တီကော်ဒဲလ်၏ မျက်နှာထားကို ကြည့်ပြီး အထိတ်တလန့် ဖြစ်သွားသည်။ သူ့တွင် ကြောက်စိတ် လုံးဝရှိပုံမပေါ်။ သေရမှာကိုလည်း တစ်စက်ကလေးမှ ကြောက်လန့်ပုံ မရချေ။ သူ့မျက်လုံးများက ရေခဲတုံးလို အေးစက်မာကျောနေသည်။ ဘက်တီကော်ဒဲလ်သည် လီကက်ကို လှမ်းကြည့်လိုက်၏။ လီကက်သည် အဏုမြူဗုံးကို ဖောက်ခွဲမည့် ရေဒီယိုခလုတ်ရှိရာ စားပွဲဆီသို့ ယိုင်တိယိုင်တိုင်နှင့် တစ်လှမ်းချင်း သွားနေသည်။ ဘက်တီက လီကက်၏ ကျောပြင်ထဲသို့ ကျည်ဆန် ၂ တောင့် ပစ်ထည့်လိုက်ပြန်၏။ လီကက်၏ ခန္ဓာကိုယ်ထဲတွင် ကျန်ဆန် ၅ တောင့် ရောက်ရှိနေလေပြီ။ ဤတွင် ဘက်တီ၏ သေနတ်က ချက်ခနဲ မြည်သွား၏။ ကျည်ဆန် ကုန်လေပြီ။ လီကက်သည် စားပွဲပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားပြီး ရေဒီယိုခလုတ် ရှိရာသို့ လက်လှမ်းလိုက်တော့သည်။

လီကက်သည် အလွန်ခံနိုင်ရည်ရှိသော လူဆိုးတစ်ဦး ဖြစ်သည်။ သူ့ကိုယ်ထဲတွင် ကျည်ဆန် ၅ တောင့် ရောက်နေသည့်တိုင်အောင် အသက်မသေသေးချေ။ ဒါကလည်း သိပ်ဆန်းလှသည်တော့ မဟုတ်။ သူ့လိုပင် ကျည်ဆန် ၅ တောင့်ထက်မက ထိမှန်ခံရသော်လည်း ချက်ချင်း မသေဆုံးသေးသူများ ရှိခဲ့ဖူးသည်။ ယခုအချိန်တွင် သူ့ပခုံးတစ်ဖက်သည် လက်မောင်းရင်းမှ ပြုတ်ထွက်နေပြီ ဖြစ်သဖြင့် စားပွဲပေါ်တွင် ဂဏန်းကောင်များလို လက်ချောင်းများနှင့် ကုတ်ကတ်၍ တွယ်ရင်း ရှေ့သို့ မရမက တိုးသွားနေခြင်း ဖြစ်သည်။ ထိုအချိန်တွင် ပွဲစင်ထဲ၌ ဝရုန်းသုန်းကား ဖြစ်နေသည်။ သေလုနီးပါး ဒဏ်ရာရရှိထားသော လူဆိုးများ၏ အော်သံဟစ်သံများနှင့် ပြေးလွှားနေကြသော ခြေသံများကို ကြားနေကြရသည်။ ထိုအခိုက်တွင် ပွဲစင်ပေါ်သို့ ဝင်းတား ရောက်လာသည်။ သူ ရောက်လာသည်နှင့် တစ်ပြိုင်နက် ယခုအချိန်အထိ မည်သူမျှ သတိမထားမိသေးသော လီကက်၏ လှုပ်ရှားမှုကို ချက်ချင်း သတိထားလိုက်မိသည်။ လီကက်သည် လက်နှစ်ဖက်ကို အားပြုရင်း ဖောက်ခွဲရေးကိရိယာဆီသို့ [illegible]အောင် တရွေ့ရွေ့ တွားသွားနေသည်ကို သတိပြုမိလိုက်ခြင်း ဖြစ်သည်။ ထို ရေဒီယိုခလုတ်သည် မည်သည့်ကိစ္စနှင့် ထိုစားပွဲပေါ်သို့ ရောက်နေခြင်း ဖြစ်ကြောင်း သူ မသိချေ။ သို့သော် အဝေးတွင်ရှိနေသော ဗုံး[illegible]လုံးကို ဖောက်ခွဲ

www.burmeseclassic.com



နိုင်စွမ်းရှိသော ရေဒီယိုခလုတ်တစ်ခု ဖြစ်ကြောင်း သူ ရိပ်မိသည်။ ထို့ကြောင့် ဝင်းတားက လီကက်ကို သေနတ်နှင့် နှစ်ချက် ဆင့်ပစ်လိုက်၏။ ဒသမ ၄၅ ကျည်ဆန် ၂ တောင့်သည် လီကက်၏ ခန္ဓာကိုယ်ကြီးကို သွားထိကြသည်။ ဒသမ ၂၂ ကျည်ဆန်ထက် တွန်းကန်အား ပိုပြင်းထန်သော ဒသမ ၄၅ ကျည်ဆန်များ ဖြစ်သောကြောင့် လီကက်၏ ကိုယ်လုံးကြီးသည် ကျဉ်စက်နှင့် အတို့ခံလိုက်ရသလို ဇတ်ခနဲ မြောက်တက်သွားသည်။ သို့သော် လီကက်၏ လက်ညှိုးက ရေဒီယိုခလုတ်ကို နှိပ်ဖြစ်အောင် နှိပ်လိုက်မိသေးသည်။

ဝင်းတားသည် လီကက်၏ ဆံပင်ကို နောက်ကနေ ဆွဲမ,လိုက်ပြီး လီကက် မျက်နှာကို စေ့စေ့ကြည့်ရင်း မေးလိုက်၏။

"အဲဒီခလုတ်ကို ဘာဖြစ်လို့ နှိပ်လိုက်ရတာလဲ"

လီကက်၏ မျက်စိနှစ်လုံးသည် ပွင့်နေဆဲပင်။ ဝင်းတားက လီကက်ကို ခပ်ကြမ်းကြမ်း ဆောင့်ခါယမ်းပစ်လိုက်ပြီး နောက်တစ်ကြိမ် ထပ်မေးသည်။

"အဲဒီခလုတ်ကို ဘာဖြစ်လို့ နှိပ်လိုက်ရတာလဲ၊ မင်း အခု ဘာလုပ်လိုက်တာလဲ"

မုတ်ဆိတ်မွေး ထူလပျစ်နှင့် တစ်ကိုယ်လုံး ပေကျံနေသော ဝင်းတားကို လီကက်က မှတ်မိပုံမပေါ်ချေ။ ဝင်းတားက သူ့ကို လှုပ်ခါရင်း ထပ်မေးသည်။

"မင်း အခု ဘာလုပ်လိုက်တာလဲ၊ ပြောစမ်း"

"အဏုမြူဗုံးကို ခွဲလိုက်တာ၊ နောက်.. ဆယ်..မိနစ်..ကြာရင် ဆန်ဖရန်စစ္စကို.. တစ်မြို့လုံး..ကိစ္စချော..တော့မယ်"

လီကက်သည် ရှုံ့ရှုံ့မဲ့မဲ့နှင့် မဲ့ပြုံး ပြုံးလိုက်ပြီး မျက်လုံးများ ချာချာလည်၍ ခေါင်းငိုက်စိုက်ကျသွားသည်။

"၁၀ မိနစ် တဲ့"

အဏုမြူဗုံးတွင် တပ်ဆင်ထားသော အချိန်ကိုက် ဖောက်ခွဲရေး ကိရိယာကို အသက်သွင်းလိုက်ပြီ ဆိုပါကလား။

❑❑❑

## - တစ်ဆယ့်ကိုး -

ဝင်းတားက မက်ကေးကို လှမ်းပြောလိုက်သည်။

"ရေဒီယိုတယ်လီဖုန်းက ဘယ်မှာလဲ"

ပွဲစင်၏ ပြတင်းပေါက်များ ဘေးတွင် အတုံးအရုံး လဲကျနေသော လူသေ အလောင်းများ၊ သွေးကွက်ကြီးများနှင့် မြင်မကောင်းအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။ အင်ဒရီဒူးပွန့်သည် ရှေ့ဘက်သို့ ဝမ်းလျားထိုးလဲကျရင်း ချောင်း တဟွပ်ဟွပ် ဆိုးပြီး မောနေသည်။ သူ့ကို မည်သူကမျှ သတိမထားလိုက်မိကြချေ။ ထိုအချိန်တွင် ဘက်တီကော်ဖဲလ်သည် အားအင်ကုန်ခန်းပြီး ပျော့ခွေနေသဖြင့် သူ့လက်ထဲမှ ရိုင်ဖယ်ကို ဆွဲယူရင်း ဆူလီဗန်က ဘက်တီကို အသာအယာ ထိန်းပေးထားရသည်။

"မြေပုံခန်းထဲမှာ"

မက်ကေးက ပြောပြောဆိုဆိုနှင့် ထိုအခန်းထဲ ဝင်သွားပြီး ခလုတ်ကို ဖွင့်လိုက်၏။ ဝင်းတားက မက်ကေးကို ပြောလိုက်သည်။

"မက်ဂိုဝမ်က သူနာပြုတွေ၊ ရေတပ်သားတွေ ပါတဲ့ မော်တော်ယာဉ် တစ်စီး အသင့် စီစဉ်ထားတယ်၊ ခင်ဗျား သင်္ဘောပေါ်မှာ အဏုမြူဗုံးပြီ ဆိုတာ သိသလား၊ ဒီငတိ ညာပြောနေတာများလား"

www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုတယ်လီဖုန်းထဲမှ အသံတစ်သံ ထွက်ပေါ်လာသည်။

''မက်ဂိုဝမ် စကားပြောနေတယ်''

''ကျွန်တော် ဝင်းတားပါ၊ အခု ကျွန်တော်တို့အဖွဲ့က သင်္ဘောကို အပိုင်စီးလိုက်ပြီ၊ လီကက်လည်း သေပြီ၊ သူ မသေခင် အဏုမြူဗုံးအကြောင်း ပြောသွားတယ်''

''အဲဒီဗုံးအကြောင်း တို့ သိထားတာ ကြာပြီ တို့ရင်ထဲမှာ တထိတ်ထိတ် ဖြစ်နေခဲ့ရတာလည်း တော်တော်လေး ကြာသွားပြီကွ''

''သူ မသေခင် ဖောက်ခွဲရေး ရေဒီယိုခလုတ်ကို နှိပ်ပစ်ခဲ့တယ်၊ ဒီတော့ ဗုံး ရှင်းလင်းရေး အဖွဲ့တစ်ဖွဲ့ လိုလိမ့်မယ်''

''အခု မင်းတို့ဆီ လာနေတဲ့ ရဟတ်ယာဉ်ထဲမှာ ဗုံးရှင်းလင်းရေးအဖွဲ့ တစ်ဖွဲ့ ပါလာတယ်၊ နေပါဦး၊ ဒီကောင်က ဖောက်ခွဲရေးခလုတ်ကို နှိပ်ပစ်ခဲ့တယ် ဆိုတာ သေချာသလား''

''သေချာပါတယ်၊ သူ နှိပ်လိုက်တာကို ကျွန်တော် ကိုယ်တိုင် မြင်လိုက်ရတယ်''

ခပ်ဝေးဝေးမှ ပျံသန်းလာနေသော ရဟတ်ယာဉ်၏ စက်သံကို ကြားလိုက်ရသဖြင့် ဝင်းတားက သူ့စကားကို ခဏရပ်ပြီး ရဟတ်ယာဉ်၏ စက်သံကို နားထောင်လိုက်သည်။ နောက်မှ ဆက်ပြောသည်။

''သူက မပေါက်ခင် ၁၀ မိနစ်ပဲ အချိန်ရမယ်လို့ ပြောသွားတယ်၊ ကျွန်တော်တော့ သိပ်မယုံဘူး၊ ဒီဗုံး မပေါက်ခင် သူတို့ ဝေးဝေးကို ပြေးဖို့ အချိန်လိုသေးတယ် မဟုတ်လား''

''ဒါဖြင့်ရင် အချိန် ဘယ်လောက်လောက် ရမယ် ထင်သလဲ''

မက်ဂိုဝမ်၏ အသံက ခပ်ဆတ်ဆတ် ခပ်ပြတ်ပြတ် ဖြစ်နေသည်။

''ကျွန်တော့်အထင်ကို မှန်းပြောရရင် ၂ နာရီအထိ အချိန်ရနိုင်မယ် ထင်တယ်၊ ကျွန်တော် ပြောခဲ့ဖူးသလို တကယ်လို့ ရေယာဉ်ပျံကို စက်နှိုးမရဘူး ဆိုရင် ဝေါလ်ဂရင်က လီကက်ကို စတင်တန်ကမ်းခြေအထိ ကားနဲ့ ပို့ပေးရမယ်၊ ဟိုရောက်မှ စက်လှေ ပီချားဆီကို ရေဒီယိုတယ်လီဖုန်းနဲ့ ဆက်ပြီး ရဟတ်ယာဉ် လာခေါ်တဲ့အထိ စောင့်ရဦးမှာ၊ ဒီတော့ အဏုမြူဗုံး ထပေါက်ကွဲတဲ့ အချိန်မှာ သူ ဒီအနီးအနားတစ်ဝိုက်မှာ ရှိနေချင်မှာ မဟုတ်ဘူး၊ ဒီတော့ ၂ နာရီလောက် အချိန်ရလိမ့်မယ်လို့ ကျွန်တော် ထင်တယ်''



''အဲဒီဗုံးကို ဘယ်နေရာမှာ ထားခဲ့တယ် ဆိုတာကိုကော သိသလား''

''ဘယ်သူမှ မသိဘူး၊ ကျွန်တော်တို့ လုပ်နိုင်တာ တစ်ခုကတော့ အဏုမြူဗုံးကြီး ထမပေါက်ခင် ဒီသင်္ဘောကို ပစိဖိတ်သမုဒ္ဒရာထဲ ရောက်အောင် မောင်းယူသွားဖို့ လိုတယ်''

မက်ဂိုဝမ်၏ အသံက ပြန်တည်ငြိမ်လာသည်။

''အဲဒီလို လုပ်ချင်ရင် လုပ်နိုင်အောင် အဆင်သင့် လမ်းရှင်းထားတယ်၊ အဲဒီရဟတ်ယာဉ်ပေါ်မှာ မာလိန်မှူး ဘရန်ဆန် ဆိုတဲ့ လူလည်း ပါလာတယ်၊ သူက မက်ကေးဆီက တာဝန်တွေကို လက်လွှဲယူပြီး သူက သင်္ဘောကို မောင်းယူသွားလိမ့်မယ်၊ အေးလေ. . . ဒါကလည်း မင်း ယူဆချက် မှန်ခဲ့ရင်ပေါ့လေ''

ဝင်းတားက ခပ်ဆတ်ဆတ် ပြန်ပြောသည်။

''အာမတော့ ဘယ်ခံနိုင်ပါ့မလဲ၊ ဒါပေမဲ့ သူတို့ ထွက်ပြေးဖို့ အချိန်လိုတယ် ဆိုတာတော့ အမှန်ပဲ၊ တစ်နည်း ပြန်စဉ်းစားပြန်တော့လည်း လီကက်က သေခါနီးဆဲဆဲမှာ ပြောသွားတာဗျ၊ သေခါနီးမှာ ပြောတဲ့စကားကို ဘယ်လို ယူဆကြသလဲ''

မက်ဂိုဝမ်က ပြောလိုက်သည်။

''အေးကွာ၊ ဒါကတော့ တို့ကို ဘုရားသခင် စောင်မပါစေလို့ ဆုတောင်းရတော့မှာပဲ၊ ကဲ မင်းလည်း အလုပ်လုပ်ရဦးမှာ၊ ငါ ဒီဘက်က ရပ်လိုက်တော့မယ်''

မက်ကေးသည် မြေပုံခန်းထဲမှ အပြင်ဘက် ထွက်သွားပြီး အင်ဂျင်စက်ခန်းသို့ တယ်လီဖုန်း ဆက်နေသည်။ ~~[illegible]~~သည် ဘွိုင်လာမှ ရေနွေးဖိအား လျော့ကျမသွားအောင် စောင့်ကြည့်နေဖို့ အင်ဂျင်နီယာချုပ်အား တာဝန်ပေးထားခဲ့သည်။ ထို့ကြောင့် စက်ခန်းထဲတွင် ရှိနေသော ဘရက်ဒီထံ ဖုန်းဆက်နေခြင်း ဖြစ်သည်။ ဝင်းတား မြေပုံခန်းထဲက ပြန်ထွက်လာသောအခါ မက်ကေးက တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်ပြီး ဝင်းတားကို အသိပေးလိုက်သည်။

''ဘရက်ဒီကတော့ ဒီသင်္ဘောကြီး အမြန်ဆုံး မောင်းထွက်နိုင်အောင် ကြိုးစားနေတယ်''

ဝင်းတားက ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတော့ တော်တော်လေး ပင်ပန်းနွမ်းနယ်နေမှာပဲလို့ မက်ဂိုဝမ်က တွက်ထားတယ်၊ ဒါကြောင့် မာလိန်မှူးတစ်ယောက်ကိုပါ ရဟတ်ယာဉ်ပေါ် တင်ပြီး လွှတ်လိုက်တယ်တဲ့"

မက်ကေးက ခပ်မာမာ ပြန်ဖြေသည်။

"ဟောဒီအခေါက်ဟာ ဒီသင်္ဘောရဲ့ နောက်ဆုံးခရီး ဖြစ်ပါစေ၊ ကျုပ်ကိုယ်တိုင် ကျုပ်သင်္ဘောကို မောင်းဆုတ်သွားမယ်၊ မက်ဂိုဝမ် ခိုင်းတဲ့အတိုင်း မလုပ်နိုင်ဘူး၊ နေပါဦး၊ မင်း ပြောတဲ့အထဲမှာ ဗုံးရှင်းလင်းရေး အဖွဲ့တစ်ဖွဲ့လည်း ပါလာတယ်ဆို"

"ဟုတ်တယ်၊ ဒါပေမဲ့ ဒီလူတွေ ဘာမှ လုပ်လို့ရကြမှာ မဟုတ်ဘူး၊ လီကက်က ခုလို ကိစ္စမျိုးမှာ သိပ်တော်တယ်၊ သူက သူ ဆင်ထားတဲ့ ဗုံးကို မ,ယူလို့ မရအောင် ထောင်ချောက်ဆင်ထားခဲ့မှာပါ"

ဤတွင် ပြင်သစ်လို ပြောသံ ကြားရသောကြောင့် ဝင်းတားက လှည့်ကြည့်မိသည်။

ကတ်ဆဒီသည် ယခုအချိန်တွင် ထထိုင်ပြီး စကားပြောနေသော အင်ဒရီဒူးပွန့် ဘေးနားတွင် ဆောင့်ကြောင့်ထိုင်ရင်း နားထောင်နေသည်။ ကတ်ဆဒီက ဝင်းတားကို လှည့်ကြည့်လိုက်၏။

"ဒီလူ ကျုပ်တို့ကို တစ်ခုခု ပြောချင်ပုံရတယ်၊ ဒါပေမဲ့ သူ ပြောတာကို ကျုပ်ကလည်း နားမလည်ဘူး"

ဝင်းတားသည် အင်ဒရီဒူးပွန့် ဘေး၌ ဆောင့်ကြောင့်ထိုင်ရင်း ဒူးပွန့်၏ ပခုံးကို အသာအယာ ဖက်ထားလိုက်သည်။ ထို့နောက် ဖျောင်းဖျောင်းဖျဖျ လေသံနှင့်–

"ကဲ အင်ဒရီ•• မင်း သိပ်စိတ်မပူနဲ့နော်၊ မင်းကို တို့ ကမ်းပေါ် ခေါ်သွားပြီး ဆေးရုံတင်ပေးမယ်၊ မင်း အခု တို့ကို ပြောချင်တာက ဘာလဲ"

ဝင်းတားသည် အင်ဒရီဒူးပွန့်၏ မျက်နှာနား၌ သူ့နားရွက်ကို ကပ်ရင်း နားထောင်နေသည်။ သူက ,နောက်တစ်ခေါက် ထပ်ပြောခိုင်းလိုက်ပြီးနောက် မက်ကေးကို မော့ကြည့်ပြီး ပြောပြလိုက်သည်။

"အဲဒါမျိုးဗုံးကို ရေနံစိမ်း မထည့်ရသေးတဲ့ ရေနံလှောင်ကန်တစ်ခုထဲမှာ ထည့်ပစ်ခဲ့တယ်တဲ့၊ လီကက်က ဒီဗုံးကို မ,ယူလို့ မရအောင် ထောင်ချောက်



ဗုံး ဆင်ထားခဲ့တယ် ဆိုတာလည်း ဟုတ်တယ်တဲ့၊ ဗုံးရှင်းလင်းရေးအဖွဲ့ကလည်း သူတို့ ဘာမှ မလုပ်နိုင်ဘူးလို့ ပြောကြမှာ သေချာတယ်"

ကတ်ဆဒီက ဝင်ပြောသည်။

"ဒါဆိုရင် ကျုပ်တို့ အခု ပေါက်ကွဲလုဆဲဆဲ မီးတောင်ကြီးပေါ်မှာ ရောက်နေကြတာပေါ့၊ ဒီမီးတောင်ကြီး ထမပေါက်ခင် မြို့နဲ့ ဝေးရာကို မောင်းယူသွားရလိမ့်မယ်၊ အဲ•• ဖြစ်နိုင်တယ် ဆိုရင်ပေါ့လေ"

❑

နောက် တစ်မိနစ်၊ နှစ်မိနစ် အကြာတွင် ရဟတ်ယာဉ် သင်္ဘောပေါ်သို့ ရောက်ရှိလာသည်။ ဤတွင် မက်ကေးက ဗုံးရှင်းလင်းရေးအဖွဲ့ကို ဦးဆောင်၍ ရေနံစိမ်း မဖြည့်ရသေးသော ရေနံလှောင်ကန်များဆီသို့ သွားကြတော့သည်။ ပဲ့စင်ပေါ်တွင် သေဆုံးနေကြသော အကြမ်းဖက်သမားများ၏ အလောင်းကို ဟိုနေရာ ဒီနေရာမှ စုဆောင်း၍ သင်္ဘောဆိပ် အမှတ် ၃၁ မှ ရောက်ရှိလာသော ရဲမော်တော်ပေါ်သို့ တင်ပေးကြသည်။ ထိုအလောင်းများကို သယ်ယူရာတွင် အချိန်ကုန်မခံနိုင်သဖြင့် ဝင်းတား၏ အကြံပေးချက်အတိုင်း ပဲ့စင်ပြတင်းပေါက်မှ ကုန်းပတ်ပေါ်သို့ ပစ်ချပြီး ရဲမော်တော်ပေါ်သို့ သယ်ယူခြင်းဖြစ်သည်။ ဒူးပွန့်ကို လူနာတင် ထမ်းစင်တစ်ခုနှင့် ရဟတ်ယာဉ်ပေါ်သို့ တင်သွားသည်။ သို့သော် ဆန်ဖရန်စစ္စကိုသို့ မရောက်မီ လမ်းခုလတ်၌ သေဆုံးသွားရှာသည်။

ထိုရဟတ်ယာဉ်သည် ဗိုလီနှင့် ရစ်ဂလီတို့၏ အလောင်းများနှင့် အခိုက်အတန့်အားဖြင့် စိတ်ဓာတ် ချောက်ချားသွားရှာသော ဘက်တီကော်ဒဲလ်ကိုပါ တစ်ပါတည်း တင်ဆောင်သွားသည်။ လီကက်တို့ အုပ်စုမှ ကြေးနန်းစက်ရိုက်သမား ကင်းနိုယဲတ် တစ်ယောက်သာ အသက်မသေဘဲ ကျန်ရစ်သည်။ သူသည် သေနတ်သံ ခပ်များများကို ကြားရသည်နှင့် တစ်ပြိုင်နက် ဆက်သွယ်ရေး အခန်းတံခါးကို အတွင်းက သော့ခတ်ပြီး ငြိမ်နေလိုက်သောကြောင့်သာ ထိုနောက် ဝင်းတားက အမိန့်ပေးမှ ပြန်ထွက်လာခြင်း ဖြစ်သည်။ သူ့ကိုလည်း စစ်သား အစောင့်အရှောက်နှင့် ရဟတ်ယာဉ်ပေါ်သို့ တင်ပေးလိုက်သည်။

www.burmeseclassic.com



ရဟတ်ယာဉ် သင်္ဘောပေါ် ရောက်ရှိပြီးနောက် ၁၀ မိနစ်အကြာတွင် ဗုံးရှင်းလင်းရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ကြီးဂရစ်စဘီက ဗိုလ်မှူးကြီးကတ်ဆဒီထံ လာရောက် သတင်းပို့သည်။

"အခြေအနေကတော့ အဆိုးဆုံး အနေအထားမှာ ရှိပါတယ် ဗိုလ်မှူးကြီး။ ကျွန်တော်တို့ဖြင့် အသက်တောင် ပြင်းပြင်းမရှူရဲကြဘူး။ အဏုမြူဗုံးဟာ စတုဂံပုံရှိပြီး အလျား စင်တီမီတာ ၆၀၊ အနံ စင်တီမီတာ ၃၀ ရှိပါတယ်၊ အဲဒီဗုံးကို သင်္ဘောကြီးရဲ့ ဝမ်းဗိုက်မှာ သံလိုက်ဓာတ်ပါတဲ့ ညှပ်တွေနဲ့ တွယ်ထားတယ်၊ ပြီးတော့ အဲဒီဗုံးကို ဘယ်လိုနည်းနဲ့မှ မ ယူလို့ မရနိုင်အောင် ကိရိယာနှစ်ခု ထပ်တပ်ထားသေးတယ်၊ ပြီးတော့လည်း ဒီကိရိယာကို အစွမ်းသတ္တိပျက်သွားအောင် ကျွန်တော်တို့တော့ ဘယ်လိုနည်းနဲ့မှ မလုပ်တတ်တော့ဘူး။ ဒီတော့ ဒီသင်္ဘောကြီး ခုတ်မောင်းနေတုန်း ကျွန်တော်တို့ကလည်း ဗုံးတွေ ထပ်တပ်ဆင်ပေးရမယ်"

"ဘာပြောတယ်ကွ"

ဤတွင် ဂရစ်စဘီက သူ လေယာဉ်ပျံပေါ်သို့ မတက်မီ ကြိုလုပ်ခဲ့သော အစီအစဉ်ကို ထပ်ရှင်းပြသည်။ ပဲရစ်မှ တောင်းယူရရှိခဲ့သော လီကက်၏ နောက်ကြောင်းရာဇဝင်တွင် လီကက်သည် ဖောက်ခွဲရေး ပါရဂူတစ်ယောက် ဖြစ်သည်ဟု ပါရှိသည်။ လီကက်၏ နောက်ကြောင်း ရာဇဝင်ကို ဖတ်ရှု လေ့လာပြီးနောက် လီကက်သည် အဏုမြူဗုံးကို မ ယူ၍ မရအောင် တစ်နည်းတစ်ဖုံ လုပ်ထားလိမ့်မည်ဟု ဂရစ်စဘီက ကြိုတွက်ခဲ့သည်။ ထို့ကြောင့် အဏုမြူဗုံးကို မ ယူ၍ မရခဲ့သော် သင်္ဘောကြီးကို မြို့နှင့်ဝေးဝေး ပစိဖိတ်သမုဒ္ဒရာထဲ ရောက်အောင် မောင်းယူသွားဖို့ လိုသည်။ ထို့နောက် ထိုဗုံးကြီး ရေထဲ ရောက်သွားမှ ပေါက်ကွဲအောင် အစွမ်းကုန် လုပ်ရတော့မည်။ ထို့ကြောင့် အဏုမြူဗုံးကြီး မပေါက်ကွဲခင် ရေနံတင်သင်္ဘောကြီး ရေထဲသို့ မြန်မြန် နစ်မြုပ်သွားဖို့ လိုသည်။ ယခု လုပ်ရမည့် ကိစ္စမှာ အလွန်ကြောက်စရာကောင်းသည့် လုပ်ငန်းမျိုး ဖြစ်သော်လည်း ဆန်ဖရန်စစ္စကိုနှင့် အခြားမြို့ကြီးများပေါ်သို့ အဏုမြူဓာတ်ကြွေး မကျအောင် လုပ်ရမည့် နည်းမှာ ဤနည်းသာ ရှိတော့သည်ဟု မက်ဂိုဝမ်နှင့် ဗိုလ်ချုပ်ကြီး လက်ကဲတို့က တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ဂရစ်စဘီသည် ရေနံတင်သင်္ဘောကြီး၏ ဝမ်းဗိုက်နေရာ အနှံ့အပြားတွင် အသွား



အားကောင်းသော နောက်ဆုံးပေါ် ယမ်းဘီလူးများကို ထပ်မံ တပ်ဆင်ရမည်။ ထို့နောက် အဏုမြူဗုံးကြီး ရှိနေသော သင်္ဘောဦးပိုင်း ရေထဲသို့ ပထမဦးဆုံး နစ်မြုပ်သွားအောင် အစွမ်းကုန် ကြိုးစား၍ ဖောက်ခွဲရန် ဖြစ်သည်။

"အဲဒီ ယမ်းဘီလူးတွေကို အချိန်ကိုက် ကိရိယာနဲ့ ဖောက်ခွဲပစ်မှာပါ။ ပြီးတော့ ကျွန်တော်တို့ အားလုံး သင်္ဘောပေါ်က ခွာပြီးတဲ့ အချိန်လောက်ကျမှ ပေါက်အောင် လုပ်ပါ့မယ်၊ အခု ကျွန်တော့်ဆီမှာ ယမ်းဘီလူး လုံလုံလောက်လောက် ပါလာတယ်။ ဒါပေမဲ့ ပြဿနာတစ်ခုကတော့ အဲဒီ ယမ်းဘီလူးတွေကြောင့် အဏုမြူဗုံးကြီး ထပေါက်မှာကို စိုးရိမ်ရတယ်၊ ဒါပေမဲ့ အဏုမြူဗုံးက သူ့ဘာသာ သူလည်း ထပေါက်မှာ ဆိုတော့ သိပ်တော့လည်း မထူးလှပါဘူးလေ"

ထို့နောက် ဂရစ်စဘီက သင်္ဘောကြီး၏ နေရာအနှံ့အပြားတွင် ယမ်းဘီလူး တပ်ဆင်သော လုပ်ငန်းကို အလောတကြီး လုပ်ကိုင်နေကြသည့် သူ့အဖွဲ့ထံသို့ ထွက်ခွာသွားသည်။ သင်္ဘော မာလိန်မှူး၏ လုပ်ငန်းကို လက်ခံဆောင်ရွက်ရန် လိုက်ပါလာသော စိတ်ကြမ်း လူကြမ်းသမားကြီး ဘရန်ဆန်သည် မက်ကေးနှင့် ဆွေးနွေးပြီးနောက် စိတ်ပြောင်းသွားသည်။ သူက မက်ဂိုဝမ်ထံ ရေဒီယို တယ်လီဖုန်းနှင့် အစီရင်ခံလိုက်၏။

"သူဟာ ခုအချိန်မှာ သိပ်ကို စိတ်ပင်ပန်း လူပင်ပန်း ဖြစ်နေတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ ချဲလင်ဂျာက သူ့သင်္ဘောဆိုတော့ သူ့ဘာသာသူ ဦးဆောင်တာက ကျုပ် လုပ်နိုင်တာထက် နှစ်ဆလောက် သာပါလိမ့်မယ်လို့ ထင်တယ်၊ ဒါကြောင့် ကျုပ်က မာလိန်မှူးမက်ကေးရဲ့ ဖိတ်ကြားချက်ကို လက်ခံပြီး ရိုးရိုးခရီးသည်တစ်ဦးအနေနဲ့ပဲ လိုက်သွားတော့မယ်"

ပင်လယ်အော်ထဲမှ ရေနံတင်သင်္ဘောကြီး ချဲလင်ဂျာ ပြန်လည်ထွက်ခွာသွားသော အချိန်သည် ကယ်လီဖိုးနီးယားပြည်နယ် အလယ်ပိုင်းဒေသကို မုန်တိုင်းဓာတ်အား ဖြတ်တောက်ပြီး မှောင်ချထားဆဲ အချိန်ပင် ဖြစ်သည်။ အခြားပြည်နယ်များရှိ ရေဒီယိုနှင့် ရုပ်မြင်သံကြား အသံလွှင့်ဌာနများက ထုတ်လွှင့်ကြသော ညဦးနက်ပိုင်း သတင်းကဏ္ဍများတွင် မြောက်ဘက်တွင် ကိုလံဘီယာ ပြည်နယ်အောက်ဘက်တွင် ဆန်တာဘာဘရာမြို့အထိ၊ အနောက်ဘက်တွင် ဆန်ဖရန် စစ္စကိုမှ အရှေ့ဘက်တွင် နီဗားဒါးပြည်နယ် နယ်စပ်အထိ လျှပ်စစ်ဓာတ်အား များ ဆိုးဆိုးရွားရွား ပြတ်တောက်နေကြောင်း သတင်းဖြစ် ထုတ်လွှင့်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သို့သော် ထိုကဲ့သို့ လျှပ်စစ်ဓာတ်အား ပြတ်တောက်နေသည့် သင်္ဘော က လွဲလျှင် အဏုမြူဗုံးနှင့် ပတ်သက်သော သတင်းသည် ယခုအချိန်အထိ ပြင်ပလောကသို့ တစ်စွန်းတစ်စကလေးမှပင် ပေါက်ကြားမှု မရှိခဲ့သေးချေ။

အမှောင်ထုနှင့် နှင်းမြူထုကြားထဲမှ မောင်းနှင်ထွက်ခွာသွားသော ချဲလင်ဂျာသည် တဖြည်းဖြည်းနှင့် အရှိန်ရလာသည်။ သို့သော် ယခုကိစ္စသည် ဂရစ်စဘီ ကြိုပြောခဲ့သလို ကြိုတင်ခန့်မှန်း၍ မရနိုင်သော ကိစ္စမျိုး ဖြစ်သည်။ အင်ဂျင်စက်ခန်း၏ ပြင်းထန်စွာ တုန်လှုပ်မှုကြောင့် အဏုမြူဗုံးကြီး ထမပေါက် နိုင်ဟု မည်သူကမျှ တစ်ထစ်ချ မပြောနိုင်ပြန်ချေ။ မက်ကေးကမူ ရွှေတံခါး ရေလက်ကြားကို အမြန်ဆုံးနှုန်းနှင့် မောင်းနှင်ကျော်ဖြတ်သွားမည်ဟု ဆိုသည်။ သို့သော် သင်္ဘောဝမ်းဗိုက်ထဲရှိ လီကာက်၏ အဏုမြူဗုံးကြီးသည် ထပေါက်မည့် အချိန်နှင့် တဖြည်းဖြည်း နီးကပ်လာလေပြီ။

ချဲလင်ဂျာသည် ယခုအချိန်အထိ အသွားအလာ မရှိအောင် ပိတ်ပင် ထားဆဲ ဖြစ်သော ရွှေတံခါး တံတားကြီးဆီသို့ ဦးတည်ခုတ်မောင်းနေသည်။ ထိုအချိန်တွင် ဘုရင်ခံကြီး မက်ကိုဝမ်သည် အကြီးအကျယ် တုန်လှုပ်ချောက်ချား နေသည်။ ချဲလင်ဂျာသင်္ဘောကြီး ရွှေတံခါး တံတားကြီး အောက်တည့်တည့်သို့ ရောက်ရှိနေခိုက် အဏုမြူဗုံးကြီး ထပေါက်ရင်တော့ ဒုက္ခပါပဲဟု ရောက်တတ် ရာရာ တွေးပြီး စိတ်ပူနေသည်။ ချဲလင်ဂျာပေါ်တွင် ကင်းနီယတ်အစား အမေရိကန် လူမျိုး ကြေးနန်းစက်ရိုက်သမား ပီတာဆင်ကို ခေတ္တတာဝန်ပေးပြီး စေလွှတ် ထားသည်။ ယခု ပီတာဆင်ထံမှ ပေးပို့လာမည့် ကြေးနန်းသတင်းကို မက်ကိုဝမ် က စောင့်မျှော်နားစွင့်နေသည်။ ချဲလင်ဂျာသည် ရွှေတံခါး တံတားကြီးဆီသို့ ရောက်ရန် ၂ မိနစ်သာ လိုတော့သည်။

နှင်းမြူထုထဲတွင် ဆန်ကန်းတောတိုး မောင်းနှင်နေရသော သင်္ဘော ကြီးသည် ၂ မိနစ်လျှင် တစ်ကြိမ်ကျ မှန်မှန် ဥသြသံပေး၍ မောင်းနှင်နေသည်။ သင်္ဘောကြီး မထွက်ခွာမီ မက်ကေးက သင်္ဘောသား အားလုံးကို ကြိုတင်အသိ ပေးခဲ့သေးသည်။ သူက ရဟတ်ယာဉ်နှင့် လိုက်ပါသွားလိုသော သင်္ဘောသားများ ရှိပါက လိုက်ပါခွင့်ပြုကြောင်း အသိပေးစကား ပြောကြားလိုက်ခြင်းပင်။ သို့သော် ရဟတ်ယာဉ်ပေါ်သို့ မည်သူမျှ မလိုက်ကြချေ။

ဤတွင် မက်ကေးက သူ့ဝသီအတိုင်း ခပ်ကြမ်းကြမ်း နိဂုံးချုပ်လိုက် သည်။



"ကိုယ့်အသုဘကို ကိုယ် ကိုယ်တိုင် လိုက်ပို့ချင်တယ် ဆိုရင်လည်း မင်းတို့ သဘောပဲပေါ့ကွာ"

နှင်းအနည်းငယ် ကွဲသွားသောကြောင့် ပဲ့စင်ပေါ်သို့ တက်လာသော မက်ကေးနှင့် ဘရန်ဆန်တို့က ရွှေတံခါး တံတားကြီးကို ပြိုင်တူ မြင်လိုက်ကြ သည်။ ဘရန်ဆန်က သူ့ဘာသာသူ တွေးလိုက်မိ၏။

"ဒီနေရာကျမှ ထပေါက်ရင်တော့ ဒုက္ခပါပဲ"

ဘရန်ဆန်သည် ချွေးစေးများ ထွက်နေသော သူ့လက်နှစ်ဖက်ကို ကုတ်အင်္ကျီအိတ်များအတွင်းသို့ ထိုးထည့်ထားပြီး မက်ကေး၏ နောက်ဘက် နှစ်လှမ်းကွာတွင် မတ်တတ်ရပ်နေသည်။

ဝင်းတားသည် ခေါင်း၌ ပတ်တီးစည်းထားရသော ပထမအရာရှိ ဘင်းနက်နှင့် ဆူလီဗန်တို့အကြား၌ ရပ်နေသည်။ သူတို့လူစုသည် ပဲ့စင်ရှေ့ရှိ ပြတင်းပေါက်နား၌ ရပ်နေကြခြင်း ဖြစ်သည်။ ပထမအရာရှိ ဘင်းနက်သည် ရစ်ဂလီကို ပစ်သတ်လိုက်ကြောင်း ရေဒီယို တယ်လီဖုန်းထဲမှ အော်ပြောမိသည့် အတွက် ခေါင်းကို ပြင်းပြင်းထန်ထန် အရိုက်ခံခဲ့ရသည်။ သူ ယခုအချိန်ထိ မူးဝေနေဆဲပင် ရှိသေးသည်။

ဝင်းတားကမူ အပေါ်မှ လိုက်ပါပျံသန်းလာသော ရဟတ်ယာဉ်များကို လိုက်ကြည့်နေသည်။ ချဲလင်ဂျာသည် ပင်လယ်အော်ထဲမှ တစ်စင်းတည်း မောင်းနှင်ထွက်ခွာလာခြင်း ဖြစ်သော်လည်း လေထဲတွင်မူ ရဟတ်ယာဉ် အုပ်စု တစ်စု ကပ်လျက်သား ပါလာသည်။ ထိုရဟတ်ယာဉ်အုပ်စုသည် သင်္ဘောသား များကို အချိန်မရွေး ဆင်းသယ်နိုင်ရန်အတွက် စောင့်ရှောက်ရင်း လိုက်ပါလာကြ ခြင်း ဖြစ်သည်။ မက်ကေးကမူ ထိုရဟတ်ယာဉ်များသည် သင်္ဘောနှင့် နီးကပ် လွန်းသည်ဟု ထင်နေသည်။ ယခုအချိန်တွင် သင်္ဘောကြီးသာ တစ်ခုခု ဖြစ် ခဲ့သော် ရဟတ်ယာဉ်အားလုံး ထိခိုက်ပျက်စီးကုန်ကြမည်မှာ သေချာသည်။ ချဲလင်ဂျာသည် တံတားကြီးအောက်မှ ဖြတ်၍ ပင်လယ်ရေလက်ကြားအတိုင်း ဆက်လက် မောင်းနှင်သွားသည်။

အငြိမ်မနေတတ်ဘဲ နေရာတကာတွင် သူကိုယ်တိုင် လိုက်လံကြည့်ရှု စစ်ဆေးရမှ ကျေနပ်တတ်သော ဝင်းတားသည် သင်္ဘောပေါ်တွင် နေရာအနှံ့ လိုက်လံကြည့်ရှုပြန်သည်။ သင်္ဘောသားများသည် မိမိ တာဝန်ကျသည့် အထောက်

www.burmeseclassic.com

www.burmeseclassic.com



ကို လုပ်ကိုင်ပေးနေကြသော်လည်း ထူးထူးခြားခြား ငြိမ်သက်နေကြသဖြင့် တစ်မျိုးကြီး ဖြစ်နေသည်။ အနားသို့ ရောက်လာသော ဝင်းတားကို သင်္ဘောသားများက အထူးအဆန်းသဖွယ် လှမ်းလှမ်းကြည့်ကြသည်။ မက်ကေးကလည်း သင်္ဘောသားများကို အသံချဲ့စက်မှတစ်ဆင့် ဤကိစ္စ၌ ဝင်းတားက မည်သို့ မည်ပုံ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြထားခဲ့ပြီး ဖြစ်သည်။ သို့သော် သင်္ဘောသားများ ယခုလို ထူးထူးခြားခြား ငြိမ်သက်နေကြခြင်းမှာ ဝင်းတား သူတို့အနားသို့ ရောက်ရှိလာသောကြောင့် ဟုတ်ဟန်မတူချေ။ ယခု နောက်ဆုံး အခေါက်တွင် ဤသင်္ဘောပေါ်၌ ပါလာသူများအဖို့ သင်္ဘောစက်သံသည် ခါတိုင်း ခါတိုင်းထက် ပိုကျယ်နေသည့်အပြင် ထိုစက်သံမှာ သံမဏိ ခေါင်းကြီးတစ်ခုကို ပုံသွင်းထုလုပ်နေသံနှင့် တူလှသောကြောင့်ပင်တည်း။

သင်္ဘောပေါ်က ဆင်းရန် မက်ကေးက ဆုံးဖြတ်ရာတွင် ဖြစ်သင့်သည် ထက် နည်းနည်း နောက်ကျသွားသည်။ သူ့သင်္ဘောပေါ်တွင် ပါလာသော အဏုမြူဗုံးကြောင့် ကမ်းပေါ်ရှိ လူနေအိမ်ခြေများကို မထိခိုက်စေလိုသဖြင့် ထိုသင်္ဘောကြီးကို သမုဒ္ဒရာထဲသို့ အမြန်ဆုံးနှုန်းနှင့် ဖွတ်ခုတ်မောင်းလာခဲ့သည်။ သူက ၁၀ မိုင်ကျော်ကျော် ပင်လယ်ရေနက်ပိုင်းသို့ ရောက်သည်အထိ ခုတ်မောင်းပြီးမှ သင်္ဘောကြီးကို စွန့်ခွာရန် အမိန့်ပေးလိုက်၏။ ဤတွင် ရဟတ်ယာဉ်များနှင့် အမြဲတစေ အဆက်အသွယ် ရှိနေသော ဗီတာဆင်က ရဟတ်ယာဉ်များကို ချက်ချင်း အကြောင်းကြားလိုက်သည်။ ဤတွင် ပဲ့စင်ပေါ်မှ ကမန်းကတန်း ပြေးဆင်းသူများ ရှိသလို အင်ဂျင်စက်ခန်းထဲမှ ကမန်းကတန်း ပြေးတက်လာသူများလည်း ရှိကြသည်။ သို့သော် စနစ်တကျ ထွက်လာကြခြင်းသာ ဖြစ်သည်။ ပဲ့စင်ပေါ်တွင်မူ မက်ကေးနှင့် ဝင်းတား နှစ်ယောက်တည်းသာ ကျန်ရှိတော့သည်။ မက်ကေးက ဝင်းတားကို ခပ်တည်တည် ပြောလိုက်သည်။

"သူတို့နဲ့ တစ်ပါတည်း လိုက်သွားပါ မစ္စတာဝင်းတား။ ကျုပ် နောက်က လိုက်လာခဲ့မယ်"

ဝင်းတားကလည်း အေးစက်စက် မာကျောကျော ပြန်ဖြေသည်။

"ကျုပ်ကလည်း ဒီကိစ္စမှာ တာဝန်ရှိတဲ့လူ ဖြစ်နေလို့ ဒီပဲ့စင်ပေါ်က နှစ်ယောက် အတူတူ ဆင်းကြမယ်၊ ကျုပ် အရင်မလိုပါဘူးဗျာ"

သင်္ဘောသားများသည် အရေးပေါ် ရဟတ်ယာဉ်ကွင်း ပြုလုပ်ထားသော သင်္ဘော၏ ဘယ်ဘက်ဘေးရှိ ကုန်းပတ်ပေါ်၌ စနစ်တကျ စုရုံးရောက်ရှိ



နေကြသည်။ ယခင်က ရဟတ်ယာဉ် ဆင်းလေ့ဆင်းထ ရှိသော နေရာမှာ အဏုမြူဗုံး ရှိသည့် နေရာနှင့် နီးကပ်လွန်းလှသောကြောင့် နေရာ ရွှေ့ထားရခြင်း ဖြစ်သည်။ ဆီကော်စကီ ရဟတ်ယာဉ်တစ်စင်းသည် မြူနှင်းထုထဲမှ ဖောက်ထွင်း၍ ကုန်းပတ်ပေါ်သို့ ဆင်းသက်လာသည်။ ဘင်းနက်က သူ့လက်ပတ် နာရီကို တစ်ချက် ကြည့်ရင်း ဂရစ်စဘီကို လှမ်းမေးလိုက်၏။

"အချိန် ဘယ်လောက် ရဦးမယ် ထင်လဲ၊ ကျုပ် ထင်တာထက်များ သိပ်နည်းနေမလား မသိဘူး"

ဆီကော်စကီ ရဟတ်ယာဉ်သည် ကုန်းပတ်နှင့် ဝုန်းခနဲ ဆောင့်မိပြီး ရပ်တန့်သွားသည်။ ရဟတ်ယာဉ်ထဲတွင် ပါလာသူများက တံခါးကို ဖွင့်ပေးလိုက်သည့်အခါ တန်းစီပြီး စောင့်နေသော သင်္ဘောသားများက ရဟတ်ယာဉ်ပေါ်သို့ တက်ကြသည်။ ဘင်းနက်က ကတ်ဆဒီ၊ ဆူလီဗန်တို့နှင့်အတူ သင်္ဘောသားများ ကို ရေကြည့်သည်။ ထို့နောက် နောက်တစ်ခေါက် ထပ်ရေကြည့်ပြန်၏။ သူတို့ က ရဟတ်ယာဉ်ဆီသို့ အချိန်မရွေး ရောက်လာနိုင်သော မက်ကေးနှင့် ဝင်းတား ကို စောင့်နေကြသည်။ ဤတွင် ပဲ့စင်နှင့် အလွန်နီးသော နေရာတွင် ရှိသည့် ယမ်းဘီလူးက အချိန်မကျခင် စောစောစီးစီး ထပေါက်တော့သည်။

❑

သင်္ဘော၏ ညာဘက်ခြမ်း အောက်ဘက်ရှိ ပဲ့စင်နားတွင် ရှိသော ယမ်းဘီလူးက ထပေါက်ခြင်း ဖြစ်သည်။ ထိုယမ်းဘီလူး ပေါက်ကွဲသံကြီးမှာ သင်္ဘောကြီးပေါ်သို့ အမြန်ရထားကြီးတစ်စီး အရှိန်ကုန် ဖြတ်မောင်းသွားသလို နားကွဲလုမတတ် ပြင်းထန်စွာ မြည်ဟည်းသွားသည်။ ကုန်းပတ်ပေါ်တွင် အပေါက်ကြီး တစ်ပေါက် ဖြစ်ပေါ်လာပြီးနောက် သင်္ဘောထဲမှ ရေနံစိမ်းများ သည် အပြင်ဘက်သို့ ပန်းထွက်လာသည်။ ထိုပေါက်ကွဲမှုသည် ရဟတ်ယာဉ်နှင့် လွတ်လွတ်ကင်းကင်း ရှိနေသော်လည်း ရဟတ်ယာဉ်တစ်စင်းလုံး သိမ့်သိမ့် တုန်သွားသည်။ ရဟတ်ယာဉ်ထဲတွင် ရှိနေကြသူများကလည်း အဏုမြူဗုံးကြီး ထပေါက်ပြီဟု ထင်ကြသဖြင့် တုန်လှုပ်ချောက်ချားသွားကြသည်။

ပဲ့စင်ပေါ်တွင် ရှိနေသူ မက်ကေးသည် ယမ်းဘီလူး ပေါက်ကွဲမှုအား အရှိန်အဟုန်ကို ပြင်းပြင်းထန်ထန် ခံစားလိုက်ရရှာသည်။ သူ့တစ်ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်မှ မြောက်တက်သွားပြီး အိမ်မြှောင်ထားရှိရာ စင်နှင့် ကိုင်အရိုက် ခံလိုက်ရသလို ဝင်ဆောင့်မိသည်။ သူ့နဖူးတွင် ထိခိုက်ဒဏ်ရာ ရရှိသွားသော ကြောင့် သွေးများ ယိုစီးကျလာသည်။ မက်ကေးသည် လဲကျသွားရာမှ ဒယီး ဒယိုင်နှင့် ပြန်ထလာသည်။ သို့သော် သူ့ကိုယ်သူ ဘာဖြစ်နေမှန်း မသိသလို ကြောင်တောင်တောင်ကြီး ဖြစ်နေသည်။ မက်ကေးနှင့် ၃ ပေခန့် အကွာတွင် ရပ်နေသော ဝင်းတားကမူ ပေါက်ကွဲမှု အရှိန်အဟုန်ကို လုံးဝ မခံစားလိုက်ရချေ။ ဤတွင် ဝင်းတားက မက်ကေးကို လှမ်းဆွဲလိုက်ပြီး ပွဲစင်ပေါ်က ဆင်းခဲ့ကြ သည်။

ဝင်းတားသည် သတိရတစ်ချက် မရတစ်ချက် ဖြစ်နေသော မက်ကေး ကို သံလှေကားပေါ်မှ ခပ်ကြမ်းကြမ်း ဆွဲခေါ်ချခဲ့ရသည်။ သူတို့နှစ်ယောက် ကုန်းပတ်ပေါ်သို့ ရောက်ကြသောအခါ ရဟတ်ယာဉ်ပေါ်သို့ လူစုံတက်စုံ ရောက် ရှိနေကြလေပြီ။ ဘင်းနက်သည် ရဟတ်ယာဉ်ပေါ်မှ ပြန်ဆင်းရန် ဟန်ပြင်လိုက် ၏။

BURMESE CLASSIC

ဝင်းတားက လှမ်းအော်လိုက်သည်။

"မဆင်းနဲ့၊ ပြန်ဝင်၊ ကျုပ် သူ့ကို ရအောင် သယ်လာမယ်"

ဝင်းတားသည် မက်ကေးကို မနိုင်မနင်း ထမ်းပိုးရင်း ဆက်လျှောက် လာသည်။

ထိုအချိန်တွင် အားလုံး ရှုပ်ရှပ်ထွေးထွေး ဖြစ်နေကြသည်။ နှင်းလည်း ကွဲစပြုလေပြီ။ ယခုလို နှင်းကွဲသွားခြင်းမှာ ယမ်းဘီလူး ပေါက်ကွဲမှု အရှိန်အဟုန် ကြောင့်လော မသိရ။ တစ်ဖန် ရေနံလှောင်ကန်များ ကွဲအက်ပျက်စီးကုန်ကြ သဖြင့် ရေနံစိမ်းတချို့သည် ကုန်းပတ်ပေါ်သို့ ပန်းထွက်နေကြသည်။ ကုန်းပတ် ပေါ်ရှိ တချို့နေရာများတွင်လည်း ရေနံစိမ်းများ အိုင်ထွန်းနေကြသည်။ သင်္ဘော ပေါ်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့သော်လည်း ရဟတ်ယာဉ်များသည် အဝေးသို့ ရှောင်မပြေးကြချေ။ ဒဏ်ရာရသူများကို ကယ်ဆယ်ရန် သင်္ဘောပေါ်မှ ပျံသန်း ရင်း ရှာဖွေနေကြဆဲပင်။ ကတ်ဆဒီက ကုန်းပတ်ပေါ်တွင် ရေနံစိမ်းများ ရှိ နေကြောင်း အော်ဟစ်ပြီး သတိပေးသည်။ ရဟတ်ယာဉ် မောင်းသူကလည်း လေထဲသို့ ပျံတက်ရန် ဖင်တကြွကြွ ဖြစ်နေလေပြီ။ သူကလည်း အသံကုန်ခြစ်၍ အော်ပြောနေသည်။ သို့သော် ရဟတ်ယာဉ်၏ စက်သံကြောင့် ဘာကိုမှ သဲသဲ ကွဲကွဲ မကြားရချေ။



ရဟတ်ယာဉ်ဆီသို့ ဝင်းတား ရောက်ရှိလာလေပြီ။

ဝင်းတားသည် မက်ကေးကို မနိုင်မနင်း ထမ်းပိုး၍ သယ်ယူလာရ သဖြင့် အတော်ကလေး ခါးနာသွားသည်။ သူ့ပခုံးပေါ်မှ မက်ကေးကို ရဟတ် ယာဉ်ပေါ်မှ သင်္ဘောသားများက လှမ်းဆွဲနိုင်အောင် သူ့ခါးကို ဆန့်ပေးရတော့ မည်။ မူလကတည်းက မနိုင့်တနိုင် ဖြစ်နေသဖြင့် ယခုလို ခါးကို ဆန့်ပေးရမည် ဆိုပါက သူ့ခါးမှ ဝေဒနာသည် ပိုဆိုးရွားလာတော့မည်။ ဝင်းတားသည် အသက် ပြင်းပြင်း တစ်ချက် ရှူသွင်းလိုက်ပြီး သူ့ခါးကို ဆတ်ခနဲ ဆန့်ပေးလိုက်သည်။ ဤတွင် သူ့ကျောပြင်ကြီး နှစ်ခြမ်းကွဲသွားသလို ဆိုးရွားပြင်းထန်လှသော ဝေဒနာဆိုးကြီးကို ခံလိုက်ရတော့သည်။ တစ်ချိန်တည်းမှာပင် သူ့ပခုံးပေါ်မှ မက်ကေး၏ ခန္ဓာကိုယ်ကြီးကို အပေါ်သို့ မ တင်သွားကြကြောင်း သူ သိလိုက် ရသည်။

ဝင်းတားသည် ခါးနာသည့် ဝေဒနာ အနည်းငယ် သက်သာစေရန် ကိုယ်ကို ရှေ့သို့ ကိုင်းရင်း ခေတ္တခဏ အမောဖြေလိုက်သည်။ တစ်ချိန်တည်းမှာ ပင် ရဟတ်ယာဉ်ကို သမင်လည်ပြန် ခေါင်းလှည့်၍ ကြည့်ရင်း လှမ်းပြောလိုက် သည်။

"နောက်တစ်စင်း လာမှ စီးမယ်ဗျို့"

သူ ပြောသံကို ရဟတ်ယာဉ်မောင်းသူက မကြားလိုက်ချေ။ သို့သော် ထိုအချိန်တွင် သင်္ဘောပေါ်သို့ ရောက်ရှိပျံဝဲနေသော ရဟတ်ယာဉ် ရှိရာသို့ လက်ညှိုးထိုးပြလိုက်သည့် ဝင်းတား၏ အမူအရာကို မြင်ရသောကြောင့် ရဟတ် ယာဉ်ကို ကုန်းပတ်ပေါ်မှ ခွာ၍ လေထဲသို့ ပျံတက်တော့သည်။ ဝင်းတားကို ထိုရဟတ်ယာဉ်နှင့်အတူ အပါ ခေါ်သွားလိုသော ဗိုလ်မှူးကြီး ကတ်ဆဒီသည် ညစ်ညစ်ပတ်ပတ် ဆဲဆိုကြိမ်းမောင်းရင်း ပါသွားတော့သည်။

❑

ချဲလင်ဂျာ၏ အပေါ်ဘက် ပေ ၁၀၀ ခန့် အမြင့်၌ ပျံသန်းနေသည့် ရဟတ်ယာဉ်ထဲတွင် ကမ်းခြေစောင့်တပ်မှ ဂါးဖီးလ် လိုက်ပါလာသည်။ ယခု အချိန်ထိ မီးလင်းနေသေးသော ပွဲစင်ပေါ်မှ မီးရောင်များကြောင့် ဂါးဖီးလ်က

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတားကို ပြတ်ပြတ်သားသား လှမ်းမြင်နေရသည်။ သေးသေးငယ်ငယ်လေးသာ လှမ်းမြင်နေရသော ဝင်းတားသည် ကုန်းပတ်ပေါ်တွင် ထော့နဲ့ ထော့နဲ့နှင့် လမ်းလျှောက်နေပုံရသည်။ ထိုအချိန်တွင် ဝင်းတားကို သယ်ဆောင်ပေးမည့် ရဟတ်ယာဉ်သည် သင်္ဘောကုန်းပတ်ပေါ်သို့ ဆင်းသက်စပြုလေပြီ။ ဂါးဖီးလ်သည် ညကြည့် မှန်ပြောင်းနှင့် ချိန်ရွယ်ကြည့်လိုက်ပြန်၏။ ထိုအချိန်တွင် ရဟတ်ယာဉ်သည် သင်္ဘောကုန်းပတ်နှင့် ၁၀ ပေခန့် အကွာအဝေးသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ရဟတ်ယာဉ်၏ ကိုယ်ထည်က ဝင်းတားကို ခေတ္တမျှ ကွယ်ထားသည်။

ထိုအချိန်တွင် ဒုတိယ ယမ်းဘီလူးက ထပေါက်တော့သည်။ ဂါးဖီးလ်၏ မှန်ပြောင်းထဲတွင် လျှပ်စီးလက်လိုက်သလို ဝင်းခနဲ ပေါ်လာသော စူးရှလှသည့် အလင်းရောင်ကြောင့် ဘာကိုမှ မမြင်ရတော့ဘဲ ခေတ္တခဏ မျက်စိကန်းသွားသလို ဖြစ်သွားရတော့သည်။ တစ်ချိန်တည်းမှာပင် ကျယ်လောင်လှသော ပေါက်ကွဲသံကြီးကိုလည်း ကြားလိုက်ရသည်။ ဂါးဖီးလ် စီးလာသော ရဟတ်ယာဉ်သည် ပေါက်ကွဲမှု အရှိန်အဟုန်ကြောင့် လေထဲတွင် တသိမ့်သိမ့် တုန်ခါသွားသဖြင့် ရဟတ်ယာဉ်မောင်းက ရဟတ်ယာဉ်ကို နိုင်နိုင်နင်းနင်း ရှိအောင် ကြိုးစားပမ်းစား ပြန်ထိန်းနေရရှာသည်။

ဂါးဖီးလ်တစ်ယောက် အောက်ဘက်ဆီသို့ ကြည့်ကြည်လင်လင် ပြန်မြင်ရသည့်အခါတွင်ကား၊ မကြာသေးမီက ဝင်းတား မတ်တတ်ရပ်နေခဲ့သော နေရာတွင် အလွန်ကြီးမားသော အပေါက်ကြီးတစ်ပေါက် ဖြစ်နေသည်ကို တွေ့လိုက်ရပြီး၊ ထိုအပေါက်ကြီးထဲမှ ရေနံ့စိမ်းများ တရဟော ပန်းထွက်နေသည်ကိုသာ မြင်လိုက်ရတော့သည်။ ဝင်းတားကို ကယ်ဆယ်ရန် သင်္ဘောကြီး၏ ကုန်းပတ်ပေါ်သို့ ဆင်းဖို့ ကြိုးစားခဲ့သည့် ရဟတ်ယာဉ်သည်လည်း အစအန ရှာမရလောက်အောင် ပျောက်ကွယ်သွားလေပြီ။

ဂါးဖီးလ်သည် သူ စီးနေသော ရဟတ်ယာဉ်မှအပ ကျန်ရဟတ်ယာဉ်အားလုံးကို ကမ်းခြေဆီသို့ ပြန်သွားကြရန် အမိန့်ပေးလိုက်သည်။ သူ့အောက်ဘက်တွင်ကား ချဲလင်ဂျာ သင်္ဘောကြီး၏ ပဲ့ပိုင်းတစ်ခုလုံးသည် မည်းမည်းမှောင်နေသော မီးခိုးလုံးကြီးများထဲတွင် ပျောက်ကွယ်နေသော်လည်း သင်္ဘောဦးပိုင်းကိုမူ အတိုင်းသား လှမ်းမြင်နေရဆဲပင်။ တစ်နည်း ပြောရသော် အဏုမြူဗုံးကြီး ရှိနေသော သင်္ဘောဦးပိုင်းသည် ယခုအချိန်အထိ ရေထဲသို့ မမြုပ်သေးဘဲ ရေပေါ်တွင် ရှိနေဆဲပင်တည်း။



ဂါးဖီးလ်က တွန့်ဆုတ်ဆုတ် ဖြစ်နေသော ရဟတ်ယာဉ်မောင်းအား ထိုသင်္ဘောကြီးကို အပေါ်မှ ပတ်ချာလှည့်၍ မောင်းနှင်ပေးရန် ညွှန်ကြားထားသည်။ ထိုအခိုက်တွင် ယမ်းဘီလူး သုံးခု တစ်ပြိုင်နက်တည်းလိုလို ထပေါက်ကွဲကြသည်။ တစ်ချိန်တည်းမှာပင် ကျယ်လောင်လှသော ပေါက်ကွဲသံကြီးနှင့် အလွန်စူးရှ ပြင်းထန်လှသော အလင်းရောင်တန်းကြီးသည် ဝင်းခနဲ လက်ခနဲ ဖြစ်ပေါ်လာကြသည်။ ထိုပေါက်ကွဲသံကြီးကို ကြားလိုက်ရသော ဂါးဖီးလ်ကိုယ်တိုင်ပင် အဏုမြူဗုံးကြီး ထပေါက်လေပြီဟု ထင်လိုက်သည်။ ထို့ကြောင့် ရဟတ်ယာဉ်မောင်းကို ထိုနေရာမှ အမြန်ဆုံး ခွာပြေးရန် ညွှန်ကြားလိုက်သည်။ ရဟတ်ယာဉ်ကို ကမ်းခြေဆီသို့ ပြန်ကွေ့လိုက်စဉ် ရေနံတင်သင်္ဘောကြီး၏ ဦးပိုင်းသည် ငါးမန်းတစ်ကောင်၏ နှုတ်သီးလို အပေါ်သို့ ရုတ်တရက် ထောင်လာပြီးနောက် ခဏအကြာတွင် ရေပေါ်သို့ ပြန်ကျပြီး ရေထဲသို့ စုန်းစုန်းမြုပ်သွားလေတော့သည်။ ချဲလင်ဂျာ ရေထဲသို့ နစ်မြုပ်သွားပြီးနောက် ၁၀ မိနစ်ကြာသောအခါကျမှ ပင်လယ်ရေပြင်အောက်တွင် အဏုမြူဗုံးကြီး ပေါက်ကွဲသွားကြောင်း ငလျင်တိုင်းစက်နှင့် တိုင်းတာ၍ သိကြရသည်။

❑

ထိုသတင်းသည် ချက်ချင်းလိုလို တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ရောက်ရှိသွားသည်။

"ချဲလင်ဂျာသင်္ဘောကြီး ပင်လယ်အော်ထဲမှ ပြန်လည်ထွက်ခွာသွားပြီးနောက် သင်္ဘောကို ပြန်ပေးဆွဲခဲ့သူ အကြမ်းဖက်သမားအားလုံး သေကုန်ကြပြီ"

ဤသတင်းသည် ရိုက်ဂမယ်တာဖတ် ရှိနေရာသို့ မကြာမီ ရောက်ရှိလာသည်။ သို့သော် သူက ထိုသတင်းကို ချက်ချင်း မယုံကြည်သေး။ ထိုသတင်းကို အသံလွှင့်ဌာန နှစ်ခုက တသီးတခြားစီ အသံလွှင့် ကြေညာသည့်အခါကျမှ ယုံကြည်လက်ခံတော့သည်။ ထိုသတင်းသည် အစ္စရေးနိုင်ငံ၏ မြို့တော် တယ်အဗစ်သို့လည်း ရောက်ရှိသွားသည်။

ထိုနေ့ နံနက်ပိုင်း ၉ နာရီတွင် တယ်လီဖုန်း ခေါင်းလောင်းသံ စမြည်လာသည်နှင့် တစ်ပြိုင်နက် အဲလ်ဘတ်မေယာက တယ်လီဖုန်း စကားပြော

www.burmeseclassic.com

www.burmeseclassic.com



ခွက်ကို ဖတ်ခနဲ ကောက်ကိုင်လိုက်သည်။ တစ်ဘက်မှ ပြောနေသည်ကို သူက ခဏကြာအောင် နားထောင်နေလိုက်ပြီးနောက် နားလည် သဘောပေါက်ကြောင်း ပြန်ပြောပြီး စကားပြောခွက်ကို ပြန်ချလိုက်သည်။ သူက 'ချိမ်းဘော့က်ဟိန်'ကို လှမ်းပြောလိုက်၏။

"ကဲ. . . အရင်အစီအစဉ်အတိုင်း ဆက်လုပ်နိုင်ပြီတဲ့"

ချိမ်းက ပြန်ပြောသည်။

"ဒီငတို ပြန်ထွက်လာလိမ့်မယ် ထင်တယ်၊ မာစီဒီးတစ်စီး အိမ်ရှေ့မှာ လာရပ်တာ တွေ့ရတယ်"

ချိမ်းက စားပွဲပေါ်၌ ဝိမ်းလျှားထိုး မှောက်၍ နေရာယူလိုက်စဉ် အဲလ်ဘတ်မေယာက ပြတင်းပေါက်ကို သွားဖွင့်ပေးပြီး သေနတ်ပြောင်းနှင့် လွတ်ရာသို့ ရှောင်ထွက်သွားသည်။ ချိမ်းက သူ့ရှေ့တွင် မြင်နေသော တံခါးပေါက်ကို အဝေးကြည့် မှန်ပြောင်းနှင့် ချိန်ကြည့်လိုက်၏။ ထိုတံခါးပေါက်ကို အဝေးကြည့် မှန်ပြောင်းထဲတွင် နီးနီးကပ်ကပ် မြင်နေရသည်။ နီးလွန်းလှသဖြင့် လက်နှင့်ပင် လှမ်းကိုင်၍ ရမလိုလို ထင်ရသည်။

ချိမ်း၏ နောက်ဘက်တွင် အဲလ်ဘတ်မေယာသည် ရေနံဆီမီးဖိုကို တာလပတ်အိတ်ကြီးတစ်လုံးထဲသို့ ထည့်နေသည်။ သူတို့ ဒီနေရာက ပြန်သွားသောအခါ ဒီနေရာ၌ သူတို့ နေထိုင်ခဲ့ကြောင်း လက်ရာ ခြေရာ မကျန်ရစ်ခဲ့စေရန် သိမ်းဆည်းနေခြင်း ဖြစ်သည်။

အနက်ရောင် မာစီဒီးကားကြီးသည် လမ်းထဲတွင် ပြန်ကွေ့လိုက်ပြီးနောက် လာလမ်းဘက်သို့ အဆင်သင့် ခေါင်းလှည့်ရင်း တာဖတ် ထွက်လာမည့် တံခါးပေါက်နှင့် ပေ ၃၀ ခန့်အကွာတွင် သွားရပ်လိုက်သည်။ ချိမ်းက ရိုင်ဖယ် သေနတ်ကို သဲအိတ်ပေါ်တွင် နေသားတကျ တင်ရင်း စိတ်ရှည်လက်ရှည် စောင့်နေသည်။ သူတို့ ပြန်သွားကြသောအခါ ထိုသဲအိတ်ကိုပါ ပြန်ယူသွားကြမည် ဖြစ်သည်။

တံခါး ပွင့်သွားပြီးနောက် ရှိတ်ဂမယ်တာဖတ် အပြင်ဘက်သို့ ထွက်လာသည်။ ထို့နောက် တံခါး ပြန်ပိတ်သွားသည်။ ရှိတ်ဂမယ်တာဖတ်၏ ခေါင်းနှင့် ပခုံးသည် အဝေးကြည့် မှန်ပြောင်းထဲ၌ အပြည့်အဝ ပေါ်လာသည်။ အဝနောက်တိုင်းဝတ်စုံနှင့်သာ မြင်တွေ့ရလေ့ ရှိသော တာဖတ်သည် ယခုအကြိမ်တွင် အာရပ်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ထို့ကြောင့် ရုတ်တရက် ကြည့်လျှင် သူမှန်း မသိသာလှချေ။ သို့သော် ချိမ်းသည် တာဖတ်၏ ခေတ်ပုံမျိုးစုံကို



လေ့လာထားသူ ဖြစ်သဖြင့် ထိုပုဂ္ဂိုလ်သည် တာဖတ်ပင် ဖြစ်ကြောင်း ရာနှုန်းပြည့် သေသေချာချာ မှတ်မိလိုက်သည်။ တာဖတ်က လှေကား အောက်ဘက်သို့ လှမ်းဆင်းရန် ဟန်ပြင်လိုက်စဉ် ချိမ်းက သေနတ်မောင်းကို ဆွဲလိုက်သည်။

အဝေးကြည့် မှန်ပြောင်းထဲမှ တာဖတ်၏ ရုပ်ပုံလွှာသည် ရုတ်တရက် ပျောက်သွားသည်။ ချိမ်းက နောက်တစ်ချက် ထပ်ပစ်ပြန်၏။ တာဖတ်၏ ဦးခေါင်းသည် နောက်ဘက်သို့ လန်ထွက်သွားပြီး ပိတ်ထားသော တံခါးရွက်နှင့် ပြန်ဆောင့်မိတော့သည်။ အသက် မရှိတော့သော တာဖတ်၏ ခန္ဓာကိုယ်ကြီးသည် လှေကားပေါ်မှ လိမ့်ကျလာပြီး လမ်းပေါ်တွင် တစ်ပတ် နှစ်ပတ် ဆက်လိမ့်သွားသည်။ ခပ်လှမ်းလှမ်းတွင် ရပ်ထားသော 'ကားကြီးသည်လည်း ထိုနေရာမှ ထအားကုန် မောင်းနှင်၍ ထွက်ပြေးသွားလေတော့သည်။

ရွှေလူဝံဇာတ်လမ်း ဤတွင် တစ်ခန်းရပ်လေပြီ။

❑❑❑

မောင်မြင့်ကြွယ်

စတင်ပြန်ဆို - ၂၇-၂-၇၇

ပြီးစီးသောနေ့ - ၃-၄-၇၇

BURMESE CLASSIC

www.burmeseclassic.com